www.burmeseclassic.com

မဟာဗိန္ဒုစာပေ

# ပြစ်မှု

# မဂ္ဂဇင်း

လစဉ်ပါဝင်သည့် အခန်းဆက်ဝတ္ထုရှည်


- ကျော်မြသန်း ၏ ပလောက်ဖောင်းမင်းသား (စာ - ၁၀၄)
- မောင်ရွှေစွန် ၏ အဖော်ကောင်းရှင်· · · (စာ - ၁၁၄)
- မင်းဟိန်းထိုင် ၏ အတိတ်အကြောင်း· · (စာ - ၁၉၀)





- ပြစ်မှုမဂ္ဂဇင်းနှင့် နီလေးမောင် (စာ - ၄၂)
- ပြစ်မှုနှင့် မောင်မောင်မြင့်အေး (စာ - ၅၀)
- ခင်မောင်ထွန်း(လမ်းမတော်) ၏ ပိုင်ရှင်မဲ့ သေတ္တာကြီးတစ်လုံး (စာ - ၅၄)
- မော်တော်ယာဉ်မတော်တဆမှုများ (စာ - ၆၄)
- သင်္ကြန်ကာလနှင့် ယာဉ်အန္တရာယ်များ (စာ - ၆၇)
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (စာ - ၇၀)
- အသေရေဖျက်မှုနှင့် နစ်နာမှု (စာ - ၁၅၇)
- မိမိကိုယ်မိမိ သေကြောင်းကြံစည်မှု (စာ - ၁၆၉)
- အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ (စာ - ၁၇၁)

ခင်မောင်အေး(မန္တလေး)၊ မြမြလှိုင်၊ ကျော်ဆွေဝင်း(ရွှေအင်း)၊ ကျော်မင်းနိုင်၊ မိုးပန်းမွှန်(ရာမည)၊ ဝင်းဇော်(သုံးဆယ်) တို့၏ ဝတ္ထုများ· · ·



www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

30 MAY 2014



မဂ္ဂဇင်း

## အယ်ဒီတာအဖွဲ့

BURMESE CLASSIC

ဦးသန့်(လာဘ်မိုးရွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

---

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်မြတ်ဇင်ဇင်မိုး၊ စန္ဒာညွှန့် ပုံနှိပ်တိုက်(ယာယီ-၁၀၇၆၀)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးရွှေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးသော ပုဂ္ဂိုလ်အရေရှိတစ်ဦး တည်ထောင်ခဲ့သည်။

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ အမှတ်(၂၂၆)


### ကဗျာ ပြစ်မှု

ဘုန်းမြင့်ချို(သာယာဝတီ)၊ နွေတမာ၊ နန္ဒာမိုးကြယ်၊ နေသိုက်၊ မြကျောက်အေးချမ်း။ အောင်သိန်းဝင်း(ပွင့်ဖြူ)၊ ဝင်းမြင့်ကျော်(တောချောင်းဦး)၊ အောင်သျှင်သူ(မဟာမြေ)။

### ကာတွန်း ပြစ်မှု

မြေဇာ၊ ရာဇာသာစည်၊ မြင့်သန်း(မင်္ဂလာဒုံ)၊ ပေါက်ကျိုင်း။ Lin Htoo Zaw၊ စိုးလွင်အောင်၊ မြေရိုင်း။ သူရိန်။

### စာပေသုခုမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်

ကသစ်နီ ---------- ၂၅

သုခုမသတင်းလွှာ

အမ်ကေ ---------- ၂၈

### နိုင်ငံရပ်ခြား ရာဇပြစ်မှု

ဘာတင်လွန်နှင့် အနာခီဝါဒ(မင်းမဲ့ဝါဒ)

ဖန်းမော်-ဇော်လှိုင် ---------- ၁၀၁

သိုးထိန်း(ဇာတ်သိမ်း)

ဖန်းမော်-ဇော်လှိုင် ---------- ၁၂၄

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

လှမိုး(ပညာရေး) ---------- ၁၇၁

သဲကန္တာရမှ အဆိပ်ပြင်းတဲ့ မြွေဆိုး

မောင်မောင်စန်းထွေး ---------- ၂၂၈

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ

ကိုရွှေတောသား ---------- ၂၆


www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု

ပြည်လမ်းပေါ်မှကုမ္ပဏီ မီးခံသေတ္တာဖောက်ထွင်းခံရမှု
မြသိန်း —— ၃၈

စွဲလမ်းမှု ဝေဒနာကြောင့်
မြမြလှိုင် —— ၈၄

အနိုင်နှင့် အရှုံး
ခင်မောင်အေး(မန္တလေး) —— ၁၄၄

အလွတ်စုံထောက်မြဒင်နှင့် လေဘာဝတီမြရင်
ဇော်မော်လင်း —— ၁၈၀

ပြာဖြစ်သွားသော...လူ
မိုးပန်းမွှန်(ရာမည) —— ၂၁၂

လာမတော့နဲ့
မောင်မောင်(ပိတောက်မြိုင်) —— ၂၁၈

လွယ်အိတ်အနီကလေး
ဝင်းဇော်(သုံးဆယ်) —— ၂၄၂

သရဲမလေး ပဝါဖြူ၏ မင်္ဂလာသတင်း
သက်ဦးမောင် —— ၂၆၄

အဗျားရှာ လူသတ်မှု
ကြည်တင့်နိုင် —— ၂၉၂

## ဆောင်းပါး ပြစ်မှု

ပြစ်မှုမဂ္ဂဇင်းနှင့် နီလေးမောင်
အေးကျော်ကြီး —— ၆၂

ပြစ်မှုနှင့် မောင်မောင်မြင့်အေး
မောင်မောင်မြင့်အေး —— ၉၀

အားနာရင် ခါးပါတတ်တယ်တဲ့
ခင်မောင်ထွန်း(လမ်းမတော်) —— ၁၈၇

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု

စင်ကာပူမြို့ ယာဉ်တိုက်မှု လျော့နည်းအောင် ပြုလုပ်စီစဉ်
ကေတီ-အောင်သိန်း —— ၉၃

ကင်ညာနိုင်ငံ၏ လက်ထပ်ဥပဒေသစ်
ကေတီ-အောင်သိန်း —— ၉၈

အခြေခိုင်နေပြီဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့
နှစ်ပါတီနိုင်ငံရေးစနစ်
မောင်မောင်စန်းထွေး —— ၁၇၅

အနှစ် ၅၀ ဆိုင်းငံ့ သေဒဏ်ကျခံရသူ အပြစ်မရှိပါ...
ဦးဦးသိန်း —— ၁၇၉

## တစ်မျက်နှာ ပြစ်မှု

သံဝေဂ
စိုးယဉ်ထွန်း —— ၃၃

မြေ
ပန်းတနော်နောင်လတ် —— ၃၄

လွဲမှားခြင်း
ဝသုန်ဟိန်းထက် —— ၃၅

အချိန်အခါနှင့် ကျေးဇူး
ထက်အောင်ထူး —— ၃၆

ရိုက်နှက်သွားသော စကားလုံးများ
ပိုက်မင်းဝေ —— ၃၇

## ဗေဒင် ပြစ်မှု

သီဿာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် —— ၂၆

www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသပြစ်မှု

ပိုင်ရှင်မဲ့သေတ္တာကြီးတစ်လုံး(၁)
ခင်မောင်ထွန်း(လမ်းမတော်) ———— ၅၄
ယမ်းဘီလူးအောင်ဒင်နှင့် မရဏပစ်ကွင်း(၁)
ရွှေမြိတ်သောင်းတင် ———— ၇၆
ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်···(၂)
ကျော်ဆွေဝင်း(ရွှေအင်း) ———— ၉၂
ပလက်ဖောင်းမင်းသား(ဇာတ်သိမ်း)
ကျော်မြသန်း ———— ၁၀၄
အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၇)
မောင်ရွှေစွန် ———— ၁၁၄
အသံကြောင့်ဖားသေ(၂)(ဇာတ်သိမ်း)
ရန်ကုန်မြင့်ဆွေ ———— ၁၃၄
အချစ်တရွေ့(၂)(ဇာတ်သိမ်း)
ကျော်မင်းနိုင် ———— ၁၅၀
နယ်မြို့လေးထဲက သားရဲ(၂)
သစ်ထူးအိမ် ———— ၁၆၀
အတိတ်အကြောင်း ပြောင်းသည်မရှိ(၁၃)
မင်းဟိန်းထိဝ် ———— ၁၉၀
ကျိန်စာ၏သက်ရောက်မှုလော(၂)(ဇာတ်သိမ်း)
ဆွေမြင့် ———— ၂၀၀

## ဥပဒေ ပြစ်မှု

ယာဉ်မတော်တဆမှုများ
ကိုမောင်သန်းဝင်း ———— ၆၄
၂၀၁၄-ခုနှစ်၊ မြန်မာ့ရိုးရာသင်္ကြန်အတွင်း တစ်နိုင်ငံလုံး၌
မှုခင်းဖြစ်စဉ်ပေါင်း ၁၁၀ ကျော် ဖြစ်ပွားခဲ့ ———— ၆၇
ရန်ကုန်တိုင်း၌ မတ်လအတွင်း ယာဉ်တိုက်မှု ———— ၆၇
မဟာသင်္ကြန်နှင့် ယာဉ်အန္တရာယ် ———— ၆၈
အမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား
နှစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရ ———— ၆၈
အမြန်လမ်းမကြီးပေါ်တွင် ခရီးသည်တင် မှန်လုံကားနှင့်
ဆလွန်းကားတို့ တိုက်မိပြီး ကားနှစ်စီးလုံး မီးလောင်ကျွမ်း
၁၂ ဦး သေဆုံး ———— ၆၉
ပြည်သူတို့၏ဘဝ···မြန်မာနိုင်ငံရဲတပ်ဖွဲ့က စောင့်ရှောက်
ပြစ်မှုမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်တစ်ဦး ———— ၇၀
အသရေဖျက်မှုနှင့် နစ်နာသူ
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ———— ၁၅၇
မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုနှင့်···
ကေတီ-အောင်သိန်း ———— ၁၆၉
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်း-ဦးအောင်သိန်း ———— ၂၄၉

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး
**လာဘ်မိုးရွာ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

နှစ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးခိုင်။
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - အောင်နိုင်လတ်၊ ကျော်ဦး၊
ဖိုးအောင်၊ အောင်MW၊ ပညတ်၊
သန့်ဇော်သစ်၊ စံလွင်မောင်၊
နော်အိမ်ခန့်၊ ချမ်းအေးဇာနီ။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ…ကွင်းဆက်ရပြီ၊
ဓိန်ချူးဟာ လသာမြို့နယ်က
ဘော့ဝိဇ္ဇာ ဘီဓမန်နဲ့
အတွဲဖျားတယ်"

မြသိန်း-------------၃၈



ပြစ်မှုမဂ္ဂဇင်းသည်
ကျွန်တော်၏ စာပေအစမှာ
ခေါ်ရမလိုပင် ဖြစ်၏၊
ကျွန်တော့်အဖို့ . . .

မောင်မောင်မြင့်အေး-----၅၀



"စခန်းမှူးနဲ့ အရာရှိတွေအားလုံး
ဖြင်တဲ့အတိုင်းပဲ၊
ချေးနားကတွေ့တဲ့
အမျိုးသမီးအလောင်းနဲ့ . . ."

ခင်မောင်ထွန်း(လမ်းမတော်)-----၅၄

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပါတယ်
ဦးတင်မောင်ဖေ၊
မီးခဲတို့ရဲ့ သတ္တိကိုလည်း
သဘောကျပါတယ်"

ရွှေမြိတ်သောင်းတင်-----၇၆

"ကဲ...လူလေး၊ အဘကို
သဲရယ်၊ ကျောက်စရစ်ခဲတွေရယ်
သန့်သန့်ရအောင်
ခပ်များများလေး ရှာပေး"

မြမြလှိုင်----------------၇၄





"ရှင် အဘိုးလမ်းပေါ်အတိုင်း
အရှေ့ဘက်ကို
နည်းနည်းလျှောက်လိုက်ရင်
စေတီတစ်ဆူကို ဖူးရလိမ့်မယ်"

ကျော်ဆွေဝင်း(ရွှေအင်း)-----၉၂

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် အထက်ရှိသမျှတမှာ
တစ်ပွဲ ဘယ်လောက်ရတယ်ဆိုတာ
အရာတို့ သိပါတယ်၊
ဒီမှာ လုပ်ရမှာက..."

ကျော်မြသန်း----------၁၀၄





"ကောင်းပြီလေ...
ကိုယ့်တာဝန်အရတော့ လုပ်ပေးမယ်၊
အထဲတော့ ဝင်မလိုက်ချင်ဘူး၊
အဲဒီအတွက်..."

မောင်ရွှေစိန်--------------၁၁၄

"အဲဒီလို မဟုတ်ဘူး ဆရာ၊
ဒီမှာရှိနေရတာ ပြဿနာမရှိပါဘူး၊
ကျွန်တော်က
ကွင်းမှားပြီး ဆင်းခဲ့ရုံလေးပါ"

ဗန်းမော်ဇော်လှိုင်-----------၁၂၄



www.burmeseclassic.com




"အစ်ကို့ရဲ့ အကြံအစည်က
ဘယ်လိုဟာမျိုးလဲ၊
ခင်ခင့်ကို ပြောပါဦး၊
အန္တရာယ်ဖြစ်စေမယ့် အကြံအစည်..."
ရန်ကုန်မြင့်ဆွေ————၁၃၄

"ကျုပ်တို့ အသင့်ဖြစ်ရင်
လေချွန်မယ်၊
တောစောင်းတာနဲ့
သတိထားကြပေတော့"
ခင်မောင်အေး(မန္တလေး)-----၁၄၄






"ဘယ်လိုလဲကွ၊
ဒဏ်ရာမပြင်းလို့ တော်သေးတာပေါ့၊
ကံမကောင်းရင်
နောက်က ပါလာတဲ့ကားက ..."
ကျော်မင်းနိုင်————၁၅၀

www.burmeseclassic.com

ဘုန်းမြင့်ချို(သာယာဝတီ)

**တရားခံ**




□ ဒေါသရဲ့အပြစ်
မသိစင်လျှင်
ဘယ်ခေတ်ရောက်ရောက်
"စစ်"မပျောက်ဘဲ
ချစ်ချစ်တောက်ပူနေဦးမှာပါ…။



www.burmeseclassic.com

www.burmeseclassic.com

□ မှေးမှိုင်းတွေ
ထိန့်ထိန့်...ထိန့်ထိန့်
ရှိန်ရှိန်...ရှိန်ရှိန်
တရှိန်ရှိန်နဲ့
တံလျှပ်...။

□ သဲကန္တာရထဲ ရေငတ်မျက်နှာနဲ့
အိုအေစစ်ကို ရှာနေရပေါ့...။
ရွက်ကြွေ...
နှောင်တရခြင်းများစွာနဲ့
မြေခ...။
"အစမ့်"တွေ ချုပ်ငြိမ်းနေပုံများ...။

□ နုသစ်တို့...
သဘာဝမွေးတောကို သိကျူးရင်း
အမှန်တရားကို သက်သေထူလို့နေလေရဲ့ ...။

# သင်္ခါရ၏ နိမိတ်ပုံ

နွေတာမာ





www.burmeseclassic.com

www.burmeseclassic.com

သရက်ဖူး ခက်ညွှာကြွေ
ရှိတဲ့တွေ ဖျတ်ဖျတ်လူး။

ခံစားချက် ရင်ဗလာနဲ့
မညွှာတာ နှင်းခါးရိုက်
ဟားတိုက်ရယ်မြူး။ ။



နန္ဒာမိုးကြယ်

# ခေါင်းနှင့်ပန်း



www.burmeseclassic.com

www.burmeseclassic.com


- ကြမ်းတမ်းခက်လှတဲ့လမ်းပေါ်
နှစ်ပေါင်းများစွာဖြတ်သန်းလာရ
ဘဝအတော်များကမှာ
မကျေလည်မှုတွေပေါ်ပေါက်
ရဲခနဲ ရဲခနဲ မတောက်ပ
မီးခဲပြာဖုံးဘဝ…။

- ဘယ်အခြေခံဆိုက်ဆိုက်
ကမ္ဘာကို ထာဝရပျိုက်ထားချင်စေတော့
စီးဆင်းမှုတစ်ခုကို ဖြတ်ကျော်ရာမှာ
တစ်ချိန်က အချိုကများတွေ
အင်္ဂါမဲ့ ဖြစ်ခဲ့ရတယ်…။

- ယခုအခါ
ဖြစ်ပေါ်လာတဲ့ အကြောင်းအရာများကို
နားလည်သုံးသပ်
မြင့်မြတ်တဲ့နှလုံးသွေးနဲ့
ငြိမ်းချမ်းရေးကဗျာတွေရေးပြီး
တကယ့်ငြိမ်းချမ်းရေးအရသာကို
ခံစားသွားချင်တာ အမှန်။

# ငြိမ်းချမ်းရေးအရသာ

နေသိုက်






www.burmeseclassic.com

www.burmeseclassic.com

မြကျောက်ဒေါ်အေးချမ်း

# ခေါင်းလောင်းသံကြားရတယ်



□ တံငါသည် ရေနစ်တဲ့အခါ
ငါးတွေရဲ့အစာ ဖြစ်သွားသတဲ့။

□ မုဆိုး သားကောင်မရတဲ့
မြားတွေ ကုန်သွားတဲ့အခါ
တောရဲ့အစာက မုဆိုးတဲ့။

□ နေကို ညက မျိုသလို
ညကို နေက မျိုသလို
အချိန်တွေက
နေနဲ့ညကို မျိုသွားသတဲ့။


□ တံငါသည် ရေမနစ်ခင်
မုဆိုး မြားမကုန်ခင်
နေညကို အချိန်က မမျိုခင်
ကောင်းကင်ကို တက်မှာလား···
မြေအောက်ကို လျှိုမှာလား···။



www.burmeseclassic.com

www.burmeseclassic.com

- ချိတ်ချင်ပြီ
  ချိတ်မိ။
- ချိတ်မပါ
  ချိတ်စရာမရှိ။
- စိတ်အရင်းခံကောင်းကာ
  ချိတ်ကာင်းရန် အကြောင်းအဝမို့
  စိတ်တွေမှာ ချိတ်မပါခဲ့ရင်
  ဘယ်လိုပင်ချိတ်ချိတ်
  ချိတ်ချင်သလိုချိတ်ကြည့်
  လုံးဝမငြိ…။




# ချိတ်

ဝင်းမြင့်ကျော်(တောရှောင်းဦး)




www.burmeseclassic.com

www.burmeseclassic.com

# မြွေပွေးပိုးထိခြင်း

အောင်သိန်းဝင်း(မွန်ပြ)



- လင်းမြွေက မြွေပွေးမျိုး "အလို" "ဟယ်" ငါအုံပြီ။
- အဆိပ်နဲ့မြွေကို အဆိပ်မဲ့မြွေမျိုးတော့ မြွေပွေးကို ပိုးထိ သေသောဆို တိုးမိ ထိုးသည့်တော့ အာခံတွင်း မျိုသွင်းသက်လေသွား။



www.burmeseclassic.com

www.burmeseclassic.com

□ လေအန်ကုန်းဆိုတာ
အမြေမှန်ဆုံးဆိုတဲ့
လူ့မှတ်ကျောက်ကိုမှ
ပိုက်မျှပြီး အကြိုက်တွေ့အောင်ရေတဲ့
လမ်းလေးအလယ်ထိပ်က
ညောင်ညိုပင်ကြီး အရိပ်မှာပေါ့…။

□ စာပေသမား ခပ်များများဟာ
လာ့သွားစားသောက်
သောကြာနဲ့ အဂါ
မှန်မှန်လာကြပြီး
ရင်းနှီးမှုအပြည့်အဝနဲ့
တွေ့ကြတဲ့အခန်းကို
ရာသူ့ဇိမ်း သက်သေရှိပါတယ်။

□ လက်ဖက်ရည် တစ်ခါးတစ်ထောင်
ဒါနပျိုးထောင်သူက…တိုက်
မှန်ကြိုက်သူကို မှန်ကျွေး
အလှူပေးတဲ့ ဆရာမတစ်သင်း
ရာဇဝင်ခင်းလို့ ဂုဏ်ပြု
သာဓု ခေါ်ပါတယ်ဗျာ…။

□ လေအန်ကုန်းမှာ
စာပေး စာယူ
ငွေထုတ်သူက မရှား…။

□ အချင်းမများလေတဲ့
သတင်းသမားတွေလည်း ပါရဲ့

□ ရုပ်ပြအဝိုင်ရှုပြီး
ဝတ္ထုအတိုအရှည်နဲ့
လိုရာရေးသူလည်း ပါရဲ့…။


□ အနာဂတ်မှ အကြောင်းတရားရှေ့ပြီး
တဖက်သူ ကောင်းစားရေးအတွက်
ဆောင်းပါးရေးသူလည်း ပါရဲ့

□ အရာရာမှာ
သပြာမရှာတဲ့
ကဗျာဆရာများလည်း ပါရဲ့

□ ကာယောင်ကာတမ်းနဲ့
ယောင်ယမ်းမရေတဲ့
တောင်တန်းဘေး မကြောက်သူလည်းပါရဲ့

□ ကြာမှန်းနှစ်သမျှ
စာရှုံ့နှစ်ကာ
ကာတွန်းပြောပြသူလည်း ပါရဲ့

□ ထိုဆရာ အနီးဆရာ ရင်းဆရာများဟာ
အကြောင်းအကျိုးဆက်ပြီး
အကောင်းအဆိုးတက်အောင်
အမြေအမှန်သုံးပြီး
လေအန်ကုန်းမှာ
ရှင်ပြုစွာ ဆုံကြပါသတည်း…။




အောင်သျှင်သူ(မဟာမြေ)

# လေအန်ကုန်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





Lin Htoo Zaw



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## မောင်မောင်မိုးအောင်၏ ရဟန္တာပြစ်မှား ငရဲလားနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ

စာပေဗိမာန်စာမူဆုရ မောင်မောင်မိုးအောင်၏ လက်ရာကောင်းစာအုပ်တစ်အုပ် ဖြစ်ပေသည်။

ဤစာအုပ်တွင် (၁) ရဟန္တာပြစ်မှား ငရဲလား ဂမ္ဘီရဆန်သော ဒေါင်ဒင်အင်းကြီး၊ (၂) လက်ပံပင်က လာသူတစ်ယောက်နှင့် နဂါးပတ်လက်ကောက်တစ်ရန်၊ (၃) ခရေပင်အောက်မှာ တွေ့ခဲ့သူ၊ (၄) ရွာသူ့အချစ်၊ (၅) လက်ပြတ်ဂူနှင့် ဂူကြီးအစောင့်၊ (၆) ဝါးတောမှ အပြန်၊ (၇) အရူးဆရာနှင့် ထူးဆန်းသော ကြာပွတ်တစ်ချောင်း၊ (၈) စနေသားနတ်ဆရာနှင့် သိုက်ကြိုးဆက် ဖြတ်ခဲ့သူ၊ (၉) အကြည့်စိန်းစိန်း မိန်းကလေးနှင့် လေ့သားတစ်သိုက်၊ (၁၀) လူဝင်စားမောင်နှမ၏ ဘဝဟောင်းက ဓာတ်ပုံတစ်ပုံ၊ (၁၁) ကားပေါ်က ဒံပေါက်သုံးထုပ် စသည့် ဝတ္ထုတိုပေါင်း ၁၁ ပုဒ် ဖော်ပြပါရှိသည်။

ဝတ္ထုတစ်ပုဒ်ချင်းစီမှာပင် ထူးဆန်းအံ့သြဖွယ်ကောင်းလှသည့် ဂမ္ဘီရအဖြစ်အပျက်များ ပါဝင်၍ စာရေးဆရာ၏ ရေးဖွဲ့မှုအတတ်ပညာကြောင့် တစ်ပုဒ်ဖတ်မိလျှင်ပင် နောက်တစ်ပုဒ်ထပ်မံ၍ ဖတ်ချင်လောက်အောင် ဆွဲဆောင်မှုပြည့်ဝနေသည်။ ဤစာအုပ်အား ကိုမောင်မောင်ထွဋ် စီစဉ်၍ ကောင်းထွဋ်စာပေမှ တန်ဖိုး ၅၀၀/- ကျပ် သတ်မှတ်ကာ ထုတ်ဝေလိုက်သည်။

## ကြည်ဇော်၏ ရင်သွေးအလိမ္မာ ပုံပြင်များ

ပုံပြင်ဟူသည် ကလေးငယ်တို့ လွန်စွာနှစ်သက်သည့် စာပေအမျိုးအစားဖြစ်သည်။ ပုံပြင်မှရသည့် ရသခံစားမှုသည် စွဲလမ်းမှုကို ဖြစ်စေသည်သာမက ဗဟုသုတလမ်းညွှန်မှုကိုလည်း ရရှိစေနိုင်သည်။ ဤစာအုပ်တွင် "ကိုယ့်ခြံကထွက် ကိုယ့်ကြက်အကောင်းဆုံး" ပုံပြင်မှသည် "လောကမှာ အရေးအကြီးဆုံးဆိုတာ" ပုံပြင်အထိ ပုံပြင်စုစုပေါင်း အပုဒ် ၂၀ ဖော်ပြထားပေသည်။

သင်္ဂဇာဆရာတော်၊ ဗန်းမော်ဆရာတော်၊ ကျီးသဲလေးထပ်ဆရာတော် စသော ဆရာတော်ကြီးများ၏ ဓမ္မအတွေးအမြင်များကို ကလေးငယ်များ သိရှိနားလည်နိုင်စေရန် ဆရာကြည်ဇော်က ရှင်းလင်းပြေပြစ်လှစွာသော အရေးအသားဖြင့် စီစဉ်တင်ဆက်ထားပေသည်။ ကလေးတို့နှစ်သက်ကြမည့် ရင်သွေးအလိမ္မာပုံပြင်များအား ရွှေပဒုမ္မာစာပေမှ တန်ဖိုး ၃၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ချစ်ကြည်အေး၏ ချစ်ကြည်အေးအစစ်၊ ချစ်ကြည်အေးအတုနှင့် ချစ်ကြည်အေးများ

ချစ်ကြည်အေးသည် စာရေးဆရာတစ်ဦး ဖြစ်သည်။ ၂၀၀၉ ခုနှစ်၌ အွန်လိုင်းစာမျက်နှာပေါ်တွင် စတင်ရေးသားခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၌ Teen (ဖူးငုံမဂ္ဂဇင်း)တွင် "အစွဲ"ဝတ္ထုဖြင့် မဂ္ဂဇင်းစာမျက်နှာပေါ် ရောက်ရှိခဲ့သည်။

ဤစာအုပ်၌ စိတ်ကြိုးအပြတ်၊ ကျေးဇူးရှင်၊ ဒေါ်ဒေါ်င်းဂျန်နရေးရှင်း၊ ခါးသက်သက်ချိုပြ၊ ငမျိုးအကြောင်း၊ ပန်းရိုင်းအကြွေ လေပြည်အပင့်၊ ကြွေးဟောင်းဆပ်ကြသူများ၊ အပူစာ၊ မန်းနီးမက်တာစ်၊ ရွေးချယ်မှုများ၊ အစွဲ၊ ခြသေ့်ကျွန်းသူ၊ မောဟမျဉ်းဖြောင့်တစ်ကြောင်း၊ ဘယ်သူသေသေ၊ ဇမ္ဗူတစ်ဝှမ်းမှာ လျှုဒါန်းမယ့်သူတွေ အောင်ပါစေ၊ မီးတကာ့မီး၊ လောင်ကျွမ်းခြင်း သီအိုရီ အစရှိသည်တို့ ပါဝင်သည်။ ချစ်ကြည်အေး၏ စာများနှင့်ပတ်သက်၍ စာရေးဆရာ နေဝင်းမြင့်က "ဖတ်မိတဲ့ ဝတ္ထုတိုကလေးကလည်း တွေးစရာတွေပါလို့ ရေးတတ်လေခြင်းအောက်မေ့မိတယ်"ဟု ဆိုထားသည်။ ဤစာအုပ်အား AMK Creation မှ သပ်ရပ်ခံ့ထည်စွာ ပြင်ဆင်ဖန်တီးပေးထားပြီး သင်းစာပေမှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရွှေဘိုဘာမထီခင်အောင်၏ ပေယင်းရွာက သူရဲကောင်း မဟာဗန္ဓုလ

ဝါရင့်စာရေးဆရာကြီး ရွှေဘိုဘာမထီခင်အောင်သည် လက်ဝှေ့ဘာသာရပ် စာပေဖြင့် တံခွန်စိုက်ထားသူဖြစ်သည်သာမက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သူဖြစ်ပြီး မွေးရပ်ဒေသကို လွန်စွာမှ အထွတ်အမြတ်ထားသူ ဖြစ်သည်။ အထူးသဖြင့် အမိနိုင်ငံတော်ကြီးအတွက် စွမ်းစွမ်းတမံ လက်ရုံးရည်သူရဲကောင်းများကို ကလောင်စွမ်းရည်ဖြင့် ဂုဏ်ပြုတတ်သူလည်း ဖြစ်သည်။ ထို့ကြောင့်ပင် "ပြည်ရွှေဘိုက သူရဲကောင်း အောင်ဇေယျ"၊ "ဆင်ဖြူရှင်မင်းတရားကြီး" စသော စာအုပ်များကို ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် ရေးထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုလည်း မြန်မာ့ရာဇဝင်သမိုင်း၌ ဖျောက်ဖျက်မရနိုင်သော "ပေယင်းရွာက သူရဲကောင်း မဟာဗန္ဓုလ" ကို အမှုလွန်းတင်လိုက်ချေပြီ။ အခန်း ၁၅ ခန်းကန့်၍ ရသထုံမွမ်းထားသည့်အတွက် ဖတ်ရှုရချောနေပေသည်။ သို့ရာတွင် မဟာဗန္ဓုလသည် ဒဏ္ဍာရီမဟုတ်။ သမိုင်းရှိသော ပုဂ္ဂိုလ်ဖြစ်လေရကား ကျမ်းကိုးကျမ်းကားများကို အခြေပြုလျက် မဟာဗန္ဓုလ၏ သမိုင်း၊ ဟိုခေတ်ကာလ တပ်မတော်ဖွဲ့စည်းပုံတို့ကို ထောင့်စေ့အောင် ရေးသားထားသဖြင့် အလေးထားဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

## ငွေးပုလဲ၏ စမ်းချောင်းအိုရဲ့ မေတ္တာတေး

ဥပေက္ခာအပြုခံရသော မိအိုဖအိုများ၏ ရင်တွင်းခံစားချက်နှင့် ဖြစ်ရပ်မှန်ဇာတ်လမ်းများကို တင်ပြရေးသားထားသည့် စာရေးဆရာငွေးပုလဲ၏ ရသမြောက်စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ဤစာအုပ်နှင့် စပ်လျဉ်း၍ ဆရာအောင်သူရိန်က အမှာစာ၌ မိဘတို့၏ မေတ္တာတရား၊ အကြင်နာတရားတို့သာမက ကျေးလက်ဓလေ့များပါ ပေါ်လွင်ပြီး ရသစုံပေးနိုင်သည်ဟု ညွှန်းဆိုထားပေသည်။

ဤစာအုပ်တွင် အေးစေမွှေးစေသတည်း၊ အမွှေးအိုးကြီးခွဲပါပြီ၊ သစ္စာတော်စူးပါစေ၊ ပုံပြင်မဟုတ်ပါလေ၊ နားသောတ သဘောကျစေဖွယ်၊ ပုံတောင်ကို သက်သေတည်၊ ခါးသီးသော ပျားရည်၊ စမ်းချောင်းအိုရဲ့ မေတ္တာတေး စသည့် ရသစာစုပေါင်း ၉ ပုဒ်တိတိ ဖော်ပြထားပြီး ပင်မြင့်မာလာစာပေမှ တန်ဖိုး ၅၀၀ိ/-ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## မောင်ညီဦး(က.စ.လ)၏ မိန်းမသားတို့သဘာဝ မိန်းမမြတ်တို့၏သစ္စာအလှ

ဝတ္ထုတို ရေးအားကောင်းလှသည်နှင့်အမျှ ထုတ်ဝေနိုင်အားလည်း ကောင်းလှသော စာရေးဆရာ မောင်ညီဦး(က•စ•လ)၏ စတုတ္ထမြောက် ထွက်ပေါ်လာသော ဝတ္ထုတိုပေါင်းချုပ်စာအုပ် ဖြစ်သည်။ ဤစာအုပ်နှင့် ပတ်သက်၍ ဆရာမောင်ညီဦး(က•စ•လ)က ဝတ္ထုဇာတ်လမ်းအဖြစ် ဖန်တီးရခြင်းမှာ စာဖတ်ပရိသတ်အပေါင်းကို ဗဟုသုတများ တိုးပွားစေလိုခြင်း။ အသိတရားများပါရလာစေလိုခြင်း၊ စာနာစိတ်များ ရှိလာစေလိုခြင်း ဖြစ်ကြောင်း ရည်ရွယ်ချက်တို့အား ထုတ်ဖော်ခဲ့သည်။

ဤစာအုပ်တွင် စုန်ရေအလျင်ကြောင့် မြုပ်သည့်လှေ၊ အို• • •အလှရှင်၊ မသိသေးသော အဖြေတစ်ခုဇော၊ ရှောင်လွှဲမရပါ ဝဋ်ကြွေမှာ၊ သတိတရဖြင့် မှတ်မိနေပါသေးတော့သည်။ ပြည်တော်ပြန် မေ့ကျန်ခဲ့သည်က၊ သင်ပေးသင့်သော စကားနှင့် မသင်ပေးသင့်သော စကား။ မဖောက်ထားသည့်လမ်း၊ ပီတိကိုစားသော ခြာချို၊ နှလုံးသားကို တံခါးဖောက်၊ ဝါးပေါက်ကကြည့်တဲ့သူ၊ မိန်းမသားတို့၏ သဘာဝ၊ မိန်းမမြတ်တို့၏ သစ္စာအလှ၊ စသဖြင့် ဝတ္ထုတိုပေါင်း ၁၂ ပုဒ်ပါဝင်ပြီး အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၂၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ကသစ်နီ

www.burmeseclassic.com



## တာမွေမြို့နယ် ပညာရှင်များ၏ (၁၁)ကြိမ်မြောက် ပန်းချီပြပွဲ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်က ပန်းပညာရှင်များစုပေါင်းလို့ ၁၁ ကြိမ်မြောက် ပန်းချီပြပွဲတစ်ရပ်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက်က ၁၁ ရက်နေ့ထိ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အရှေ့ဘက်တန်းရှိ (MAOC GALLERY) မှာ ခင်းကျင်းပြသခဲ့ပါတယ်။

အဲသည် ပန်းချီပြပွဲမှာ ပါဝင်ရေးဆွဲ ပြသကြတဲ့ ပန်းချီဆရာတွေကတော့ ကျော်လင်း၊ စိုးငွေ၊ ဝင်းကြည်၊ ထွန်းကျော်၊ ခင်ထွန်း၊ ရိမ်းခမ်း၊ ခင်မောင်မြင့်၊ ရွှေရည်မြင့်၊ ကိုလှမြင့်၊ ခိုင်သင်းတာ၊ ညွန့်နိုင်လှ၊ စံလွင်မောင်၊ ဇော်ဝင်း(ပိုစတာ)၊ မင်းရဲသွေး၊ စိန်ဝင်း၊ လှမြင့်မောင်၊ ကောင်းထက်ကျော်၊ ကိုကျော်သာ၊ သန်းဝင်း၊ မောင်မောင်လေး၊ မြင့်ဆွေလှိုင်၊ ဘီကမ်၊ ကျော်သူဝင်း၊ အတာ၊ ဇာနည်နဲ့ ဦးစိန်ထွန်းတို့ရဲ့ ရေဆေးလက်ရာ၊ ဆီဆေးလက်ရာ၊ အခရိုင်းလစ်လက်ရာတွေကို ချိတ်ဆွဲပြသခဲ့တဲ့အကြောင်း သတင်းရရှိပါတယ်။

## တစ်ကိုယ်တော် ဖျော်ဖြေပွဲလုပ်မည့် မာရဇ္ဇ

ဂီတသက်တမ်း အနှစ် ၂၀ ကျော်ခဲ့ပြီဖြစ်တဲ့ အဆိုတော်မာရဇ္ဇဟာ တစ်ကိုယ်တော် ဖျော်ဖြေရေးရှိုးပွဲတစ်ပွဲကို မေလ ၃ ရက်နေ့က မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံမှာ အသစ်ဖွဲ့စည်းလိုက်တဲ့ Breakthrough တီးဝိုင်းနဲ့အတူ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည် ဖျော်ဖြေပွဲမှာ ဘယ်ဧည့်သည်အဆိုတော် တစ်ဦးတစ်ယောက်မျှ မပါဘဲ သူတစ်ဦးတည်း သီချင်းအပုဒ်ပေါင်း ၃၀ ကျော် သီဆိုဖျော်ဖြေခဲ့တာ ဖြစ်ပြီး အောင်မြင်မှုရလဒ်ကြောင့် နောက်ထပ်လည်း တစ်ကိုယ်တော်ရှိုးပွဲတွေ လုပ်သွားဦးမယ့်အကြောင်း သတင်းရရှိပါတယ်။

## ဆက်လက်တွဲမယ့် Wanted နဲ့ SIR

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက SIR ကို အဖွဲ့သုံးဖွဲ့နဲ့သာ လှုပ်ရှားတော့မယ်ဆိုပြီး ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ကြေညာခဲ့ပေမယ့် ခုခါမှာတော့ အချင်းချင်းညှိနှိုင်းတဲ့အခါ ပြေလည်သွားခဲ့ပါပြီ။ ဒါကြောင့်လည်း Wanted အဖွဲ့နဲ့ ဆက်လက် လက်တွဲသွားမယ့်အကြောင်း SIR အဖွဲ့ရဲ့ မန်နေဂျာ ဒီမိုသော်က ပြောကြားခဲ့ပါတယ်။

SIR အဖွဲ့အနေနဲ့ အနုပညာလှုပ်ရှားမှုတွေ ဆက်တိုက်ပြုလုပ်သွားဖို့ အစီအစဉ်ရှိသလို SIR အဖွဲ့ရဲ့ ပထမစီးရီးအမ်တီဗီကိုလည်း မေလအတွင်းမှာ အပြီးရိုက်ကူးလို့ ယခုနှစ်အတွင်း ထွက်ရှိနိုင်အောင် ကြိုးစားသွားမယ်လို့လည်း သိရပါတယ်။ နယ်ဖျော်ဖြေရေးအနေနဲ့ မေလ ၁ ရက်နေ့တုန်းက မော်လမြိုင်မြို့ကို သွားရောက်ဖျော်ဖြေခဲ့ပြီး မေလအကုန်၌ ပြင်ဦးလွင်မြို့ကို တစ်ဖွဲ့လုံး သွားရောက်လို့ SIR အဖွဲ့ရဲ့ ဒုတိယစီးရီးကို စီစဉ်ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။

## သရုပ်ဆောင်ရဲတိုက်အတွက် အယူခံဝင်ဦးမည်

မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှု ပုဒ်မ ၁၆/(ဂ)အရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တရားရုံးက သရုပ်ဆောင်ရဲတိုက်ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ခြောက်နှစ် ချမှတ်ခဲ့ပါတယ်။ သည်ကိစ္စနဲ့ပတ်သက်ပြီး ဆာတိုရီရုပ်ရှင်နဲ့ ဗီဒီယိုထုတ်လုပ်ရေး ပရိုဂျူဆာ ဦးမျိုးဇော်(ဒါရိုက်တာရီဇော်)က အယူခံဝင်သွားမယ်လို့ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲသည် အယူခံကို တိုင်းအယူခံရုံးမှာ အယူခံဝင်မှာဖြစ်ပြီး မအောင်မြင်ဘူးဆိုရင် လွှတ်တော်အထိ အယူခံဝင်သွားဦးမယ်လို့လည်း ဆိုပါတယ်။

ဆာတိုရီရုပ်ရှင်နဲ့ ဗီဒီယိုထုတ်လုပ်ရေးဟာ သရုပ်ဆောင် ရဲတိုက်နဲ့ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးဖို့အတွက် အမေရိကန်နိုင်ငံက Red One ကင်မရာမှာယူနေတဲ့အချိန်၊ မော်ဒယ်သရုပ်ဆောင် စံရတီမိုးမြင့်နဲ့ တွဲဖက်ရိုက်ကူးနေတဲ့ အချိန်မှာ ဖမ်းဆီးခြင်းခံလိုက်ရတာ ဖြစ်ပါတယ်။ သရုပ်ဆောင်ရဲတိုက်ဟာ ဆေးစစ်ချက်အရ ဆီးထဲမှာ မူးယစ်ဆေးဝါး သုံးစွဲတဲ့ ပုဒ်မ-၁၅ ကင်းလွတ်ခွင့်ရပြီး မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှု ပုဒ်မ-၁၆/(ဂ)နဲ့ ကျောက်တံတားမြို့နယ် တရားရုံးက ဧပြီလ ၇ ရက်နေ့မှာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ခြောက်နှစ် အပြစ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

## မျိုးဆက်သစ်တွေကို သီချင်းဆိုနည်း သင်ပေးခဲ့တဲ့ အဆိုတော်ကြီး (ဒေါ်)မာမာအေး

အဆိုတော်ကြီး (ဒေါ်)မာမာအေးဟာ မျိုးဆက်သစ်အနုပညာရှင်တွေကို ရည်ရွယ်ပြီး သူသီဆိုခဲ့တဲ့ မြန်မာသံ သီချင်းဆိုနည်းကို ဧပြီလ ၂၃ ရက်၊ မွန်းလွဲ ၁း၀၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ခရစ်ယာန်ကလျာဏယုဝ အသင်း (YMCA) ရှိ အကယ်ဒမီမြင့်မြင့်ခိုင် ဖွင့်လှစ်ထားတဲ့ Supreme Boradway Institute သင်တန်းခန်းမ မှာ သင်ကြားပေးခဲ့တဲ့အကြောင်း သိရှိရပါတယ်။

အဆိုတော်ကြီး (ဒေါ်)မာမာအေး သင်ကြားပို့ချမှုသင်တန်းဟာ ဧပြီလ ၂၃ ရက် တစ်ရက်တည်းသာ သင်ကြား ပို့ချခဲ့တာဖြစ်ပြီး မြန်မာသံစဉ် ယှဉ်ပြိုင်မှု ပြိုင်ပွဲတွေမှာ ဆုရရှိခဲ့ကြတဲ့ ပိုင်းလမင်းအောင်၊ သက်ထားဆွေ၊ ခင်ဘုန်း ပွင့်စံနဲ့ အဆိုတော် သဲနုဝါတို့လည်း တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

## တရုတ်နိုင်ငံ ရွှေကြက်ဖရုပ်ရှင်ပွဲတော်သို့ မြန်မာရုပ်ရှင်ကားနှစ်ကား ဝင်ရောက်ယှဉ်ပြိုင်

တရုတ်နိုင်ငံမှာ ယခုနှစ် လာမယ့် စက်တင်ဘာလဆိုရင် ရွှေကြက်ဖရုပ်ရှင်ပွဲတော် (Golden Cock Hundred Flowers Film Festival) ကျင်းပတော့မှာ ဖြစ်ပါတယ်။

အဲသည်ပြိုင်ပွဲကို မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ဖို့ရာ ထုတ်လုပ်ထွက်ရှိတဲ့ ဇာတ်ကားအရေအတွက် သိပ်ကိုနည်းပါးနေတဲ့အတွက် နှစ်ကားကိုသာ ဝင်ရောက်ယှဉ်ပြိုင်မှာလို့ သိရပါတယ်။ အဆိုပါ ရုပ်ရှင်ပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီရမှာတွေကတော့ သတ်မှတ်ထားတဲ့ ဖလင်အရှည်အသွေး၊ ဒစ်ဂျစ်တယ်နည်းပညာ စတာတွေနဲ့ ရိုက်ကူးထားပြီး အကယ်ဒမီတန်းဝင် ရုံတင်ရုပ်ရှင်ကား ဖြစ်ဖို့လိုပါတယ်။ ဒါ့အပြင် အင်္ဂလိပ်စာတန်းထိုးလည်း ဖြစ်ရပါမယ်။ သည့်အတွက်ကြောင့် ယခုနှစ်မှာတော့ "ကယန်း အလှ"ရုပ်ရှင်ဇာတ်ကားကြီးနဲ့ "ပန်းကြာဝတ်မှုန်"ရုပ်ရှင်ဇာတ်ကားကြီးနှစ်ကားသာ ပြိုင်ပွဲဝင်ဖြစ်တဲ့အကြောင်း သတင်း ရရှိပါတယ်။

**အမ်ကော**

**(စုစည်းတင်ပြသည်)**



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးစေမှုဆိုင်ရာ ရယ်စရာ



## ဘာ့ကြောင့်ဆို

ရှေ့နေတစ်ဦး၏ ရုံးခန်းထဲ၌ ရှေ့နေနှင့် အမှုသည် အမျိုးသမီးတို့ အမှုကိစ္စတစ်ခုအတွက် ဆွေးနွေးနေကြလေ၏။

ရှေ့နေ ။ ။ တကယ်ပဲ ခင်ဗျားယောကျ်ားနဲ့ ခင်ဗျား ကွာရှင်းပြတ်စဲချင်တာ သေချာတယ်နော်။

အမှုသည် ။ ။ သေချာပါတယ် ဆရာရယ်။

ရှေ့နေ ။ ။ ဘာကြောင့် ကွာရှင်းပြတ်စဲချင်တယ်ဆို တာ ပြောပြပါဦး။

အမှုသည် ။ ။ ဘာ့ကြောင့်ဆို…သူ ကျွန်မအပေါ် စိတ် ကုန်ငြီးငွေ့နေတဲ့အပေါ် ကျွန်မ ရှေ့ဆက် ပြီး မခံစားချင်တော့လို့ပါ။

ရှေ့နေ ။ ။ ဘာ့ကြောင့် တပ်အပ်သေချာ ပြောနိုင်ရ တာလဲ။

အမှုသည် ။ ။ ဘာ့ကြောင့်ဆို သူ ကျွန်မအိမ် ပြန်မလာ တာ ၁၀ နှစ်တိတိတောင် ပြည့်ပါတော့ မယ်ဆရာ။

## ကောင်းလိုက်တဲ့ အကြံ

တစ်နေ့သ၌ အကြံဉာဏ်ပေး၍ ကုသရာ၌ နာမည် ကြီးလှသော ဆရာဝန်ကြီးတစ်ဦးထံ လူနာတစ်ဦးရောက်လာ ၏။ ဦးစွာ ဆရာဝန်ကြီးသည် ပစ္စည်းကိရိယာများနှင့် လူနာ၏ ခန္ဓာကိုယ်အား စစ်ဆေးပြီး လူနာ၏ ဖြစ်ပျက်ပုံအလုံးစုံကို မေးမြန်း၏။ ထို့နောက် လူနာသောက်သုံးရမည့် ဆေးဝါးများ ကိုပေးရင်း…

ဆရာဝန်ကြီး ။ ။ အင်း…ခင်ဗျားရဲ့ ကျန်းမာရေး ဒေါင် ဒေါင်မြည်ဖို့ဆိုရင် ဒီအတိုင်းမနေနဲ့။

လူနာ ။ ။ ဘယ်လိုလုပ်ရမယ်ဆိုတာ ညွှန်ကြားပါ ဒေါက်တာ။

ဆရာဝန်ကြီး ။ ။ နေ့စဉ်နေ့တိုင်းဆိုသလို ကိုယ်လက် လှုပ်ရှားမှုမျိုးကိုပေါ့။ ပြင်းပြင်းထန်ထန် လုပ်ပေးရင် ပိုကောင်းတယ်။ အဲသလို မလုပ်နိုင်ရင်လည်း အနည်းဆုံး ၄ မိုင် လျှောက်လေ့ကျင့်ခန်းလေးတော့ လုပ်

www.burmeseclassic.com

ပေးပေါ့။ ဒါထက် ခင်ဗျား အလုပ်က အနားမယူဘဲ အလုပ်ပုံမှန်ဆင်းတယ် ဆို။

လူနာ ။ ။ ဟုတ်ပါတယ် ဒေါက်တာ။ ပြန်တမ်းဝင် ပိတ်ရက်ကလွဲလို့ တစ်ရက်ကလေးမှ မပျက်ခဲ့ပါဘူး။

ဆရာဝန်ကြီး ။ ။ ခင်ဗျားအလုပ်က ဘာတဲ့လဲ။

လူနာ ။ ။ ခြေလျင်နဲ့ တောင်တက်အသင်းက နည်းပြဆရာအလုပ်ပါ ဒေါက်တာ။

❋❋❋

## သေချာအောင်လို့ပါ

တစ်နေ့သ၌ နာရေးကူညီမှုအသင်းနှင့် သိက္ခာမဲ့သူ တစ်ဦးထံ သူငယ်ချင်းဖြစ်သူ ရောက်လာ၏။

သူငယ်ချင်း ။ ။ မင်းက နာရေးကူညီမှုအသင်းနဲ့ အကျွမ်းတဝင်ရှိတယ်ဆိုတော့ ငါ့အခက်အခဲကို ကူညီပေးစေချင်တယ်။

သိက္ခာမဲ့သူ ။ ။ နာရေးနဲ့ပတ်သက်လို့ အယုတ်အလတ် အမြတ်မရွေး ကူညီနေတဲ့အသင်းပဲကွာ။ ဘာဖြစ်လို့ အကူအညီမပေးရမှာတဲ့လဲ။ နို့ · · ·နေစမ်းပါဦး၊ ဘယ်သူဘာဖြစ်လို့ လို့လဲ။

သူငယ်ချင်း ။ ။ ငါ့ယောက္ခမကြီး အသက်ငင်ပြီး မျောနေပြီ။ ဆုံးတော့မယ်ဟ။

သိက္ခာမဲ့သူ ။ ။ အေးလေ · · ဆုံးတော့ လှမ်းအကြောင်းကြားပေါ့ဟ။ အစအဆုံး ကူညီပေးမှာပေါ့။ ကိုင်း · · · ပြော၊ မြေမြှုပ်ရမလား၊ ဂူသွင်းရမလား၊ မီးသင်္ဂြိုဟ်ရမလား။

သူငယ်ချင်း ။ ။ ကူညီပေးမယ်ဆိုရင် အဲဒီသုံးမျိုးလုံး တစ်ခါတည်း လုပ်ပေးပါ။

သိက္ခာမဲ့သူ ။ ။ ဟ · · ·မင်းရူးနေသလား။ အသုဘကို အဲသလို သုံးမျိုးလုံးလုပ်ရအောင် ထပြီး ပြန်ရှင်လာမှာစိုးလို့လား။

သူငယ်ချင်း ။ ။ ပြောရမဘူး သူငယ်ချင်းရေ၊ ငါ့ယောက္ခမက ရှေ့နေကွ၊ ရှေ့နေ။ သိပ်ယုံရတာ မဟုတ်ဘူး။

❋❋❋

## "မ"တို့၏ သဘော

အိမ်ထောင်သက် အတော်အတန်ရပြီးသော လင်မယားနှစ်ယောက် တစ်နေ့ မြို့ထဲသို့ ထွက်ခဲ့ကြ၏။ လမ်းခရီး၌ ဂျင်းဘောင်းဘီဝတ် လုပျိုမြူးများ၊ စကတ်အကွဲ,အခွဲနှင့် မိန်းကလေးများကို ယောက်ျားဖြစ်သူက မျက်စိကစားမိလေ၏။ ထိုအခါမျိုးတွင် မိန်းမဖြစ်သူသည် ယောက်ျားခါးကို မသိမသာ လိမ်ဆွဲခြင်းအားဖြင့် သူမ၏ သဝန်တိုမှုကို ဖော်ပြလေ၏။

စူပါမားကတ်တစ်ခုသို့အရောက် ယောက်ျားဖြစ်သူက ဆက်မလိုက်ချင်သဖြင့် နီးစပ်ရာ အအေးဆိုင်၌ ထိုင်ရင်း စောင့်မည်ဟုဆိုကာ ဇနီးသည် မိန်းမကိုသာလျှင် ဈေးဝယ်လွှတ်လိုက်လေ၏။ အတန်ကြာသော် မိန်းမဖြစ်သူမှာ ဈေးဝယ်ရာမှ ပြန်လာလေ၏။ သို့သော် သူမအပါးဝယ် လူရွယ်တစ်ယောက်က လက်ဟန်ခြေဟန်ဖြင့် စကားလိုက်ပြောနေလေရာ ချစ်စကား၊ ကြိုက်စကားသာလျှင်ဖြစ်ကြောင်း အကဲခတ်မိနိုင်မည် ထင်၏။ သည့်အတွက် အပါးရောက်လာသော မိန်းမအား ခပ်ထန်ထန်ရေလး ဟောက်ပစ်လိုက်၏။

ကျား ။ ။ မင်းနှယ်ကွာ · · ·ကိုယ့်မှာ ခင်ပွန်းကြီးငုတ်တုတ်ရှိပါရဲ့နဲ့ ခုလိုမျိုး ရည်းစားစကား လိုက်ပြောတာများ ငြိမ်ခံနေရတယ်လို့ မတော်မင်းလက်ထဲရှိတဲ့ ခေါက်ထီးနဲ့ တွယ်ထည့်လိုက်ရောပေါ့။

မ ။ ။ ရှင်ကလည်း အကြောင်းမဲ့ သဝန်တိုလိုက်တာ။ သူ ရည်းစားစကား လိုက်ပြောတာ ဘယ်မှာ အသားပုံပါသွားလို့လဲ။ အပျိုထင်ပြီး လိုက်ပြောတဲ့ဥစ္စာ၊ သေချာတွေးကြည့်ရင် ကိုယ့်မှာ ဂုဏ်တောင်ရှိသေး။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

## သေချာတယ်နော်

စီးပွားရေးလုပ်ငန်းရှင် လင်ယောက်ျားနှင့် ရှေ့နေဇနီးသည်တို့ စကားခွန်းကြီးခွန်းငယ် များနေကြ၏။ အကြောင်းကိစ္စက ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင် ခင်ပွန်းဖြစ်သူ၏ စစ်စစ်ကုတ်ကုတ်နိုင်မှုကြောင့် ဖြစ်၏။

ဇနီး ။ ။ ရှင်…အဲသလို ကပ်စေးနဲ ကော်တရာ ဖြစ်နေလို့ကတော့ သေတာနဲ့ ပြိတ္တာဘဝကို တန်းပြီးရောက်သွားမှာ။

ခင်ပွန်း ။ ။ အံမာ…မင်းက ရှေ့နေပီပီ နှုတ်သီးကောင်းလျှာပါးနဲ့ နက်လိုက်တာလား။ ငါလား ကပ်စေးနဲမှာ။ ဟွန်း…ဟွန်း…မယုံရင် လက်တွေ့ ပြလိုက်ဦးမယ်။ ဒီမှာမှတ်ထား။ ငါ့အနေနဲ့ မင်းတစ်ယောက်မပြောနဲ့ မင်းလို မိန်းမမျိုး သုံးယောက်လောက်ကို အိမ်ပေါ် တင်ပြီး ကျွေးထားနိုင်သေးတယ်။

ဇနီး ။ ။ ကောင်းပြီ ရှင့်စကားတည်မတည် လက်တွေ့ စမ်းသပ်ရမယ်။

ခင်ပွန်း ။ ။ စမ်းကွာ…စမ်း…စမ်း၊ ကြိုက်သလောက်စမ်း။

ဇနီး ။ ။ စိတ်ချ၊ နက်ဖြန်ကစပြီး ဟောဒီအိမ်ပေါ်ကို အမေရယ်၊ ကြီးကြီးရယ်၊ ဒေါ်ဒေါ်တို့ရယ်ကို သွားပြီး ခေါ်တင်လာခဲ့မယ်။

❁ ❁ ❁

## ကတ်သီးကတ်သတ် ကြုံကြုံဖန်ဖန်

"ယောက္ခမဖြစ်သူ၏ အသုဘရှိရာသို့ သွားလိုကြောင်း" လူတွေ့တိုင်း ပြောလေ့ရှိသည့် ရုံးလုလင်ကလေး မောင်အောင်မင်းအား အထက်အရာရှိက လူမှုရေးဖွဲ့ညှာသည့်အနေဖြင့် ခွင့်ဆယ်ရက်တိတိ ပေးလိုက်လေရာ မောင်အောင်မင်းလည်း အရာရှိအား ဆလံအကြိမ်ကြိမ်သလျက် ဇနီးသည်ရှိသည့် မအူပင်သို့ ဒုန်းစိုင်းသွားပါလေတော့၏။

ခွင့်ဆယ်ရက် ပြည့်လေသော် မောင်အောင်မင်းတစ်ယောက် ပြန်ရောက်လာ၏။ ၎င်း၏ ပေါင်ဖွာပေါင်ဖွာ စရိုက်ကြောင့် အဖြစ်မှန်ကို သိသွားသော အထက်အရာရှိသည် ၎င်းအား ချက်ချင်းခေါ်ယူလိုက်သည်။

အရာရှိ ။ ။ ကိုင်း…မင်းဘာပြင်းချင်သေးလဲ မောင်အောင်မင်း။ မင်းဟာ မင်းယောက္ခမ တကယ်အသုဘမဖြစ်ဘဲနဲ့ အသုဘသွားချင်တယ်ဆိုပြီး ခွင့်လိမ်တိုင်တယ်။ တကယ်တော့ မင်းယောက္ခမဟာ ကျန်းကျန်းမာမာကြီးဆိုတာ သိထားတယ်။ ဒီတော့ မင်းကို အရေးယူမှုဖြစ်မယ်။

မောင်အောင်မင်း ။ ။ ဒါဆိုရင်တော့ ကျွန်တော့်မှာအပြစ်မရှိဘူးလို့ ဆိုချင်ပါတယ်ဆရာ။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်က "ကျွန်တော့်ယောက္ခမ အသုဘကို သွားချင်လိုက်တာ" လို့ပဲ ပြောတာပါ။ ယောက္ခမဆုံးသွားပြီဆိုတဲ့ စကားကို ဘယ်မှာပြောခဲ့လို့လဲ ဆရာ။

အရာရှိ ။ ။ (ကိုယ့်နဖူးကိုယ်ရိုက်ရင်း) သေစမ်းပါတော့ဟာ။ ဟေ့ကောင်…သွား၊ သွား…ခု မင်းနေရာ မင်းပြန့်သွား။

❁ ❁ ❁

## သက်သေတင်ပြနိုင်ပါတယ်

ဦးနှောက်ကျပ်ပြည့်ဟန်မတူသည့် မိန်းကလေးတစ်ယောက် မြို့နယ်တရားရုံးတစ်ခုသို့ ရောက်ရှိလာ၏။ ကိစ္စက လင်မယားကွာရှင်းလိုမှုကိစ္စပင် ဖြစ်၏။

တရားသူကြီး ။ ။ ကလေးမအနေနဲ့ ကိုယ်နဲ့ ကာလကြာ ပေါင်းသင်းလာတဲ့ လင်ယောက်ျားကို ဘာဖြစ်လို့များ ခုကျမှ ကွာရှင်းချင်ရတာပါလိမ့်။

မိန်းကလေး ။ ။ အဓိကအချက်ကတော့ သူ ကျွန်မအပေါ် သစ္စာမဲ့တယ်ထင်လို့ ကွာရှင်းချင်ရတာပါရှင့်။

www.burmeseclassic.com

ဘုရားသူကြီး ။ ။ အထင်နဲ့သွားပြီး စွပ်စွဲလို့မရဘူးလေ။ ကလေးမဘက်က သက်သေသာကောနဲ့ တင်ပြမှ ဖြစ်မှာပေ့ါ။

မိန်းကလေး ။ ။ ဒါဆိုလည်း ပြနိုင်ပါတယ်။ နောက်တစ်ခါ ရုံးကိုလာရင် ကျွန်မရဲ့ကလေးသုံးယောက်ကို ခေါ်လာခဲ့ပါ့မယ်။

တရားသူကြီး ။ ။ ဘာဆိုင်လို့လဲ ကလေးမ။

မိန်းကလေး ။ ။ ဆိုင်ပါသော်ကောရှင်။ အဲဒီကလေး သုံးယောက်က သူနဲ့ညားပြီးမှ ရတာဆိုပေမယ့် ဘယ်ကလေးမှ သူ့ရုပ်နဲ့မတူကြပါဘူးရှင့်။

❋❋❋

## ရွှဲနေတာတော့ မဟုတ်ပါ

ဒလနှင့် ပန်းဆိုးတန်း၊ ပန်းဆိုးတန်းနှင့် ဒလ ရေကြောင်းကူးသင်္ဘောနှစ်စီးပေါ်တွင် ခရီးသည်တွေက အခေါက်တိုင်း များပြားလှသလို၊ သင်္ဘောပေါ် လိုက်ပါရောင်းချသည့် ဈေးသည်တွေကလည်း များမှများ။ ရောင်းချသည့် ပစ္စည်းတွေကလည်း အမျိုးအမည် စုံလင်လှပါဘိ။ အမျိုးသမီးဈေးသည်တစ်ယောက်က သူမရောင်းချသည့် ပစ္စည်းကို ခေါင်းပေါ်ရွက်ကာ ဤသို့အော်လေ၏။

"ဖရဲသီးစိတ် ချိုချိုလေး"...တဲ့။

ထိုခဏ ကြိမ်ခြင်းကြီးကို လက်တစ်ဖက်တွင် ချိတ်ထားသော အမျိုးသားဈေးသည်တစ်ယောက်ကလည်း သူ့ပစ္စည်းကို အော်ဟစ်ရောင်းချလေ၏။

"ဘဲဥပြုတ်ရမယ် ဘဲဥပြုတ်၊ တစ်ရာဖိုးကို သုံးလုံးပေးလိုက်မယ်"...တဲ့။

ထိုအသံကြားရသော ဖရဲသီးသည်သည် ဘဲဥပြုတ်သည်အား မျက်စောင်းတစ်ချက် ထိုးလိုက်လေ၏။ ထိုအချိန်ဝယ် သင်္ဘောအောက်ထပ်မှ လက်ပွေ့ဈေးသည်တစ်ဦး တက်လာကာ အောက်ပါအတိုင်း သူ့ပစ္စည်းကို ရောင်းချရန် အော်ဟစ်လေသော် ဖရဲသီးသည်သာမက ဘဲဥပြုတ်သည်တို့၏ မျက်စောင်းထိုးခြင်းကို ခံရရှာလေသတည်း။

"ဟောဒီမှာနော်၊ ကျန်းမာရေးဌာနက သတိပေးထုတ်ပြန်ထားတဲ့ 'တွဲဖက်မစားသင့်တဲ့ အစာတွေ။ စားရင်ဘာဖြစ်မလဲတဲ့။ စားရင် နာရေးကူညီမှုအသင်းတွေ အလုပ်များမှာပေ့ါ။ ပမာအားဖြင့် ဖရဲသီးနဲ့ ဘဲဥပြုတ်...ဟုတ်တယ်ဟုတ်။ အမျိုးပေါင်း နှစ်ဆယ်ကျော်ပါတယ်"

❋❋❋

## ဝါသနာ

ဆင်ဆာမဲ့ ညစ်ညမ်းဗီဒီယိုတိပ်ခွေများ၊ ဗီစီဒီချပ်များကို ဖျက်ဆီးရန် တာဝန်ကျသော အဖွဲ့တစ်ဖွဲ့သည် သူတို့လုပ်ငန်းကိုသူတို့ ကျေပွန်စွာထမ်းဆောင်ပြီးကြ၍ ဝမ်းမြောက်ပီတိ ဖြစ်နေကြ၏။

ပထမလူ ။ ။ ကိုယ့်ဆရာတို့၊ ကျုပ်တို့ အထက်က ပေးအပ်ထားတဲ့ တာဝန်တွေ ကျေကြပါတယ်နော်။

ဒုတိယလူ ။ ။ ကျေပါသော်ကောဗျာ။ ညစ်ညမ်းဗီဒီယိုတိပ်ခွေတွေ၊ ဗီစီတွေ ဟုတ်မဟုတ် ကျုပ်တို့ ခင်ဗျားတို့တစ်တွေ တစ်ချပ်ချင်းကို အစကနေ အဆုံးထိ စက်ထဲထည့်ပြီး ကြည့်ခဲ့ကြတာမဟုတ်လား။ ဘယ်တာဝန်မကျေဘဲ နေမှာတဲ့လဲ။

တတိယလူ ။ ။ ဒါကြောင့်ထင်ပါရဲ့၊ လမ်းကြိတ်စက်နဲ့ ကြိတ်ပစ်ရင် တစ်နာရီတောင် မကြာဘဲ ကိစ္စပြတ်မယ့်ဥစ္စာ။ ကျုပ်တို့က အလုပ်တာဝန်ကို တကယ်ကျေပွန်စွာ ထမ်းဆောင်ချင်ကြတာနဲ့ တစ်လလောက် ကြာသွားခဲ့ရတာပေ့ါ။

အဖွဲ့သားများ ။ မှန်ပ...မှန်ပ။ ဟဲ..ဟဲ..ဟဲ..ဟဲ။


မြို့မေတ္တာခံယူမယ်

□ ကိုရွှေဇော်သား



www.burmeseclassic.com

www.burmeseclassic.com




# သံဝေဂ

စိုးယဉ်ထွန်း

ရန်ကုန်၏ ဆူးလေစေတီတော်ကြီးကို ကပ်ကျော်ဘုရား၊ ကွေ့ရှောင်ဘုရားဟု ပြောကြသည်။ ကိုဘခင်က . . .

"ဆရာထွန်းရေ၊ ဆူးလေဘုရားဝင်ဖူးရအောင်"

"ကျွန်တော်က ဘုရားရင်ပြင်ပေါ်မရောက်လည်း ပလက်ဖောင်းပေါ်က လက်အုပ်ချီပြီး ကန်တော့တာပဲ"

"ဘာဖြစ်လို့ ဘုရားရင်ပြင်ပေါ်မတက်တာလဲ"

"သံဝေဂရစရာတွေ များလို့ပါဗျာ"

ပြောရင်းနှင့်ပင် လှေကားအတိုင်းတက်လာကြရာ . . .

"ဆရာကြီး . . အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းအစုံရှိတယ်နော်။ နားပါဦးလား။ ဖိနပ်အပ်ထားခဲ့လေ"

"ဦးတို့နားပါဦးလား။ ရေလေးသောက်ပါဦးလား။ ပန်းယူမလားအောင်သပြေရှိတယ်လေ"

"ပန်းအစုံရှိတယ်နော်။ ရေအေးအေးလေး သောက်ပါဦး"

ကိုဘခင်က ရန်ကုန်လာခဲ့သူ။ ဘုရားကိုရောက်ခဲ့သူ ဖြစ်၍ ခေါ်သမျှ၊ အော်သမျှကို လှည့်ကြည့် လှည့်ကြည့်နှင့်။ ရင်ပြင်ပေါ်ရောက်ပြီး ဘုရားရှိခိုး၍ သုံးပတ်ပတ်ပြီး အတက်လမ်းမှ လှေကားအတိုင်း ပြန်ဆင်းလာကြရင်း . . .

"ကိုဘခင် . . အခုန ဘုရားပေါ်အတက်တုန်းက ခေါ်ကြသမျှအခု အဆင်းမှာ တစ်ယောက်မှ မခေါ်ပါလားဗျ"

"အေးဗျ . . . အဲ . . . အဲဒါ"

"အဟဲ . . အဲဒါပဲဗျ။ အတက်မှာခေါ်တာက ဘုရားဈေးသည်။ အဆင်းကျတော့ ခေါ်စရာ မလိုဘူးလေ။ ဝယ်မှာမှ မဟုတ်ဘဲ"

"အင်း . . အင်း . . ဟုတ်တယ်"

"လူ့ဘဝ ဒီလိုပဲဗျ။ အတက်မှာခေါ်ပြီး အဆင်းကြရင် မခေါ်တော့ဘူး။ သံဝေဂတရားက ယူတတ်ရင် ရတယ်'

"ကျုပ် သဘောပေါက်လိုက်ပြီဗျာ"

■ စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



# မြေ

## ပန်းတနော် နောင်လတ်

AE:OU ကုမ္ပဏီဝန်ထမ်း အမျိုးသမီးက အပျို။ သူမက သူမတာဝန်ထမ်းဆောင်နေသော ကုမ္ပဏီအတွက် အပျိုမလေးများကို သူမကဲ့သို့ ကုမ္ပဏီဝန်ထမ်းတာဝန် ထမ်းဆောင်ရန် စည်းရုံးရသည့် စည်းရုံးရေးမှူး။

တစ်နေ့သ၌ အရပ်ဘက် အပျိုမတစ်ဦးကို စည်းရုံးရေးမှူး အပျိုမက စည်းရုံးနေလေသည်။

"ကျွန်မတို့ ကုမ္ပဏီဝန်ထမ်းတွေထဲမှာ အမျိုးသားတစ်ယောက်မှမပါဘူး"

"ဟုတ်လား ဒါဆို အမျိုးသမီးတွေချည်း သီးသန့်ဖွဲ့စည်းထားတဲ့ ကုမ္ပဏီပေါ့နော်"

"ဟုတ်ပါတယ်။ ပြီးတော့ ဝန်ထမ်းအမျိုးသမီးတွေကလည်း အပျိုတွေချည်းပါပဲ"

"အိမ်ထောင်ရှင်မ တစ်ယောက်မှ မပါဘူးလား"

"မပါပါဘူး"

"ကုမ္ပဏီပိုင်ရှင်ကရော အိမ်ထောင်ရှိလား"

"မရှိပါဘူး"

"အပျိုလား"

"လူပျိုပါ၊ လူပျိုကြီးပါ"

"ရှင်တို့ကုမ္ပဏီမှာ ဝန်ထမ်းလုပ်ဖို့ ဖိတ်ခေါ်တဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် စည်းရုံးရေးမှူးကို မေးခွန်းတစ်ခု မေးပါရစေ"

"မေးပါ"

"စည်းရုံးရေးမှူး အပျိုမက အပျိုစင်ဟုတ်မဟုတ် သိချင်ပါတယ်"

အရပ်ဘက်အပျိုမ၏ မေးခွန်းကို စည်းရုံးရေးမှူးအပျိုမ အဖြေမပေးနိုင်တော့။

ပန်းတနော်နောင်လတ်

www.burmeseclassic.com



# လှဲ့ဖျားခြင်း

ဝသုန်ဟိန်းထက်

နေသာသော နေ့တစ်နေ့တွင် ဖြစ်၏။

ကျွန်တော်သည် "History of Magic" ဟူသော စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာနေခိုက်။ သူငယ်ချင်းဖြစ်သူ 'ကိုတိုး' ရောက်လာသည်။

"ဟေ့ကောင်တိုးကြီး၊ ဘာအမှုတွေ သယ်လာပြန်ပြီလဲ"

ကျွန်တော်က သူ့ကို 'တိုးကြီး' ဟု ခေါ်လေ့ရှိ၏။ သူလာတိုင်းလည်း အထူးအဆန်း တစ်ခုမဟုတ်တစ်ခု ကြားရတတ်၏။

"အထူးအဆန်းဆိုရင် ပြောပါလို့ မင်းပဲမှာထားတယ်လေ။ ဒါကြောင့် ငါက မင်းဆီတကူးတက လာခဲ့တာပေါ့။ သိပ်အထူး၊ သိပ်အဆန်းကြီးတော့ မဟုတ်ပေမယ့် သိပ်စဉ်းစားစရာကောင်းတဲ့ ဖြစ်ရပ်တစ်ခုပေါ့။ ငါတို့မြို့မှာ တကယ်ဖြစ်ခဲ့တာ"

"ဟာ . . . ကောင်းတာပေါ့ကွာ။ ငါ့အတွက် ကုန်ကြမ်းတစ်ပုဒ်ရတာပေါ့"

"ဒီလိုကွ။ ဦးကျော်ဦးဆိုတဲ့ လင်မယားနှစ်ယောက်က ငါ့အဖေရဲ့ မိတ်ဆွေတွေပေါ့။ သူတို့လင်မယားနှစ်ယောက်စလုံးက သဘောမနောကောင်းသလို ဘာသာရေးလည်း လိုက်စားသူတွေပေါ့။ သူတို့အိမ်ရှေ့မှာပဲ လက်ဖက်ရည်ဆိုင်လေး ဖွင့်ထားတယ်။ တစ်နေ့တော့ လမ်းဘေးက ခွေးပေါက်စလေး တစ်ကောင်ကို ခေါ်မွေးစားလိုက်တယ်။ ခွေးရဲ့နာမည်ကို 'ဓန'လို့ အမည်ပေးထားတယ်ကွ"

"ဟင် . . . ဒီလူတွေများ ပေးစရာရှားလို့။ ခွေးကိုများ ဓနတဲ့"

"ဟုတ်တယ် မင်းတင်မကဘူး။ တစ်ရွာလုံးကလည်း ဒီလိုပဲ မြင်တယ်။ သူတို့ကတော့ သူတို့စိတ်ကူးနဲ့ သူတို့ပေါ့။ ခွေးဆိုတာ တနင်္လာနံ၊ ငွေနံ မဟုတ်လား။ ဒါကြောင့် ဓနလို့ ပေးတာတဲ့။ သူတို့မိသားစုက တဖြည်းဖြည်းနဲ့ ခွေးလေးဓနအပေါ် သံယောဇဉ်တွယ်ပြီး သားသမီးလို အချစ်ပိုလာကြတယ်လေ။ အဲ . . ပြဿနာက အဲဒီမှာစတာပဲ။ ခွေးလေးဓနက တစ်နေ့တခြား ဝဖြိုးစိုပြည်လာလေလေ သူတို့စီးပွားရေးက တစ်စထက်တစ်စ ကျလာလေလေ ဖြစ်လာတယ်။ ခွေးကိုကောင်းကောင်းကျွေး၊ ကောင်းကောင်းမွေးလို့ ခွေးကဝပြောလေ စီးပွားက ကျလေပေါ့။ နောက်ဆုံးကွာ တိုတိုပြောရရင် လက်ဖက်ရည်ဆိုင်က မီးလောင်မှုဖြစ်ပါရော။ မတော်တဆ ပေါ့ဆမီးပေါ့ကွာ။ အရပ်ကလူတွေနိုင်လို့ တစ်အိမ်လုံး ပြာမကျတာ။ ဒါပေမယ့် ဦးကျော်ဦးကတော့ မီးပေါ့ဆမှုနဲ့ အချုပ်ထဲ ခြောက်လ ကျသွားရရှာတယ်"

"ဖြစ်မှဖြစ်ရလေကွာ"

ကြားရသော သတင်းက စိတ်မကောင်းစရာပင်။ တိုးကြီးပြောသလို စဉ်းစားစရာလည်း ဖြစ်နေသည်။ ပုံမှန်စီးပွားရေးတစ်ခုက ထိုခွေးရောက်လာမှ စီးပွားကျခြင်းသည် တိုက်ဆိုင်မှုလေလား။ သို့တည်းမဟုတ် ဆက်နွယ်မှု တစ်ခုခုရှိနေသလား။


ကိုတိုးက -

"ငါ့အထင် ပြောရရင်ကွာ ခွေးကို 'ဓန'လို့ နာမည်ပေးမိတာ သူတို့အမှားလို့ ငါထင်တယ်။ ငွေကြေးကိုယ်စားပြု အမည်သညာတစ်ခုကို ခွေးကိုပေးထားတော့ နှိမ်သလိုများ ဖြစ်နေမလားပေါ့"

စဉ်းစားတွေးတောစရာပင် ဖြစ်ပါသည်။ အမည်သညာသည် လွန်စွာအရေးကြီးကြောင်းကို ကျွန်တော်လည်း ဖတ်ဖူးမှတ်ဖူးခဲ့ပါသည်။ ခွေးကို ဓနလို့ပေးမိခြင်းကိုက မိမိစီးပွားကို မိမိဘာသာ ပြန်ပိတ်နေသလို ဖြစ်သွားရသည်ဟုလည်း ကျွန်တော် ယူဆမိပါသည်။

စာရှုသူတို့ကော မည်သို့ ယူဆပါသနည်း။ ❑

www.burmeseclassic.com



# အချိန်အခါနှင့် ကျေးဇူး

ထက်အောင်ထူး

ကျွန်တော် အိမ်ရှေ့ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်၍ စာဖတ်နေစဉ် သားအကြီးကောင် အလုပ်မှပြန်ရောက်လာသည်။

"ပြန်လာပြီလားကွ။ သည်နေ့ စောလှချည်လား"

"ဟုတ်ကဲ့ အဖေ"

မီးဖိုချောင်အတွင်းဝယ် ချက်ပြုတ်ကြော်လှော်နေသော ဇနီးသည်က အပြင်သို့ထွက်လာပြီး –

"သည်နေ့ ထူးထူးခြားခြား။ အရင်က မိုးချုပ်မှပြန်ရောက်တဲ့သူက"

"ဟုတ်ကဲ့ အမေ။ အလုပ်ပြန်စိတ်မကြည်တာနဲ့ ဘယ်မှမဝင်ဘဲ တန်းပြန်ခဲ့တာ"

"အေး . . အေး . . ဒါဆိုလည်း ခဏနားပြီးတော့ ရေမိုးချိုး။ ထမင်းဆာလည်း စားလို့ရပြီ။ အဆင်သင့်ပဲ"

ညနေစာ ထမင်းဝိုင်း မိသားစု သုံးယောက်လုံး ထမင်းလက်ဆုံ စားဖြစ်ကြသည်။ မိခင်ဖြစ်သူက ထမင်းစားရင်း သားဖြစ်သူကို အကဲခတ်၍

"သား မင်းဘာကို စိတ်မကြည်တာလဲ။ မျက်နှာလည်း တစ်မျိုးပဲ"

"သည်လိုပါ အမေရာ။ ဟိုဘက်ရပ်ကွက်က ကျွန်တော် အလုပ်သွင်းပေးထားတဲ့ မောင်စိုးကို သိတယ်မဟုတ်လား"

"အေး . . သိတာပေါ့။ ကလေးနှစ်ယောက်နဲ့ မပြေလည်ဘူး ဆိုတာလေ"

"ဟုတ်တယ် အမေ။ သည်ကောင် ကျေးဇူးနားမလည်ဘူး"

"ဘယ်လို . . . ဘယ်လို"

"ဟုတ် . . အမေ။ နေ့တိုင်းလိုလို လက်ဖက်ရည်ကအစ ဆေးလိပ်အဆုံး သနားလို့တိုက်နေကျ။ ယုတ်စွအဆုံး ပုဆိုး၊ အင်္ကျီကအစ ပေးကမ်းနေကျ။ သည်နေ့ ရုံးဆင်းတော့ ကျွန်တော့်ကိစ္စလေးတစ်ခုရှိလို့ မြို့ထဲသွားခိုင်းတာ . . သကောင့်သားက မအားဘူးတဲ့"

"ဪ . . သားရယ်။ သူလည်း သူ့ကိစ္စနဲ့သူ ရှိလို့နေမှာပေါ့"

"မဟုတ်ဘူးအမေ။ သူပြောတာလည်းကြည့်ဦး။ ဘာတဲ့ သူ့ဘေးအိမ်က သူ့ကိုခိုင်းထားတာလေး ရှိလို့တဲ့။ အဲ . . . သူ့ဘေးအိမ်က ကိုမောင်မောင်ဆိုတဲ့သူက ခိုင်းထားတာတဲ့။ အဲသည် ကိုမောင်မောင်က မောင်စိုးအလုပ်သွားခါနီး ဖိနပ်ပြတ်တာမြင်လို့ ဖိနပ်တစ်ရန်ပေးဖူးတဲ့ ကျေးဇူးရှိလို့ဆိုပဲ အမေရယ်။ ဟင်း . . အတော်လေးကို ကျေးဇူးသိတတ်တဲ့ကောင်"

"ဪ . . ဒါများ ငါ့သားရယ်။ ကဲ . . ကဲ . . စား။ စားလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့ . . ကောင်းပါတယ် အမေ။ ဆာလို့လား မသိဘူး"

"အေး . . ဆာတဲ့အချိန်စားရင် ဘယ်အစားအစာမဆို စားလို့ကောင်းတတ်ကြတယ်ကွယ့်။ ခုလည်း မင်းအဖြစ်က သည်လိုပဲ။ မဆာတဲ့သူကို သွားကျွေးသလိုမျိုးပေါ့။ ဆာတဲ့အချိန်ကျွေးတဲ့သူက သာသွားတာပေါ့"

ဇနီးသည်၏ ခပ်လေးလေးမှန်မှန်ပြောလိုက်သော စကားအဆုံး ကျွန်တော်တို့သားအဖနှစ်ဦးမှာ ခေါင်းလေးတွေ

■ ထက်အောင်ထူး

www.burmeseclassic.com

# ရိုက်နှက်သွားသော စကားလုံးများ

ကျွန်တော် ကျန်းမာရေးချို့ယွင်းသဖြင့် ဆေးရုံသုံးလခန့် တက်ရပြီး အိမ်တွင် တစ်နှစ်ကျော်ခန့် အိပ်ရာထဲလဲခဲ့ရသည်။ ထို့ကြောင့်ပင် ခြေထောက်နှစ်ဖက်လုံး လှုပ်ရှား၍ သိပ်မကောင်း။ ရောဂါအားလုံး သက်သာသွားသော်လည်း လမ်းလျှောက်ရန်အတွက် တောင်ဝှေး အတူအညီကို ယူရသည်။ ဆရာဝန်၏ညွှန်ကြားချက်အတိုင်း မနက်ပိုင်း လမ်းမှန်မှန်လျှောက်ဖြစ်သည်။

ကျွန်တော် နေထိုင်ရာ မြို့လေးသည် လမ်းလျှောက်၍ အင်မတန်ကောင်းသည့် နေရာလေးဖြစ်သည်။ လူကြီး၊ လူငယ်၊ လူလတ်ပိုင်းများ ကျန်းမာရေးအတွက် ကိုယ်စီ လမ်းလျှောက်ကြသည်။ အချို့မှာ ကျွန်တော့်ကဲ့သို့ တုတ်ကောက်နှင့်။ အချို့မှာ ရေဒီယိုလေးတွေယူလာပြီး ဖွင့်ကာ လမ်းလျှောက်ကြသည်။ တရားဓမ္မသံများကို ဖွင့်ကြသလို နိုင်ငံခြားအသံလွှင့် အစီအစဉ်တွေကို ဖွင့်ကာ နားထောင်ရင်း လမ်းလျှောက်ကြသည်။ နေ့စဉ်မှန်မှန် လမ်းလျှောက်သဖြင့် ကျွန်တော်၏ ခြေထောက်များမှာ တုတ်ကောက်အကူအညီပင် မလိုတော့ချေပြီ။

တစ်နေ့ ကိုယ့်အတွေးကလေးရဲ့ မိုင [illegible] စဉ် အသက်ငါးဆယ်ကျော် ထောင်ထောင်မောင်းမောင်း လူကြီးနှစ်ယောက်နှင့် မလှမ်းမကမ်းမှ လမ်းလျှောက်နေရာ ထိုလူနှစ်ယောက်၏ စကားပြောသံနှင့် သူတို့ဖွင့်ထားသော ရေဒီယိုမှ အသံများကို ကြားနေရသည်။ ရေဒီယိုမှအသံကို နားထောင်လေသလား၊ နားမထောင်လေးသလားတော့မသိ။ သူတို့စကားသံမှာ ရေဒီယိုသံကို ဖုံးလွှမ်းနေလေသည်။

"သည်မယ် . . ကိုလူကြီးရဲ့၊ ခေတ်အခါကလည်း ကောင်းမလိုလို၊ မကောင်းမလိုလိုနဲ့ဗျာ"

"ဟုတ်ပါ့။ လူတွေကလည်း လူတွေပဲဗျ။ ကိုယ့်အမျိုးသားချင်း စာနာစိတ်လည်းမရှိဘူး။ ငါရပြီးရောပဲဗျ"

"အင်းလေ . . . စောင့်ကြည့်တာပေါ့"

သူတို့နှစ်ဦး ပွစိပွစိနှင့် တတွတ်တွတ်ပြောရင်း လျှောက်နေသည်။ ကျွန်တော်လည်း အနည်းငယ် ညောင်းလာသဖြင့် လမ်းဘေးတွင်ရှိသော အုတ်ခုံတွင် ခဏထိုင်၍ နားနေလိုက်သည်။ ခဏကြာတော့ ဆက်မလျှောက်ဘဲ ပြန်လှည့်ရန် စဉ်းစားနေစဉ် စောစောက လျှောက်နေသော လူကြီးနှစ်ဦးမှာလည်း ပြန်လှည့်လာသည်ကို တွေ့လိုက်ရသည်။ ရေဒီယိုသံကိုမူ မကြားရတော့။ ဒါပေမယ့် သူတို့ကတော့ ပြောမြဲ။ ထိုအခိုက် လမ်းဆုံကွေ့အချိုးတွင် ကုန်ထုပ်တင်ထားသော စက်ဘီးတစ်စီးမှာ လမ်းမပေါ်တွင် လဲနေလေသည်။ စက်ဘီးနင်းလာသူက စက်ဘီးအား တည့်မတ်ရန်ကြိုးစားနေသည်။ စက်ဘီးက သူတစ်ယောက်တည်း တည့်မတ်၍မရ ဖြစ်နေသည်။ ထိုအချိန်တွင် ထိုလူကြီးနှစ်ယောက် စကားသံ ထွက်လာသည်။

"တွေ့လား ကိုလူကြီး၊ မနိုင်ဝန်ထမ်းလာတာ။ လဲတာတောင် နည်းတောင်နည်းသေး"

"အေးဗျာ"

ထိုလူကြီးနှစ်ဦးမှာ စကားတပြောပြောနှင့်ပင် စက်ဘီးထောင်မတ်နေသူအား တစ်ချက်မျှ လှည့်ကြည့်ပြီး ကျော်တက်သွားသည်။ ကျွန်တော် မနေနိုင်တော့။ စက်ဘီးအား တည့်မတ်စွာထောင်နိုင်ရေး ဝိုင်းဝန်းကူညီလိုက်သည်။ ထိုလူငယ်လည်း ပြုံးရွှင်သော မျက်နှာလေးနှင့် ကျွန်တော့်အား ကျေးဇူးတင်စကား ပြောဆိုပြီးနောက် နှုတ်ဆက်ကာ စက်ဘီးလေးအား တွန်းနင်းသွားလေသည်။ နင်းသွားသော စက်ဘီးလေးအား နောက်မှငေးကြည့်ရင်း စကားလုံးတွေက ကျွန်တော့်နားထဲသို့ အလိုလိုလာသည်။ ဘာတဲ့ . . .

"လူတွေကလည်း လူတွေပဲဗျ။ ကိုယ့်အမျိုးသားချင်း စာနာစိတ် မရှိဘူး။ ငါရပြီးရော"

သြော် . . ရိုက်နှက်သွားသော စကားလုံးများပင်တည်း။

■ ပိုက်မင်းဝေ




www.burmeseclassic.com

www.burmeseclassic.com

# ပြည်လမ်းပေါ်မှ ကုမ္ပဏီ၏ဘဏ္ဍာ ဖောက်ထွင်းခံရမှု

DESIGN KYAW

မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# ပြည်လမ်းပေါ်မှ ကုမ္ပဏီမီးခံသေတ္တာ ဖောက်ထွင်းခံရမှု

**■ မြသိန်း**

ကျွန်ုပ် စုံထောက်မောင်စံပျော်သည် စုံထောက်မင်းကြီး၏ အထူးတာဝန်ပေးချက်အရ ရန်ကုန်မြို့ ပြည်လမ်း တစ်နေရာရှိ နိုင်ငံခြားသားပိုင် အဆောက်အဦကန်ထရိုက်ကုမ္ပဏီ၏ မီးခံသေတ္တာ ညဘက်အဖောက်ခံရမှုကို ဖော်ထုတ်ရန် တာဝန်ယူရလေတော့၏။

မီးခံသေတ္တာအဖောက်ခံရပြီး ဆယ်ရက်ကြာသော်လည်း တရားခံကို မမိသေး၍ နိုင်ငံခြားသားကုမ္ပဏီပိုင်ရှင်က ရန်ကုန်ရဲမင်းကြီးကို "ခင်ဗျားလူတွေ တယ်ညံ့တာပဲ"ဟု ပြောလာသောကြောင့် ရဲမင်းကြီးမှ စုံထောက်မင်းကြီးကို အကူအညီတောင်းသောကြောင့် ကျွန်ုပ်မောင်စံပျော်သည် ထိုအမှုကို စတင်ကိုင်တွယ်ရလေတော့၏။

မီးခံသေတ္တာထဲမှာ ငွေတစ်သောင်းကျပ်တိတိ ပါသွား၏။ တနင်္လာနေ့တွင် ငွေကိုင်စာရေး ရုံးလာတော့မှ သိခြင်းဖြစ်၏။ မီးခံသေတ္တာကို စနေ၊ သို့မဟုတ် တနင်္ဂနွေညတွင် သော့တူဖြင့် ဖွင့်သွားခြင်း ဖြစ်၏။

ကမာရွတ်ရဲစခန်း နယ်မြေတွင်ဖြစ်ရာ ကမာရွတ်ရဲစခန်းမှ လုပ်သင့်လုပ်ထိုက်သည်များ။ စစ်ဆေးရန် လိုအပ်ချက်များကို စစ်ဆေးပြီးဖြစ်၏။

ကျွန်ုပ်သည် တပည့်ကျော် တပ်ကြပ်ကြီး ချစ်တိုးနှင့်အတူ ကမာရွတ်ရဲစခန်းသို့ သွား၍ သူတို့၏ စစ်ဆေးထားချက်များကို ဦးစွာဖတ်ရှုမှတ်သားပြီး ကမာရွတ်ရဲတပ်ဖွဲ့ မြို့နယ်မှူးနှင့်အတူ ၎င်းကုမ္ပဏီသို့ သွားသည်။

အချိန်မှာ နံနက် ဆယ်နာရီကျော်ကျော် ဖြစ်သည်။ ကုမ္ပဏီအုပ်ချုပ်ရေးမှူး မစ္စတာဝေးနှင့် ဦးစွာတွေ့သည်။

ကျွန်ုပ်က ကျွန်တော့်ကို မိနစ်သုံးဆယ်ခန့် စစ်ဆေးခွင့်ပြုပါဟု တောင်းဆိုသောကြောင့် သူက ခွင့်ပြုပြီး လိုအပ်သလို စီစဉ်ပေးသည်။

ငွေကိုင်စာရေးမှာ မစ္စတာဟာန်း။ အသက်လေးဆယ်ခန့်၊ သူ့ကို စစ်ဆေးသောအခါ သူ့အမှုအရာမှာ ပျက်ခြင်းလုံးဝမရှိပေ။

"ခင်ဗျားကိုင်တဲ့ မီးခံသေတ္တာထဲမှာ အများဆုံး ငွေဘယ်လောက်ထည့်ထားလေ့ရှိသလဲ"

ကျွန်ုပ်ကမေးရာ သူက -

"စည်းကမ်းအရ ကျပ်ငါးရာထက်ပိုမထည့်ထားရဘူး။ နေ့လယ်မှာ ဘဏ်ကိုသွား၊ တစ်နေ့စာသုံးဖို့ ငွေတွေကို ထုတ်ခဲ့ပြီး အဲဒီနေ့မှာပဲ ပေးစရာရှိတာတွေကို အကုန်ပေးလိုက်ရတယ်"

ဟု ဖြေ၏။

"ဒီလိုဆိုရင် အဲဒီငွေတစ်သောင်းက ဘာဖြစ်လို့ မီးခံသေတ္တာထဲ ရှိနေရတာလဲ"

"အဲဒီနေ့က ကုမ္ပဏီကို အုတ်၊ သဲ၊ ကျောက် ပေးသွင်းသူကိုပေးဖို့ ငွေထုတ်လာတာ။ အဲဒီလူက ရုံးပိတ်ချိန်အထိ လာမယူဘူး။ ဒါကြောင့် အထက်အရာရှိကို အကျိုးအကြောင်းပြောပြီး မီးခံသေတ္တာထဲမှာပဲ ထည့်သိမ်းထားတယ်"

"မီးခံသေတ္တာကို ခင်ဗျားမဖွင့်မီ ခြေရာလက်ရာ ပျက်နေတာ သတိပြုမိသလား"

"မပြုမိဘူး။ တနင်္လာနေ့မနက်မှာ အုတ်သဲကျောက် ပေးသွင်းသူ လာတော့မှ ငွေပေးဖို့ မီးခံသေတ္တာကိုဖွင့်တော့မှ ငွေတွေမရှိတော့မှန်း သိတယ်"

"မီးခံသေတ္တာသော့ကို ဘယ်မှာသိမ်းသလဲ"

www.burmeseclassic.com

"ကျွန်တော့်ရဲ့ ကိုယ်နဲ့မကွာ ထားပါတယ်။ ညနေအိမ်ပြန်ရင် ယူသွားတယ်။ ရုံးပိတ်ရက်တွေမှာလည်း ကျွန်တော်ပဲ အိမ်ကိုယူပြီး သိမ်းထားတယ်။ အထက်အရာရှိကလည်း ခွင့်ပြုတယ်"

ဖောက်ထွင်းသူသည် သော့တူနှင့် ဖွင့်၍ ငွေများကို ယူသွားသည်မှာ သေချာ၏။

"ခင်ဗျား ဒီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"၁၉၄၇ မှာ ကုမ္ပဏီဖွင့်ကတည်းကဆိုတော့ ငါးနှစ်လောက်ရှိပါပြီ"

"အလုပ်စဝင်ကတည်းက ငွေကိုင်အလုပ်ပဲလား"

"ဟုတ်ပါတယ်"

"အရင်က အခုလိုအဖြစ်မျိုး ဖြစ်တာရှိသလား"

"မရှိဘူး။ ဒါ ပထမဆုံးပဲ"

ထို့နောက် သူ့အိမ်လိပ်စာကို မေးရာ လသာမြို့တွင် နေကြောင်းသိရ၍ ကျွန်ုပ်၏ မှတ်စုစာအုပ်ထဲ၌ မှတ်လိုက်ပါသည်။

မစ္စတာဟာန်းကို မေးပြီးသောအခါ ငွေကိုင်ဌာနမှ အောက်တန်းစာရေးတစ်ယောက်၊ မင်းစေတစ်ယောက်၊ ညစောင့်နှစ်ယောက် (သူတို့သည် ကုမ္ပဏီကြီးဝင်းထဲ၌ပင် နေကြသော ကုလားများဖြစ်ကြသည်)တို့ကို မေးရာ သူတို့၏ ဖြေဆိုပုံ၊ မျက်နှာအမူအရာ စသည်တို့မှာ ပုံမှန်ပင်ရှိကြ၏။

၎င်းနောက် ကျွန်ုပ်သည် ဖောက်ထွင်းသူ ဝင်လမ်း၊ ထွက်လမ်းကို စစ်ဆေးကြည့်သည်။ ထိုစဉ်က မိုးတွင်းဖြစ်ရာ မိုးရွာနေသည်ကို အခွင့်ကောင်းယူ၍ ရုံး၏တောင်ဘက် ကားဂိုဒေါင်မှ တစ်ဆင့် ရုံးတွင်းသို့ အပေါ်ထပ်အိမ်သာ ပြတင်းပေါက်မှ ဝင်ပြီး ၎င်းလမ်းမှပင် ပြန်ထွက်သည်ကို တွေ့ရသည်။

ကျွန်ုပ်တို့သည် ယူနီဖောင်းနှင့် သွားကြရာ ကားဂိုဒေါင်အမိုးကို စစ်ဆေးပြီး ဂိုဒေါင်ရှေ့သို့ ပြန်အရောက်တွင် လူတစ်ယောက် ကျွန်ုပ်တို့ကို မြင်လိုက်သည်နှင့် မျက်နှာတစ်မျိုးပြောင်းသွားသည်ကို ကျွန်ုပ်သတိပြုလိုက်သည်။

ကျွန်ုပ်သည် ထိုသူ မည်သူဖြစ်သည်ကို ကျွန်ုပ်တို့ကို လိုက်ပို့သော နေ့ဘက်လုံခြုံရေးဝန်ထမ်းကို မေးရာ ငွေကိုင် မစ္စတာဟာန်၏ ယောက်ဖ၊ ဤကုမ္ပဏီ၌ ယာဉ်မောင်းလုပ်နေသော စိန်ချျုးဖြစ်ကြောင်း သိရ၏။

စိန်ချျုးသည် လူပျိုတစ်ယောက်ဖြစ်ပြီး ယောက်ဖ မစ္စတာဟာန်နှင့် အတူတူနေသည်ဟု သိရ၏။

၎င်းနောက် ကျွန်ုပ်သည် ကုမ္ပဏီရှိ ယာဉ်မောင်းသမားလေးယောက်တို့ ၏ အမည်စာရင်းနှင့် သူတို့၏ လိပ်စာများကို ရယူပြီးနောက် ကမာရွတ်ရဲစခန်းသို့ ပြန်လာကြသည်။

ကမာရွတ်ရဲစခန်း ရောက်သည်နှင့် ကျွန်ုပ်သည် လသာမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ဆက်သွယ်၍ ကျွန်ုပ်ဆောင်ရွက်လိုသည်များကို ပြောလိုက်ပြီး တပည့်ချစ်တိုးအား လသာရဲစခန်းမှ ရဲတပ်ဖွဲ့မှူးနှင့် သွားတွေ့ပြီး သူ၏ နယ်ထိန်းများအကူအညီဖြင့် မစ္စတာဟာန်၏ ယောက်ဖ ယာဉ်မောင်း စိန်ချျုးကို နေ့ညမပြတ် ထောက်လှမ်းရန် တာဝန်ပေးလိုက်သည်။

"ဒီဖောက်ထွင်းမှုမှာ ဓာတ်သိ၊ အတွင်းသိရှယ်၊ သော့ဝိဇ္ဇာရှယ် ပါရမယ်"

ကျွန်ုပ်သည် ထိုသို့ ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်သည် ကုမ္ပဏီသို့ ဗုဒ္ဓဟူးနေ့တွင် သွားရောက်ခဲ့ရာ သောကြာနေ့ နေ့လယ်တွင် တပည့်ကျော်ချစ်တိုးသည် ပြုံးရွှင်သော မျက်နှာနှင့် ကျွန်ုပ်ထံ ရောက်လာသည်။

"ဆရာ…ကွင်းဆက်ရပြီ။ စိန်ချျုးဟာ လသာမြို့နယ်က သော့ဝိဇ္ဇာ အီးစမန်နဲ့ အတွဲများတယ်။ နောက်ပြီး ခုရက်ပိုင်းတွေဟာ အီးစမန်ဟာ စီးကရက် အကောင်းစားကို လက်မချတော့ဘူး။ နောက်ပြီး စိန်ချျုးဟာ မြင်းလောင်းသမား။ တနင်္ဂနွေနေ့တိုင်း မြင်းပွဲသွားတယ်"

"အီးစမန်ရဲ့ ပုံသဏ္ဍာန်ကရော"

"လူကောင် ခပ်ညှက်ညှက်ကလေး"

ကျွန်ုပ်သည် အချိန်မဆွဲတော့ဘဲ အရပ်ဝတ်ဖြင့် လသာရဲဌာနသို့ တပည့်ချစ်တိုးနှင့်အတူ သွား၍ စိန်ချျုးနှင့် အီးစမန်တို့ကို ထောက်လှမ်းသည်။ လသာရဲဌာနမှ တပ်ကြပ်ကြီး အောင်မောင်းသည် နယ်မြေကျွမ်းသူဖြစ်၏။

ညနေငါးနာရီသာသာတွင် စိန်ချျုးသည် အီးစမန်ထံ ရောက်လာ၏။ အီးစမန်သည် သိမ်ကြီးဈေးအနီး၌ သော့ပြင်ဆိုင် ဖွင့်ထားသူဖြစ်သည်။

စိန်ချျုးရောက်လာသောအခါ အီးစမန်သည် ဆိုင်သိမ်းပြီး စိန်ချျုးနှင့်အတူ အရက်ဆိုင်သို့သွားကြရာ ကျွန်ုပ်တို့သည် နောက်ယောင်ခံလိုက်ကြ၏။

အရက်ဆိုင်၌ လူများ ပြည့်နေ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ကျွန်ုပ်တို့သည် လူချင်းခွဲ၍ စိန်ချူးနှင့် အီစမန်အနီးတွင် နေရာရအောင် ကြံဖန်ရပါတော့သည်။

ကျွန်ုပ်တို့သည် အရက်သောက်ချင်ယောင်ဆောင်ပြီး စိန်ချူးတို့ကိုသာ ထောက်လှမ်းကြသည်။

နောက်ထပ် တစ်နာရီကျော်ကျော်အကြာ၌ စိန်ချူးတို့သည် သိုင်းကွက်နင်း၍ ဆိုင်ထဲမှထွက်လာကြရာ ကျွန်ုပ်တို့ကလည်း သူတို့ကို နောက်ယောင်ခံရပြန်သည်။

"ဆရာ…အီစမန်က ငါ့မှာငွေပြတ်သွားပြီ၊ ထပ်ပေးဦးလို့ စိန်ချူးဆီမှာ တောင်းနေသံကြားရတယ်။ စိန်ချူးက ငါ့မှာ သဘက်ခါ မြင်းလောင်းဖို့ပဲ ရှိတော့တယ်လို့ အရက်မူးသံနဲ့ ပြောတယ်။ အီစမန်က မဖြစ်ဘူး၊ ငါ့ကို ငါးရာ ထပ်ပေး၊ ငါ့မိန်းမနေမကောင်းဘူးလို့ ပြောတယ်"

ချစ်တိုးက လမ်းသွားရင်း ကျွန်ုပ်ကို နှစ်ကိုယ်ကြားပြောပြသည်။

"အီစမန်က အတင်းတောင်းတော့ စိန်ချူးက ဒီတစ်ခါနောက်ဆုံးပဲကွာ၊ ငါနဲ့လိုက်ခဲ့၊ အိမ်ရှေ့မှာစောင့်နေ၊ ငါ အိမ်ထဲငွေဝင်ယူပြီး ပေးမယ်၊ နောက်မတောင်းနဲ့တော့၊ ငါ့ကို အကျပ်မကိုင်နဲ့တော့လို့ ပြောတယ်"

ထို့နောက် ကျွန်ုပ်တို့သည် သူတို့နောက်မှ ခပ်ခွာခွာလိုက်ကြသည်။

စိန်ချူးအိမ်ရှေ့ရောက်သောအခါ အီစမန်သည် ခပ်လှမ်းလှမ်း၌ရပ်နေရာ ကျွန်ုပ်တို့တစ်တွေသည် ဟန်မပျက်ဘဲ လူခွဲ၍ သူတို့ကို စောင့်ကြည့်နေကြသည်။

ဆယ်မိနစ်ခန့်အကြာ၌ စိန်ချူး ထွက်လာပြီး အီစမန်နား ကပ်သွားသည်။ အီစမန်သည် စိန်ချူးလက်ထဲမှ ပစ္စည်းကိုယူပြီး သူ၏အိတ်ထဲ ထိုးထည့်လိုက်သည်။

၎င်းနောက် အီစမန်သည် လာလမ်းအတိုင်း ပြန်လျှောက်လာရာ ပေငါးဆယ်ခန့်အရောက်၌ ကျွန်ုပ်တို့သည် သူ့ထံအမြန်လျှောက်သွားပြီး သူ့ကို ပိုင်းထားလိုက်သည်။

အီစမန်က "ဘာလဲကွာ"ဟု ခပ်ထန်ထန်ပြန်မေးရာ အောင်မောင်းက -

"ငါ နယ်ထိန်းအောင်မောင်း၊ လသာရဲဌာနကကွ။ ကျုပ်တို့ပုဂ္ဂိုလ်တွေက စီအိုင်ဒီကကွ။ မင်းကို မေးစရာရှိတယ်။ လသာရဲဌာနကို လိုက်ခဲ့…။ ကောင်းကောင်းလိုက်နော်၊ မလိုက်ရင် လက်ထိတ်ပဲ"

ဟု ပြောသာကြောင့် အီစမန်သည် အသာတကြည် လိုက်လာသည်။

ရဲဌာနအရောက်တွင် သူ့အိတ်ထဲမှ ငွေငါးရာကျပ်ကို သိမ်းယူပြီး အောင်မောင်းက သူ့ကိုစစ်သည်။

ပထမတွင် သူက ဘူးကွယ်နေသေးသော်လည်း အောင်မောင်းက -

"ငါ စိန်ချူးကိုသွားခေါ်ပြီး စစ်မယ်။ စိန်ချူး မင်းနဲ့ အရက်ဆိုင်မှာ အရက်အတူတူသောက်တဲ့ စိန်ချူး"

ဟု ပြောရာ အီစမန်သည် ဆက်၍ ဘူးမကွယ်တော့ဘဲ -

"စိန်ချူး လက်ထောက်ချလို့ ငွေကို လွယ်လွယ်ရတာပဲဆိုပြီး ကျွန်တော်တို့ မီးခံသေတ္တာကို သော့တူနဲ့ ဖောက်ခဲ့တာပါ"

ဟု ဝန်ခံလေတော့၏။

ထို့နောက် အောင်မောင်းနှင့် ချစ်တိုးသည် စိန်ချူးကို သွားခေါ်၍ စစ်ဆေးရာ စိန်ချူးသည် အီစမန်ကို တွေ့သောအခါ မျက်စိမျက်နှာပျက်သွားလေတော့၏။

သူ့ကို အီစမန်နှင့် ဝေးရာသို့ခေါ်ပြီးစစ်ရာ သူ့ယောက်ဖမှုတစ်ဆင့် မီးခံသေတ္တာတွင် ငွေတစ်သောင်းရှိကြောင်း သိရ၍ သူသည် အီစမန်နှင့်ပေါင်းပြီး စနေညတွင် မီးခံသေတ္တာကို ဖောက်ထွင်းခဲ့ကြောင်း ဝန်ခံပါတော့သည်။

ကျွန်ုပ်သည် ညတွင်းချင်းပင် စုံထောက်မင်းကြီးထံသို့ ဖုန်းဆက်လိုက်သည်။ ပြည်လမ်း ---ကုမ္ပဏီ မီးခံသေတ္တာဖောက်ထွင်းမှု တရားခံများကို မိပြီဖြစ်ကြောင်း သတင်းပါးလိုက်သည်။

မင်းကြီးက -

"ဝမ်းသာတယ်ကွာ မောင်စံပျော်။ ဆရာ အခုပဲ ရန်ကုန်ရဲမင်းကြီးထံ ဖုန်းဆက်ပြီး မြန်မာစုံထောက်တွေရဲ့အစွမ်းကို အဲဒီကုမ္ပဏီက လူမျိုးခြားထံ အသိပေးဖို့ ပြောလိုက်မယ်"

ဟု ပြောပါသည်။

နောင်အခါဝယ် ဖောက်ထွင်းမှု ကျူးလွန်သူနှစ်ယောက်ကို တရားသူကြီးက ထောင်ဒဏ်သုံးနှစ်စီ အပြစ်ပေးလိုက်၏။


(ကုမ္ပဏီမှ ငွေကိုင် မစ္စတာဟန်သည် သူ့အလုပ်သွင်းပေးထားသော ယောက်ဖ မကောင်းမှုကြောင့် ငွေကျပ်တစ်သောင်းကို အလျော်ပေးလိုက်ရ၏။)

**မြသိန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပြစ်မှု မဂ္ဂဇင်းနှင့် ဆရာနီလေးမောင်

**ဒေါက်တိုဘာအောင်ကြီး**

တွေ့ဆုံမေးမြန်းသည်။



တစ်ခါက ကျွန်တော်တို့ရပ်ကွက်ကြီးတွင် ကျွန်တော် အားကျသတိထားမိသော လူတစ်ယောက်ကိုပြပါဟု ဆိုလျှင် ဆရာနီလေးမောင်ကို ပြရမည်ဖြစ်၏။

ထိုကာလများက ကျွန်တော်တို့ ကျောင်းသားအရွယ် ဆရာနီလေးမောင်က လူရွယ်လို့ပြောရမလားမသိ။

ကျွန်တော်တို့ရပ်ကွက်တွင် အလေ့တစ်ခုရှိ၏။ ထိုအလေ့မှာ ရာသီပွဲများကို ဆင်နွှဲကြခြင်းဖြစ်၏။

သင်္ကြန်ရာသီတွင် ရေပက်ခံကား၊ ရေပက်ခံမဏ္ဍပ်၊ သံချပ်ကားတို့ ထွက်၏။ တန်ဆောင်တိုင်တွင် ပြဇာတ်ကကြ၏။ ဘောလုံးပွဲရာသီတွင် လမ်းများပိတ်ပြီး ဘောလုံးကန်ကြ၏။ စာပေရာသီတွင် လမ်းများပေါ်

www.burmeseclassic.com




မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ဝေသော ရဲကြေးမုံမဂ္ဂဇင်း (၁၉၅၉)




မှုခင်းမဂ္ဂဇင်း (     )

စင်ကိုးပြီး စာပေဟောပြောပွဲများ ပြုလုပ်ကြ၏။ အငြိမ့်ရာသီတွင် အငြိမ့်ပွဲများဖြင့် ကပြကြ၏။ ရုပ်ရှင်ပိတ်ကားကြီးများထောင်ပြီး ရုပ်ရှင်ပြကြ၏။ ဘုန်းကြီးများပင့်ပြီး တရားပွဲများ ကျင်းပကြ၏။ ၁၂ လရာသီတွင် မပြတ်လှုပ်ရှားကြ၏။ ထိုလှုပ်ရှားမှုများတွင် ဆရာနီလေးမောင်တို့ ညီအစ်ကိုမှာ ပါဝင်၏။ စံပြကွိုကို ဆိုသော ရေသဘင်ကားကို ဆင်နွှဲကြ၏။ စာပေဟောပြောပွဲများ ပြုလုပ်ကြ၏။

သူသည် မနက် ၁၁ နာရီခန့်ဆိုလျှင် အိမ်မှထွက်၏။ ဘတ်စ်ကားစီးရန် ရပ်ကွက်ထဲက အများအားဖြင့် ကျွန်တော့်အိမ်ရှေ့က ဖြတ်ရလေ့ရှိသူထဲတွင် သူပါ၏။

ပြစ်မှုမဂ္ဂဇင်းကို ကျွန်တော် စတင်ဖတ်ရသောအချိန်သည် သူအယ်ဒီတာလုပ်နေပြီဖြစ်၏။ (ယခင် ပြစ်မှုမဂ္ဂဇင်းကို နောက်မှ ရှာကြံဖတ်ရခြင်းဖြစ်၏။)

ဖြစ်ရပ်မှန်သတင်းများကို ပြစ်မှုမဂ္ဂဇင်း ပီသစွာဖြင့် ဒီဇိုင်းဆင်ပြီး လုပ်သူဖြစ်၏။

ပြစ်မှုသည် ထိုစဉ်ကတည်းက လစဉ်ထုတ်မဂ္ဂဇင်းများထဲတွင် အဆင်အပြင်ကွဲပြားစွာ ထွက်နေ၏။

ပြစ်မှုမဂ္ဂဇင်းတွင် ဆရာနီလေးမောင် အယ်ဒီတာလုပ်နေစဉ်မှာပင် ဆရာမင်းသိင်္ခ၏ ဆားပုလင်းနှင်းမောင်သည် စတင်ဖော်ပြခဲ့၏။

ထို့ပြင် ဆရာနီလေးမောင်သည် မြန်မာနိုင်ငံ စာနယ်ဇင်းလောကတွင် တင်ထုတ်ဆိုသော စာအုပ်ကို စတင်ထုတ်ခဲ့သူဖြစ်ခဲ့၏။

ကျွန်တော် ပြန်လည်တင်ဆက်ခဲ့သော ပြစ်မှုမဂ္ဂဇင်းအုပ် ၁၀၀ တွင် ဆရာနီလေးမောင်၏ သဘောထားကို သိရှိစေရန် အောက်တိုဘာအောင်ကြီးကို တွေ့ဆုံ၍ မေးမြန်းစေခဲ့ရာ···



www.burmeseclassic.com

www.burmeseclassic.com

✦ အမေး ✦

၁။ ဆရာပထမဦးစွာ စာပေနယ်ကို ရောက်ရှိလာပုံလေး သိချင်ပါတယ်။ ခုနှစ်သက္ကရာဇ်ကိုပါ ထည့်ပြောပါလား။

၂။ ဆရာဟာ ကဗျာနဲ့ စခဲ့တယ်လို့ သိရတယ်။ အဲဒီအကြောင်းလေး ပြောပါလား။

၃။ ပြည်မှူမဂ္ဂဇင်းကို ဦးဆုံးလုပ်ခဲ့တဲ့ အယ်ဒီတာ ဘယ်သူပါလိမ့်။ ခုနှစ်သက္ကရာဇ်ကို သိချင်ပါတယ် ဆရာ။


၄။ ပြည်မှူမဂ္ဂဇင်းကို ဆရာအယ်ဒီတာလုပ်ခဲ့စဉ်က အသက်အလွန်ငယ်တယ်လို့ သိရပါတယ်။ အသက်ငယ်ငယ်နဲ့ အယ်ဒီတာလုပ်ခဲ့သော အခက်အခဲတွေနဲ့ ပြဿနာပေါင်းစုံတော့ ရှိမှာပေါ့နော်။ အဲဒီအကြောင်းလေးကို ခုနှစ်သက္ကရာဇ်တွေနဲ့ ပြောပြပါလား။

၅။ ဆရာ ပြည်မှူမဂ္ဂဇင်းအယ်ဒီတာလုပ်နေချိန်မှာ မှုခင်းနဲ့ပတ်သက်တဲ့ မဂ္ဂဇင်း ဘယ်နှမျိုးရှိပါသလဲ။ ပြည်မှူမဂ္ဂဇင်းကို နောက်ဆုံး ဘယ်နှခုနှစ်မှာ လုပ်ခဲ့တာလဲ။

၆။ ဆရာ ပြည်မှူမဂ္ဂဇင်းကို အယ်ဒီတာလုပ်ပြီးနောက်မှာ တခြားဘယ်ဆရာတွေ အယ်ဒီတာအဖြစ် ဆက်လက်လုပ်သွားကြသေးလဲ။

၇။ အခု ပြည်မှူမဂ္ဂဇင်းကို ဆက်လက်ပြီး လာဘ်မိုးရွှေစာပေကနေ အုပ် ၁၀၀ ကျော် ဆက်လက်ရှင်သန်နေတာကို ဆရာ့အမြင်လေး သိပါရစေ။

၈။ အခုလို ဖြေကြားပေးတဲ့ ဆရာ(ဦး)နီလေးမောင်ကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျား။



ပြည်မှူမဂ္ဂဇင်း (၁၉၆၂) ခုနှစ် စာရေးဆရာ ပုလိပ်အရာရှိ စတင်ထူထောင်သည်။



ဆရာနီလေးမောင် အယ်ဒီတာအစ ပြည်မှူမဂ္ဂဇင်း (၁၉၆၄)



www.burmeseclassic.com

www.burmeseclassic.com

✦ အငြေ ✦

စာပေဝါသနာရှင်တွေရဲ့ အစဉ်အလာ၊ လျှောက်ကြတဲ့လမ်းအတိုင်း ကဗျာလေးတွေ စရေးတယ်ပေါ့။ ပထမဆုံး ပုံနှိပ်စာလုံးနဲ့ ဖော်ပြပေးတာက ဘားမားစတားစာစောင်ပါ။ ၅၉ ခုနှစ်၊ ဒီဇင်ဘာလထဲမှာပါ။ စကားပြေကို ပုံနှိပ်စာလုံးနဲ့ ဖော်ပြခံရတာက မြဝတီမဂ္ဂဇင်းရဲ့ "အမှတ်ထင်ထင်"ကဏ္ဍမှာပါ။ ဆက်လက်ပြီးတော့ ပြည်ထောင်စုသတင်းစာမှာ ကဗျာတွေရေးတယ်။ မလ္လိုင်၊ ကြေးမုံ၊ ပြည်ထောင်စုသတင်းစာတွေနဲ့ ပြည်သူ့ကြယ်ဂျာနယ်တွေမှာ ဝတ္ထုဆောင်းပါး အတော်များများရေးခဲ့ပါတယ်။ ရေးခဲ့တဲ့ဆောင်းပါးတွေအနက် ကြေးမုံမှာရေးတဲ့ "ရဲတပ်ဖွဲ့ ပြုပြင်ရေး ဆောင်းပါးရှည်ကြီး" (၁၉-၅-၆၇)ကြောင့် ရဲတပ်ဖွဲ့အတွင်း ဂယက်ထခဲ့သလို ပြည်ထောင်စုသတင်းစာမှာရေးတဲ့ ကျောင်းပြေးလေးများပြဿနာ (၂-၁၂-၅၉)ဆောင်းပါးဟာ ဆရာမိဘ၊ အာဏာပိုင်တွေကြားမှာ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရပြီး ရေဒီယိုနဲ့ သတင်းစာရဲ့ ခေါင်းကြီးပိုင်းကနေ ပြန်လည်ထောက်ခံရေးသားခဲ့တာကြောင့် နီလေးမောင် ကလောင်နာမည်က စာဖတ်သူကြားမှာ အတော်အသင့် လူသိများခဲ့ပါတယ်။ ကဗျာဘက်မှာတော့ အပျော်တမ်းအဆင့်လောက်ပါ။ နောက်ပိုင်းကျတော့ စကားပြေဘက်ကိုကူးပြီး ရဲတပ်ဖွဲ့ ဌာနချုပ်ကထုတ်ဝေတဲ့ "မှူခင်းမဂ္ဂဇင်း"မှာ ၆၀ ခုနှစ်ကစပြီး ဆက်တိုက်ရေးဖြစ်ခဲ့ပါတယ်။ ၆၂ ခုနှစ်က ကမ္ဘာအေးကုန်းမြေမှာ ကျင်းပတဲ့ အမျိုးသားစာပေညီလာခံ တက်ခွင့်ရခဲ့တာဟာလည်း စာပေနယ်မှာ ဆက်ဆံရေးနယ်ကျယ်စေခဲ့ပါတယ်။ ဟုတ်ပါတယ်။ မှုခင်းမဂ္ဂဇင်းနဲ့ ပြစ်မှုမဂ္ဂဇင်းတွေမှာ ဖြစ်ရပ်မှန်တွေ ရေးတယ်။ ကြေးမုံသတင်းစာမှာ ပြုပြင်ရေးဆောင်းပါးတွေ ရေးတယ်။ တခြား ဘယ်မဂ္ဂဇင်းမှာမှ မရေးဖြစ်ခဲ့ပါဘူး။ ရဲအရာရှိဘဝနဲ့ ထူးထူးခြားခြား ဆုရခဲ့ဖူးတဲ့ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး အမည်ခံ ခရိုင်ရဲဝန်ဦးဘသော်ဟာ ရဲတပ်ဖွဲ့ကထုတ်ဝေတဲ့ မှုခင်းမဂ္ဂဇင်းကို တာဝန်ယူထုတ်ဝေနေရာက ရဲတပ်ဖွဲ့က ပင်စင်ယူတဲ့အချိန်မှာ ပြစ်မှုမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့ခြင်းပါ။ ၁၉၆၁ ခုနှစ်ကပါ။

ဦးဘသော်က အယ်ဒီတာချုပ်၊ ရေနံမြေစုက တာဝန်ခံအယ်ဒီတာပါ။ ရေနံမြေစုဆိုတဲ့ စာရေးဆရာမကြီးက ဆရာဦးဘသော်ရဲ့ မိတ်ဆွေရင်းဖြစ်လို့ လာရောက်အကူအညီပေးခြင်းပါ။ စိန်ခင်မောင်ရီက ပြင်ပပံ့ပိုးကူညီမှုပေါ့။ စထွက်တဲ့ ပြစ်မှုအရွယ်က ယခုလက်ရှိအရွယ်ထက် တစ်ဆကျော်လောက် ပိုကြီးတယ်။ ဓာတ်ပုံတွေ ဦးစားပေးသုံးတယ်။ ဆရာမကြီး ရေနံမြေစုနောက်မှာ အမျိုးသားစာပေဆုရ ညှိဝင်း အယ်ဒီတာဖြစ်လာတယ်။



မောင်မောင်မြင့်အေး အယ်ဒီတာအစ
ပြစ်မှုမဂ္ဂဇင်း (၁၉၈၀)

ကျွန်တော် စာပေဝါသနာပါတာက တစ်မျိုးပါ။ စာရေးဖို့၊ စာရေးဆရာဖြစ်ဖို့ထက် အယ်ဒီတာအလုပ်ကို ပိုပြီးစိတ်ဝင်စားတယ်။ အယ်ဒီတာအတွေ့အကြုံပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေကို ရှာဖတ်တယ်။ လက်ရှိ မဂ္ဂဇင်းအယ်ဒီတာတွေရဲ့ စာမူရွေးချယ်မှုကအစ အပြင်အဆင်တွေ ပါမကျန် လေ့လာတယ်။ ငါသာဆိုရင် ဒီစာမျက်နှာမျိုးကို ဘယ်လိုလုပ်မယ်ဆိုပြီး လက်တွေ့စာမျက်နှာတွေပေါ်မှာ လုပ်ကြည့်တယ်။ လေးလိုင်း၊ ခြောက်လိုင်းဆိုတဲ့ ခဲစာလုံးတွေကို လေ့လာတယ်။ စာမျက်နှာပေါ်မှာ လေးလိုင်းစာလုံးဆိုရင်

www.burmeseclassic.com

ဘယ်နှလုံးဝင်မယ်ဆိုတာ ကွက်တိတွက်လို့ရလာတယ်။ ဒီပိုင်းပုံတွေကို ဘလောက်အပ်ရာမှာ ကိုယ်လိုချင်တဲ့ ဆိုဒ်ရအောင် တိုင်းတာနည်းကအစ စာပြင်နည်းသင်္ကေတတွေပါ လေ့လာထားတယ်။

အယ်ဒီတာ စလုပ်တဲ့ မဂ္ဂဇင်းကလည်း ဥပဒေ၊ မှုခင်းဖြစ်ရပ်တွေကို အခြေခံတဲ့ မဂ္ဂဇင်းဆိုတော့ ကိုယ်ကျွမ်းကျင်တဲ့လိုင်း ဖြစ်နေတာကြောင့် အယ်ဒီတာစားပွဲမှာ အခက်အခဲမရှိ ထိုင်နိုင်ခဲ့တယ်။ တခြား အချစ်လိုင်းတို့၊ ဘဝသရုပ်ဖော်လိုင်းတို့ဆိုရင်တော့ မကျွမ်းကျင်လို့ ဖြစ်ချင်မှလည်း ဖြစ်မှာပါ။ အဲဒီအချိန်ကလည်း လက်နဲ့စီရတဲ့က ခဲစာလုံးခေတ်ဆိုတော့ စာစီတွေ၊ ဖိုမင်တွေ၊ စက်သမားတွေရဲ့ ပညာစမ်းမှုကို ကျော်လွှားနိုင်ခဲ့တယ်။ လေ့လာမှုအခြေခံကြောင့်ပါ။ ကျွန်တော်လေ့လာထားတဲ့ ဟိုစဉ်က စာပြင်ဆရာကြီးတွေရဲ့ နည်းစနစ်၊ သင်္ကေတတွေနဲ့ ပြင်ပေးတော့ ဖိုမင်တွေက···

"ဆရာရယ်···ရိုးရိုးပဲ ပြင်ပေးပါ။ ဟိုတုန်းက နည်းစနစ်သင်္ကေတတွေ ကျွန်တော်တို့ မကျွမ်းလို့ပါ" လို့ ပြောလာကြတယ်။ ဒီတော့မှ ကိုယ့်ရဲ့ဆန္ဒစောမှုကိုမြင်ပြီး သူတို့နဲ့လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းရပြန်တယ်။ အဲဒီအချိန်က အသက် ၂၅ နှစ်ပါ။ ဒီလို အယ်ဒီတာစားပွဲရောက်ဖို့အတွက် ငါးနှစ်လောက် ကြိုးပမ်းလေ့လာခဲ့ပါတယ်။

***"နီလေးမောင်···မင်းဟာ ဥပဒေရေးရာ၊ တရားစီရင်ရေးအခန်းကဏ္ဍနဲ့ နိုင်ငံတကာရေးရာကိစ္စတွေမှာ လေ့လာမှုကောင်းပေမယ့် ဘာသာရေးဆိုင်ရာ စာပေလေ့လာချက်တော့ အားနည်းနေတယ်။ အယ်ဒီတာတစ်ယောက်ဟာ စာပေအားလုံးကို ပေါက်မြောက်ကျွမ်းကျင်ဖို့ မလွယ်ပေမယ့် အကဲဖြတ်နိုင်စွမ်းတော့ ရှိရမယ်"***

*(အယ်ဒီတာချုပ် ဆရာဦးဘသော်ရဲ့ ဆုံးမချက်ပါ။)*

ဘာသာရေးဆိုင်ရာ ဆက်နွယ်နေတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်က အရပ်တွေးတွေးပြီး သုံးလိုက်ရာက အစ သံဃာထုအစည်းအဝေးကြီးခေါ်ရသည်အထိ ပြဿနာအကြီးအကျယ် တက်ခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ ဘာသာရေးဆိုင်ရာ မပြည့်ဝတဲ့အမှားကြောင့် မဂ္ဂဇင်းထုတ်ဝေသူ၊ အယ်ဒီတာချုပ်၊ စာရေးဆရာနဲ့ တာဝန်ခံအယ်ဒီတာ ကျွန်တော်တို့ ရှိခိုးတောင်းပန် အများကို ဝန်ခံခဲ့ရသည်အထိ ဖြစ်ခဲ့ဖူးပါတယ်။

(ဖြူ၊ ငှုလိုင် ပြစ်မှု)

ကိုယ့်ကြိုးစားမှုကြောင့် မဂ္ဂဇင်းစောင်ရေတွေတက်၊ ရောင်းမလောက်ဖြစ်နေတာ ဟုတ်လုပြီထင်ပြီး ဘဝင်မြင့်၊ လက်မထောင်နေတဲ့ အယ်ဒီတာပေါက်စ မြောင်းထဲရောက်သွားတဲ့ ကာလပါ။ အယ်ဒီတာသက် ၁၀ နှစ်ကျော်ကာလမှာ ကိုယ်သိက္ခာတက်ရမယ့်ကိစ္စ၊ သိက္ခာကျရမယ့်ကိစ္စတွေ၊ ချီးကျူးခံရသလို အဆဲခံရတဲ့ကိစ္စတွေ၊ ကျေးဇူးရှင်လို့ မြင်သူရှိသလို တွေ့တဲ့နေရာမှာ ခေါင်းရိုက်ခွဲမယ်လို့ ကြိမ်းသူတွေလည်း ကြုံခဲ့ဖူးပါတယ်။

အဲဒီအချိန်က မှုခင်းဆိုင်ရာမဂ္ဂဇင်းဆိုလို့ ရဲတပ်ဖွဲ့ဌာနချုပ်ကထုတ်တဲ့ ရဲကြေးမုံမဂ္ဂဇင်း၊ မှုခင်းမဂ္ဂဇင်းနဲ့ ပြစ်မှုမဂ္ဂဇင်းလောက်ပဲ ရှိပါတယ်။ အခြားမဂ္ဂဇင်းတွေဟာလည်း လက်ချိုးရေလို့ရအောင် နည်းပါတယ်။ အယ်ဒီတာလုပ်ချင်တဲ့ ကျွန်တော်က အဲဒီအချိန်က မဂ္ဂဇင်းတွေကို တစေ့တစောင်း လေ့လာမိတယ်။ မဂ္ဂဇင်းတွေက နည်းရတဲ့အထဲ လုပ်နေတဲ့ အယ်ဒီတာကြီးတွေကလည်း စွယ်စုံရဆရာတွေကြီးပဲ ရှိပါတယ်။ ကျွန်တော့်အသက်အရွယ်၊ အတွေ့အကြုံလောက်နဲ့ကတော့ အယ်ဒီတာဖြစ်ဖို့ အသာထား၊ အယ်ဒီတာရုံးခန်းနားကပ်ဖို့တောင် မလွယ်လှပါဘူး။ အဲဒီကာလက ငွေရှိရုံ၊ အရှိန်အဝါရှိရုံ၊ အပေါင်းအသင်းဆုံ့ရုံနဲ့လည်း အယ်ဒီတာမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ကံကြမ္မာဆိုတာ ကြိုတင်တွက်ဆလို့ မရနိုင်ကြောင်း သဘောပေါက်ခဲ့ရပါတယ်။

အဲဒီနေ့က သူငယ်ချင်းနှစ်ယောက် အိမ်ရောက်လာတယ်။

အယ်ဒီတာသက် ၁၀ နှစ်ကျော်ကာလမှာ
ကိုယ်သိက္ခာတက်ရမယ့်ကိစ္စ၊
သိက္ခာကျရမယ့်ကိစ္စတွေ၊ ချီးကျူးခံရသလို
အဆဲခံရတဲ့ကိစ္စတွေ၊ ကျေးဇူးရှင်လို့ မြင်သူ
ရှိသလို တွေ့တဲ့နေရာမှာ ခေါင်းရိုက်ခွဲမယ်လို့
ကြိမ်းသူတွေလည်း ကြုံခဲ့ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကဗျာရေးဖက် မောင်နီဝင်း(စိန်ပန်း)နဲ့ ကိုစံလှ(စံလှစာပေ)တို့ပါ။ အယ်ဒီတာလုပ်နိုင်မလား။ မြစ်မှူမဂ္ဂဇင်းအယ်ဒီတာ ဆရာညိုဝင်းထွက်သွားတယ်၊ အယ်ဒီတာလိုနေတယ်လို့ သတင်းပေးတယ်။

နောက်တစ်နေ့မှာ ကိုခင်မောင်စီနဲ့ စံလှစာပေ စာအုပ်တိုက်မှာ တွေ့ဆုံစကားပြောကြတယ်။ ကိုခင်မောင်စီဆိုတာ ဆရာဦးဘသော်ရဲ့သား မြစ်မှူမဂ္ဂဇင်းရဲ့ အုပ်ချုပ်ရေးမှူးပါ။

တိုတိုပဲ ပြောကြပါစို့။ ၁၉၆၅ ခုနှစ်မှာ မြစ်မှူမဂ္ဂဇင်း အယ်ဒီတာစားပွဲရောက်တယ်။ ဟိုမှာက အောင်ချစ်သူဆိုတဲ့ လက်ထောက်အယ်ဒီတာ ရှိနေတယ်။ အယ်ဒီတာချုပ် ဆရာဦးဘသော်နဲ့က မှခင်းမှာရေးစဉ်ထဲက သိကျွမ်းနေခဲ့သလို၊ ဆရာစိန်ခင်မောင်ရီနဲ့ကလည်း ၆၂ ခုနှစ် စာပေညီလာခံတက်စဉ်ကတည်းက တွေ့ဖူး သိဖူးနေတယ်။ ခင်ခင်မင်မင်နေတတ်သူဆိုတော့ မြစ်မှူမိသားစုနဲ့ ကျွန်တော်က သိပ်မစိမ်းဘူးလို့ ဆိုနိုင်ပါတယ်။

အယ်ဒီတာလစာ ကျပ် ၁၀၀ ရပါတယ်။ ဆရာဦးဘသော် ကွယ်လွန်တော့ အယ်ဒီတာအလုပ်က ထွက်ဖြစ်ခဲ့ပါတယ်။ ၇၅/၇၆ လောက်မှာပါ။ အလုပ်ထွက်မယ်ဆိုတော့ ဆရာဦးဘသော်ရဲ့ ဆွေမျိုးသားချင်းတွေဖြစ်တဲ့ ဆရာဦးခင်မောင်လတ်နဲ့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်က သူတို့အိမ်ခေါ်ပြီး အကျိုးအကြောင်းမေးတယ်။ မထွက်ဖို့တားပါတယ်။ ဆရာဦးဘသော် မရှိတဲ့နောက်ပိုင်းမှာ မြစ်မှူမဂ္ဂဇင်းရဲ့ နောင်ရေးကို သူတို့တစ်တွေက တွေးပြီးပူပန်နေကြပုံရပါတယ်။

ကျွန်တော်ကလည်း ဝါသနာအရ လစာ ၁၀၀ နဲ့ ၁၀ နှစ်ကျော်ကျော် လုပ်ခဲ့တဲ့ကာလမှာ မိန်းမဖြစ်သူကလည်း ရုံးတစ်ရုံးမှာ အောက်တန်းစာရေး ဝင်လုပ်ပြီး စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေတာကြောင့် မပိုလျှံပေမယ့် နပ်မှန်အောင်တော့ စားနိုင်ခဲ့တာပါ။ နောက်ပိုင်း မိသားစုစားဝတ်နေရေးက လေးပင်လာတယ်။ ဝါသနာကို ခဏထားပြီး ငွေရမယ့်အလုပ်ကို လုပ်ရတော့မယ်။ စာပေနယ်မှာ အဆက်အသွယ်တွေကလည်း ရှိနေပြီ။ လုံးချင်းထုတ်ချင်တဲ့ တိုက်တွေကလည်း ကမ်းလှမ်းနေပြီ။ လုံးချင်းတွေရေးမယ်၊ ကိုယ်ပိုင်မဂ္ဂဇင်းထုတ်ဖို့ ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ပြောပြတော့ သူတို့မတားရက်တော့ပါဘူး။ ဒါပေမယ့် နောက်ထပ် ခြောက်လလောက် ဆက်လုပ်ဖို့ပြောလို့ အယ်ဒီတာ ခြောက်လ ထပ်ကြာခဲ့ရတာပါ။

ကျွန်တော်မရှိတဲ့နောက်ပိုင်း မောင်မောင်မြင့်အေး ဝင်လုပ်လာတယ်။ ဆရာဦးဘသော်ရဲ့ စာပေအမွေကို ဆက်ခံလို့ ထုတ်ဝေသူအယ်ဒီတာချုပ် ဖြစ်လာတဲ့ ကိုခင်မောင်စီတစ်ယောက် သူခင်တွယ်တဲ့ မိသားစုစာပေတာဝန်နဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို နှုတ်မဆက်ဘဲ ထွက်ခွာသွားချိန်က မြစ်မှူမဂ္ဂဇင်းရဲ့ အနာဂတ်လမ်းကို အမှောင်တိုက်လွှမ်းခဲ့တယ်လို့ ဆိုရမှာပါ။

နောက်ပိုင်းမှာ မြုပ်တစ်ခါ ပေါ်တစ်လှည့်နဲ့ ရေစုန်မျောနေပြီဖြစ်တဲ့ မြစ်မှူမဂ္ဂဇင်းနဲ့ နှစ်ချီပြီး အဆက်ပြတ်သွားခဲ့ပါတယ်။ ၉၅/၉၆ လောက်မှ မြစ်မှူမဂ္ဂဇင်းရဲ့ ထုတ်ဝေသူပိုင်ရှင် ဒေါ်ပြုံး(ဦးခင်မောင်စီရဲ့ဇနီး)နဲ့ ပုံနှိပ်တိုက်တစ်ခုမှာ ဆုံကြတော့ မြစ်မှူမဂ္ဂဇင်းကို ပြန်လည်ထုတ်တော့မယ်လို့ သတင်းပေးတော့ ဝမ်းသာသွားမိတယ်။ မဂ္ဂဇင်းတာဝန်ယူမယ့်သူက မောင်မောင်မြင့်အေးလို့ ပြောပြတယ်။ သိလားလို့ မေးတယ်။

ကျွန်တော် ဖဆပလရပ်ကွက်မှာနေစဉ်က စာကြည့်တိုက်တစ်ခုကို ထူထောင်ဖို့ ကြိုးပမ်းနေတဲ့ စာပေဝါသနာရှင် လူငယ်တစ်စုနဲ့ ကြုံခဲ့ရပါတယ်။ သူတို့ဟာ ကိုယ့်ပိုက်ဆံနဲ့ကိုယ် အခန်းလေးတစ်ခန်းငှား၊ စာအုပ်တွေဝယ်၊ စုံလင်တဲ့ စာဖတ်ခန်းကလေးတစ်ခုဖြစ်အောင် ချွေးတလုံးလုံးနဲ့ ကြိုးပမ်းနေတာ တွေ့ရတော့ ဝမ်းသာကြည်နူးခဲ့ရပါတယ်။

ဦးဆောင်သူက မောင်မောင်မြင့်အေးပါ။ သူ့ရဲ့ အခြေခံစိတ်ဓာတ်က စာပေကိုမြတ်နိုးသူ၊ မြစ်မှူမဂ္ဂဇင်းနဲ့လည်း မစိမ်းသူပါ။ သည်တော့ မြစ်မှူမဂ္ဂဇင်းရဲ့ အနာဂတ်ဟာ မောင်မောင်မြင့်အေးရဲ့ ကြိုးပမ်းမှုအောက်မှာ ပြန်လည်ရှင်သန်နိုးထလာဦးမယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော် သံယောဇဉ်ရှိတဲ့ မြစ်မှူမဂ္ဂဇင်းကို ကိုယ်တိုင်ပြန်လည်မကြည့်နိုင်ပေမယ့် စာပေကို မြတ်နိုးတဲ့၊ သည်မဂ္ဂဇင်းကို စိတ်ဝင်စားတဲ့ မောင်မောင်မြင့်အေးတို့၊ ဦးသန့်တို့လို ထက်မြက်တဲ့ လူငယ်တွေက မြစ်မှူရဲ့ လှပတဲ့ အနာဂတ်လမ်းကို မျှော်မှန်းဖောက်လုပ်နေတဲ့အတွက် ကျေနပ်ဝမ်းသာပါတယ်။ ❐



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် ဓားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မူလတန်းကျောင်းသားဘဝ တတိယတန်းကျောင်းသားလောက်ကစပြီး ကာတွန်းတွေ၊ ဝတ္ထုတွေ ဖတ်ဖြစ်နေ၏။

အထူးသဖြင့် ကာတွန်းဦးအောင်ရှိန်၏ မော်ဒန်ကာတွန်းကို စွဲလမ်းပြီး ဦးရုံစားမှုအစပြု၍ ဆရာကြီးရွှေဥဒေါင်းရေးသော မောင်စံရှားကို ဖတ်မိသွား၏။

ထိုစဉ်က တောင်ဥက္ကလာ အဘွားအိမ်မှာ နွေရာသီကျောင်းပိတ်ရက် သွားနေစဉ်က မှုခင်းမဂ္ဂဇင်းများကို ဖတ်မိခဲ့ပြန်၏။

ပုလိပ်အရာရှိတစ်ဦး၏ နိုင်ငံတော်လုပ်ကြံမှု၊ ပုလိပ်ရုံးကြီးပေါ်က ညီအစ်ကိုချင်းသတ်မှု၊ ရဲကြပ်ကြီး ဘိုနီ စသည့်အကြောင်းတွေကို စိတ်ထဲစွဲနေ၏။ (ထိုအကြောင်းအရာများသည် ယခုတိုင်သိမ်းထားပါသေးသည်။)

ထိုမှုခင်းစာအုပ်များမှ တစ်ဖန်၊ မြဝတီ၊ သွေးသောက် မဂ္ဂဇင်းများထဲမှ စွန့်စားခန်းဝတ္ထုများကို ဖတ်မိ၏။ ထိုကဲ့သို့ စွန့်စားခန်းဝတ္ထုများကို ဖတ်မိအောင် လှုံ့ဆော်ပေးသူမှာ မျိုးမြင့်အောင်နှင့် မောင်မောင်ဝင်းဆိုသူ သူငယ်ချင်းနှစ်ဦးဖြစ်၏။ (ထိုသူငယ်ချင်းမှာ လေးတန်းပြီးကတည်းက မဆုံဖြစ်တော့။ မျိုးမြင့်အောင်မှာ ယခုတိုင် မော်တော်ယာဉ်လိုင်စင်ဌာနတွင် ရှိ၏။)

ထိုကဲ့သို့ စာဖတ်ခြင်းအစမှာ မှုခင်းဝတ္ထုများ၊ စုံထောက်စွန့်စားခန်းများနှင့် စခဲ့သော ကျွန်တော်သည် မမျှော်လင့်ဘဲ ပြစ်မှုမဂ္ဂဇင်းမှာ အယ်ဒီတာဖြစ်လာခဲ့၏။ ရန်ကုန်မြို့ ၃၈ လမ်းတွင် တစ်ခါက ရွှေဥဒေါင်းပုံနှိပ်စက်ဆိုသော ပုံနှိပ်စက်ရှိ၏။ ကျွန်တော်က ရွှေဥဒေါင်းပုံနှိပ်စက်တွင် စာပြင်ဆရာလုပ်၏။ ထိုစက်ကို စာစီဖိုမင် ဦးဖြူအေး ဆိုသူက ခေါ်သွားခြင်းဖြင့် ရောက်သွား၏။

ရွှေဥဒေါင်းပုံနှိပ်စက်သည် ထိုစဉ်က ဆောင်းသင်္ဂဇင်စာပေတိုက်ထဲမှ လုံးချင်းဝတ္ထုများ ရိုက်၏။ လွန်စွာမှ အလုပ်ကောင်း၏။

မိသားစုပုံနှိပ်စက်တွင် ပြစ်မှုမဂ္ဂဇင်း ရိုက်၏။ ပြစ်မှုမဂ္ဂဇင်းအယ်ဒီတာ ပိုင်ရှင် ဦးခင်မောင်စီသည် ဘဲလ်အဲယားကားကြီးနှင့် အမြဲလာ၏။ ထိုမိသားစုပုံနှိပ်စက်တွင် အလျင်မမီသော စာဖောင်များကို ရွှေဥဒေါင်းပုံနှိပ်စက်တွင် ရိုက်၏။ တစ်ခါတစ်ရံတွင် စာစီရန်အတွက်ပါအပ်၏။

တစ်ခါတစ်ရံတွင် ဦးခင်မောင်စီသည် ဘလောက်တုံးများ၊ စာမူများကို ဦးဖြူအေးအား ပေးပြီး ခရီးထွက်သွားတတ်၏။ ထိုအခါ စာမျက်နှာဖွဲ့ရန်အတွက် ဦးဖြူအေးမှာ အခက်အခဲ မရှိသော်လည်း ခရီးမတွင် ဖြစ်၏။

ထိုအခါ ဦးဖြူအေးက ထိုစာမူများ၊ ဘလောက်များကို ကျွန်တော့်စားပွဲတွင် ထား၏။ စာစီရန် ကျွန်တော်က ပြင်သင့်တာပြင်၊ ခေါင်းစာလုံးပွိုင့် ရွေးစရာရွေး ပြုလုပ်ပြီး စာစီချပေးရ၏။ ပိုသောစာကို သိမ်း၊ နောက်စာမျက်နှာညွှန်းရန်မှတ် စသဖြင့် ဖောင်ကိုင်ခြင်း မသိမသာ ဖြစ်လာ၏။

ထိုကဲ့သို့ သုံးလေလကြာသောအခါ ဦးဖြူအေးက ဦးခင်မောင်စီကို စာမူတွေ ကိုမြင့်အေးသာ အပ်လိုက်ပါတော့ဗျာ။ သူလုပ်ပေးနေတာ အဆင်ပြေပါတယ်ဟု ပြော၏။ ထို့နောက် ဦးခင်မောင်စီက ပန်းချီအပ်ရန် စာမူများ ပေးထား၏။ ကျွန်တော်က ရွှေဥဒေါင်းကိုလာသော ကိုကျော်ဦး၊ ကိုကိုကြီး (ခေါ်) ငြိမ်းပိုက်၊ ဝဏ္ဏဟန်၊ မောင်မောင်ဝင်း စသူတို့ကို ပန်းချီပုံများအပ်ရပြန်၏။ ဘလောက်အပ်ပေးပါဆိုသဖြင့် ကိုတင်ရွှေဆိုသော ဘလောက်ဆရာကို အပ်ပေးရပြန်၏။ တစ်ခါတစ်ရံ ပြစ်မှုအတွက်ဆိုပြီး လာပေးသော စာမူများ ယူထားရပြန်၏။ ထိုအခါ အိုင်အိုမင်းအောင် ရေးသော ဆရာအောင်ဇေ၊ လူဆိုးထိန်း မောင်ကြီးရေးသော မကွေးညိုစိမ့်၊ ဆရာ ခင်မောင်ထွန်း(လမ်းမတော်)တို့နှင့် ရင်းနှီးရပြန်၏။

သည်လိုနှင့် ပြစ်မှုမဂ္ဂဇင်းတွင် ဖောင်ကိုင်ပေးရသူ ဖြစ်လာရတော့၏။ နေရင်းထိုင်ရင်း အယ်ဒီတာဖြစ်မှန်းမသိ ဖြစ်လာရသဖြင့် ပြစ်မှုကို သံယောဇဉ်ရှိလာ၏။

သို့ရာတွင် ပြစ်မှုမိခင်ကြီး ဒေါ်မမလေး ဆုံးသောအခါ ပြစ်မှုသည် အခြေအနေ ယိုင်သွား၏။ ထိုအခါ ပြစ်မှုကို ဦးခင်မောင်စီက ဖြန့်ချိရေးမလုပ်တော့ဘဲ အေးမြသီတာစာပေက ဖြန့်ချိရေးလုပ်တော့၏။ အေးမြသီတာသည် ဦးဇော်ထွန်း၊ ဦးလွင်သိန်း၊ ဒေါ်အေးအေးဝင်းတို့ စုပေါင်းထူထောင်ထားခြင်း ဖြစ်၏။

ထိုအခါ ဦးခင်မောင်စီက သူ့ကိုယ်စားအဖြစ် ကျွန်တော့်ကို ပြစ်မှုတွင် ဖောင်ကိုင်စေပြန်၏။ ငွေရေးကြေးရေး တစ်စုံတစ်ရာ ခံစားခွင့်မရှိသော်လည်း ပြစ်မှုရိုက်ရာ တာမွေအိုင်းစိမှ တောင်သာပုံနှိပ်စက်သို့ ရွှေဒေါင်းမှ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ် ခေါက် ကိုယ့်စရိတ်နှင့်ကိုယ် သွားခဲ့ရ၏။

ထိုမှတစ်ဖန် ပြစ်မှုသည် တင်မော်(ဓာတု)၊ မင်းညွှန့် အောင်တို့လက် ပြောင်းသွားသောအခါ ကျွန်တော်မပါ တော့။ ကိုဗိုဝမ်းနှင့် ကိုညိုသွေးတို့ လုပ်ကြပြန်၏။ ၎င်းတို့ ထံမှ တစ်ခါ ကိုတင်အောင်၊ မစန်းစာပေမှ ဒေါ်စန်းထံ ရောက်သွားပြန်၏။ ကျွန်တော်သည် ထိုအခါ မှုခင်း ကြေးမုံ အမည်ဖြင့် ကိုယ်ပိုင်စာအုပ် ထုတ်နေပြီဖြစ်၏။

ပြစ်မှုမဂ္ဂဇင်းသည် ကျွန်တော်၏ စာပေအစဟု ခေါ်ရမလိုပင် ဖြစ်၏။ ကျွန်တော့်အဖို့ မဂ္ဂဇင်းပညာသင် ကျောင်းတော်ကြီးဟု ကျွန်တော်ယူဆထား၏။ မဂ္ဂဇင်း စက္ကူရေတွက်ပုံ၊ ကုန်သွယ်ရေးမှ စက္ကူထုတ်ပုံ၊ ဖြန့်ချိပုံ၊ မဂ္ဂဇင်းအဆင်အပြင်ပြုလုပ်ပုံ၊ နောက်ဆုံးအနေဖြင့် ပြောရလျှင် မဂ္ဂဇင်းတစ်ခုကို အရင်းပြုပြီး လှည့်ပတ် စားသောက်သည်အထိ တတ်ခဲ့၏။ ထို့ပြင် ပြစ်မှုမှစခဲ့၍ ပန်းချီဆရာများနှင့် သိခဲ့၏။ စာရေးဆရာများနှင့် သိခဲ့၏။ ပုံနှိပ်စက်ပိုင်ရှင်တို့နှင့် သိခဲ့၏။ ထုတ်ဝေဖြန့်ချိသူများနှင့် သိခဲ့၏။ စာစီစက်ရိုက်များနှင့် သိခဲ့၏။

ပြစ်မှုသည် ကျွန်တော့်အတွက် ဘဝတက္ကသိုလ် ကြီးတစ်ခု ဖြစ်ခဲ့၏။ ပြစ်မှုကြောင့် စာနယ်ဇင်းလောက အတွင်း ဖြစ်ပျက်၊ ရှုပ်ထွေးမှုများ သိခဲ့၏။ ထိုပြစ်မှုကို ဥပမာပြု၍ ကျွန်တော်သည် မကောင်းတာကိုပယ်၍ ကောင်းတာကို ယူခဲ့ပြီး စာပေလောကတွင် လုပ်ကိုင် စားသောက်နိုင်ခဲ့၏။

ပြစ်မှုတွင် စတင်ခဲ့သော ဦးဖြူအေးဆိုသော စာစီဖိုမင်ကြီးသည် ယခုအခါ ဆင်တောင်ကြီးစာပေ၏ စာနယ်ဇင်းကိုယ်စားလှယ်ကြီး ဖြစ်နေ၏။

ကိုကျော်ဦးသည် ယခုတိုင် ပန်းချီဆွဲနေ၏။ ဦးလွင်သိန်းသည် ကျောင်းဆရာဟုခေါ်တွင်သော နေလ စာပေတိုက်ပိုင်ရှင် ဖြစ်နေ၏။

ဒေါ်အေးအေးဝင်းမှာ စာရေးဆရာမ မြတ်ပွင့်ဖြူ အမည်ဖြင့် သာသနာပြုဆောင်းပါးများ ရေးသားကာ သာသနာပြုနေ၏။

ကျွန်တော်သည်ကား . . . ။


မောင်မောင်မြင့်အေး

www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူမြို့ ယာဉ်တိုက်မှုလျော့နည်းအောင် ပြုလုပ်စီစဉ်

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)



ယခုအခါ စင်ကာပူမြို့တွင် ယာဉ်တိုက်မှုများ လျော့နည်းအောင် ခေတ်မီနည်းသစ်ဖြင့် ပြုလုပ်စီစဉ် စမ်းသပ်အကောင်အထည်ဖော်လျက်ရှိရာ ထမြောက်အောင်မြင်သည်ဟု ဆိုပါသည်။ အထူးသဖြင့် ညဥ့်ယာဉ်မောင်းသွားလာသည့်အခါ၌ ရှေ့ဘက်မှ ဆန့်ကျင်မောင်းနှင်လာသော ယာဉ်များ၏ ဆလိုက်မီးထိုးနှက်မှုကြောင့် တစ်ဖက်မှ ယာဉ်မောင်းသူအဖို့ ယာဉ်ရှေ့မီး အလင်းမီးရောင်ကြောင့် မျက်စိကျိန်း၊ မျက်စိစပ်၊ မျက်စိရှုးဖြစ်ကာ ဘာမျှမမြင်ရတော့ဘဲ မကြာခဏ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရသည်။ ယင်းကြောင့် စင်ကာပူ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဦးစီးဌာနမှ အစမ်းသငေ [illegible] ခနနဖြင့် စင်ကာပူမြို့ အဝေးပြေးကားလမ်းမကြီးပေါ်၌သော်လည်းကောင်း၊ အရေးကြီးသည့် လမ်းဆုံ၊ လမ်းခွ၌သော်လည်းကောင်း မီးပွိုင့်များအပြင် ကားခေါင်းရှေ့မီး ဆလိုက်မီး၏ ထိုးနှက်မှုအား ကာကွယ်ရန် အလို့ငှာ အစိမ်းရောင်သုတ်ထားသော သံပြား (anti-glare panel) ကို တပ်ဆင်ပေးထားလျက်ရှိ၏။ ယင်းကားလမ်းမ၏ အရှည်အလျားမှာ ၄၇၀ မီတာနှင့် ၃၀၀ မီတာ လမ်းနှစ်သွယ် နှစ်လမ်းတွင် တပ်ဆင်ပေးထားသည် ဆိုသည်။

ရုပ်ပုံကြီး-စင်ကာပူမြို့ အဝေးပြေးကားလမ်းမကြီးနှစ်သွယ် ၄၇၀ မီတာ အရှည်နှင့် ၃၀၀ မီတာ အရှည်။

ရုပ်ပုံသေး-မော်တော်ယာဉ်ခေါင်းရှေ့မီး(ဆလိုက်မီး)၏ ထိုးနှက်မှုကြောင့် ယာဉ်မောင်းသူ၏ မျက်စိကျိန်း၊ မျက်စိရှုး၊ မျက်စိစပ်မှု မဖြစ်ရန် အလင်းရောင်ကာကွယ်ပေးသော ဆေးအစိမ်းရောင်သုတ်လိမ်းထားသည့် သံပြား(anti-glare panel) ကို တွေ့ရစဉ်။

**ကေတီအောင်သိန်း**
(ရန်ကုန်တက္ကသိုလ်)

*Ref:-*
C.S.T (Singapore) (4.4.2014), Cover News (Cover Story)



www.burmeseclassic.com

www.burmeseclassic.com

# ပိုင်ရှင်မဲ့ တောရွာကြီးတစ်လုံး

ခင်မောင်ထွန်း (ရေမ်း:ဗဝေတ်)



www.burmeseclassic.com

www.burmeseclassic.com

# ပိုင်ရှင်မဲ့ သေတ္တာကြီးတစ်လုံး

❒ ခင်မောင်ထွန်း(လမ်းမတော်)

မြို့၏ အလယ်ဗဟို အချက်အချာကျသောနေရာတွင် တည်ရှိနေသော ဈေးသစ်ကြီးသည် အထူးပင် စည်ကားလှသည်။

နေ့စဉ် နံနက် ၉ နာရီခန့်မှစ၍ ဈေးသည်၊ ဈေးဝယ်များဖြင့် စည်ကားလှသည်။

ထင်းရှူးသေတ္တာကြီးတစ်လုံးကို သော့ပိတ်လျက် လုံခြုံရေးတဲယ်ရှေ့တွင် တွေ့ကြရသည်။ လုံခြုံရေးအစောင့် မောင်သန်းဝင်း ပြန်ရောက်လာသည်။

ထင်းရှူးသေတ္တာကြီး တစ်လုံး ပေါ်တွင် သန့်ရှင်းရေးလုပ်သားများ ထိုင်နေကြသည်ကို သန်းဝင်းလှမ်းမြင်သည်။ သေတ္တာပေါ်တွင် ပိုင်ရှင်အမည် ရေးမထား။

ဘာစာတန်းမှ မပါ။ လုံခြုံရေးအစောင့် မောင်သန်းဝင်း တစ်ချက်ပြုံးလိုက်သည်။ ဈေးဖွင့်ချိန်မရောက်သေး၍ သေတ္တာကို လုံခြုံရေးတဲ၌ စိတ်ချစွာ ထားခဲ့ဟန်တူသည်။ ဒီလို သေတ္တာထားခြင်းမှာ ထားနေကျဖြစ်သည်။ ဈေးဖွင့်ချိန်တွင် နေရာဖယ်နေကျ ဖြစ်သည်။

သန့်ရှင်းရေးလုပ်သားများ အားလုံး ပြန်သွားကြသည်။

လုံခြုံရေးအစောင့် မောင်သန်းဝင်းနှင့် မောင်လှမြင့်တို့နှစ်ဦးသား ကင်းတဲတွင် ကျန်ခဲ့ကြသည်။

မိုးသားများ ကင်းစင်နေသောကြောင့် နေ၏ အပူရှိန်သည် ယခင်ရက်များကထက် ပို၍ပူနေသည်ဟု ထင်ရသည်။

## နံနက် ၁၁ နာရီ

လုံခြုံရေးအစောင့် မောင်သန်းဝင်း၏ဇနီး နုနုရီသည် မောင်သန်းဝင်းအတွက် ထမင်းချိုင့်ကို အိမ်နီးချင်းဖြစ်သူ မောင်လှမြင့်၏ ထမင်းချိုင့်နှင့်အတူ ယူလာသည်။

နုနုရီသည် တဲရှေ့တွင် အသင့်ရှိနေသော သော့ခတ်ထားသည့် ထင်းရှူးသေတ္တာအသစ်ကြီးကို စားပွဲလုပ်ကာ မောင်သန်းဝင်းနှင့် မောင်လှမြင့်တို့ ထမင်းစားရန် ပြင်ပေးလိုက်သည်။

မောင်သန်းဝင်းနှင့် မောင်လှမြင့်တို့ ထမင်းဝိုင်းမှာ စုံပြည်လှသည်။

နုနုရီက ဘေးမှထိုင်ကာ ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခတ်ပေးနေသည်။

ထမင်းဝိုင်းတွင် ထူးခြားသည်က ယင်ကောင်များပင်။

မနေ့ကထက် ယင်ကောင်များ ပို၍အုံနေသည်ဟု ထင်ရသည်။

"ကိုသန်းဝင်း၊ ဒီနေ့ ယင်ကောင်ပိုများတယ်ဗျာ"

လှမြင့်က ထမင်းစားရင်း သန်းဝင်းကို မော့ကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်တယ် လှမြင့်ရေ"

သန်းဝင်းက လှမြင့်အမေးကိုပြန်ဖြေရင်း နှာခေါင်းတွင် အနံ့တစ်ခုခု ရသည့်ပုံစံဖြင့် နှာခေါင်းကို ရှုံ့ပြသည်။

"ဘာဖြစ်တာလဲ အစ်ကို၊ ဘာနံ့ရလို့လဲ"

ခင်ပွန်းဖြစ်သူ သန်းဝင်း နှာခေါင်းရှုံ့ပြသည်ကို ကြည့်နေသော နုနုရီက လှမ်းမေးလိုက်သည်။

"တစ်ခုခု နံနေသလိုပဲကွ။ လှမြင့်မင်း အနံ့မရဘူးလား"

လှမြင့်က အထူးသတိပြုပြီး အသက်ရှူကြည့်သည်။

"ဟုတ်တယ် ကိုသန်းဝင်း၊ အပုပ်နံ့ ရသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းသည် မြိန်ရေရှက်ရေ စားသုံးနေရာမှ အပုပ်နံ့ကြောင့် အမြန် သိမ်းခဲ့ရသည်။

နုနုရီတစ်ယောက် ထမင်းချိုင့်များ ပြန်ထပ်ကာ ခင်ပွန်းဖြစ်သူ ကိုသန်းဝင်း ကို နှုတ်ဆက်၍ ပြန်သွားသည်။

**နေ့လယ် ၁၂ နာရီ**

ဦးခေါင်းပေါ်သို့ ရောက်ရှိနေသော နေမင်း၏ အပူရှိန်သည် ပို၍ပို၍ ပူလာသည်ဟု ထင်ရသည်။

ထင်းရှူးသေတ္တာကြီးသည် ပိုင်ရှင် လာမယူသေး၍ လုံခြုံရေးတဲရှေ့တွင် ရှိနေသေးသည်။

သေတ္တာပေါ်တွင် ထိုင်နေသော သန်းဝင်းသည် နှာခေါင်းဝသို့ တစ်ချက် တစ်ချက် ဝင်လာသော အပုပ်နံ့ကို သတိထားမိပြန်သည်၊

"လှမြင့်ရေ••အပုပ်နံ့က ပိုနံလာတယ်ကွာ။ ဒီနားမှာ ဘာကောင်များ သေနေလဲမသိဘူး။ ရှာစမ်း•••"

သန်းဝင်း စေခိုင်းချက်အရ လှမြင့်သည် လုံခြုံရေးတဲတစ်ဝိုက် ရှာကြည့်သည်။ ဘာမျှမတွေ့။

"ကိုသန်း••ခင်ဗျား ခဏထစမ်းဗျာ။ ဒီသေတ္တာကြီးက ယင်လည်းအုံတယ်၊ ကျွန်တော်ကြည့်ချင်တယ်"

သန်းဝင်းက ထိုင်ထားသော ထင်းရှူးသေတ္တာပေါ်မှ ထပေးလိုက်သည်။ ထင်းရှူးသေတ္တာအနီးသို့ ကပ်၍ လှမြင့်က အနံ့ခံလိုက်သည်။

"သေချာတယ် ကိုသန်းဝင်းရေ။ သေတ္တာထဲကထွက်တဲ့ အပုပ်နံ့ပဲဗျ"

သန်းဝင်းက သေတ္တာအနီးကို မျက်နှာအပ်ပြီး အနံ့ခံကြည့်ပြန်သည်။

သေချာပါသည်။ သေတ္တာထဲက ထွက်သောအနံ့။

"လှမြင့်၊ မင်း ဈေးကောင်စီကို အကြောင်းကြားကွာ။ သေတ္တာကို လာကြည့်ဖို့၊ ဒီသေတ္တာ မသင်္ကာစရာဖြစ်လာပြီ"

"ဟုတ်ကဲ့ ကိုသန်းဝင်း။ ကျွန်တော် အခုပဲ ဈေးကောင်စီကို သွားပြောပါ့မယ်"

လှမြင့်က ဈေးအတွင်းရှိ ဈေးကောင်စီသို့ သွားသတင်းပို့သည်။

ဈေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦး ကိုယ်တိုင် ချက်ချင်းလိုက်လာပြီး ကြည့်သည်။ သေတ္တာပေါ်တွင် ပိုင်ရှင်အမည် ရေးမထား။

မောင်သန်းဝင်းနှင့် မောင်လှမြင့် တို့က ၎င်းတို့မရောက်ခင် ကင်းတဲအနီး ရောက်နေသော သေတ္တာအကြောင်းကို ရှင်းပြကြသည်။

ဦးမြဦးက လူငယ်များ အကူအညီဖြင့် ဈေးအတွင်း ဆိုင်များအားလုံး ထင်းရှူးသေတ္တာပိုင်ရှင် လိုက်မေးခိုင်းလိုက်သည်။

ဆိုင်အားလုံး စေ့သွားသည်။ ပိုင်ရှင်စုံစမ်းမရခဲ့။

သေတ္တာအတွင်းမှ အပုပ်နံ့သည် ပို၍ထွက်လာသည်ဟု မောင်သန်းဝင်း ထင်မိသည်။

ဦးမြဦးက ရဲစခန်းအကြောင်း ကြားသည်။

ရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ချက်ချင်း ရောက်လာကြသည်။

သော့ပြင်လုပ်သား "အလီ"၏ အကူအညီဖြင့် ထင်းရှူးသေတ္တာကြီးကို ခတ်ထားသည့် တရုတ်ပြည်လုပ်သော့ကို ဖွင့်ကြသည်။ နှစ်လက်သော့ဟုဆိုသော တရုတ်ပြည်လုပ် အာမခံသော့သည် သော့ပြင်လုပ်သား အလီ၏ စက်ဘီးစပုတ်တိုင်တို တစ်ချောင်းဖြင့် လှည့်ပြီး ငါးမိနစ်အတွင်း ပွင့်အောင် ဖွင့်လိုက်သည်။

အလီက သော့ကိုဖြုတ်လိုက်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မျက်နှာကို ကြည့်လိုက်သည်။ အမိန့်တောင်းခံသည့် သဘော။

"အလီ သေတ္တာကို ဖွင့်လိုက်လေကွာ"

မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အတိုင်း အလီက သေတ္တာအဖုံးကို ဆွဲမလိုက်သည်။

အလီ့နံဘေးမှ ကြည့်နေသူအားလုံးသည် ထင်းရှူးသေတ္တာဆီသို့ ကြည့်လိုက်ကြသည်။

ထင်းရှူးသေတ္တာ အဖုံးပွင့်သွားလျှင်ပင် အပုပ်နံ့သည် ထောင်းခနဲထွက်လာသည်။

ထင်းရှူးသေတ္တာအတွင်း၌ အမျိုးသမီးတစ်ဦး၏ အလောင်းတစ်လောင်း။ ချွန်ထက်သော အရာဝတ္ထုဖြင့် ထိုးထားသည့် ဒဏ်ရာများ ပြည့်နေသည်။ သေတ္တာတွင်း ထည့်၍ရအောင် တင်ပျဉ်ခွေထိုင်နေသော ပုံစံဖြင့် ထည့်ထားပုံရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့သည် သေဆုံးသူ အမျိုးသမီးကို ဓာတ်ပုံရိုက်ယူကြသည်။ လက်ပုံစံ ရအောင်မှုကာ



www.burmeseclassic.com

www.burmeseclassic.com

မှတ်တမ်းတင်ကြသည်။

မျက်ခုံးမွေးနက်၍ ဆွဲထားသည်။ သေဆုံးသူ အမည်မသိ အမျိုးသမီး။ ခန့်မှန်း သုံးဆယ်ပတ်ဝန်းကျင်ခန့်ဟု ခန့်မှန်းရသည်။ ဝဲဘက်ပါးပြင်တွင် မှဲ့နက်ယဲတစ်လုံး ရှိနေသည်။

သေတ္တာတွင်း၌ ကလေးဝတ် အင်္ကျီတစ်ထည် တွေ့ရသည်။

သေဆုံးသူအလောင်းကို ဆေးရုံသို့ ပို့လိုက်ကြသည်။

*   *   *

**တွေ့ပြန်ပြီ**

အိုင်စီအာရ်ခေါ် အမှုကြီးဖြစ်လျှင် အထက်အရာရှိများ အားလုံးလာကြည့်ကြသည်။

လူအများ စိတ်ဝင်စားသော အမှုဖြစ်၍ မပေါ်ပေါ်အောင် စစ်ကြရတော့မည်။ ရဲစခန်းရှိ တပ်ဖွဲ့ဝင်အားလုံး ကိုယ်စီတာဝန်ဖြင့် အလုပ်များကာ လှုပ်ရှားကြရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးခန်းစားပွဲပေါ်ရှိ တယ်လီဖုန်းသံ မြည်လာသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါ၊ မြို့နယ်မှူးပါ"

"-----"

"ခင်ဗျာ၊ ဘူတာအနီး သံလမ်းပေါ်မှာ ကလေးအလောင်းတစ်လောင်း တွေ့တယ် ဟုတ်လား။ ကျွန်တော်တို့ အခုလာခဲ့ပါ့မယ်"

"ကဲ···စခန်းမှူးရေ၊ ရတဲ့လူစဗျာ။ ဘူတာနားမှာ ကလေးအလောင်း တစ်လောင်း တွေ့ရတယ်လို့ ဘူတာတာဝန်ကျအရာရှိက အကြောင်းကြားပြန်ပြီ"

မြို့နယ်မှူး၏ ညွှန်ကြားချက်အရ စခန်းမှူးက ရဲစခန်းတွင် အသင့်ရှိနေသော ရဲအရာရှိများကို ခေါ်၍ ရဲစခန်းပိုင် လင့်ရိုဗာယာဉ်ဖြင့်ထွက်ခဲ့ကြသည်။

မြို့နယ်မှူးသည် ရှေ့တုံးမှ ရဲတပ်ဖွဲ့ပိုင် စီဂျေ(၅) ရဲဂျစ်ဖြင့် ရှေ့မှ ဦးဆောင်သွားသည်။

ဘူတာရုံ တာဝန်ကျများ အကူအညီဖြင့် သံလမ်းဘေးတွင် ဂုန်နီအိတ်ဖြင့် ထုပ်ထားသော ကလေးငယ်တစ်ဦး၏ အလောင်းကို တွေ့ကြရသည်။

သေဆုံးနေသော ကလေးမှာ မိန်းကလေးဖြစ်သည်။ အသက် ခုနစ်နှစ်ခန့် ခန့်မှန်းရသည်။ သံချွန်နှင့်ထိုးဓားနှင့် လှီးသတ်ထားပုံရသည်။ သေဆုံးသူမိန်းကလေးတွင် ဘောင်းဘီတိုဝတ်ထားပြီး အင်္ကျီမပါ။

မြို့နယ်မှူး တစ်ခုခုကို စဉ်းစားလိုက်မိသည်။

"စခန်းမှူး··စောစောက အမျိုးသမီးအလောင်းထဲကတွေ့တဲ့ ကလေးအင်္ကျီနဲ့ ဒီကလေးဝတ်ထားတဲ့ ဘောင်းဘီနဲ့ အဆင်ချင်းတူတယ်။ အဲဒီ အင်္ကျီ အမြန်သွားယူခဲ့ဗျာ"

"ဟုတ်ကဲ့ မြို့နယ်မှူး"

မြို့နယ်မှူး၏ တာဝန်ပေးချက်အရ စခန်းမှူး ရဲစခန်းသို့ အမြန်ဆုံး ပြန်သွားသည်။

မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ အပြင် ဒုတိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူး၊ တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးနှင့် ရဲအဖွဲ့ဝင်များ ရောက်ရှိလာကြသည်။ အချင်းဖြစ်နေရာမှ သဲလွန်စရှာကြသည်။

ရဲအရာရှိများ တာဝန်ခွဲ၍ သေဆုံးသူ၏ လက်ဗွေပုံစံရယူခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ အလောင်းကို စတင်တွေ့ရှိသူများကို စစ်မေးခြင်းပြုလုပ်ကြသည်။

စခန်းမှူးသည် ဈေးအနီးတွေ့ရှိသော အမျိုးသမီးအလောင်းနှင့် အတူပါလာသော ကလေးငယ်အင်္ကျီကို စက္ကူနှင့် ထုပ်ယူလာသည်။

မြို့နယ်မှူး၏ အနီးသို့ရောက်လျှင် အလေးပြုရင်း အင်္ကျီထုပ်ကိုဖြေပြသည်။

မြို့နယ်မှူးသည် အင်္ကျီကိုလှမ်းယူကာ သေဆုံးနေသောကလေး၏ ဘောင်းဘီအနီးသို့ကပ်၍ အရောင်အသွေးနှင့် အဆင်ကို တိုက်ဆိုင်ကြည့်သည်။

"ကဲ··စခန်းမှူး၊ အရောင်အသွေးရော အဆင်ပါ တူညီနေတယ်"

မြို့နယ်မှူးက ပြောလိုက်သည်။

"ဟုတ်ပါရဲ့ အားလုံးအတူတူပါပဲ"

စခန်းမှူးနှင့် အနီးရှိ ရဲအရာရှိအားလုံး ကြည့်ရှုကြသည်။ မြို့နယ်မှူးက ဆက်ပြောသည်။

"စခန်းမှူးနဲ့ အရာရှိတွေအားလုံး မြင်တဲ့အတိုင်းပဲ။ ဈေးနားကတွေ့တဲ့ အမျိုးသမီးအလောင်းနဲ့ ဒီကလေးမလေး အလောင်းဟာ ဆက်စပ်နေတယ်။ သေဆုံးသူ ကလေးမရဲ့အင်္ကျီဟာ အမျိုးသမီးနဲ့အတူ ပါလာခဲ့တယ်"

"ဟုတ်ပါတယ် ဆရာ။ အမှုက နှစ်မှုဖြစ်ပေမယ့် တစ်မှုတည်းလိုပဲ ပြောရမှာပဲ။ တစ်မှုပေါ်ရင် နှစ်မှုစလုံး ပေါ်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ စခန်းမှူး။ တစ်မှုစုံစမ်းရင် နှစ်မှုစလုံး စုံစမ်းရာရောက်ပါတယ်"

"ကဲ…စခန်းမှူး မှတ်တမ်းတင် ရှာဖွေသိမ်းဆည်းခဲ့တဲ့ လုပ်ငန်းတွေပြီးရင် အလောင်းကို ဆေးရုံပို့ပါ။ ကျန်တဲ့ အရာရှိတွေ စခန်းပြန်ကြရအောင်"

ရဲတပ်ဖွဲ့ဝင်များ ဘူတာရုံပတ်ဝန်းကျင်မှ ပြန်သွားကြသည်။ ဝိုင်းဝန်းကြည့်ရှုနေသူများလည်း လူစုကွဲသွားကြသည်။

* * *

**ကွပ်ကဲစုံစမ်း**

မှူခင်းဆရာဝန်ကြီးများ၏ ဆေးစစ်ချက် မှတ်တမ်းအရ သေတ္တာထဲမှ တွေ့ရသော အမျိုးသမီးသည် မတရားပြုကျင့်ခံရခြင်းမရှိ။ များပြားလှသော ထိုးနက်ရိုက်ချက်များ။ လေးလံသော အရာဝတ္ထုဖြင့် ဖိခြင်းကြောင့် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အလားတူပင် ခုနစ်နှစ်အရွယ် ကလေးငယ်သည်လည်း ရင်ဝတွင် သံချွန်စူးနှင့် ထိုးထားသော ဒဏ်ရာများ။ လေးလံသော အရာဝတ္ထုဖြင့် ဖိခံရသဖြင့် သေဆုံးပုံရကြောင်း သိရသည်။

နယ်မြေ ဒုရဲမှူးကြီးဖြစ်သော ဒုတိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးသည် အမှုကြီးကို ကြပ်မတ်ကာ အမှုမှန်ပေါ်ရန် လက်အောက်တပ်ဖွဲ့ဝင်များကို ကိုယ်တိုင် ကွပ်ကဲဆောင်ရွက်နေသည်။

ရဲစခန်းတပ်ဖွဲ့ဝင်များအပြင် တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးမှ အမှုကြီးများ ဖော်ထုတ်ရာတွင် အတွေ့အကြုံရှိသော ရဲအရာရှိများကို မြို့နယ်ရဲများနှင့် တွဲဖက်ပေးထားသည်။ သေဆုံးခဲ့သော အမျိုးသမီးနှင့် ကလေးမ၏ အလောင်းကို ဓာတ်ပုံရိုက်ခဲ့ရာ ဓာတ်ပုံများ ရရှိခဲ့သည်။ ဓာတ်ပုံများကို ရဲစခန်းအသီးသီးသို့ ပို့ပေးခဲ့သည်။

သေသူများသည် မည်သူမည်ဝါဖြစ်ကြောင်း အရေးတကြီး စုံစမ်းနိုင်မည် မဟုတ်ပါလား။

**သွားပါများ ခရီးရောက်၊ မေးပါများ စကားရ၊ မအိပ်မနေ အသက်ရှည်။**

**ပညာရှိ မောင်ပေါက်ကျိုင်း၏ ဆိုရိုးစကားများသည် ရဲတပ်ဖွဲ့ဝင်များအတွက် "အမြဲနှလုံးသွင်း"ထားရသော ဆောင်ပုဒ်များ ဖြစ်ခဲ့သည်။**

* * *

**ရေထဲက သဲလွန်စ**

"ကလင်…ကလင်"

ရုံးခန်းတွင်း စားပွဲပေါ်ရှိ တယ်လီဖုန်းမြည်လာ၍ စကားပြောခွက်ကို မြို့နယ်မှူးက လှမ်းကိုင်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ။ မြို့နယ်မှူး ရဲအုပ်ကြီးပါ"

"----"

"ခင်ဗျာ။ အမျိုးသမီးတစ်ယောက်ရဲ့ မှတ်ပုံတင်ကို ဆိပ်ကမ်းက သမ္ဗန်သမားတွေတွေ့လို့ သိမ်းထားတယ် ဟုတ်လား။ ဆက်စပ်ချင် ဆက်စပ်နိုင်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ အခုပဲလာခဲ့ပါ့မယ်"

စခန်းမှူးနှင့် ရဲအရာရှိများသည် မြို့နယ်မှူး တယ်လီဖုန်းပြောနေသည်ကို ဘေးမှထိုင်ရင်း နားစွင့်နေကြသည်။

မြို့နယ်မှူးသည် တယ်လီဖုန်း စကားပြောခွက်ကို ပြန်တင်ကာ စားပွဲရှေ့တွင် လာထိုင်နေသော စခန်းမှူးကို ကြည့်ရင်း…

"ကဲ…စခန်းမှူးရေ။ ဆိပ်ကမ်းမှာ အမျိုးသမီးတစ်ဦးရဲ့ မှတ်ပုံတင် ရေထဲမှာ မျောလာတယ်လို့ သိရတယ်။ ကျွန်တော်တို့အမှုနဲ့ ဆက်စပ်ချင် ဆက်စပ်နိုင်တယ်။ အဲဒါ သွားကြည့်ရအောင်"

စခန်းမှူးသည် မြို့နယ်မှူးနှင့် လိုက်ပါရန်အတွက် အဆင်သင့်ဖြစ်စေရန် မတ်တတ်ရပ်လိုက်သည်။ စခန်းမှူး လှကြည်နှင့် ဒုရဲအုပ် တင့်ရွှေတို့ မြို့နယ်မှူးနောက်သို့ လိုက်သွားကြသည်။

ပြည်သူ့ရဲတပ်ဖွဲ့ပိုင် အပြာရောင် စီရော့ဂျစ်ကားသည် မြို့နယ်မှူးဦးဆောင်သည့် ရဲအရာရှိများကို တင်ဆောင်ပြီး ဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်သွားခဲ့သည်။

"ကျွန်တော် သမ္ဗန်သား ဘတိုးပါ ဆရာ"

မြို့နယ်မှူးနှင့်အဖွဲ့ ရောက်ရှိလာသည်။ ဆိပ်ကမ်း၌ အသင့်ရှိနေသော သမ္ဗန်သမား ဘတိုးက စတင်မိတ်ဆက်သည်။

"ဟုတ်ကဲ့ ကိုဘတိုး၊ ကျွန်တော် မြို့နယ်မှူးပါ။ ဒါက ရဲအုပ်တင့်ရွှေပါ။ ကိုဘတိုး ဖုန်းဆက်တာ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ သတင်းစာထဲမှာပါတဲ့ သေတ္တာကြီးထဲ ထည့်ထားတဲ့ အမျိုးသမီးအသတ်ခံရမှုကို စိတ်ဝင်စားပါတယ် ဆရာ။ အဲဒီ အမှုနဲ့ ပတ်သက်မလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"သဲလွန်စဆိုတာ ဖြစ်နိုင်တဲ့ ကွင်းဆက်ကလေးတွေကို တစ်စစီ ဆွဲထုတ်ပြီး ဆက်စပ်ကြည့်ရပါတယ်။ လမ်းဆုံးသိုက်တော့ ဟုတ်၏၊ မဟုတ်၏ဆိုတဲ့ အဖြေသိရတာပေါ့ ကိုဘတိုး။ ဒါနဲ့ ခင်ဗျားတွေ့တဲ့ မှတ်ပုံတင်က"

"ဒီလိုပါဆရာ။ ကျွန်တော် သမ္ဘန်ဆိပ်မှာ မနက် ၅ နာရီကနေ ညနေ လူစဲတဲ့အချိန်အထိ ရှိနေပါတယ်။ ဒီနေ့ မနက် မိုးလင်းလို့ ကျွန်တော် သမ္ဘန်ပေါ်ထိုင်ပြီး ခရီးသည်စောင့်နေတုန်း ဟောဒီမှတ်ပုံတင်လေးဟာ ဒီရေလှိုင်းနဲ့ပါလာပြီး ကမ်းစပ်က သောင်ပေါ်မှာ ရေစိုပြီး တင်နေပါတယ် ဆရာ"

သမ္ဘန်သမား ကိုဘတိုးသည် ပခုံး၌လွယ်ထားသော လွယ်အိတ်အတွင်းမှ ရေစိုနေသော မှတ်ပုံတင်ကို ထုတ်ပြသည်။

မြို့နယ်မှူးနှင့် ရဲအရာရှိများသည် မှတ်ပုံတင်ကို ကြည့်ကြသည်။ မှတ်ပုံတင်သည် ရေထဲမျောလာသည်ဟု ဆိုသော်လည်း ပလတ်စတစ်အုပ်ထားသောကြောင့် စာလုံးများ ပျက်မသွား။

မြို့နယ်မှူးသည် မှတ်ပုံတင်ကို သေချာစွာ ကြည့်သည်။

**အမည်-နန်းလုလုကြည်။**

**အဘအမည်-ဦးခမ်းလိပ်။**

**မွေးဖွားသည့်နေ့ရက်-၁၃၂၀ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်။**

**မွေးဖွားရာဒေသနှင့် နိုင်ငံသား-ကလောမြို့၊ ရှမ်းပြည်နယ်။**

**အလုပ်အကိုင်-ကျောင်းသူ။**

**အိမ်ထောင်ရေးအခြေအနေ-အပျို။**

**သက်သေခံ အမှတ်အသားများ-ဝဲဘက်ပါးတွင် မှဲ့နက်ငယ်(၁)ရှိ။**

နန်းလုလုကြည်သည် ကလောမြို့ဇာတိဖြစ်ကြောင်း မှတ်ပုံတင်၌ ဖော်ပြထားသည်။

၁၃၂၀ ခုနှစ်တွင် မွေးဖွားခဲ့ရာ ယခုဆိုလျှင် အသက် နှစ်ဆယ့်ရှစ်နှစ်ခန့် ရှိပြီဖြစ်သည်။ သေဆုံးသူမှာ အသက်သုံးဆယ်ခန့်ဟု ခန့်မှန်းထားသည်။ မှတ်ပုံတင်ပေါ်ရှိ ဓာတ်ပုံကို သေချာကြည့်ပါက သေဆုံးသူပုံနှင့် ခပ်ဆင်ဆင် ဖြစ်နေသည်။

သေသူသိမှ အမှုမှန်ဖော်ထုတ်ရန်အတွက် ခြေရာခံနိုင်မည် ဖြစ်သည်။

* * *

**အမှန်တရားရှာဖွေမှု(၁)**

မြို့နယ်မှူးသည် ရှမ်းပြည်နယ်၊ ကလောမြို့သို့ တိုင်းပြည်သူရဲမှ တွဲဖက်ပေးထားသော ရဲအုပ်ဦးတင့်ရွှေကို အထက်အရာရှိများထံ အမိန့်ခံပြီး ချက်ချင်းလွှတ်လိုက်သည်။

မှတ်ပုံတင်ပေါ်၌ပါသော လက်ပုံစံနှင့် သေဆုံးသူထံမှ ရယူထားသော လက်ပုံစံတို့ကို တူ၊ မတူ စစ်ဆေးပေးရန် အင်းစိန် စီအိုင်ဒီသို့ ပို့သည်။

ရဲအုပ်တင့်ရွှေသည် ကလောမြို့ရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန အကူအညီဖြင့် နန်းလုလုကြည်၏ မှတ်ပုံတင်ကိုပြသည်။ လိပ်စာမေးသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အရာရှိတစ်ဦး အကူအညီဖြင့် ကလောမြို့ ဈေးအနီးမှ နန်းလုလုကြည်၏ နေအိမ်သို့ သွားခဲ့ကြသည်။

"ဦးတင့်ရွှေ . . ဟိုရှေ့က နှစ်ထပ်တိုက်က နန်းလုလုကြည်တို့အိမ်ပဲ"

ဦးတင့်ရွှေသည် တိုက်ရှေ့တွင် ရပ်လိုက်သည်။ တိုက်အတွင်း၌ရှိနေသူများက အပြင်မှ ရဲဝတ်စုံနှင့် ဦးတင့်ရွှေကို လှမ်းမြင်ကြသည်။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ ဆရာကြီး"

ဦးတင့်ရွှေက အိမ်ရှေ့ပေါက်အထိ တိုးသွားပြီး . . .

"ဒီအိမ်က နန်းလုလုကြည်တို့ အိမ်ပါလား"

"ဟုတ်ပါတယ်၊ အထဲကိုကြွပါ"

အသက် ငါးဆယ်ခန့် အမျိုးသမီးကြီးတစ်ဦးက ဖော်ရွေစွာပြောကာ တံခါးဖွင့်ပေးသည်။ ဦးတင့်ရွှေတို့ ဧည့်ခန်း၌ ဝင်ထိုင်ကြသည်။

"ကျွန်မ လုလုကြည် အမေပါ။ သူက လုလုကြည်အဖေပါ။ ဘာကိစ္စရှိလို့ပါလဲ"

နန်းလုလုကြည်၏ မိခင်၊ ဖခင်များကို တွေ့ရသည်။

"ကျွန်တော် နန်းလုလုကြည်နဲ့ ခဏတွေ့ပါရစေ"

"နန်းလုလုကြည် ရန်ကုန်သွားတယ် ဆရာကြီး။ တစ်လလောက်ရှိပါပြီ။ အလုပ်အတွက် စာမေးပွဲဖြေဖို့ သွားပါတယ်"

သွက်လက်လှသော နန်းလုလုကြည်၏ မိခင်ဖြစ်သူက ဖြေသည်။

"ရန်ကုန် ဘယ်မှာတည်းလဲ အဒေါ်"

"ရန်ကုန်မှာ ကျွန်မညီမ နန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

ရှဲ ၁၂၃ လမ်းမှာနေတယ်။ အဲဒီမှာ တည်းတယ်"

"အဒေါ်တို့နဲ့ ဘယ်တုန်းက အဆက်အသွယ်ရသေးလဲ"

"သွားပြီး လေးငါးရက်က လူကြုံနဲ့ စာပေးလိုက်တာပဲရတယ်"

"နေပါဦး ဆရာကြီးရဲ့ သမီး ဘာများဖြစ်လို့လဲ စိတ်ပူလိုက်တာ"

စိုးရိမ်စိတ်နှင့် မေးလာသော အဒေါ်ကြီးကို ဦးတင့်ရွှေက နှစ်သိမ့်ရသည်။

"ဘာမှ စိတ်မပူပါနဲ့ အဒေါ်။ နန်းလှလှကြည်ကိုတွေ့ပြီး မေးစရာလေး ရှိလို့ပါ။ သူနဲ့ မပတ်သက်ပါဘူး။ အကူအညီတောင်းချင်တာလေး ရှိလို့ပါ။ ကဲ・・・ကျွန်တော်တို့ပြန်မယ်"

"ဟုတ်ကဲ့ရှင့်၊ အရေးကြီးရင်လည်း သိပါရစေ"

နန်းလှလှကြည်၏ မိဘများအား စိတ်ပူမည်စိုး၍ အဖြစ်မှန်ကို မပြောပြခဲ့။ ကြည့်ကောင်းရုံသာ ပြောခဲ့သည်။ ကလောမှ သာစည်သို့ မီးရထားဖြင့် ပြန်ခဲ့ပြီး သာစည်မှ ရန်ကုန်သို့ ရထားဖြင့် အမြန်ပြန်ခဲ့သည်။

ညရထားစီးခဲ့၍ နံနက် ၉ နာရီအချိန် ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။

ရန်ကုန်ဘူတာကြီးရောက်သည်နှင့် အိမ်သို့မပြန်။ ၁၂၃ လမ်းသို့ တိုက်ရိုက်သွားသည်။

နှစ်ထပ်တိုက်အဆောက်အအုံသည် သော့ခတ်ထားသည်။ လူဝင်တံခါးမဘေးရှိ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

"ဘယ်သူတွေချင်ပါသလဲ ခင်ဗျာ"

အသက်နှစ်ဆယ်ခန့် လူရွယ်တစ်ဦး အပေါက်ဝတွင် လာရပ်ရင်း မေးသည်။

"ဒါ ဒေါ်နန်းကျင်ရုံတို့ အိမ်ပါလား"

"ဟုတ်ကဲ့"

"ဒါဖြင့် နန်းလှလှကြည်နေတာ ဒီအိမ်ပေါ့"

"ဟုတ်ပါတယ်၊ အထဲဝင်ပါဦး"

လူရွယ်သည် အတွင်းသို့ သော့သွားယူပြီး တံခါးကို ဖွင့်ပေးသည်။

ရဲအုပ်ဦးတင့်ရွှေသည် ဧည့်ခန်း၌ ဝင်ထိုင်လိုက်သည်။

"မမရေ・・・ဧည့်သည်"

လူရွယ်က မမဟုခေါ်ကာ အတွင်းသို့ပြန်ဝင်လာသည်။

အသက်သုံးဆယ်ဝန်းကျင်ခန့် အမျိုးသမီးတစ်ဦး ထွက်လာသည်။

"ကျွန်မ လှလှကြည်ပါ"

"ဗြော်・・・ဟုတ်ကဲ့"

လှလှကြည် ဦးတင့်ရွှေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

"ဘာကိစ္စများ ရှိပါသလဲရှင့်"

ရဲအုပ်ဦးတင့်ရွှေမှာ နန်းလှလှကြည်အစစ်ကို တွေ့နေရသည်။ ဘယ်ဘက်ပါးတွင် မှဲ့တစ်လုံးရှိနေသည်။

နန်းလှလှကြည်သည် သေဆုံးသူအမျိုးသမီးမဟုတ်ကြောင်း ထင်ရှားသွားသည်။

"ဟုတ်ကဲ့၊ ဒီလိုပါ။ နန်းလှလှကြည်ရဲ့ မှတ်ပုံတင်များ ပျောက်ဖူးသလား။ ဘယ်လိုပျောက်သလဲ သိပါရစေ"

"ဗြော်・・・ဟုတ်ပြီ။ ကျွန်မ ကလောကနေ ရန်ကုန်မှာ ဥပဒေဝန်ထမ်း အဆင့်(၄) စာမေးပွဲလာဖြေတာပါ။ လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်က ဘတ်စ်ကားစီးရင်း ကျွန်မလက်ကိုင်အိတ် ခါးပိုက်နှိုက်ခံရပါတယ်။ ငွေအနည်းငယ်နဲ့ မှတ်ပုံတင်ပါသွားပါတယ်"

"ဒီမှတ်ပုံတင် ထင်ပါတယ်"

ဦးတင့်ရွှေပြသော မှတ်ပုံတင်ကို နန်းလှလှကြည်က ကိုင်ကြည့်ပြီး -

"ဟုတ်ကဲ့ပါရှင်။ ကျွန်မ မှတ်ပုံတင်ပါပဲ"

"ဒါဖြင့်ရင် မနက်ဖြန်မနက် ၁၀ နာရီ ရဲစခန်းလာယူလှည့်ပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်"

ရဲအုပ်ဦးတင့်ရွှေက ၁၂၃ လမ်းမှ ပြန်ခဲ့သည်။

အဖြစ်အပျက် တွေ့ရှိပုံများကို မြို့နယ်မှူးထံ သတင်းပို့ရဦးမည်။

မသင်္ကာစရာ အချက်တစ်ချက်သည် လမ်းဆုံးထိ လိုက်စုံစမ်းရာ အမှုနှင့် မပတ်သက်ကြောင်း သိရသည်။

ခါးပိုက်နှိုက်သည် သူ့အတွက် အသုံးမဝင်သော မှတ်ပုံတင်ကို မြစ်ထဲ ပစ်ချခဲ့သည်။

**အမှန်တရားကို ဆက်လက်ရှာဖွေကြရဦးမည်။**

* * *

**အမှန်တရားရှာဖွေမှု(၂)**

"ငါ့သမီးနာမည်က"

"နုနုထွေးပါ"

မြို့နယ်မှူးနှင့် ရဲအုပ်ဦးတင့်ရွှေတို့

www.burmeseclassic.com

သည့် နနထွေးဆိုသော ကျောင်းသူတစ်ဦးကို ရဲစခန်းသို့ ခေါ်၍ အကူအညီတောင်းရင်း မြို့နယ်မှူးကမေးမြန်းသည်။

"ဒီက တူမ နနထွေးကို ဦးတို့ အကူအညီတောင်းချင်လို့ပါ။ ရက်ပိုင်းအတွင်းက အမျိုးသမီးတစ်ယောက်ကို သတ်ပြီး အလောင်းကို သေတ္တာထဲထည့်ပြီး ဈေးထဲမှာ ထားခဲ့တာ သမီးသိမယ်ထင်ပါတယ်"

"သိပါတယ် ဦး။ ဒီသတင်းက ကျောင်းမှာရော၊ အိမ်မှာရော လူတိုင်းပြောနေကြပါတယ်။ သမီးတို့လည်း စိတ်ဝင်စားပါတယ်။ သမီးကူညီနိုင်မယ့်ကိစ္စဆိုရင် ကူညီပါ့မယ်"

"သေသူ ဘယ်သူဆိုတာ အခုထိ မသိရသေးဘူး သမီး။ သမီးတို့နဲ့ အခန်းချင်းကပ်လျက် ဒေါ်မာဂရက်နဲ့ သူ့သမီး ပျောက်နေတယ်လို့ ဦးတို့သိရတယ်။ သမီးသိလား"

"ဟုတ်ပါတယ် ဦး"

"ဒေါ်မာဂရက်က အသက်ဘယ်လောက်ရှိပြီလဲ သမီး။ သမီးမှန်းရသလောက်ပေါ့"

"အသက် ၂၈ နှစ်လောက် ရှိပါပြီဦး"

"သူ့သမီးလေးကရော အသက်ဘယ်လောက် ရှိပြီထင်လဲ"

"ခုနစ်နှစ်လောက် ရှိပြီထင်ပါတယ်"

"သမီး သေဆုံးသူတွေရဲ့ ဓာတ်ပုံကို ကြည့်ရဲရဲ့လား"

နနထွေးက စဉ်းစားရင်း ပြုံးလိုက်သည်။

"ကြည့်ရဲပါတယ်ဦး။ သမီးတို့က ဝတ္ထုဆိုရင်လည်း မှုခင်းဝတ္ထုတွေမှ ဖတ်တာပါ"

"ရော့ ဒီမှာကြည့်သမီး။ ဒီသေသူအမျိုးသမီးနဲ့ ကလေးဟာ ဒေါ်မာဂရက်နဲ့ သူ့သမီး ဟုတ်မဟုတ် ကြည့်ပေးပါ"

မြို့နယ်မှူးက သေဆုံးသူများ ဓာတ်ပုံကို စက္ကူအိတ်အတွင်းမှ ထုတ်၍ နနထွေးကို ပေးလိုက်သည်။

နနထွေးသည် လှမ်းယူလိုက်ပြီး တစ်ပုံချင်း သေချာစွာကြည့်သည်။

"မျက်ခုံးမွေး နုတ်ထားတာရော၊ ပါးစပ်အနေအထားရော၊ ဘယ်ဘက်ပါးပေါ်က မှဲ့အနေအထားရော အန်တီမာဂရက်နဲ့ တစ်ထေရာတည်းပဲဦး"

မြို့နယ်မှူး ကျေနပ်စွာ ပြုံးလိုက်သည်။ အလင်းရောင် ပေါ်ပေါက်လာသော အပြုံး။ ဘဲဥအစရှာမရသလို ဖြစ်နေသည့် သေသူ မည်သူတွေမှန်း မသိသော လူသတ်မှုအတွက် "အနာသိလျှင် ဆေးရှိသည်"ဆိုသလို သေသူသိလျှင် အမှုမှန်ပေါ်ရတော့မည်ဟူ၍ အားတက်မိသည်။

"ဟောဒီသေသူကလေး ဓာတ်ပုံလည်း ကြည့်ပါဦး"

နနထွေးသည် ဓာတ်ပုံကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"အန်တီမာဂရက်ရဲ့ သမီးလေး ဖြူမာ ဖြစ်နိုင်တယ်ဦး။ တူတယ်"

သေသူ မည်သူမည်ဝါကိုတော့ ပေါ်ပြီဟု မှတ်သားလိုက်ရသည်။

"ဒါနဲ့ ဒေါ်မာဂရက်က အိမ်ထောင်ရှိသလား သမီး"

တစ်ချိန်လုံး မြို့နယ်မှူးနှင့် နနထွေးတို့ အမေးအဖြေလုပ်နေသည်ကို နားထောင်နေသော ရဲအုပ်ဦးတင့်ရွှေက ဝင်မေးလိုက်သည်။

"ရှိပါတယ် ဦး။ ဦးအမောင်လို့ ခေါ်ပါတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်က အမေရိကကို အလုပ်လုပ်ဖို့သွားပါတယ်"

"ဒေါ်မာဂရက်တို့အိမ်မှာ လူဘယ်နှယောက် နေသလဲ"

"ဒေါ်မာဂရက်ရယ်၊ သူတို့ရဲ့တစ်ဦးတည်းသောသမီး ဖြူမာရယ် နှစ်ယောက်တည်း နေပါတယ်။ အန်ကယ်ဦးအမောင်က ပွဲရုံတွေမှာ ရှယ်ယာထည့်ထားတယ်လို့ သိရပါတယ်။ အန်တီမာဂရက်တို့ ချောင်ချောင်လည်လည်သုံးနိုင်ပါတယ်။ အန်တီမာဂရက်က ညနေတိုင်း အင်းလျားမှာ ရေသွားကူးပါတယ်။ သူကိုယ်သူ အလှသိပ်ပြင်ပါတယ်။ သမီးတို့ကို ရေကူး တစ်ခါတလေ ခေါ်သွားတတ်ပါတယ်"

"သမီးတို့နဲ့ နောက်ဆုံး ဘယ်နေ့က တွေ့ရသလဲ"

"လွန်ခဲ့တဲ့ ၁၀ ရက်ကျော်ကျော်လောက်ကပါ။ အန်တီမာဂရက်က တောင်ကြီးဘက် အလည်သွားဦးမယ်၊ နိုင်ငံခြားက စာတို့၊ ကြေးနန်းတို့လာရင် ယူထားပေးပါလို့ ပြောသွားတယ်။ အဲဒီနောက်တော့ မတွေ့ရတော့ပါဘူး"

"ဒေါ်မာဂရက်က ဘယ်သူနဲ့ အတွဲဆုံးလဲ သမီး"

နနထွေး ခေါင်းကုတ်ရင်း စဉ်းစားလိုက်သည်။

"သူက အတွဲကတော့ ခပ်များများပဲဦး။ သမီးသတိမထားမိပါဘူး။ တွဲတဲ့လူတွေလည်း သမီးမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပါပဲ။ နောက်ထပ် သတင်းထူးလေးရရင်လည်း ဦးတို့ကို ဆက်သွယ်ပါ"

"ဟုတ်ကဲ့ ဦး။ သမီးထူးခြားတာ ရှိရင် ချက်ချင်းလာပြောပါမယ်"

* * *

**အမှန်တရားရှာဖွေမှု(၃)**

ဒေါ်မာဂရက် ဘယ်ထွက်သွားသည်ကို ပြည်သူ့ရဲတပ်ဖွဲ့များ စုံစမ်းကြသည်။

သေဆုံးသူများသည် ဒေါ်မာဂရက်နှင့် သူ့သမီးဖြစ်သူ ဖြူမာတို့ ဖြစ်နိုင်ကြောင်း အိမ်နီးချင်းဖြစ်သူ နုနုထွေးက ဆိုသည်။

ဒေါ်မာဂရက်၏ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သော "လှသူဇာ ကိုယ်ကာယအလှသင်တန်း"ပိုင်ရှင် ဒေါ်ဥမ္မာခင်ကို မြို့နယ်မှူးက သွားတွေ့သည်။

အမျိုးသမီး ကိုယ်ကာယလှလှလေးများ ချိတ်ဆွဲထားသော ဒေါ်ဥမ္မာခင်၏ ရုံးခန်းသည် သစ်လွင်သော ပရိဘောဂများ၊ နောက်ဆုံးပေါ် ရုပ်မြင်သံကြားစက်များဖြင့် ခံ့ညားထည်ဝါလှသည်။

"ကျွန်တော်က မြို့နယ်ရဲတပ်ဖွဲ့မှူးပါ။ ဒေါ်ဥမ္မာခင်ဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်ဆီက ဘယ်လိုအကူအညီများ..."

"ဒီလိုပါ ခင်ဗျာ၊ ဒေါ်ဥမ္မာခင် ဒေါ်မာဂရက်ကို သိပါသလား"

"သိပါတယ်ရှင်။ ကျွန်မအချစ်ဆုံး သူငယ်ချင်းပါ။ သူနဲ့ စိတ်တူကိုယ်တူ တွေ့မို့ ငယ်စဉ်ကလေးဘဝကနေ အခုထိ ခင်မင်နေဆဲပါ"

"အခု ဒေါ်မာဂရက်တစ်ယောက် ဘယ်ရောက်နေတယ်ဆိုတာများ ဒေါ်ဥမ္မာခင် သိပါသလား"

"သိပါတယ်။ သူ လွန်ခဲ့တဲ့ ၁၀ ရက်လောက်က မေမြို့သွားမယ်လို့ပြောပြီး သူ့သမီးလေးနဲ့ အတူသွားကြပါတယ်"

"သူတို့နဲ့ ဘယ်သူပါသေးသလဲ။ မေမြို့မှာရောက်ရင် ဘယ်မှာတည်းတတ်သလဲ"

"ဘယ်သူမှ မပါပါဘူး။ သားအမိနှစ်ယောက်တည်းပါ။ သူတို့ နန်းမြိုင်တည်းခိုခန်းမှာ တည်းတတ်ပါတယ်ရှင်"

"ဒါနဲ့ ဒေါ်ဥမ္မာခင်ကို ပြရဦးမယ်။ ဒီဓာတ်ပုံထဲက အမျိုးသမီးကိုများ သိပါသလား"

ရဲအုပ်ကြီးက အနီးကပ်ရိုက်ထားသော သေဆုံးနေသူများ၏ ဓာတ်ပုံများကို ပြသလိုက်သည်။

"ဟင်...ဒါ မာဂရက်နဲ့ တူလှပါလား"

ဒေါ်ဥမ္မာခင် အံ့အားသင့်စွာ ဆိုလိုက်သည်။

"ဟုတ်ပါတယ် ဒေါ်ဥမ္မာခင်။ ဒီဓာတ်ပုံထဲက သေဆုံးတဲ့သူတွေဟာ ဘယ်သူဆိုတာ သိချင်တာနဲ့ အကူအညီတောင်းဖို့ လာခဲ့တာပါ"

"မာဂရက်တစ်ယောက် လွန်ခဲ့တဲ့ ၁၀ ရက်လောက်က မေမြို့ကို တက်သွားပါတယ်။ သူဘယ်မှာ သေဆုံးတာလဲရှင်"

"သေသူဟာ ဒေါ်မာဂရက် ဟုတ်မဟုတ် ကျွန်တော်တို့ အတည်ပြုဖို့ စုံစမ်းနေဆဲပါ ဒေါ်ဥမ္မာခင်"

"ဟုတ်ကဲ့၊ ဒီအလောင်းက"

"မြို့လယ်က ဈေးမှာ သေတ္တာကြီးနဲ့ချသွားတဲ့ အလောင်းပါ"

"ရှင်...ဟိုနေ့က သတင်းစာထဲမှာ ပါတာလား။ ဘုရား...ဘုရား။ ဒါပေမယ့်ရှင် မာဂရက် မေမြို့သွားတော့ လေယာဉ်ကွင်းကို ကျွန်မကိုယ်တိုင် လိုက်ပို့ခဲ့ပါတယ်။ ကျွန်မလည်း လေယာဉ်ထွက်မှ ပြန်လာတာပါ။ ဒီမှာ အသတ်ခံရတာတော့ မဖြစ်နိုင်ဘူး"

"ဟုတ်ကဲ့၊ ဒါကြောင့် ကျွန်တော်တို့လည်း အတည်ပြုဖို့ စုံစမ်းနေပါတယ်။ ဒေါ်မာဂရက်ရဲ့ လက်ပုံစံနဲ့ ပတ်သက်တဲ့ အမှတ်အသားများ ဒေါ်ဥမ္မာခင်ဆီမှာ ရှိသေးလား"

"ကျွန်မဆီမှာ သူ့မှတ်ပုံတင်ကို မိတ္တူကူးထားတာ ရှိပါတယ်။ သော့ ကျွန်မသမီး သိမ်းထားပါတယ်။ ရေကူးသင်တန်းက ညနေ ၇ နာရီလောက် ပြန်လာရင် ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်"

"ဟုတ်ကဲ့။ ကျွန်တော်တို့ ညနေ ၇ နာရီကစပြီး စောင့်နေပါ့မယ်"

မြို့နယ်မှူးနှင့် အဖွဲ့သည် ရဲစခန်းသို့ ပြန်ခဲ့ကြသည်။ ရဲစခန်းပြန်ရောက်လျှင် မြို့နယ်မှူး တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို ရှာပြီး မေမြို့ နန်းမြိုင်တည်းခိုရိပ်သာ စကားပြောကြေးနန်း နံပါတ်ကို ရှာသည်။ တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် မေမြို့ နန်းမြိုင်တည်းခိုရိပ်သာနံပါတ် အဆင်သင့်တွေ့ရသည်။

မြို့နယ်မှူးသည် နန်းမြိုင်တည်းခိုရိပ်သာကို ဖုန်းခေါ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နာရီဝက်ခန့်တွင် မေမြို့ကို ခေါ်၍ ရသည်။

"နန်းမြိုင် တည်းခိုရိပ်သာကပါလား"

"ဟုတ်ပါတယ်ရှင်"

မြို့နယ်မှူး မေးသည်၊ တစ်ဖက်မှ အမျိုးသမီးတစ်ဦးက ပြန်ဖြေသည်။

"ဟုတ်ပါတယ်ရှင်"

"ကျွန်တော် —ရဲစခန်းက မြို့နယ်မှူး ရဲအုပ်ကြီးပါ"

"ဟုတ်ကဲ့၊ ပြောပါရှင်။ ကျွန်မတို့ ဘာများ ကူညီရမလဲ"

"အဲဒီမှာ ရန်ကုန်က ဒေါ်မာဂရက်နဲ့ ခုနစ်နှစ်လောက်ရှိတဲ့ သမီးလေးများ လာတည်းနေတာများ ရှိပါသလား"

"ခဏလေးစောင့်ပါရှင်။ ကျွန်မ စာရင်းကြည့်ပေးပါ့မယ်"

မြို့နယ်မှူးက တယ်လီဖုန်း စကားပြောခွက်ကို ကိုင်ရင်း ခေတ္တစောင့်နေသည်။

"ဟုတ်ကဲ့ရှင်။ ဒေါ်မာဂရက်နဲ့ သူ့သမီးလေး အခန်းနံပါတ်(၇)မှာ တည်းနေပါတယ်"

"ရှိနေရင် စကားပြောပါရစေ"

"ဟုတ်ကဲ့၊ ခဏစောင့်ပါ။ ကျွန်မ သွားခေါ်ခိုင်းပေးပါ့မယ်"

မြို့နယ်မှူးက စကားပြောခွက် ကိုင်ရင်း ခေတ္တစောင့်နေသည်။ ထိုစဉ် ဒေါ်ဥမ္မာခင်နှင့် သမီးဖြစ်သူ သူဇာခင်တို့ မြို့နယ်မှူးရုံးခန်းအတွင်း ဝင်လာသည်။

မြို့နယ်မှူးက မျက်နှာချင်းဆိုင် ရှိကုလားထိုင်တွင် ဝင်ထိုင်ရန် လက်ဟန်ပြသည်။ စကားပြောခွက်ကို လက်ဖြင့်ပိတ်ရင်း . . .

"အတော်ပဲ ဒေါ်ဥမ္မာခင်။ ခင်ဗျား သူငယ်ချင်း မေမြို့ နန်းမြိုင်မှာ ရှိနေတယ်။ အခု သူ့အခန်း သွားခေါ်နေတယ်"

"ဟဲလို ဒေါ်မာဂရက်ပါလား"

တစ်ဖက်မှ အသံတိုးတိုးပေါ်လာသည်။

"ဟုတ်ပါတယ်။ ကျွန်မ မာဂရက်ပါ"

"ကျွန်တော် မြို့နယ်မှူးပါ . . .။ အကြောင်းကတော့ ဒေါ်မာဂရက်တို့ မေမြို့ ချောချောမောမော ရောက်မရောက်သိချင်တာနဲ့ လှမ်းစုံစမ်းတာပါ"

"ဟုတ်ကဲ့၊ ကျွန်မတို့ အခုထိ ဘာအန္တရာယ်မှ မရှိပါဘူး"

"ဒေါ်မာဂရက်သူငယ်ချင်း ဒေါ်ဥမ္မာခင်က စိတ်ပူလို့ မေမြို့ရောက်မရောက် စုံစမ်းပေးပါဆိုလို့ ဖုန်းဆက်ပြီး စုံစမ်းကြည့်တာပါ။ ဒေါ်ဥမ္မာခင်နဲ့ ပြောလိုက်ပါဦး"

မြို့နယ်မှူးက အဓိပ္ပာယ်ပါပါ ခေါင်းညိတ်ပြကာ တယ်လီဖုန်းကို ဒေါ်ဥမ္မာခင်ထံသို့ ပေးလိုက်သည်။

အဖြစ်အပျက်အမှန်ကို ဒေါ်မာဂရက် မသိစေလိုကြောင်း ဒေါ်ဥမ္မာခင် သဘောပေါက်လိုက်သည်။

စကားပြောခွက်ကို လှမ်းယူရင်း

"မာဂရက်လား"

"ဟုတ်တယ် ဥမ္မာ"

"မင်းအတွက် စိတ်မချလို့ ကိုယ် စုံစမ်းခိုင်းတာပါ"

"မင်းက အခုမှ ထူးထူးခြားခြား စိတ်မချ ဖြစ်နေရတယ်။ ကျေးဇူးတင်ပါတယ် သူငယ်ချင်း။ ကိုယ်မနက်ဖြန် လေယာဉ်နဲ့ ပြန်ခဲ့မယ်"

"အေး . . . ကိုယ် လေယာဉ်ကွင်း လာကြိုမယ်"

ဒေါ်ဥမ္မာခင် ဖုန်းကို အောက်သို့ ချလိုက်သည်။

"မာဂရက် အသက်ရှင်လျက် ရှိနေပါတယ် မြို့နယ်မှူး။ မနက်ဖြန် သူ ပြန်လာပါမယ်တဲ့။ သူ့အတွက် ကျွန်မ စိတ်ပူလိုက်ရတာ အခုမှပဲ စိတ်အေးရတော့တယ်"

ဒေါ်ဥမ္မာခင် နှုတ်ဆက်၍ ပြန်သွားတော့သည်။


မြို့နယ်မှူးနှင့် ရဲအုပ်တင့်ဆွေ ရဲအရာရှိများ စဉ်းစားကြသည်။

သေဆုံးသူ အမှန် သိရမလိုလိုနှင့် အလှမ်းဝေးကွာသွားခဲ့ပြန်ပြီ ဖြစ်သည်။

ဘဲဥအစရှာမရသလို ဖြစ်ရပြန်သည်။ မည်သို့ပင်ဖြစ်စေ၊ အမှန်တရားကို ဆက်လက်ရှာဖွေ ဖော်ထုတ်ရန်မှာ ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ပင် . . .။

(ဆက်လက်ဖော်ပြပါမည်။)


**ခင်မောင်ထွန်း(လမ်းမတော်)**





www.burmeseclassic.com

www.burmeseclassic.com



# ယာဉ်မတော်တဆမှုများ

တာမွေမီးပွိုင့်တည်ရာသည် လမ်းငါးခွဆုံရာနေရာ ဖြစ်သည်။ နံနက် ၉ နာရီလောက်မှစ၍ ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်။ မကြာမကြာ တွေ့ရသည့်မြင်ကွင်းမှာ လိုင်းကားတချို့သည် တန်းစီနေသော ယာဉ်ကြောကို ပန်း၍ မျက်နှာချင်းဆိုင် ကားလမ်းကို ပြောင်းပြန်မောင်းနှင်ပြီး မီးပွိုင့်သို့ ချဉ်းကပ်လေ့ရှိသည်။ မျက်နှာချင်းဆိုင်မှ လမ်းမှန်မောင်းလာသော ကားငယ်များမှာ ယင်းလိုင်းကားကို ကပျာကယာ ရှောင်ကြရသည်။

မီးပွိုင့်ထိပ်သို့ရောက်သောအခါ အဆိုပါ လိုင်းကားသည် ကွေ့လမ်းကြောင်းမှ ပေါ်ပေါ်ထင်ထင် အဖြောင့်သွားမည့် လမ်းကြောင်းကို လုဝင်ပြီး မီးပွိုင့်ကို ဖြတ်ကျော်မောင်းနှင်သွားတော့သည်။

ယင်းသို့ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုမကြာခဏ ဖြစ်ရသည်။ လူအများ ခန္ဓာပျက်ကြွေကြရသည်။ ၂၀၁၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ စုစုပေါင်း ယာဉ်တိုက်မှု ၁၃၉၁၂ မှု၊ စုစုပေါင်း သေဆုံးမှု ၃၇၂၁ ယောက်ရှိကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်းစာရင်းတွင် ယာဉ်မောင်းသူကြောင့် ၉၃.၇၇% ရှိသည်ဟု ပြဆိုထားသည်။

ယာဉ်မောင်းသူတို့အထဲတွင် လိုင်စင်မဲ့ ယာဉ်မောင်းသူတို့ကြောင့်လည်း ယာဉ်တိုက်မှုဖြစ်ပွားရခြင်း များစွာရှိကြောင်း စစ်ဆေးတွေ့ရှိရသည် ဟူ၏။

"ယာဉ်မောင်းတွေကို ယာဉ်မောင်းလိုင်စင်ရှိမရှိ စစ်ဆေးတဲ့အခါ ၅၅.၄၃% ကျော်က လိုင်စင်မရှိဘဲ မောင်းနှင်တာကြောင့် ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားရတာပါ"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒု-ဝန်ကြီး ဦးချန်အောင်က ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှု စာရင်းအရ တစ်ရက်လျှင် ယာဉ်တိုက်

❐ ကိုမောင်သန်းဝင်း ❐



www.burmeseclassic.com

www.burmeseclassic.com

၃၀.၁၂ မှုခန့် ဖြစ်ပွားပြီး ဒဏ်ရာရသူ ၆၄.၀၅ ဦးခန့်နှင့် သေဆုံးသူ ၁၀.၁၉ ဦးခန့်ရှိကြောင်း တွေ့ရသည်။

လွန်ခဲ့သည့် ငါးနှစ်အတွက် သုံးသပ်ရာတွင် နှစ်စဉ် ပျမ်းမျှအားဖြင့် ယာဉ်တိုက်မှု ၁၃.၃၃ ရာခိုင်နှုန်းခန့်၊ ဒဏ်ရာရသူ ၁၂.၄၀ ရာခိုင်နှုန်းနှင့် သေဆုံးသူ ၁၄.၄၉ ရာခိုင်နှုန်းခန့် တိုးနေသည်ကို ဝမ်းနည်းဖွယ် တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု၊ ဒဏ်ရာရမှုနှင့် သေဆုံးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြထားသည်။

### မြန်မာနိုင်ငံ၏ ယာဉ်မတော်တဆထိခိုက်အန္တရာယ်ဖြစ်မှု အခြေအနေပြဇယား

| စဉ် | ခုနှစ် | ယာဉ်တိုက်မှု | ဒဏ်ရာရမှု | သေဆုံးမှု | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၂၀၀၉ | ၈၄၆၁ | ၁၄၇၀၀ | ၂၁၇၃ | |
| ၂။ | ၂၀၁၀ | ၉၀၂၀ | ၁၆၀၁၃ | ၂၄၆၁ | |
| ၃။ | ၂၀၁၁ | ၁၀၁၂၃ | ၁၇၀၈၀ | ၂၇၉၆ | |
| ၄။ | ၂၀၁၂ | ၁၁၆၇၅ | ၁၉၆၈၄ | ၃၄၂၂ | |
| ၅။ | ၂၀၁၃ | ၁၃၉၁၂ | ၂၃၃၇၈ | ၃၇၂၁ | |

ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းများကို ဆန်းစစ်ကြည့်ရာ ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အခြေခံအားဖြင့် ယာဉ်ကို ကောင်းမွန်စွာ မောင်းနှင်တတ်သော်လည်း ယာဉ်မောင်းစည်းကမ်းပျက်ခြင်းကြောင့် ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်ဟူ၏။

ယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ ကိုင်ဆောင်သူအချိုးကို စိစစ်ရာတွင် ၂၀၁၁ ခုနှစ်တွင် ၁း၁ ဒသမ

### ၂၀၁၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာ

| စုပေါင်း ယာဉ်တိုက်မှု | စုစုပေါင်း ဒဏ်ရာရရှိသူ | စုစုပေါင်း သေဆုံးသူ |
|---|---|---|
| ၁၃၉၁၂ မှု | ၂၃၃၇ ယောက် | ၃၇၂၁ ယောက် |

### ယာဉ်တိုက်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများစာရင်း

| ယာဉ်မောင်းသူ | လမ်းကူးပေါ့ဆမှု | ယာဉ်ချို့ယွင်းမှု | လမ်းချို့ယွင်းမှု | ရာသီဥတုကြောင့် |
|---|---|---|---|---|
| ၉၃.၇၇% | ၄.၄၈% | ၁.၄၅% | ၀.၂၈% | ၀.၀၂% |

### ယာဉ်အမျိုးအစားအလိုက် ယာဉ်တိုက်မှုဖြစ်ပွားမှုစာရင်း

| | |
|---|---|
| လူစီးယာဉ် | ၁၇ ဒသမ ၈၄ ရာခိုင်နှုန်း |
| ကုန်တင်ယာဉ် | ၁၁ ဒသမ ၄၇ ရာခိုင်နှုန်း |
| ခရီးသည်တင်ယာဉ် | ၆ ဒသမ ၄၈ ရာခိုင်နှုန်း |
| အခြားယာဉ် | ၁ ဒသမ ၁၃ ရာခိုင်နှုန်း |
| ဆိုင်ကယ် | ၄၉ ဒသမ ၉ ရာခိုင်နှုန်း |
| သုံးဘီးယာဉ် | ၁ ဒသမ ၇၆ ရာခိုင်နှုန်း |
| ထော်လာဂျီ | ၅ ဒသမ ၇ ရာခိုင်နှုန်း |
| တပ်မတော်ယာဉ် | ၀ ဒသမ ၁၉ ရာခိုင်နှုန်း |
| စိစစ်ဆဲ | ၅ ဒသမ ၅ ရာခိုင်နှုန်း |

၀၇ ရှိရာမှ ၂၀၀၃ ခုနှစ်တွင် ၁း၀ ဒသမ ၇၃ သို့ ကျဆင်းလာသဖြင့် ယာဉ်စီးရေ ၁၀၀ တွင် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်သူ ၇၃ ဦးရှိပြီး ယာဉ်မောင်း လိုင်စင်မဲ့ မောင်းနှင်သူ ၂၇ ဦး ရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးရေနှင့် ယာဉ်မောင်းလိုင်စင်ရေတိုးတက်မှုအခြေအနေကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်။

တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်နှင့်အညီ တိုးတက်များပြားလာသော ယာဉ်နှင့်လူဦးရေအရ ယာဉ်မတော်တဆ ဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်ရန်အတွက် အရည်အချင်းပြည့်ဝသော ယာဉ်မောင်းကောင်းများကိုသာ ယာဉ်မောင်းလိုင်စစ်ထုတ်ပေးရန်နှင့် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာရှိ ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းနှစ်

www.burmeseclassic.com

www.burmeseclassic.com

### မြန်မာနိုင်ငံ၏ မော်တော်ယာဉ်တိုးတက်မှုအခြေအနေပြဇယား

| စဉ် | ခုနှစ် | မော်တော် ဆိုင်ကယ် | မော်တော် ယာဉ်စီးရေ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၂၀၀၉ | ၁၆၇၄၂၄၆ | ၃၉၃၅၉၃ | ၂၀၆၇၈၃၉ | |
| ၂။ | ၂၀၁၀ | ၁၈၈၀၉၈၆ | ၄၁၇၆၉၁ | ၂၂၉၈၆၇၇ | |
| ၃။ | ၂၀၁၁ | ၁၉၃၃၆၇၃ | ၄၂၀၆၀၂ | ၂၃၅၄၂၇၅ | ၁၉-၉-၂၀၁၁ မှတ်ပုံတင်သက်တမ်း ကြာမြင့်ယာဉ်များအား ဖျက်သိမ်းရေးနှင့် အစားထိုးယာဉ် တင်သွင်းခြင်း စီမံချက် စတင်။ |
| ၄။ | ၂၀၁၂ | ၃၁၅၃၂၀၁ | ၄၆၁၀၅၅ | ၃၆၁၄၂၅၆ | ၅-၆-၂၀၁၂ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ပေးရေး စီမံချက်ဆောင်ရွက်။ |
| ၅။ | ၂၀၁၃ | ၃၄၁၈၉၁၈ | ၅၉၇၈၃၉ | ၄၀၁၆၇၅၇ | |

### မြန်မာနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်တိုးတက်မှု အခြေအနေပြဇယား

| စဉ် | ခုနှစ် | မော်တော်ဆိုင်ကယ် မောင်းလိုင်စင် | ကိုယ်ပိုင်ယာဉ် မောင်းလိုင်စင် | အငှားယာဉ် မောင်းလိုင်စင် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ၂၀၀၉ | ၁၁၀၁၄၅၀ | ၇၂၈၂၄၅ | ၃၇၁၄၉၃ | ၂၂၀၁၁၈၈ |
| ၂။ | ၂၀၁၀ | ၁၂၉၁၀၈၇ | ၇၇၂၁၅၉ | ၄၀၅၀၄၅ | ၂၄၆၈၂၉၁ |
| ၃။ | ၂၀၁၁ | ၁၃၃၃၁၅၅ | ၇၈၅၇၇၈ | ၄၁၁၉၂၀ | ၂၅၃၀၈၅၃ |
| ၄။ | ၂၀၁၂ | ၁၄၄၉၉၇၂ | ၈၃၃၉၈၇ | ၄၃၀၀၃၃ | ၂၇၁၃၉၉၂ |
| ၅။ | ၂၀၁၃ | ၁၅၈၁၁၂၂ | ၉၀၈၄၆၈ | ၄၄၁၉၂၃ | ၂၉၃၁၅၁၃ |

ကို လေ့လာ၍ မိမိနိုင်ငံနှင့် ကိုက်ညီမည့်စနစ်များကို တိုးမြှင့်၍ စစ်ဆေးပေးရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မောင်းနှင်သူ၊ စီးနင်းသူများအနေဖြင့်လည်း စည်းကမ်းမဲ့မောင်းနှင်ခြင်းများ ရှောင်ကြဉ်၍ နိုင်ငံကြီးသားပီသစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာပြီး စနစ်တကျ မောင်းနှင်ခြင်းဖြင့်လည်းကောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှလည်း ကြီးကြပ်ကွပ်ကဲခြင်းဖြင့်လည်း ဆောင်ရွက်ကြမည်ဆိုလျှင် ယာဉ်မတော်တဆဖြစ်မှု ပါးလျားသွားမည်ဖြစ်ကြောင်းပါဗျာ။

**ကိုမောင်သန်းဝင်း**


ကိုးကား


- TOMORROW News Journal No.2, Volume 3.3.2014
- မြန်မာ့အလင်း ၈-၂-၂၀၁၄




www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်တိုင်း၌ မတ်လအတွင်း ယာဉ်တိုက်မှု



ရန်ကုန်တိုင်းဒေသကြီး၌ မတ်လအတွင်း ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၆၀ ကျော် ရှိခဲ့ကြောင်း ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူး (ရန်ကုန်) ရုံးမှ ဧပြီ ၇ ရက်တွင် သိရှိရသည်။

မတ်လအတွင်း ရန်ကုန်တိုင်း၌ ယာဉ်တိုက်မှု ၂၆၃ မှု ဖြစ်ပွားခဲ့ပြီး ၄၀၅ ဦး ဒဏ်ရာရရှိကာ ၆၀ ဦး သေဆုံး ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်တိုက် မှု ၁၇၁ မှု ဖြစ်ပွားပြီး ၂၁၇ ဦး ဒဏ်ရာရရှိကာ ၃၆ ဦး သေဆုံးခဲ့ကြောင်း၊ စည်ပင်သာယာနယ်နိမိတ် ပြင်ပ၌လည်း ယာဉ်တိုက်မှု ၉၇ မှု ဖြစ်ပွားခဲ့ပြီး၊ ၁၈၈ ဦး ဒဏ်ရာရရှိကာ ၂၅ ဦး သေဆုံးခဲ့သည်။

၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၌ ဇန်နဝါရီလအတွင်း ယာဉ်တိုက် မှု ၂၆၈ မှု ဖြစ်ပွားခဲ့ပြီး ၄၂၀ ဦး ဒဏ်ရာရရှိကာ ၄၄ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ၌လည်း ယာဉ်တိုက်မှု ၂၆၂ မှု ဖြစ်ပွားပြီး ၃၃၁ ဦး ဒဏ်ရာရရှိကာ ၄၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

## ၂၀၁၄ ခုနှစ်၊ မြန်မာ့ရိုးရာသင်္ကြန်အတွင်း တစ်နိုင်ငံလုံး၌ မှုခင်းဖြစ်စဉ်ပေါင်း ၁၁၀ ကျော် ဖြစ်ပွားခဲ့



သင်္ကြန်အကြတ်နေ့တွင် ပြည်လမ်းပေါ်၌ လုံခြုံရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်

၂၀၁၄ ခုနှစ်၊ မြန်မာ့ရိုးရာသင်္ကြန်တွင်း တစ်နိုင်ငံလုံး၌ မှုခင်းဖြစ်စဉ်ပေါင်း ၁၁၀ ကျော်ဖြစ်ပွားခဲ့ပြီး ယခင်နှစ်များထက် လျော့နည်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ဖော်ပြချက်များအရ သိရသည်။

သင်္ကြန်ကာလအတွင်းဖြစ်သည့် ဧပြီ ၁၃ ရက်မှ ဧပြီ ၁၅ ရက်အထိ လူသတ်မှု လေးမှု (သေဆုံးသူလေးဦး၊ ဒဏ်ရာရရှိသူ ငါးဦး)၊ မုဒိမ်းမှုနှစ်မှု၊ ယာဉ်မတော်မဆမှု ၁၆ မှု (သေဆုံးသူ လေးဦး။ ဒဏ်ရာရသူ ၃၈ ဦး)၊ ခိုက်ရန်ဖြစ်ပွားမှု ၃၃ မှု (ဒဏ်ရာရ ၅၇ ဦး)၊ တာဝန်ဝတ္တရားနှောင့်ယှက်မှု နှစ်မှု (ဒဏ်ရာရသူနှစ်ဦး)၊ မိန်းကလေး ကာယိန္ဒြေဖျက်ဆီးမှု လေးမှု၊ လက်နက်ကိုင်ဆောင်မှု ရှစ်မှု၊ ခိုးမှု/ခါးပိုက်နှိုက်မှု ၂၆ မှု၊ မူးယစ်ရမ်းကားမှု ၁၃ မှု၊ အခြားအမှု လေးမှု၊ သေမှုသေခင်းမှု (ငါးဦးသေဆုံး) ဖြစ်ပွားခဲ့ပြီး ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) မှုခင်းဖြစ်စဉ်များ မပါဝင်သေးကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်စဉ် စုစုပေါင်း ၁၁၆ မှု ဖြစ်ပွားခဲ့ကာ သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၂ ဦးထိ ရှိခဲ့သည်ဟု သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

# မဟာသင်္ကြန်နှင့် ယာဉ်အန္တရာယ်

သင်္ကြန်ကာလအတွင်း နှစ်စဉ်ခရီးသည်တင် မော်တော်ယာဉ်များ (ရန်ကုန်တိုင်းဒေသကြီးအတွင်း)၏ ယာဉ်တိုက်မှုဖြစ်ပွားမှုနှုန်း စာရင်းအရ ၂၀၁၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှု သုံးမှု၊ သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရသူ ခြောက်ဦး။ ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှု နှစ်မှု၊ သေဆုံးသူ လေးဦး၊ ဒဏ်ရာရသူ ၄၄ ဦး။ ၂၀၁၂ ခုနှစ်တွင် ယာဉ်တိုက်မှု တစ်မှု၊ သေဆုံးသူ သုံးဦး၊ ဒဏ်ရာရရှိသူ ၁၀ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် ယာဉ်တိုက်မှု ခြောက်မှု၊ သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရသူ ၄၂ ဦးတို့ ရှိနေကြောင်း မထသ (ဗဟို)က ပြီးခဲ့သည့် မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

သင်္ကြန်ကာလအတွင်း နှစ်စဉ် (အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု၊ သေဆုံးမှုနှင့် ဒဏ်ရာရစာရင်းများအရ ၂၀၀၇ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၁ ကြိမ် ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၅၇ ဦး၊ ၂၀၀၈ ခုနှစ်တွင် ယာဉ်တိုက်မှု ကိုးကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ လေးဦး၊ ဒဏ်ရာရသူ ၁၅ ဦး၊ ၂၀၀၉ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၂ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ငါးဦး၊ ဒဏ်ရာရသူ ၄၅ ဦး၊ ၂၀၁၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှု ၂၁ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ငါးဦး၊ ဒဏ်ရာရသူ ၃၃ ဦး၊ ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှု ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ငါးဦး၊ ဒဏ်ရာရသူ ၆၉ ဦး၊ ၂၀၁၂ ခုနှစ်တွင် သေဆုံးသူ လေးဦး၊ ဒဏ်ရာရသူ ၁၈၆ ဦးနှင့် ၂၀၁၃ ခုနှစ် တွင် ယာဉ်တိုက်မှု ၂၂၄ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၉ ဦး၊ ဒဏ်ရာရသူ ၄၃၇ ဦးတို့ ရှိနေကြောင်း မထသ(ဗဟို)က ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်းသတင်းစာ၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်)

## အမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား နှစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရ



ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၁၆/၃)နှင့် (၃၁၆/၄)အကြားတွင် ဧပြီ ၁၄ ရက်၊ နံနက် ၄ နာရီခွဲက စက်ပျက်၍ ရပ်ထားထားသော ခရီးသည်တင်ယာဉ်တစ်စီးအား ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်တစ်စီးက ဝင်တိုက်ရာ လူနှစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုမှာ ယာဉ်မောင်း ကျော်မြင့်ဦး(၃၈)နှစ် တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေသူ မောင်းနှင်လာသည့် ခရီးသည်တင် တက်လမ်းမော်တော်ယာဉ်အမှတ် ၆စ/--- သည် လမ်းဘေး၌ စက်ပျက်၍ ရပ်နားထားသော ချစ်ကိုကို(၂၇)နှစ်၊ အင်ကြင်းလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့နေသူ မောင်းနှင်သည့် နေလခရီးသည်တင် ၅ဂ/---ယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်မိပြီး တက်လမ်းမော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဒေါ်သေတာ (၃၅)နှစ်၊ တိုက်(၇) အနောက်ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့ ကိုပါလေး(ခ)ကိုစိုးသူ (၂၀)နှစ်၊ မင်္ဂလာဒုံမြို့နယ်နေသူတို့ နှစ်ဦးမှာ သေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ အမြန်လမ်းရဲစခန်း(သီးကုန်း)က အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံသတင်းစာ၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်)



www.burmeseclassic.com

www.burmeseclassic.com

# အမြန်လမ်းမကြီးပေါ်တွင်

# ခရီးသည်တင်မှန်လုံကားနှင့် ဆလွန်းကားတို့ တိုက်မိပြီး

# ကားနှစ်စီးလုံး မီးလောင်ကျွမ်းကာ ၁၂ ဦး သေဆုံး



ရန်ကုန်-မန္တလေး ပြည်ထောင်စု အမြန်လမ်းမကြီးပေါ်တွင် ဧပြီလ ၁၂ ရက်၊ နံနက် ၂ နာရီခန့်က မိုင်တိုင်အမှတ် ၁၁၆ မိုင်၊ ၂ ဖာလုံနှင့် ၃ ဖာလုံအကြားတွင် တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၅ဃ/---- တောင်ပြာတန်း ခရီးသည်တင် မှန်လုံယာဉ်က မြောက်မှ တောင်သို့ ယာဉ်ကြောတူ မောင်းနှင်လာသော ဒီဇာအဖြူရောင် ဆလွန်းကားသေး ယာဉ်အမှတ် ၉ဗ/---- အား ဝင်တိုက်မိရာ ကားနှစ်စီးလုံး မီးလောင်ကျွမ်းခဲ့ပြီး လူ ၁၂ ဦး မီးလောင်ကျွမ်း သေဆုံးခဲ့ကြောင်း သိရသည်။

ဆလွန်းကားငယ်ပေါ်မှ ယာဉ်မောင်းအပါအဝင် ခြောက်ဦးနှင့် "တောင်ပြာတန်း" ခရီးသည်တင် မှန်လုံယာဉ်ပေါ်မှ ခြောက်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ဖြူးအမြန်လမ်း ရဲတပ်ဖွဲ့ဝင်များ၊ အမြန်လမ်း ကြက်ခြေနီစခန်းမှ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များ၊ ဖြူးမြို့နယ် နာရေးကူညီမှုအသင်း၊ ဖြူးမြို့နယ် ပြည်သူ့ဆေးရုံကြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြပြီး သေဆုံးသူများအား ကျား၊ မ၊ အမည်၊ နေရပ်လိပ်စာများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပြည်သူတို့၏ ဘဝအိုးအိမ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်

# မြန်မာနိုင်ငံရဲတပ်ဖွဲ့က

# စောင့်ရှောက်နေသည်

**ပြစ်မှုမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်တစ်ဦး**

**(၁) မှုခင်းတပ်ဖွဲ့ စတင်ပေါ်ပေါက်လာပုံ**

မှုခင်းတပ်ဖွဲ့ကို ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၁၉၄၆ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ မီးရထားနှင့် စုံထောက်ဌာနဟု ဖွဲ့စည်းခဲ့ပြီး မီးရထားရဲအင်အား ၈၆၃ ဦး၊ စုံထောက်ဌာနအင်အား ၂၇၇ ဦး၊ စုစုပေါင်း ၁၁၄၀ ဦး တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ မီးရထားရဲတပ်ဖွဲ့ကို သီးခြားဖွဲ့စည်းခဲ့ရာ စုံထောက်ဌာနကို မှုခင်းစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် မှုခင်းတပ်ဖွဲ့ဟု အမည်ပြောင်းခဲ့ပြီး စုစုပေါင်းအင်အား ၅၀၀ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့တွင် အရာထမ်းအင်အား ၃၄ ဦး၊ အမှုထမ်းအင်အား ၇၆၉ ဦး၊ စုစုပေါင်း ၈၀၃ ဦးတို့ဖြင့် တိုးမြှင့်ဖွဲ့စည်းခဲ့ပြီး မှုခင်းတပ်ဖွဲ့မှူးအား ရဲမှူးကြီးအဆင့်မှ ရဲမှူးချုပ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ မှုခင်းတပ်ဖွဲ့တွင် မှုခင်းတပ်ဖွဲ့မှူးရုံး အထက်မြန်မာနိုင်ငံ မှုခင်းတပ်ဖွဲ့ခွဲ(မန္တလေး)နှင့် အောက်မြန်မာနိုင်ငံ မှုခင်းတပ်ဖွဲ့ခွဲ(ရန်ကုန်)တို့ကို ဖွဲ့စည်းထားရှိသည်။

**လုပ်ငန်းတာဝန်များ**

မှုခင်းတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံ စုံထောက်လက်စွဲအရ ရှုပ်ထွေးခက်ခဲနက်နဲသော အမှုများကို စုံစမ်းစစ်ဆေးပေးရခြင်း။

(ခ) တိုင်း/ခရိုင်/မြို့နယ်များကို ကျော်လွန်၍ ဖြစ်ပွားသော အမှုများကို ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးရခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(ဂ) ရာဇဝတ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်း။
(ဃ) ဖြစ်ပွားပြီးသော ရာဇဝတ်မှုများကို ပေါ်ပေါက်အောင် စစ်ဆေးရခြင်း။
(င) ရာဇဝတ်မှုများကို နှိပ်ကွပ်ပေးရခြင်း။
(စ) ပေါ်ပေါက်လာသော ရာဇဝတ်မှုခင်းများကို တရားရုံးသို့ စွဲဆိုတင်ပို့ရခြင်း။
(ဆ) အဆိပ်များနှင့် အသုံးပြု၍ ဖြစ်ပွားသော အရေးကြီးသည့် မှုခင်းများ (သို့မဟုတ်) လူသတ်မှုများ စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်း။
(ဇ) အစိုးရက ထုတ်ဝေသော ငွေစက္ကူနှင့် ကတိလက်မှတ်ပါရှိသော စာရွက်စာတမ်းများကို အတုပြုလုပ်မှုများ စုံစမ်းစစ်ဆေးရခြင်း။
(ဈ) ငွေတုပြုလုပ်သော အမှုများ၊ ငွေတုပြုလုပ်ရာတွင် အသုံးပြုသော ကိရိယာနှင့် ညှပ်ပုံများ သိမ်းခြင်းများ ပါရှိသည်။
(ည) အစိုးရပိုင် လက်နက်ခဲယမ်းခိုးမှုများနှင့် အရပ်ရပ်သော သေနတ်လက်နက်များကို မတရားသဖြင့် ရောင်းဝယ်ဖောက်ကားမှုများ စုံစမ်းစစ်ဆေးခြင်း။
(ဋ) စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း၊ အာမခံပြုလုပ်၍သော်လည်းကောင်း ပေးပို့သောစာ၊ ပါဆယ်ထုပ်တို့ တင်ဆောင်သွားရာ၌ ပျောက်ဆုံးမှု၊ အထူးသဖြင့် တိတိကျကျ စုံစမ်းရန်လိုသော အမှုများကို စုံစမ်းစစ်ဆေးခြင်း။
(ဌ) တိုင်းသူပြည်သားတို့ကို လိမ်လည်ရန် အကြံအစည်နှင့် မဟုတ်မမှန်သော ကုမ္ပဏီများဖွင့်လှစ်သော အမှုမျိုးအရပ်ရပ် စုံစမ်းစစ်ဆေးခြင်း။
(ဍ) လိမ်လည်သော တရားမမှုမျိုး အရပ်ရပ် စုံစမ်းစစ်ဆေးခြင်း။
(ဎ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေသော အမှုမျိုးအရပ်ရပ် စုံစမ်းစစ်ဆေးခြင်း။
(ဏ) ရဲအရာရှိများအား စုံထောက်သင်တန်းများဖွင့်လှစ်၍ သိပ္ပံနည်းအရ အမှုစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို သင်ကြားပို့ချပေးရခြင်း။
(တ) စုံစမ်းစစ်ဆေးမှုများတွင် သိပ္ပံနည်းဖြင့် အထောက်အကူပြုလုပ်ပေးရခြင်းတို့ဖြစ်သည်။

## (၂) သတင်းတပ်ဖွဲ့

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့သည် နိုင်ငံရေး၊ ထောက်လှမ်းရေးနှင့် လုံခြုံရေးတာဝန်များကို အဓိကထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ ဖြစ်သည်။

### သတင်းတပ်ဖွဲ့ စတင်ပေါ်ပေါက်လာပုံ

၁၉၂၅ ခုနှစ်၊ နယ်ချဲ့အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံပုလိပ်အဖွဲ့ဖြင့် အုပ်ချုပ်သည့်အချိန်တွင် မြန်မာနိုင်ငံ မီးရထားနှင့် စုံထောက်ဌာန (Railway And CID) တွင် မီးရထားဌာနခွဲ၊ မှုခင်းဌာနခွဲ (Crime Bureau) နှင့် ထောက်လှမ်းရေးဌာနခွဲ (Intellignce Bureau) တို့ ပါဝင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် အင်းစိန်စုံထောက်ဌာန၌ IB (Intellgence Bureau) နှင့် FB (Foreigners Bureau) ဌာနခွဲကို ဖွင့်လှစ်၍ နိုင်ငံရေးလှုပ်ရှားမှုများ ထောက်လှမ်းခြင်းနှင့် နိုင်ငံခြားသားရေးရာ လှုပ်ရှားမှုများ ထောက်လှမ်းခြင်း တာဝန်ကို ဆောင်ရွက်စေခဲ့သည်။

### လွတ်လပ်ရေးရပြီးကာလ သီးခြားဖွဲ့စည်း ဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလ နိုင်ငံရေး အဖွဲ့အစည်းအချို့ တောခိုကာ ရောင်စုံလက်နက်ကိုင် သောင်းကျန်းသူ လှုပ်ရှားမှုများ ပေါ်ပေါက်လာ၍ နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် သောင်းကျန်းသူများ လှုပ်ရှားမှု ပိုမိုများပြားလာသောကြောင့် ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ မြန်မာနိုင်ငံ မီးရထားနှင့် စုံထောက်ဌာနမှ (Intelligence Bureau) နှင့် (Foreigners Bureau) တို့ကို ခွဲထုတ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်တွင် သတင်းထောက်လှမ်းရေး

www.burmeseclassic.com

ရဲအထူးဌာန (Special Branch) သီးခြား ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မီးရထားနှင့် စုံထောက်ဌာနရဲမှူးကြီးမှ တာဝန်ယူ ကွပ်ကဲစေခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာန ဖွဲ့စည်းချိန်၌ လူအင်အားနှင့်တကွ လွှဲပြောင်းပေးအပ်ခဲ့သည်။

## တော်လှန်ရေးကောင်စီခေတ် ပြောင်းလဲဖွဲ့စည်းမှု

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီမှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ပြီးနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် သတင်းထောက်လှမ်းရေး ရဲအထူးဌာနကို အထူးသတင်းထောက်လှမ်းရေး တပ်ဖွဲ့ခွဲအဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မတ်လတွင် စနစ်သစ်အုပ်ချုပ်ရေးအရ ပြည်သူ့ရဲတပ်ဖွဲ့ကို ပြုပြင်ဖွဲ့စည်းရာ၌ အထူးသတင်းတပ်ဖွဲ့ခွဲအား ၁၉၇၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်သူ့ရဲသတင်းတပ်ဖွဲ့ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

မီးရထားခရီးဖြင့်
သယ်ဆောင်လာသော
ဖောက်ခွဲရေးပစ္စည်းများ၊
လက်နက်ပုန်းများ၊ မူးယစ်ဆေးဝါး၊
ကျောက်စိမ်းနှင့်
ဥပဒေနှင့်ဆန့်ကျင်သည့်
ပစ္စည်းများကို
ထောက်လှမ်းရှာဖွေဖော်ထုတ်၍
တရားဥပဒေနှင့်အညီ အရေးယူရန်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး စိစစ်ရေးလုပ်ငန်းများကို ယခင်က သတင်းတပ်ဖွဲ့တစ်ခုတည်းမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး လမ်းစဉ်ပါတီအစိုးရခေတ်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့တွင် သတင်းတပ်ဖွဲ့မှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းများကို တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ မှုခင်းတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်မှ ယနေ့ထိ ပြင်ဆင်ဖွဲ့စည်းမှု

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်အား ဆန့်ကျင်ရေး ဆူပူသည့် အရေးအခင်းများ ဖြစ်ပေါ်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ရဲသတင်းတပ်ဖွဲ့လုပ်ငန်းများကို နိုင်ငံတော်အတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့် လိုက်လျောညီစွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

(က) သတင်းတပ်ဖွဲ့မှူးရုံး
(ခ) ဒုတိယတပ်ဖွဲ့မှူးရုံး
(ဂ) ဒုတိယရဲမှူးကြီးရုံး
အောက်မြန်မာနိုင်ငံဌာနခွဲ (ရန်ကုန်)
(ဃ) ဒုတိယရဲမှူးကြီးရုံး
အထက်မြန်မာနိုင်ငံဌာနခွဲ (မန္တလေး)
(င) ပြည်တွင်းရေးရာဌာနခွဲ
(စ) ပြည်ထဲရေးရာဌာနခွဲ
(ဆ) တရားစွဲဌာနခွဲ
(ဇ) စုံစမ်းစစ်ဆေးရေးဌာနခွဲ
(ဈ) စစ်ဆင်ရေးဌာနခွဲ
(ည) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနခွဲ
(ဋ) လုံခြုံရေးဌာနခွဲ



www.burmeseclassic.com

www.burmeseclassic.com

(ဋ) အုပ်ချုပ်ရေးနှင့် ထောက်ပံ့ရေးဌာနခွဲ

၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ရာ သတင်းတပ်ဖွဲ့ကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ဟူ၍ ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၃ ရက်နေ့တွင် ဖွဲ့စည်းပုံအင်အား ၁၂၁၃ ဦးဖြင့် တိုးချဲ့ ဖွဲ့စည်းခဲ့ပြီး သတင်းတပ်ဖွဲ့မှူးအား ရဲမှူးကြီးအဆင့်မှ ရဲမှူးချုပ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။

## (၃) ရထားရဲတပ်ဖွဲ့

ရထားရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ဖြစ်သော ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး တာဝန်များကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ပြေးဆွဲနေသည့် လူစီးရထားများ၊ ကုန်ရထားများ၊ ပါဆယ်ရထားများ၊ ရှေ့ပြေးတိုက်ကင်းရထားများ၊ ကားရထားများ၊ မြို့ပတ်ရထားများ လုံခြုံရေးနှင့် ရထားများပေါ်တွင် ဖြစ်ပေါ်လေ့ရှိသော ဒုစရိုက်အမျိုးမျိုး ကြိုတင်ကာကွယ်ခြင်း၊ မှုခင်းဖော်ထုတ်ခြင်းများအား အဓိကထား ဆောင်ရွက်သည်။

### ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်

ရထားရဲတပ်ဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ရထားများ စက်ရုံ၊ အလုပ်ရုံ၊ စက်ခေါင်းရုံ၊ ဘူတာရုံများ လုံခြုံရေး ဆောင်ရွက်ရန်။

(ခ) ခရီးသွားပြည်သူများ ခိုး၊ ဆိုး၊ နှိုက်သူများဘေးမှ ကာကွယ်ရန်။

(ဂ) မြန်မာ့မီးရထားပိုင် ပစ္စည်းများ လေလွင့်ပျောက်ဆုံးမှု မရှိစေရေး ဆောင်ရွက်ရန်။

(ဃ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး အထောက်အကူပြု ဆောင်ရွက်ရန်။

(င) မြန်မာ့မီးရထားပိုင် နယ်မြေအတွင်း၌လည်းကောင်း၊ ပြေးဆွဲနေသည့် ရထားတွဲများပေါ်တွင်လည်းကောင်း ဖြစ်ပွားသော အမှုအခင်းများအား စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူရန်။

(စ) မီးရထားခရီးဖြင့် သယ်ဆောင်လာသော ဖောက်ခွဲရေးပစ္စည်းများ၊ လက်နက်ပုန်းများ၊ မူးယစ်ဆေးဝါး၊ ကျောက်စိမ်းနှင့် ဥပဒေနှင့်ဆန့်ကျင်သည့် ပစ္စည်းများကို ထောက်လှမ်းရှာဖွေဖော်ထုတ်၍ တရားဥပဒေနှင့်အညီ အရေးယူရန်။


### ရည်မှန်းချက် သုံးရပ်

ရထားရဲတပ်ဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၏ ရည်မှန်းချက်များ အောင်မြင်ရန် တစ်စိတ်တစ်ပိုင်းအားဖြင့် ဆောင်ရွက်ပေးရသည်။

(က) ရထားစီးခရီးသည်များ လုံခြုံချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး။

(ခ) မြန်မာ့မီးရထားပိုင် ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးဖော်ထုတ်ရေး။

(ဂ) ရထားရဲတပ်ဖွဲ့ဝင်များ အရည်အချင်းပြည့်ဝရန် စည်းကမ်းကောင်းမွန်ရေး စသည့် ရည်မှန်းချက်သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

**မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီ၏ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနကို ပြန်တမ်းဝင်အရာရှိ ၂ ဦး၊ ပြန်တမ်းမဝင်အရာရှိ ၅ ဦး၊ အခြားအဆင့် ၁၀၅ ဦး၊ စုစုပေါင်း ၁၁၂ ဦးတို့ဖြင့် ၁၉၉၄ ခုနှစ်၊ မေလ ၆ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့သည်။**

ရထားရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ

ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ မြန်မာ့မီးရထား ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

(က) လုံခြုံရေး
(ခ) ရထားစီးပြည်သူများအား ခိုး၊ ဆိုး၊ နှိုက်၊ အလစ်သုတ်များဘေးမှ ကာကွယ်တားဆီးရေး
(ဂ) ရထားစီးခရီးသည်များ လုံခြုံရေး
(ဃ) ရထားပိုင်ပစ္စည်းများ ပျောက်ဆုံးလေလွင့်မှု မရှိစေရေး
(င) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး
(စ) ဘူတာရုံများ သန့်ရှင်းသာယာလှပ စိုပြည်စေရေး
(ဆ) ရထားရည်မှန်းချက်များ အောင်မြင်စေရေး
(ဇ) ရထားပိုင် နယ်မြေများတွင်လည်းကောင်း၊ မီးရထားများပေါ်တွင်လည်းကောင်း မှုခင်းများ မဖြစ်ပွားရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားသည့် မှုခင်းများအား စုံစမ်းဖော်ထုတ် အရေးယူရေး
(ဈ) မီးရထားခရီးဖြင့် သယ်ဆောင်လာသော ဖောက်ခွဲရေးပစ္စည်းများ၊ လက်နက်ပုန်း၊ မူးယ ဆေးဝါး၊ ကျောက်စိမ်းနှင့် ဥပဒေနှင့် ဆန့်ကျ သည့် ပစ္စည်းများကို ထောက်လှမ်းရှာဖွေ ထုတ်၍ ဥပဒေအရ အရေးယူရန်
(ည) အရေးကြီးပုဂ္ဂိုလ် လုံခြုံရေး
(ဋ) အထွေထွေ • • •စသည်တို့ ဖြစ်သည်။

**(၄) စည်ပင်သာယာ ရဲတပ်ဖွဲ့**

မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်မြို့တော်နှင့် မန္တလေး မြို့ကြီးများတွင် မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများကို စနစ်တကျ အကွက်ချ၍ ဖော်ဆောင်နေသည့်အလျောက် အဆိုပါ မြို့ကြီးများ၏ စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းပုံများကို ပြင်ဆင်တိုးချဲ့ ဆောင်ရွက်ခဲ့သည်။

စည်ပင်သာယာရေးကော်မတီ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအား On foreign အဖြစ် တွဲဖက်လွှဲပြောင်း တာဝန်ထမ်းဆောင်စေပြီး ထိုတပ်ဖွဲ့ဝင်တို့၏ ကုန်ကျစရိတ်အဝဝကို သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများမှ ကျခံရန် သတ်မှတ်ခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတွင် ပြန်တမ်းဝင်အရာရှိ ၈ ဦး၊ ပြန်တမ်းမဝင်အရာရှိ ၅၂ ဦး၊ အခြားအဆင့် ၆၄၀ ဦး၊ စာရေးဝန်ထမ်း ၇ ဦး၊ စုစုပေါင်း ၇၀၇ ဦးဖြင့် ဖွဲ့စည်းမှုကို ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့သည်။

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ၏ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနကို ပြန်တမ်းဝင်အရာရှိ ၂ ဦး၊ ပြန်တမ်းမဝင်အရာရှိ ၅ ဦး၊ အခြားအဆင့် ၁၀၅ ဦး၊ စုစုပေါင်း ၁၁၂ ဦးတို့ဖြင့် ၁၉၉၄ ခုနှစ်၊ မေလ ၆ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့သည်။

စည်ပင်သာယာရဲတပ်ဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လိုအပ်လျက်ရှိသော လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို အပိုင်း(၈)ပိုင်း

www.burmeseclassic.com

www.burmeseclassic.com

ခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

(က) လုံခြုံရေးတာဝန် ဆောင်ရွက်ခြင်း။
(ခ) စည်းကမ်းထိန်းသိမ်းရေးတာဝန် ဆောင်ရွက်ခြင်း။
(ဂ) အခြေအနေမဲ့နှင့် တောင်းရမ်းစားသောက်သူများ ပပျောက်ရေးစီမံချက် ဆောင်ရွက်ရေး
(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ခြင်း။
(င) မြင်းစီးတပ်စု လေ့ကျင့်ခြင်း။

**(က) လုံခြုံရေးတာဝန်ဆောင်ရွက်ခြင်း**

လုံခြုံရေးတာဝန် ဆောင်ရွက်ရာတွင် (၁) ရေလှောင်ကန်ကြီးများ လုံခြုံရေးနှင့် (၂) မြို့တွင်းလုံခြုံရေးဟူ၍ နှစ်ပိုင်းခွဲခြား ဆောင်ရွက်သည်။

**(ခ) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

ရန်ကုန်မြို့တော်ကြီးအား ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးဖြစ်ရန် စည်းကမ်းတကျရှိရေး ဆောင်ရွက်လျက်ရှိရာ စည်းကမ်းမဲ့ ဈေးရောင်းသူများနှင့် လိုင်စင်စည်းကမ်းနှင့်အညီ ရောင်းချခြင်းမရှိသော စည်းကမ်းမဲ့ဈေးသည်များအား အရေးယူဆောင်ရွက်ချက်မှာ ၁၉၉၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ စည်းကမ်းမဲ့ဈေးသည် ၅၈၂၃၅ မှုနှင့် ဒဏ်ငွေ ၈၇၁၁၀၂၄ ကျပ် ဒဏ်ငွေချမှတ်နိုင်ခဲ့သည်။

**(ဂ) အခြေအနေမဲ့ တောင်းရမ်းစားသောက်သူများ ပပျောက်ရေးစီမံချက်**

မြို့တော်၏ ဂုဏ်သရေကို ထိခိုက်ကျဆင်းစေသော အခြေအနေမဲ့နှင့် တောင်းရမ်းစားသောက်သူများ ပပျောက်ရေးအတွက် ၁၉၉၅ ခုနှစ်မှစ၍ စနစ်တကျဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နည်းမျိုးစုံဖြင့် လှည့်လည်သွားလာနေသော အခြေအနေမဲ့နှင့် တောင်းရမ်းစားသောက်သူများအား လှည့်ရှင်းယာဉ်ဖြင့် လှည့်လည်ရှင်းလင်းခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းလူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းနှင့် မြို့နယ် သံဃနာယကအဖွဲ့များ သက်ဆိုင်ရာ ဆေးရုံများ စသည့် ဌာနဆိုင်ရာများကို အမျိုးအစားအလိုက် အပ်နှံခဲ့ပါသည်။

**(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မီ ဥက္ကဋ္ဌ မြို့တော်ဝန်၏ လမ်းညွှန်ချက်အရ စည်ပင်သာယာရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ ပူးပေါင်းပြီး ရန်ကုန်မြို့အတွင်း အရေးကြီးသော လမ်းမများနှင့် လူစည်ကားရာ နယ်မြေလမ်းကြောင်းများပေါ်တွင် အချိန်ကြာမြင့်စွာ ရပ်တန့်ထားသော ယာဉ်များနှင့် စည်းကမ်းမဲ့ ရပ်တန့်ထားသော ယာဉ်များအား ၅-၁၁-၉၆ နေ့မှစ၍ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့သည်။

**(င) မြင်းစီးတပ်စု လေ့ကျင့်ခြင်း**

စည်ပင်သာယာရဲတပ်ဖွဲ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၏ လမ်းညွှန်မှုဖြင့် ရဲအုပ် တစ်ဦး၊ ဦးစီး တပ်ဖွဲ့ဝင် ၁၇ ဦး၊ မြင်း ၂၀ ကောင်တို့ဖြင့် မြင်းစီးတပ်စုတစ်စု ဖွဲ့စည်းထားရှိသည်။

ထိုမျှဆိုလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပေါ်ပေါက်လာရပုံ သမိုင်းကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းသဘာဝများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအား မြန်မာနိုင်ငံသူ နိုင်ငံသားတစ်ယောက်အနေဖြင့် သိသင့်သလောက် သိရှိနိုင်လောက်ပေပြီဟု ယူဆမိသည့်အလျောက် ယခုစာတမ်းကို ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည်။


*ဝန်ခံချက်* ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန သမိုင်းမှတ်တမ်းနှင့် စွမ်းဆောင်ချက်များ စာအုပ်မှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**မြစ်မှုမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်တစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ယမ်းဘီလူးအောင်ဒင် နှင့် မရဏာပစ်ကွင်း

□ ရွှေမြိုတ်သောင်းတင်

(၁)

လွန်ခဲ့သော အနှစ် ၄၀ ခန့်က ဖြစ်သည်။

"ခင်ဗျားကိုတော့ သတိပေးရ လိမ့်မယ် ကိုအောင်ဒင်"

ရဲမှူး ဦးတင်မောင်ဖေထံမှ ခမျှော်လင့်သော စကားကြောင့် ယမ်း ဘီလူးအောင်ဒင် ပန်းတွန့်သွားရသည်။

"ဘာများလည်း ဦးတင်ဖေ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

"ခင်ဗျားမှာ အပြစ်ရှိလို့ ပြောနေ တာ မဟုတ်ဘူး။ ခင်ဗျားရဲ့ အသက် အား အန္တရာယ်ကို ပြောနေတာ"

ဦးတင်မောင်ဖေက သူ့ပါး စောင်၌ခဲထားသော ဆေးတံကိုဖြုတ် ရင်း ပြောလိုက်သည်။ စားပွဲနှစ်ခုံ တော့်မှ လက်နှိပ်စက်ရိုက်နေသော ဒုရဲအုပ် ဒေါ်မြင့်သည် ရိုက်လက်စ စာကို ရပ်လိုက်ပြီး . . .

"ဆရာဦးတင်မောင်ဖေ ပြော တာကိုတော့ သတိပြုဖို့ လိုလိမ့်မယ် ကိုအောင်ဒင်။ ဘာကြောင့်လဲဆိုတော့ ခုတလော ဖြစ်ပျက်နေတဲ့ အခြေ အနေတွေကို လေ့လာကြည့်လေ။ ပြီး တော့ တစ်လောက မော်တင်ဆိပ် ကမ်းမှာ ဖြစ်ပျက်ခဲ့တာကို သူတို့က ဘယ်လိုမှ ကျေနပ်ပုံမပေါ်ဘူးရှင့်"

မော်တင်ဆိပ်ကမ်း၌ ရတနာ မှောင်ခိုဂိုဏ်းတစ်ခုကို ယမ်းဘီလူး အောင်ဒင်က ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ကူညီဖြေရှင်းပေးခဲ့ဖူး၏။ ယင်းကိစ္စနှင့် ပတ်သက်၍ လူဆိုးဂိုဏ်းက ယမ်း ဘီလူးအောင်ဒင်အပေါ် အငြိုးအတေး ထားခဲ့၏။ ဒေါ်မြင့်တလည်း ယမ်း ဘီလူးအောင်ဒင်ကို သတိပေးသလို ဖြင့် ပြောလာသဖြင့် ယမ်းဘီလူး အောင်ဒင်အဖို့ အလေးအနက် ထားရ ပေမည် မဟုတ်ပါလား။

"အင်း . . ဒီမော်တင်ဆိပ်ကမ်း ကိစ္စကြောင့် ကျွန်တော်တို့လည်း မနား ခဲ့ရပါဘူး။ ဒါပေမယ့် စိတ်ထဲမကျေနပ် တာက သူတို့ခေါင်းဆောင်ပျောက်သွားခြင်းပဲ ဦးတင်မောင်ဖေ"

"အေး . . . အဲဒီကိစ္စမှာလည်း ခင်ဗျားမပြတ်သားလို့ပဲ။ တချို့ကိစ္စမှာ တွေမှာ ကျွန်တော်တို့ကို အသိမပေးခဲ့ ဘူးလေ"

ယမ်းဘီလူးအောင်ဒင်က ခေါင်း ယမ်းလိုက်သည်။

"ကျွန်တော့်ကို အထင်မလွဲပါနဲ့ ဦးတင်မောင်ဖေ။ တစ်ခါတလေ ကျွန် တော့်မှာ ခင်ဗျားတို့ကို အသိပေးဖို့ အကြောင်းကြားဖို့ အချိန်မရခဲ့ဘူး။ ဒါကိုတော့ ဦးတင်မောင်ဖေ ထည့် တွက်ရမယ်"

ယမ်းဘီလူးအောင်ဒင်က သူ့ ဖက်မှ ခိုင်လုံစွာ ရှင်းပြသည်။

"ခင်ဗျားက လျှောက်လဲချက် ကောင်းတော့ ကျွန်တော်က အပြစ်ယူ လို့ မရဘူးပေါ့ဗျာ။ ကဲလေ ဒါတွေ ထားလိုက်။ ငါတို့က ဟိုကိစ္စ ဒီကိစ္စ တွေနဲ့ အလုပ်များတော့ ခင်ဗျားကို လိုက်မကြည့်နေနိုင်ဘူး။ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျား အမြဲသတိရှိပါ ကိုအောင်ဒင်။ ကိုအောင်ဒင်က ဒုစရိုက်သားတွေရဲ့ အချစ်တော်ဆိုတော့"

"ဘာလဲ၊ ကျွန်တော့်ကို သေတွင်းနဲ့ နီးတယ်လို့ ပြောမလို့လား"

"ဤမျှမကပါပဲ"

"ဒီမှာ ဦးတင်မောင်ဖေ၊ ခင်ဗျားဟာ ကျွန်တော့်ရဲ့ စိတ်ဓာတ်နဲ့ ကျွန်တော့်အကြောင်းကို အသိဆုံးပါ။ တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ ငြိမ်းချမ်းသာယာစွာ နေနိုင်ရေးအတွက်ဆိုရင် ကျွန်တော့်အသက်ဆယ်သက်ပေးပါရစေ ကျွန်တော်ကျေနပ်တယ် ဒါပဲ။ ကျွန်တော်နဲ့ ပတ်သက်ပြီးသတိပေးတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါ"

ယမ်းဘီလူးအောင်ဒင်က ဦးတင်မောင်ဖေကို ဦးညွတ်အရိုအသေပေးရင်း ဒုရဲအုပ်ဒေါ်မြင့်ဘက်သို့ လှည့်၍ ပြုံးပြရင်း အခန်းတွင်းမှ ထွက်ခဲ့တော့သဖြင့် ဦးတင်မောင်ဖေနှင့် ဒေါ်မြင့်တို့မှာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့လေတော့၏။

xxx xxx xxx

ယမ်းဘီလူးအောင်ဒင်က သူ့တိုက်ခန်းသို့ ပြန်ရောက်၍ တံခါးကို ဖွင့်မည်အပြုတွင် သူ့ကိုကြိုဆိုနေသူက သူ့ရှေ့၌ရောက်နေပေပြီ မဟုတ်ပါလား။ လူ မဟုတ်ပါ။ လက်နက်ကိုင်လည်း မဟုတ်ပါ။ စာအိတ်ကလေး တစ်အိတ်။ ယမ်းဘီလူးအောင်ဒင်က စာကိုယူ၍ တံခါးဖွင့်ပြီး အခန်းထဲဝင်လိုက်သည်။ အခန်းထဲရောက်မှ ယမ်းဘီလူးအောင်ဒင် စာကိုဖောက်ဖတ်လိုက်သည်။

*ရဲဘော် . . .*

*ယမ်းဘီလူးအောင်ဒင်*

*ကျုပ်ကို မှတ်မိပါလိမ့်မယ်။ မီးခဲလေ။ မီးခဲအကြောင်း ခင်ဗျားကို ပြောပြခဲ့ပြီနော်။ ရေနံ့လောင်းသတ်တောင် ရှခနဲမြည်ပြီးမှ သေတဲ့မီးခဲ၊ ဒီမှာရဲဘော်အောင်ဒင် . . မီးခဲကို လာမစမ်းနဲ့၊ မရဘူး။ ရဲဘော်အောင်ဒင်ဟာ ကျုပ်ရဲ့လုပ်ငန်းတွင်းသို့ ဝင်ရောက်အဆီးအတားပြုခြင်းအတွက် ရဲဘော်အောင်ဒင်ကို ဆုကြေးအဖြစ် ပစ်မှတ်ပြုလိုက်ပြီ။ ရဲဘော်အောင်ဒင်အတွက် မီးခဲရဲ့ ပစ်ကွင်းပဲ . . . ။*

*ပစ်ကွင်း*

ယမ်းဘီလူးအောင်ဒင်က တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။ အမှန်ကတော့ ပြုံးစရာ မဟုတ်ပါ။ မိမိသည် ယခုအခါ ရန်သူက ပစ်ကွင်းအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ရာ မိမိကသားကောင်၊ ရန်သူက မုဆိုးဖြစ်နေချေပြီတည်း။ ဦးတင်မောင်ဖေနှင့် ဒေါ်မြင့်တို့ သတိပေးချက်ကလည်း မှန်ကန်နေချေပြီ။ မိမိအနေဖြင့် ဘာတတ်နိုင်မည်နည်း။ မိမိသည် မီးခဲ၏ပစ်ကွင်းကို ရှောင်ရှားနိုင်ရန်သာ ကြိုးစားရပေမည်တည်း။ ယမ်းဘီလူးအောင်ဒင်က ခြိမ်းခြောက်စာနှင့် ပတ်သတ်၍ ဦးနှောက်ထဲမှ ဖျောက်ဖျက်လိုက်ပြီး ဦးနှောက်ကြည်လင်စေရန်အတွက် ရေချိုးခန်းသို့ဝင်ကာ ရေကို တဝကြီး ချိုးပစ်လိုက်သည်။ ရေချိုးပြီးနောက် ရေခဲစိမ် ဘီယာတစ်လုံးကို ကျကျနန သောက်လိုက်သည်။ ဘီယာတစ်လုံး ကုန်သောအခါ မျက်တောင်များ ဖေ့စင်းလာတော့သည်။ ထိုအခါ ဒုရဲအုပ်ဒေါ်မြင့်၏ မျက်နှာလေးက မဆီမဆိုင်နှင့် ယမ်းဘီလူးအောင်ဒင်၏ မြင်ကွင်းမှာ ရေးရေးလေး ပေါ်လွင်လာတော့သည်။ ယမ်းဘီလူးအောင်ဒင်က ရီတီတီနှင့် ပြုံးလိုက်မိသည်။

"ကလင် . . ကလင် . . ကလင်"

လှပသော အတွေးနှင့် ချမ်းမြေ့သော အနားယူမှုကို တယ်လီဖုန်းသံက ဖျက်ဆီးပစ်လိုက်ချေသည်။ ယမ်းဘီလူးအောင်ဒင်က တယ်လီဖုန်းခွက်ကို စိတ်ပျက်စွာနှင့်ကိုင်၍ ပခုံး၌ တင်လိုက်သည်။

"အမိန့်ရှိပါ"

"ရဲဘော်အောင်ဒင်လားဟေ့"

"ဟုတ်ပါတယ် . . . ဦးတင်မောင်ဖေ"

"ဟုတ်ပါတယ်ကို ထားခဲ့ . . ။ ခင်ဗျား ခဏလာဦး"

"ဘာကိစ္စရှိလို့လဲ"

"သိပ်အရေးကြီးတယ်ကွ"

"ဟာဗျာ . . . မိုးချုပ်တော့မယ်။ အိပ်ချင်တယ်ဗျ"

"အိပ်လို့ မရဘူးဟေ့။ ဒီမှာ မသာပေါ်နေလို့။ မသာရဲ့ရင်ဘတ်မှာ စာဆွဲထားခဲ့တယ်။ ပစ်ကွင်းအမှတ် (၆)ရဲ့နောက်ဆက်တွဲ ပစ်ကွင်းအမှတ် (၇) စုံထောက်ရဲဘော်အောင်ဒင်တဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"မဗျာနဲ့။ ခပ်မြန်မြန်သာလာခဲ့"

××× ××× ×××

ယမ်းဘီလူးအောင်ဒင် တွေဝေသွားသည်။ အလောင်းကိုယူ၍ ဆေးရုံကြီးသို့ ပို့ပြီးဖြစ်သည်။ အမည်နှင့် နေရပ်သာသိသည်။ လိပ်စာ အပြည့်အစုံလည်း မပါ။ သေဆုံးသည့်နေရာသည် ပုဇွန်တောင်ချောင်းစပ် ချောင်ကျသော နေရာတစ်ခုတွင်ဖြစ်သည်။

"အဲဒီကိစ္စမှာ ခင်ဗျားလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးစေချင်တယ်။ သွားလာလှုပ်ရှားမှုမှာလည်း သတိရှိဖို့လိုတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ပစ်ကွင်းအတွက် ကျရောက်နေပြီပဲမဟုတ်လား"

ဦးတင်မောင်ဖေက သတိပေးရင်းပြောသည်။

"ကျွန်တော် သိပါတယ် ဦးတင်မောင်ဖေ။ မီးခဲတို့ရဲ့ သတ္တိကိုလည်း အဘောကျပါတယ်။ တွေ့ကြတာပေါ့လေ။ ကဲ . . . ကျွန်တော် ဆေးရုံကိုသွားပြီး အလောင်းကို စစ်ဆေးကြည့်လိုက်ဦးမယ်"

ယမ်းဘီလူးအောင်ဒင်က ဆေးရုံ၌ အလောင်းကို စစ်ဆေးပြီးနောက် သေသူ ဦးစစ်ချောင်းနေထိုင်ရာ ရပ်ကွက်သို့ ထွက်ခဲ့တော့သည်။ အချိန်အား အမှောင်ပျိုးစ ညချမ်းကလေးဖြစ်၏။ ပုဇွန်တောင် ထင်းပုံဆိပ်သည် လူနေအိမ်ခြေ ထူပြော၍ လူမျိုးစုံနေထိုင်ရာလည်း ဖြစ်သည်။ ဦးစစ်ချောင်းသည် အသက်အရွယ်အားဖြင့် ၅၀ ပတ်ဝန်းကျင်သာရှိသေးသော လူလတ်ပိုင်းတစ်ယောက်ဖြစ်ကာ တရုတ်မြန်မာစပ် ကပြားလည်းဖြစ်သည်။ ထို့ကြောင့် ယမ်းဘီလူးအောင်ဒင်က နီးစပ်မည်ထင်ရသော တရုတ်ခေါက်ဆွဲဆိုင်၊ အရက်ပုန်းဆိုင်များ၌ မသိမသာ စုံစမ်းရသည်။

"အား . . . ဆရာကြီး မလာတာ ကြာပြီလော်"

"ဟော . . ဦးအကြီးပါလား။ တွေ့ချင်နေတာနဲ့ အတော်ပဲဗျို့"

"အကြီးနဲ့ တွေ့တယ်လော်။ ဆရာကြီး စိတ်ချမ်းသာလယ်"

"ဟုတ်တာပေါ့။ ခင်ဗျားနဲ့တွေ့ရင် ကျုပ်စိတ်ချမ်းသာမှာ အမှန်ပဲ"

"လာပါ ဆရာကြီး။ အီထဲမှာ လေရာကောင်းလယ်"

ဦးအကြီးက တစ်ချိန်က စွဲစွဲမြဲမြဲ ဖောက်သည်ဖြစ်ခဲ့သော ယမ်းဘီလူးအောင်ဒင်ကို ကောင်းစွာ ဧည့်ခံ၏။ ဦးအကြီးကား ဟိုတယ်အစုံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော စားပွဲထိုးကောင်းတစ်ယောက် ဖြစ်လေသည်။ ယမ်းဘီလူးအောင်ဒင်နှင့် အတွေ့အကြုံများခဲ့ဖူးသည့်အလျောက် အတော်လည်း ခင်မင်ရင်းနှီး၏။ ယမ်းဘီလူးအောင်ဒင် လိုချင်သော သတင်းများကို ဦးအကြီးက ပေးတတ်၏။ ယခုလည်း ယမ်းဘီလူးအောင်ဒင်ကို ချောင်ကျကျ နေရာကောင်းတွင် ဧည့်ခံ၏။

"ဆရာကြီး ဝက်အူချောင်း စပ်စပ် ယူမယ်လော်"

"သိပ်ကောင်းတာပေါ့ ယူပ်ပါ"

ယမ်းဘီလူးအောင်ဒင်က ရမ်နှစ်ပက်နှင့် ဝက်အူမသုပ် စပ်စပ်တစ်ပွဲဖြင့် ကျကျနန ထိုင်၍ ဦးအကြီးအား မည့်အချိန်ကို ပတ်ဝန်းကျင် အကဲခတ်သတိပြုရင်း စောင့်ဆိုင်းနေလေသည်။ နာရီဝက်ခန့်မျှကြာတွင် သားသားနားနား မိန်းကလေးတစ်ယောက် ဆိုင်ထဲဝင်လာပြီး ဦးအကြီးနှင့် စကားတီးတိုးစွာပြောပြီး ဆိုင်တွင်းမှ ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။

"ဦးအကြီးရေ . . . ရမ်နှစ်ပက် ပေးပါဦး"

ယမ်းဘီလူးအောင်ဒင်က အသံခပ်အုပ်အုပ်ပြုလုပ်၍ တောင်းလိုက်သည်။ ဦးအကြီး ရမ်နှစ်ပတ်ထည့်လာသည်။

"ဘာလိုသေးလဲ ဆရာကြီး"

"နည်းနည်း မေးစရာရှိလို့"

"ဘာလဲ . . စောစောကလာတဲ့ စင်မေကိုလား"

ယမ်းဘီလူးအောင်ဒင်က ပြုံးလိုက်သည်။

"သူ့နာမည်က ကျင်မေတဲ့လား။ ဒါကိစ္စမရှိဘူး။ ဦးအကြီး ဦးစစ်ချောင်းကို သိတယ်မဟုတ်လား"

ဦးအကြီး ပါးစပ်ပိတ်သွားသည်။ ရုတ်ခြည်းပင် ကြောက်ရွံ့သွားသည်ဟု ယမ်းဘီလူးအောင်ဒင် ထင်လိုက်သည်။ သည်လိုဆိုရင် သဲလွန်စရပြီ။ မိမိတွက် ကိန်းမှန်လေပြီဟု ယမ်းဘီလူးအောင်ဒင် တိတိကျကျ ကောက်ချက်ချမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်နဲ့ ပတ်သက်ပြီး ဦးအကီးမှာ ဘာမှမဖြစ်ခဲ့ပါဘူး။ စိတ်ချပါ။ ကျွန်တော့်ကို နည်းနည်းပြောပြပါ"

ယမ်းဘီလူးအောင်ဒင်က အိတ်ထဲမှ ငွေစက္ကူအချို့ကို ထုတ်၍ ဦးအကီးလက်ထဲ ထည့်လိုက်သည်။

"စောစောက လာတဲ့စင်မေလေ စစ်ချောင်းမိန်းမပဲ ဆရာကီး"

"သူ ဘယ်မှာနေသလဲ"

ဦးအကီးက နေရာကို တီးတိုးစွာ ပြောပြလိုက်သည်။

xxx xxx xxx

ကျင်မေ၏ မျက်နှာမှာ ဆွေးရိပ်မသန်းပါ။ ပူပင်ခြင်း ဖြစ်ပုံလည်း မရ။ သူသည် ဦးစစ်ချောင်း၏ စတုတ္ထမြောက် ဇနီးဖြစ်သည်။ အသက်နှစ်ဆယ်ဝန်းကျင်မျှ ရှိသေးသော အရွယ်လည်းဖြစ်သည်။ ကောင်းကောင်းလေး ဝတ်ချင်စားချင်၍ ဦးစစ်ချောင်း၏ စတုတ္ထမြောက်ဇနီး ဖြစ်ရသည်မှာ မဆန်း။

"မေ သိရသလောက်တော့ အစ်ကိုကြီးဟာ လူအေးတစ်ယောက်ပါပဲ။ အလုပ် လုပ်ရာမှာလည်း အေးဆေးပဲ။ လျှို့ဝှက်တယ်၊ ပိရိတယ်ပေါ့ အစ်ကိုရယ်"

ကျင်မေသည် အချိုရည်ခွက်ကို ကိုင်ရင်းပြောသည်။ သူမကို သူမက 'မေ'ဟူ၍ တစ်လုံးတည်း ထည့်ပြောသည်ကပင် ခင်တွယ်စရာ ကောင်းနေသည်။

"အစ်ကိုက ရဲအရာရှိပေါ့နော်"

"မဟုတ်ပါဘူး။ ကျွန်တော် ရဲဘက်က မဟုတ်ပါဘူး မေ . . . ဪ . . မကျင်မေ"

"မေလို့ ရင်းရင်းနှီးနှီးပဲ ခေါ်ပါ အစ်ကိုရယ်"

ကျင်မေကို ကြည့်ရသည်မှာ သူသည် တစ်ခုခုကို အာရုံစူးစိုက်နေသကဲ့သို့ ရှိသည်ဟု ယမ်းဘီလူးအောင်ဒင် ထင်သည်။

"အချိုရည် သောက်ပါလားရှင်။ မေက ခင်လို့တိုက်တာ"

"နေပါစေ မေရယ်။ ကျွန်တော် မသောက်ချင်ဘူး"

"ဒါဖြင့် ဝီစကီသောက်။ မေ့ဆီမှာ ဒင်ပယ်ဟိတ် ဝီစကီရှိတယ်"

ယမ်းဘီလူးအောင်ဒင် ပင့်သက်ဖြာရသည်။ သည်လိုမိန်းကလေး တစ်ယောက်၌ အရက်မျိုးစုံ ပြည့်စုံစွာ ရှိနေခြင်းသည် သူ့အတွက် ကောင်းသောအလားအလာ မဟုတ်ပေ။ ကျင်မေသည် ထိုင်ရာမှထ၍ အနောက်ခန်းသို့ဝင်ကာ အရက်ပုလင်းကို ဆွဲထုတ်လာပါသည်။ ဒင်ပယ်ဟိတ်ဝီစကီပင်။ သူမသည် ရေခဲနှင့်ဆော်ဒါကိုပါ ပြည့်စုံစွာ ဆောင်ရွက်ပေးသည်။ ယမ်းဘီလူးအောင်ဒင်က သူသိချင်သော ကိစ္စများရှိနေသဖြင့် ကျင်မေ့အနားမှ ရုတ်တရက် မခွာနိုင်ပါ။

"တစ်လုံးလုံးကုန်အောင် သောက်နော်။ ကျွန်မတော့ မသောက်ပါဘူး။ အစ်ကိုကြီးသောက်တာ"

"ဟာ . . . တစ်လုံးလုံးတော့ ဘယ်ကုန်ပါ့မလဲ။ နည်းနည်းပါးပါး သောက်တတ်တာ"

ယမ်းဘီလူးအောင်ဒင်က တဟုန်ထိုးကာ သီနှင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်ရှင်ရယ်။ ကြိုက်သလောက်သောက်ပါ။ ဒီနေ့တော့ မေ သိပ်စိတ်ညစ်လို့"

"မေစိတ်ညစ်တယ် ဟုတ်လား"

ယမ်းဘီလူးအောင်ဒင်က နေ လာမြောင်းပေး စကားလမ်းကို ခင်းပေးသည်။ ကျင်မေသည် ယမ်းဘီလူးအောင်ဒင်ခင်းသော လမ်းထဲသို့လိုက်ပါချေပြီ။

"ဟုတ်ပါတယ် အစ်ကိုရယ်။ မေ သိပ်စိတ်ညစ်တယ်"

ခက်ပြီ ခုမှခက်ပြီ။ ကျင်မေက ဆိုင်းမဆင့် ဗုံမဆင့်နှင့် ယမ်းဘီလူးအောင်ဒင်၏လက်မှ အရက်ခွက်ကို ယူ၍ ခုံပေါ်သို့တင်ပြီး မိမိအား ဖက်ထားလိုက်သည်။ ယမ်းဘီလူးအောင်ဒင် အံ့ဩရသည်။ ဘယ်လိုမိန်းကလေးလဲ။ သူမ၏ ဘဝသည် သည်လိုနှင့် နစ်မွန်းပေမည်လား။

"အစ်ကိုရယ် . . . မေ့ဘဝ ဆိုးလှပါတယ်"

ကျင်မေသည် သူမ၏ဘဝကို တစ်စတစ်စနှင့် ထုတ်ဖော်လာလေပြီ။

"အစ်ကိုကြီးဟာ အတော့်ကို သဘောကောင်းပါတယ်။ အထူးသဖြင့် ဓမ္မအပေါ်မှာပေါ့ အစ်ကိုရယ်။ မေ့ဘဝကို အစ်ကိုကြီးက ကယ်တင်ခဲ့တာ။ အခုတော့ . . . အခုတော့"

ကျင်မေ သည်တွင် သူမ အား



www.burmeseclassic.com

www.burmeseclassic.com

ကိုရပ်လိုက်သည်။ ယမ်းဘီလူးအောင်ဒင်အဖို့ မချင့်မရဲဖြစ်ရသည်။

"ပြောပါမေ မေ့အခက်အခဲကို အစ်ကိုကို ပြောပါ။ မေ့အတွက် ကူညီနိုင်တာကို ကူညီပါ့မယ်"

ယမ်းဘီလူးအောင်ဒင်က စကားကို ပြန်ဖော်သည်။ ကျင်မေ ခေါင်းယမ်းသည်။

"လွန်ကုန်ပြီ အစ်ကိုရယ်။ လွန်ကုန်ပြီ။ အခုတော့ သူမရှိတော့ပါဘူး"

ကျင်မေ ရှိုက်သည်။ ရင်ထဲမှ ကြေကြေကွဲကွဲနှင့် ရှိုက်လိုက်သော ရှိုက်သံ။

××× ××× ×××

(၂)

ယမ်းဘီလူးအောင်ဒင်က တစ်ညလုံး အိပ်၍မပျော်ပါ။ ကျင်မေနှင့် ပတ်သက်၍ ယမ်းဘီလူးအောင်ဒင်က စိတ်မကောင်းပါ။ ကျင်မေသည် သနားစရာကောင်းသော မိန်းကလေးဖြစ်သည်။ မိမိကျင်မေ့ဆန္ဒကို မလိုက်လျောနိုင်ခြင်းအတွက် မိမိစိတ်မကောင်းပါ။ ကျင်မေသည် ငယ်ရွယ်သူ ဖြစ်သည်။ သွေးသားဆူဖြိုးနေသော အချိန်ဖြစ်သည်။ ထို့ကြောင့် သူမ၏ဆန္ဒများက ပြင်းထန်နေသည်။ သို့သော် သည်ကိစ္စကို ယမ်းဘီလူးအောင်ဒင် မလိုက်လျောနိုင်ပါ။ ကျင်မေသည် သူ့ဝါသည်။ ကျင်မေသည် ဖိုတကာတို့၏နှလုံးသားကို သိမ်းကျုံးနိုင်ပါသည်။ သို့သော် သူမ ယမ်းဘီလူးအောင်ဒင်ကို သူမ ဆွဲငင်၍မရပါ။

ယမ်းဘီလူးအောင်ဒင်သည် ကျင်မေ့ကို မျက်နှာလွှဲခဲ့ပါသည်။ သည်ကြောင့် ကျင်မေသည် ယမ်းဘီလူးအောင်ဒင့်အပေါ် ခွင့်လွှတ်နိုင်မှ ခွင့်လွှတ်နိုင်ပေမည်။ သို့သော် ယမ်းဘီလူးအောင်ဒင်သည် ကျင်မေ့ဆီမှ သူလိုချင်သော စကားသုံးလေးခွန်းတော့ ရခဲ့ပါသည်။ သည်တစ်ကြိမ်တွင် ပစ်မှတ်သည် မိမိဖြစ်ကြောင်းကို ယမ်းဘီလူးအောင်ဒင်က ကျင်မေအား ပြောမပြခဲ့ပါ။ သို့သော် ကျင်မေကပြောသည်။ သူတို့ လူတစ်ယောက်ကို သတ်ဖို့ ထပ်မံကြိုးစားမည်ဖြစ်ကြောင်း ဟူသော သတင်းပင်။

ဆရာကြီးမီးခဲ၏ နောက်တွင် သွေးအေးအေး သတ်နေသည့် လက်မရွံ့ လူသတ်သမားက မိုက်ခဲဖြစ်ကြောင်းကို ယမ်းဘီလူးအောင်ဒင် သိခဲ့ရသည်။ မိုက်ခဲသည် ကျင်မေ့ဆီ မကြာခဏ ဝင်ထွက်နေခဲ့သည်။ သို့ဖြစ်လျှင် ယမ်းဘီလူးအောင်ဒင် ဦးနှောက်အတွင်း၌ အတွေးများ ပတ်ချာဝိုင်းနေသည်။ ဦးစစ်ချောင်း အသတ်ခံမှုနှင့် ပတ်သက်၍ မိမိ၌လည်း ကြီးမားသောအရိပ်တစ်ခု ကျလာချေပြီ။ ယမ်းဘီလူး အောင်ဒင်သည် ညက အိပ်မပျော်သည်နှင့် မနက်စောစော၌ ရေတဝ ချိုးလိုက်သည်။ ပြီးနောက် ယမ်းဘီလူးအောင်ဒင်က အဝတ်အစား အပြောင်းအလဲပြုခြင်း၊ ရုပ်ပြောင်းလဲ ပြုပြင်ခြင်းများ ပြုလုပ်ပြီး ပန်းခြံလမ်းရှိ ရွှေလှေကား လက်ဖက်ရည်ဆိုင်၌ ကော်ဖီခါးခါးနှင့် ပေါင်မုန့်အသားညှပ် မှာယူ၍စားသည်။ ရွှေလှေကား လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုတင်ငွေသည် လူထူးလူဆန်းတစ်ယောက်လို အကဲခတ်နေသည်။ အမှန်တော့ ကိုတင်ငွေသည် ယမ်းဘီလူးအောင်ဒင်အား မမှတ်မိ၍ဖြစ်သည်။ ခါတိုင်း ယမ်းဘီလူးအောင်ဒင်လာလျှင် ကိုတင်ငွေက ဆီးကြိုနေကျ။ ကော်ဖီခါးခါးပင် သူက အာပေါင်အာရင်းကျယ်ကျယ်ဖြင့် အော်ပြီး မှာပေးနေကျဖြစ်သည်။

ယခုမူ ကိုတင်ငွေဏ ယမ်းဘီလူးအောင်ဒင်ကို မမှတ်မိပါ။ ယမ်းဘီလူးအောင်ဒင်မှာ ရုပ်ရည်ချောမောလှသော တရုတ်အမျိုးသား တစ်ယောက်နှင့် တူနေခြင်းဖြစ်သည်။ ယမ်းဘီလူးအောင်ဒင်က စားသောက်ပြီးစီးသောအခါ ကျသင့်ငွေကို ရှင်း၍ထွက်ခဲ့သည်။ သူ့နောက်မှ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသူ လူတစ်ယောက်က လိုက်နေသည်။ ယမ်းဘီလူးအောင်ဒင်က ကားနှင့်မသွားဘဲ ခြေကျင်လျှောက် နေခြင်းဖြစ်သည်။ သည်သို့ သွားလာနေခြင်းမှာ သူ့အကြံအစည်နှင့်သူ ဖြစ်သည်။ ယမ်းဘီလူးအောင်ဒင်ကို ခြေရာကောက်နေသည့် လူသည် ဟိုမှ သည်မှကူးလာသော အုပ်စုနှင့်တိုက်မိသဖြင့် မျက်ခြေပြတ်သွားသည်။ ဤသည်ကို အခွင့်ကောင်းယူ၍ ယမ်းဘီလူးအောင်ဒင်က သူအလွတ်ရထားသည့် ကားနံပါတ်ကို တွေ့သည်နှင့် တံခါးကိုဖွင့်၍ အလျင်အမြန် ဝင်

www.burmeseclassic.com

လိုက်သည်။

"ဟိုက် . . ဘယ်လိုလဲကိုယ့်လူ စောစောစီးစီး"

"ဒီမှာ . . . မြွေပွေးသိန်းမောင်။ ကျုပ်ကိစ္စအရေးကြီးနေတယ်။ ဖိုးစိန်လမ်းကို မောင်းပါ"

"ဟုတ်ပါပြီတဲ့ဗျာ . .။ အမိန့်အတိုင်းပါပဲ"

မြွေပွေးသိန်းမောင်က သူ့ကားကို လေးညို့မှလွှတ်လိုက်သည့် မြားတစ်စင်းလို တဝေါဝေါနှင့် မောင်းနှင်ထွက်ခဲ့လေသည်။ မြွေပွေးသိန်းမောင်ကား နုယ်နုယ်ရရမဟုတ်။ တစ်ချိန်က တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် တပ်မတော်မှ အနားယူ၍ ကိုယ်ပိုင်လုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်သည်။ တော်လှန်ရေးကာလ၌ ဗိုင်ပါသိန်းမောင်၊ ဗိုင်ပါသိန်းမောင်ဟူ၍ နာမည်ကြီးခဲ့သည်။ မဟုတ်မခံ မျိုးချစ်စိတ်ပြင်းထန်သူ ဖြစ်သည်။ ယခုအခါ သူသည် ကိုယ်ပိုင်စီးပွားရေး လုပ်နေသော်လည်း တိုင်းပြည်တာဝန်ကို တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းရွက်လျက် ရှိနေသေးသည်။ မကောင်းမှု ဒုစရိုက်နယ်မှ လူများကို မြွေပွေးသိန်းမောင်က သူ့နည်းသူ့ဟန်ဖြင့် ဥပဒေဘောင်အတွင်းသို့ ပို့ဆောင်နေခြင်းပင်။ ယင်းကိစ္စကို တချို့သာလျှင်သိသည်။ သိသူထဲတွင် ယမ်းဘီလူးအောင်ဒင်တစ်ယောက် အပါအဝင်ဖြစ်သည်။

"မြွေပွေးကြီး ခင်ဗျား ထင်းပုံဆိပ်က ဦးစစ်ချောင်းကို သိတယ် မဟုတ်လား"

"သိတာပေါ့။ ဒီလူကြီးကို ကျုပ်ခြေရာခံနေတာပဲ။ သူ ဘိန်းဖြူကို လက်ခံဖြန့်ချိနေတယ်လို့ သတင်းရထားတယ်"

"အခု သူ ဘာဖြစ်သွားပြီဆိုတာ ခင်ဗျား မသိသေးဘူးပေါ့"

"မသိသေးဘူး"

"သေသွားပြီ"

"ဗျာ . . . ဘယ်တုန်းကလဲ။ တစ်နေ့ကပဲ သူ့စမောနဲ့ တွေ့လိုက်သေးတယ်"

"ကျင်မေကို ပြောတာမဟုတ်လား"

"ကိုယ့်လူ အားလုံးသိနေပြီပဲ"

"ဟုတ်တယ် မြွေပွေးရေ။ မသိရင် မဖြစ်ဘူးဗျ။ ဒါနဲ့ ခင်ဗျား မိုက်ခဲကို သိသလား"

မြွေပွေးသိန်းမောင် ခေါင်းယမ်းသည်။

"သူ့ကို မသိဘူး"

သူတို့ကားလေးသည် ဗဟန်းသို့ ရောက်၍ ကန်တော်ကြီးဘက်သို့ ကွေ့ချလိုက်သည်။

"ဖိုးစိန်လမ်းထိပ်မှာ ဆင်းမယ်"

ယမ်းဘီလူးအောင်ဒင်က သူ့အိတ်ထဲမှ ရာတန်တစ်ရွက်ကို ထုတ်လိုက်သည်။

"ဒီမှာ ရဲဘော်ကိုအောင်ဒင်။ ဒီကိစ္စမှာ ကျုပ် ဘာမှမလိုချင်ဘူး။ ခင်ဗျားအရေးကြီးနေတာကို သိတယ်။ ကျုပ်လည်း တစ်ဖက်တစ်လမ်းက ကူညီတာပဲ။ ခင်ဗျား လင်းယုန်ဆွေကို သွားမှာမဟုတ်လား"

ယမ်းဘီလူးအောင်ဒင်က ခေါင်း ညိတ်ပြသည်။

"ဟဲ . . ကျေးဇူးပဲ မြွေပွေးကြီး ကျွန်တော် လမ်းထိပ်မှာဆင်းမယ်"

ယမ်းဘီလူးအောင်ဒင်က ဖိုးစိန် လမ်းထိပ်မှာဆင်း၍ လမ်းထဲသို့ ခြေ ကျင်လျှောက်ဝင်ခဲ့သည်။ ကားတစ်စီး ကားနက်ကြီးဖြစ်သည်။ အရှိန်ပြင်း ပြင်းနှင့် မောင်းနှင်လာသည်။ ယမ်း ဘီလူးအောင်ဒင်က ကားကိုမြင်လိုက် သည်နှင့် သိလိုက်ပြီ။ ချက်ချင်းဝင် မြောင်းဘက်သို့ခုန်၍ လှိမ့်ချလိုက်သည်။

"ဒတ် . . ဒတ် . . ဒတ် . . ဒတ်"

"ဝေါ"

ကားပေါ်မှ ပစ်ခတ်သံ ဝါရစ် ကျည်ဆံက ယမ်းဘီလူးအနီးမှ ကျယ် လောင်စွာ ဖြတ်သွားသည်။ ယမ်းဘီ လူး၏ လက်မောင်း၌ ပူကနဲတစ်ချက် ခံစားရပြီး မျက်လုံးများ ပြာဝေသွား သည်ဟု ထင်ရသည်။

××× ××× ×××

"ကိုအောင်ဒင် သတိရပြီနော်"

ချိုအေးသော အသံဖြစ်သည်။ ယမ်းဘီလူးအောင်ဒင် သတိရသော အခါ မိမိသည် ဆေးရုံသို့ရောက်ရှိနေ ခြင်းဖြစ်သည်။ မိမိအနီးဝယ် ဆေးတံခဲ နေသော ဦးတင်မောင်ဖေသည်လည်း ကောင်း၊ ပူပန်သောကစိတ်ဖြင့် ရှိနေ သော ဒုရဲအုပ်မလေး ဒေါ်မြင့်သည် လည်းကောင်း ယမ်းဘီလူးအောင်ဒင် ကို ဦးတင်မောင်ဖေနှင့် ဆက်သက်၍



www.burmeseclassic.com

www.burmeseclassic.com

ခင်မင်နေသော စုံထောက်များသည်လည်းကောင်း ရှိနေ၍ အားတက်မိသည်။

ယခုအခါ စုံထောက် ယမ်းဘီလူးအောင်ဒင်နှင့်ပတ်သက်၍ အနည်းငယ်ပြောစရာ အကြောင်းရှိလာပါပြီ။ သူ့တွင် ဆွေမျိုးသားချင်းဟူ၍ ရန်ကုန်၌ မည်မည်ရရ မရှိ။ သူ၏ဖခင်မှ တော်စပ်သော ဆွေမျိုးသားချင်းများ ပြည်မြို့၌ ရှိကြသဖြင့် အနေဝေးပါသည်။ သို့ဖြစ်၍ သည်လိုအခါမျိုး၌ ယမ်းဘီလူးအောင်ဒင် အားငယ်မိခြင်းမှာ မဆန်းပါ။ ယမ်းဘီလူးအောင်ဒင်နှင့် ပတ်သက်၍ အခွင့်အခါသင့်သလို ဖော်ပြပေးမည် ဖြစ်ပါသည်။

"လက်မောင်းကိုထိလို့ တော်သေးတယ်ကွ။ ပစ်တဲ့ကောင်က တော်တော်လက်တည့်တာပဲ။ နှလုံးသားကိုမှ တည့်တည့်ပစ်တာ"

ဦးတင်ဖေက လူသတ်သမားကို ချီးကျူး၏။

"ခင်ဗျားကို ပစ်တဲ့လူကို သိမှာပေါ့ ယမ်းဘီလူးအောင်ဒင်"

"ကျွန်တော် ဘယ်သိပါ့မလဲ။ ခင်ဗျားလည်း သိသားနဲ့။ ကျွန်တော့်ကို ခြိမ်းခြောက်စာပေးတာလည်း ခင်ဗျားသိရက်နဲ့"

ယမ်းဘီလူးအောင်ဒင်က စိတ်ရှည်သလို ပြန်ဖြေသည်။

"ဟုတ်တယ်ဗျာ ဒီကိစ္စကို ကျုပ်လည်း သိပါတယ်။ ခင်ဗျားက တစ်ခုခုတို့ ဖုံးကွယ်ထားမှာစိုးလို့ ပြောရတာ"

"ကဲ . . . ခင်ဗျားလည်း သတိရပြီ။ ကောင်းကောင်း အနားယူလိုက်ဦး။ တို့လည်း လုပ်စရာလေးတွေ လုပ်လိုက်ဦးမယ်"

ဦးတင်မောင်ဖေက ယမ်းဘီလူးအောင်ဒင်ကို နှုတ်ဆက်ပြန်သွားသဖြင့် ဒုရဲအုပ်ဒေါ်မြင့်မှာလည်း တာဝန်အရ မနေသာဘဲ ပြန်သွားရသည်။ ယမ်းဘီလူးအောင်ဒင် အတွေးပေါင်းများစွာဖြင့် ကျန်ရစ်ရသည်။

နောက်နေ့ထုတ် သတင်းစာတွင် ယမ်းဘီလူးအောင်ဒင် သေနတ်ပစ်ခံရကြောင်း သတင်းစာတွင် ပါလာသည်။ သူ့မိတ် ဆွေအပေါင်းအသင်းများက ဝိုင်းဝန်းလာကြသည်။ ဒဏ်ရာက မပြင်းထန်၍ တော်သေးသည်ဟု စုတ်တသပ်သပ် ရှိကြသည်။ သတင်းလာမေးသူများထဲတွင် မယောင်မလည်နှင့် လာသူကိုလည်း ယမ်းဘီလူးအောင်ဒင်က သတိပြုမိထားသည်။ ထို့ကြောင့် ညနေစောင်းသည်များ ပြန်သွားပြီးနောက် ယမ်းဘီလူးအောင်ဒင်က အားလုံးကို အသင့်ပြုကာ သတိဝီရိယနှင့် စောင့်နေခဲ့သည်။ တိတ်ဆိတ်သောည တာဝန်ကျ ဆရာဝန်၊ ဆရာမများ လူနာစစ်ဆေးအပြီး လိုအပ်သည်ကို ဆောင်ရွက်ပြီးစီးသောအချိန်။ သွားပါများ ခရီးရောက်၊ မေးပါများ စကားရ၊ မအိပ်မနေ အသက်ရှည်ဆိုသည့် မောင်ပေါက်ကျိုင်းထုံး နှလုံးမူကာ ယမ်းဘီလူးအောင်ဒင်က စောင့်နေလိုက်သည်။ မျှော်လင့်ထားသည့် အတိုင်းပင်ဖြစ်သည်။ ထောင်ထားသော လိုက်ကာကွယ်ကြားမှ ယမ်းဘီလူးအောင်ဒင်၏ ခုတင်တည့်တည့် အိပ်ရာဆီသို့ ချိန်ရွယ်ရောက်ရှိလာသော သေနတ်မည်းမည်းလေး အသံတိတ်ကိရိယာတပ်ဆင်ထားသည့် သေနတ်။ သည်တစ်ခါက်လောက် ပစ်ကွင်းကောင်းသော အခွင့်အရေးမျိုးသည် ဘယ်မှာရှိပါမည်နည်း။ လူသတ်သမားက အသေအချာချိန်ရွယ်၍ မောင်းဖြုတ်ရန် လက်ညှိုးကိုအကွေးတွင် ယမ်းဘီလူးအောင်ဒင်က လက်ကောက်ဝတ်ကို အသင့်ကိုင်ထားသော တုတ်ဖြင့် ဆတ်ခနဲ ရိုက်လိုက်သည်။ လူသတ်သမားကြောင့်၍ ဘာမှမလုပ်နိုင်သောအချိန်မှာပင် ယမ်းဘီလူးအောင်ဒင်က အသင့်ပြုလုပ်ထားသော လက်ထိတ်ဖြင့် သေနတ်သမား၏လက်ကို ခတ်ကာ သေနတ်ကို ရယူလိုက်သည်။ သေနတ်သမားပြေး၍မရပါ။ အခန်းကာလိုက်ကာ တိုင်နှင့် ချည်နှောင်ထားသော လက်ထိတ်ကို လူသတ်သမား ရုန်းထွက်၍ မရပါ။

(ဆက်လက်ဖော်ပြပါမည်။)

ရွှေမြိုတ်သောင်းတင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ခွဲလမ်းမှ ဝေဒနာကြောင့်

■ မြမြလှိုင်

သည်လို အခြေအနေတိုင်းသာ ရက်ရှည်လများ ကြုံတွေ့နေရလျှင် ခက်ရချည်ရဲ့ဟု ဒေါ်ကြင်မြိုင် တွေးလိုက်သည်။ ကြည့်လေ…ယခုလို ဖြစ်နေရသည့် ပြဿနာက တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။ သူတို့စိတ်တိုင်းကျ သည်းခံခဲ့သည်။ ကိုယ်ပိုင်အိမ်မဟုတ်လျှင် အိမ်ရှင်၏ သဘောအတိုင်း စိတ်တိုင်းကျကို လိုက်လျောခဲ့ရသည်။ သဘာဝကျကျ စဉ်းစားလျှင် သည်လိုအနေအထားက ဖြစ်လာနိုင်ခြေအကြောင်းက လုံးဝမရှိ။

ဒေါ်ကြင်မြိုင်တို့နေသည်က သုံးထပ်တိုက် သုံးခန်းတွဲတွင် ညာဘက်ခြမ်း အလယ်ခန်းဖြစ်သည်။ လမ်းတစ်ဘက်ခြမ်းတွင် ဗဟိုစည်ရပ်ကွက်ကြီး ရှိသည်။ ဖဆပလခေတ်က ချထားပေးခဲ့သော ရပ်ကွက်ကြီးဖြစ်သည်။ တစ်လမ်း၊ နှစ်လမ်း၊ သုံးလမ်း၊ လေးလမ်း၊ ဗဟိုလမ်းဆိုပြီး အိမ်မြေအကွက်ချကာ ပျဉ်ထောင်အိမ် နှစ်ထပ်၊ နှစ်ခန်းတွဲ လေးခန်းဖြစ်သည်။ သွပ်မိုးထားသည်။ အခန်းသုံးခန်း ကာရံထားပေးသည်။ ဗျုံကျုရပ်ကွက်မှ မီးသင့်လောင်ပြီး ယခုလို ပုံစံချကာ ရပ်ကွက်ဖြစ်လာသည်။

သည်ဘက်ခြမ်းတွင်လည်း တိုက်တာအိမ်ကြီးအိမ်ကောင်းတွေရှိသည်။ ဒေါ်ကြင်မြိုင်တို့နေသည့် သုံးထပ်တိုက်ဘေးတွင် ခြံဝင်းကျယ်နှင့် နေထိုင်ကြသော မိသားစုသုံးလေးဦး ရှိသည်။ ဦးဘာဝါလမ်းခေါ်သည့် ညာဘက်အတွင်းလမ်းတွင်လည်း ပုံစံတူ သုံးထပ်တိုက်က နှစ်လုံးရှိသည်။ နောက်ဘက်သို့ဆက်သွားလျှင် အတွင်းကျကျတွင်ဆောက်ထားသော အိမ်ငယ်၊ အခန်းငယ်လေးများနှင့် ကျူစက်တစ်

www.burmeseclassic.com

လုံးရှိသည်။ လူစည်ကားသော ရပ်ဝန်းဖြစ်သည်။

ထိုစဉ်က လမ်းဆုံလမ်းသွယ်တို့တွင် အများသူငါသုံးနိုင်ရန် ရေဘုံပိုင်ပိုက်နှင့် ပိုက်ခေါင်းကို တစ်တောင်သာသာ အမြင့်ထားပြီး ရေလွှတ်ပေးသည်။ ရေမရသူ၊ ရေမရှိသူတို့မှာ ထိုရေဘုံပိုင်ရှိရာသို့ လာကာ ရေပုံးများတန်းစီပြီး ရေခပ်ကြရသည်။

ထို့ကြောင့် တိုက်ခန်းတွေမှ မူလရေပေး၊ ရေရသည့် ပိုက်မကြီးမှနေ ရေသွယ်ကြသည်။ လမ်းမှ ဖြတ်ယူကာ သွယ်ကြခြင်းဖြစ်သည်။ (အဝီစိရေတွင်းတူးခြင်းခေတ် မရှိသေး။) ထိုအခါတွင် ဒေါ်ကြင်မြိုင်တို့အဖို့ မူလရှိသော ဂျုံးဖြူပိုက်မှ ရေမရတော့ပေ။ ဦးဘဝါလမ်းထဲတွင်သွားပြီး ရေခပ်ရန်မှာလည်း တစ်ပတ်ကြီးပတ်ကာ သွားရမည်ဖြစ်၍ အဆင်ကမပြေ။

“ဒေါ်ကြီးရေ ကျွန်မတို့လည်း ရေသွယ်ရရင် ကောင်းမယ်နဲ့တူတယ်။ အိမ်ရှင်ကို ရေသွယ်ခွင့်ပေးဖို့ လက်မှတ်ထိုးခိုင်းရမယ်”

ဒေါ်ကြင်မြိုင်နေထိုင်သည့် အခန်း၏ အပေါ်ထပ်တွင်နေသော မိသားစုမှ သမီးကြီးဖြစ်သော ဒေါ်ခင်သိန်းက လာရောက်ပြီးဆွေးနွေးသည်။ ဒေါ်ကြင်မြိုင်တို့ကလည်း ရေပိုက်သွယ်ရန် သဘောတူသည်။ အိမ်ရှင်ထံမှ ရေသွယ်ခွင့်ရသောအခါတွင် စိတ်မကျေနပ်စရာတစ်ခုကို ခံစားရသည်။

“ကျွန်မတို့က အိမ်ရှင်ဆီမှာ ရေသွယ်ခွင့်လက်မှတ်ထိုးရအောင် ပြောရတာ။ ဒါကြောင့် ရေပိုက်ကို အိမ်မှာသွယ်လာရင် အဒေါ်ကြင်မြိုင်တို့ဆီ အရင်သွယ်၊ ပြီးမှ ကျွန်မတို့ဆီကို တစ်ဆင့်သွယ်ဖို့ဆိုတာ အဆင်မပြေဘူး။ ဒီတော့ ရေပိုက်ကို ကျွန်မတို့ဆီကို အရင်တက်စေပြီးမှ အဒေါ်တို့အောက်ထပ်ကို သွယ်ဆင်းမယ်”

သို့နှင့်ပင် သူတို့စိတ်တိုင်းကျအတိုင်း ရေသွယ်လိုက်သည်။ ရေသွယ်ပြီးသောအခါ ဒေါ်ကြင်မြိုင်တို့ ပိုပြီး စိတ်အစာမကြေ ဖြစ်ရပြန်သည်။ ရေများ အပေါ်သို့တက်ခြင်းမရှိ၍ အောက်ထပ် လှေကားခြေရင်းတွင် ရေပိုက်ခေါင်း တစ်တောင်သာသာ တပ်ရသည်။ အပေါ်ထပ်နေ ဒေါ်ခင်သိန်းတို့က ရေတုံကင်(လက်ဆွဲရေတင်) တပ်ပြီး ရေဖြည့်ပြီးမှ ဒေါ်ကြင်မြိုင်တို့က လှေကားအောက်ထပ် ရေပိုက်ခေါင်းမှ ပလတ်စတစ်ပိုက် အရှည်ဝယ်ပြီး အိမ်အပေါ်သို့ရောက်အောင် ရေသွယ်တင်ရသည်။

ရေနှင့်ပတ်သက်ပြီး မကြာခဏ အချေအတင် စကားပြောကြရသည်။ လမ်းမတော်ဘက်တွင် တိုက်ခန်းတွေသာရှိသည်။ ဝါးတန်းလမ်း (ကီလီလမ်း) အထက်ပိုင်းတွင်သာ ရှေးဆန်ဆန် ပျဉ်ထောင်အိမ် မည်းမည်းကြီးတွေ ရှိသည်။ ထိုအိမ်များတွင် ချမ်းသာသော လူမျိုးခြားတို့အနေများသည်။

“အိမ်ရှာမယ်။ မျိုးဟန်ကြီးကတော့ ပြောတယ်။ သူတို့နေတဲ့ ကြည့်မြင်တိုင်ဘက်မှာ လုံးချင်းအိမ်လေးတွေ ရှိတယ်လို့ ပြောတယ်”

ဒေါ်ကြင်မြိုင်၏ယောက်ျား ဦးထွန်းအေးက စကားဆိုလာသည်။ မျိုးဟန်ကြီးဆိုသည်မှာ ဦးထွန်းအေးတို့ ရောင်းဝယ်နေသော သိမ်ကြီးဈေးဘီရိုရှိ လွယ်အိတ်ဆိုင်တွင် ဖောက်သည်အဖြစ် ယူရောင်းနေသော ဒေါ်သိန်းကြည်၏ သားဖြစ်သည်။ မျိုးဟန်ကြီး ပြောသည့် ကြည့်မြင်တိုင်ဘက်သို့ အိမ်သွား ကြည့်ကြသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် ဝန်းကျင်တွင် ကြည့်မြင်တိုင် ကမ်းနားလမ်းတစ်လျှောက်တွင် ယခုလို အဆောက်အအုံသစ်လွင် မြင့်မြင့်မားမားတို့ မရှိကြသေးပေ။ ပျဉ်ထောင်အိမ်၊ ဓနိမိုးထရံကာ၊ ကြမ်းခင်းစသော တစ်နိုင်တစ်ပိုင်အိမ်လေးတွေ ပြွတ်သိပ်ကြပ်တည်းပြီး မွန်းကျပ်မှုကို ဆောင်သော လူနေအိမ်တွေသာ ရှိခဲ့သည်။ လမ်းတစ်ဖက်ခြမ်းတွင် ကျောက်မီးသွေးပုံကြီးတွေရှိသည်။

“ဦးလေးတို့က မိသားစုနည်းတော့ အဆင်ပြေတဲ့အိမ် တွေ့မှာပါ။ ဒီမှာက လုံးချင်းအိမ်လေးတွေ များတယ်”

ဦးထွန်းအေးနှင့် ဒေါ်ကြင်မြိုင်တို့မှာ သားသမီးမရှိ။ အသက်ကြီးမှ အိမ်ထောင်ပြုကြသော လူပျိုကြီး၊ အပျိုကြီးတို့ ဖြစ်သည်။ ဒေါ်ကြင်မြိုင်၏မောင်မှ မွေးသော သမီးကြီးနှင့် ညီမမှမွေးသော သားတို့ကို တာဝန်ယူ ကျွေးမွေးစောင့်ရှောက်ထားသည်။ ယခုလက်ရှိနေသော တိုက်ခန်းလခမှာ ယခုခေတ်အနေအထားနှင့်ယှဉ်လျှင် ရယ်စရာဖြစ်လေသည်။ တိုက်ခန်းလခမှာ ဆယ့်ငါးကျပ်သာ ရှိသည်။

“ဒါ…ပွဲစားလမ်းပဲ။ လမ်းအတွင်းဘက်လောက်မှာ အိမ်တစ်လုံးရှိတယ်”

မျိုးဟန်ကြီး ပြောသည့်အတိုင်း ပွဲစားလမ်းထဲသို့ ဝင်ကြည့်ကြသည်။ ထို အိမ်တစ်လုံးသာ ရောင်းဖို့ရှိသည်။ ရေကတော့ မပြတ်ရသည်။ ရေအဆင်ပြေသည်ဆိုသည့် တစ်ခုတည်းနှင့် အိမ်

www.burmeseclassic.com

ကိုဝယ်သည်။ ထပ်ခိုးတင်ထားသည် ဆိုသော်လည်း အိမ်၏အနေအထားမှာ ပွင့်လင်းမှုမရှိ။ အိမ်ကို တစ်ခြမ်းစီကန့်ကာ ငှားစားထားသဖြင့် သန့်စင်ခန်းကို နှစ်လုံးထားသည်။ မီးဖိုချောင်လည်း အကန့်ဖြုလုပ်ထားသည်။

"ကိုယ်နေမယ်ဆိုရင်တော့ အခုကာထားတဲ့ သုံးထပ်သားတွေဖယ်။ အိမ်ပေါက်ဝနှစ်ခုရှိတာကို တစ်ဖက်ကိုပိတ်ပြီး သန့်စင်ခန်းတစ်ခုကိုလည်း ပိတ်လိုက်တာပေါ့"

"သိမ်ကြီးဈေးကိုသွားရင်လည်း ကမ်းနားလမ်းကနေ ၃၂ စီးစီး၊ အပေါ်လမ်းဘက်ကနေ ၃၃ ပဲစီးစီး အဆင်ပြေတယ်"

"ဟင်းချက်စရာ ဝယ်ရင်လည်း မနက်ဘက်ကို ဈေးကလေးဈေးမှာ ဝယ်ရတာ နီးနီးလေး"

လင်မယားနှစ်ယောက် အကြိုက်တူညီသွားသည်။ ရေဒုက္ခမှ ကင်းဝေးလျှင် အားလုံးကောင်းသည်ဟု သဘောထားလိုက်ကြသည်။ စရန်ငွေပေးလိုက်သည်။ လောလောဆယ်တော့ မပြောင်းဖြစ်သေး။ ဒေါ်ကြင်မြိုင် ရုတ်တရက် ခန္ဓာကိုယ်တစ်ခြမ်း လေဖြတ်သွားသည်။ ဝါဝင်ပြီး သီတင်းကျွတ်သည်အထိ စောင့်ရတော့သည်။ လက်ရှိနေသည့်တိုက်ခန်းကို မူလအိမ်ရှင်ထံပင် ပြန်အမ်းယူလိုက်သည်။ ဒေါ်ကြင်မြိုင်၏ ရောဂါအခြေအနေလည်း တဖြည်းဖြည်း ကောင်းမွန်လာသည်။

"အမေကြီးတော့ အဲဒီအိမ်ကို မပြောင်းချင်ဘူး။ စိတ်ထဲမှာ လေးနေသလိုပဲ"

သားဖြစ်သူ ကြင့်လျှံမှ မွေးထားသော သမီး(မြေးကြီးလင်မယား) ရောက်လာသည့်အခါတွင် အဘွားဖြစ်သူက သူ့ဆန္ဒကိုပြောပြသည်။ သီတင်းကျွတ်ပြီးနောက် အိမ်ပြောင်းကြသည်။ နယ်မြေအသစ်၏ ပတ်ဝန်းကျင်တို့က နွေးထွေးစွာ ကြိုဆိုကြသည်။

"အဲဒီအိမ်ကို ဘယ်သူ့အဆက်အသွယ်နဲ့ဝယ်လိုက်တာလဲဟင်။ ကျွန်မတို့က ငွေအကျေချေပြီးမှ သိလိုက်ရတယ်။ စောစောကသာဆိုရင် သိသင့်သိထိုက်တာလေးတွေ ပြောပြမလို့"

တချို့သော အိမ်နီးနားချင်းတို့က တစ်စွန်းတစ်စသော စကားတို့ကို ပြောလာသည်။ သေသေချာချာ ရေရေရာရာ မပြောကြ၍ ဦးထွန်းအေးတို့ကလည်း မသိလိုက် မသိဘာသာ နေလိုက်ကြသည်။ ထိုအိမ်သို့ ဦးထွန်းအေး အစ်မ မုဆိုးမဖြစ်သော အသက်ခုနစ်ဆယ်အရွယ်ရှိသူလည်း ပါလာသည်။ အိမ်ပြောင်းလာစတွင် ရေက အမြဲတမ်း အချိန်မရွေး သုံးချင်သလို သုံးလို့ရအောင်လာနေ၍ ဒေါ်ကြင်မြိုင်က စိတ်ချမ်းသာသည်။ ဦးထွန်းအေးကလည်း ဈေးသို့သွားလျှင် ၃၂ ဘတ်စ်ကား မိုက်ပူကိုစီး၍ သိမ်ကြီးဈေးသို့ ရောက်သည်။ အတူနေရန်ပါလာသည့် ဒေါ်ကြင်မြိုင်၏မိခင်(အမေကြီး)သည် ထိုကြည့်မြင်တိုင်အိမ်တွင် လေးငါးလကြာမှ နေသားကျသည်။

"ညဘက် ညဘက် အိမ်အပေါ်ထပ်ကနေ ချောင်းဟန့်သံလိုလို၊ စကားပြောသံလိုလို ကြားနေရတယ်"

အမေကြီးက မြေး(အကြီးမ)လင်မယားလာသည့်အခါတွင် သူကြားရသမျှကို ပြောပြသည်။

"ဟာ…အမေကြီးကလည်း စိတ်ထင်လို့ပါ"

"ငါ စိတ်ထင်တာ မဟုတ်ဘူး။ အဲဒီအသံတွေကြားရရင် အမေကြီး လန့်လန့်နိုးတော့တာပဲ။ မီးဖွင့်ပြီး အိမ်ရှေ့က နာရီကြည့်လိုက်ရင် ညဆယ့်နှစ်နာရီ ထိုးနေပြီ"

ဦးထွန်းအေးတို့ လင်မယားက ထိုအကြောင်းကို လက်မခံကြ။ အသက်ရှစ်ဆယ်ကျော်၊ ကိုးဆယ်နီးပါးဖြစ်နေသည့် အမေကြီးအား စိတ်ချောက်ချား၍သာ ကြားနေရသည်ဟု ပြောသည်။ အိမ်ပြောင်းပြီး ရှစ်လအကြာတွင် ဒေါ်ကြင်မြိုင် မီးဖိုချောင်၌ ရုတ်တရက်လေဖြတ်ကာ ချော်လဲကျသည်။ တင်ပါးဆုံရိုးကျိုးကာ အိပ်ရာထဲလဲသည်။ အသက်ကကြီး၊ လေဖြတ်ထား၍ ခွဲစိတ်မှုမပြုဘဲ မြန်မာဆေးနှင့် ကုသည်။ မသက်သာ။ နီးစပ်ရာ ကောင်းနိုးရာရာနှင့် ကုသည်။ အဆင်ကမပြေ။ အိပ်ရာထဲမှာပင် ပက်လက်အနေအထားနှင့် အညစ်အကြေးကို လူတစ်ယောက်ထားကာ ပြုစုရသည်။ လျှာလိပ်သွား၍ အစာ(အရည်)ကို နှာခေါင်းမှ ပိုက်ထည့်ကာ ဆေးထိုးပိုက်အကြီးစားနှင့် သွင်းပေးရသည်။

အရင်က ဦးထွန်းအေးနှင့်အတူ တစ်ခန်းထဲနေသော်လည်း ယခုလို ဖြစ်လာသောအခါတွင် အခန်းအပြင်၌ ခုတင်တစ်လုံးနှင့် လူတစ်ယောက်ငှားကာ ပြုစုစေသည်။

"အမေကြီးပြောတာကို ဘယ်သူမှ မယုံဘူး။ ကြင်မြိုင်ကို အပေါ်ထပ်က ပုဆိုးကွက်အနီနဲ့ မည်းမည်းအကောင်ကြီးက ခါးရိုးချိုးလိုက်တာ။ လျှာကိုလည်း ဖြတ်ပစ်လိုက်တယ်။ အမေကြီးသိတယ်"

"အမေကလည်းလေ ထင်ရာ

www.burmeseclassic.com

မြင်ရာတွေ လျှောက်ပြောနေတယ်။ အပေါ်ထပ်မှာ မသုံးတဲ့ပစ္စည်းတွေပဲ ထားတာ။ ဘယ်သူမှ မရှိဘူး"

ဌာနဆိုင်ရာမှ ပင်စင်ယူပြီး၊ တာဝန်မှ အားလပ်သွားသောသားကြီး ရောက်လာသည်။ မိခင်ဖြစ်သူ၏ ထင်မြင်မှုကို ဖြေဖျောက်ပေးသော စကားသာဆိုသည်။ မိခင်အနားတွင် နေပေးသည်။ မမျှော်လင့်ဘဲ အမေကြီးတစ်ယောက် ချော်လဲကျသည်။ ချော်လဲကျသည်မှာလည်း မထင်မှတ်သော နေရာဖြစ်သည်။

လူမည်းကြီးက မကြင်မြိုင်ရဲ့ ခေါင်းပြတ်ကြီးကို ယူလာတယ်။ ခေါင်းကဆံပင်တွေက ဖားလျားချထားပြီး ပါးစပ်မှာလည်း လျှာကြီးထွက်နေတယ်။ သွားရည်တွေကျလို့။ မျက်လုံးနှစ်လုံးက အပြင်ကို ပြူးထွက်နေတာ။ ငါ့အိမ်မှာ ခွင့်မပြုဘဲ လာနေကြလို့ ငါကလုပ်လိုက်တာတဲ့။

"ခုတင်ပေါ်မှာထိုင်ပြီး မတ်တတ်အရပ်မှာ ခြေချော်ရင်း ထိုင်ရက်လဲကျသွားတာ။ ပေါင်ရိုးအက်သွားတယ်လို့ တရုတ်ဆရာက ပြောတယ်။ အဲဒါ ဆေးစည်းပေးထားတယ်"

မြေးကြီးလင်မယား အိမ်လာစဉ် ဦးထွန်းအေးက ပြောပြသည်။

"ငါ လိမ့်ကျတာ မဟုတ်ဘူး။ နောက်ကနေ တွန်းချတာ။ ငါ့နောက်ကနေ တွန်းလိုက်တာကို ငါသိလိုက်တယ်။ အိမ်အပေါ်ထပ်မှာ လူမည်းမည်းကြီးရှိတာ နင်တို့ မမြင်ဘူးလား"

ဦးထွန်းအေး၏ အစ်မကြီးကလည်း အမေကြီးပြောတာကို ထောက်ခံသည်။

"ဟုတ်တယ် ထွန်းအေး။ ငါညတစ်ရေးနိုးလို့ အပေါ်ထသွားတော့ အပေါ်ထပ်ကို လူတက်သွားတဲ့ ခြေသံနဲ့ မီးရောင်ထဲမှာ အရိပ်တွေ့လိုက်ရတယ်"

ဘယ်လိုပင်ပြောပြော တစ်ဦးတစ်ယောက်ကမှ မယုံကြ။ စိတ်ထင်ရာပြောသည်ဟုသာ ဆိုကြသည်။ အမေကြီးလည်း အိပ်ရာထဲတွင် လဲတော့သည်။ အမေကြီး အိပ်ရာထဲလဲပြီး သုံးလအကြာတွင် ဒေါ်ကြင်မြိုင်ဆုံးသည်။ အစားအစာ မစားနိုင်၊ လှုပ်ရှားမှု မပြုနိုင်၊ အိပ်ရာထဲတွင် လေဖြတ်ခြင်း၊ သွေးလှည့်ပတ်မှု မမှန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်မှာ အရိုးအဆစ်တို့သည် ကောက်ကွေးကုန်ကြသည်။ စကားကို ပီပီသသ အသံမထွက်နိုင်တော့ဘဲ ပူးပူးဝါးဝါးသာထွက်လာသည်။ အိမ်အပေါ်ထပ်ကို မျက်လုံးကြီးပြူးကာ ကြည့်နေသည်။ တဖြည်းဖြည်း ခန္ဓာကိုယ်မှာ သွေးဆုတ်ဖြူဖျော့လာပြီး နောက် ဆုံးသွားခြင်းဖြစ်သည်။

"သွားပြီ။ ကြင်မြိုင်ကို ခေါ်သွားပြီ။ ကြင်မြိုင်ကို အဲဒီအိမ်ပေါ်ထပ်မှာ ချုပ်ထားတယ်"

ဒေါ်ကြင်မြိုင် အသုဘချသည့်နေ့တွင် အမေကြီးက ပြောနေသည်။ ဒေါ်ကြင်မြိုင်ဆုံးပြီး သုံးလအကြာတွင် ဦးထွန်းအေးတစ်ယောက် အိပ်မက်မက်လာသည်။ ဦးထွန်းအေးပြောသမျှကို မြေးကြီးလင်မယားက နားထောင်သည်။ အမေကြီးပြောသည့် ပုဆိုးအနီကွက်နှင့် လူမည်းမည်းကြီးက သူ့ပစ္စည်းတွေကို သူ့နေရာသူ ပြန်ထားပေးရမည်ဟု ပြောသည်။

"မြေးကြီး...လာဦး"

မြေးအကြီးမ လင်မယားလာစဉ် အမေကြီးက သူ့နားသို့ မြေးမအားခေါ်လိုက်သည်။

"ပြောလေ အမေကြီး ဘာပြောချင်လို့လဲ"

"အမေကြီးပြောတာကို သေသေချာချာ နားထောင်။ အမေကြီးရဲ့ ထန်းခေါက်ဖာလေးထဲမှာ လက်ကိုင်ပဝါအနီနဲ့ ထုပ်ထားတဲ့ ပစ္စည်းလေးတွေရှိတယ်။ အဲဒါကို အမေကြီးသေရင် ဖွင့်ကြည့်ပြီး ရောင်းလို့ရရင်ရောင်းလိုက်ပါ။ အလှူလုပ်ပြီး သေတဲ့သူတွေကို နာမည်ခေါ်ပြီး အလှူလုပ် အမျှဝေပါ။ ကြင်မြိုင်ကတော့ အပေါ်ထပ်မှာ အချုပ်ခံနေရတယ်"

သည်တစ်ခါတော့ အမေကြီး၏ ပြောစကားမှန်သည်ဟု ဆိုရမည်။ ဦးထွန်းအေးတစ်ယောက် ညစာထမင်းစားနေရင်း ကိုယ်တစ်ခြမ်း လေဖြတ်သွားသည်။ ထိုအခြင်းအရာကို ကြားရ၍ ဦးထွန်းအေး၏ အစ်မကြီးက အိပ်



www.burmeseclassic.com

www.burmeseclassic.com

ရာထဲတွင် နားနားနေနေ လှဲနေရာမှ ထလာပြီး မောင်ဖြစ်သူအား လာကြည့်သည်။ စိတ်မကောင်း ဖြစ်သွားသည်။ အိမ်တွင် လူအပိုကလည်း မရှိ။ အမေကြီးအား သားဖြစ်သူက ပြုစုသည်။ ယခု ယောက်ဖဖြစ်သူကိုပါ ပြုစုရပြန်သည်။ တစ်ပတ်အကြာတွင် အမေကြီး ဆုံးသည်။ ဦးထွန်းအေးနှင့် အမေကြီး၏ သားကြီးကခေါ်၍ မြေးလင်မယား ရောက်လာသည်။

"မမက အိမ်အပေါ်ထပ်မှာ လူသံတွေ ကြားရတယ်လို့ ပြောတယ်။ နောက်ပြီး ညညမှာ ပုဆိုးအကွက်ဝတ်ထားတဲ့ လူမည်းမည်းကြီး ဆင်းလာတာ တွေ့ရတယ်လို့ ပြောတယ်"

ဦးထွန်းအေး၏ အစ်မကြီးလည်း ကိုယ်တစ်ခြမ်း လေဖြတ်၍ ဆုံးသွားသည်။ ထိုအိမ်ကြီးတွင် သမီးယောက်ဖ ဖြစ်ကြသော ဦးထွန်းအေးနှင့် သားအကြီးသာ ရှိတော့သည်။ နယ်မှပင်စင်ယူပြီးလာနေသော သားအကြီးမှာလည်း နေမကောင်းဖြစ်လာ၍ နယ်သို့ပြန်သွားသည်။ တစ်ပတ်အကြာတွင် ဆုံးလေသည်။

"နင်တို့လင်မယား အိမ်မှာခဏလာနေပေးပါ"

လေဖြတ်ထားသော ဝေဒနာသည်ဖြစ်၍ စကားပီပီသသ မပြောနိုင်။ သတိလည်း မေ့စပြုလာသည်။ ထို့ကြောင့်ပင် မြေးအကြီးမလင်မယား ခဏလာနေပေးရသည်။

"ဟေး...ဟေး...သွား...သွား မလာနဲ့ သွားကြ"

ညအိပ်နေစဉ် အခန်းထဲမှ ဦးထွန်းအေး၏ အော်သံကို ကြားရသည်။

"ဘဘ၊ ဘဘ သတိထားလေ"

အခန်းထဲသို့ လင်မယားနှစ်ယောက်ဝင်လာပြီး ဦးထွန်းအေးအား လှုပ်နှိုးရသည်။

"ငါ့ကို သောက်ရေတိုက်ပါ။ ရေသောက်ပါရစေ။ ကြောက်စရာကောင်းလိုက်တာ"

အနားရှိ တူမဖြစ်သူက သောက်ရေတစ်ခွက် ခပ်ပေးလိုက်သည်။ ဦးထွန်းအေး၏ မျက်နှာပြင်နှင့် ကျောပြင်တစ်ပိုက်တွင် ချွေးတွေရွှဲနေသည်။

"ဘဘ အိပ်မက်မက်နေတာလား"

"အိပ်မက် မဟုတ်ဘူး။ ငါမှ အိပ်လို့မပျော်သေးတာ။ လူမည်းကြီးက မကြင်မြိုင်ရဲ့ခေါင်းပြတ်ကြီးကို ယူလာတယ်။ ခေါင်းကဆံပင်တွေက ဖားလျားချထားပြီး ပါးစပ်မှာလည်း လျှာကြီးထွက်နေတယ်။ သွားရည်တွေကျလို့။ မျက်လုံးနှစ်လုံးက အပြင်ကို ပြူးထွက်နေတာ။ ငါ့အိမ်မှာ ခွင့်မပြုဘဲလာနေကြလို့ ငါကလုပ်လိုက်တာတဲ့။ နင့်မိန်းမ ကြင်မြိုင်က အကုသိုလ်တွေ သိပ်များလို့ ခုလိုခံရတာတဲ့"

ဦးထွန်းအေးတစ်ယောက် ဆက်မအိပ်ရဲတော့ပေ။ မြေးအကြီးမ လင်မယားလည်း အနားတွင် မိုးလင်းသည်အထိ နေရတော့သည်။

"သမီးတို့ ကြီးဒေါ် လင်မယားက အိမ်ဝယ်တာ သိပ်ပြီး အလောကြီးသွားတယ်။ နည်းနည်းပါးပါးမှ မစုံစမ်းကြတာ။ အန်တီတို့က ငွေချေပြီးမှ သိရတော့ မတားချင်တော့ဘူး"

မျက်နှာချင်းဆိုင်အိမ်မှ မြေးအကြီးမတို့ လင်မယားအား ပြောပြသည်။

"အဲဒီအိမ်မှာ ပထမဆုံးဆောက်ပြီးနေတဲ့ အသားမည်းမည်း လူမျိုးခြားလင်မယားကို ဓားပြတိုက်ပြီး သတ်သွားတယ်။ တစ်နှစ် နှစ်နှစ်ကြာတော့ အိမ်ငှားတဲ့သူ ရောက်လာတယ်။ သူလည်း သုံးလေးရက်နေပြီး ပြောင်းသွားတယ်။ နောက် အခုအိမ်ကို ရောင်းတဲ့ ဒေါ်ထွေးမေတို့လင်မယားက ဈေးပေါပေါနဲ့ဝယ်လိုက်ပြီး တစ်ခြမ်းကိုကာ အိမ်ငှားတင်လိုက်တယ်။ အိမ်ငှားလို့ရအောင် ရေအိမ်ကို နှစ်လုံးလုပ်တာပေါ့။ မကြာပါဘူး။ အိမ်ငှားနေတဲ့ မိသားစုမှာ ပါလာတဲ့ အပျိုရွယ်မိန်းကလေး ခများ အပေါ့အပါးသွားရင်းကြီး သေသွားတယ်။ သုံးလေလကြာတော့ အိမ်ရှင်ရဲ့သားလေး ကျောင်းကအပြန် ကားတိုက်သေသွားတယ်။ အဲဒီအိမ်မှာ တစ်ခုခု ရှိနေပြီနဲ့တူတယ်"

မျက်နှာချင်းဆိုင်အိမ်မှ အန်တီကြီး၏စကားကြောင့် မြေးအကြီးမတို့ လင်မယားမှာ စဉ်းစားရတော့သည်။ ဦးထွန်းအေးကလည်း သတိကမေ့လျော့စ ပြုနေပြီ။ တစ်ယောက်တည်းထိုင်ပြီးလည်း စကားပြောချင် ပြေနေတတ်သည်။

"ဒီလိုလုပ်ပါလား။ အန်တီတို့အသိ အဘကြီးတစ်ယောက်ရှိတယ်။ သူက ပယောဂတို့၊ ဘာတို့နိုင်တယ်။ ပုတီးစိပ်နေတော့ သမာဓိလည်းကောင်းတယ်။ သူ့ကိုခေါ်ပြရင် မကောင်းဘူးလား"

ဟုတ်နိုးနိုးနှင့် အသံစုံကိုလည်း အမှန်တကယ် ကြားလာရ၍ အိမ်ရှေ့မှ အန်တီကြီး၏ အကြံဉာဏ်ကို လက်ခံလိုက်သည်။ သို့နှင့် ရန်ကုန်တစ်ဖက်ကမ်းရှိ ရွာလေးတစ်ရွာတွင် နေထိုင်သော အဘကောင်းကို သွား၍ အကျိုး

www.burmeseclassic.com

အကြောင်းပြောကာ ပင့်ခဲ့ရတော့သည်။

အဘကောင်းသည် အသက်ခုနစ်ဆယ် အရွယ်ရှိသည်။ ယောဂီရောင် အထက်အောက် ဝတ်သည်။ လည်ပင်းတွင် ပယင်းပုတီးကို ဆွဲထားသည်။ သူများတွေလို ကွမ်းမစား။ စမုန်စပါးအနည်းငယ်ကိုသာ ငုံထားသည်။ သက်သတ်လွတ် စားသည်မှာ ရာသက်ပန်ဖြစ်သည်။ အဘ၏အသားအရေသည် ကြည်ကြည်လင်လင် ရှိသည်။ အဘကို ပင့်လာခဲ့သည်မှာ နေ့ခင်းဘက်ဖြစ်သည်။ အိမ်ထဲသို့ ရောက်သည်နှင့် ညာဘက်တွင်ရှိသော ရေအိမ်သို့ တောက်လျှောက်ဝင်လာသည်။

"ကဲ…လူလေး၊ အဘကို သဲရယ်၊ ကျောက်စရစ်ခဲလေးတွေရယ် သန့်သန့်ရအောင် ခပ်များများလေး ရှာပေး"

အဘ ပြောသည့်အတိုင်း မြေးအကြီးမ၏ယောက်ျား မောင်ခင်ဝင်းက ထွက်သွားသည်။ တစ်နာရီခန့်အကြာတွင် သဲနှင့်ကျောက်စရစ်ခဲ ဖလားငယ်ငယ်တစ်လုံးစီ ယူလာသည်။

"အဘ…ကန်တော့ပွဲတွေဘာတွေ လုပ်ရဦးမလား"

"မလိုဘူး။ သူတို့က ကန်တော့ပွဲပေးစရာ မလိုတဲ့ အနိမ့်စားတွေ။ ဂါထာနဲ့ပဲ လုပ်ရမှာ"

သို့နှင့်ပင် အဘသည် သဲနှင့်ကျောက်စရစ်ခဲအား နှုတ်မှဂါထာကို အသံသြဇာကောင်းကောင်းနှင့် ရွတ်ဆိုမန်းမှုတ်လေသည်။

"ဥုံ…စရေဒီသာ၊ သီလဝန္တာ၊ ဗျက္ခမဟာသကံ။

မနုဿဟတ္ထိ၊ အဿစောရာနိ၊ သပ္ပေါရာဇာ၊ သိဟောဒီပိ ဒုရေဂတော"

အထပ်ထပ် မန်းမှုတ်ရွတ်ဆိုကာ သဲ၊ ကျောက်စရစ်ခဲတို့နှင့် အိမ်ပေါ် အိမ်အောက်ထပ်မကျန် အခန်းစေ့ လိုက်ပက်လေသည်။

"ဟေး…ဟေး…ပူတယ်…ပူတယ်။ မလုပ်ပါနဲ့ မလုပ်ပါနဲ့"

လေဖြတ်ထား၍ မပီမသဖြစ်နေသည့် ဦးထွန်းအေးက ကိုယ်ခန္ဓာကို တွန့်လိန်ကာ အသံနက်ကြီးနှင့် ထအော်လေသည်။

"ငါ့ပစ္စည်းတွေ ပြန်ပေး။ ပြန်ယူပေးပါ။ ငါ့ပစ္စည်းတွေရရင် ငါ ထွက်သွားမယ်"

"နင့်ပစ္စည်းက ဘယ်မှာလဲ"

အဘကောင်းက ဦးထွန်းအေးအား စေ့စေ့ကြည့်ပြီး မေးလိုက်သည်။

"အခု နင်တို့နေနေတဲ့ နေရာအောက်မှာ ရှိတယ်"

ရေအိမ်သာဘက်သို့ လက်ညှိုးညွှန်ပြသည်။ မသုံးတော့ဘဲ တံခါးကို သံချက်တွေနှင့် ပိတ်ထား၍ လူသုံးယောက်လောက်ခေါ်ပြီး တံခါးကိုဖျက်ကာ ရေအိမ်မှ အကာအရံကြမ်းခင်းတွေကိုပါ ဖြိုချရတော့သည်။

"ဟာ…ဘာ…ဘာကြီးလဲ မသိဘူး"

အားလုံး၏အသံက တစ်ပြိုင်နက်တည်း ထွက်လာသည်။ ရေအိမ်သာအိုးအောက်တွင် ကျောက်သင်ပုန်းလုပ်သော ကျောက်သားအမည်းမှာ ထွင်းပြီး အကွက်ဖော်ထားသော စာလုံးအကွက်များကို တွေ့ရသည်။ ထိုကျောက်ပြားအနားတွင် စဥ့်အိုးငယ်ငယ်လေး တစ်လုံး။ အဝတ်စုတ်များနှင့် ဖုံးထားသည်။

"ကဲ…ဖွင့်ကြည့်ကြ"

အဘကောင်း၏ အမိန့်အတိုင်း စဥ့်အိုးငယ်လေးအား ဖွင့်ကြည့်ကြသည်။

"ဟာ…ရွှေဆွဲကြိုးကြီးနဲ့ ရွှေလက်စွပ်လေးကွင်း"

"ဟုတ်တယ်။ အဲဒါ ဒီအိမ်ရဲ့ မူလပိုင်ရှင်ရဲ့ ပစ္စည်းတွေပဲ။ အဲဒါကို ဘယ်သူမှ ယူလို့မရအောင် အင်းကွက်ချထားတာ။ အဲဒီအင်းကို စနေမီးသွေးနဲ့ ရေးထားတာ။ "နံ ယေ ပ၊ ရ ယု တွေ၊ ကာ မ မေ" အလိုရှိတဲ့သူရဲ့ ခြေရင်းမှာပဲ မြုပ်မြုပ်၊ အိမ်မှာဘမြုပ်မြုပ်၊ အမြန်လာစေချင်ရင် ပက်လက်၊ မှန်မှန်ပဲလာလိုလျှင် မှောက်လျက်၊ အလိုမရှိလို့ ပြန်လိုလျှင် ဖော်ပစ်ရတယ်။ တိတိကျကျနဲ့ သစ္စာရှိရှိ လုပ်ရမယ်။ ကဲ…ငါပြောမယ်။ အခု တို့ရတဲ့ မင်းရဲ့ပစ္စည်းကိုရောင်းပြီး လှူမယ်။ မင်းကို အမျှပေးဝေမယ်။ ဟောဒီအင်းကို အခုဖော်ပြီး ရေမှာ ဖျောက်ပေးမယ်။ မင်းလွတ်ရာကို သွားနိုင်ပြီပေါ့။ မင်းလုပ်ခဲ့တဲ့ အကုသိုလ်တွေကလည်း မနည်းဘူး။ မင်းကို သနားတဲ့အတွက် ခပ်ကြမ်းကြမ်းမလုပ်ဘဲ မေတ္တာနဲ့လုပ်ခဲ့တာ ဖြစ်တယ်"

အဘကောင်းက ဂါထာဖြင့် မန်းမှုတ်ထားသော သဲနှင့်ကျောက်စရစ်တို့အား ရေအိမ်သာ ပတ်ပတ်လည်နှင့် ဖြိုချထားသည့် အုတ်ပုံတွေပေါ်သို့လည်း ကြဲပက်ချလိုက်သည်။

"ဟော…မကြင်မြိုင် မကြင်မြိုင်…ပြေးပြီ…ပြေးသွားပြီ"

ဦးထွန်းအေးက အိမ်အပြင်သို့ လက် ညှိုးထိုးကာ အော်ဟစ်လိုက်လေသည်။

✦ မြမြလှိုင် ✦



www.burmeseclassic.com

www.burmeseclassic.com

## ကင်ညာနိုင်ငံ၏ လက်ထပ်ဥပဒေသစ်



မူလ ကင်ညာနိုင်ငံ၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေတွင် ကင်ညာနိုင်ငံ ရိုးရာထုံးတမ်းအစဉ်အလာအရဖြင့်မူ ယောက်ျားတစ်ယောက်သည် နောက်ထပ်မိန်းမယူလိုမည်ဆိုလျှင် ပထမဇနီး၏သဘောတူညီမှုကိုရယူရန် လိုအပ်သည်ဟုဆိုသည်။ တစ်ဖန် ယခု ကင်ညာလွှတ်တော်က ပြင်ဆင်သည့် ဥပဒေသစ်မှာမူကား ယောက်ျားသည် လက်ရှိဇနီးနှင့် တိုင်ပင်စရာမလို၊ တိုင်ပင်ခြင်းမရှိဘဲ ၎င်းတို့၏ဆန္ဒရှိသရွေ့ မိန်းမများယူခွင့်ပြုရန် ဖြစ်သည်။ ယင်းဥပဒေသစ်နှင့် ပတ်သက်၍ ယခုအခါ ကင်ညာလွှတ်တော်၌ အချေအတင် ငြင်းခုံဆွေးနွေးနေဆဲ၊ အတည်မပြုနိုင်သေးဟုသိရသည်။ အဆိုပါ ဥပဒေသစ်(ပြင်ဆင်ချက်)ကို ကင်ညာနိုင်ငံသမ္မတက လက်မှတ်ရေးထိုးပါမှ အတည်ဖြစ်ပေသည်။ ယခုလက်မှတ် မရေးထိုးသေး။ ဥပဒေအာဏာ အသက်မဝင်သေး။ ကင်ညာအမျိုးသမီးအမတ်များတို့က ကန့်ကွက်နေဆဲဖြစ်သည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:*- ကြေးမုံ (၂၃-၃-၂၀၁၄)၊ B.B.C. (၂၂-၃-၂၀၁၄)

---

## မလေးရှား အကြီးမားဆုံး ကျောက်မျက်ရတနာရွှေဆိုင် ဖောက်ထွင်းမှုကြီး




မလေးရှားနိုင်ငံ၊ ပတာလိန်မြို့ (ရွှဲကျိုးပြည်နယ်)တွင် ကျင်းပခဲ့သော တရုတ်နှစ်သစ်ကူးပွဲတော် (ဇန်နဝါရီလ ၃၁ ရက်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့) ဈေးပိတ်ရက်တွင် ပတာလိန်ဈေးရှိ ကျောက်မျက်ရတနာရွှေဆိုင်ကြီးတစ်ဆိုင် ပိတ်ထားခဲ့ရာ ဈေးပိတ်ထားတုန်း၊ လူမရှိတုန်း မသမာသူ ဖောက်ထွင်းသူလူတစ်စုသည် ခေတ်မီဖောက်ထွင်းကိရိယာမျိုးစုံဖြင့် ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး မီးခံသေတ္တာကြီးကို ဖွင့်ဖောက်၍ မီးခံသေတ္တာထဲမှ ကျောက်မျက်ရတနာပစ္စည်း စိန်ရွှေအပါအဝင် ကာလတန်ဖိုး မလေးရှားငွေ ရင်းဂျစ်(ရင်းဂစ်) ၁,၀၀၀,၀၀၀ ကျော် ပျောက်ဆုံးခဲ့ရာ မလေးရှားဖောက်ထွင်းမှုသမိုင်းတွင် အကြီးမားဆုံးမှုခင်းဖြစ်ကြောင်းနှင့် ဆိုင်တွင်းအတွင်းလူကြောင့်ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယူဆသည်ဟု ဆိုသည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:*- C.S.T. (S), 10.4.2014



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြက်ခြေခတ်လမ်းကို ဖွင့်ပြီးသော်

□ ကျော်သွေဝင်း(ရွှေအင်း)

ဦးဘမိုးမှာ ငယ်စဉ်က အိမ်ထောင်ကျခဲ့ဖူးသူဖြစ်ပြီး ဇနီးဖြစ်သူ အိမ်ထောင်ဖက်နှင့် သဘောထားမတိုက်ဆိုင်၍ စောစောစီးစီး လမ်းခွဲခဲ့ရသူဖြစ်ရာ အိမ်ထောင်ရေးကိစ္စကို လုံးဝစိတ်ကုန်ပြီး လွတ်လပ်စွာ နေထိုင်နေသူဖြစ်သည်။ ဗိုလ်နေရောင်မှာမူ သူချစ်ခင်လေးစားရသည့် ဆရာကြီးတစ်ဦးဖြစ်သည့်အပြင် အစ်ကိုကြီးတစ်ယောက်ကဲ့သို့ သံယောဇဉ်ရှိသူမို့ ယခုကဲ့သို့ ဗိုလ်နေရောင်နှင့် အတူလိုက်နေခြင်း ဖြစ်သည်။ နေလွှမ်းကလေးမှာလည်း ငယ်ရွယ်စဉ်ကလေးဘဝကတည်းကပင် သူနှင့်နေထိုင်ခဲ့ရပြီး သူ့လက်ပေါ်တွင် ကြီးပြင်းလာသူမို့ သူက တူအရင်း၊ သားအရင်းသဖွယ် သံယောဇဉ်ကြီးနေမိတော့သည်။

နေလွှမ်း၏ဖခင်မှာ တောထဲတွင်နေ၍ သူပုန်ဗိုလ်တစ်ဦးအဖြစ် လှုပ်ရှားနေခဲ့စဉ်ကလည်း ကိုယ်ကျိုးမှာ စီးပွားရေးလုပ်ကိုင်ပြီး စုဆောင်းခဲ့သူမဟုတ်ဘဲ နိုင်ငံရေးသက်သက်သာ လုပ်ခဲ့သူဖြစ်သောကြောင့် အလင်းဝင်လာသောအခါ ငွေများ အစုလိုက်၊ အပုံလိုက် ပါလာသူမဟုတ်ပေ။ ထို့ကြောင့် ဇနီးဖြစ်သူ နော်အဲလာလက်ထက်က ကျန်ရှိခဲ့သော လက်ဝတ်လက်စားအချို့ကို ရောင်းချပြီး ရရှိသော ငွေကလေးနှင့် အရင်းအနှီးပြုကာ ရာသီကုန်များဖြစ်သော အုန်း၊ ငှက်ပျော၊ ဒူးရင်း၊ သရက် စသည့် သီးနှံများကို ရောင်းဝယ် ဖောက်ကားပြုကာ သူတို့သုံးဦး၏ ဘဝရပ်တည်ရေးအတွက် ဝင်ငွေရှာရလေသည်။ ဤသို့ဖြင့် တဖြည်းဖြည်း အရင်းအနှီး စုဆောင်းမိလာသောအခါ ဒေသထွက် ကွမ်းသီးများကို ကြိုပွဲခိုင့်ဝယ်ယူ၍ သိုလှောင်ကာ ဈေးကောင်းချိန်တွင် ပြန်ထုတ်ရောင်းခြင်း၊ တောင်ပေါ်ထွက် မီးသွေးများကို သိုလှောင်ရောင်းချခြင်းများကို ပြုလုပ်သည်။ ဗိုလ်နေရောင်က ဉာဏ်နှင့် ငွေအရင်းအနှီးစိုက်ထုတ်၍ ထိုသို့ လုပ်ကိုင်သမျှကို ဦးဘမိုးက လုပ်အားစိုက်၍ နောက်မှ ကူညီလုပ်ကိုင်ပေးသည်။ တစ်ဖက်ကလည်း ... နေလွှမ်းအား စောင့်ရှောက်ပေးခြင်း၊ သူတို့သုံးဦးအတွက် ထမင်းဟင်းချက်ပြုတ်ရခြင်းများကို ပြုလုပ်ရလေသည်။ နေလွှမ်းလေးမှာလည်း မုန်းမြို့အစိုးရအလယ်တန်းကျောင်းတွင် ပြောင်းရွှေ့ပညာသင်ကြားခဲ့ပြီး တတိယတန်းသို့ ရောက်ခဲ့ပြီဖြစ်သည်။

ထိုကာလအတွင်းမှာပင် တောခိုကွန်မြူနစ်များမှာ စည်းရုံးရေးအင်အားကျဆင်းလာသည်။ တပ်မတော်နှင့် ပြည်သူများပေါင်း၍ တပ်မတော်မှ စနစ်တကျထိုးစစ်ဆင်မှုများကြောင့် စစ်တောင်းမြစ်အနောက်ဘက်ကမ်းရှိ ဖြူးမြို့နယ်အတွင်း၌သာမက၊ စစ်တောင်းမြစ်အရှေ့ဘက် ကျောက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် တောခိုကွန်မြူနစ်များ တဖြည်းဖြည်း လျော့နည်းပျောက်ကွယ်သွားတော့သည်။

ကွန်မြူနစ်များ ပျောက်ဆုံးသွားပြီး အစိုးရတပ်မတော်၏ အောင်မြင်မှုအရှိန်အဝါများ ကြီးမားနေချိန်မှာပင် တစ်ဖက်၌ ကျန်ရှိနေသေးသော ကေအင်န်ယူ သောင်းကျန်းသူများက ပြောက်ကျားပြောက်ကျား လှုပ်ရှားနေကြသည်။ ထိုအချိန်တွင် ဇနီးဖြစ်သူ နော်အဲလာနှင့် ဆက်စပ်ပြီး ဗိုလ်နေရောင်ကို ကောင်းစွာသိနေသော ကေအင်န်ယူ ခေါင်းဆောင်တချို့က ဗိုလ်နေရောင်အား လက်နက်ကိုင်ပြီး ၎င်းတို့နှင့် ပြန်လည်ပူးပေါင်းရန် ဖိတ်ခေါ်သည်။ အကယ်၍ လက်နက်မကိုင်လိုသည့်တိုင် ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများတွင် တစ်ဖက်တစ်လမ်းမှ အကူညီပေးရန် ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ဗိုလ်နေရောင်က ၎င်းတို့၏ အဆိုကို လုံးဝငြင်းပယ်ခဲ့ပြီး အစိုးရတပ်မ

www.burmeseclassic.com

တော်သားများ၏ သောင်းကျန်းသူ တိုက်ဖျက်ရေးလုပ်ငန်းများ၌ပင် တာဝန်သိ ပြည်သူတစ်ယောက်အနေဖြင့် တစ်ဖက်တစ်လမ်းမှ အကူအညီပေးခဲ့လေသည်။ ထို့ကြောင့် ကေအင်န်ယူ သောင်းကျန်းသူတို့က ဗိုလ်နေရောင်ကိုရော၊ တပည့်ဖြစ်သူ ဦးဘမိုတို့ကိုပါ သစ္စာဖောက်များ၊ အစိုးရဒေါက်တိုင် ကျောရိုးများအဖြစ် သတ်မှတ်ကာ ရန်သူစာရင်းတွင် ထည့်သွင်းခဲ့သည်။

နေလွှမ်း လေးတန်းအောင်ပြီး ငါးတန်းတက်သည့်နှစ်တွင် ဖခင်ဖြစ်သူ ဗိုလ်နေရောင်မှာ နယ်မြေတာဝန်ကျတပ်မတော်မှ စစ်ဆင်ရေးတစ်ခုအတွက် အကူအညီတောင်းသဖြင့် တာဝန်သိ ပြည်သူတစ်ဦး အနေဖြင့် လိုက်ပါသွားခဲ့လေသည်။ အမှန်စင်စစ် အစိုးရတပ်မတော်မှ နယ်မြေကျွမ်းသော ဗိုလ်နေရောင်ကို လမ်းပြအဖြစ် ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ထိုစစ်ဆင်ရေးလမ်းကြောင်းတွင် သပြေညွန့်ဘက်၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ တပ်မတော်ဘက်မှ တပ်သားအချို့နှင့်အတူ ဗိုလ်နေရောင်ပါ ရန်သူ့ကျည်ဆန်ထိ၍ ကျဆုံးခဲ့ရလေသည်။

ဖခင်ဖြစ်သူ ဗိုလ်နေရောင် မရှိတော့သောအခါ သားဖြစ်သူ နေလွှမ်းရော၊ တပည့်ဖြစ်သူ ဦးဘမိုပါ အကြီးအကျယ် ဝမ်းနည်းကြေကွဲကြရသည်။ နေလွှမ်းမှာ ဖခင်ကြီး မရှိတော့သည့်နောက်ပိုင်း ဦးလေးဦးဘမိုကိုသာ ဖအေ၊ မအေအဖြစ် အားကိုးကာ နေထိုင်ခဲ့ရတော့သည်။

ဦးဘမိုမှာလည်း နေလွှမ်းအား သားအရင်းပမာကျွေးမွေးစောင့်ရှောက်၍ ပညာသင်ကြားပေးခဲ့သည်။ နေလွှမ်းရှစ်တန်းအောင်ချိန်တွင် မုန်းမြို့အခြေခံပညာအလယ်တန်းကျောင်းမှ ဖွဲ့ဘက်အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ချိန်နှင့် တိုက်ဆိုင်နေရာ နေလွှမ်းမှာ တခြားမြို့ရွာသို့ ပြောင်းရွှေ့စရာမလိုဘဲ မုန်းကျောင်း၌ပင် ပညာဆက်သင်နိုင်ခဲ့သည်။ သို့ရာတွင် ပညာရေးဘက်၌ စိတ်ဝင်စားမှုအားနည်းသော နေလွှမ်းမှာ ဆယ်တန်းစာမေးပွဲကို တစ်နှစ်ကျရှုံးပြီးချိန်တွင် ကျောင်းဆက်မတက်တော့ဘဲ ဦးလေးဦးဘမိုနှင့်အတူ အရောင်းအဝယ် လုပ်ကိုင်၍ အေးအတူပူအမျှ နေထိုင်ခဲ့တော့သည်။

ယခုအခါတွင် နေလွှမ်းဟို့ တူဝရီးနှစ်ယောက်အတွက် မျှော်လင့်မထားသော ကြမ္မာမုန်တိုင်းက တိုက်ခတ်လာခဲ့ပြန်ပြီမို့ ဦးလေးဖြစ်သူ ဦးဘမိုမှာ နေလွှမ်းကို တစ်ယောက်တည်းထားခဲ့ပြီး လောကကြီးထဲမှ ထွက်ခွာသွားခဲ့ပြန်ပြီ ဖြစ်သည်။ နေလွှမ်းမှာ ဦးလေးဖြစ်သူ ဦးဘမို၏ အဖြစ်ဆိုးကို ပြန်လည်မြင်ယောင်ရင်း နာကြည်းခံပြင်းစိတ်နှင့်အတူ မျက်ရည်များပေါက်ပေါက်ကျလာ၍ အံကိုတင်းတင်းကြိတ်ပြီး လက်သီးဆုပ်လိုက်မိသည်။ သို့ရာတွင် သူ့အတွက် ဖြေသာသည့် ကိစ္စတစ်ခုတော့ ရှိခဲ့သည်။ ထိုအကြောင်းမှာ တခြားမဟုတ်ဘဲ ဦးလေးဦးဘမိုအား သေနတ်ဖြင့် ပစ်သတ်ခဲ့သော ငပွေးအား သူကိုယ်တိုင် ဓားဖြင့်ပစ်ပေါက်ကာ လက်စားချေနိုင်ခဲ့သောကြောင့် ဖြစ်လေသည်။

နေလွှမ်းမှာ အတွေးနယ်ကျုံရင်း လျှောက်လှမ်းလာခဲ့ရာ ကြက်ဖတွန်သံတချို့နှင့် လူသံအချို့ကို ဆူဆူညံညံကြားလိုက်ရမှ ရင်းတိုက်စိန်ရွာသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း သတိရ သည်။

ရင်းတိုက်စိန်ရွာ အနောက်ထ သို့ရောက်သောအခါ မိုးစင်စင်လင်း ပြီဖြစ်ပြီး ရွာထိပ်လှည်းလမ်းဆုံ အကြော်ကြော်ရောင်းနေသော အကြေ တဲတစ်တဲကို တွေ့ရလေသည်။ သူ ဗိုက်ဆာနေပြီ ဖြစ်သောကြော အကြော်နှစ်ပွဲခန့်မှာပြီး တစ်ထိုင်တည် စားပစ်လိုက်သည်။

သူ့အကြော် ထိုင်စားနေ အတွင်း ကြာအင်းဘက်မှ မောင်းလာ သော ထင်းလှည်းအချို့မှ အကြော်ဝ စားသူ လူတစ်စုက ပြီးခဲ့သည့်ည မုန်း(၃)ရပ်ကွက်တွင် ငပွေးများ သေ နတ်ဖြင့် ဝင်ပစ်ခဲ့သဖြင့် လူတစ်ဦးသေ ဆုံးသွားပြီး တစ်ဦးက ထွက်ပြေးလွတ် မြောက်သွားကြောင်း၊ ထွက်ပြေးသွာ သူက ဓားဖြင့်ပြန်ပေါက်ခဲ့၍ ငပွေးတစ် ယောက် သေသွားကြောင်းတို့ကို သတင်းထူးအဖြစ် အာဘောင်အာရင် သန်သန်နှင့် ပြောဆိုနေကြလေသည်

နေလွှမ်းမှာ သတင်းပျံ့နှံ့မှု မြ ဆန်ပုံကိုတွေးရင်း မိမိရှေ့ဆက်ရမည် ခရီးတွင်လည်း သိုသိုသိပ်သိပ် ကျ ကျစ်လျစ်လျစ် သွားမှဖြစ်မည်ဟု တွေ မိဖြစ်သွားလေသည်။ ထို့နောက် အကြော်ဖိုး ကျသင့်ငွေကိုရှင်းကာ သူ က ဖြောင့်ဖြူးနေသော လူသွားမြေ လမ်းမအတိုင်း အင်ကြင်းကုန်းရွာဆီသို့ ထွက်ခဲ့လေသည်။ သူ ရင်းတိုက်စိန်ရွာ မှ ထွက်လာချိန်တွင် အရှေ့အရပ် နေမင်းကြီးက စူးစူးရဲရဲ ထွက်ပေါ်ထွန် လင်းနေပြီဖြစ်သည်။

အချိန် အတော်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လှမ်းခဲ့ပြီး အင်ကြင်းကုန်းရွာဆီသို့ရောက်သောအခါ သူက ရွာထဲလမ်းအတိုင်းမဝင်တော့ဘဲ ရွာမြောက်ဘက်မှပတ်၍ အနောက်ဘက်ဆီသို့ ပြတ်ကွင်းများကို ဖြတ်လျှောက်ခဲ့သည်။

သူရောက်နေရာမှ အနောက်တောင်ယွန်းယွန်းသို့သွားလျှင် မှိုင်းညို့မှိုင်းညို့နေသော ရွာတန်းရှည်ကြီးကို ရောက်မည်ဖြစ်သည်။ ထိုရွာကြီး၏ အမည်မှာ ငါးချောင်းအင်းကျေးရွာကြီး ဖြစ်ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေးကအစ ဖွံ့ဖြိုးတိုးတက်သည့် ရွာကြီးဖြစ်ရာ မြို့ပြနှင့်လည်း အဆက်အသွယ်ရှိသော ရွာကြီးဖြစ်ကြောင်း သူကသိထားသည်။ ထိုရွာထဲမှ ဖြတ်သွားလျှင် တာဝန်ရှိ ကျေးရွာခေါင်းဆောင်များက မတော်တဆ သူ့ကို သတိထားမိပြီး မသင်္ကာ၍ ဖမ်းစစ်နေလျှင် သူ့အတွက် အနှောင့်အယှက်ဖြစ်နိုင်သည်ကို တွေးမိသဖြင့် သူက ထိုရွာကြီး၏ မြောက်ဘက်တောတန်းကလေးဆီသို့သာ ဦးတည်လျှောက်သွားသည်။

တောတန်းလေးဆီသို့ မရောက်မီ တစ်နေရာတွင် ကုန်းမို့မို့နှင့် သပြေမြင့်မြင့်များ ရှိနေသော တောအုပ်စုကလေးတစ်ခုဆီသို့ ရောက်လာရာ သူက ခေတ္တရပ်ပြီး ကြည့်နေမိလေသည်။ ဤအချိန်တွင် နေကလည်း အတော်မြင့်ပြီး အပူမြင့်လာပြီဖြစ်ရာ သူ့တစ်ကိုယ်လုံးလည်း ချွေးသီးချွေးပေါက်များကျလျက် ပူလောင်အိုက်စပ်နေချိန်ဖြစ်သည်။ ထို့အပြင် ညက တစ်ညလုံး မအိပ်ရဘဲ အသက်လုပြေးခဲ့ရသည့်အပြင် မရပ်မနား ခြေလျင်ခရီးနှင်ခဲ့ရသည့်ဒဏ်ကြောင့် သူ့တစ်ကိုယ်လုံးလည်း ညောင်းညာ၍ ပင်ပန်းနွမ်းနယ်နေပြီဖြစ်ရာ အနားယူချင်စိတ်လည်း ဖြစ်ပေါ်လာသည်။

ထို့ကြောင့်ပင် သူက ရပ်နေရာမှ သစ်ပင်အုပ်များအောက်သို့ လှမ်းဝင်လိုက်သည်။ အပင်ခြေရင်းရှိ အနည်းငယ်ရှုပ်ထွေးနေသော မြက်ပင်များကို ကျော်နင်းပြီး ဝင်သွားသောအခါ ကုန်းမို့မို့လေးပေါ်သို့ ရောက်လာလေသည်။ ထိုအခါမှပင် သူရောက်နေသော နေရာမှာ ယခင်က ရှေးဟောင်းစေတီတစ်ဆူရှိခဲ့ပြီး ပျက်ယွင်းနေသည့် ဘုရားကုန်းတော်ဟောင်းတစ်ခု ဖြစ်နေသည်ကို သူက သတိထားလိုက်မိလေသည်။ သူက နီနီရဲရဲ အုတ်ကျိုးအုတ်ပဲ့များကို တစ်ချက်သာ စိုက်ကြည့်ပြီး အောက်ခြေရှင်းသော ကျွန်းဖိုပင် တစ်ပင်အောက်တွင် ဝင်ထိုင်လိုက်သည်။ သစ်ပင်ရိပ်က သူ၏တစ်ကိုယ်လုံးကို အေးမြသွားစေသည်။ သူက ဟူးခနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း လဲလျောင်းချင်စိတ် ပေါ်လာသည်မို့ မြေသားပြောင်ပြောင်ပေါ်မှာ ပက်လက်လှန်၍ လှဲချလိုက်သည်။ ထိုသို့လှဲချပြီး မကြာမီမှာပင် သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

*****

## အခန်း(၄)

နေလွှမ်းမှာ ပင်ပန်းနွမ်းနယ်လွန်းသည့်ဒဏ်ကြောင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားခဲ့ရာ အိပ်ရာမှ နိုးထလာသောအခါ နေအတော်စောင်းနေပြီဖြစ်သည်။ သူက အတော်အတန် အိပ်လိုက်ရသောကြောင့် အားအင်များ ပြန်ပြည့်လာသလို ခံစားရသော်လည်း ဝမ်းဗိုက်က ဆာလောင်နေပြန်သည်။

"လူကလေး မင်း ဗိုက်ဆာနေပြီ မဟုတ်လား"

ရုတ်တရက် ထွက်ပေါ်လာသော အသံတစ်သံကြောင့် နေလွှမ်းမှာ ကြက်သီးမွေးညင်းများ ဖြန်းခနဲထအောင်ပင် လန့်ဖျပ်သွားသည်။ အသံက အသက်ကြီးကြီး အဘိုးကြီးတစ်ဦး၏ အသံမျိုးဖြစ်သော်လည်း တိုးညင်းသည့်တိုင် ပီသပြီး သြဇာပါနေသည်။ အသံမှာ သူ၏နောက်ဘက်ဆီမှ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။ သူက အသံလာရာဆီသို့ လှည့်ကြည့်သော်လည်း သူ့နောက်ဘက်ရှိ ကျွန်းဖိုပင်ကြီးများအောက်တွင် ကိုင်းပင်ရှည်ကြီးများရှိ၍ စေတီဟောင်းမှ ပြိုပျက်ကျထားသော အုတ်ကျိုးပုံများကလည်း ကွယ်နေပြန်ရာ အသံရှင်ကို မတွေ့ရပေ။

"မင်း ငါ့ကို ရှာနေတာလား။ လောလောဆယ် မင်းအတွက် အဓိကလိုအပ်ချက်က ဗိုက်ဆာတာကို ပြည့်ဖို့လား။ ငါ့ကိုတွေ့ဖို့လား။ ဗိုက်ဆာတာကို ပြည့်ချင်ရင် စေတီဟောင်းရဲ့ အရှေ့မြောက်ထောင့်က ကျွန်းဖိုပင်ကြီးအောက်မှာ ငှက်ပျောသီးနဲ့ နေနွေးကြမ်းရှိတယ်။ ငါ့ကိုတွေ့ချင်ရင် တောင်ဘက်အရပ်က ပေါက်ပင်ကြီးရဲ့အောက်မှာ ရှိတယ်"

အသံရှင်ကို မတွေ့ရသေးသော်လည်း ကြားရသည့်အသံက တည်ငြိမ်၍ ဆွဲဆောင်မှုအပြည့်ရှိပြီး မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com

လောက်အောင်ပင် တုန်ခါမှုလှိုင်းများ ညီညာနေသည်။

နေလွှမ်းက ဘာမျှစဉ်းစားမနေတော့ဘဲ တောင်ဘက်တည့်တည့်တွင် ရှိသော ပေါက်ပင်ကြီးဆီသို့ ဦးတည်လျှောက်လိုက်သည်။ မို့မောက်စွာ ဖရိုဖရဲ ပြိုပျက်ကျနေသော စေတီဟောင်းကို ကွင်းပတ်ကျော်ဖြတ်ပြီး ကျွန်းဖိုပင်ကြီးအောက်မှ ကိုင်းပင်ရှည်များကိုတိုး၍ ထွက်လိုက်သောအခါ အောက်ခြေ၌ ရှင်းသန့်နေသော ပေါက်ပင်ကြီးအောက်သို့ ရောက်လာသည်။

ပေါက်ပင်ကြီး၏ အရိပ်အောက်တွင် ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက် ငြိမ်သက်စွာထိုင်နေသော အထက်ညို၊ အောက်ညိုနှင့် အဘိုးအိုတစ်ဦးကို တွေ့လိုက်ရလေသည်။

အဘိုးအိုမှာ အနည်းဆုံး အသက်ခုနစ်ဆယ်ကျော်ခန့် ရှိမည်ထင်ရပြီး ခေါင်းပေါင်းအညို၊ အင်္ကျီအညို၊ လုံချည် အညိုတို့အပြင် သူ၏အသားအရောင်ကပါ ညိုနေသည်။ ပါးရိုးကားကား နှာတံပေါ်ပေါ်နှင့် မျက်ခုံးမွေးများက ထူထဲရှည်လျားပြီး တချို့အဖြူရောင် ဖြစ်နေသည်။ နှုတ်ခမ်းမွေးများ မရှိသော်လည်း မေးစေ့အောက်တည့်တည့်မှ ရှည်လျားစွာ သွယ်တန်းကျနေသော အဖြူရောင်မုတ်ဆိတ်မွေးစုက အနည်းဆုံး တစ်ထွာကျော်ကျော်ခန့် ရှည်လျားမည် ထင်ရသည်။ အဘိုးအိုက စေတီဟောင်းဘက်ဆီသို့ မျက်နှာမူပြီး တင်ပျဉ်ခွေထိုင်လျက် သူ၏လက်ဝဲလက်ထဲသို့ လက်ယာလက်ကိုထည့်ထားပြီး မျက်စိအစုံကို မှိတ်ထားသည်။ ယခုသူ့ရှေ့သို့ နေလွှမ်းရောက်နေသော်လည်း သူ၏မျက်လုံးအစုံကို ဖွင့်မကြည့်ဘဲ မှိတ်ထားဆဲပင် ဖြစ်သည်။

"ထိုင်ပါ လူကလေး"

အဘိုးအိုက မျက်စိဖွင့်မကြည့်သော်လည်း သူ့အခြေအနေအားလုံးကို သိမြင်နေပုံမျိုးဖြစ်သည်။

နေလွှမ်းက အဘိုးအို၏ ရှေ့တွင် အသာအယာ ထိုင်လိုက်သည်။ အဘိုးအိုကိုကြည့်ရင်း ဘယ်လိုပုဂ္ဂိုလ်မျိုးလည်းဟု သူကအကဲခတ်နေသည်။

"အခု လူကလေးရဲ့စိတ်ထဲမှာ အဘကို ဘယ်လိုလူစားလဲလို့ စဉ်းစားနေတယ် မဟုတ်လား"

အဘိုးအို၏ စကားမှာ သူ၏စိတ်ထဲမှ အခြေအနေနှင့် တစ်ထပ်တည်းကျနေသောကြောင့် နေလွှမ်း အံ့ဩသွားသည်။

"ဟုတ်ပါတယ် အဘ"

သူက အဘိုးအို သူ့ကိုယ်သူ ညွှန်းဆိုသည့်အတိုင်း အဘဟု ခေါ်ဝေါ်သုံးစွဲလိုက်သည်။

"တကယ်တော့ အဘအကြောင်းကိုသိဖို့ ကြိုးစားတာထက် လူကလေးကိုယ် လူကလေးသိဖို့ အရင်ကြိုးစားရမှာကွဲ့"

"ခင်ဗျာ"

"ဟုတ်တယ် လူကလေး။ လူကလေးဟာ အခုမှတွေ့မြင်ဖူးတဲ့ အဘကို ဘယ်လိုပုဂ္ဂိုလ်မျိုးလဲလို့ ဦးနှောက်အပူခံပြီး စဉ်းစားတယ်။ အသက်ဘေးအန္တရာယ်တွေရင်ဆိုင်ပြီး ခွေးပြေး၊ ဝက်ပြေး ပြေးလာရတဲ့ ကိုယ့်ကိုယ်ကိုတော့ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ တစ်ခါမှ မစဉ်းစားဘူးလား"

"ဟုတ် ... ဟုတ်ပါတယ် ... ခင်ဗျာ"

နေလွှမ်းမှာ သူ၏အကြောင်းကို တစ်ခွန်းတစ်ပါဒမျှ ထုတ်ဖော်မပြောဘဲ အလိုလိုသိနေသော အဘိုးအိုအား အံ့ဩစွာကြည့်ရင်း ဝန်ခံလိုက်သည်။

"လူကလေးက အဘအကြောင်း စဉ်းစားနေပြီး အဘ ဘယ်လိုပုဂ္ဂိုလ် လဲဆိုတာမသိပေမယ့် အဘကတော့ လူကလေးအကြောင်းသိဖို့ မစဉ်းစားဘဲ လူကလေး ဘယ်လိုပုဂ္ဂိုလ်ဆိုတာ သိနေပြီ"

"ပြောပါအဘ"

"မင်းဟာ ငယ်ငယ်လေးကတည်းက မိခင်ရဲ့ အရိပ်အာဝါသအောက်က မတည်ငြိမ်ခဲ့ဘူး။ မိရင်းဘခင်နဲ့ အတူနေခဲ့ရတာလည်း နည်းတယ်။ မင်းခိုနားခဲ့တဲ့ အပင်တွေက တစ်ပင်ပြီး တစ်ပင် လဲပြိုသွားခဲ့လေတော့ အမိမဲ့သား ရေနည်းငါးဆိုတာမျိုး ဖြစ်ခဲ့ရပြီး ဘဝတစ်လျှောက်လုံး ကြေကွဲစရာတွေကို ဖြတ်သန်းခဲ့ရတယ်။ တကယ်တော့ ဒါတွေဟာ ရှေးဘဝက ဝဋ်ကြွေးပါလာတာတွေကြောင့်ပဲ။ အ... လည်း မင်းအတွက် မှီခိုအားထား... သစ်တစ်ပင်က လဲပြိုသွားခဲ့ပြန်ပြီ... လေလွင့်ငှက်တစ်ကောင်လို တွယ်ရာ... ဘဝနဲ့ မင်းထွက်လာခဲ့တာ။ အခုလ... ရှိအချိန်အထိ မင်းဘဝရဲ့ အနာဂတ်အတွက် မင်းဘာကိုမှ စဉ်းစားမထားသေးဘူး။ ဦးတည်ရာမဲ့နေတယ်။ အဘပြောတာ ဟုတ်သလားလူကလေး"

"အားလုံးအမှန်တွေပါပဲ အဘ"

ယခုအချိန်အထိ မျက်စိကိုစုံမှိတ်... ပြီး ပြောဆိုနေသော အဘိုးအို၏စကားများမှာ သူ့ဘဝဖြစ်စဉ်များကို သေ... သိနေသလို ပြောဆိုနေခြင်းကြော... ကြောင့် နေလွှမ်းမှာ မအံ့ဩဘဲ မနေ...

www.burmeseclassic.com

www.burmeseclassic.com

နိုင်တော့ပေ။

"လူကလေးကို အဘ မှာချင်တာက တခြားလူတွေရဲ့ အကြောင်းကိုသိဖို့ထက် ကိုယ့်အကြောင်းကိုယ် သေသေချာချာသိအောင် အရင်ကြိုးစားပါ။ တကယ်တော့ ဒီကနေ့ လောကကြီးထဲမှာ ကျင်လည်နေကြတဲ့ လူတွေ တော်တော်များများဟာ ကိုယ့်အကြောင်းကိုယ် သိသယောင်ယောင်နဲ့ တကယ်မသိကြတာက များတယ် လူကလေးရဲ့။ ကိုယ့်အကြောင်းကိုယ် သေသေချာချာသိပြီဆိုရင် တခြားလူတွေအကြောင်းကိုသိဖို့ မခက်တော့ဘူး"

"အခု ကျွန်တော် ဘာလုပ်သင့်သလဲ အဘ"

"အေး ... လူကလေး အခုလိုမေးတာကိုက ကိုယ့်ကိုယ်ကို မသိခြင်းဘဲကွဲ့။ လူကလေးဟာ အဓိကနဲ့ သာမညကို မခွဲတတ်သေးဘူး။ စောစောကတည်းက လူကလေးဟာ အဘဆီအရင်မလာသေးဘဲ ကျွန်းဖိုပင်ကြီးအောက်က ငှက်ပျောသီးကို အရင်သွားစားရမှာ။ တကယ်က လူကလေး အိပ်ရာနိုးနိုးချင်း ဗိုက်ဆာနေတယ်။ တစ်ခုခုစားပေးဖို့ လိုအပ်နေတာ။ အဲဒီလို လိုအပ်တာကို အရင်ဖြည့်ပြီးမှ အဘဆီကို လာတွေ့ဖို့သင့်တယ်။ အေး ... လောကမှာ ကိုယ့်ကိုယ်ကို ဘာဆိုတာသိပြီဆိုရင် လိုအပ်တာကိုလုပ်ပြီး၊ မလိုအပ်တာတွေအားလုံးဖယ်ပစ်ရတယ်ကွ။ ဒါဆိုရင် အဲဒီလူဟာ နေပျော်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်သွားပြီး လောကကြီးကိုလည်း အပြစ်မမြင်တော့ဘူးကွ။ ကိုယ့်ကိုယ်ကို သိတဲ့လူတစ်ယောက်အတွက် လောကကြီးဟာ အမြဲတမ်း တရားပြီး အမြဲတမ်း လှပနေတယ်ကွ။ ကဲ ... လူကလေး လောလောဆယ် ငှက်ပျောသီး သွားစားပြီး ရေခွေးကြမ်းသောက်လိုက်"

အဘိုးအို၏ စကားဆုံးသည်နှင့် ဆာလောင်နေသော နေလွှမ်းမှာလည်း စေတီဟောင်း၏ အရှေ့မြောက်ဘက်တွင်ရှိသော ကျွန်းဖိုပင်ကြီးအောက်သို့ လျှောက်သွားခဲ့သည်။ ကျွန်းဖိုပင်ကြီးအောက်တွင် စဉ့်ရည်သုတ် မြေရေနွေးကရားတစ်လုံး၊ အကြမ်းပန်းကန်တစ်လုံးနှင့် ဝါးနီးဖြင့် လှလှပပရက်လုပ်ထားသော လင်ပန်းသဏ္ဌာန် ခြင်းထဲတွင် ထည့်ထားသည့် ရခိုင်ငှက်ပျောတစ်ဖီးကို တွေ့ရလေသည်။ ဖွံ့ထွားမှည့်ဝင်း၍ အနံ့ထွက်နေသော ငှက်ပျောသီးများကို ကြည့်ပြီး နေလွှမ်း၏ ဆာလောင်သောစိတ်က ပို၍တောင်းဆိုလာသည်ကြောင့် နေလွှမ်းမှာ ငှက်ပျောသီးမှည့်များကို တစ်လုံးပြီးတစ်လုံး ဖြုတ်ယူစားပစ်ရာ မကြာမီအချိန်အတွင်းမှာပင် ငှက်ပျောတစ်ဖီးလုံး ကုန်သွားလေတော့သည်။

ဗိုက်အတော်အတန် တင်းသွားပြီဖြစ်သော နေလွှမ်းက စဉ့်ရေနွေးကရားကို မ၍ အကြမ်းပန်းကန်ထဲသို့ ရေနွေးများ ငှဲ့ထည့်လိုက်သည်။

လိမ္မော်ရောင် ရေနွေးကြမ်းများက ပန်းကန်ထဲသို့ ကျလာချိန်တွင် ရေနွေးငွေ့ အခိုးများက လေ၌ လွင့်ပျံ့သွားသည်။

သူအံ့သြမိသည်က မည်သည့်အချိန်က တည်ထားမှန်း မသိရသော ရေနွေးအိုးထဲမှ ရေနွေးများမှာ လောလောလတ်လတ် မီးဖိုပေါ်မှ ချက်ချင်းချယူထားသော ရေနွေးကဲ့သို့ အပူခာတ်ရှိနေခြင်းပင် ဖြစ်သည်။

သူက ရေနွေးကြမ်းပန်းကန်ကို ကောက်ယူ၍ မှုတ်သောက်လိုက်သည်။ မွှေးပျံ့သင်းကြိုင်ပြီး ဖန်ခါးသောအရသာက တစ်ခွက်ဆိုတစ်ခွက် သိသိ လျှာပေါ်စွဲသွားကာ နောက်တစ်ခွက် ထပ်သောက်ချင်စိတ် ပေါ်လာသည်။ သို့ဖြစ်၍ နေလွှမ်းက နောက်တစ်ခွက် ထပ်ငှဲ့ပြီး မှုတ်သောက်လိုက်ပြန်သည်။ ထိုတစ်ခွက်သောက်ပြီးသွားသောအခါတွင်လည်း နောက်တစ်ခွက် ထပ်သောက်ချင်စိတ်က ပေါ်

**လူကလေးကို အဘမှာချင်တာက တခြားလူတွေရဲ့အကြောင်းကို သိဖို့ထက် ကိုယ့်အကြောင်းကိုယ် သေသေချာချာသိအောင် အရင်ကြိုးစားပါ။ တကယ်တော့ ဒီကနေ့ လောကကြီးထဲမှာ ကျင်လည်နေကြတဲ့ လူတွေတော်တော်များများဟာ ကိုယ့်အကြောင်းကိုယ် သိသယောင်ယောင်နဲ့ တကယ်မသိကြတာက များတယ် လူကလေးရဲ့။**

www.burmeseclassic.com

လာပြန်သည်။ ဤသို့ဖြင့် ရေနွေးပူပူကြီးကိုပင် သူက တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက်ပစ်လိုက်ရာ မကြာမီ ရေနွေးတစ်အိုးလုံး ပြောင်ကျသွားတော့သည်။ ထိုအခါမှပင် သူက ခရီးဆက်ရဦးမည်ကိုသတိရကာ အဘိုးအိုအား နှုတ်ဆက်ရန်အတွက် ပေါက်ပင်အောက်သို့ ပြန်လျှောက်ခဲ့သည်။

သူက အဘိုးအိုရှေ့တွင် ရိုရိုသေသေ ဝင်ထိုင်လိုက်ပြီး "အဘ ... ကျွန်တော် ခရီးဆက်တော့မယ်"ဟု ဆိုကာ ဆောင့်ကြောင့်ထိုင်၍ ကန်တော့လေသည်။

"အေးကွယ် လူကလေးနားခိုရမယ့် ခရီးတစ်ထောက်ကလည်း ဒီနေရာ မဟုတ်သေးဘူးကွဲ့။ ရှေ့နားရောက်မှတွေ့လိမ့်မယ်။ လူကလေးကို ဖပြောလိုက်ပါရစေဦး။ အစားဆိုတာလည်း ကုန်အောင်စားလို့ ရတယ်။ အသောက်ဆိုတာလည်း ကုန်အောင်သောက်လို့ ရတယ်။ စကားဆိုတာ ဘယ်တော့မှ ကုန်အောင်မပြောလေနဲ့ကွဲ့"

အဘိုးအို၏ စကားများက နေလွှမ်း ငှက်ပျောတစ်ဖီးလုံးနှင့် ရေနွေးကြမ်းအိုး တစ်အိုးလုံး ကုန်စင်အောင် စားသောက်ခဲ့သည်ကို သိနေသည့်သဘောမျိုး ဖြစ်သဖြင့် နေလွှမ်းမှာ အံ့သြပြီးရင်း အံ့သြနေရတော့သည်။ ထိုအချိန်မှာပင် အဘိုးအိုက ဆက်ပြောပြန်လေသည်။

"လူကလေးသာ ရေနွေးကြမ်းကို ကိုယ့်ဘာသာကိုယ် တည်သောက်ခွင့်ရမယ်ဆိုရင် မြင်းခွာရွက် အစိုတွေကို ရသလောက်ရှာ။ အမြစ်ပါ ရေဆေးသန့်စင်ပြီး အရိပ်ထဲမှာ လေနဲ့ခြောက်ထားပါ။ ရေနွေးအိုးကို အဖုံးဖွင့်ကြည့်ပြီး ပွက်ရုံနဲ့ မခတ်နဲ့ဦး။ ပွက်ပြီး ပြန်ကျသွားမှ ခပ်ယူ။ လက်ဖက်ခြောက် ဖန်ဖန်လေးထည့်။ ပြီးတော့ ဆားလေးနည်းနည်းခတ်။ လေသွေ့ခြောက်ထားတဲ့ မြင်းခွာရွက်လေး တစ်ရွက်၊ နှစ်ရွက်ပါ ရောထည့်။ အဖုံးပိတ်ပြီး ငါးမိနစ်လောက် နှပ်ထား။ ပြီးမှ သောက်။ အဲဒါဟာ ကျန်းမာရေးနဲ့ ညီရုံသာမက ချမ်းသာရေးပါ အကြံပေါက်စေနိုင်တဲ့ လက်ဖက်ရည် ကြမ်းသောက်နည်းပွဲကွဲ့"

"ကျွန်တော် သွားတော့မယ် အဘ။ အဘက ကျွန်တော့်ပုံကို မှတ်မိအောင် မျက်လုံးဖွင့် မကြည့်တော့ဘူးလား"

နေလွှမ်းမှာ ထိုင်ရာမှထလိုက်ရင်း ယခုအချိန်အထိ သူ့ကို လုံးဝ မျက်လုံးဖွင့်မကြည့်သော အဘိုးအိုအား စိတ်ထဲမှ မချင့်မရဲဖြစ်လာသဖြင့် ပြောလိုက်လေသည်။

"ကိုယ့်ကိုယ်ကို သိလာတဲ့ တစ်နေ့ကျရင် မကြည့်ပေမယ့် မြင်တယ် လူကလေး။ လူကလေး ကိုယ့်ကိုယ်ကို ဘာလဲဆိုတာ သိလာတဲ့တစ်နေ့ကျရင် အဘနဲ့ ပြန်ဆုံရဦးမှာပါ"

အဘိုးအို၏ စကားဆုံးသည်နှင့် နေလွှမ်းမှာ သက်ပြင်းကို အသာအယာချပြီး ထိုနေရာမှ ထွက်ခွာလာခဲ့လေတော့သည်။

*****

**အခန်း(၅)**

နေလွှမ်းမှာ ဘုရားကုန်းဟောင်းမှ ထွက်လာပြီး ဘုန်းကြီးပျံ ချောင်းတံတားကို ဖြတ်ကူးလိုက်သည်။ တံတားတစ်ဖက်ထိပ်သို့ ရောက်သည်နှင့် သူက ခေတ္တရပ်ပြီး စဉ်းစားလိုက်သည်။ ဤ နေရာမှ မြောက်တည့်တည့်သို့ သွားသော လူသွားလမ်းပေါ်အတိုင်း လျှောက်သွားလျှင် မကြာမီ ဖြူးအုတ်ဖြတ် မော်တော်ကားလမ်းပေါ်သို့ ရောက်ပေမည်။ သူ့အနေဖြင့် လူစည်ကားသော နေရာများ၊ လူအများ သွားလာနေသော လမ်းမများကို ရှောင်ကွင်းနိုင်လေကောင်းလေဖြစ်ရာ သူက အနောက်မြောက်ယွန်းယွန်းတွင် လှမ်းမြင်နေရသော ရွာစုစုကလေးဆီသို့ ဦးတည်၍ လယ်ကန်သင်းရိုးများပေါ်အတိုင်း လျှောက်လှမ်းလာခဲ့လေသည်။

သူလှမ်းမြင်ရသော ရွာကလေးသို့မရောက်မီ ရှေးဦးစွာ ဖြူးအုတ်ဖြတ် မော်တော်ကားလမ်းကို ဖြတ်တက်ရလေသည်။ သူကားလမ်းပေါ် ရောက်လာကတည်းက နေလုံးကြီးမှာ လုံးဝ ကွယ်ပျောက်သွားပြီဖြစ်ပြီး အမှောင်ရိပ်များ စတင်ယှက်သန်းလာပြီဖြစ်သည်။ သူက ထိုရွာကလေးထဲသို့ဝင်ခဲ့သည်။ ရွာကလေး၏အမည်မှာ မိတ္တီလာစုဖြစ်သည်။ ရွာထိပ်တွင် တွေ့ရသော လူငယ်တစ်ဦးအား သူက ဇေယျဝတီမြို့သို့ တောလမ်းမှ ဖြတ်သွားလိုကြောင်းနှင့် အနီးဆုံး ဖြတ်လမ်းကို လမ်းညွှန်ပေးပါရန် မေတ္တာရပ်ခံသောအခါ ထိုလူငယ်က ရည်မွန်စွာပင် သွားရမည့်လမ်းကို ညွှန်ပြပေးလေသည်။

သူက လူငယ်ကလေး လမ်းညွှန်ပေးသည့်အတိုင်း မိတ္တီလာစုရွာ မြောက်ဘက်သို့ထွက်၍ ဖြူးချောင်း ဖြတ်ကူးခဲ့သည်။ တပို့တွဲလ... ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ဖြူးချောင်းရေက ဒူးခေါင်းလောက်သာနက်ရာ သူ့အတွက် အခက်အခဲမရှိဘဲ ဖြတ်ကူးနိုင်သည်။ ချောင်းအတက်မှ လှည်းလမ်းအတိုင်း မြောက်ဘက်သို့ ဆက်လိုက်သွားရာ ကုလားလူမျိုးများသာ နေထိုင်သော ကုလားတဲစုတစ်စုသို့ ရောက်သွားလေသည်။ သူကုလားတဲစုသို့ ရောက်ချိန်တွင် နေ့အချိန် လုံးဝကုန်ဆုံးပြီး ညဘက်သို့ ရောက်လာကာ အမှောင်က ကြီးစိုးနေပြီဖြစ်သည်။ သူ့အနေဖြင့် မရပ်မနား လျှောက်လှမ်းနေသည် မှန်သော်လည်း ဤတစ်ည မည်သည့်နေရာတွင်အိပ်၍ မည်ကဲ့သို့ စခန်းသွားရမည်ကို လုံးဝမစဉ်းစားရသေးပေ။ ဤကုလားတဲတွင် နားခိုအိပ်စက်ရန်လည်း သူ့အတွက် အဆင်ပြေနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် သူက ညအိပ်ရန်ကိစ္စကို ဦးနှောက်ခြောက်ခံ၍ စဉ်းစားမနေတော့ဘဲ ကြုံသည့်နေရာတွင် ကြုံသလိုအိပ်မည်ဟု ဆုံးဖြတ်ပြီး ရှေ့ဆက်ထွက်ခဲ့သည်။

ကုလားတဲမှထွက်လာပြီး လယ်သုံးလေးကွင်းခန့် ကျော်လာသောအခါ ကောင်းကင်မှ လထွက်လာပြီး လရောင်ကြောင့် လယ်ကန်သင်းများကို မှုန်ရေးရေး မြင်တွေ့ရလေသည်။ သူက မြောက်ဘက်ယွန်းယွန်းတွင် လရောင်ဖြင့်လှမ်းမြင်နေရသော သစ်ပင်အုပ်စုရှိရာသို့ မှန်း၍ထွက်ခဲ့သည်။ သူက လယ်ကန်သင်းများပေါ်အတိုင်း လျှောက်လိုက်၊ တချို့နေရာများတွင် ပဲခင်းများထဲမှ ဖြတ်လျှောက်လိုက်နှင့် ထိုတောအုပ် ညို့ညို့ရှိရာသို့ မှန်း၍ လျှောက်လာခဲ့ရာ အချိန်တော်တော်ကြာ လျှောက်လာမိသောအခါ သူ့ရှေ့တူရူအရပ်ဆီမှ မီးအလင်းရောင်များ ဖြာထွက်နေသော အဆောက်အအုံတစ်ခုကို လှမ်း၍ မြင်တွေ့လိုက်ရလေသည်။ ထိုမီးရောင်များကို မြင်တွေ့လိုက်ရချိန်တွင် သူ့စိတ်ထဲ၌ တစ်မျိုးတစ်မည်ဖြစ်ပေါ်လာပြီး ထိုနေရာတွင်ပင် ဒီတစ်ည အနားယူအိပ်စက်ရလျှင် ကောင်းမည်ဟု တွေးမိလေသည်။ ထိုသို့တွေးမိသည်နှင့်အညီ အားတက်လာသော စိတ်အစဉ်နှင့် သူ၏ခြေလှမ်းများက သွက်သွက်ကြီး လျှောက်လှမ်းနေမိတော့သည်။ တဖြည်းဖြည်း နီး၍ နီး၍လာချိန်တွင်မှ ထိုမီးရောင်ထွက်ပေါ်လာသော အဆောက်အအုံလေး၏ အရှေ့ဘက်တွင် တောတန်းလိုလို၊ ချောင်းရိုးလိုလို အရာတစ်ခုနှင့် မြင့်မောက်သော ကုန်းတန်းတစ်ခုတို့ ကာဆီးနေသည်ကို လရောင်အောက်၌ လှမ်း၍ တွေ့မြင်ရလေတော့သည်။ သို့သော်လည်း သူ၏စိတ်က ထိုမီးရောင်ထွက်ပေါ်နေသော နေရာသို့ သွားရန်ဆုံးဖြတ်ပြီးပြီမို့ ရေးရေးမြင်နေရသော လယ်ကန်သင်းလမ်းလေးအတိုင်း ဆက်လျှောက်ခဲ့သည်။ လယ်သုံးလေးကွက်ခန့် ကျော်ပြီးသောအခါ ရှေ့တွင် အမြင့်ခြောက်ပေ၊ အကျယ် ၁၀ ပေကျော်ကျော်ခန့်ရှိသော တာရိုးကြီးတစ်ခုကို တွေ့ရလေသည်။ ထိုတာရိုးပေါ်တွင် လမ်းကဖုံနေသည်မို့ လူများသွားလာရန် အသုံးပြုသော လမ်းလည်းဖြစ်နိုင်သည်ဟု သူတွေးမိသည်။

သူ တာရိုးပေါ် ရောက်သွားချိန်တွင် အခြေအနေမှန်ကို သိလိုက်ရသည်။ တာရိုး၏တစ်ဖက်တွင် အကျယ်ပေ လေးဆယ်နီးပါးခန့်ရှိသည့် ရေမြောင်းကြီးတစ်ခုကို တွေ့ရသည်။ ထိုရေမြောင်း၏နောက်မှ အတော်အတန် စောက်နက်ပြီး အောက်ခြေတွင် ရေစိုးစိုးစပ်စပ် ရှိနေသည်ကို တွေ့ရသည်။ ရေမြောင်း၏တစ်ဖက်တွင် ကိုင်းပင်ချုံပင်များ ပေါက်ရောက်နေသော တာရိုးမြင့်မြင့်တစ်ခုကို ထပ်မံတွေ့ရပြန်ပြီး ထိုတာရိုး၏ နောက်တွင်မှ မီးများ ထိန်လင်းနေသော လူနေအိမ်ဟုထင်ရသည့် အဆောက်အအုံတစ်ခု။

နေလွှမ်းက ထိုအဆောက်အအုံလေးဆီသို့သွားပြီး တစ်ညတာ နားခိုအိပ်စက်ရလျှင် ကောင်းမည်ဟု စိတ်ကူးရလေသည်။ မီးလင်းနေသောကြောင့် ထိုအဆောက်အအုံထဲတွင် လူရှိမည်ဟုလည်း သူက တွက်ဆထားသည်။ ထိုအချိန်မှာပင် အဆောက်အအုံ၏ အပေါ်ထပ်မှ ထင်ရသော ပြတင်းပေါက်တစ်ခုဆီတွင် လူရိပ်တစ်ခု ပေါ်လာသည်ကို တွေ့ရသည်။ သူရှိနေသော နေရာနှင့် ထိုနေရာမှာ အတော်အတန် ဝေးကွာနေသေးသောကြောင့် ပုံသဏ္ဍာန်က မသဲမကွဲ။

"ဗျို့ ... အိမ်ရှင်တို့ ကျွန်တော် အဲဒီဘက်ကိုလာချင်လို့ ဘယ်လိုလာရမလဲဗျို့"

သူက အသံကျယ်ကျယ်နှင့် အော်ဟစ်၍ ပြောလိုက်သည်။

"ရှင်က ဘယ်သူလဲ။ ဘာကိစ္စ ဒီကိုလာချင်တာလဲ"

ထွက်ပေါ်လာသည့် အသံမှာ ကြည်လင်၍ တည်ငြိမ်နေပြီး မတိုးလွန်း၊ မကျယ်လွန်းနှင့် ပီပီသသ ကြား ရရုံပြောလိုက်သော မိန်းမသားတစ်ဦး၏ အသံဖြစ်နေလေသည်။

"ကျွန်တော် လူကောင်းတစ်ယောက်ပါဗျို့။ ခရီးသည်တစ်ဦးပါ။

www.burmeseclassic.com

ရှေ့ခရီးကိုဆက်ဖို့ သိပ်မှောင်နေလို့ တစ်ညတာလောက်တည်းခိုချင်လို့ပါ''

သူက ယုံကြည်လောက်အောင် ပြန်အော်ပြောသည်။ ''ကောင်းပြီလေ။ ရှင် အဲဒီလမ်းပေါ်အတိုင်း အရှေ့ဘက်ကိုနည်းနည်းလျှောက်လိုက်ရင် စေတီတစ်ဆူကို ဖူးရလိမ့်မယ်။ အဲဒီစေတီဘက်ကို ဆက်မလျှောက်ဘဲ ကျူးဘေးအတိုင်း ပတ်လျှောက်လိုက်ရင် တံတားရှိတယ်။ အဲဒီတံတားပေါ်ကနေ ဒီဘက်ကို ဖြတ်ကူးပြီး မြို့ရိုးပေါက်ထဲကနေ ဝင်ခဲ့။ ဒီအိမ်တော်ကို လာလို့ရပြီ''

ကြားလိုက်ရသော အသံမှာ စောစောကအသံရှင်၏ အသံပင်ဖြစ်ပြီး သူမပြောနေဟန်မှာ သာမန်ပြောနေပုံနှင့်မတူဘဲ အမိန့်ပေးနေသယောင်ယောင်၊ ညွှန်ကြားနေသယောင်ယောင် ပုံစံမျိုးဖြစ်နေသည်။ သူမပြောဆိုသော စကားများထဲတွင် ကျူးတွေရော၊ မြို့ရိုးတွေရော၊ အိမ်တော်တွေရော ပါနေသဖြင့် နေ့လွှမ်း၏စိတ်ထဲတွင် တစ်မျိုး ဆန်းနေသည်ကတော့ အမှန်ပင်။ သို့သော်လည်း ဘာပဲဖြစ်ဖြစ် ထိုနေရာသို့သွားရန် စိတ်ကူးပြီးသား ဖြစ်ခြင်းကြောင့် သူက

''ဒါဆိုရင်လည်း ကျွန်တော်လာပြီဗျို့''

ဟု အော်ပြောကာ လမ်းမပေါ်အတိုင်း အရှေ့ဘက်သို့ဆက်လျှောက်လိုက်လေသည်။

မကြာမီ တချင်ချင်မြည်လွင်သော ဆည်းလည်းခတ်သံလေးများကို ကြားလိုက်ရပြီး လရောင်အောက်တွင် ထုံးဖြူဖြူဖွေးနေသည့် စေတီတစ်ဆူကို သူ့ရှေ့တူရူအရပ်တွင် လှမ်း၍ ဖူးတွေ့လိုက်ရလေသည်။ သူက ခေတ္တရပ်၍ မတ်တတ်မှပင် လက်အုပ်ချီဦးခိုက်ပြီး စေတီတော်ကို စိတ်အာရုံဖြင့် ရှိခိုးလိုက်သည်။ ထို့နောက် စေတီတော်ဘက်သို့ သွားရာလမ်းကို မလိုက်ဘဲ ကျူးနုတ်ခမ်းဘေးအတိုင်း မြောက်ဘက်သို့ ပတ်လိုက်သွားသောအခါ ကျူးကိုဖြတ်ကူးသော သစ်သားတံတား မြင့်မြင့်ကျဉ်းကျဉ်းကို တွေ့ရလေသည်။ သူက ထိုတံတားပေါ်မှ တစ်ဖက်ကမ်းသို့ ဖြတ်ကူးလိုက်သောအခါ သစ်ပင်ကိုင်းပင်များ ပေါက်ရောက်နေသည့် ကုန်းတန်းကြီး၏ နုတ်ခမ်းပေါ်သို့ ရောက်သွားလေသည်။ ထိုနေရာမှတစ်ဖန် မြောက်ဘက်သို့ လျှောက်လိုက်သောအခါ ထိုကုန်းတန်းကြီး၏ တစ်နေရာ၌ အုတ်နီခဲများ စီခင်းထားပြီး အပေါက်သဖွယ် ပြတ်တောက်နိမ့်လျှောနေသောနေရာသို့ ရောက်သွားလေသည်။

နေလွှမ်းအနေဖြင့် ယခုမှပင် ဤကုန်းတန်းကြီးမှာ မြို့ရိုးဟောင်းကြီးတစ်ခုဖြစ်မှန်းကို ရိပ်မိသွားပြီး စောစောက သူဖြတ်ကူးခဲ့သော ရေမြောင်းမှာလည်း ကျူးဟောင်းတစ်ခု ဖြစ်မည်ဟု ဆက်စပ်တွေးတောမိတော့သည်။ ထိုအပေါက်ထဲသို့ ဆင်းလိုက်သည်နှင့် အထဲတွင် မီးလင်းနေသော နှစ်ထပ်ကျွန်းအိမ်ကြီးဆီသို့ သွားသောလမ်းမှာ ဘုန်းကြီးကျောင်းများမှ ကွန်ကရစ်လမ်းများသဖွယ် အုတ်ခဲပြားပြားကြီးများ အကွက်ကျ ဆက်စပ်ခင်းထားပြီး ဖြောင့်ဖြူးနေသည်ကို တွေ့ရလေသည်။ သူက လရောင်ဖြာလင်းနေသော ထိုလမ်းကလေးအတိုင်း အိမ်ကြီးဆီသို့လျှောက်ခဲ့သည်။ သူလျှောက်လာစဉ်အတွင်း သူ၏နှာခေါင်းထဲ၌ ညမွှေးပန်းနံ့များ သင်းပျံ့ကြိုင်လှိုင်နေသည်ကိုလည်း သတိပြုလိုက်မိလေသည်။

ထိုအိမ်ကြီးနှင့် တဖြည်းဖြည်း နီးလာသောအခါတွင်မှ လရောင်အောက်၌ ထင်ထင်ရှားရှားပေါ်လာသော အိမ်ပုံသဏ္ဌာန်ကို သူက သတိပြုလိုက်မိသည်။ အိမ်မှာ ရှေးဆန်သော ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် တူနေပြီး အချွန်အတက်များ၊ အကော့အပျံများနှင့် အမိုးများကို လှလှပပချိုးဆစ်၍ ဆောက်လုပ်ထားသော နှစ်ထပ်ကျွန်းအိမ်ကြီး ဖြစ်နေလေသည်။

အိမ်၏ အပေါ်ထပ်တွင် ဖွင့်ထားသော ပြတင်းပေါက်များမှ မီးရောင်များဖြာထွက်နေသလို အိမ်၏အောက်ထပ်ရှိ ပိတ်ထားသော တံခါးမကြီးရှေ့တွင်ချိတ်ထားသော မီးအိမ်မှ အလင်းရောင်က ဖြာထွက်နေသည်။

သူက လမ်းကလေးအတိုင်း ဆက်လျှောက်သွားရာ လမ်းကလေးအဆုံးသို့ ရောက်သောအခါ အိမ်အောက်ထပ်တံခါးမကြီးရှေ့သို့ ရောက်နေပြီကို သိရသည်။ ထိုအချိန်မှာပင် ပိတ်ထားသော ကျွန်တံခါးရွက်ကြီးနှစ်ရွက်က ကျွီခနဲမြည်၍ ပွင့်သွားပြီး တံခါးဝတွင် လူတစ်ယောက် ပေါ်လာလေသည်။ ထိုလူမှာ စောစောက သူလှမ်းတွေ့ခဲ့ရသော အသံရှင် အမျိုးသမီးမဟုတ်ဘဲ အသက်ငါးဆယ်ကျော် ယောကျ်ားကြီးတစ်ဦး ဖြစ်နေလေသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

---

**ကျော်ဆွေဝင်း(ရွှေခင်း)**

---



www.burmeseclassic.com

www.burmeseclassic.com

# ဘာတင်လွန်နှင့် အနာခိတဝါဒ (မင်းမဲ့ဝါဒ)

● ဗန်းမော်-ဇော်လှိုင်



အယ်ဖွန်စီ ဘာတင်လွန်

အသက် ၂၅ နှစ်ရှိ အယ်ဖွန်စီ ဘာတင်လွန်(ALPHONSE BERTI-LON) ၁၈၇၉ ခု၊ စူရက်အ် (Sûrete) ရဲဌာနတွင် စာရေးဖြစ်လာချိန်၌ ခေတ်ဟောင်းသက်သေခံ အမှတ်အသား နည်းစနစ်များမှာ လက်တွေ့အားဖြင့် အသုံးမဝင်လှချေ။ ဘာတင်လွန်မှာ ဒူပေနာပေခံသူတစ်ဦးဖြစ်ပြီး အသေးအဖွဲများလည်း ကြီးစွာဂရုထားသူဖြစ်သည်။ ထိုအချက်များကြောင့် လူတို့က သူ့ကို ဖယ်ကြဉ်ကြသည်။ အမှန်စင်စစ် သူက ဆွေကြီးမျိုးကြီး သိပ္ပံပညာနှင့် ကျွမ်းဝင်သည့် မိသားစုမှ ဆင်းသက်လာသူ ဖြစ်၏။ စနစ်တကျမရှိခြင်းကို ကသိကအောက်ခံစားရပြီး ရာထောင်ချီသော ဓာတ်ပုံများနှင့် အမှတ်အသားများကို အလွယ်တကူ စီမံနိုင်သည့် နည်းလမ်းရှိမည်ဟု အသေအချာ ယုံကြည်သည်။

ဘာတင်လွန်ဖြစ်ရပ်မှာ ပေါလိဝုဒ်အတွက် စံပြဖြစ်ပေလိမ့်မည်။ သူက ရာဇဝတ်ကောင်များ၏ ဓာတ်ပုံတို့ကို နှိုင်းယှဉ်ပြီး နှာခေါင်းနှင့် မျက်နှာတို့ကို တစ်နည်းမဟုတ်တစ်နည်း ခွဲခြမ်းစိတ်ဖြာနိုင်ရမည်ဟု ယူဆ၍ အဖမ်းခံ ရာဇဝတ်ကောင်များ၏ အတိုင်းအတာများကို ရယူလျှင် ကောင်းမည်ဟု တွေးတောမိခဲ့သည်။ အရပ်အမြင့်၊ အဝေးဆုံး လက်ထိချက်၊ ဦးခေါင်းအဝန်း၊ ထိုင်လျက်အမြင့်၊ ဘယ်လက်၊ ဘယ်ခြေနှင့် ခြေတံအရှည် စသဖြင့်ဖြစ်သည်။ ဘယ်ဘက်ကို ရွေးချယ်ရသည်မှာ အလုပ်အတိုင်ကြောင့် သက်ရောက်မှုကို ရှောင်ရှားရန်ဖြစ်သည်။ ဘာတင်လွန်မှာ ဝမ်းချုပ်ရောဂါ၊ ဗိုက်အောင့်၊ ခေါင်းကိုက်နှင့် နှာခေါင်းသွေးယိုသည့် ရောဂါများ၊ခံစားရလေ့ရှိသော်လည်း သူ့ခေါင်းခါမှုကို အပေါင်းအသင်းများက အပြစ်တင်ရယ်မောလေ့ရှိသည်။ ဆရာဝန်တစ်ဦးဖြစ်သည့် ဒေါက်တာကျူးလက် (Adiphe Quetelet)က အရပ်မောင်းချင်း မတူညီနိုင်မှုမှာ လူလေးဦးတွင် တစ်ဦးသာဖြစ်သည်။ ဤစာရင်းဇယားကို သုံးသပ်လျှင် အချိုးအစားအားဖြင့် လူတစ်ရာ၌ တစ်ဦးတူညီရန် ရာဇဝတ်ကောင်တစ်ဦး၌ နှစ်ခုသုံးခုမျှသာ တိုင်းတာရန် လိုအပ်သည်။ အထက်အရာရှိက သူ့လုပ်ရပ်ကို ပြစ်တင်ပြောဆိုသည့်အခါ ဘာတင်လွန်က ကိုယ်ပိုင်မှတ်တမ်း ကတ်များဝယ်ယူပြီး ညဥ့်နက်သည့်တိုင်အောင် သူ့ဘာသာ လုပ်ကိုင်လေသည်။

သူ့ဆရာ ဂတ်စတေ့မက်အီး (Gustave Mace)က လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ပြီး သဘောတရားဆန်လွန်းသည်ဟု မှတ်ချက်ပြုသည်။ အထက်အရာရှိသစ် ဂျင်ကာမိကမ်စီ (Jean Camecasce)ကို သူ့အား အင်တာဗျူးပြုလုပ်ရန် သုံးနှစ်ကြာ စောင့်ဆိုင်းခဲ့ရသည်။ ကမ်စီကလည်း အခြားအရာရှိများကဲ့သို့ပင် ဤလုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

အပေါ်သံသသယရှိသော်လည်း စာရေးတစ်ဦး၏ ဖွဲ့လုံ့လကို အထင်ကြီးမိသည်။ သူက ဤစနစ်ကို သုံးလကြာ လက်တွေ့စမ်းသပ်မှု ပြုကြည့်မည်။ ဘာတင်လွှန်းနည်းအရ စမ်းသပ်မှုပြုလုပ်ရန် အချက်အလက် စုဆောင်းရမည်မှာ သုံးလထက် ကြာမြင့်မည်ဖြစ်ပြီး ကြောင်းကျိုးဆီလျော်မှု မရှိလှချေ။ မက်အီးကိုယ်တိုင်က လုံးဝ ငြင်းပယ်နေရာ သူ့အခွင့်အရေးမှာ ဆက်လက်လုပ်ကိုင်ရန်နှင့် ကံကောင်းဖို့အတွက် ဆုတောင်းရန်သာ ရှိတော့သည်။ ကတ်အညွှန်းများမှာ တစ်လလျှင် ရာဂဏန်းအနည်းငယ်မျှသာ တိုးတက်မှုရှိ၍ ပဲရစ်မြို့တစ်ခုတည်းတွင် ရာဇဝတ်ကောင် လူနှစ်သောင်းကျော်ရှိရာ တစ်ယောက်ကို သက်သေအဖြစ် တင်ပြနိုင်ရန် အခွင့်အရေးမှာ နည်းလှသည်။ သုံးလကြာ၌ ဘာတင်လွှန်က မှတ်တမ်းနှစ်ထောင်ခန့် ရရှိခဲ့၍ အခွင့်အရေးမှာ တစ်အချိုးတစ်ဆယ် ဖြစ်သည်။ အတော်အသင့် မြင့်မားသည်ဟု ဆိုနိုင်သော်လည်း ရာဇဝတ်ကောင် အများစုမှာ တစ်ခါတစ်ရံ နှစ်ကြီးထောင်ကျနေရာ အဖိုးတန်မှတ်တမ်းအများစုမှာ လစ်လပ်လျက်ရှိသည်ဟု ဆိုနိုင်သည်။

၁၈၈၃ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်။ ကံတရားက ဘာတင်လွှန်နှင့်အတူ ရှိနေခဲ့သည်။ သူ့နည်းစနစ်က လွှန်ခဲ့သော သုံးလက မှတ်တမ်းယူခဲ့သော အရေးမပါသည့် ရာဇဝတ်ကောင်တစ်ယောက်ကို ဖော်ထုတ်ပြနိုင်ခဲ့သည်။ ၎င်းမှာ အသေးအဖွဲ့ဖြစ်သော်လည်း ကက်စီက စမ်းသပ်ချက်ကို ဆက်လက်ပြုလုပ်ရန် ခွင့်ပေးခဲ့သည်။ ၎င်းမှာ အရှေ့ကို မျှော်ကြည့်ခြင်း မဟုတ်ချေ။ ဤရာထူးမှာ နိုင်ငံရေးအရ ခန့်အပ်ထားခြင်းဖြစ်ပြီး ကာမိကမ်စီမှာ ထင်ပေါ်ကျော်ကြားတော့မည်ဟု မျှော်လင့်ရသည်။ ကံအကြောင်းမလှ ဖြစ်ရသည်မှာ ဘာတင်လွှန် အောင်မြင်မှု ကြီးကြီးကျယ်ကျယ်ရသည့်အချိန်၌ အထက်အရာရှိသစ်မှာ ခန့်အပ်ပြီးဖြစ်သည်။ သို့သော်လည်း သမိုင်းက ကာမိကမ်စီကိုသာ ထင်ပေါ်ကျော်ကြားစေခဲ့သည်။ မှတ်တမ်းများ တိုးပွားလာသည်နှင့်အမျှ ရာဇဝတ်ကောင်များ လက်ရဖမ်းဆီးနိုင်သည့် အရေအတွက်လည်း များပြားလာသည်။ သို့သော်လည်း ဘာတင်လွှန် လိုလားသည်က လူအများအမှန်တကယ် စိတ်ဝင်စားနိုင်မည့် အမှုအခင်းမျိုးသာ ဖြစ်သည်။

ထို့အတွက် . . . သူ့အနေဖြင့် ၁၉၈၂ ခုနှစ်ထိ စောင့်စားခဲ့ရသည်။ ၎င်းအမှုအခင်း ပေါ်ပေါက်လာချိန်၌မူ သူ့နာမည်မှာ ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ကျော်ကြားထင်ရှားရသည့်အကြောင်းမှာ အနည်းနှင့်အများ မတော်တဆမှုသာ ဖြစ်သည်။

၁၈၈၀ ခုနှစ်မှစ၍ 'အနာခီဝါဒီ' ဟု လူသိများသည့် ထိတ်လန့်ကြောက်မက်ဖွယ်လူစုမှာ အချိန်နှင့်အမျှ လူသိများလာသည်။ သူတို့ လက်ခံယုံကြည်သော လူ့သဘာဝ မွေးရာပါ ကောင်း

ခြင်းများနှင့် ပတ်သက်သည့် သဘော
တရားကို လူတို့က သိပ်စိတ်မဝင်စား
ပါ။ ၎င်းသဘောထားအရ လူတစ်ဦး
တစ်ယောက်အနေဖြင့် သူ့ကိုယ်ကျင့်
တရား ကောင်းမွန်ရန် အာဏာပိုင်
အဖွဲ့အစည်း မလိုအပ်ဟု အဓိပ္ပာယ်ရ
သည်။ ၁၈၈၁ ခုနှစ်တွင် ရုရှားလူမျိုး
အနာခီဝါဒီ နာရောနီခီ (Narodniki)
က ဇာဘုရင် အလက်ဇန္ဒာ-၂ ကို ဗုံး
ခွဲလုပ်ကြံခဲ့သည်။ ၁၈၄၈၊ မေလ
ချီကာဂိုမြို့တွင် ဆန္ဒပြသူများကို လူစုခွဲ
ရန်ကြိုးပမ်းခဲ့သည့် ရဲအဖွဲ့အတွင်းသို့
လက်လုပ်ဗုံးပစ်သွင်းခဲ့ရာ ခုနစ်ဦးသေ
ဆုံးခဲ့သည်။ အနာခီဝါဒီ ရှစ်ဦးအား
သေဒဏ်ချမှတ်ခဲ့ရာ ၎င်းတို့အထဲမှ
တစ်ဦးက ကိုယ့်ဘာသာ ဗုံးဖောက်ခွဲ
သတ်သေခဲ့ပြီး သွေးဖြင့် 'အနာခီဝါဒီ
ရှင်သန်ပါစေ'ဟု ရေးသားခဲ့သည်။
အနာခီဝါဒီသမား လေးဦးမှာ ကြိုးပေး
ခံရသည်။ ပြင်သစ်ပြည်တွင် ၎င်းဝါဒီ
များဖြစ်သည့် မာလာတက်(စ်)တာ
ဂရေ့နှင့် ရီကလုစ်တို့က 'အောင်မြင်
သောလုပ်ရပ်ဝါဒဖြန့်ချက်' (propagnd
of the deed)ကို အလေးအနက်ထား
ပြောဆိုခဲ့ရာ ဘူဇွာများ တုန်လှုပ်ခြ
ရသည်။

၁၈၉၁ ခု၊ မေဒေးနေ့ ဆန္ဒပြပွဲ
တွင် အနာခီဝါဒီ သုံးဦးအဖမ်းခံခဲ့ရပြီ
ရဲ၏ ပြင်းပြင်းထန်ထန် ရိုက်နှက်ခြင်း
ခံရသည်။ တရားရုံး၌ အမှုကိုရုံးတ
သည့်ရှေ့နေ ဘူလော့(BULOT)
သုံးဦးစလုံးကို သေဒဏ်ပေးရန်
တောင်းဆိုခဲ့သည်။ ဆန္ဒပြပွဲ၌

www.burmeseclassic.com

www.burmeseclassic.com

သေဆုံးသူ တစ်ဦးမျှ မရှိခဲ့။ တရားသူကြီးက တစ်ဦးကို အပြစ်မရှိကြောင်း ဆုံးဖြတ်ပြီး၊ ကျန်နှစ်ဦးကို ထောင်ဒဏ် သုံးနှစ်နှင့် ငါးနှစ်ခွဲစီ ချမှတ်ခဲ့သည်။ နောက်နှစ် ၁၈၉၂ ခု မတ်လတွင် တရားသူကြီး ဘီနွိုက်(BENOIST)နေထိုင်သည့် အိမ်မှာ ကြောက်မက်ဖွယ် ပေါက်ကွဲမှု ကြုံတွေ့ပြီး လှေကားမှာ ပျက်စီးသွားခဲ့သည်။ ဘီနွိုက်ကမူ မသေခဲ့။ နှစ်ပတ်အကြာတွင် ရူဒီကလီချီ(Rue de Clichy) အရပ်ရှိ ဘုလော့အိမ်လည်း ဖောက်ခွဲခံရပြန်သည်။ ကံကောင်း၍ တစ်ဦးမျှ မသေခဲ့သော်လည်း ချောက်ချားမှုမှာ ကြီးမားလှသည်။

ဆွိုင်ရီ(Soiry) အရပ်ရှိ မြေအောက်သိုလှောင်ခန်းမှ ဒိုင်းနမိုက် အမြောက်အမြား ခိုးယူခံရပြီး ပဲရစ်မြို့သူမြို့သားများက မည်သည့်နေရာ၌ နောက်ထပ်ပေါက်ကွဲမှု ဖြစ်မည်ကို တွေးတော ထိတ်လန့်နေကြသည်။ လက်ဝဲယိမ်း ပါမောက္ခတစ်ဦး ဖမ်းဆီးခံရပြီး သူဗုံးထောင်ခဲ့ကြောင်း ဝန်ခံသည်။ သို့သော်လည်း ဖောက်ခွဲမှုကို မူရာဗာချော (Ravachal)ဆိုသူက ပြုလုပ်ခဲ့ကြောင်း ထွက်ဆိုသည်။ ရာဗာချောကို ရဲကသိသည်မှာ အနာခီဝါဒီ မဟုတ်။ ဖောက်ထွင်းရေးသမားမျှသာ။ သူ့ကို ရဲက လူသတ်မှုဖြင့် သင်္ကာမကင်းဖြစ်လျက်ရှိသည်။ သူ့ကို ကပ်စေးနဲ သူကြွယ်တစ်ဦးနှင့် သူ့အိမ်ရှင် တုန်မာစတိုးပိုင်ရှင် အမျိုးသမီးနှစ်ဦးတို့ သတ်ဖြတ်မှု၊ မြို့စားကတော်ဂူမှ အဖိုးတန်ရတနာများ ခိုးယူမှုတို့အတွက် သံသယရှိနေသည်။ အသက် ၄၀ ရှိ ဤရာဇဝတ်ကောင်၏ အခြားမည်မှာ "ကိုးနီးစတိန်"(Konignstein)ဟု ထင်မြင်ရသည်။

ရူဒီကလီချီ အရပ်၌ ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲခဲ့သည့်နေ့က ရာဗာချောက ဘိုလီဗတ်မာဂင်တာ (Bolevard Magenta)လမ်းရှိ ဗက်ရီ (Restaurant Ver'y) စားသောက်ဆိုင်၌ ညစာစားခဲ့၍ စားပွဲထိုး လယ်ရော့(Lherot) ဆိုသူကို အနာခီဝါဒ သက်ဝင်ယုံကြည်ရန် စည်းရုံးပြောဆိုခဲ့သည်။ နောက်နှစ်ရက်အကြာ၌ သူပြန်လည်ရောက်ရှိလာရာ လယ်ရော့က လက်မပေါ်ရှိ အမာရွတ်တစ်ခုကို သတိပြုမိခဲ့သည်။ ၎င်းမှာ ရာဗာချောနှင့် ပတ်သက်သည့် အမှတ်အသားများ၌လည်း တွေ့ရသည်။ လယ်ရော့က ရဲကို တိုင်ကြားခဲ့ရာ ထိုသူ အဖမ်းခံရသည်။

၎င်းမှာ သူ၏နည်းစနစ်နှင့် ပတ်သက်၍ ကမ္ဘာသို့ သက်သေပြရန် ဘာတင်လွန်အဖို့ အခွင့်အရေးပင်။ ကိုနင်စတိန်မှာ သင်္ကာမကင်း လူသတ်မှုအတွက် ရဲကဖမ်းဆီးစစ်ဆေးရာ၌ အမှတ်အသား၊ အတိုင်းအတာများ ရယူခဲ့သည်။ သို့သော်လည်း သူက ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ သူ့ကို ဘာတင်လွန်ကိုယ်တိုင်လည်း စစ်ဆေးတိုင်းတာမှုများ ရယူခဲ့ပြီး ၎င်းအချက်များအားလုံး တူညီကြောင်း တွေ့ရှိရသည်။

အနာခီဝါဒီ သဘောတရားရှင် ရာဗာ မှာ လူသတ်ရာဇဝင်ကောင် 'ကိုနင်စတိန်'ပင်။ ၎င်းအချက်ကြောင့် ထိုကာလ၌ အနာခီလှုပ်ရှားမှုမှာ ဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။ ရာဗာချောကို ရုံးမတင်မီ ညနေခင်း၌ စားသောက်ဆိုင် ဗက်ရီမှာ ဗုံးဖြင့်ဖောက်ခွဲခံရပြီး ပိုင်ရှင်နှင့် ဖောက်သည်တစ်ဦး သေဆုံးရသည်။ ၎င်းမှာ ရာဗာချော အဖမ်းခံရမှုနှင့် ပတ်သက်၍ တရားရေးအဖွဲ့ကို ခြိမ်းခြောက်ရန် ကြိုးပမ်းခြင်းသာဖြစ်သည်။ ၎င်းမှာ အောင်မြင်မှုရသည်ဟု ဆိုနိုင်သည်။ ရာဗာချောမှာ ထောင်ဒဏ်သာ ချမှတ်ခံရသည်။ သို့သော်လည်း စိန့်အတင်ရာနီ (St. Etienne)အရပ်မှ တရားရေးအဖွဲ့ဝင်များက အနာခီဝါဒီတို့၏ ဗုံးကို မကြောက်လန့်ခဲ့ပါ။ သူတို့က ရာဗာချော၏ လူသတ်မှုငါးခုကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ၁၈၉၂ ခု၊ ဇူလိုင် ၁၀ ရက်နေ့၌ သေဒဏ်စီရင်ခဲ့သည်။ နောက်နှစ်အနည်းငယ်ကြာအထိ ပဲရစ်မှာ ဗုံးခွဲမှုများဖြင့် သိမ့်သိမ့်တုန်နေခဲ့သည်။ ဒု-ဝန်ကြီးတစ်ဦးနှင့် သမ္မတကာနော့ (Carnot)ကိုယ်တိုင် လုပ်ကြံခံရသည်။ ဘာတင်လွန်မှာမူ အနာခီဝါဒီများ လက်ချက်မှ သေက်မရောက်၍ လွတ်မြောက်ခဲ့သတည်း။


**[Colin Wilson's World Famous Murders မှ Alphonse Bertilon ကို ပြန်ဆိုသည်။]**

**ဗန်းမော်-ဇော်လှိုင်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပလက်ဖောင်းမင်းသား

( အ ခ န်း ဆ က် ဝ တ္ထု ရှ ည် )

**စာတ်သိမ်းပိုင်း**

ပြည်သူပိုင် သိမ်းပိုက်ထားသည့် ရုပ်ရှင်ရုံများမှာ ပိုင်ရှင်လက်ထက်က ဝန်ထမ်းဟောင်းများကိုပင် ပြန်လည် ခန့်ထားခဲ့သည်။ ရောင်း၊ သိမ်းများ။

ပိုင်ရှင်လက်ထက်က ဂိတ်သမား၊ လက်မှတ်ရောင်းသူဟူ၍ အခေါ် အဝေါ် ပြခဲ့သည်။

ရရှိသည့် လုပ်အားလစာငွေ လည်း ကွာခြားသည်။ အပေါက်စောင့် ထက် လက်မှတ်ရောင်းသူက ပိုရ သည်။ အပေါက်စောင့်က စာတတ် တတ်၊ မတတ်တတ် လုပ်လို့ရသည်။

လက်မှတ်ရောင်းသူကျတော့ ရေးတတ်၊ ဖတ်တတ်ရှိမှ ဖြစ်သည်။ အထူးသဖြင့် အတွက်အချက်လောက် ကိုတော့ ကောင်းကောင်းတတ်ရမည်။

ပြည်သူပိုင် လက်ထက်ကျတော့ အပေါက်စောင့်သူ၊ လက်မှတ်ရောင်း သူအားလုံးကို ရောင်းသိမ်းဟုခေါ်သည်။ ထိုအထဲမှ လည်လည်ဝယ်ဝယ်၊ အရေး အဖတ်၊ အတွက်အချက် ကျွမ်းကျင် သူများကိုရွေးထုတ်ပြီး ပွဲစဉ်လက်မှတ် ရောင်းတာဝန် ချထားပေးရသည်။

ပွဲစဉ်လက်မှတ် ရောင်းသမားနှင့် ကြိုတင်လက်မှတ်ရောင်းသမားကို သီး ခြားခွဲပြီး နေရာချထားရသည်။

ပွဲစဉ်လက်မှတ်က အေးအေး ဆေးဆေး ရောင်းလို့ရသည်။ ရောင်း သည့်လက်မှတ်ပေါ်မှာ ထိုင်ခုံဇယား နံပါတ်ရေးပြီး ထိုင်ခုံဇယားပေါ်မှာ ရောင်းပြီးလက်မှတ်နေရာကို ကြက် ခြေခတ်လေး ခတ်လိုက်ရုံသာ။

ကြိုတင်လက်မှတ် အရောင်း သမားက သွက်မှ၊ လျင်မှ၊ အရေးအခြစ် မြန်မှ ဖြစ်သည်။ ထိုင်ခုံဇယားပေါ်မှ ရောင်းပြီးခုံနံပါတ်ကို ခြစ်ရသည်။

ကြိုတင်လက်မှတ် စလစ်ပေါ်မှာ အတန်းအား အက္ခရာနှင့် ခုံနံပါတ် ပွဲစဉ်နေ့စွဲကို သွက်သွက်မြန်မြန် မရေး နိုင်ရင် ကြိုတင်လက်မှတ် အရောင်းခုံ မှာ ထိုင်လို့မဖြစ်။

တန်းစီနေသူတွေက အများ ကြီး။ စလစ်စာရွက်ပေါ်မှာ မိနစ်ပိုင်းအ တွင်း ပြီးအောင်ရေးရသည်။ မလျင်ရင် ခုံနံပါတ် အရေးအခြစ်မှားသွားမည်။

အရေးအခြစ်မှားလို့ ခုံထပ်သွား လျှင် မလွယ်။ ရုံပြည့်နေသည့်အခါ ခုံအစားထိုးပေးရန်ထိုင်ခုံမရှိ။ ပြဿနာ အကြီးအကျယ် တက်တတ်သည်။

သမ္မတလိုရုံများမှာ ဘုတ်ကင် အရောင်း သောင်းဂဏန်း ငွေကြေး ပမာဏ ရှိသည်။ ညနေဘက် ဘုတ် ကင်ပိတ်ချိန် အရောင်းစာရင်းနှင့် ငွေ ကွက်တိကိုက်ရမည်။ မကိုက်ရင် ပြဿနာ။ သို့မို့ကြောင့် ဝန်ထမ်းတိုင်း ကို ကြိုတင်အရောင်းနေရာမှာ အလှည့် ပေးလို့ မရ။

စတောဒီစီ အရောင်းသမားနှစ် ယောက်စီ အတွဲတွဲ၍ တစ်ပတ်တစ် လှည့် ပြောင်းပေးရသည်။

သမ္မတ၊ ပပဝင်းရုံကြီးများမှာ ဘုတ်ကင်အရောင်းကျွမ်းသူ ခြောက် ယောက်ထက် ပိုမရှိ။ ဘေးထွက်လက် မှတ် ဖန်တီးပေးနိုင်သူက ဘုတ်ကင် ထိုင်သည့် လက်မှတ်အရောင်းသမား များသာ ဖြစ်၏။

ကိုရေခဲက ဘေးထွက်လက် မှတ် အကြံအဖန်လုပ်ပေးနိုင်သူထဲက ဘယ်သူတွေအား ချဉ်းကပ်လျှင် ဖြစ်

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်မည်ကို ရွေးထုတ်လိုက်သည်။

ရွေးထုတ်လိုက်သူတွေထဲက ဘယ်သူတွေ ဘာကြိုက်တတ်သည်ကို လေ့လာခဲ့သည်။ အရက်လား၊ မိန်းမလား၊ ဒါမှမဟုတ် ငွေသမား သက်သက်လား။

အဲဒီလို လေ့လာပြီးမှ တသသစွဲကျန်မည့် သူတို့ကြိုက်တတ်ရာတွေ အစွမ်းကုန်ဖြည့်ပေးပြီး အပိုင်စည်းရုံးသည်။ ပြီးတော့မှ အပေးအယူကိစ္စဖြင့် မလှုပ်သာ မလှည့်သာအောင် ချည်တုပ်လိုက်သည်။

ပရိသတ် ကြိတ်ကြိတ်တိုးမည့် ပထမတန်းဇာတ်ကားများသာ ပြသသည့် သမ္မတနှင့် ပပဝင်း ရုံကြီးနှစ်ရုံက ဘေးထွက်လက်မှတ် အားလုံးကို ရေခဲလက်ထဲ ရောက်လာသည်။

ညနေ ဘုတ်ကင်ပိတ်ပြီးချိန်မှာ ချိန်းဆိုထားသည့်နေရာကနေ အဆင်သင့် စောင့်နေရုံသာ။ ကျွေးစရာရှိတာကျွေး၊ တိုက်စရာရှိတာတိုက်၊ ပေးစရာရှိတာပေးပြီး၊ ယူစရာရှိတာယူပြီး လမ်းခွဲ။

သူတို့လည်း တစ်လစာရသော လခထက်မက ရသွားကြသည်။ ကိုရေခဲအတွက်ကလည်း ငွေစက္ကူ အထပ်လိုက်အထပ်လိုက်ဝင်လာဖို့ သေချာသွားလေပြီ။

သူအသစ်ထွင်လိုက်သည့် လမ်းကြောမှာ ပြေချောဖြောင့်ဖြူးသွားသည်။ တပည့်လက်သား သုံးလေးဆယ်နှင့် လုပ်ငန်းရှင်ကြီးတစ်ဦး အသွင် စီမံခန့်ခွဲရသူ ရာဇာကြီး ဖြစ်လာသည်။

အသေးစား ဂဏန်းသုံးလုံး ဝင်ငွေဖြင့် စတင်ခဲ့သည့် သူ၏ ရုပ်ရှင်လက်မှတ်မှောင်ခိုလုပ်ငန်းမှာ ဂဏန်းကြီးငါးလုံး ဝင်ငွေအဆင့်သို့ ရောက်လာသည်။

လက်ဖျား ငွေသီးလာသူ ကိုရေခဲ၏ အနေအထားလည်း ပြောင်းလဲသွားပြီ။ အကောင်းဘက်သို့ ပြောင်းလဲသည်လို့တော့ မဆိုသာ။ အဆိုး၏အစဟု ဆိုရမည်သို့။

ခေါ်ချင်၊ ပြောချင်၊ ဆက်ဆံချင်သူတွေ များလာသည်။ အရပ်ထဲမှာပါ အရေးတယူ အဆက်ဆံခံ စာရင်းဝင်လာသည်။ ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စ၊ အလှူခံပုဂ္ဂိုလ်တွေက သူ့ဆီရောက်လာစမြဲ ရှိကြသည်။

"ကဲ … ကိုရေခဲရေ … ဘာအတွက်"

ဆိုလိုက်သည်နှင့် သူက အိတ်ထဲ လက်နှိုက်ပြီးသား။ သူ့မှာ လက်ကိုင်ထည့်ရင် ထည့်သလောက် အထပ်လိုက်ပဲ။ သူက သည်လိုမျိုး။

တစ်ရပ်ကွက်တည်းသား ချို့တဲ့သူများ၏ နာရေးကိစ္စဖြစ်လျှင် သိသိသာသာ သူ့ဆီသာ အကူအညီသွားတောင်း။ ရော့ … အသင့်ပဲ။

သကြံန်မဏ္ဍပ်တို့ ဘာတို့အတွက်လည်း မငြင်း။ ဆုနှစ်ဆုလောက် တာဝန်ယူပါဆိုလည်း ခေါင်းမမာ။

ပြီး … သူလုပ်နေသည့် လုပ်ငန်းက ဥပဒေစည်းနှင့် မလွတ်မကင်း ရှိသည် ဟု ဆိုရသည့်တိုင် ခိုးဆိုးတိုက်ခိုက်လုယက် ဒုစရိုက်လုပ်ငန်းကြီးများနှင့် ဆက်နွယ်ပတ်သက်မှု မရှိ။ မှောင်ခိုလက်မှတ် ရောင်းတာလောက်ကတော့ အရပ်အမြင့်မှာ အဆိုးမထင်။

သူက အဲဒီလိုမျိုး ပေါင်းတတ်၊ သင်းတတ်၊ နေတတ်၊ ထိုင်တတ်သောကြောင့် ခင်မင်သူ များသည်။

ရပ်ကွက်ထိန်းသိမ်းရေး တာဝန်ယူထားရသူများသည်ပင် သူ့အပေါ် အဆိုး မမြင်။ အထက် ဆိုင်ရာသို့ ပို့ရသည့် စောင့်ကြည့်စာရင်းမျိုးထဲမှာပင် သူ့နာမည် မပါ။ ထို့ကြောင့်လည်း သူ့လုပ်ငန်း သက်ရှည်ကြာခဲ့သည်။

ရေခဲဆိုသော နာမည်တစ်လုံးနှင့် ကျော်ကြားလာသည်မှာ လမ်းမတော်ဖိုးတုတ်တို့လို လူမိုက်ဘွဲ့ခံပြီး ဆက်ကြေးတောင်း၊ မိုက်ကြေးခွဲ၊ ရိုက်နှက်ထိုးခုတ် ဆိုးသွမ်းသဘောဆောင်သောကြောင့် မဟုတ်။

လူတစ်ရာမှာ ကိုးဆယ်လောက် ဝါသနာထုံမွေ့သည့် ရုပ်ရှင်လက်မှတ် နယ်ပယ် ခါးစောင်းတင်ထားနိုင်သောကြောင့် ဖြစ်၏။

လူဆိုသည်မှာ အကောင်းနှင့် အဆိုး ဒွန်တွဲစမြဲရှိသလို သူသည်လည်း အကောင်းနှင့်အဆိုး ဒွန်တွဲလျက်သာ။

လက်ဖျား ငွေသီးလာတော့ ပေါက်တတ်ကရတွေ လုပ်လာသည်။

အထူးသဖြင့် …

မိန်းမကိစ္စမှာ ကျော်သတင်း ထွက်လာသည်။

ဆိုးတူကောင်းဘက် ရှန်းကန်လှုပ်ရှားခဲ့သည့် ပထမဆုံး အသိအမှတ်ပြုခံ ဇနီးမယား မညိုက နံပါတ်တစ်နေရာက လျှောမကျသွားစေကာမူ တစ်ဦးတည်းမူပိုင် အခွင့်အရေးကိုမူ လက်လွှတ်လိုက်ရ၏။ နှစ်၊ သုံး၊ လေး၊ ငါး စပယ်ယာလေးတွေကို မူပိုင်ခွင့် ခွဲဝေပေးလိုက်ရသည်။

အခြေအနေအရ တစ်နေရာတရားဝင်တည်ရှိနေဆဲ ရှိနေသည်ကပင် မောင်မင်းကြီးသားလို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

တင်ရမည်သို့။ မညိုကတော့ ဒီလိုပဲ ဖြေချလိုက်ရသည်။ မုန့်သာဝေစား မယ်ဆိုသော ပြောစမှတ်စကားမှာ မညိုအတွက်တော့ အဆိုစကားအဖြစ်ပဲ ထားလိုက်ရပါချေပြီ။

မညိုမှာ မူပိုင်အခွင့်အရေး စွန့်လွှတ်လိုက်ရသည်နှင့်အတူ ငွေကြေးပိုင်ဆိုင်ခွင့်ကိုပါ ခွဲဝေပေးလိုက်ရသည်။

ဒါမျိုးဆိုတာက အပျော့ဆွဲနှင့်ဆွဲလို့ ဖြစ်သည်မျိုး မဟုတ်။ လေကုန်ရုံပဲ ရှိသည်။ အကြွမ်းနည်းကျပြန်တော့ ကိုယ်က သိပ်ကြွမ်းလိုက်လျှင် တစ်ဖက်က ပို၍ရမ်းတတ်သောကြောင့် ကိုယ့်ခွင်ထဲမရောက်ဘဲ ချော်ထွက်သွားတတ်သမို့ လုံးဝလွှတ်ထွက်မသွားရုံပြီးရော သဘောမူထားလိုက်ရသည်။

မချောငါးယောက် ကိုယ်တစ်ယောက်ဟု သတင်းကျော်ခဲ့သူ ပလက်ဖောင်းမင်းသားကို ထိုအကြောင်း မေးကြည့်ရသည်။

ပထမတော့ သူက ခေါင်းလည်း မညိတ်၊ ခေါင်းမခါဘဲ ပြုံးဖြီးဖြီး လုပ်နေသည်။

"ဒါဆို ကျွန်တော် ဒီအတိုင်းပဲ ထည့်ရေးလိုက်ရမလား"

ထိုသို့ မေးလိုက်တော့မှ ပလက်ဖောင်းမင်းသားလေး လက်ဝါးနှစ်ဖက် ထောင်လာသည်။

"ဒီလိုတော့ မဟုတ်ပါဘူးလေ။ စကားဆိုတဲ့အတိုင်း ကားပြီး ပြောကြတာပါ။ ကျွန်တော် အတည်ယူပြီး တစ်အိုးတစ်အိမ် ထူထောင်ပေးထားတာက တစ်ယောက်တည်းပါ။ နံပါတ်နှစ်ပေါ့။ အဲဒီကိစ္စကို မညိုလည်း သိပါတယ်။ သုံး၊ လေး၊ ငါးဆိုတာတော့ မဟုတ်ပါဘူး။ မချောနှစ်ယောက် ကိုယ်တစ်ယောက်ပါ။ ယာယီတွဲခုတ်တာတွေကတော့ သုံး၊ လေး၊ ငါး ဘယ်ကမလဲ။ ဆယ်ဂဏန်းကျော်ပါတယ်။ အဲဒီအထဲမှာ လုပ်ငန်းသဘောအရ ဆက်ဆံရတာလည်းပါတာပေါ့"

ဒါက သူ့အပြော။

သုံးနိုင်၊ ဖြုန်းနိုင်၊ ပေးနိုင်၊ ကမ်းနိုင်သည့် ပလက်ဖောင်းမင်းသားအတွက် ပလက်ဖောင်းမင်းသမီးတွေလည်း ရှိကြလိမ့်မည်ပါ။

သူ့လုပ်ငန်းမှာ ရုပ်ရည်သန့်သန့်၊ ခေတ်ဆန်ဆန် ဆင်ယင်ထုံးဖွဲ့တတ်သည့် အမျိုးသမီးသုံးလေးယောက် ပင်တိုင်ထားရသည်။

လက်မှတ်ရောင်းသူ တပည့်တွေလက်ထဲမှာ လက်မှတ်အနည်းငယ်သာ ပေးထားသည်။ အကြောင်းကြောင်းကြောင့် အဖမ်းအဆီး ရှိသည့်တိုင် လက်မှတ်တွေ အထပ်လိုက်ပါ မသွားအောင် သူတို့လက်ထဲမှာ များများပေးမထား။

ဆယ်စောင်လောက်ပဲ ပေးထားသည်။ ပါသွားရင်လည်း အကြောင်းမဟုတ်။ အမျိုးသမီးလေးတွေဆီမှာ လက်မှတ်တွေ ပေးထားသည်။

သူတို့က ရုံနှင့် ခပ်လှမ်းလှမ်းမှာ နေသည်။ အရောင်းသမားက လက်မှတ်ကုန်ရင် အမျိုးသမီးများထံမှာ သွားယူ။

ဘော်ဒါ အမျိုးသမီးလေးတွေက လက်မှတ်များကို လက်ထဲမှာ ပိုက်ဆံအိတ်ထဲမှာ မထားဘဲ ဘော်လီအကျီ အတွင်းဘက် ရင်ဘတ်ထဲမှာ ထားသည်။ သူတို့ထားသည့် နေရာက ရှာဖွေသူတွေအတွက် အန္တရာယ်ရှိသည့် နေရာ။

မတော်ရာကို ဆွဲပါကိုင်ပါသည်ဟု အော်လိုက်လျှင် ပြဿနာ။ လက်မှတ်ရောင်းတာကို မတွေ့ဘဲ ဖမ်းလားဆီးလား လုပ်လို့ကလည်း မလွယ်။

ကိုရေခဲက မိုးမပြို၊ ပြိုခဲ့သော်ကို ကာကွယ်ဖို့အတွက် အဲဒီလို လှည့်ကွက်များဖြင့် အကွက်ရိုက်ထားသည်။ လက်မှတ်နည်းနည်းနှင့်မိရင် လမ်းပိတ်ဆို့မှု ပုဒ်မအသေးစားလေးဖြင့်သာ အရေးယူလို့ရသည်။

လမ်းပိတ်ဆို့မှုပုဒ်မက ဒဏ်ငွေ အနည်းငယ်ဖြင့် ကိစ္စပြီးသည်။ ဒဏ်ငွေလောက်တော့ သူတို့က မမှု။ အုတ်ရိုးအတွင်းဘက်သို့ အလည်အပတ် သွားသည်လို့ပဲသဘောမူသည်။ အသွားပြုံးပြုံး၊ အပြန်ပြုံးပြုံး။

တရားရုံးရောက်ရင် သူတို့က ငြင်းကွယ်ရိုးထုံးစံ မရှိ။ ကိစ္စမြန်မြန်ပြတ်အောင် ဝယ်ထားသည့်လက်မှတ် မကြည့်ဖြစ်လို့ ပြန်ရောင်းတာပါလို့ ဖြောင့်ကွယ်လေးမျိုးဖြင့် ပေးသည့် အပြစ်ကို ခံယူလိုက်သည်။ ကိုရေခဲ ကိုယ်တိုင်ကတော့ သူ့ကိုယ်ပေါ်မှာ လက်မှတ်တစ်စောင်တလေပင်မထား။

လက်မှတ်နှင့်တူသည့် စက္ကူအတိုအစကိုသော်မှ မထား။ သူ့ကိုယ်ပေါ်မှာ ရှာလို့တော့ ငွေစက္ကူ အထပ်လိုက်နှင့် စီးကရက်ဘူးနှင့် မီးခြစ်သာ တွေ့ရမည်။

မောင်ရေခဲ ဘာလုပ်နေသည်ကို သိပေမယ့် အရေးယူဖို့ အပိုင်းကျတော့ တရားဥပဒေဘောင်နှင့် မငြိစွန်းပြန်။ ကျော်စောမှုနှင့် ထိန်းသိမ်းထားလို့ တော့ရသည်။

ကျော်စောဆိုသည်က ဒုစရိုက် လုပ်ငန်းကြီးများကို ဦးစီးခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရာတွင် ဥပဒေကို လက်တစ်လုံး ကြားလှည့်၍ လုပ်ကိုင်သူဟု သတင်းကြီးသူများအား ကျော်စောနှင့် အရေးယူရန် အကျုံးဝင်သည်။

ကိုရေခဲလုပ်နေသည့် လုပ်ငန်းက ထိုသို့ ဒုစရိုက်ကျော်စော အမည်တပ်၍ အရေးယူရန် အကျုံးမဝင်ပြန်။

သူက သူ့လုပ်ငန်းကို ထောင့်စေ့အောင် အကွက်ချပြီး ပျားလည်းစွဲစေ၊ ရှဉ့်လည်း လျှောက်သာစေ လမ်းကြောကို အပီခင်းထားသောကြောင့် ရှောင်သာတိမ်းသာဖြင့် လုပ်နိုင်ခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့လယ်တွင် အင်္ဂလိပ်၊ ကုလား၊ မြန်မာ ရုပ်ရှင်ဇာတ်ကားများ ပြသဆဲ။ ရုပ်ရှင်ရုံ တစ်ဆယ့်ငါးရုံ ရှိသည်။ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ရုံအားလုံးမှာ သူနှင့် အပေးအယူရှိသည့် ဝန်ထမ်းတွေ ရှိသည်။

အကျိုးအမြတ်ရှိမည့် ဇာတ်ကား ဘယ်ရုံမှာလဲလဲ သူလိုချင်သည့် လက်မှတ်ရဖို့မှာ ငှက်ပျောသီး အခွံနွှာရသလို လွယ်သည်။ သောင်းဂဏန်း၊ ထောင်ဂဏန်းရသည့် ထိုနှစ်ရုံက သမ္မတနှင့် ပဝင်း။

ကျန်ရုံတွေကတော့ ထောင်ဂဏန်း ဝင်ငွေသာသာပဲ အလုပ်ဖြစ်သည်။ မည်သို့ပင်ရှိစေ . . .

အလုပ်မဖြစ်လို့ ဝင်ငွေခန်းသည်ဟူ၍ မရှိသလို ရုပ်ရှင်ရုံ ဝန်ထမ်းပိုင်းတွင်လည်း သူနှင့် ငြိချိတ်မတွဲမိသူဟူ၍ မရှိသလောက်ဟု ပြောရမည်ဆိုသော အဆင့်သို့ ရောက်ရှိခဲ့သည်။

ပြင်ပက တာဝန်ရှိသော သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြေလည်သည်။

သမ္မတရုံမှာ ရုပ်ရှင်ကြည့်မည်။ ဘယ်ပွဲအတွက် လက်မှတ်ဘယ်နှစောင် လုပ်ထားလိုက်ပါဟု ဖုန်းဆက်လိုက်သည်။

ဖုန်းလာသည့် အချိန်က ညနေ ၃ နာရီ။ ပုဂ္ဂိုလ်ကြီးကြည့်မည့်ပွဲက ၆ နာရီခွဲပွဲ။ ရုံမှာ လက်မှတ်လက်ကျန် မရှိတော့။ ဟောက်(စ)ဖူး(လ)ချိတ်ထားပြီး ပုဂ္ဂိုလ်ကြီး မိသားစုအတွက် မှာသည့်လက်မှတ်က ဒီစီခြောက်စောင်၊ ရုံပြည့်နေပါပြီ။

လက်မှတ် မရနိုင်တော့ပါဘူး ခင်ဗျာလို့ တယ်လီဖုန်းထဲကနေ ဘယ်ပြန်ပြောရဲလိမ့်မှာပ။ ပြန်ပြောနိုင်တာက . . .

"ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါ၊ စိတ်ချပါ။ ကျွန်တော်ကိုယ်တိုင် ရုံဝင်ပေါက်ကနေ စောင့်နေပါ့မယ်"

"ခင်ဗျာ . . . ဟုတ်ကဲ့။ အလယ်ကျကျ နေရာကောင်းကောင်း ရရပါစေမယ်"

တယ်လီဖုန်းဆက်သူက ဖုန်းချသွားတော့မှ တယ်လီဖုန်း ကိုင်သူမှာ "ဟူး . . ."ခနဲ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ရသည်။ ကျန်းသေပေါက် ရပါစေမယ်ဟု အာမခံလိုက်ရပေမယ့် ပြန်ကြားလိုက်ရသူ လက်ထဲမှာ လက်မှတ်မရှိ။

ရုံကို အကူအညီတောင်းရင် ရနိုင်သော်လည်း အိတ်ထဲကငွေ အရင်ထွက်သွားမည်။ ကိုယ့်အထက်လူကြီးဆီက ပြန်ရဖို့ မျှော်လင့်လို့ မရ။

တောင်းလို့လည်း မကောင်း။ ပေးသည့်တိုင်အောင် ယူဖို့က ခက်သည်။ သည်တော့ ဘယ်သူ့ဆီ သွားရမှာပ။ ဘယ်သွားနေသလဲ မောင်ရေခဲဆီကိုပေါ့။

သည်လိုအကြောင်းမျိုး ပေါ်လာလို့ ပြောလိုက်ရင် ကိုရေခဲကလည်း ခေါင်းခါရိုး ထုံးစံမရှိ။ အကောင်းဆုံးနေရာကို ရွေးပေးလိုက်သည်သာ။ အမြတ်ထားလို့ အရင်းပင် ပေးစရာမလို။

ဒါက နားလည်မှု ရှိပြီးသား။ သည်တော့လည်း အပြန်အလှန်တွေ ရှိလာရသည်ပေါ့။ ကိုရေခဲက အညာကိုင် ကျွမ်းသည်။ အညာကို ကိုင်မိမှတော့ အသီးကိုရဖို့ ဘယ်ပြေးလွတ်တော့မလဲ။

သူ့လုပ်ငန်းက ရုပ်ရှင်လက်မှတ်တစ်ခုတည်း မဟုတ်။ ဘောလုံးပွဲအမျိုးမျိုး၊ ဂီတပဒေသာ၊ ဖျော်ဖြေပွဲအမျိုးမျိုး၊ ရွှေမန်းတင်မောင်လို ဇာတ်သဘင်ပွဲမျိုးပင် မလွတ်။

လိုင်းစုံကိုင်ထားသော လုပ်ငန်းခွင်လည်ပတ်မှုကလည်း မှန်နေသည်။ ငွေဝင် ပြတ်လပ်သွားသည်ဟူ၍ မရှိ။

တစ်ခါတစ်ရံ ဖြစ်တောင့်ဖြစ်ခဲ ပြတ်လပ်သည့်အလှည့်မျိုး ကြုံရင် သော်မှ အကြောင်းမဟုတ်။ ကိုရေခဲ ယူသည့် လှည့်ငွေကို ပေးသူက ငြင်းဆန်ရိုး ထုံးစံမရှိ။

သူကလည်း မှန်သည်။ အယူ သွက်သလို အပေးမြန်သည်။ အခြေအနေ အကျပ်အတည်း ရှိလာရင် လည်း ဦးခင်အောင်သွားပြီး အကျိုး အကြောင်း အသိပေး၍ အပိုင်ကတ် ပါပေးသည်။ ပေးသည့် ကတိအတိုင်း လည်း တည်အောင်လုပ်သည်။

အပေးသမားတွေကလည်း သ လာရင် အလွယ်တကူပင်။

"ကိုရေခဲ အဲဒီလောက်ငွေ ကောင်းတာ စုမိဆောင်မိ မရှိဘူး

www.burmeseclassic.com

လား၊ ကိုယ့်ကိုယ်ပိုင်ငွေနဲ့ လုပ်နိုင်တဲ့ အခြေအနေ မရှိဘူးလား''

''ဆရာပြောသလို စုတတ်ဆောင်းတတ်ရင်တော့ တိုက်နဲ့ကားနဲ့ ဖြစ်နေပြီပေါ့။ ကျွန်တော်က လက်ကြီးသမား။ ငွေကို နှမြောတွန့်တိုရမှန်း မသိဘူး။ အမြှောက်ကြိုက်တာလည်း ပါတာပေါ့''

''ကိုရေခဲ ရုပ်ရှင်ကုမ္ပဏီတွေအတွက် လုပ်ပေးခဲ့ရတာတွေလည်း တစ်ဆင့်စကားကြားပါတယ်။ အသေးစိတ်တော့ မသိဘူးပေါ့။ အဲဒါတွေလည်း ပြောပါဦး။ ဒါမှ ပြည့်စုံမှာ''

''အဲဒီအကြောင်း မပြောခင် ပြောဖို့ကျန်နေတဲ့ ရေခဲသုံးယောက်အကြောင်း ပြောဦးမှ''

''ရေခဲသုံးယောက်''

✦✦✦ ✦✦✦ ✦✦✦

## (၁၀)

ရုပ်ရှင်ကြည့်ပရိသတ် ရုပ်ရှင်ဝါသနာအိုးများနှင့် ရုပ်ရှင်လောကသားများကြားထဲမှာ သူ၏နာမည်ကျော်ဟိန်းထွက်လာသည်။

လူကိုမမြင်ဖူးပေမယ့် သူ့နာမည်ကို ကြားသိသူ ရှိလာ၏။

ရုပ်ရှင်ကြည့်ရန် ရက်နှင့်အချိန်အကန့်အသတ် မပေးနိုင်သူ၊ စီးပွားရေးလုပ်ငန်းဖြင့် လုံးထွေးနေသူ တချို့က သူတပည့်များမှတစ်ဆင့် သူနှင့်ဆက်သွယ်လာကြသည်။

သူတို့ အားသည့်အချိန် ကြည့်နိုင်မည့်ပွဲအတွက် ကြိုတင်ပြောမထားဘဲ လက်မှတ်ရနိုင်အောင်ကို ရေခဲကခန့်တီးပေးဖို့ ဖြစ်၏။

ဈေးစကားပြောစရာမလို။ လက်မှတ်ရဖို့အတွက် လုပ်ပေးနိုင် မပေးနိုင်။ သူတို့ကြည့်နိုင်မည့်ရက်မှာ တနင်္ဂနွေနေ့ တစ်နေ့သာ။ နေ့ပွဲ။ ဒါမှမဟုတ် ညပွဲ။

ကိုရေခဲက အဲဒီလို ပင်တိုင်ဖောက်သည်သမားတွေအတွက် နာရီဝက်သာ ကြိုပြော၊ ရစေမည်ဟု အာမခံလိုက်သည်။ အဲဒီလို ပင်တိုင်ဖောက်သည်သမားတွေကလည်း အချိန်တန်ရင် ကိုရေခဲဆီ ရောက်လာစမြဲ။

သူတို့က ခေါ်ကြေးသာမက အပိုကြေး (ဝါ) ကျေးဇူးတင်ကြေးပါ ပေးသွားကြသည်။

ပင်တိုင်ဖောက်သည် သုံးဆယ်ကျော်ကိုလည်း သူက အပိုင်ကိုင်ထားနိုင်သည်။ သူတို့က တစ်ယောက်တည်းလာကြသမျှားမဟုတ်ဘဲ မိသားစုလိုက်လာကြတာဆိုတော့ ကားသစ်တင် ကားလဲ လက်မှတ်အစောင်တစ်ရာ ပုံမှန်ရောင်းရသည်။ သမ္မတရုံလက်မှတ်များကို တစ်ဦးတည်း ကိုင်ထားရာမှ သူနှင့် နားလည်မှုယူ လက်ဝါးရိုက်ပြီး ဖက်စပ်လုပ်မည့်သူတစ်ဦး ပေါ်လာသည်။

သူ့နာမည်က ဆလမ်။ သူက မြန်မာမဟုတ်၊ ကုလား။ သူ့ကို မြန်မာရေခဲ၊ ဆလမ်ကို ကုလားရေခဲ။

အဲဒီလို ခေါ်ကြသည်။ နောက်ထပ်အသစ်တစ်ယောက် ပေါ်လာသည့်တိုင် အသစ်နာမည်ကို အသိအမှတ်မပြု။ သူ့နာမည်ကိုပင် အသိအမှတ်ပြုပြီး ကုလားဆလမ်ကို ကုလားရေခဲဟု ခေါ်ကြသည်။

ရုပ်ရှင်လက်မှတ် မှောင်ခိုလောကမှာ ရေခဲနာမည်က အဲဒီလောက်အထိ လွှမ်းထင်လေသည်။

နောက်တစ်ယောက်က တရုတ်ရေခဲ။ သူတို့နှင့် လိုင်းတူမဟုတ်၊ လိုင်းကွဲသည်။ တရုတ်ရေခဲဟု နာမည်တွင်လာသူက ဘောလုံးပွဲ လောင်းကစားကို ကိုင်သူ။ သူကလည်း နာမည်ကြီး။

ကိုရေခဲနာမည် လူသိများ ထင်ရှားလာသည့်အလျောက် ဘောလုံးပွဲကိုင်သူကို လူသိများသည့်အမည်ဖြင့် တင်စားခေါ်ခဲ့ရာမှ တရုတ်ရေခဲဟု အမည်တွင်လာသည်ဟု ဆိုကြသည်။

မည်သို့ပင် ရှိပါစေ။

တစ်ချိန်သောအခါက ရန်ကုန်မြို့မှာ နာမည်ကြီးရေခဲ သုံးယောက်ရှိခဲ့ဖူးသည်ကိုတော့ အသိအမှတ် ပြုရမည်သာပါ။ မြန်မာရေခဲ၊ ကုလားရေခဲ၊ တရုတ်ရေခဲ ဟူပါ၏။

ပလက်ဖောင်းမင်းသားလေး မောင်ရေခဲမှာ ရုပ်ရှင်လက်မှတ် မှောင်ခိုလောကတွင်သာ အသိအမှတ်ပြုခံရသူ မဟုတ်။ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များ၊ ဓာတ်ကားဖြန့်ချိသူများ၏ လောကတွင်ပါ အသိအမှတ်ပြုခံရသူ ဖြစ်လာသည်။ သူ့ကို အရေးတယူ ဆက်ဆံလာရသည်။

စားစရာ သောက်စရာများဖြင့် ဧည့်ခံ၍ လုပ်ငန်းအကြောင်း ပြောကြားရသည်။ အပေးအယူကိစ္စ လုပကြရသည်။

ထိုစဉ်ကာလက မြန်မာရုပ်ရှင်ဓာတ်ကားများ၏ နယ်ရုပ်ရှင်ရုံများသို့ ငှားရမ်းခနှုန်းထားမှာ ရန်ကုန်တွင်ပြသသည့် ပွဲစဉ်တွင် ဘယ်နှပွဲ ရုံပြည့်သည်ဆိုသည့်အပေါ်တွင် မူတည်၍ ဈေးစကား ပြောရသည်။

ဓာတ်ကားကောင်း၊ ဓာတ်ကားသန့်များထုတ်လုပ်သည့် ကုမ္ပဏီတွေ



www.burmeseclassic.com

www.burmeseclassic.com

ကျတော့ ကြိုတင်ငွေပေး နှုန်းထားဖြင့် ငှားရမ်းကြသည်မျိုးလည်း ရှိသည်။

ကြိုတင်ငွေပေး ငှားရမ်းမထားသည့် ဇာတ်ကားမျိုးကျတော့ ဘယ်နှပွဲ ရုံပြည့်ပြီ၊ ရန်ကုန်မြို့လယ် ဝင်ငွေ ပေါ်တည်၍ ငှားရမ်းနှုန်းထား သတ်မှတ်သည်။

ဘယ်နှပွဲ ရုံပြည့်ပြီဆိုသည့် ဟောက်(စ်)ဖူး(လ်)ဆိုင်းဘုတ် ချိတ်နိုင်သည့်အပေါ်တွင်မူတည်၍ ကုမ္ပဏီအရှိန်အဝါ တက်သည်။

ပြီး ... ရုပ်ရှင်ကြည့် ပရိသတ် သဘောသဘာဝက လက်မှတ်အလွယ် တကူဝယ်ရလျှင် ကားမကောင်းလို့ များလားလို့ စိတ်စနိုးစနောင့်ဖြစ်ပြီး ကြည့်ရကောင်းနိုး၊ မကြည့်ရကောင်းနိုး ဖြစ်တတ်သည်။

ရုံရှေ့မှာ လူနည်းနေလျှင်၊ တန်းစီသည့်နေရာမှာ လူနည်းနေလျှင် တခြားရုံဘက်သို့ ခြေလှမ်းပြင်တတ်သည်။ ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်ထားပြီဆိုရင် အဲဒီရုံက လက်မှတ်ကို မရမက လိုက်မေးတတ်သည်။

အဲဒီလိုအကြောင်းများနှင့် အခြားသောအကြောင်းများရှိသည့်အလျောက် မိမိတို့ဇာတ်ကားရုံတင်ပြီဆိုရင် အနည်းဆုံး သော်ကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက် ရုံပြည့်ပြီဆိုင်းဘုတ် ချိတ်ချင်ကြသည်။ ကုမ္ပဏီတွေကလည်း တစ်ကုမ္ပဏီနှင့် တစ်ကုမ္ပဏီ အပြိုင်အဆိုင်။ ရုံမပြည့်ဘဲ ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်နိုင်ရန် အမှန်အကန်မဟုတ်သည်ကို အကြံအဖန်ဖြင့် လှည့်ကွက်ဖန်တီးရမည်။

အဲဒီ အကြံအဖန်နှင့် လှည့်ကွက်ကို ပိပိရိရိ အကောင်အထည်ဖော်ပေးနိုင်စွမ်းရှိသူမှာ ပလက်ဖောင်းမင်းသားလေး ကိုရေခဲ။

သို့မို့ကြောင့် သူ့ကို ချဉ်းကပ်ရသည်။ လက်ကမ်းရသည်။ လက်မှတ်တွေကို ကိုယ့်ဟာကိုယ်ဆုတ်ပြီး ရုံထဲမှာ လူမရှိဘဲ ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်လို့လည်း မဖြစ်။

ပါးစပ်တစ်ပေါက်ကို ပိတ်ဖို့ မလွယ်သည့်ကိစ္စ။ လူမရှိဘဲ ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်သည့် ကျော်သတင်း ပြန့်ကားထွက်သွားလျှင် ကိုယ့်မြွေချက် ကိုယ်ပြန်စူးပြီး အဖတ်ဆယ်မရ ဖြစ်သွားမည်။

ရုံရှေ့မှာ ပရိသတ်က ကျိုးနှင့်ဖုတ်ဖုတ် ရှိနေပါလျက် ရုံအဝင် ဘာဂျာတံခါးမှာ ရုံပြည့်ပြီဆိုင်းဘုတ် ချိတ်လို့လည်း မဖြစ်။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းမိသည့် နာချက်မျိုးအထိ နာသွားမည်။ ရုံထဲမှာ ပရိသတ်အပြည့်နှင့် ရုံပြည့်ပြီဆိုင်းဘုတ်မျိုး ချိတ်နိုင်မှ ရည်မှန်းချက် ပြည့်မည်။ ရင်ကော့၊ ခေါင်းမော့၍ လက်မ ထောင်နိုင်မည်။

အကြံအဖန် ဖြစ်စေကာမူ အမှန်အကန်လို အထင်ပေါက်အောင် ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်နိုင်ရန်အတွက် ကိုရေခဲကို စားသောက်ဆိုင် တစ်ခုခုသို့ ပင့်ဖိတ်ပြီး စားရင်းသောက်ရင်း ပြောရဆိုရသည်။

"ကဲ ... ကိုရေခဲ။ ကျွန်တော်တို့ကား ရှေ့အပတ် ရုံတင်မယ်။ ကားအခြေအနေ ခင်ဗျားလည်း သိပြီးသားဆိုတော့ အထူးပြောစရာ မလိုဘူး။ အောက်တန်းပြည့်ဖို့ စိတ်ချရတယ်။ အထက်တန်းကတော့ အလွန်ဆုံး တစ်ဝက်ပဲ။ အဲဒါ ကိုရေခဲ ကိုင်ပေးစမ်းပါဦး"

"သိပ်ဖြစ်တာပေါ့။ နှုန်းထားက"

"သုံးထောင်"

ကိုရေခဲက ကျယ်သော သူ၏ ပါးစပ်ပေါက်ကို အစွန်းနှစ်ဖက်သို့ ဆွဲဆန့်လိုက်သည်။ ပြုံးနေကျ အပြုံးရိပ် ထင်သွားသည်။ ပြီးမှ ခေါင်းကို သာသာလေး ယမ်းလိုက်သည်။

သူ ထောင်ပြသည်က လက်ငါးချောင်း။

"ကိုရေခဲကလည်း ဒီလောက်တော့ မလုပ်နဲ့လေ"

"အဲဒါ ခင်ဗျားကို အားနာလို့"

"ကဲ .. လေးခုတော့ လုပ်ဗျာ"

"ကျွန်တော် အထက်ရုံ သမ္မတမှာ တစ်ပွဲ ဘယ်လောက်ရတယ်ဆိုတာ ဆရာတို့ သိပါတယ်။ ဒီမှာ လုပ်ရမှာက တစ်ပွဲကိစ္စ မဟုတ်ဘူးလေ။ ကျွန်တော်တောင်းတာ မများပါဘူး။ ငါးချောင်း တစ်ချောင်းယုတ်ဆိုရင်တော့ မဖြစ်ဘူး။ ကျွန်တော်ကတော့ ငါးချောင်းအပြည့်ရမှဆိုတော့ ..."

နောက်ဆုံး ကိုရေခဲတောင်းသည့်အတိုင်း ရသွားသည်။

လေးကျပ်တန်းနှင့် ငါးကျပ်တန်း လက်မှတ်တွေ ကိုရေခဲလက်ထဲ ရောက်လာသည်။ ကိုရေခဲလက်ထဲ ရောက်လာသည့် လက်မှတ်များကို ကုမ္ပဏီက တစ်ဖက်လှည့်နှင့် ဝယ်ယူပေးလိုက်ခြင်း ဖြစ်၏။ ကုမ္ပဏီက ထိုလက်မှတ်များအတွက် ငွေအပြည့် မစိုက်ရ။

ပွဲခွန်အတွက် ပေးရမည့်ငွေ လေးကျပ်တန်းအတွက် တစ်ကျပ်နှင့် ပြားခြောက်ဆယ်။ ငါးကျပ်တန်း လက်မှတ်တစ်စောင်အတွက် နှစ်ကျပ်ပဲ စိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုရေခဲက အဲဒီလက်မှတ် တချို့တစ်ဝက်ကို ဖရီးသမားတွေ လက်ထဲထည့်ပေးလိုက်သည်။ သူ့မှာက သူ့နည်းသူ့ဟန်နှင့် လုပ်ကွက်ရှိသည်။

တချို့တစ်ဝက်ကို သူတို့လက်ထဲမှာကိုင်ပြီး ရောင်းပေးသည်။ ရုံပြည့်ပြီဆိုင်းဘုတ် ချိတ်ဆွဲထားသလို ရုံရှေ့မှာလည်း ပရိသတ် စည်စည်ကားကား ရှိနေသည်။

လက်မှတ်မရသော ရိုးရိုးလာကြည့်သည့်ပရိသတ်မှာ သုံးလေးကျပ်အပိုပေးဝယ်ယူပြီး ကြည့်ရသည်။ ရုံပြည့်နေလို့ အပြင်မှာ မနည်းရှာဝယ်ရတယ်ဟူသောအပြော ပြန့်ကားသွားသည်။ ကုမ္ပဏီအတွက်လည်း တကယ့်လူအပြည့်နှင့် ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်နိုင်သွားသည်။ ဒါက သူ့လုပ်ကွက်ထဲက တစ်နည်း။

အောက်တန်းရော အပေါ်တန်းပါ လူကြိုက်များမည့် ဇာတ်ကားကောင်းတင်မည့် ကုမ္ပဏီတွေကတော့ ပရက်(စ်)ရှိုး အထူးပွဲပြသည့်အခါ ကိုရေခဲကို ဖိတ်စာနှင့်တကွ ဖိတ်ခေါ်ပြသရသည်မျိုးလည်း ရှိသည်။

ဤသို့ ပရက်(စ်)ရှိုး အထူးပွဲသို့ ကိုရေခဲအား အထူးတလည် ဖိတ်ခေါ်ပြသရသည်မှာ အကြောင်းရှိသည်။

သူတို့ကားအခြေအနေကို မှောင်ခိုလက်မှတ်ကိုင်သည့် မှောင်ခိုရာဇာ ကိုရေခဲ ကြိုတင်သိထားဖို့ ဖြစ်၏။

သူတို့ကားကို အောက်တန်းရော အထက်တန်းပါ ကြိုက်မှာ သေချာပေမယ့် လူကြိုက်များသည့် ပွဲစဉ်အတွက် အကြောင်းမဟုတ်။ ထိုစဉ်က ၃ နာရီခွဲပွဲနှင့် ၉ နာရီခွဲပွဲမှာ လူကြည့်နည်းသည့်ပွဲ။ သည့်ပွဲတွေအတွက် သိပ်စိတ်မချရ။ သည့်ပွဲတွေအတွက်ပါ စိတ်ချလက်ချဖြစ်စေရန် ကိုရေခဲ အကူအညီယူဖို့ ဖြစ်၏။

တအိအိမှ ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်ရတာထက် အစောကြီး ရုံပြည့်ပြီဆိုင်းဘုတ် ချိတ်ချင်သည်။ ကိုရေခဲက မှောင်ခိုလက်မှတ်ကိုင်ပြီး လှုပ်ရှားပေးရင် ပွဲတိုင်းပြည့်သလို၊ လက်မှတ်အတွက် စိတ်မချရဘူးဟူ၍ အပြောအဆို လေသံထိန်းရင် သူတို့ကားအရှိန်ပိုတက်မည်။

အဲဒီလို အကြံအဖန် လှည့်ကွက်ကလေးကို အကောင်အထည် ပေါ်လာစေရန် အလှည့်အပြောင်းလုပ်ပေးနိုင်မည့်သူမှာ ကိုရေခဲ။

"မောင်ရင် တို့ကားကို ကြည့်ပြီးပြီနော်။ အောက်တန်းရော အထက်တန်းပါ ကြိုက်မယ့်ကားဆိုတာ သေချာတယ်။ ဒါပေမယ့် တို့က လှုပ်လှုပ်ရှားရှားဖြစ်ပြီး ရုံပြည့်စေချင်တယ်။ အဲဒါကို မောင်ရင်က လုပ်ပေးဖို့ပဲ"

"ဖြစ်ပါတယ်။ မိုင်နာပါ။ ဘယ်လိုပုံစံနဲ့ လုပ်ချင်တယ်ဆိုတာကို ပြော။ ကျွန်တော်လက်ခံနိုင်ရင်လုပ်ပေးမယ်"

"အိုကေ ... မောင်ရင်က ငွေရင်းစိုက်ဖို့ မလိုဘူး။ တို့ငွေနဲ့ လက်မှတ်ဆုတ်ပြီး မောင်ရင်က လှုပ်ရှားပေးဖို့ပဲ"

"အကျိုးအမြတ် ကိစ္စက"

"ဟုတ်ပြီ။ မောင်ရင် ဈေးပိုရောင်းလို့ ရတဲ့ငွေကြေး အစွန်းအမြတ်ကို မောင်ရင်ယူ။ လက်မှတ်မကုန်ရင် လက်မှတ်တွေ ပြန်ပေး။ မောင်ရင်စိုက်စရာမလိုဘူး။ ဒါတင်မကဘူး။ အလုပ်ဖြစ်တဲ့အပေါ် ကြည့်ပြီး မောင်ရင့်အတွက် အပိုကြေး ထပ်ပေးမယ်"

"ပေးမယ့်ကြေးရဲ့ နှုန်းထားကရော"

"အဲဒါကတော့ မောင်ရင် မနစ်နာစေရဘူး။ မောင်ရင်ကိုင်ပေးတဲ့ ဟိုကုမ္ပဏီက ကားတုန်းကထက် ပိုစေရမယ်"

ကိုရေခဲ ခေါင်းညိတ်လိုက်သည်။

မကုန်သည့်လက်မှတ် ပြန်ပေး။ ကုန်သည့်လက်မှတ် အကျိုးအမြတ်ကို ကိုယ်ရမည်။ ကိုယ်က ငွေရင်းစိုက်စရာမလို။ အပိုကြေးပါ ပါသေးသည်မို့ သူ့ဘက်က မလုပ်နိုင်စရာ မရှိ။

မကုန်သည့်လက်မှတ် ကိုရေခဲဆီက ပြန်မလာဘူးဆိုတာကို သိပေမယ့် မက်လုံးပေးသည့်သဘောဖြင့် အပြောအဆို ရှိထားခြင်းသာ ဖြစ်၏။

နှစ်တန်းပေါင်း လက်မှတ်အစောင်တစ်ရာလောက်ကိုတော့ ကိုရေခဲက အသာလေး။ ဘယ်လိုကုန်အောင် အလှည့်အပြောင်း လုပ်ရမည့်အထာ ကျွမ်းပြီးသား။ သည်လိုလုပ်ကွက်မျိုး ပေါ်လာရင် သူ့အတွက် ငြိမ့်သည်။

စီးပွားရေးသမားတွေ၏ အကြံအဖန်လှည့်ကွက်မှာ သူက အသုံးတော်ခံ မင်းသား။ သူကလည်း သိသည်။ သူ့ဘက်ကလည်း အရင်းမစိုက် လေ့ထိုးလိုက်ရသည်မို့ ဒါမျိုးကို မငြင်း။ သူ့မှာ အဲဒီလို လုပ်ကွက်တွေလည်း ရှိသည်။

ပလက်ဖောင်းမင်းသားလေး ကိုရေခဲမှာ ရုပ်ရှင်လက်မှတ် မှောင်ခိုလောက၏ ခေါင်းဆောင်အဖြစ်သာ မဟုတ်ဘဲ ဘောလုံးပွဲလက်မှတ်၊ ဂီတပဒေသာအပါအဝင် ပွဲလက်မှတ်တွေကိုပါ ကိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

တရုတ်လက်တစ်ဖက်ပြတ် ရုပ်ရှင်ကားတွင် နှစ်သိန်းကျော်၊ သုံးသိန်းနီးပါးမျှ လက်ဖျားငွေသီးခဲ့သည်ဟု အဆိုအပြောရှိသည့်အထိ ကျော်သတင်း ထွက်ခဲ့သည်။

ဆယ်စုနှစ် တစ်စုကျော်ကျော်သည်လောကကို ဦးစီးခေါင်းဆောင်၍ လှုပ်ရှားခဲ့သူ ကိုရေခဲမှာ အုတ်ရိုးအတွင်းလူအဖြစ်သို့ မရောက်ခဲ့ဘဲ အုတ်ရိုးအပြင်လူအဖြစ် ထည်ဝင့်နိုင်ခဲ့သည်။ ဒါတွေက တရားဥပဒေနှင့် သက်ဆိုင်ပတ်သက်လာမည့် နေ့တစ်နေ့ကို မရောက်ခင်အထိဖြစ်၏။

သို့တစေ မကောင်းသောနေ့များနှင့် ဆက်နွယ်ပတ်သက်သူများမှာ မကောင်းသောနေ့တစ်နေ့ ကိုယ့်ဘက်သို့ ဦးလည်လာမည်ကို သတိမူမိလေ့ မရှိကြ။ ကိုယ်လုပ်တာ ဖြစ်မြောက်အောင်မြင်မှုအပေါ် မိန်းမူးကျေနပ်လေ့ ရှိကြသည်။

ထိုမကောင်းသော တစ်နေ့ကို မလွဲမသွေ တွေ့ဆုံရမည်သာ ဖြစ်သည်။ မကောင်းသည်ကို လုပ်၍ ဖြစ်မြောက်အောင်မြင်မှုမှာ ထာဝရ မဟုတ်။ တစ်ခဏသာ။

ထိုနိယာမ သဘောကို သူလည်း ဘယ်ရှောင်လွှဲလို့ လွတ်နိုင်လိမ့်မှာပ။ မမျှော်လင့်သော ထိုတစ်နေ့ကို ထိပ်တိုက်ရင်ဆိုင်လိုက်ရတော့၏။ ထိုတစ်နေ့မှာ ...။

✦✦✦ ✦✦✦ ✦✦✦

– ၁၁ –

၁၉၇၄ ခု၊ ဇူလိုင် ၂၈ ရက်နေ့တွင် ရန်ကုန်မြို့တော်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးရသည့်အလျောက် ရန်ကုန်မြို့တော်တစ်ခွင်ရှိ ဒုစရိုက်သမားများကို ပိုက်စိပ်တိုက်၍ ဖမ်းဆီးထိန်းသိမ်းရသည်။

သူတို့ရှိနေခြင်းကြောင့်၊ သူတို့လှုပ်ရှားနေခြင်းကြောင့် အေးချမ်းသာယာစွာနေထိုင်လိုသည့် ပြည်သူလူထုကို အနှောင့်အယှက်ဖြစ်စေသည်။ သို့မို့ကြောင့် သူတို့ကို ပိုက်စိပ်တိုက်ရသည်။

ပိုက်စိပ်တိုက်ရသည့် စာရင်းပေါက်သူတွေထဲမှာ ကိုရေခဲနာမည်လည်းပါသည်။ မင်းနိုင်ငံခံရသူ စာရင်းထဲမှာ သူ့နာမည်လည်း ပါရပြီပေါ့။

သို့တစေ လျင်၊ မြန်၊ ပါး၊ လွှာသူ ကိုရေခဲက တစ်ပတ်ခန့် ကြိုတင်သတင်း ရလိုက်သည်။

သူက စမောလေးကို အပါခေါ်ပြီး ရန်ကုန်နယ်မြေထဲကနေ ကိုယ်ယောင်ဖျောက် ထွက်သွားသည်။

လက်တစ်ဖက်ပြတ်ကားက ရထားသည့် ပွပွနွေးနွေး ငွေကြေးကလည်း လက်ဝယ်မှာ အပြည့်။

ကုလားရေခဲ အပါအဝင် ရုပ်ရှင်လက်မှတ် မှောင်ခိုတစ်ရာကျော်ခန့် အချုပ်ခန်းများထဲသို့ ရောက်ရှိနေခဲ့ကြသော်လည်း ဘယ်ပြေးနေလဲ မောင်ရေခဲ မပါသေး။

ပြေးသူနောက်သို့ တကယ်လိုက်ပြီဆိုတော့ ပြေးသူ၏ပြေးလမ်း ကျဉ်းမြောင်းသွားစမြဲဆိုသည့်အတိုင်း ကိုရေခဲ ပြေးလမ်းလည်း ကျဉ်းသွားရပြီပေါ့။

ဥပဒေကြော့ကွင်းသည် ဒုစရိုက်သမားတို့အား လွတ်လမ်းပေးလေ့ မရှိသည့်အဆိုအတိုင်း ဘယ်ပြေးနေသလဲ မောင်ရေခဲကို အင်းတကော်၊ မှန်တိုင်းရွာမှာ ဖမ်းဆီးရမိခဲ့သည်။

ဒဂုံမြို့နယ်မှူး ဦးမော်လွင်ထွန်း... ယခုရဲမှူးကြီး ခေါင်းဆောင်သော အဖွဲ့... မှ အင်းတကော်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လက်ရဖမ်းဆီးလိုက်သည်။

ရုပ်ရှင်လက်မှတ် မှောင်ခိုဂိုဏ်း... ခေါင်းဆောင် မောင်ရေခဲကို ဖမ်းဆီး... လိုက်မိပြီ။ လုပ်သားပြည်သူနေ့စဉ်နှင့် ကြေးမုံသတင်းစာတွင် သူ့သတင်း... လာသည်။

သူ့နာမည်မှာ သတင်းစာတွင် ဖော်ပြရသည်အထိ အရေးပါခဲ့သည်။ အချုပ်ထဲရောက်ပြီးနောက်တော့ ရေခဲ... အရည်ပျော်သွားရပြီပေါ့။

နောက်ဆက်တွဲအဖြစ် ရုပ်ရှင်လက်မှတ်မှောင်ခိုလုပ်ငန်းတွင် ပါဝင်ဆက်နွယ်ပါဝင်ပတ်သက်ခဲ့သူ တ... ကြီးလည်း အုတ်ရိုးအတွင်းလူ ဖြစ်... သွားရသည်။

ကိုရေခဲက ဆယ်စုနှစ်တစ်စု... ကျော် လုပ်ခဲ့သည်များ အိတ်သွန်ဖာ... မှောက် အစစ်ခံလိုက်သည်။ ဝင်ငွေ... အစစ်ခံချက်ကိုတော့ လျှော့ပေါ့အစစ်... ခံခဲ့သည်ပါ။

ဂျိမ်းစ်ဘွန်း ဇာတ်ကားသစ်ထဲ... ကဝင်ငွေကို လေးသောင်းကျော် ငါး... သောင်း ခန့်ဟု။ တကယ့်ဝင်ငွေက... တစ်သိန်းကျော်သည်။

အခြားဇာတ်ကားများ ဝင်ငွေကို နှစ်သောင်းကျော်ခန့်ဟု။ တကယ့်ဝင်ငွေက လေးသောင်းအထက်ရှိသည်။

တရုတ်လက်တစ်ဖက်ပြတ် ဇာတ်ကား သုံးပတ်ဝင်ငွေကို တစ်သိန်းကျော်ဟု။ တကယ့်ဝင်ငွေက နှစ်သိန်းငါးသောင်းကျော်သည်။

တကယ့်ဝင်ငွေကို ခုမှ သူကိုယ်... တိုင် ဖြောင့်ဆိုဝန်ခံခြင်းဖြစ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com

နှင့်အတူ အရေးယူခံရပြီး အုတ်ရိုးအတွင်းလူ ဖြစ်သွားသူများမှာ ...

ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းဝယ်သူ တစ်ရာ့နှစ်ဆယ်ကျော်။ သူတို့နှင့် မကင်းရာ မကင်းကြောင်းရှိသော မြို့လယ်၊ မြို့ပတ်၊ ရုပ်ရှင်ရုံဝန်ထမ်းတစ်ရာ့ငါးဆယ်ကျော်။

တာဝန်ရှိ၍ ဖြုတ်၊ ပြောင်း၊ ထျှော့ခံရသူ ရဲဝန်ထမ်းဦးရေမှာ လေးဆယ်ကျော်။

ကိုရေခဲနှင့်အတူ သူ၏အချစ်တော် နံပါတ်တူးလေးပါ အင်းစိန်အကျဉ်းထောင် မိန်းမထောင်သို့ရောက်သွားခဲ့သည်။ သူ့အား ချမှတ်သည့် ထောင်ဒဏ်မှာ ဆယ်နှစ်။

နောက်တစ်မှု စွဲချက်ဖြင့် ချမှတ်သည့် ထောင်ဒဏ်မှာ ခြောက်နှစ်။ တစ်ပေါင်းတည်း ဆယ်နှစ်။

အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဆယ်နှစ်။ အမိန့်ချမှတ်တဲ့နေ့က ကျွန်တော် တရားခွင်မှာ မိုက်ခနဲဖြစ်ပြီး မူးသွားတယ်။ နာရီဝက်လောက်နေပြီး အမူးပြေတော့ ကျွန်တော် ကြောင်တောင်တောင် ဖြစ်နေတယ်။ အဲဒီနေ့က ကျွန်တော်ခံစားလိုက်ရတဲ့ ခံစားချက်ကို ဘယ်လိုပြန်ပြောရမှန်းတောင် မသိပါဘူး။ ကျွန်တော် သတ္တိမနည်းပါဘူး။ လုပ်ရဲသလို ခံရဲတဲ့ သတ္တိမျိုးလည်း ရှိပါတယ်။ ဒါပေမယ့် အဖမ်းဆီးခံရတဲ့အချိန်ကစပြီး ထောင်ဒဏ်အမိန့်ချမှတ်တဲ့နေ့အထိ ခံစားလိုက်ရတဲ့ ထိတ်လန့်တုန်လှုပ် ချောက်ချားမှုဖြစ်ရတာမျိုးကိုတော့ နောက်တစ်ဖန်မခံစားချင်လောက်အောင် အမြဲသတိရနေပါတယ်"

ကိုရေခဲမှာ နှစ်ပြည့်မနေလိုက်ရ။ ထျှော့ပေါ့ပြစ်ဒဏ် ငါးနှစ် ခံစားခွင့်ရလိုက်သည့်အတွက် အင်းစိန်အကျဉ်းထောင်နှင့် တွံတေးရွာ သူဌေးတာရဲဘက်စခန်းမှာ သုံးနှစ်ကျော်နေပြီး လွတ်မြောက်ခဲ့သည်။

"ကျွန်တော့်မှာ ဘာမှ မရှိတော့ဘူး။ နံပါတ်နှစ်ကို ဝယ်ပေးတဲ့ တိုက်ခန်းကို ရောင်းရတဲ့ငွေတွေရော၊ အတွင်းပစ္စည်းတွေပါယူပြီး လမ်းခွဲထွက်သွားတယ်။ ကျွန်တော့်မိန်းမနဲ့ ကလေးနှစ်ယောက်လည်း အတော်ကသီလင်တဖြစ်ပြီး ဒုက္ခဖြစ်နေတယ်။ ကျွန်တော်က ဘာမှ မလုပ်တတ် မကိုင်တတ်ဘူး။ အဲဒီတော့ ဘာပဲဖြစ်ဖြစ်ဆိုပြီး လုပ်ငန်းဟောင်းကို တစ်ကျော့ပြန်ဝင်ဖို့ ခြေလှမ်းပြင်လိုက်ရပါတယ်။ ကျွန်တော် နောင်တရခဲ့တာ၊ သင်ခန်းစာရခဲ့တာ အမှန်ပါ။ ဒါပေမယ့် ငါ့ဝမ်းပူဆာ မနေသာ[illegible]လာတော့ တခြားလည်း ဘာမှမလုပ်တတ်တာတဲ့ ခြေဦးပြန်လှည့်သွားတာပါ။ အလုပ်ဖြစ်ရုံပဲရှိသေးတယ်။ ဒုတိယအကြိမ် အုတ်ရိုးအတွင်းလူ ပြန်ဖြစ်သွားရပါတယ်"

ကိုရေခဲထောင်က လွတ်လာသော်လည်း သူ့အပေါ်မှာ တင်ကျန်လျက်ရှိသော ဥပဒေစည်းဝိုင်း အပြင်ဘက်က ကျော်စောသူအဖြစ် ခတ်နှိပ်ခံထားရသည့် အမှတ်အသားကြီးမှာမူ ပျောက်ပျက်မသွားသေးပေ။

ဥပဒေစည်းဝိုင်း အတွင်းလူအဖြစ် သတ်မှတ်စာရင်း မဖြစ်သေးသည့်အလျောက် သက်ဆိုင်ရာမှ သူ၏လှုပ်ရှားမှုကို မျက်စိဒေါက်ထောက်ကြည့်နေမြဲပင် ရှိသေးသည်။

သူ ပြန်လည်လှုပ်ရှားလိုက်သည်နှင့် သက်ဆိုင်ရာက အခေါ်ရောက်လာသည်။ ဒုတိယတစ်ကြော့ ထောင်ထဲသို့ ပြန်ရောက်သွားခဲ့သည်။ ပုဒ်မ ၁၀–က။ ပထမရမာန် သုံးလ။

နောက်ထပ်ရမာန် ခြောက်လနှစ်ကြိမ်။ တစ်နှစ်နှင့် သုံးလ ထောင်ထဲမှာ နေခဲ့ရသည်။

အဲဒီကစပြီး ကျွန်တော် အပြီးအပိုင်ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်ပါတယ်။ ဘယ်လိုအခြေအနေမျိုးရောက်ပါစေ ကျွန်တော် အဲဒီဆုံးဖြတ်ချက်ကို အပြောင်းအလဲမလုပ်တော့ပါဘူး။

လူ့ဘဝသက်တမ်း ကျန်ရှိနေသမျှ ကာလပတ်လုံး အုတ်ရိုးအတွင်းလူမဖြစ်အောင် ကျင့်ကြံနေထိုင်ပါတော့မည်ဟု။

"ကျွန်တော် အတိတ်ကို လုံးဝပြည်ဖုံးကားချလိုက်ပါပြီ။ အနာဂတ်အတွက် ကျွန်တော့်မိသားစုနဲ့ ထမင်းဆိုင်လေးဖွင့်ပြီး လူသစ်စိတ်သစ်နဲ့ အေးမြတဲ့ဘဝရဲ့ ရှင်သန်ခြင်း လမ်းကြောင်းပေါ် လျှောက်နေပါပြီ။ ဆရာရေးသလို လူနှင့်တူအောင် ကျင့်ကြံနေထိုင် လုပ်ကိုင်နေပြီမို့ ဥပဒေရဲ့ အဆုံးအမကနေ လွတ်ကင်းသူတစ်ယောက် ဖြစ်နေပါပြီ"

ကောင်းတာမှန်သမျှ အကုန်လုပ်။ မကောင်းတာ မှန်သမျှ အကုန်ရှောင်။ အုတ်ရိုးဘောင်အတွင်းသို့ ဘယ်တော့မှ ရောက်ရှိလိမ့်မည်မဟုတ်ပါတည်း ...။

***သန့်စင်မွန်မြတ်သော ထာဝရမေတ္တာဖြင့် ...***

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရင် ရေဲ့ဘဝထိလိုက်မယ်

❀ မောင်ရွှေစိန်

ယခင်လမှအဆက်

ဒါကြောင့်လည်း ကောင်း သည် စီးကရက်ဘူးကို ထုတ်လိုက်၏။ သူ့အတွက် စီးကရက် တစ်လိပ်ကို ထုတ်ယူပြီး သောက်လိုက်၏။ လုံးကြီးတင်ကိုလည်း စီးကရက်ဘူးကို လှမ်းပေးလိုက်သည်။ လုံးကြီးတင် ပြောဆိုနေသော စကားများကို ကောင်း အေးအေးဆေးဆေးစဉ်းစားနေ၏။ စီးကရက်မီးခိုးများကို ဟူးကနဲ မှုတ်ထုတ်လိုက်ရင်း . . .

"ဝေစုက . . ."

"အားလုံးလက်ရှိ သုံးယောက်၊ မင်းပါ ပါရင် လေးယောက်၊ ငွေက တစ်သိန်းနီးပါးလောက် ရှိမယ်"

ကောင်း သည် လုံးကြီးတင်၏ စကားကို ကြားရသောအခါ ပြုံးလိုက်သည်။ ကောင်း အပြုံးသည် မပွင့်တပွင့်အပြုံးမျိုး။ ဒါကို လုံးကြီးတင် အနေနှင့် အဖြေရှာ ကြည့်နေသည်။

"အလုပ်အတွက် သိပ် စိတ်မဝင်စားလို့လား ကောင်း"

လုံးကြီးတင်မှာ ကောင်း ၏ အပြုံးအမူကို ကြည့်လျက် မေးလိုက်၏။

"လူကလဲ များတယ်၊ ငွေကလဲ များတယ်၊ ဒါပေမဲ့ ကိုယ်မလုပ်ချင်ဘူး"

"ဘယ်လို ဖြစ်လို့လဲ ကောင်း"

"ဘယ်လိုမှ မဖြစ်ပါဘူး။ ဒီလောကထဲကနေ ရုန်းထွက်ဖို့ ကြိုးစားနေတယ်"

ကောင်း စကားကို ကြားသောအခါ လုံးကြီးတင်သည် ဟက်ဟက်ပက်ပက်အသံထွက်အောင်ပင် အားပါးတရ ရယ်လိုက်သည်။ လုံးကြီးတင်၏ ရယ်သံသည် တော်တော်နှင့် အရှိန်မရပ်။

"ကောင်း . . .ကောင်း။ မင်းဟာ လူတွေကို အတော့်ကို အထင်ကြီးတဲ့သူကိုး"

လုံးကြီးတင်၏ စကားကြောင့် ကောင်း သည် လုံးကြီးတင်အား နားမလည်သည့် အမူအရာမျိုးဖြင့် လှမ်းကြည့်လိုက်သည်။ လုံးကြီးတင်သည် ကောင်း ကို ခပ်ပြုံးပြုံး ကြည့်နေပြန်၏။

"လူတွေဟာ ကောင်းတာမှတ်ဖူးကောင်း။ လူဆိုးတွေချည့်ဘဲ။ ဒါကို မင်းက ကောင်းအောင် ကြိုးစားမယ်ဆိုတော့ ပုံပြင်ဆန်နေတယ် ကောင်း။ ပုံပြင် ဆန်နေတယ်"

"ဘယ်သူတွေ ဘာဖြစ်ဖြစ်ပေါ့။ လူဆိုတာ ကိုယ်ကကောင်းဖို့ အရေးကြီးတာဘဲ"

"အေး . . .မင်းက ကိုယ်ကောင်းဖို့ကြိုးစားနေတယ်။ တခြားလူတွေကသူတို့တွေ ကောင်းစားဖို့အတွက် တခြားလူတွေကို မကောင်း ကြံစည်နေကြတယ်။ ဒီအထဲမှာ မင်းက တကိုယ်တော်သူရဲကောင်း မဆန်ချင်ပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကောင်း သည် လုံးကြီးတင်၏ စကားကိုကြားသောအခါ အတွေး ကလေးတစ်ခု ပြေးဝင်လာမိသည်။

ကောင်း ၏ စိတ်ထားသည် သူ့ရဲ ကောင်းလည်း ဆန်သည်။ မိုက်ရူးရဲ စိတ်မျိုးလည်း ရှိသည်။

ယခုအခါမျိုးတွင်တော့ ကောင်း အဖို့ မိုက်ရူးရဲ ဆန်သောစိတ်ထားမျိုး နှင့် သူ့ရဲကောင်းဆန်ဆန် မိမိ၏ဘဝ ဆိုးမှ ရုန်းထွက်ရန် ဘယ်လိုနည်းနှင့် ဖြစ်ဖြစ် ရုန်းထွက်ရန်သာ ဆန္ဒရှိသည်။

"ကိုင်း...အချိန်လဲ သိပ်မရှိတော့ ဘူး သူငယ်ချင်း။ ရုပ်ရှင်သွားကြိုလိုက် အုံးမယ်"

ကောင်း သည် အတတ်နိုင်ဆုံး သော နည်းလမ်းကို ရွေးချယ်လိုက်ခြင်း ပင်ဖြစ်သည်။ ယခုလိုသာ လမ်းမခွဲပါ လျှင် တနည်းမဟုတ် တနည်းအားဖြင့် လုံးကြီးတင်တို့၏ အလုပ်အတွက် တစ်ခုခုတော့ ကူညီရမည့် အခြေအနေတွင် တည်ရှိနေသည်။

"မင်းနဲ့ အေးအေးဆေးဆေး တွေ့ ချင်သေးတယ် သူငယ်ချင်း...ဘယ် လာခဲ့ရမလဲ"

"မင်းရှိမဲ့ နေရာကိုပြောခဲ့ပါ။ ငါ လာတွေ့ပါ့မယ်။ ခု လောလောဆယ် တော့ ငါ အတိအကျနေတဲ့ နေရာကို မပြောနိုင်သေးဘူး၊ ကြုံသလိုဘဲ လှည့် ပတ်နေတယ် ဆိုပါတော့လေ"

"ဒီနေ့ညနေ မင်းနဲ့ ဆူးလေဘုရား ပေါ်မှာ ဆုံချင်တယ်"

"ဘယ်နှစ်နာရီမှာ တွေ့ချင်တာလဲ"

"ညနေ...ခုနစ်နာရီလောက်"

"ကောင်းပြီလေ လာခဲ့မယ်..."

ကောင်း သည် လုံးကြီးတင်အား ကတိပေးလိုက်သည်။ ပြီးတော့ ကားကို မောင်းနှင်လျက် ထွက်လာခဲ့၏။ ဆူးလေ ဘုရားလမ်းဆီသို့ ဝင်နိုင်ရန် ကမ်းနား လမ်းအတိုင်း မောင်းနှင်လာခဲ့သည်။ မောင်ထော်လေးလမ်းတွင် ကွေ့သည်။ မောင်ထော်လေးလမ်းအတိုင်း တောက် လျှောက်မောင်းနှင်လာပြီး ဗိုလ်ချုပ်လမ်း တွင် ညာဖက်သို့ ချိုးကွေ့ရန်ပြင်လိုက်၏။

"နေကြည်ငြိမ်းလား၊ မေကြည်ငြိမ်း လား"

ကောင်း ၏ အတွေးထဲသာ မဟုတ်။ ကောင်း ၏ နှုတ်ကပင် ပွင့်ထွက်သွားမိ လေသည်။ အမြွှာပူး ညီအမဆိုသည့် အတွက်ကြောင့်လည်း ကောင်း သည် ၎င်းတို့ ညီအမနှစ်ဦး၏ ထူးခြားမှုကို မသိပါချေ။ ကားဟွန်းသံပေးလျက် ပလက်ဖောင်းဘေးတွင် ကားကို ကပ် ရပ်လိုက်သည်။

"အော်..."

သူမက နှုတ်ဆက်သည်။ ပြီးတော့ သူမ၏ သွားကလေးများပေါ်အောင် ပြုံး ပြ၏။

"နေကြည်ငြိမ်း...နော်"

ကောင်း သည် မပွင့်တပွင့် မရဲ တရဲနှင့် မေးလိုက်ရသည်။

"မဟုတ်ပါဘူး ကျွန်မ မေကြည် ငြိမ်းပါ"

ကောင်း ၏ ခေါင်းတို့ ချာချာလည် သွားသလို ခံစားလိုက်ရသည်။ မိမိ အတွေးတို့ တက်တက်စင် လွဲပြန်ချေပြီ ကောင်း ဘာမှ ဆက်မပြောနိုင်ဘဲ ရှိနေ သည်။ သူမက ပြုံးလျက် စကားပြော လာပြန်သည်။

"နေကြည်ငြိမ်းနဲ့ ဒီက သိလို့လား"

"မနေ့ကမှ သိခဲ့တာပါ"

"အော်...ဟုတ်လား"

မေကြည်ငြိမ်းသည် ကောင်း နှင့် နေကြည်ငြိမ်းတို့ သိခဲ့ကြသည်ဆိုသော စကားကြောင့် ခပ်ပြုံးပြုံး ဖြစ်သွားလေ သည်။ သူမ၏ အမူအယာသည် သိပ် အံ့ဩလွန်းသည့် အသွင်မျိုးတော့ မဟုတ်။ အံ့ဩနေသည်ကတော့ နည်း နည်းပေါ်လွင်နေပေသည်။

တစ်ယောက်နှင့် တစ်ယောက် ဆက်ပြီး စကားမပြောဖြစ်ကြတော့ချေ။ ကောင်းကိုယ်တိုင်လည်း ဘာစကား ဆက်ပြောရမည်မသိ။ "သွားတော့မယ် နော်" ဟူ၍ နှုတ်ဆက်ရင်း ကားကိုဆက် မောင်းလာခဲ့ရသည်။ ဂုဏ်ရုပ်ရှင်ရုံ ရှေ့တွင် ကားကို ထိုးရပ်ပစ်လိုက်၏။ ပြီးတော့ ကားတံခါးကို ဖွင့်လျက် ကားထဲမှထွက်ကာ ကားအနီးတွင်သာ ရပ်နေလိုက်သည်။

မကြာသော အချိန်ကလေးအတွင်း မှာပင် ရုပ်ရှင်ပြီးသွား၏။ ရုပ်ရှင်ကြည့် ပြီးသူတို့သည် မိမိတို့ ကြည့်ခဲ့သော ရုပ်ရှင်နှင့် ပတ်သက်၍ မိမိတို့အယူ



www.burmeseclassic.com

www.burmeseclassic.com

အဆာ၊ ခံစားချက်များကို တစ်ဦးနှင့် တစ်ဦး ပြောဆိုလျက် ရှိနေကြသည်။ တချို့ကမူ ရုပ်ရှင်ပြီးချိန်တွင် ကားကျပ်တတ်သော သဘောကို သိထားပြီးဖြစ်ကြသဖြင့် ကားဂိတ်ဖက်ဆီသို့ အပြေးအလွှား အသော့နှင်နေကြသည်။

ရုပ်ရှင်ရုံရှေ့တွင် စီးကရက်ရောင်းနေကြသော လူငယ်လူရွယ် ကလေးများစွာကို ကောင်းတွေ့မိသည်။ သင်းတို့ကလေးတို့၏အရွယ်များသည် ကျောင်းစာသင်ခန်းနှင့် မိဘဖြစ်သူများ၏ မျက်စိရှေ့မှောက်တွင်သာ နေထိုင်ကြရမည့် အရွယ်ကလေးများပင် ဖြစ်ပါလျက် သင်းတို့သည် လူနေမှုပြဿနာ ဝဲသြယတွင် ရင်ဆိုင်နေရသည့် စီးပွားရေးနွံ့ထဲမှာ ရုန်းကန် လှုပ်ရှားနေကြရသည်။ ကောင်း သည် မိမိဘဝထက် များစွာ ချီးကျူးဘွယ်ကောင်းလှသော သမ္မာအာဇီဝကျသည့် သူတို့ကလေးတွေ၏အလုပ်ကို စိတ်ထဲမှ ကျေနပ်နေမိသည်။

မိမိဘဝသည် ယနေ့ လမ်းမပေါ်တွင် လှုပ်ရှားသွားလာနိုင်ခဲ့သဘောက် မထင်မှတ်သောအချိန် တစ်ချိန်တွင် သက်ထိတ်တန်းလန်းနှင့် ရဲဌာန၊ ရဲအချုပ်ကား၊ ငှင်းမှတဆင့် ရန်ကုန်အင်းစိန်ထောင်ကြီးအတွင်းသို့ ညှဉ့်သည်သော်အဖြစ် ရောက်သွားနိုင်ပေသည်။

"ဟော့ကောင်ကြီး ရောက်နေတာကြာပြီလား…"

အေးကြည်လေးက သူ့အနီးမှ ကပ်လျက် အော်လိုက်၏။ ကောင်းသည် အတွေးဟူသမျှအဆုံးသတ်လိုက်၏။ ပြီးတော့ သူ့လက်ထဲတွင် ကိုင်ထားသော ကားသော့တွဲကလေးကို အေးကြည်လေးအား ပစ်ပေးလိုက်သည်။

"ကဲ…ကိုယ့်တာဝန် ကျေပြီနော် သူငယ်ချင်း"

ကောင်း သည် ကားသော့တွဲကို လှမ်း၍ ဖမ်းယူလိုက်သော အေးကြည်လေးကိုကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။ အေးကြည်လေးသည် ကောင်းအား ရွှန်းရွှန်းဝေသော အပြုံးမျိုးဖြင့် ကြည့်နေသည်။ သူတို့နှစ်ဦးအနီးသို့ မိန်းကလေးတစ်ဦးရောက်လာသည်။ ကောင်း သည် မိန်းကလေးကို ဂရုတစိုက် ကြည့်ခြင်းမျိုး မဟုတ်ဘဲ၊ မသိမသာ လှမ်း၍အကဲခတ်လိုက်သည်။

"ချောရေ ဒါ ကိုယ့်ရဲ့သူငယ်ချင်း ကောင်းတဲ့…"

အေးကြည်လေးသည် သူ့၏ ချော ဆိုသော အမျိုးသမီးနှင့် ကောင်းကို မိတ်ဆက်ပေးနေပြန်သည်။ ချောသည် အတုတပ်ထားသော မျက်တောင်ကော့ကြီးကို ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ကောင်းအား သူ၏ သွားတက်ကလေးပေါ်အောင် အပြုံးဖြင့် တုံ့ပြန်မှုပြုလေသည်။

ကောင်း သည် သူ့ဟန်ပန်အတိုင်း မပွင့်တပွင့် ပြန်၍ပြုံးပြလိုက်သည်။ ချောသည် ကောင်းအား အကြည့်စူးစူးဖြင့် ရဲတင်းစွာပင် ကြည့်နေသည်။ ချော၏အခြေအနေကို မြင်ရသည်နှင့်ပင် ကောင်း သည် ချော၏ "အထာ"ကို ကောင်းစွာ နားလည်သဘောပေါက်လိုက်ပြီးဖြစ်သည်။ သူ့အနေနှင့် ဘာဘဲဖြစ်ဖြစ် ချောနှင့် သိခွင့်ရသည့်အတွက်တော့ ကောင်းသည်။

တနေရာမဟုတ် တနေရာတွင် ချောအား ကောင်း အသုံးချနိုင်မည်ဖြစ်သည်။ သို့သော် ယခု တွေ့တွေ့ချင်း ချောကို မသိကျိုးကြည်ပြုနေလိုက်သည်။ အေးကြည်လေးက ရှိနေသည် မဟုတ်ပါလား။

"ကဲ…ဗိုးအေးကြည် ကိုယ်သွားမယ်"

"လိုက်ပို့မယ်လေ ကောင်းရ"

"ကိစ္စမရှိပါဘူးကွာ။ နောက်မှတွေ့ကြတာပေါ့။ မောင်ရင့်မှာလဲ…"

ကောင်းက ချာကို တစေ့တစောင်းကြည့်ရင်း ပြောလိုက်သည်။ ကောင်းစကားကို ချောသည် ခပ်ပြုံးပြုံးပင် နားထောင်နေသည်။ ဘာမှ ဝင်မပြောတော့၊ အေးကြည်လေးကိုယ်တိုင်လည်း ကောင်းကို ဆက်၍ တားမြစ်ခြင်း မရှိတော့ချေ။

ကောင်း သည် ဆူးလေဘုရားဖက်ဆီသို့။

လုံးကြီးတင်နှင့် ချိန်းထားသော အချိန်က ခနစ်နာရီ၊ ယခုမှ လေးနာရီခွဲ

www.burmeseclassic.com

ကျော်ကျော်သာ ရှိသေးသည်။ ဒါပေမဲ့ ကောင်း သည် ဆူးလေဘုရားဖက်ဆီသို့ သာ တရွေ့ရွေ့ ဦးတည်လျှောက်လာခဲ့သည်။ ဆူးလေဘုရားအနီးရှိ မဟာဗန္ဓုလပန်းခြံအတွင်းဖက်ဆီသို့ ငေးကြည့်လိုက်သည်။ ညနေခင်း လေညှင်းခံ အပန်းဖြေသူတွေ အတော့်ကို များများ တွေ့နေရသည်။ ကောင်းလည်း ပန်းခြံတွင်းသို့ ခပ်သုတ်သုတ် ဝင်လာခဲ့သည်။

ခရေပင် တစ်ပင်အောက်တွင်ရှိသော ခုံတန်းလျားလေး တစ်ခုပေါ်တွင် အသာ သွားထိုင်နေလိုက်သည်။ မြင့်မြင့်မားမား လွတ်လပ်ရေးကျောက်တိုင်ကြီးအား အောက်ခြေ ခြင်္သေ့ရုပ်များဆီမှ ထိပ်ဖျားအထိ တရွေ့ရွေ့ ကြည့်လိုက်မိသည်။

မြင့်မား ခေါင်းသီလုသော လွတ်လပ်ရေးကျောက်တိုင်ကြီးသည် ကောင်းအား ပြန်လှန် ငေးကြည့်နေသော မျက်နှာအသွင်အပြင်မျိုးဖြင့် ကြည့်နေ ဘိအလား ကောင်း ခံစားလိုက်ရသည်။

"လူဆိုတာ သူ့အရိပ်က သူ့နောက်မှာ အမြဲရှိနေတတ်တယ်။ သူ ဘာလုပ်တယ်ဆိုတာ အရိပ်က ပေါ်လွင်အောင် ဖော်ပြနေတယ်။ သူ မဟုတ်တာလုပ်ရင် အရိပ်ကလဲ မဟုတ်တာကို လိုက်လုပ်ပြနေတာဘဲ"

ကောင်း သည် မိမိအား ထောင်အရာရှိတစ်ဦးက ဆုံးမစကားပြောလိုက်သည်ကို ပြန်၍ တွေးမိလာပြန်သည်။

"ငါ့ ဘဝလဲ ဒီလိုဘဲနေမှာဘဲ။ ငါ့နောက်မှာ ကပ်လိုက်ပါနေတဲ့ အရိပ်ဟာ ဘယ်တော့များမှ ခွာချလို့ရမလဲ မသိဘူး"

"မဝေဠု တစ်ယောက်ကတော့ အတော့်ကို လျှင်တဲ့မိန်းမတစ်ယောက်ပဲ"

ကောင်း သည် ရောက်တတ်ရာရာ အတွေးများကို ဟိုတစ သည်တစ လျှောက်တွေးနေမိသည်။ စီးကရက် တစ်လိပ်ကို ထုတ်၍ မီးညှိဖွာလိုက်သည်။

ဆူးလေရင်ပြင်ပေါ်မှ ခေါင်းလောင်းထိုးသံများသည် တစတစနှင့် ပျံ့လွင့်လာတတ်သည်။ ကောင်း သည် မိမိဘဝအတွက် လှုပ်ရှားရုန်းကန်ရဦးမည့် အကြောင်းများကိုလည်း အတွေးဖြန့်နေမိပြန်သည်။

ဦးသိုက်ထွန်း ကိစ္စနှင့်ပတ်သက်၍ တွေးမိလာသောအခါ ကြက်သီးမွေးညှင်းများပင် ထလာသည်အထိ တုန်လှုပ်လာမိပြန်သည်။

"တစ်ယောက်ထဲ တွေးလုချည်လား ကောင်း"

ကောင်းသည် မိမိ၏ နဘေးနား ဆီမှ နှုတ်ဆက်လာသော မိန်းမတစ်ယောက်၏အသံကို ကြားလိုက်ရသောအခါ အသံရှင်ကို လှမ်းကြည့်လိုက်မိသည်။ နေကြည်ငြိမ်း။

ဟုတ်ပါသည်။ နေကြည်ငြိမ်းမှ နေကြည်ငြိမ်းတစ်ယောက်ထဲ ဖြစ်သည်။

"ဘယ်က လှည့်လာသလဲ နေကြည်ငြိမ်း"

"သူငယ်ချင်းတစ်ယောက်က ရေကူးကန်ကအပြန် သူ့ကို လိုက်ပို့ပါဆိုတာနဲ့ လိုက်ပို့ပြီး အနားဝင်ယူတုန်း ကောင်းကိုတွေ့လို့ တမင်လာနှုတ်ဆက်တာ"

"နေကြည်ငြိမ်း တစ်ယောက်ထဲလား"

"ဘယ်နှစ်ယောက် တွေ့သလဲ"

ကောင်း သည် နေကြည်ငြိမ်း၏ အမေးကို နှုတ်ဖြင့်ပြန်မဖြေ၊ လက်ညှိုးလေး တစ်ချောင်းထဲကိုသာ ထောင်ပြလိုက်သည်။ ကောင်း၏ အပြုအမူကို မြင်တော့ နေကြည်ငြိမ်းသည် ဟက်ဟက်ပက်ပက်ရယ်လိုက်ရင်း ကောင်းနဘေး ခုံအလွတ်တွင် တင်ပလ္လင်လေး ဝင်ထိုင်လိုက်သည်။ ကောင်းသည် နေကြည်ငြိမ်းကို အကဲခတ်လိုက်သည်။

လှပဖွံ့ထွားသော အချိုးအဆစ်ပိုင်ရှင် နေကြည်ငြိမ်းသည် ရဲရဲတင်းတင်း သူ့အနီးတွင် အေးအေးဆေးဆေး ထိုင်နေသည်ကိုတွေ့ရသော ကောင်း၏ အတွင်းစိတ်တို့ လှုပ်ရှားလာသည်။

ကောင်း - - နေကြည်ငြိမ်းကို စကားပြောချင်နေသည်။ သို့သော် ကောင်းသည် ပြောသင့် မပြောသင့်ကို အတော်ကလေး ချိန်ဆနေမိသည်။ တွေ့ကြသည်မှာ မကြာသေး။ ပြီးတော့ တစ်ဦးအကြောင်း တစ်ဦးက မသိကျွမ်း

www.burmeseclassic.com

ကြသေး။ ဒါကို မတွေးမဆဘဲ ပြောလိုက်မိလျှင် နေကြည်ငြိမ်း မိမိအပေါ်တွင် အထင်သေးသွားနိုင်သည်။

ပြီးတော့ ... နေကြည်ငြိမ်းကို မေတ္တာတရားနှင့် ယှဉ်သောအချစ်မျိုး ပေါ်ပေါက်လာ၍လားဟု မိမိကိုယ်မိမိ ပြန်၍ ဆန်းစစ်ကြည့်မိပြန်သည်။ မဟုတ်။ ဒါကိုတော့ ကောင်းအဖြေထုတ်လို့ရသည်။ ရေကူးကန်ထဲတွင် တွေ့ရသော ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်မှု၊ ယခု သူ့အနီး၌ ထိုင်နေသော နေကြည်ငြိမ်း၏ ဖွံ့ထွားမှုများကိုကြည့်လျက် တောက်လောင်လာသော "အချစ်" မျိုးဖြစ်သည်။

မဝေဠုကို မိမိ စွဲစွဲလန်းလန်း နှစ်သက်မိပြီးသည့်နောက်တွင်မူ ကောင်း နောက်ထပ် မည်သူ့ကိုမှ နှစ်သက်ခြင်း မရှိခဲ့။ သို့သော် မဝေဠုပေးသွားသော ဝေဒနာအစွဲအလန်းကြောင့် မိန်းကလေးတွေအပေါ်တွင် တန်ဘိုး သိပ်မထားချင်တော့ပေ။ အထူးသဖြင့် နေကြည်ငြိမ်းကဲ့သို့ အမြင်အားဖြင့် ခပ်ပေါ့ပေါ့ မိန်းကလေးမျိုးပေါ်တွင် ကောင်း ပို၍ တန်ဘိုးမထားချင်ပါ။

တရားရုံးကြီးဆီမှ နာရီသံများ ကြားလိုက်ရသည်။

"ငြိမ်း ... ပြန်အုံးမယ် ... ကောင်း"

နေကြည်ငြိမ်းသည် ကောင်းကို နှုတ်ဆက်ရင်း ထိုင်ရာမှထလိုက်သည်။ ကောင်း ဘာမှ မပြောတော့ ခေါင်းကိုသာ အသာ ညိတ်ပြလိုက်သည်။

ကောင်း သည် နေကြည်ငြိမ်း ပြန်သွားပြီးသည့်နောက် အတော်ကလေး အချိန်ကြာသည့်တိုင်အောင် ပန်းခြံထဲတွင် တစ်ယောက်ထဲ ထိုင်နေမိသေး၏။ ခြောက်နာရီခွဲတော့မှ ပန်းခြံအတွင်းက ထွက်လာခဲ့သည်။ ဆူးလေဘုရားပေါ်သို့ ခပ်သုတ်သုတ်တက်ရင်း ဘုရားပေါ်တွင် တပတ် ပတ်ရင်း လမ်းလျှောက်ရန် ရည်ရွယ်လျက် လျှောက်လာစဉ်၊ အဂ္ဂိထောင့်တနေရာ၌ လုံးကြီးတင်နှင့် အဖော်တစ်ယောက်ကိုတွေ့ရလေသည်။

"မင်းလာမှ လာပါ့မလားလို့ကွာ"

"လာမယ်လို့ ပြောပြီးရင် လာရမှာပေါ့လေ။ ကောင်း ကိုသိတယ် မဟုတ်လား"

ကောင်း သည် လုံးကြီးတင်ကိုရော လုံးကြီးတင်နှင့် အတူပါလာသူကိုရော ကြည့်လျက် ပြောလိုက်သည်။ လုံးကြီးတင်နှင့် အတူပါလာသူက ကောင်း စကားကို ပြုံးပြီး နားထောင်နေ၏။ ထိုသူကို ကောင်း အကဲခတ်ကြည့်မိသည်။ လူအေးတစ်ယောက်ပင် ဖြစ်တန်ရာသည်။

"ကောင်း ... သူက ကိုယ့်ရဲ့ အပေါင်းအသင်း တစ်ယောက်ဘဲ၊ နာမည်က ကျော်စွာတဲ့ ..."

ကောင်းက ကျော်စွာဆိုသူကို လှမ်းကြည့်ရင်း ပြုံးပြလိုက်သည်။ ကျော်စွာလည်း ကောင်း အား ပြန်၍ပြုံးပြသည်။

"ဒီနေ့ ကိစ္စက ..."

ကောင်း သည် ကျော်စွာ့ထံမှ မျက်နှာလွှဲလိုက်ပြီး လုံးကြီးတင်အား မေးလိုက်သည်။

လုံးကြီးတင်သည် ကောင်း အား အမူအရာဖြင့် သော့တူဖွင့်ပေးရန် ပြလာသည်။

"နေရာက ရော"

"ဘောက်ထော် ဘက်မှာ"

"အခြေအနေကို စုံစမ်းပြီးပြီလား"

"အားလုံး စုံစမ်းပြီးပါပြီကွ"

"ကောင်းပြီလေ ကိုယ့်တာဝန်အရတော့ ကိုယ်လုပ်ပေးမယ်၊ အထဲတော့ ဝင်မလိုက်ချင်ဘူး။ အဲဒီအတွက် ကိုယ့်ရဲ့ အကျိုးခံစားခွင့်ကရော ..."

"ဒို့အဖွဲ့က သူရယ်၊ ငါရယ်၊ လက်ထောက်ချတဲ့ သူရယ်၊ မင်းရယ်ဘဲ ရှိတော့ ဝေပုံကျ ရမှာပေါ့ကွာ မနဲစေရပါဘူး"

"အားလုံး အခြေအနေက ဘယ်လောက်ရှိမယ် ခန့်မှန်းသလဲ"

"တသောင်းကျော်ဘိုး လောက်တော့ရှိမယ်"

ကောင်း အမေးကို ကျော်စွာက ဝင်ဖြေသည်။ ကောင်း သည် သူ၏ စိတ်ကူးထဲတွင် တသောင်းကျော် ဆိုသောငွေကို လေးပုံ ပုံကြည့်နေ၏။

"ကဲ ... သွားကြမလား"

"စောသေးတယ် ကောင်း"

"ဒါဖြင့် အလုပ်က ဘယ်အချိန် စ,မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဆယ်နာရီလောက် စ,မယ်လေ"

"ဆယ်နာရီဆိုရင် အချိန်ရသေးတာပေါ့"

ကောင်း သည် တရားရုံးကြီးမှ မှန်ကန်သော လက်တံနှစ်ခုကို ကြည့်လိုက်၏။

"ကဲ…ဒါဖြင့် ငါ ညစာ မစားရသေးဘူး။ တခုခု ကျွေးမလား"

ကောင်း သည် လုံးကြီးတင်အား အခွင့်အရေး တောင်းဆိုလိုက်သည်။

"ဟာ…ရပါတယ်၊ လာ တဆိုင်ဆိုင် သွားကြရအောင်"

လုံးကြီးတင်၊ ကျော်စွာ၊ ကောင်းတို့ ဘုရားပေါ်မှ ခပ်သုတ်သုတ်ဆင်းခဲ့ကြသည်။

ဆူးလေဘုရားလမ်းတွင် ရှိသော တရုတ် စားသောက်ဆိုင်ကြီး တစ်ဆိုင်ဆီသို့ သုံးဦးသား လျှောက်လာခဲ့ကြသည်။

ဆိုင်တွင်းသို့ ရောက်ကြသောအခါ အခန်းဒေါင့်ကျကျ စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြသည်။

ကျော်စွာက စားပွဲထိုးတစ်ဦးအား တိုးတိုး ကပ်မေးနေသည်။

"ရတော့ ရတယ်ဆရာ…ဈေးကတော့ ကြီးတယ်"

"ဘယ်လောက် ရှိသလဲ"

"ဆယ့်လေးကျပ်တော့ ပေးရလိမ့်မယ်"

ကောင်း သည် ကျော်စွာနှင့် စားပွဲထိုးတို့ ဘီယာ ရမရ မေးနေသည်ကို အတတ် သိလိုက်သည်။

"ဆယ့်လေးကျပ်ရပ် ကျပ်ပစေကွာ ငါးလုံးလောက် ဆွဲခဲ့ပါ"

လုံးကြီးတင်က ကြားမဖြတ်ပြီး ပြောလိုက်၏။ စားပွဲထိုးက ဘီယာအတွက် ငွေအရင်ပေးရမည်ဟုဆိုသောအခါ လုံးကြီးတင်၏ ရှပ်အင်္ကျီအိတ်တွင်းမှ အစိတ်တန်ကလေး သုံးရွက်သည် ဟောကနဲ ခုန်ထွက်သွားလေသည်။ ကောင်း သည် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ စီးကရက်သောက်ရင်းသာ ငြိမ်သက်စွာ ထိုင်နေလိုက်သည်။

ခဏကြာသောအခါ ကောင်းတို့ စားပွဲပေါ်သို့ အငွေ့တထောင်းထောင်းနှင့် ရေခဲစိမ်ဘီယာ ငါးလုံး ရောက်လာသည်။ ပြီးတော့ ဖန်ခွက်ကြီး သုံးခွက်လဲ ရောက်လာ၏။

"ကောင်း ဘာစားမလဲ"

လုံးကြီးတင်က ကောင်းကို မေးလာသည်။ ကောင်းက လုံးကြီးတင်ကို လှမ်းပြုံးပြလိုက်၏။

"မင်း မှာချင်တာ မှာလေ မင်းကျွေးသရွေ့ စားပါ့မယ်"

"အစိမ်းကြော်တစ်ပွဲ၊ ကြက်သားကွပ်ကြော်တစ်ပွဲ၊ ဟင်းချိုတစ်ပွဲ၊ ဝက်သားနဲ့ ကျုန်းမဆိုင်ကြော်တစ်ပွဲ၊ ပြီးတော့ အာလူးကြော်၊ ထမင်း…လုပ်ကွာ"

လုံးကြီးတင်သည် သူဌေးသားတစ်ယောက်၏ ဟန်ပန်မျိုးနှင့် စားပွဲထိုးလူရွယ်ကို အစုံအလင် မှာနေသည်။ ကောင်း သည် သူလုပ်ဆောင်ရမည့် လုပ်ငန်းအတွက် မစမီကပင် အခြေအနေမဆိုးသည်ကို တွေးကြည့်နေမိပြန်သည်။ စားပွဲထိုး လူရွယ်က ဘီယာသုံးပုလင်းကို ဖောက်လျက် ခပ်သုတ်သုတ် ကောင်တာစားပွဲသို့ ပြန်သွားသည်။ ကောင်းတို့မှာသမျှကို စာရွက်ကလေး တစ်ရွက်ပေါ်တွင် ရေးခြစ်ပြီး ဆိုင်နောက်ဖက်သို့ ဝင်သွား၏။

ကောင်း သည် ဘီယာပုလင်းထဲမှ ဘီယာများကို ဖန်ခွက်တွင်းသို့ လောင်းငှဲ့ထည့်လိုက်သည်။ ပြီးတော့ ဘီယာကို တစိမ့်စိမ့် စုတ်ယူသောက်ရင်း လုံးကြီးတင်နှင့် ကျော်စွာတို့အား ပြုံးပြမိပြန်သည်။

မှာထားသမျှ အစားအသောက်များလည်း ရောက်လာသည်။ ဘီယာလည်း နောက်ထပ်နှစ်လုံးထပ်မှာသည်။ အချိန်ကို တဖြေးဖြေးကုန်မှန်းမသိ ကုန်စေလျက် စားသောက်မှုကို ပြီးစီးစေခဲ့လေပြီ။

စားသောက်ဆိုင်တွင်းမှ အထွက်တွင် ည ၉ နာရီ ထိုးလုပြီဖြစ်သည်။

ကောင်း နှင့် ကျော်စွာတို့နှစ်ဦးသား သစ်ပင်ရိပ်အောက်တွင် ရပ်နေကြသည်။ လုံးကြီးတင်သည် ဆူးလေဘုရားလမ်းဒေါင့် တစ်နေရာတွင် အငှားကား တစ်စီးကို သွားရောက်ခေါ်နေ၏။ မကြာခင်မှာပင် လုံးကြီးတင်သည် ကောင်းနှင့်ကျော်စွာတို့အနီးသို့ ဂျစ်ကားတစ်စီးဖြင့် ပြန်ရောက်လာခဲ့သည်။ ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

အရင်တက်လျက် နောက်ဖက်တွင် တစ်ယောက်ထဲ ထိုင်၏။ ကောင်း သည် လုံးကြီးတင် နဘေးရှိ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။

ဂျစ်ကားသည် စည်ကားသိုက်မြိုက် ဝေဆာလှသော ဆူးလေဘုရားလမ်းကြီးအား ကျောခိုင်းလျက် တရိပ်ရိပ် ထွက်ခွာလာခဲ့၏။

၉ နာရီ ကျော်ကျော်တွင် ကောင်းတို့သည် ဘောက်ထော် လူခြေတိတ်ဆိတ်သော နေရာတစ်နေရာသို့အရောက်တွင် အသီးသီး ကားပေါ်မှ ဆင်းလိုက်ကြ၏။ ကားသမားအား ကားခရှင်းလင်းပေးပြီး လုံးကြီးတင်နောက်မှ လိုက်လာခဲ့ကြသည်။

ဘောက်ထော် အပိုင်းတွင် နေထိုင်ကြသူ အများစုမှာ ကိုယ့်ဝန်းကိုယ့်ခြံဖြင့် အေးအေးလူလူ နေကြသူများ ဖြစ်သောကြောင့် လမ်းတစ်လျှောက်တွင် အသွားအလာ လူသူ အရိပ်အယောင်ကိုပင် မတွေ့ရချေ။

လမ်းတစ်လမ်းသို့ အရောက်တွင် မှောင်ရိပ်ကျကျသစ်ပင်တစ်ပင်အောက်၌ စီးကရက်မီးနီကလေး လင်းလိုက်မှိန်သွားလိုက် ဖြစ်နေသည်ကို တွေ့ရသည်။ လုံးကြီးတင်တို့အား အထာပြနေသူတစ်ဦးပင် ဖြစ်လိမ့်မည်ဟု ကောင်း နားလည်ထားလိုက်၏။

"ဆေးလိပ်မီး တတို့လောက်ဗျာ"

ကျော်စွာသည် ထိုသစ်ပင်ရိပ်အောက်သို့ ပြောပြောဆိုဆိုနှင့် ဝင်သွား၏။

ဆေးလိပ်မီး တို့ချင်သဖြင့် ဝင်သွားခြင်းမဟုတ်ကြောင်း ကောင်း သိသည်။ အချိန်းအဆက် "အထာ"ပြခြင်းဖြစ်သည်။ ယခု ဖောက်ထွင်းမည့် အိမ်၏ အခြေအနေကို ပိုမို၍ တိတိကျကျ သိရန်အတွက် စီစဉ်ခြင်းဖြစ်သည်။ ကောင်း သည် ကျော်စွာပြန်ထွက်လာသောအခါ ကျော်စွာ၏ မျက်နှာရိပ် မျက်နှာကဲကို လှမ်းအကဲခတ်လိုက်၏။

"အခြေအနေကတော့ မဆိုးဘူးတဲ့ ဒါပေမဲ့ ခြံထဲမှာ အယ်လ်ဇေးရှင်းခွေးကြီးတစ်ကောင်ကို ကြိုးဖြေ လွှတ်ထားတယ်လို့ကြားတယ်"

ကျော်စွာ့ထံမှ ကြားလိုက်ရသော သတင်းကြောင့် လုံးကြီးတင်သည် အမေရိကန် ရုပ်ရှင်မင်းသားများစတိုင် အတိုင်း ပခုံးကိုပင့်၍ တွန့်ပြရင်း လက်နှစ်ဖက်ကို အောက်ဖက်သို့ ဆန့်တန်းကာ လက်ချောင်းများကို ကားပြလိုက်သည်။ ကောင်း သည် သူဆောင်ရွက်ရမည့်ကိစ္စအတွက် အရင်ဆုံး အယ်လ်ဇေးရှင်းခွေးကြီးနှင့် နပန်းလုံးကြရတော့မည့်အရေးကို တွေးမိကာ ကျောထဲမှ စိမ့်လာ၏။

"ဟေ့··ကောင်း။ အယ်လ်ဇေးရှင်းနဲ့ မင်းနဲ့ တွေ့ပြီဟေ့···"

"အင်း···ဒါတော့လဲ ဒါပေါ့လေ၊ အခြေအနေအရစခန်းသွားကြရမှာပေါ့"

ပြောပြောဆိုဆိုနှင့် လမ်းလျှောက်လာခဲ့ကြရာ ကောင်းတို့ ဖောက်ထွင်းကြရမည့် အိမ်ဝန်းခြံကြီးအနီးသို့ရောက်လာခဲ့သည်။ ခြံထဲတွင် ဟိုဟိုသည်သည် ပြေးလွှား လှုပ်ရှားနေသော အသံဗလံများကို ကြားလိုက်ရခြင်းကြောင့် အယ်လ်ဇေးရှင်းခွေးကြီး ခြံပတ်ပတ်လည်တွင် လျှောက်သွားနေခြင်း ဖြစ်မည်ဟု ကောင်း တွက်လိုက်သည်။

မှောင်ရိပ်ခိုပြီး ခြံတံခါးဝနားသို့ ကောင်း အသာတိုးကပ် ရောက်သွားသည်။ ခြံဝန်းတံခါးဝနှင့်အတော်အတန် အလှမ်းဝေးသော နေရာတွင်ရှိနေသည့် အယ်လ်ဇေးရှင်းခွေးကြီးသည် အားကုန်ပြေး၍ရောက်လာသည်။ ပြီးတော့ ဆူညံမြည်ဟီးစွာ အော်ဟစ်လေတော့သည်။

ခွေးကြီး၏ စူးစူးပျံ့ပျံ့ ဟောင်သံသည် ဘေးပတ်ဝန်းကျင်ရှိ အိမ်အသီးသီးကို လှုပ်နှိုးလိုက်ဘိအလား ရပ်ကွက်ကလေးသည် ငြိမ်သက် တိတ်ဆိတ်နေရာမှ လှုပ်ရှားလာသည်။ ခြံထဲတွင် ထားရှိသော မီးလုံးများ၊ မီးချောင်းများမှာလည်း ဖျတ်ကနဲလင်းလာသည်။

ကောင်း သည် အခြေအနေကို ရိပ်စားမိလာသည်နှင့် ခြံရှေ့ရှိ ရေနုတ်မြောင်းကြီးအတွင်းသို့ လိမ့်ပြီးဆင်းလိုက်ကာ ရေမြောင်းလမ်းအတိုင်း ခပ်သုတ်သုတ်ပြေးလေ၏။ ကောင်းနှင့် ထပ်ချပ်မကွာပင် ကျော်စွာနှင့် လုံးကြီးတင်တို့လည်း လိုက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်း သည် အတော်ဝေးဝေး ရောက်သောအခါမှ မြောင်းအတွင်းမှ ထွက်လိုက်၏။ ပြီးတော့ ကောင်းဆုံး ဖြတ်ချက် ချလိုက်၏။

သူတို့ အစီအစဉ်များရော၊ လုပ်ဆောင်ရမည့် အခြေအနေများကိုပါ ဖျက်သိမ်းပစ်လိုက်ရလေပြီ။ ဘောက်ထော်ရပ်ကွက်မှကျော်၍ ကားလမ်းမကြီးဆီသို့ ရောက်ကြသောအခါ အားလုံး မောဟိုက်နေကြ၏။

ကောင်း သည် မိမိအတွေးနှင့်မိမိ ခေါင်းကို အကြိမ်ကြိမ်လှုပ်ခါရမ်းပြီး လေပူများကိုသာ ဖူးကနဲ အသံထွက်အောင် မှုတ်ထုတ်လိုက်လေတော့သည်။

* * *

(၈)

ကောင်း သည် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်သည်။

ကောင်း ဆုံးဖြတ်ချက်မှာ မေမြို့သို့ ထွက်သွားသော မဝေ့ငြနောက်သို့ လိုက်သွားရန်ပင် ဖြစ်သည်။

ရန်ကုန်တွင် နေလျှင် ကောင်း အတို့ စိတ်ရော လူပါ ပင်ပန်းလှမည်။

ပြီးတော့ "ထောင်တံခါးကြီး ဖွင့်ပါအုံး" ဟူ၍ သူ၏လှုပ်ရှားမှုလုပ်ရပ်များက အော်ဟစ် ဖွင့်ခိုင်းသလိုသာ ရှိပေတော့မည်။ ကောင်း အနေနှင့် ထောင်ထဲသို့ နောက်တစ်ခေါက် ပြန်ရောက်မည်ကိုတော့ အမှန်ပင် ကြောက်ရွံ့နေသည်။

ဒါပေသည့် ဦးသိုက်ထွန်း သေဆုံးသွားသည့် အမှုနှင့်ပတ်သက်၍ တစ်နေ့မဟုတ် တစ်နေ့ မိမိအပေါ်တွင် ပတ်သက်လာစရာများ ရှိသည်။

မဝေ့ငြနှင့် သူတို့ စာရင်းအပြတ်ရှင်းမှသာလျှင် မိမိအတွက်ရှေ့လျှောက်ရမည့်လမ်းကြောင်းသည် ဖြောင့်ဖြူးနိုင်မည်ဖြစ်သည်။ ထိုအချက်တစ်ချက်ကလေးကို တွေးမိလျှင်ပင် ကောင်း သည် သူ၏ဆုံးဖြတ်ချက်ကို ချလိုက်စရာ ဖြစ်လာခြင်းဖြစ်သည်။

ဘူတာရုံအတွင်းသို့ သူ ဝင်လာသည်။

အစောဆုံး ရမည့်နေ့အတွက် ရထားလက်မှတ် တစ်စောင် သူ့လက်ထဲသို့ အမြန်ဆုံးရနိုင်ရန်အတွက် သူသည် မီးရထားလက်မှတ် ရောင်းသည့် လက်မှတ်ရုံရှေ့သို့ ရောက်လာခဲ့သည်။ ပြီးတော့ ဘူတာရုံ စာရေးထံသို့ စုံစမ်းရပြန်သည်။

"မန္တလေး အမြန်ရထား လက်မှတ် တစ်စောင်လောက် ရနိုင်သေးလားခင်ဗျာ"

"ဘယ်နေ့အတွက်လဲ"

"အနီးဆုံးရက်ရရင် ဖြစ်ပါတယ်"

"နက်ဖြန်မနက် သွားမလား"

"ရနိုင်ရင် သွားမယ်ဗျာ"

ကောင်း သည် သူ၏မှတ်ပုံတင်ကဒ်နှင့် ရထားခအတွက် ငွေများကို ထုတ်ယူပြီး ဘူတာရုံလက်မှတ် ရောင်းသူထံသို့ လှမ်းပေးလိုက်သည်။

လက်မှတ်ရောင်းသူက လက်မှ[illegible] တစ်စောင်ကို နေ့စွဲ ရိုက်လိုက်သည်[illegible] ပြီးတော့ ထိုင်ခုံဇယားတွင် မှတ်ပုံတ[illegible] အမှတ်နှင့် လက်မှတ်နံပါတ်ကို [illegible] သည်။ ပိုသောငွေများကို လက်မှတ်န[illegible] အတူ ပြန်ပေး၏။

"လက်ဖက်ရည်ဘိုး ယူပါဗျာ"

ကောင်း သည် သူ့အား လက်မှ[illegible] ခမှ ပိုငွေများ ပြန်အမ်းသော လက်မှ[illegible] ရောင်းစာရေးအား ပြန်ပေးခဲ့ပြီး ဘူတာ[illegible] မှပြန်ထွက်လာခဲ့သည်။

အိမ်သို့ ပြန်ရောက်သောအခါ မိ[illegible] ခရီးထွက်မည့်အကြောင်း ပြောပြလ[illegible] အသင့်ရှိနေသော ဟသ်ာအား အရ[illegible] နှစ်လုံးဝယ်ခိုင်းလိုက်၏။

အဖေသည် ကောင်း အား [illegible] ကြည့်နေသည်။

အရက်မသောက်ရသည်မှာ ကြာ[illegible] ထင်သည်။ ဆေးပေါ့လိပ် မီးညှိနေသော အဖေ၏လက်များမှာ တဆတ်ဆတ် တုန်ခါနေသည်။

ကောင်းသည် အဖေ့ကို တစ်ချ[illegible] ကြည့်လိုက်သည်။ အဖေသည် တကယ်[illegible] တော့ ကောင်းအပေါ်တွင် ကျေးဇူးရှိသ[illegible] ဖြစ်သည်။ ကောင်း သည် အဖေ့[illegible] ကြည့်လျက် အဖေနှင့်သူ ဆုံခဲ့ရသော အတိတ်မှ ဖြစ်ရပ်ကလေးကို တစိမ့်စိမ့် ပြန်တွေးကြည့်နေမိပြန်သည်။

ကောင်းကလည်း ထောင်မှ လွ[illegible] ခါစ အချိန်။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းကလည်း ဆာသည်။ ကောင်း ၏ လက်ထဲတွင်လည်း ထမင်း ဝယ်စားရန်အတွက် ငွေလေးတဆယ်မျှ သာရှိသည်။ ထမင်းဆိုင်သို့ဝင်ပြီး ထမင်းမှာစားရန် ရည်ရွယ်လိုက်၏။ အဝစား ထမင်းဆိုင်ဖြစ်သဖြင့် ကောင်း အတွက် ဘာမှတွေးတောနေစရာ အကြောင်းမရှိသည့်အတွက် ထမင်း ဆိုင်ရှင်ကို ကြက်သားဟင်းတစ်ပွဲနှင့် ထမင်းမှာလိုက်သည်။

ထမင်း စားသောက်ပြီးသောအခါ ကောင်း သည် မိမိ၏ ဘောင်းဘီအိတ် အတွင်း၌ ထည့်ထားသော ဆယ်တန် လေးကို နှိုက်ယူ၍ ထမင်းဘိုးပေးရန် ရွယ်လိုက်၏။ သည်မှာတင် ကောင်း မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ရပါတော့ သည်။

ကောင်း တစ်ကိုယ်လုံးရှိ အိတ်များ အတွင်းသို့ တစ်ခုပြီးတစ်ခု လိုက်လံ ရှာဖွေသော်လည်း ဆယ်တန်လေးသည် မည်သူ၏ မျက်စပစ် ခေါ်ရာနောက်ဆီ သို့ လိုက်ပါသွားသည်မသိ။ ကောင်း ထံတွင် မရှိတော့ချေ။

ကောင်း ၏ အမူအရာများကို တွေ့ရသောအခါ ထမင်းဆိုင်ရှင် မိန်းမ ကြီး၏ မျက်လုံးအစုံသည် ကောင်း ခန္ဓာကိုယ်တွင်ရှိသော အရေခွံများကို ဆုတ်ခွာတော့မည့်အလား ဒေါသငွေ့များ ဖြင့်ကြည့်နေသည်။

"ဘာလဲ . . .ထမင်း အလကား ဝင်စားပြီး ပိုက်ဆံ ဟိုနေရာမှာ ကျခဲ့ သလိုလို၊ ဘာလိုလို လုပ်မလို့လား။ ဟော့ ကောင်လေး မရဘူးနော် ထမင်းဘိုး မပေးဘဲနဲ့ မင်း ဆိုင်အပြင်ဖက်ကို ခြေ လှမ်း တစ်လှမ်းမှ မလှမ်းပါနဲ့"

ဆိုင်ရှင် မိန်းမကြီး၏ ဒေါသသည် ပေါက်ကွဲ၍ထွက်လာ၏။ ကောင်း သည် တကိုယ်လုံး ထူပူသွားသည်။ ဘာပြော ၍ ဘာလုပ်ရမှန်းလည်း မသိတော့။ ပတ်ဝန်းကျင်၌ ထမင်းစားနေကြသူတွေ လည်း အတော်များများရှိနေသည်။

ကောင်း သူ၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော ဂျာကင်အင်္ကျီ လေးကို ချွတ်လိုက်မိသည်။

"ထမင်းဘိုးအတွက် ဒီအင်္ကျီလေး ယူပါခင်ဗျာ၊ ကျွန်တော် ပိုက်ဆံ ဘယ် ကျခဲ့မှန်း မသိလို့ပါ"

"ထင်သားဘဲ၊ မင်းတို့လို ကောင် လေးတွေ ဒီလိုလုပ်နေတာ ရိုးနေပြီ၊ ပိုက်ဆံဘဲ လိုချင်တယ် မင်းအင်္ကျီကို မလိုချင်ဘူး"

ဆိုင်ရှင်မိန်းမကြီး၏ စကားကြောင့် ထမင်းဆိုင်တွင် အလုပ်လုပ်နေကြသော အလုပ်သမား နှစ်ယောက်သည် ကောင်းအနီးအနားသို့ အလျှိုအလျှို ရောက်လာကြသည်ကို ကောင်း သိလိုက်ရသည်။

"ဟော့ . . .သူငယ်မ, ဒီသူငယ်ရဲ့ ထမင်းဘိုးက ဘယ်လောက်ကျလို့လဲ"

"အားလုံး လေးကျပ်ခွဲ"

မိန်းမကြီးသည် သူ့ကို လှမ်းမေး သော လူကြီးအား ပြန်ဖြေလိုက်သည်။

"ရော့ . . .အမ်းယူ"

လူကြီးသည် သူ၏ ချေးညှော် အထပ်ထပ် ပေကျံနေသော ရှင်အင်္ကျီ အိတ်အတွင်းမှ ဆယ်တန်တစ်ရွက်ကို ဆိုင်ရှင်မိန်းမကြီးရှေ့တွင်ရှိသော ဟင်း အိုးအဖုံးပေါ်သို့ ပစ်တင်ပေးလိုက်သည်။ ကောင်း သည် ထိုအချိန်တွင်မှ သူ့ အတွက် ထမင်းဘိုးရှင်းပေးသော လူကြီးအား ကျေးဇူးတင်သော မျက်လုံး များဖြင့် လှမ်းကြည့်လိုက်မိသည်။ လူကြီးသည် ပကတိတည်ငြိမ်အေးဆေး သော အပြုံးမျိုးဖြင့် ကောင်းအား ခေါင်း ကလေး အသာငဲ့ပြီး ပြုံးပြလာသည်။

"ကျေးဇူးတင်ပါတယ် ဦးကြီးရာ"

ကောင်း သည် တလေးတစားပင် သူ့အတွက် ထမင်းဘိုးရှင်းပေးလာသော လူကြီးအား ပြောလိုက်မိသည်။

"ကိစ္စမရှိပါဘူးကွယ်၊ လူဆိုတာ ပိုက်ဆံမရှိတဲ့အခါ ကြုံမိကြုံရာ ကြုံတတ် ကြတာပါဘဲ"

"ကျွန်တော့်မှာ ပိုက်ဆံမရှိလို့ မဟုတ်ပါဘူး ဦးကြီး . . .ဟို . . .ဟို"


ရှေ့လဆက်ရန်

မောင်ရွှေစုန်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သိုးထိန်း

ဗန်းမော်ဇော်လှိုင်

(ဇာတ်သိမ်းပိုင်း)

ဤစွန့်ပစ်လုနီး လေယာဉ်ကွင်းထဲ ရောက်နေရသည့် အကြောင်းရင်းကို ကျွန်တော် အဖြေရှာလို့ရခဲ့သည့် အချိန်၌ အရာရှိစားသောက်ဆောင်သို့ ကျွန်တော်တို့ ရောက်နေပြီ။ အိမ်ရှင်က တံခါးပေါက်ရှေ့ကားရပ်ပြီး ကျွန်တော်တို့ဆင်းခဲ့ကြသည်။ အဝင်ဝခန်းမအထက်တွင်တော့ မီးသီးတစ်လုံးက လောင်ကျွမ်းနေခဲ့သည်။ ၎င်းက မြူနှင်းတို့ကို လွင့်ပြယ်စေပြီး တံခါးဝအထက်ရှိ ဘွင်းထုထားသော 'တော်ဝင်လေတပ်မတော်' တံဆိပ်ကို လင်းပေးနေစေသည်။ ၎င်းမှာ ပျံသန်းနေသည့် တောင်ပံနှစ်ခုဖြစ်ပြီး သစ်သားမှာ အစင်းအပေါက်များဖြင့် ဖြစ်သည်။ တစ်ဖက်၌ ဆိုင်းဘုတ်တစ်ခုကို နံရံပေါ် မူလီဖြင့်ဆွဲထားသည်။ ၎င်းက 'အာရ်၊ အေ၊ အက်(ဖ်) မင်တန်စခန်း' ဟု ရေးသားထားသည်။ အခြားတစ်ဖက်၌ အရာရှိ စားသောက်ဆောင်ဟု ကြေညာထားသည်။ ကျွန်တော်တို့က အတွင်းသို့လျှောက်လှမ်းဝင်ရောက်ခဲ့သည်။

ရှေ့ခန်းမမှာ ကြီးမားပြီး ကျယ်ပြောလှသည်။ သို့သော် သတ္တုတံခါးဘောင် ဝန်ဆောင်မှုပေးသည့် ထုတ်ပြန်ချက်တို့ ခေတ်စားနေသည့် စစ်ကြိုခေတ် ကာလများက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ဤနေရာက 'အချိန်ကောင်းကို မြင်ခဲ့ရသည်' ဆိုသော တင်ပြချက်ကို အနံ့အသက် ရစေသည်။ ၎င်းမှာ အစစ်အမှန်ဖြစ်သည်။ ကပ်လျက် အခန်းငယ်၌ ကွဲအက်နေသည့် သားရေထိုင်ခုံ နှစ်လုံးတည်းသာ နေရာယူထားသည်။ ၎င်းက အလုံးနှစ်ဆယ် ဆံ့နိုင်သည်။ ညာဘက်ရှိ အဝတ်လဲခန်းတွင်တော့ ဗလာကျင်းနေသည့် တန်းရှည်တစ်ခုရှိသည်။ ၎င်းမှာ ယခုအခါ မရှိတော့ပြီဖြစ်သည့် ကုတ်အင်္ကျီများအတွက် ဖြစ်သည်။ ကျွန်တော့်အိမ်ရှင်က သူ့ကိုယ်သူ ပျံသန်းရေးဗိုလ် 'မတ်(စ်)'ဟု မိတ်ဆက်ပေးခဲ့ပြီး သူ့ကိုယ်ပေါ်ရှိ သိုးရေကုတ်အင်္ကျီကိုဆွဲချွတ်ကာ ကုလားထိုင်တစ်လုံးပေါ် ပစ်တင်ခဲ့သည်။ သူက ယူနီဖောင်းဘောင်းဘီကို ဝတ်ဆင်ထားခဲ့ပြီး အပြာရောင် ခေါင်းစွပ်ထူထူ ခပ်တိုတို အင်္ကျီတစ်ထည်ကို အမွေးထည်အဖြစ် ထပ်ထားသည်။ ဤသို့ စိတ်ပျက်ဖွယ်ကောင်းသည့် နေရာတစ်ခု၌ သင်၏ ခရစ်စမတ်ကို ဘာဝန်ဖြင့်ကုန်ဆုံးရသည်မှာ ကျေကွဲဖမ်းနည်းဖွယ် ဖြစ်ရမည်။

သူက ဒုတိယ အရာရှိသာ ဖြစ်ကြောင်း ပြောပြခဲ့ပြီး ယခု ခရစ်စမတ်ခွင့်ဖြင့် အိမ်ပြန်နေသူ အရာရှိမှာ လေယာဉ်အုပ်စု တစ်ခု၏ ခေါင်းဆောင်ဖြစ်သည်။ သူနှင့် သူ့အထက်အရာရှိ အပြင် စခန်း၌ ကြွားဝါစရာ တပ်ကြပ်တစ်ယောက်၊ သူ့အောက် ရဲဘော်သုံးယောက် ၎င်းတို့အနက် တစ်ယောက်မှာ ခရစ်စမတ်တာဝန်ကျဖြစ်ပြီး တပ်သားစားသောက်ဆောင်မှာ သူ့ကိုယ်ပိုင် ဖြစ်သည်ဟု ကြိုတင်ယူဆနိုင်သည်။ စတို စာရေးနှစ်ဆယ် စလုံးမှာလည်း ခွင့်သွားနေကြသည်။ ခွင့်မသွားသူများက အဝတ်အစားအပိုတန်ပေါင်းများစွာ လေထီးများ၊ ဘွတ်ဖိနပ်နှင့် အခြားအကာအကွယ်ပေးမည့် ပစ္စည်းတို့ကို အမျိုးအစား ခွဲခြားခြင်းဖြင့် အချိန်ကုန်စေခဲ့သည်။ ထိုပစ္စည်းတို့က တိုက်ခိုက်ရေးတာဝန်တစ်ခု/ထမ်းရွက်ရန်ပေးပို့ခံရပေလိမ့်မည်။

ကြီးမားသည့် အုတ်မီးလင်းဖိုကြီး ရှိသော်လည်း ညှိခန်းထဲ၌ မီးမရှိပါ။ အရက်ကောင်တာ၌လည်း ဘာမှမရှိ။ အခန်းနှစ်ခန်းစလုံးမှာ ရေခဲတမျှအေးလျက်ရှိသည်။ ကားထဲ၌ နွေးထွေးလာခဲ့သော်လည်း ကျွန်တော်က စတင်ပြီး ခိုက်ခိုက်တုန်လာခဲ့သည်။ 'မတ်(စ်)'ကတော့ အခန်းတကာကို ခေါင်းထိုးကာ 'ဂျိုး'ဟုခေါ်သည့် တစ်စုံတစ်ယောက်ကို အော်ခေါ်နေခဲ့သည်။ သူ့နောက် တကောက်ကောက် လိုက်ကြည့်ရင်း ကျွန်တော်က လူသူဘောင်း

www.burmeseclassic.com

မှဲ့နေသည့် ကျယ်ပြောသော စားသောက်ခန်းကို လှစ်ခနဲတွေ့ခဲ့ရသည်။ ထို့အတူ မီးမရှိဘဲ အေးမြလှသည့် စကြံနှစ်ခုကိုလည်း တွေ့ရသည်။ တစ်ခုက အရာရှိ သီးသန့်ခန်းများသို့ သွားပြီး အခြားတစ်ခုက ဝန်ထမ်းအဆောင်များသို့ ဖြစ်သည်။ အာရ်၊ အေ၊ အက်(ဖ်) စားသောက်ဆောင်တို့မှာ ဗိသုကာပုံစံအရ များစွာကွဲပြားခြင်းမရှိပါ။ တစ်ခေတ်တစ်ခါက အမြဲတစေ ထိုပုံစံပင်။

"ဝမ်းနည်းပါတယ်။ အိမ်ရှင် သိပ်မပီသဘူး ဒီလူကြီးက" မတ်(စ်)ကဆိုသည်။ 'ဂျိုး'ကို ရှာမတွေ့ပါ။ "ဒီမှာက ကျွန်တော်တို့ နှစ်ယောက်ထဲရှိပြီး တခြားစကားပြောစရာ ငြည်သည်လည်းမရှိတော့။ အခန်းနှစ်ခန်းကို တစ်ယောက်တစ်ခန်းဆီယူပြီး နေနေကြတယ်။ ဒီနေရာ ကျယ်ကျယ်ဝန်းဝန်းက ကျွန်တော်တို့အဖို့ ဘာမှအသုံးမဝင်ဘူးလို့ ထင်မြင်စရာဘဲ။ ဆောင်းရာသီတောင် ရေကိုအပူမပေးနိုင်ဘူး။ ခင်ဗျားသိပါတယ်။ လောင်စာဆီသုံးဖို့ ကျွန်တော်တို့ကို ခွင့်မပြုဘူး။ ပြီးရင် ဝန်ထမ်းလည်းမရနိုင်ဘူး"

၎င်းမှာ ကြောင်းကျိုးဆီလျော်သည်ဟု ထင်မြင်ရသည်။ သူ့ဖက်က ကြည့်လျှင်ဖြစ်သည်။ ကျွန်တော့်အနေဖြင့်လည်း ထိုသို့ပင် ပြုလုပ်ကောင်းပြုလုပ်ခဲ့လိမ့်မည်။

"မပူပန်ပါနဲ့" ပြောဆိုရင်း အောက်ဆီဂျင် အသက်ရှူကိရိယာ တွဲထားသည့် ပျံသန်းရေးဦးထုပ်ကို ချွတ်ကာ ကပ်လျက်ရှိသော အခန်းငယ်တစ်ခုရှိ သားရေထိုင်ခုံပေါ် ပစ်ချလိုက်သည်။ "ကျွန်တော့်အနေနဲ့ ရေချိုးပြီး တစ်ခုခုတော့ စားနိုင်မှာပါ"

"စီစဉ်ပေးနိုင်ပါလိမ့်မယ်" ပျူပျူငှာငှာ အိမ်ရှင်က အတော်ကြိုးစားနေရဟန်ရှိသည်။ "ကျွန်တော် 'ဂျိုး'ကိုရှာပြီး အခန်းပိုတစ်ခုကို ပြင်ဆင်နိုင်းပါ့မယ်။ ကျွန်တော်တို့ဆီမှာ အလုံအလောက်ပါဘဲ။ ရေလည်း အပူပေးထားပါ့မယ်။ စားစရာတစ်ခုခုလည်း ခပ်မြန်မြန်လုပ်ပေးပါလိမ့်မယ်။ များများစားစားတော့ မရှိဘူး။ အားတော့နာပါတယ်။ ဝက်ပေါင်ခြောက်နဲ့ ကြက်ဥပဲ ဖြစ်မလား"

ကျွန်တော်က ခေါင်းညိတ်ပြခဲ့သည်။ ဤအချိန်၌ လူအို'ဂျိုး'မှာ စားသောက်ဆောင်ဝန်ထမ်း တစ်ယောက်ဟုသာ ကြိုတင်ယူဆထားခဲ့သည်။

"ဒီအစီအစဉ်က ကောင်းပါတယ်။ ကျွန်တော် စောင့်စားနေရတုန်း ခင်ဗျားရဲ့ဖုန်းကို သုံးနိုင်မလား မသိဘူး"

"ရပါတယ်။ ခင်ဗျား တစ်ဆင့်ခေါ်ရလိမ့်မယ်"

စားသောက်ဆောင် အတွင်းရေးမှူး ရုံးခန်းသို့ 'မတ်(စ်)'က ကျွန်တော့်ကို လမ်းပြခေါ်ဆောင်သွားခဲ့သည်။ ဘားအဝင် ဘေးတံခါးတစ်ခုမှ ဖြစ်သည်။ ၎င်းက သေးငယ်ပြီး အေးလှသည်။ သို့သော် ကုလားထိုင်တစ်လုံး စားပွဲလွတ်တစ်လုံးနှင့် တယ်လီဖုန်းတစ်လုံးတော့ ရှိသည်။ ကျွန်တော်က ဒေသဆိုင်ရာ အော်ပရေတာကို ခေါ်ရန် နံပါတ် ၁၀၀ ကိုလှည့်ခဲ့သည်။ ကျွန်တော်စောင့်စားနေစဉ် 'မတ်(စ်)'က ဝီစကီတစ်ပုလင်းဖြင့် ပြန်ရောက်လာခဲ့သည်။ ယေဘုယျအားဖြင့် ကျွန်တော် အရက်ကို ထိခဲလှသည်။ သို့သော်လည်း ၎င်းက ကျွန်တော့်ကို ပူနွေးစေခဲ့သည်။ ကျွန်တော်က ကျေး... ဇူးတင်ကြောင်းပြောပြီး သူက စား... ထိုးကိုညွှန်ကြားရန် ထွက်သွားခဲ့သည်။ ကျွန်တော့်လက်ပတ်နာရီက ညဉ့်သ... ခေါင်နီးပြီဖြစ်ကြောင်း စကားဆိုနေ... သည်။ ခရစ်စမတ်ကို ငရဲတစ်နေရာ... မှာ ကုန်ဆုံးစေရတော့မည်။ ထို့နောက် ကျွန်တော် ပြန်လည်သတိရခဲ့သည်။ နာရီဝက်စောစောကပင် ကျွန်တော်... အနေဖြင့် အသေးအဖွဲ့ အကူအညီ... လေးတစ်ခုရဖို့အတွက် ဘုရားသခင်... ထံ ငိုကြွေးပြခဲ့ပြီး ယခု ကျွန်တော်... အရှက်ရခဲ့ပြီ။

" 'မင်တန်'စခန်း လေးတွဲ... အသံတစ်ခု ကြားရသည်။ ဤအသံ... ကြားရဖို့ နှစ်ပေါင်းများစွာ ကြာမြင့်... သည်ဟု ထင်ရသည်။ ကျွန်တော့်ဆီ... မှာ 'မာရီယမ်စိန့်ဂျော့'ဖုန်းနံပါတ် မရှိ... သည့်အတွက် ဖြစ်သည်။ သို့သော်... လည်း မိန်းကလေးက အမှန်ပင်ရှာ... သည်။ ဖုန်းခန်းထဲ၌ တယ်လီဖုန်း... အော်ပရေတာ၏မိသားစု အနောက်... ခန်းတစ်ခု၌ ပွဲတော်ဆင်နွှဲနေသည်ကို... ကြားနိုင်သည်။ သံသယဖြစ်ဖွယ် မရှိ... ပါ။ လူနေအိမ်မှာ ကျေးလက်စာတိုက်... ရုံးနှင့် တွဲထားသည်။ မိနစ်အနည်း... ငယ် ကြာပြီးနောက် ဖုန်းက မြည်လာ... ခဲ့သည်။

"အာရ်၊ အေ၊ အက်(ဖ်) မာ... ယမ်၏ စိန့်ဂျော့"ယောကျ်ားတစ်... ယောက်ယောက်အသံကို ကြားခဲ့... သည်။ တာဝန်ကျဆာဂျင်က အ... ခန်းမှပြောနေသည်ဟု ကျွန်တော်ထင်... သည်။

"တာဝန်ကျ...လကြောင်းထိ...

www.burmeseclassic.com

www.burmeseclassic.com

လေကြောင်းပျံသန်းရေးမှော်စင်ကို ကျေးဇူးပြု၍ပေးပါ" ထို့နောက် ခေတ္တရပ်ဆိုင်းသွားခဲ့သည်။

"ဝမ်းနည်းပါတယ် ဆာ" အသံရှင်က ဆက်၍ "ဘယ်သူခေါ်တယ်ဆိုတာ သိပါရစေ"

ကျွန်တော်က အမည်နှင့်ရာထူးကို သူ့အားပေးခဲ့သည်။ သူ့ကို 'အာရ်အေ၊ အက်(ဖ်)မင်တန်'မှ ပြောနေကြောင်းလည်း အသိပေးခဲ့သည်။

"နားလည်ပါပြီ။ စိတ်မကောင်းပါဘူး။ ဒီညမှာ ပျံသန်းရေးတာဝန်ကျ တစ်ယောက်မှ မရှိပါဘူး။ မျှော်စင်မှာလည်း ဘယ်သူမှ မရှိပါဘူး။ အရာရှိ အနည်းအကျဉ်းတော့ အပေါ်စားသောက်ဆောင်မှာ ရှိပါတယ်"

"ဒီလိုဆိုရင် စခန်းတာဝန်ကျ အရာရှိကို ပေးပါ။ ကျေးဇူးပြု၍"

ကျွန်တော် သူ့ကို ဆက်သွယ်ရရှိသည့်အခါ သူက အရာရှိစားသောက်ဆောင်၌ ရှိနေသည်။ သူ့နောက်မှ နှစ်လိုဖွယ် စကားသံကို ကြားနေရသည်။ ကျွန်တော်က အရေးပေါ်အခြေအနေအကြောင်းကို ရှင်းပြခဲ့ပြီး ၎င်းအချက်ကြောင့် 'ဗင်ပိုင်ယာ'တိုက်လေယာဉ်တစ်စီးအနေနှင့် ရေဒီယိုစက် မပါဘဲ ဂျီ၊ စီ၊ အေစနစ်ဖြင့် ဝင်ရောက်လာမည့်အကြောင်း စခန်းအနေဖြင့် နှိုးဆော်ခံခဲ့ရခြင်း ရှိ/မရှိ ဖြစ်သည်။ သူက ဂရုတစိုက် နားထောင်နေခဲ့သည်။ သူက ငယ်ရွယ်ပြီး အသိတရားရှိသူလည်း ဖြစ်နိုင်သည်။ စခန်းတာဝန်ကျ အရာရှိတစ်ယောက်အနေဖြင့် အချိန်မရွေး ဖြစ်သင့်သည့်အတိုင်း လုံးဝ မူးယစ်မှုကင်းခြင်းလည်း ဖြစ်နိုင်သည်။ ခရစ်စမတ်ကာလမှာပင် ဖြစ်သည်။

"ကျွန်တော် အဲဒီအကြောင်း မသိခဲ့ဘူး" သူက အသေးစိတ် ပြောကြားခဲ့သည်။ "ညနေခင်း ၅ နာရီ စခန်းပိတ်သိမ်းပြီးကတည်းက ကျွန်တော်တို့အလုပ်လုပ်ခဲ့သေးတယ်လို့ မထင်ဘူး။ ဒါပေမယ့် ကျွန်တော်က လေကြောင်းပျံသန်းရေးက မဟုတ်ပါဘူး။ ခဏလောက်စောင့်နိုင်မလား။ ကျွန်တော် ပျံသန်းရေးအထက် အရာရှိကို ခေါ်ကြည့်မယ်။ သူ ဒီမှာပါပဲ"

ခေတ္တပြတ်သွားခဲ့ပြီးနောက် ပို၍အသက်ကြီးသူ တစ်ယောက်အသံက လိုင်းပေါ်ရောက်လာခဲ့သည်။

"ခင်ဗျား ဘယ်ကပြောနေတာလဲ" ကျွန်တော့်အမည်၊ ရာထူးနှင့် ကျွန်တော့်အခြေစိုက် စခန်းကို မှတ်သားပြီးနောက် သူကဆိုခဲ့သည်။

"အာရ်၊ အေ၊ အက်(ဖ်) မင်တန်ကပါ။ ဒီ... စာစောပိုင်းလေးကတင် အရေးပေါ်ဆင်းခဲ့ပါတယ်။ ဒီစခန်းက ပိတ်ပစ်ဖို့နီးနေပြီဆိုတာ အထင်အရှားပါပဲ"

"ဟုတ်ကဲ့ သိပါပြီ"သူက မသဲမကွဲ အသံပြုခဲ့သည်။ "အရမ်းကံဆိုးတာပဲ။ ခင်ဗျားအတွက် 'တင်လီ' (Tilly)တစ်စီး လွှတ်ပေးစေချင်လို့လား"

"အဲဒီလို မဟုတ်ပါဘူး ဆာ။ ဒီမှာရှိနေရတာ ပြဿနာမရှိပါဘူး။ ကျွန်တော်က ကွင်းမှားပြီး ဆင်းခဲ့ရုံမျှပါ။ ကျွန်တော် ယုံကြည်တာက 'မြေပြင်ထိန်းချုပ်ခံ ချဉ်းကပ်မှု'စနစ်ဘစ်ခုနဲ့ ခင်ဗျားတို့ဆီ ရှေ့ရှုပျံသန်းနေတယ်လို့ ယူဆလို့ပါ"

"ကောင်းပြီ။ ခင်ဗျား ဆုံးဖြတ်ပါ။ လွှတ်ပေးဖို့ လို/မလို။ သိသင့်တာက ခင်ဗျားပြောစကားအရ ဒီအသုံးမကျတဲ့ အရာကို ပျံသန်းနေရတယ်ဆိုတာပါပဲ"

ကျွန်တော်က အသက်ပြင်းပြင်း ရှူသွင်းလိုက်ပြီး အစကပြန်စခဲ့ရသည်။

"ဒီလိုဆိုရင် ခင်ဗျားသိပါတယ်။ ကျွန်တော့်ကို 'ဂလောက်ဆက်စတာ'က လေယာဉ်တစ်စီးက ကြားဖြတ်ပြီး ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုမျိုးထဲ

ကျွန်တော်က ဖုန်းချလိုက်ပြီး နားမလည်နိုင်မှုဖြင့် ဦးခေါင်းကို ခါယမ်းမိသည်။ ဘာညဉ့်လဲ။ ဘာအဆန်းတကြယ် ညဉ့်တစ်ခုလဲ။ ပထမဆုံး ကျွန်တော့်ရေဒီယိုနှင့် ကိရိယာအားလုံး ဆုံးရှုံးခဲ့ရသည်။ ထို့နောက် ကျွန်တော်လမ်းပျောက်ခဲ့ပြီး လောင်စာဆီ မလုံလောက်သည့်အဖြစ် ကြုံရသည်။ တစ်ဖန် ကိုယ်ပိုင် 'မော(စ်)စကွီတို'လေယာဉ်ကို မောင်းနှင်သူတစ်ဦးက ကျွန်တော့်ကိုတွဲယူသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မှာ ဂျီ၊ စီ၊ အေစနစ်ရှိကို ရှိရပါလိမ့်မယ်။ တခြားနည်းလမ်းနဲ့ ဆင်းသက်ဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော် 'မင်တန်' က မီးတွေမြင်တော့ 'မာရီယမ်စိန့်ဂျော့' ယူဆပြီး ဆင်းခဲ့ပါတယ်''

''အံ့မခန်းပါဘဲ''သူက ဖြည်းဖြည်းလေးလေး မှတ်ချက်ပြုခဲ့သည်။ ''ဂလောက်ဆက်စတာ''ပိုင်းလော့ရဲ့ အ ဆန်းတကြယ် ပျံသန်းမှုပါပဲ။ ဘာကြောင့်လဲဆိုရင် ဒီငနဲတွေက ဘယ်ရာသီမျိုးမှာမဆို အပေါ်မှာရှိနေတယ်။ ဒါ သူတို့အလုပ်ပါပဲ။ အဲဒီအတွက် ဘာများလုပ်ပေးစေချင်သလဲ''

ကျွန်တော်က အတော်ပင် စိတ်ကသိကအောက် ဖြစ်နေပြီ။ သူက ပျံသန်းရေး လေယာဉ်အုပ်စုတစ်စု၏ အထက်အရာရှိ ဖြစ်နိုင်သည်။ သို့သော် ဤခရစ်စမတ်အကြိုညဌ် သူက အရည်ပြည့်နေပြီ။

''ကျွန်တော် ခင်ဗျားရဲ့ ရေဒါနဲ့ လေကြောင်းထိန်းသိမ်းရေးအဖွဲ့ကို အဆင်သင့်အနေအထားကနေ ရုပ်သိမ်းဖို့ တပ်လှန့်နိုင်အောင် ဖုန်းဆက်ပြောနေတာပါ။ သူတို့တစ်တွေ ဝင်ရောက်လာမယ့် 'ဗင်ပိုင်ယာ'ကို စောင့်နေကြလိမ့်မယ်။ ဘယ်တော့မှ အဲဒီ လေယာဉ်ရောက်လာတော့မှာ မဟုတ်ဘူး။ ဒီလေယာဉ်က ရောက်နေပါပြီ။ 'မင်တန်'မှာပါ''

''ဒါပေမယ့် ကျွန်တော်တို့က အလုပ်သိမ်းခဲ့ပြီ'' သူက ဆက်၍ ''ညနေ ၅ နာရီကတည်းက လေကြောင်းထိန်းသိမ်းရေး စနစ်အားလုံး ရုပ်ဆိုင်းခဲ့ပြီ။ ကျွန်တော်တို့ ပြန်ဖွင့်လှစ်ဖို့လည်း ဘယ်သူမှ မခေါ်ခဲ့ပါဘူး''

''ဒါပေမယ့် 'မာရီယမ်စိန့်ဂျော့' မှာ ဂျီ၊ စီ၊ အေစနစ်ရှိပါတယ်''ကျွန်တော်က အထွန့်တက်ခဲ့သည်။

''ရှိတာ ကျွန်တော် သိပါတယ်'' သူက ပြန်လည်အော်ဟစ်ခဲ့သည်။ ''ဒါပေမယ့် ဒီညမသုံးခဲ့ပါဘူး။ ညနေ ၅ နာရီထဲက ပိတ်ထားခဲ့ပြီ''

ကျွန်တော်က ထပ်မံ၍ နောက်ဆုံးမေးခွန်းကို ဖြည်းဖြည်းနှင့် ဂရုတစိုက်မေးခဲ့သည်။

''ခင်ဗျား သိပါသလား ဆရာ။ ၁၂၁. ၅ မီဂါ လေလှိုင်းကို တစ်ညတာလုံး ဖွင့်လှစ်လုပ်ကိုင်နေတဲ့ အနီးဆုံး အာရ်၊ အေ၊ အက်(ဖ်)စခန်း ဘယ်မှာရှိပါသလဲ။ ၂၄ နာရီ အရေးပေါ် နားထောင်နေတဲ့ အနီးဆုံးစခန်းပါ'' နိုင်ငံတကာလေကြောင်း အရေးပေါ်လေလှိုင်းမှာ ၁၂၁. ၅ မီဂါလှိုင်း။

''သိပါတယ်''သူကလည်း ကျွန်တော့်လို ဖြည်းဖြည်းနှင့်ပင် ''အနောက်ဘက်မှာ အာရ်၊ အေ၊ အက်(ဖ်)မာဟမ်၊ တောင်ဘက်မှာ အာရ်၊ အေ၊ အက်(ဖ်) လာကင်ဟာစ်၊ မင်္ဂလာညချမ်းပါ။ ပျော်ရွှင်ဖွယ် ခရစ်စမတ်ပါ''

ကျွန်တော်က ဖုန်းချပြီး ထိုင်ချလိုက်သည်။ ပြီး အသက်ပြင်းပြင်း ရှူခဲ့သည်။ 'မာဟမ်'မှာ 'နော်ဖော့(က်)' အခြားတစ်ဖက် မိုင်လေးဆယ်အကွာ၌ဖြစ်သည်။ 'လာကင်ဟာစ်'မှာ တောင်ဖက်မိုင်လေးဆယ် 'ဆဖ်ဖော့(က်)'၌ ဖြစ်သည်။ ကျွန်တော့်မှာရှိသည့် လောင်စာဆီဖြင့်ဆိုလျှင် 'မာရီယမ်စိန့်ဂျော့'ကို မရောက်နိုင်ရုံသာမဟုတ်ပါ။ ၎င်းက ဖွင့်လှစ်လုပ်ကိုင်နေခြင်းလည်း မရှိပါ။ ထို့အတူ 'မာဟမ်'သို့မဟုတ် 'လာကင်ဟာစ်'ကိုလည်း မည်သို့ရောက်နိုင်ပါ့မလဲ။ ကျွန်တော်က လောင်စာဆီ ငါးမိနစ်စာသာ ရှိတော့ကြောင်း 'မော(စ်)စကွီတို' ပိုင်းလော့ကို ပြောခဲ့သည်။ သူနားလည်ကြောင်း အသိအမှတ်ပြုခဲ့သည်။ မည်သို့ဆိုစေ ကျွန်တော်တို့ မြူနှင်းတို့ထဲ ဦးစိုက်ဆင်းပြီးနောက် မိုင်လေးဆယ်ခရီးကို အမြဲတစေ သူက နိမ့်နိမ့်ပျံသန်းနေခဲ့သည်။ ထိုသူမှာ ရှုးသွပ်နေရမည်။

ကျွန်တော့်အဖို့ အလင်းပြုုစ ပြုသည်မှာ 'ဂလောက်ဆက်စတာ'မှ မိုးလေဝသပိုင်းလော့ကို ကျွန်တော့်အသက်အတွက် ကျေးဇူးကြွေး အမှန်တကယ်မရှိပါ။ သို့သော် ဘီယာယစ်မူးနေသော ပျံသန်းရေးဗိုလ် 'မတ်(စ်)' စကားကို ဗလုံးဗထွေး ပြောကြားနေသည့် တစ်ခေတ်က ပျံသန်းရေးအရာရှိဟောင်း 'မတ်(စ်)'သို့ဖြစ်သည်။ သူ့အနေဖြင့် လေယာဉ်အဆုံးတစ်ဖက်မှ အခြားတစ်ဖက်သို့ ကြားလောက်အောင် မပြောကြားနိုင်သော်လည်း စွန့်ပစ်ထားသည့် ပြေးလမ်းတစ်ခုမှ မီးတို့ထွန်းညှိရန် မြူနှင်းတို့ထဲ ကိုက်လေးရာကိုပြေးသွားခဲ့သည်။ အကြောင်းမှာ မြေပြင်နှင့် နီးနီးကပ်ကပ် ဂျက်အင်ဂျင်တစ်လုံးက ခေါင်းပေါ်ပျံဝဲနေသံကို သူကြားခဲ့သည်။ ယခုအချိန်လောက်၌ 'ဂလောက်ဆက်စတာ'သို့ 'မော(စ်)စကွီတို' ရောက်ရှိလောက်ပြီ။ အရာရာတိုင်း မဟုတ်သော်လည်း ကျွန်တော် အသက်ရှင်နေကြောင်းကိုမူ သူသိသင့်သည်။

''ဂလောက်ဆက်စတာလား'' အော်ပရေတာက ပြောခဲ့သည်။ ''ဒီလိုညဥ့်အချိန်ကြီးမှာ''

''ဟုတ်ကဲ့''ကျွန်တော်က အခိုင်အမာ ပြန်ပြောခဲ့သည်။ ''ဂလောက်



www.burmeseclassic.com

www.burmeseclassic.com

ဆက်စတာ'ပါ။ ဒီလို ညဥ့်အချိန်ကြီး မှာပါ''

ရာသီဥတု တိုင်းတာရေး လေယာဥ်အုပ်စုတို့အတွက် အကြောင်းတစ်ခုမှာ သူတို့က တာဝန်၌ အမြဲရှိနေရသည်။ တာဝန်ကျ မိုးလေဝသ အရာရှိက ဖုန်းကိုင်ခဲ့သည်။ ကျွန်တော်က တည်နေရာကို ရှင်းပြခဲ့သည်။

''ဝမ်းနည်းပါတယ်။ တစ်ခုခုမှားယွင်းနေပြီ ထင်ပါတယ် ပျံသန်းရေးအရာရှိ'' သူကဆက်၍ ''ကျွန်တော့်ဆီက တစ်ယောက်ယောက် မဖြစ်နိုင်ပါဘူး''

''ဒါ အာရ်၊ အေ၊ အက်(ဖ်) ဂလောက်ဆက်စတာ ဟုတ်သလား''

''ဟုတ်ပါတယ်။ တာဝန်ကျ အရာရှိ ပြောနေတာပါ''

''ကောင်းပါပြီ။ ခင်ဗျားရဲ့အဖွဲ့က 'မော(စ်)စကွီတို'လေယာဥ်တွေသုံးပြီး အမြင့်က ဖိအားနဲ့ အပူချိန်တွေ ယူတယ်။ ဟုတ်ပါသလား''

''မမှန်ပါဘူး''သူကဆိုခဲ့သည်။ ''ကျွန်တော်တို့ 'မော(စ်)စကွီတို' လေယာဥ်တွေ သုံးလေ့ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ သုံးလအလွန်ကဘဲ ဒီလေယာဥ်တွေကို မသုံးတော့ပါဘူး။ အခု 'ကင်ဘာရာ'တွေပဲ သုံးပါတယ်''

ကျွန်တော်က တယ်လီဖုန်းကိုင်လျက် ထိုင်ချခဲ့သည်။ မယုံကြည်မှုဖြင့် ငေးမောနေခဲ့သည်။ ထို့နောက် အကြံတစ်ခု ရလာခဲ့သည်။

''ဒီလိုဆိုရင် အဲဒီလေယာဥ်တွေ ဘာဖြစ်သွားသလဲ''ကျွန်တော် ပြန်မေးခဲ့သည်။ ထိုသူမှာ ဤလိုနာရီမျိုး၌ အဆင်အခြင်ကင်းခဲ့သည့် မေးခွန်းတို့ကို သည်းခံနေနိုင်ခြင်းမှာ မဟာယဥ်ကျေးမှုနှင့် သည်းခံတရား လက်ကိုင်ထားသည့် လူအိုတစ်ဦး ဖြစ်ရမည်။

''ဒီလေယာဥ်တွေက ဖျက်လိုက်ပြီလို့ ထင်တယ်။ ဒါမှမဟုတ်ရင်လည်း ပြတိုက်တွေဆီ ပို့လိုက်ပြီ။ အဲဒါကပို ဖြစ်နိုင်တယ်။ ခုချိန်မှာ ဒါတွေက ရှား ပါးပစ္စည်း ဖြစ်နေပြီ။ ခင်ဗျားသိပါတယ်''

''ကျွန်တော် သိပါတယ်'' ကျွန်တော်ကဆက်၍ ''တစ်စီးတလေများ ပုဂ္ဂလိကကို ရောင်းချနိုင်သလား''

''ဖြစ်နိုင်ခြေ ရှိတယ်လို့တော့ ထင်ပါတယ်''သူက ရှည်ရှည်ဝေးဝေး ပြောနေခဲ့သည်။ ''ဒါက လေကြောင်းဝန်ကြီးဌာနရဲ့ မူဝါဒအပေါ် မူတည်ပါတယ်။ ဒါပေမယ့် ကျွန်တော်ထင်တာတော့ လေယာဥ်ပြတိုက်တွေ ရောက်ကုန်ပါပြီ''

''ကျေးဇူးတင်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ ပျော်ရွှင်ဖွယ် ခရစ်စမတ်ပါ''

BURMESE CLASSIC

ကျွန်တော်က ဖုန်းချလိုက်ပြီး နားမလည်နိုင်မှုဖြင့် ဦးခေါင်းကိုခါယမ်းမိသည်။ ဘာညဥ့်လဲ။ ဘာအဆန်းတကြယ် ညဥ့်တစ်ခုလဲ။ ပထမဆုံး ကျွန်တော့်ရေဒီယိုနှင့် ကိရိယာအားလုံး ဆုံးရှုံးခဲ့ရသည်။ ထို့နောက် ကျွန်တော်လမ်းပျောက်ခဲ့ပြီး လောင်စာဆီ မလုံလောက်သည့်အဖြစ် ကြုံရသည်။ တစ်ဖန် ကိုယ်ပိုင် 'မော(စ်)စကွီတို' လေယာဥ်ကို မောင်းနှင်သူတစ်ဦးက ကျွန်တော့်ကို တွဲယူသွားခဲ့သည်။ ထိုသူမှာ ပျံသန်းခြင်းကို ချစ်မြတ်နိုးသည့် အပျော်တမ်း 'ပိုင်းလော့'တစ်ယောက်သာ ဖြစ်သည်။ လသာည အရှုးတစ်ယောက်လည်း ဖြစ်သည်။ ထိုသူက သေမင်းနှင့် လက်ပွန်းတနည်းငယ်အကွာတွင် ကျွန်တော့်ကို ကြုံကြုံဖန်ဖန် တွေ့မြင်ခဲ့ပြီး အဆုံး၌ ကျွန်တော့်ကိုကယ်တင်ရန် ပြေးလမ်းမီးများကို အမှုးတစ်ပိုင်းဖြစ်နေသည့် မြေပြင်အရာရှိက အာရုံရ၍ အချိန်မီ ထွန်းညှိပေးခဲ့သည်။ ကံကောင်းခြင်းတရားက ကြီးကြီးမားမား ဝင်ရောက်မလာနိုင်ပါ။ သို့သော် သေချာသည့်အချက် တစ်ခုတော့ရှိသည်။ အပျော်တမ်း ထိပ်တန်းလေယာဥ်မောင်းတစ်ဦးက သူဘာလုပ်နေသည်ကို အတွေးရေးရေးပင် မရှိပါ။ တစ်နည်းတစ်လမ်းအားဖြင့် သူသာမရှိခဲ့လျှင် ကျွန်တော် ဘယ်ရောက်နေမည်နည်း။ ကျွန်တော့်ကိုယ်ကို မေးခဲ့သည်။ ယခုအချိန် ကျွန်တော့်အလောင်းမှာ မြောက်ပင်လယ်ထဲ မြှုပ်ချည်ပေါ်ချည် ဖြစ်နေလောက်ပြီ။

ကျွန်တော်က နောက်ဆုံးဝီစကီလက်ကျန်ကို သူ့အတွက်နှင့် ပျံသန်းမှုကို ချစ်ခင်စွဲလမ်း၍ ခေတ်နောက်ကျနေသည့် ကိုယ်ပိုင်လေယာဥ်တစ်စီးနှင့် ပျံသန်းနေမှုအတွက် ဂုဏ်ပြုသည့်အနေဖြင့် ပင့်မြှောက်ခဲ့ပြီးနောက် ကုန်အောင် တစ်ကျိုက်တည်း မော့ချခဲ့သည်။ ပျံသန်းရေးဗိုလ် 'မတ်(စ်)က တံခါးပေါက်မှ ခေါင်းပြူခဲ့သည်။

''ခင်ဗျားအခန်း အဆင်သင့်ဖြစ်ပါပြီ''သူကဆက်၍ ''အမှတ်ဆယ့်ခုနစ်ပါ စင်္ကြံအောက်လောက်မှာပါ။ 'ဂျိုး'က ခင်ဗျားအတွက် မီးမွှေးနေတယ်။ ချိုးဖို့ရေက ပူနေပြီ။ ခင်ဗျား စိတ်အနှောင့်အယှက် မဖြစ်ဘူးဆိုရင်တော့ ကျွန်တော်ပြန်လာခဲ့မယ်။ ခင်ဗျား ဘာသာ အားလုံးအဆင်ပြေပါ့မလား''

ကျွန်တော်က ယခင်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ထက် ပိုမိုရင်းနှီးစွာဖြင့် နှု[illegible]
ခဲ့သည်။

"အဆင်ပြေပါလိမ့်မယ်။ သေချာပါတယ်။ ခင်ဗျားအကူအညီ အားလုံးအတွက်လည်း ကျေးဇူးအများကြီး တင်ပါတယ်"

ကျွန်တော်က ဦးထုပ်ကိုကောက်ယူပြီး စကြံကိုပတ်၍ ဆင်းခဲ့သည်။ ကာလကြာမြင့်စွာကတည်းက အခြားနေရာတို့၌ စာတမ်းချိတ်ဆွဲထားသလို ဘေးဘယ်ညာတစ်ဖက်စီ၌ လူပျို အရာရှိ အခန်းတို့ကို နံပါတ်များနှင့် အတူ တွေ့ရသည်။ အခန်းနံပါတ် ၁၇ မှ လူသွားလမ်းပေါ်သို့ မီးတန်းတစ်ခုက ထိုးနေသည်။ အခန်းထဲ ဝင်ရောက်လာသည့်အခါ မီးဖိုရှေ့ရှိ အဘိုးအိုတစ်ဦးက သူ့ဒူးများကို အားပြု၍ ထရပ်ခဲ့သည်။ သူက ကျွန်တော့်ကို နိဒါန်းတစ်ခု ပျိုးခဲ့သည်။ စားသောက်ဆောင် စတီးဝပ်တို့မှာ ယေဘုယျအားဖြင့် အာရ်၊ အေ၊ အက်(ဖ်)စာရင်းဝင်များ ဖြစ်သည်။ ဤတစ်ဦးမှာ အသက်ခုနစ်ဆယ်နီးပါးဖြစ်ပြီး ထင်ရှားသည်မှာ အရပ်သားဝန်ထမ်းတစ်ဦးဖြစ်သည်။

"မင်္ဂလာညနေခင်းပါ ဆာ" ဆက်၍ "ကျွန်တော်က 'ဂျီး'ပါ။ စားသောက်ဆောင် စတီးဝပ်ပါ"

[illegible]
(စ်)က ခင်ဗျားအကြောင်း ပြောပါတယ်။ ဒီလိုည အချိန်မတော်မှာ ဒုက္ခပေးရတာ စိတ်မကောင်းပါဘူး။ ကျွန်တော်က လမ်းကြုံဝင်လာတာလို့ ခင်ဗျားအနေနဲ့ ပြောလို့ရပါတယ်"

အအေးဓာတ်က အခန်းထဲ၌ မပျောက်သေးဘဲ ကျွန်တော်က ပျံသန်းရေး နိုင်လွန်ဝတ်စုံဖြင့် ခိုက်ခိုက်တုန်လာခဲ့သည်။ ကျွန်တော့်အနေဖြင့် မတ်(စ်)ဆီမှ ဆွယ်တာတစ်ထည်လောက် ငှားရမ်းခဲ့သင့်သည်။ သို့သော် မေ့သွားခဲ့သည်။

ကျွန်တော်က ညနေစာကို အခန်းထဲ တစ်ယောက်တည်းစားဖို့ ဖြစ်ခဲ့သည်။ 'ဂျီး'က ညနေစာကို သွားယူစဉ် ကျွန်တော်က အလျင်အမြန် ရေချိုးခဲ့သည်။ ထိုအချိန်၌ ရေက အသင့်အတင့် ပူနေပြီ။ ကိုယ်သုတ်ပြီး 'ဂျီး'ယူဆောင်လာခဲ့သည့် အဝတ်ဟောင်း နွေးနွေးထွေးထွေးကို ဝတ်ဆင်ပြီးသည့်အခါ သူက စားပွဲငယ်တစ်လုံးကို ပြင်ဆင်ခဲ့သည်။ ၎င်းက အပေါ်ပန်းကန်ပြားတစ်ချပ်ဖြင့် ကျက်အောင်ကြော်ထားသည့် ဝက်ပေါင်ခြောက်နှင့် ကြက်ဥကို တည်ခင်းခဲ့သည်။ ကျွန်တော်က အငမ်းမရ ဆာ

ဓာတ်ပုံက ကြာမြင့်လှပြီဖြစ်ပြီး အစွန်းအထင်းများနှင့် ဖြစ်၏။ သို့သော် မှန်နောက်ကွယ်တွင်မူ ယခုတိုင် ကြည်ကြည်လင်လင် ရှိနေသေးသည်။ ၎င်းက ကျွန်တော့်အသက်အရွယ် လူငယ်တစ်ဦးကို ပြသလျက်ရှိသည်။ နှစ်ဆယ်အရွယ် စွန်းခါစသာ။ သူက ပျံသန်းရေးအတွက် လိုအပ်သည့် ကိရိယာတို့ကို ဝတ်ဆင်ထားသည်။

[illegible]ကောင်းနေရာ စားသောက်သည်[illegible]
မိနစ်အနည်းငယ်သာ ကြာမြင့်ခဲ့သည်[illegible]
၎င်းအချိန်အတွင်း စတီးဝပ် အဘိုး[illegible]
က စကားပြောဖို့ အတူရှိနေခဲ့သည်[illegible]

"ခင်ဗျား ဒီမှာရှိနေတာ ကြာ[illegible]
လား ဂျီး" ကျွန်တော်က မေးမြန်း[illegible]
သည်။ အစစ်အမှန် ဆန်းကြယ်[illegible]
ထက် ပိုမို၍ လေးစားမှုပေးသည်[illegible]
အနေဖြင့် ဖြစ်သည်။

"အို ...ဟုတ်ကဲ့ဆာ။ စ[illegible]
မဖြစ်ခင်ကတည်းကပါ။ အနှစ်နှ[illegible]
ဆယ်နီးပါးလောက် ရှိပါပြီ။ ဒီစခန်း[illegible]
စဖွင့်ချိန်ကပါ"

"အပြောင်းအလဲတချို့ တွေ့ခဲ့[illegible]
မှာပေါ့။ အရင်က ဒီလိုတော့ မဟုတ်[illegible]
ဘူးထင်တယ်"

"အရင်က ဒီလိုမဟုတ်ပါဘူ[illegible]
ဆာ။ ဒီလိုမဟုတ်ပါဘူး" အခန်းတို့မှ[illegible]
စိတ်အားထက်သန်သည့် လူငယ်ပိုင်[illegible]
လော့တို့ဖြင့် တင်းကြမ်းဖြစ်နေခဲ့သည်[illegible]
နေ့ရက်များအကြောင်းကို သူက ပြော[illegible]
ပြခဲ့သည်။ ညနေစာ စားသောက်ခန်း[illegible]
မှာ ပန်းကန်၊ ဇွန်း၊ ခက်ရင်း အသံတို့[illegible]
ဖြင့် ညံနေပြီး ဘားတို့မှာ ပျော်ရွှင်ဖွယ်[illegible]
ဘရုတ်သုက္ခ သီချင်းတို့ဖြင့် ဆူညံနေ[illegible]
သည်။ လေယာဉ်ကွင်း အထက်[illegible]
ကောင်းကင်ယံတွင် ပစ်စတင်အင်ဂျင်[illegible]
တို့၏ ပေါက်ကွဲမြည်ဟိန်းသံတို့က[illegible]
လေယာဉ်တို့ကို စစ်ပွဲဆီနှင့် ၎င်းအရပ်[illegible]
မှ ပြန်လည်ယူဆောင်လာခဲ့သည်။

သူပြောဆိုနေစဉ် ဘားစတို[illegible]
သူယူဆောင်လာခဲ့သည့် လက်ကျန်[illegible]
ဝိုင်အနီကို ကျွန်တော်က ဖွင့်ခဲ့သည်[illegible]
'ဂျီး'မှာ ပထမတန်း စတီးဝပ်တစ်[illegible]
ယောက်ပင်။ သူပြောဆိုပြီးနောက်
ကျွန်တော်က စားပွဲမှထခဲ့သည်။ ကျ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တော့် ပျံသန်းရေးဝတ်စုံအိတ်ကပ်ထဲမှ စီးကရက်တစ်လိပ်နှိုက်ယူ၍ မီးညှိကာ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေမိသည်။ စတီးဝပ်က စားပွဲပေါ်မှ ပန်းကန်များနှင့် ဇွန်းခွက်ကို စတင်သိမ်းဆည်းနေခဲ့သည်။ တဖြောက်ဖြောက် မီးပေါက်နေသည့် မီးဖိုပေါ်ရှိ စင်မှ မှန်ပေါင်တွင်းရှိ ဓာတ်ပုံဟောင်းတစ်ခုရှေ့တွင် ကျွန်တော် ခေတ္တရပ်တန့်နေမိသည်။ ကျွန်တော့်စီးကရက်က ပါးစပ်ဆီမရောက်မီ လမ်းခုလတ်၌ ရပ်တန့်သွားခဲ့သည်။ အခန်းက ရုတ်တရက် အေးမြသွားသည့်အလား ခံစားရသည်။

ဓာတ်ပုံက ကြာမြင့်လှပြီဖြစ်ပြီး အစွန်းအထင်းများနှင့် ဖြစ်၏။ သို့သော် မှန်နောက်ကွယ်တွင်မူ ယခုတိုင် ကြည်ကြည်လင်လင် ရှိနေသေးသည်။ ၎င်းက ကျွန်တော့်အသက်အရွယ် လူငယ်တစ်ဦးကို ပြသလျက်ရှိသည်။ နှစ်ဆယ်အရွယ် စွန်းခါစသာ။ သူက ပျံသန်းရေးအတွက် လိုအပ်သည့် ကိရိယာတို့ကို ဝတ်ဆင်ထားသည်။ သို့သော်လည်း ယခုကဲ့သို့ မီးခိုးရောင်ဝတ်စုံများနှင့် အရောင်ဖျော့ဖျော့ ပလတ်စတစ်ဦးထုပ်နှင့် မဟုတ်ပါ။ သူက သိုးရေကွပ်ထားသည့် ဘွတ်ဖိနပ်၊ ချုပ်ထည်ကြမ်းကြမ်း ဘောင်းဘီနှင့် လေးလံသည့် သိုးမွေး ဖဲ့စ်ဆွဲဂျာကင်ကို ဝတ်ဆင်ထားသည်။ သူ့ဘယ်လက်ထဲ၌ မျက်ကာနှင့်တွဲလျက် သူတို့ဝတ်ဆင်လေ့ရှိသည့် သားရေပျော့ခေါင်းစွပ်ကို တွဲလောင်းကိုင်ထားသည်။ ခေတ်ပေါ်အရောင်ဖျော့ဖျော့ မှန်ဖြင့် ပင့်နိုင်ချနိုင်သည့် အမျိုးအစားမဟုတ်ပါ။ သူက ခြေကို ခပ်ကားကားရပ်ထားပြီး ညာလက်ကို ခါးထောက်ထားသည်။ မထေမဲ့မြင် အသွင်ဖြင့်ဖြစ်သည်။ သို့သော် သူက ပြုံးတော့မနေပါ။ ကင်မရာကို ပျော်ရွှင်မှုကင်းမဲ့သည့် အရည်အသွေးဖြင့် ငေးကြည့်နေခဲ့သည်။ မျက်လုံးတို့က တစ်စုံတစ်ရာ ကြေကွဲဖွယ်အကြောင်း ရှိခဲ့သည်။

နောက်ဘက်၌မူ ကြည်ကြည်လင်လင်မြင်နိုင်လောက်အောင် သူ့လေယာဉ်က မားမားမတ်မတ် ရှိနေသည်။ ၎င်းမှာ ခပ်သွယ်သွယ် ချောမွေ့တောက်ပြောင်နေသည်။ 'မော(စ်) စကွီတို' တိုက်ခိုက်ရေး ဗုံးကြဲလေယာဉ်တစ်စီး၏ ပုံရိပ်ဖြစ်ကြောင်း မှားယွင်းစရာ မရှိပါ။ ထို့အတူ 'မာလင်အင်ဂျင်' နှစ်လုံးကို ခပ်နိမ့်နိမ့်ချိတ်ဆွဲထားသည့် ကိုယ်ထည်ကြီး နှစ်ခုကလည်း မှတ်ချက်ပြုဖွယ် လုပ်ဆောင်ရည်ကို ပေးခဲ့သည်။ ကျွန်တော်က 'ဂျိုး'ကို တစ်စုံတစ်ခုပြောရန် ကြံရွယ်စဉ်မှာပင် ရုတ်တရက် လေအေးတစ်ခုက ကျွန်တော့်ကျောကို ရိုက်ခတ်ခဲ့ကြောင်း ခံစားရသည်။ ပြတင်းတစ်ခုက ဖြုန်းခနဲပွင့်သွားပြီး ရေခဲရေတမျှ အေးသည့်လေက ခပ်ပြင်းပြင်း ဝင်ရောက်ခဲ့သည်။

"ကျွန်တော် ပိတ်လိုက်ပါ့မယ် ဆာ" အဘိုးကြီးက ဆိုခဲ့ပြီး ပန်းကန်ပြားအားလုံးကို ပြန်ချခဲ့ရသည်။

"နေပါစေ ကျွန်တော် ပိတ်လိုက်ပါ့မယ်"

သံမဏိဘောင်များရှိ လွဲရမ်းနေသော ပြတင်းဆီရောက်ရှိရန် ခြေလှမ်းကျဲကျဲ နှစ်လှမ်းလှမ်းခဲ့ရသည်။ တံခါးရွက်တို့ကို ကောင်းကောင်းဆုပ်ကိုင်မိအောင် ခန်းဆီးအထဲထိဝင်ခဲ့ပြီး အပြင်သို့ ငေးကြည့်မိသည်။ မြူတို့က စားသောက်ဆောင်ဟောင်း ပတ်ပတ်လည်တွင် လှိုင်းများကဲ့သို့ ဝေ့ဝဲလျက်ရှိသည်။ ပြတင်းမှထွက်လာသည့် နွေးထွေးသည့် လေကြောင်း၏ နှောင့်ယှက်မှုကြောင့် ဖြစ်၏။ အဝေးတစ်နေရာ မြူထဲ၌ အင်ဂျင်စက်တို့၏ မြည်ဟီးသံ ကြားနေရသည်ဟု ကျွန်တော်ထင်သည်။ ထိုအပြင်ဘက်၌ ဘာအင်ဂျင်စက်တို့မှ မရှိပါ။ နွံတောတို့ကို ဖြတ်သန်း၍ ချစ်သူဆီမှ ခွင့်ပန်လာခဲ့သော ခြံအလုပ်သမား လူငယ်၏ မော်တော်ဆိုင်ကယ်အသံသာ ဖြစ်သည်။ ကျွန်တော်က ပြတင်းကိုပိတ်ချခဲ့သည်။ သေချာအောင် လုပ်ပြီးမှ အခန်းသို့ ပြန်ခဲ့သည်။

"ပိုင်းလော့က ဘယ်သူလဲ ဂျိုး"

"ပိုင်းလော့လား ဆာ"

ကျွန်တော်က မီးဖိုအထက် စင်ပေါ်ရှိ တစ်ခုတည်းသော ဓာတ်ပုံကို ခေါင်းညိတ်ပြခဲ့သည်။

"အို . . . သိပါပြီ။ အဲဒါ 'မစ္စတာဂျွန်ကာဗာနာ'ရဲ့ ပုံပါ။ စစ်အတွင်းတုန်းက သူဒီမှာ ရှိခဲ့ပါတယ်"

သူက ပိုင်ဖန်ခွက်ကို အပေါ်ဆုံး ပန်းကန်ပြားပေါ် တင်လိုက်သည်။

" 'ကာဗာနာ'တဲ့လား" ကျွန်တော်က ဓာတ်ပုံဆီ ပြန်လျှောက်သွားပြီး အနီးကပ်ကြည့်ရှုခဲ့သည်။

"ဟုတ်ပါတယ် ဆာ။ အိုင်းရစ် လူကြီးလူကောင်း တစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ အင်မတန်ကောင်းတဲ့လူပါ။ အကြောင်းအရာ တစ်ခုအနေနဲ့ဆိုရင်လည်း ဒါဟာ သူ့အခန်းပါ"

"ဘယ်ပျံသန်းရေး အစုက လည်း 'ဂျိုး' "ကျွန်တော်က နောက်မ်

www.burmeseclassic.com

ရှိ လေယာဉ်ကို ဖောက်ထွင်းမတတ် ကြည့်နေမိသည်။

" 'ပတ်ဖိုင်းဒါး'တွေပါ ဆာ။ သူတို့က 'မော(စ်)စကွီတို'တွေကို ပျံတယ်။ အလွန်တော်တဲ့ ပိုင်းလော့တွေပါ။ အားလုံးပါပဲ။ ဒါပေမယ့် စွန့်စားပြီး ပြောရရင်တော့ အားလုံးထဲမှာ မစ္စတာ ဂျွန်နီက အကောင်းဆုံးပဲ။ ကြားဖြတ် ပြောရဦးမယ်။ ကျွန်တော်က သူ့ရဲ့ 'နောက်လိုက်'ပါ။ ခင်ဗျားသိပါတယ်"

သံသယဖြစ်စရာ မရှိပါ။ ဓာတ်ပုံနောက်ခံ 'မော(စ်)စကွီတို'၏ ဦးဖျား၌ ခပ်မွဲမွဲရေးသားထားသည့်စာက 'ဂျေကေ'ဖြစ်သည်။ 'ဂျစ်ကင်း'မဟုတ်ပါ။ 'ဂျွန်ကာဗာနာ'ပါ။

နေ့ခင်းကဲ့သို့ ဖြစ်ရပ်တစ်ခုလုံးက ရှင်းလင်းသွားခဲ့ပြီ။ 'ကာဗာနာ'မှာ ပိုင်းလော့ကောင်းတစ်ယောက်ဖြစ်ပြီး စစ်အတွင်း အပြောင်မြောက်ဆုံး ပျံသန်းရေးအုပ်စုတစ်ခု၌ ပါဝင်ခဲ့သည်။ စစ်ပြီးနောက် လေတပ်ကို စွန့်ခွာ၍ ဘစ်ပတ်ရစ်ကားဈေးကွက်သို့ ဝင်ရောက်သွားနိုင်သည်။ တပ်မှစွန့်ခွာသူ အချို့ ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ါးဆယ်ခု နှစ်ကာလများအတွင်း ငွေကြေးအစုအပုံလိုက်ရှာနိုင်ခဲ့ပြီး ကျေးခက်ရှိ အိမ်ကောင်းကောင်းတစ်လုံး ယ်ယူကောင်း ဝယ်ယူနိုင်ခဲ့လိမ့်မည်။ ခလုံအလောက် ကျန်ရှိသည့် ငွေမှာ ုအမှန်တကယ်စွဲလမ်းသည့် အလုပ် ် လုပ်နိုင်ရန်ဖြစ်ခဲ့သည်။ ပျံသန်းခြင်း စ်သည်။ အတိတ်ကို ပြန်လည်ဖန် းရန် ပို၍ဖြစ်နိုင်သည်။ သူ၏ ခာင်ပွဲခံနေ့များဖြစ်သည်။ သူ့အနေ : အာရ်၊ အေ၊ အက် (ဇ)မှ အချိန် ဒါအလိုက် လေလံတင် ရောင်းချ

သည့် ခေတ်ဟောင်းလေယာဉ်များမှ တစ်စီးကို ဝယ်ယူခဲ့ဟန်ရှိသည်။ ပြန်လည်ပြုပြင်တပ်ဆင်ပြီး သူဆန္ဒရှိသည့် အခါ ကိုယ်တိုင်မောင်းနှင် ပျံသန်းခဲ့ဟန်တူသည်။ ခင်ဗျားမှာ ပိုက်ဆံရှိရင်တော့ အချိန်ပိုတွေကို ကုန်ဆုံးဖို့ အတွက် မဆိုးလှတဲ့ နည်းလမ်းပါ။

သူ့အနေဖြင့် ဥရောပခရီးတစ်ခုမှ ပျံသန်းလာဟန်ရှိသည်။ တိမ်ထုအထက်တွင် ဗြိဂံသဏ္ဍာန်များ ပြုလုပ်ပျံသန်းနေသည့် ကျွန်တော့်ကို တွေ့မြင်ပြီး လမ်းပျောက်နေကြောင်း သတိပြုမိ၍ တွဲခေါ်လာခဲ့ခြင်းဖြစ်သည်။ သူက နေရာတိတိကျကျကို ရေဒီယို အဆက်အသွယ်ဖြင့် သိရှိခဲ့၍လည်းကောင်း၊ ကမ်းခြေ၏ အနံ့အလျားကို အလွတ်ရ၍လည်းကောင်း၊ မြူထုထဲ၌ပင် သူ့အရင်စခန်းဟောင်း 'မင်တန်'ကို အခွင့်အရေးယူ၍ ရှာဖွေခဲ့သည်။ ၎င်းမှာ မဟာစွန့်စားခန်းကြီးဖြစ်သည်။ ကျွန်တော့်အနေဖြင့် လောင်စာဆီ မရှိတော့ပါ။ မည်သို့ဖြစ်စေ ၎င်းမှာ ဖြစ်ချင်သလိုဖြစ်ခဲ့သည်။ သို့မဟုတ်လျှင် ပျက်စီးမှုပင်။

ကျွန်တော့်အနေဖြင့် သံသယ မရှိပါ။ ထိုသူကို ခြေရာခံနိုင်သည်။

'တော်ဝင်လေကြောင်း ကာလပ်'မှ ဆင့် ဖြစ်နိုင်သည်။

"သူက အမှန်တကယ် ပို လော့ကောင်းတစ်ယောက်ပါပဲ" ည ခင်းက စွမ်းဆောင်ရည်ကို တွေးတော မိပြီး တုံ့ပြန်ပြောကြားခဲ့သည်။

"အကောင်းဆုံးပါပဲ ဆာ" က နောက်ဘက်မှနေ၍ ပြောခဲ့သည်

"သူ့မှာ ကြောင်တစ်ကောင် မျက်လုံးမျိုးရှိတယ်လို့ သူတို့ ချင့်တွ ခဲ့ကြတယ်။ 'မစ္စတာဂျော်နီ'ဆီမှာ တယ်မဟုတ်လား။ ကျွန်တော် အကြိ ပေါင်းများစွာ သတိပြုမိပါတယ်။ လေ ယာဉ်အုပ်စုက ဂျာမနီရဲ့ ဗုံးကြဲ မှတ်တွေအပေါ် မြင်နိုင်အောင် မီးပ တွေကြဲချပြီး ပြန်လာရင် ကျန်တဲ့ ငယ်တွေက ဘားဆီသွားပြီး သော ကြတယ်။ အများစုပါပဲ"

"သူက မသောက်ဘူးလား" ကျွန်တော်က မေးခဲ့သည်။

"အိုး ... ဟုတ်ပါတယ်။ မကြာ ခဏ သူ့'မော်(စ်)စကွီတို'ကို ဆီဖြည့် ပြီး တစ်ယောက်တည်း ပြန်တက်သွား တတ်တယ်။ ရေလက်ကြားဆီ၊ သို့ မဟုတ် မြောက်ပင်လယ်ဆီပါ။ ကမ်း ခြေဆီ ချို့ယွင်းပြီး ပျံသန်းလာနေတဲ့

မယုံကြည်နိုင်လောက်အောင် လေယာဉ်ကိုယ်ထည်မှာ ဒဏ်ရာဗရပွဖြင့် တောင်ပံနှင့် အမြီးတို့တွင်လည်း ထို့အတူဖြစ်သည်။ မြည်သံသဲ့သဲ့ဖြင့် တောင်မြောက်ယိမ်းထိုးကာ ပျံသန်းနေသည့် လေယာဉ်ကို တည့်မတ်ဖို့ ကြိုးစားရင်း အိမ်ပြန်လာကြသည်။ ဒဏ်ရာရသူ၊ သို့မဟုတ် သေဆုံးသူ ဝန်ထမ်းတို့နှင့်အတူ ရေဒီယိုစက်မှာလည်း မှမှကြေအောင် ထိမှန်ခံရသည်။

www.burmeseclassic.com

ဖုံးကြဲလေယာဉ်တချို့ တွေ့နိုင်မလား ဆိုပြီး ရှာဖွေဖို့ပါ။ တွေ့ရင် သူက လမ်းပြခေါ်ဆောင်ခဲ့တတ်တယ်''

ကျွန်တော်က မျက်မှောင်ကြုတ်မိသည်။ ထိုကြီးမားသော ဖုံးကြဲလေယာဉ်ကြီးများက သူတို့ကိုယ်ပိုင် စခန်းသို့သာ ပြန်ကြသည်။

''ဒါပေမယ့် တချို့လေယာဉ်တွေက ရန်သူသဲသဲမဲမဲ ပြန်ပစ်ခတ်တာခံရပြီး တစ်ခါတစ်ရံ သူတို့ရေဒီယို တွေလည်း ထိမှန်ခံရတတ်တယ်။ အရပ်ရပ်က သူတို့လာကြတာပဲ။ 'မာဟမ်'၊ 'စကောင်(မ်)တန်'၊ 'ဝက်ဒင်တန်' စက်လေးလုံးတပ် 'ဟာလီဖက်(စ်)'၊ 'စတားလင်း'နဲ့ 'လန်ကက်စတာ'တွေပါ။ ခင်ဗျားအချိန် မတိုင်မီလေးတင်ပဲ ဒီလိုပြောတာကိုတော့ ခွင့်လွှတ်ပါ''

''သူတို့တစ်တွေရဲ့ ဓာတ်ပုံတွေ မြင်ဖူးပါတယ်''ကျွန်တော်က ဝန်ခံပြောကြားခဲ့သည်။ ''တချို့က လေကြောင်းပျံသန်းမှုပြပွဲ တော်တော်များများမှာ ပါဝင်ခဲ့တယ်။ သူက ဒီလူတွေကို လမ်းပြလေ့ရှိသလား''

ကျွန်တော်က သူတို့ကို မျက်စိထဲမြင်ယောင်နေသည်။ မယုံကြည်နိုင်လောက်အောင် လေယာဉ်ကိုယ်ထည်မှာ ဒဏ်ရာဗရပွဖြင့် တောင်ပံနှင့် အမြီးတို့တွင်လည်း ထို့အတူဖြစ်သည်။ မြည်သံသဲ့သဲ့ဖြင့် တောင်မြောက်ယိမ်းထိုးကာ ပျံသန်းနေသည့် လေယာဉ်ကို တည့်မတ်ဖို့ ကြိုးစားရင်း အိမ်ပြန်လာကြသည်။ ဒဏ်ရာရသူ၊ သို့မဟုတ် သေဆုံးသူ ဝန်ထမ်းတို့နှင့်အတူ ရေဒီယိုစက်မှာလည်း မွမွကြေအောင် ထိမှန်ခံရသည်။ မကြာမီလေးတင်က အတွေ့အကြုံအရပင် ကျွန်တော် သိခဲ့ပြီးဖြစ်သည်။ ညဥ့်အချိန် ဆောင်းရာသီ ကောင်းကင်ပြင်၌ ခါးသီးသော အထီးကျန်မှု၊ ရေဒီယိုမဲ့၊ လမ်းညွှန်မဲ့ အဖြစ်နှင့် မြူထုက ဖျက်ဆီးရန် ကုန်းမြေဆီမှ အပြင်သို့ လာနေခဲ့သည်။

''အဲဒါ မှန်ပါတယ်။ သူက တစ်ညဥ့်ထဲမှာ ဒုတိယအကြိမ် ပြန်တက်သွားတတ်တယ်။ မြောက်ပင်လယ်ပေါ် လှည့်လည်ပျံသန်းရင်း ထိမှန် ပျက်စီးလာတဲ့ လေယာဉ်ကို ရှာဖွေနေတတ်တယ်။ အဲဒီနောက် အပြန်လမ်းဆီ ဦးဆောင်ခဲ့တယ်။ ဒီ 'မင်တန်'ဆီကိုပါ။ တစ်ခါတစ်ရံ မြူက သိပ်ထူထပ်နေပြီး ကိုယ့်လက်ကိုယ်တောင် မမြင်နိုင်ဘူး။ ဆဌအာရုံ သူ့ဆီမှာ ရှိတယ်လို့ သူတို့တစ်တွေ ပြောလေ့ရှိတယ်။ အိုင်းရစ်လူမျိုးတွေရဲ့ တစ်စုံတစ်ခု သူ့ဆီမှာ ရှိခဲ့တယ်''

ဓာတ်ပုံဆီက ကျွန်တော်လှည့်ခဲ့ပြီး ခုတင်ဘေးရှိ ပြာခွက်ထဲ စီးကရက်ကို ထိုးခြေခဲ့သည်။ 'ဂျိုး'ကတော့ တံခါးပေါက်ရောက်နေပြီ။

''အာဂ လူတစ်ယောက်ပဲ'' ကျွန်တော်က ရေရွတ်ခဲ့သည်။ အမှန်ပင်ဆိုလိုသည်။ လူလတ်ပိုင်း ယခုအချိန်တိုင်အောင် သူက ထိပ်တန်းလေယာဉ်ပျံသန်းသူတစ်ဦး ဖြစ်နေသေးသည်။

''အို ‥ ဟုတ်ကဲ့ခင်ဗျာ။ တကယ့်အာဂလူပါ။ မစ္စတာဂျွန်နီက တစ်ကြိမ်တစ်ခါက သူ ကျွန်တော့်ကို ပြောခဲ့တာ သတိရသေးတယ်။ အခု ခင်ဗျားရပ်နေခဲ့တဲ့ မီးဖိုရှေ့မှာပါ။ 'ဂျိုး'သူက ညဥ့်အချိန် ဘယ်သူတစ်ဦးတစ်ယောက်မဆို ကောင်းကင်ယံမှာရှိနေခဲ့ရင် ကျွန်တော် ကြိုးစားရှာဖွေပြီး အိမ်ပြန်ခေါ်ခဲ့မယ်တဲ့''

ကျွန်တော်က အလေးအနက် ခေါင်းညိတ်ခဲ့သည်။ အဘိုးကြီးက စစ်အတွင်း သူ့အထက်အရာရှိကို အထင်အရှား ကိုးကွယ်လျက်ရှိသည်။

''ကောင်းပါတယ်။ ကြည့်ရတာ ခုချိန်ထိ ဒီအလုပ်ကို လုပ်နေတုန်းပဲ''

ယခုအခါ 'ဂျိုး'ကပြုံးသည်။

''ကျွန်တော် အဲဒီလို မထင်တော့ဘူး ဆာ။ ၁၉၄၅ ခု 'ခရစ်စမတ်' အကြိုညဥ့်မှာ မစ္စတာဂျွန်နီ သူ့ရဲ့ နောက်ဆုံး လှည့်လည်ပျံသန်းမှုအတွက် ထွက်သွားခဲ့တယ်။ လွန်ခဲ့တဲ့ ၁၄ နှစ် ဒီလိုညဥ့်မှာပါ။ သူဘယ်တော့မှ ပြန်မလာတော့ဘူး။ မြောက်ပင်လယ် တစ်နေရာရာမှာ သူ့လေယာဉ်နဲ့အတူ ပျောက်ဆုံးသွားခဲ့တယ်။ မင်္ဂလာညဥ့်ပါဆာ။ ပျော်ရွှင်ဖွယ် ခရစ်စမတ်ပါပဲ''

BURMESE CLASSIC

ဇန်းမော်ဇော်လှိုင်

(ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာ ဖရက်ဒရစ် ဖောစီ၏ တစ္ဆေဝတ္ထု **SHEPHERD by Frederick Farsyth** ကို ပြန်ဆိုသည်။)

[မှတ်ချက် ။ ။ ဖရက်ဒရစ် ဖောစီမှာ အခြားနာမည်ကျော် ဝတ္ထုခုနစ်အုပ်ကိုရေးသားခဲ့သည့် စာရေးဆရာတစ်ဦး ဖြစ်သည်။ ၎င်းတို့မှာ The Day of the jackal, The Dogs of War, The Odessa File, The Fourth Protocol, The Negotiator, The Deceiver, The Fist of Good တို့ဖြစ်သည်။ အခြားစာအုပ်တို့မှာ The Biafra Story, The Shepherd နှင့် အခြား ဝတ္ထုတိုပေါင်းချုပ် No Comebacks တို့ ဖြစ်သည်။]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အသံကြောင့် ဟားသေ

**ရန်ကုန်မြင့်ဆွေ**

**(စာတ်သိမ်းပိုင်း)**

ဦးဆွေတို့၏ ရွှေများခိုးယူခံရပြီး တစ်လခန့်ကြာသောအခါ ဦးဆွေအိမ်သို့ တူတော်စပ်သူ ဆိပ်ကမ်းရဲတပ်ဖွဲ့မှ လက်ထောက်မြို့နယ်မှူး ဦးမျိုးသန့်သည် အလည်ရောက်ရှိလာ၏။

ဦးဆွေက တူတော်မောင်အား ရွှေများခိုးခံရသည့် အကြောင်းကို ပြောပြလိုက်သည်။

ဦးမျိုးသန့်သည် မိမိခရီးသွားနေသဖြင့် မသိလိုက်ရကြောင်းပြော၍ ရွှေများပျောက်ဆုံးသွားသော အိမ်ခန်းအတွင်းဝင်၍ စလင်းဘက်အိတ် ထားသောနေရာ၊ စလင်းဘက်အိတ် ကျနေသည့်နေရာနှင့် ပြတင်းတံခါးကို ကြည့်ရှုစစ်ဆေး၏။

"ဦးလေးတို့ ပစ္စည်းတွေကို အိမ်ခန်းပြတင်းပေါက်ကနေ ယူသွားတာပဲ ဖြစ်ရမယ်"

ဟု ဦးမျိုးသန့်က ထင်ကြေးပေး ပြောလိုက်သည်။

"မဖြစ်နိုင်ဘူးနဲ့တူတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြတင်းပေါက်မှာ သံတိုင်တွေကာထားတာပဲ။ ဘယ်လိုလုပ်ဝင်နိုင်မှာလဲ"

ဟု ဦးဆွေက ပြန်ပြောပြ၏။

"ဩော် ... ဦးလေးကလည်း၊ လူတော့ ဘယ်ဝင်နိုင်မှာလဲ။ ဦးလေးကာထားတဲ့ သံတိုင်တွေက တစ်ချောင်းနဲ့တစ်ချောင်း သုံးလက်မလောက် ကွာနေတာပဲ။ ပြတင်းပေါက်အပြင်ကနေ သံ[illegible]င်တွေကြားက တုတ်နဲ့တံချူနဲ့ ချူယူသလို ယူမှာပေါ့"

ဦးမျိုးသန့်က ရှင်းပြ၏။

"ပြတင်းပေါက်တံခါးလည်း ပိတ်ထားတယ်လေ"

ဒေါ်ခင်ခင် ဝင်ပြော၏။

"အဲဒီ ပြတင်းတံခါးကြောင့် အဒေါ်တို့ ရွှေတွေပါသွားတာပေါ့။ ဒီမှာကြည့် ... ပြတင်းတံခါးက နှစ်ချပ်ပိတ်ဖြစ်လို့ တစ်ဖက်ချပ်ကို လက်[illegible] တွန်းလိုက်တာနဲ့ လစ်တစ်လုံး[illegible]လောက် တံခါးက ဟသွားတာ တွေ့နေရတယ်။ အဲဒီဟသွားတဲ့ အပေါက်ကနေ အတွင်းမှာချထားတဲ့ မင်းတုပ်ကို လက်ညှိုးလေးနဲ့ မတင်လိုက်တာနဲ့ တံခါးကပွင့်သွားပြီ။ တံခါးပွင့်သွားတယ်ဆိုရင်ပဲ အပြင်ကနေ ဝါးလုံးနဲ့ဖြစ်ဖြစ်၊ တုတ်ချောင်းနဲ့ဖြစ်ဖြစ် အိမ်ခန်းထဲက ချိတ်မှာချိတ်ထားတဲ့ စလင်းဘက်အိတ်ကို ထိုးယူတာဖြစ်မယ်။ စလင်းဘက်အိတ်ကို တံချူနဲ့ ချူသလိုယူပြီး အိတ်ထဲကပစ္စည်းတွေ၊ ငွေတွေ ထုတ်ယူမယ်။ ပြီးတော့ စလင်းဘက်အိတ်ကို အခန်းထဲ ပြန်ပစ်သွင်းခဲ့လို့ စခင်းဘက်အိတ်က ကြမ်းပြင်ပေါ် ကျနေတာပေါ့။

နောက်ပြီး ပြတင်းပေါက်တံခါးကို အပြင်ကနေ လက်နဲ့တွန်းပိတ်လိုက်တော့ တံခါးမင်းတုပ်က ကျသွားတယ်။ အဲဒီတော့ ပြတင်းပေါက်တံခါးက ပုံမပျက် ပိတ်လျက်တွေ့ရတာပေါ့"

ဟု ဦးမျိုးသန့်က အသေးစိတ် ရှင်းလင်းပြ၏။

ဒေါ်ခင်ခင်သည် အပြင်မှ ပြတင်းပေါက်တံခါး တစ်ချပ်အား လက်နှင့် တွန်းကြည့်လိုက်သည်။ တံခါးမှာ အနည်းငယ် ဟသွား၏။ တံခါးဟနေသည့်ကြားမှ လက်ညှိုးဖြင့် မင်းတုပ်ကို မတင်လိုက်ရာ ပြတင်းပေါက် တံခါးပွင့်သွားသည်ကို လက်တွေ့မြင်တွေ့လိုက်ရသည်။

"အေးကွ ... ငါ့တူပြောတဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း သူခိုးက ငါတို့ပစ္စည်းတွေကို မသွားတာဖြစ်မယ်''

ဟု ဦးဆွေက သဘောပေါက်ပြီး ပြောလိုက်လေသည်။

*** ***

''အစ်ကိုရေ ... မောင်မျိုးသန့် ပြောပြတော့မှပဲ ခင်ခင် ပြန်စဉ်းစားမိ တယ်''

ဒေါ်ခင်ခင်က ဦးဆွေကို ပြော လိုက်ခြင်းဖြစ်သည်။

''ဘာများ စဉ်းစားမိလို့လဲ မိန်းမ ရယ်''

''ဘာရမှာလဲ အစ်ကိုရဲ့။ အိမ် ခေါင်းရင်းက ကွမ်းယာရောင်းတဲ့ ကုလားလေ။ ယူနွတ်ဘိုင်ပေါ့။ ခင်ခင် တို့ရွှေတွေမပျောက်ခင် နှစ်ပတ်သုံး ပတ်လောက် ရှိမယ်။ ယူနွတ်ဘိုင်က သူတို့အိမ်ပြတင်းပေါက်ကနေ ခင်ခင် တို့အိမ်ဘက်ကို ကြည့်ကြည့်နေတာကို သွားသတိရမိလို့ပါ''

''အဲဒါ ဘာဖြစ်လဲ''

''ဘာဖြစ်ရမှာလဲ အစ်ကိုရဲ့။ ယူ နွတ်ဘိုင်တို့ အိမ်ပြတင်းပေါက်နဲ့ ခင် ခင်တို့ အိပ်ခန်းပြတင်းပေါက်က တည့် တည့်ပဲလေ။ ဒါကြောင့် ဒီကုလားက ခင်ခင်တို့ အိပ်ခန်းထဲကို လှမ်းလှမ်း ကြည့်နေတာဖြစ်မယ်။ ခင်ခင် အိပ် ခန်းထဲဝင်သွားတာနဲ့ ယူနွတ်ဘိုင်ကို သူတို့ပြတင်းပေါက်မှာရပ်ပြီး ခင်ခင် တို့အိမ်ဘက်ကို ကြည့်ကြည့်နေတာ တွေ့နေရတယ်။ ခင်ခင်က ဟဲ့ ... နင်ဘာကြည့်နေတာလဲလို့ မေးလိုက် တော့ ဟိုလိုလို ဒီလိုလိုနဲ့ အိမ်အောက် ကငါးတွေကို ကြည့်နေတာပါလို့ ပြော တယ်။ ယူနွတ်ဘိုင်က တကယ်တော့ ခင်ခင်တို့ လက်ဝတ်လက်စားရွှေတွေ သိမ်းထားတာကို ကြည့်နေတာဖြစ်ရ မယ်''

ဟု ဒေါ်ခင်ခင်က ဦးဆွေကို ပြန် လည်ရှင်းပြလိုက်သည်။

''အေး ... မင်းပြောတာ ဖြစ် နိုင်တယ်။ ယူနွတ်ဘိုင်တို့ လင်မယား အခြေအနေကို တို့သတိထားပြီး စောင့်ကြည့်ရမယ်''

ဦးဆွေသည် ယူနွတ်ဘိုင်တို့ လင်မယားအပေါ်၌ သံသယစိတ်ဝင် လာ၏။

အမှုလိုက်ရဲအရာရှိ ဒုရဲအုပ်ဇော် ဝင်းနိုင်က ယူနွတ်ဘိုင်၏ မိသားစုအ ခြေအနေကို စစ်ဆေးမေးမြန်းစဉ် အ ခါက ယူနွတ်ဘိုင်အား ရိုးသားသည် ဟု ထင်မှတ်ပြီး ဦးဆွေက ရိုးသားပါ သည်ဟု ယူနွတ်ဘိုင်ကို ကာကွယ် ထွက်ဆို ပြောပြခဲ့သည်။

ဒုရဲအုပ် ဇော်ဝင်းနိုင်မှာလည်း ဦးဆွေ၏ မှားယွင်းစွာ ထွက်ဆိုမှုကို ယုံကြည်မိသဖြင့် တရားခံဖော်ထုတ် ရာ၌ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရ၏။

အမှုမှာလည်း သဲလွန်စပျောက် ၍ လမ်းစပါ လွဲခဲ့ရလေသည်။

*** ***

ကွမ်းယာရောင်းသော ယူနွတ် ဘိုင်တို့မိသားစုအား ဦးဆွေနှင့် ဒေါ်ခင် ခင်တို့က မျက်ခြည်မပြတ် အကဲခတ် စောင့်ကြည့်နေကြသည်။

စက်ဘီးအသစ်တစ်စီးကို ယူ နွတ်ဘိုင် ဝယ်လာသည်။ ဒေါ်ခင်ခင် က မြင်သဖြင့် ယူနွတ်ဘိုင်၏ မိန်းမ ဘေတီမာကို မေးကြည့်လိုက်သည်။

ဘေတီမာက သူ့အဖေ ငွေ ထုတ်ချေး၍ စက်ဘီးဝယ်စီးတာဖြစ် ကြောင်း ပြောပြ၏။

နောက်တစ်နေ့တွင် စက်ဘီး အပိုပစ္စည်းများကို ယူနွတ်ဘိုင် ဝယ် လာပြန်သည်။

ဦးဆွေသည် ယူနွတ်ဘိုင်၏ သွားလာလှုပ်ရှားမှုများကို လမ်းထိပ်၌ မသိမသာ စုံစမ်းလေ့လာနေ၏။

ယခုရက်ပိုင်းအတွင်း ယူနွတ် ဘိုင်သည် TAXI ကားကို မကြာခဏ ငှားပြီး သွားတတ်ကြောင်း သိရ၏။

ဦးဆွေသည် ဒေါ်ခင်ခင်အား ယူ နွတ်ဘိုင် TAXI (တိုင်စီ)ကားငှားစီး၍ မြို့ထဲသို့ မကြာခဏ ထွက်သွားတဲ့ အကြောင်း ပြောပြလိုက်သည်။

''ဒါဆိုရင်တော့ ခင်ခင်တို့ရဲ့ရွှေ တွေခိုးတာ ယူနွတ်ဘိုင်ပဲ ဖြစ်ရမယ်။ ခုတလော ယူနွတ်ဘိုင်တို့ လင်မယား ပိုက်ဆံတွေ တော်တော်သုံးနေတယ်''

''ဩော် ... အစ်ကို့ကို ပြောပြရ ဦးမယ်။ ဘေတီမာသမီးနဲ့ သားလေး သံပတ်ကားနဲ့ ကစားနေတာတွေ့လို့ ခင်ခင်က မေးကြည့်တော့ လမ်းထိပ် အရုပ်ဆိုင်က ကိုသောင်းတန် ကလေး ကိုချစ်လို့ဆိုပြီး ပေးလိုက်တာလို့ ဘေ တီမာက ပြောတာပဲ။ ဟုတ်နိုင်ပါ့ မလား''

ဟု ဒေါ်ခင်ခင်ကပြန်ပြောပြသည်။

''ဒါဆို ... ဟုတ်/မဟုတ်သိရ အောင် အရုပ်ဆိုင်က ကိုသောင်းတန် ကို ခင်ခင် သွားမေးကြည့်လိုက်ပါလား''

ဟု ဦးဆွေက အကြံပေးသဖြင့် ဒေါ်ခင်ခင် အရုပ်ဆိုင်မှ ကိုသောင်း တန်ကို သွားမေးသည်။

''ကိုသောင်းတန်ကို တစ်ခုမေး ပါရစေ။ ကွမ်းယာရောင်းတဲ့ ယူနွတ်

www.burmeseclassic.com

ဘိုင်ရဲ့ သားလေးကို ကစားစရာ သံပတ်ကားလေး အလကားပေးလိုက် တယ်ဆိုတာ အဟုတ်ပဲလား''

ဟု ဒေါ်ခင်ခင်က မေးလိုက်၏။

''ကျွန်တော်က ဘာဖြစ်လို့ အလကားပေးရမှာလဲ။ ကျွန်တော် တောင် ပိုက်ဆံနဲ့ဝယ်ပြီး ပြန်ရောင်းရ တာလေ။ ကလေးက ပူဆာနေလို့ ဘေတီမာက ၄၅၀၀ ကျပ်နဲ့ ဝယ်သွား တာပါ''

လို့ အရုပ်ဆိုင်ပိုင်ရှင် ကိုသောင်း တန်က ပြောပြလိုက်ကြောင်း ဦးဆွေ အား ပြန်ပြောပြလေသည်။

ယူနွတ်ဘိုင်တို့ လင်မယားသည် ယခင်အချိန်က ကြွေးပတ်လည်ဝိုင်း နေပြီး ထမင်းကို ဟင်းနဲ့ပုံမှန်ချက်မစား နိုင်သော အခြေအနေကနေ ယခုအခါ မှာ ယူနွတ်ဘိုင်နှင့် ဘေတီမာတို့၏ ငွေကြေးသုံးစွဲမှု ပမာဏမှာ တစ်နေ့ ထက်တစ်နေ့ မြင့်မားလာသည်ကို ဦးဆွေတို့ဇနီးမောင်နှံ သိရှိလိုက်ရသည်။

ဘေတီမာသည် ရပ်ကွက်၌ ငွေ တိုးဖြင့် ငွေများချေးငှားနေကြောင်း သတင်းကိုလည်း ဒေါ်ခင်ခင်ကြားခဲ့၏။

ဘေတီမာက ငွေတိုးဖြင့် ငွေ ချေးငှားသည်မှာ ဘေတီမာချေးတာ မဟုတ်ဘဲ ငွေရှင်သူဌေးတစ်ယောက်က ငွေများထုတ်ပေး၍ ဘေတီမာက ငွေတိုးဖြင့် ငွေများချေးပေးရကြောင်း၊ ရရှိလာသည့် အတိုးငွေများကို ငွေရှင်နဲ့ ဘေတီမာ တစ်ဝက်စီ ခွဲဝေယူရ ကြောင်း သတင်းလွင့်ထားလေသည်။

*** ***

ယူနွတ်ဘိုင်နှင့် ဘေတီမာတို့၏ ပြောဆိုလုပ်ဆောင်မှုများမှာ ဦးဆွေနှင့် ဒေါ်ခင်ခင်တို့အတွက် သံသယဖြစ် စရာ စဉ်းစားစရာတွေ ဖြစ်လာခဲ့၏။

ထို့ကြောင့် ယူနွတ်ဘိုင်၏ လျှို့ လျှို့ဝှက်ဝှက်ဖြင့် ရွှေများ ခိုးယူထား ခြင်းအား ပွင့်ပွင့်လင်းလင်း ပေါ်ပေါက် အောင် မည်ကဲ့သို့ ဖော်ထုတ်ရမည်ကို ဦးဆွေနှင့် ဒေါ်ခင်ခင်တို့သည် ခေါင်း ချင်းဆိုင်၍ အကြံဉာဏ်များ ထုတ်နေ ကြသည်။

''ခင်ခင်ရေ ကိုယ်တော့ အကြံ တစ်ခုရပြီ။ ယူနွတ်ဘိုင်ကို ပရိယာယ် သုံးပြီး အစ်မေးရင်တော့ အမှုအမှန် ပေါ်နိုင်တယ်ကွ။ ယူနွတ်ဘိုင်သာ တို့ရဲ့ ရွှေတွေ ခိုးတာမှန်ခဲ့ရင်တော့ သေချာပေါက် ဒီခိုးမှု ပေါ်မှာအမှန်ပဲ။ ဘာပဲဖြစ်ဖြစ်ကွာ။ ကိုယ်စဉ်းစားထား တဲ့ အကြံအစည်အတိုင်း လုပ်လိုက် တော့မယ်ကွာ''

ဟု ဦးဆွေက ဒေါ်ခင်ခင်ကို ပြောလိုက်သည်။

''အစ်ကို့ရဲ့ အကြံအစည်က ဘယ်လိုဟာမျိုးလဲ ခင်ခင့်ကို ပြောပါ ဦး။ အန္တရာယ်ဖြစ်မယ့် အကြံအစည် တော့ မလုပ်ပါနဲ့။ အစ်ကို့အတွက် စိုးရိမ်လို့ပါ''

ဟု ဒေါ်ခင်ခင်က ပြောလိုက်၏။

ဦးဆွေသည် ဒေါ်ခင်ခင် အနား သို့ကပ်သွားပြီး သူ၏အကြံအစည်များ ကို တိုးတိုးလေး ပြောပြလေသည်။

*** ***

ဦးဆွေသည် သူ့ပိုင်ကားလေးကို အိမ်ရှေ့ကားလမ်းပေါ်တွင် ရပ်ထားပြီး ကားပေါ်၌ အဆင်သင့်ထိုင်နေ၏။

ယူနွတ်ဘိုင်သည် ကွမ်းယာဆိုင် မှ အိမ်သို့ ထမင်းစားရန်ပြန်လာသည်။

ဦးဆွေ၏ ကားနားသို့ရောက် လျှင် ယူနွတ်ဘိုင်သည် ဦးဆွေအား လှမ်းကြည့်လိုက်၏။

ဦးဆွေက ကားရှေ့ခန်းတံခါးကို ဖွင့်ပေးပြီး ယူနွတ်ဘိုင်ကို လက်ယပ် လှမ်းခေါ်သည်။

''ယူနွတ်ဘိုင် ..မင်းနဲ့ငါ စကား ပြောစရာရှိတယ်။ ကားပေါ်တက်''

ဟု ပြောလိုက်၏။

''ကဲ ...ယူနွတ်ဘိုင် မင်းကို ငါဒီခေါ်လာရတဲ့ အကြောင်းရင်းကို မင်းသိမှာပေါ့။ မင်းနဲ့ငါ နှစ်ယောက်ပဲ သိထားတဲ့အကြောင်းတွေကို ဆွေးနွေးပြီး အပေးအယူ လုပ်ကြရအောင်။ အဲဒါက ဘာလဲဆိုတော့ ငါ့အိမ်ကရွှေတွေ ပျောက်ဆုံးသွားတဲ့ကိစ္စပဲ''



www.burmeseclassic.com

www.burmeseclassic.com

ယူနွတ်ဘိုင်သည် ဘာမှမပြောတော့ဘဲ ဦးဆွေ၏ ကားပေါ်သို့ တက်ထိုင်လိုက်ပြီး ကားတံခါးကို ဆွဲပိတ်လိုက်သည်။

ဦးဆွေကလည်း ယူနွတ်ဘိုင် ကားပေါ်တက်ထိုင်လိုက်သည်နှင့် ကားကို အရှိန်ပြင်းစွာ မောင်းထွက်သွားလေသည်။

ယူနွတ်ဘိုင်ကို တင်ဆောင်၍ ဦးဆွေမောင်းသွားသော ဆလွန်းအဖြူရောင်ကားလေးသည် ရှခင်းသာမြို့ပတ်လမ်းပေါ်သို့ရောက်လျှင် လမ်းဘေးသစ်ပင်ရိပ်အောက်မှာ ထိုးရပ်လိုက်၏။ ရှခင်းသာမြို့ပတ်လမ်းမှာ လူအသွားအလာနည်း၍ တိတ်ဆိတ်နေသည်။

ဦးဆွေက ကားရပ်ပြီး ကားတံခါးများအား (Lock)လော့ချလိုက်သည်။

"ကဲ ... ယူနွတ်ဘိုင် မင်းကို ငါဒီခေါ်လာရတဲ့ အကြောင်းရင်းကို မင်းသိမှာပေါ့။ မင်းနဲ့ငါ နှစ်ယောက်ပဲ သိထားတဲ့အကြောင်းတွေကို ဆွေးနွေးပြီး အပေးအယူ လုပ်ကြရအောင်။ အဲဒါက ဘာလဲဆိုတော့ ငါ့အိမ်က ရွှေတွေ ပျောက်ဆုံးသွားတဲ့ကိစ္စပဲ"

"ဦးလေးတို့ရဲ့ ရွှေတွေကို ကျွန်တော်မခိုးပါဘူး"

ယူနွတ်ဘိုင်သည် ဦးဆွေစကားမဆုံးခင် ကြားဖြတ်၍ ပျာပျာသလဲဝင်ပြောလိုက်၏။

"မင်းကလည်း ငြင်းတာက အရင်ပဲ။ ငါပြောတဲ့စကားကို ဆုံးအောင် နားထောင်ပါဦး"

"မင်းကသာ ငြင်းနေတာ။ ဒီကိစ္စမှာ မင်းကတရားခံဖြစ်နေပြီ။ ရှင်းရှင်းပြောရရင်တော့ မင်းယူသွားတာပေါ့ကွာ"

ဦးဆွေက လေအေးအေးဖြင့် စကားကို တစ်လုံးချင်းပြောလိုက်၏။

"ကျွန်တော် ဦးလေးတို့ပစ္စည်းတွေကို မခိုးပါဘူး။ တကယ်ပြောတာပါ ဦးလေး"

ယူနွတ်ဘိုင်သည် အသံတုန်တုန်ယင်ယင်ဖြင့် ပြောလေသည်။

"အေးပါ။ မင်း ဒီလိုငြင်းလိမ့်မယ်ဆိုတာ ငါကြိုသိပါတယ်။ မင်းသေသေချာချာ စဉ်းစားပြီးမှ ငါ့ကို အဖြေပေးပါကွာ။ ငါတို့လင်မယားက မင်းတို့မိသားစုအပေါ်မှာ ဘယ်လိုကူညီစောင့်ရှောက်ခဲ့တယ်ဆိုတာ မင်းအသိပဲလေ"

"ကျွန်တော် ကိုယ်ပြောရဲပါတယ်။ ရွှေတွေကို ကျွန်တော်ခိုးတာ မဟုတ်ရပါဘူး"

မျက်နှာငယ်လေးဖြင့် ယူနွတ်ဘိုင်က ငြင်းလိုက်ပြန်သည်။

"မင်းဘာမှ ငြင်းမနေနဲ့တော့။ မင်းဘယ်လိုပဲငြင်းငြင်း ငါ့မှာ အထောက်အထား သက်သေတွေ ခိုင်ခိုင်လုံလုံရှိတယ်။ ငါပြောတဲ့စကားကိုသာ မင်းသေသေချာချာ နားထောင်ပြီး စဉ်းစားဆုံးဖြတ်ပေတော့"

ဦးဆွေသည် ယူနွတ်ဘိုင်မျက်နှာကို မသိမသာအကဲခတ်၍ ဆက်ပြောသည်။

"လူဆိုတာ မမှားတဲ့လူ မရှိပါဘူးကွာ။ တစ်ခါတလေတော့ မှားမှာပေါ့။ မင်းဒီလိုမှားခဲ့တာကိုလည်း ငါအပြစ်မယူပါဘူး။ မင်းတို့မိသားစု ပျက်စီးရာ ပျက်စီးကြောင်းအလုပ်မျိုးကို ငါမလုပ်ချင်ပါဘူး။ မင်းရဲ့ကလေးနှစ်ယောက်ကို ငါသနားမိပါတယ်။ မင်းကို ငါကရဲတိုင်လိုက်မယ်ဆိုရင် မင်းဘာဖြစ်သွားမလဲဆိုတာ မင်းသိပါတယ်။

မင်းတို့မိသားစု ဒုက္ခရောက်မှာစိုးလို့ ငါရဲကို မတိုင်ခဲ့ပါဘူး။ မင်းနဲ့ခုလိုလာပြီး နှစ်ယောက်တည်း ပြောရတာကလည်း မင်းတို့မိသားစုကို ငဲ့ညှာထောက်ထားပြီး မင်းအကြောင်းကို ဘယ်သူမှ မသိရအောင် ငါက ဖုံးထားခဲ့တာ။

ငါတို့ရွှေတွေကို မင်းဘယ်လိုဘယ်ပုံယူသွားတယ်ဆိုတာ ငါ့မှာမျက်မြင်သက်သေ အခိုင်အမာရှိတယ်။

ကဲပါ။ မင်းသိအောင် ငါပြောပြပါ့မယ်။ အဲဒီမျက်မြင်သက်သေလူက တရားခံမဟုတ်ဘဲ အဖမ်းခံထားရတဲ့ မင်းမင်းကို သနားလို့ပါဆိုပြီး သူကိုယ်တိုင်မြင်တွေ့ခဲ့ရတဲ့ အကြောင်းတွေ ငါ့ကို လာပြောပြလို့ မင်းရွှေတွေယူထားတာကို အတိအကျ သိရတာပဲ။ ဒါပေမယ့် ငါဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောပါဘူး။ ကုန်ကုန်ပြောလိုက်မယ်ကွာ။ ငါ့မိန်းမကိုတောင် မပြောပြဘူး။ မင်းရွှေတွေယူနေတာကို သေသေချာချာမြင်တဲ့သူက ငါတို့အိမ်နောက်ဘေးက ကျောချင်းကပ် သုံးထပ်တိုက်ကလူပဲ။

အဲဒီလူရဲ့ တိုက်နောက်ဘေးပြတင်းပေါက်က ငါတို့အိမ်နဲ့ မင်းတို့အိမ်ကြား တည့်တည့်မှာဆိုတော့ မင်းငါ့အိမ်ပြတင်းပေါက်ကနေ ပစ္စည်းတွေကို တုတ်တစ်ချောင်းနဲ့ ထိုးယူနေတာကို သူ့အိမ်ပြတင်းပေါက်က မြင်နေရသတဲ့။

မင်းကတော့ ပစ္စည်းတွေကို ရယူချင်တဲ့ဇော ကပ်နေလို့ အဲဒီလူ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေတာ မင်းဘယ်မြင်ပါ့မလဲ။ သူက မင်းယူတာကို အစအဆုံး မြင်ရသတဲ့။

ပစ္စည်းတွေကို မင်းယူခဲ့တဲ့ ယူပုံယူနည်းကိုတောင် သူမြင်တွေ့ရတဲ့အတိုင်း ငါ့ကို ပြန်ပြောပြတယ်။

မင်းက ငါတို့အိမ်ခေါင်းရင်းဘက် ပြတင်းပေါက်မှာရပ်ပြီး ပြတင်းပေါက်တံခါးကို တွန်းထိုးနေတာကို မြင်လိုက်ရသတဲ့။ ဒါနဲ့ သူလည်း မသင်္ကာတာနဲ့ ဆက်ကြည့်နေသတဲ့။ ခဏကြာတော့ မင်းက ပြတင်းတံခါးကို ဆွဲဖွင့်လိုက်သတဲ့။ နောက်ပြီး တုတ်တစ်ချောင်းနဲ့ ပြတင်းပေါက်ထဲကို ထိုးဆွနေတာ တွေ့ရပြန်သတဲ့။

မကြာပါဘူး အဲဒီတုတ်မှာ အညိုရောင် စလင်းဘက်အိတ်တစ်လုံး ပါလာတာကို မြင်လိုက်ရသတဲ့''

''စလင်းဘက်အိတ်ထဲက ပစ္စည်းတွေနဲ့ ပိုက်ဆံအုပ်တစ်အုပ်ကို ဖွင့်ယူလိုက်တာ တွေ့ရပြန်သတဲ့။ ပစ္စည်းတွေ၊ ပိုက်ဆံတွေယူပြီး အဲဒီစလင်းဘက်ကို ပြတင်းပေါက်ကနေ အိမ်ထဲ ပြန်ပစ်သွင်းလိုက်တာလည်း မြင်လိုက်ရသတဲ့။

ငါတို့အိမ်က ရွှေတွေပျောက်တယ်ကြားတော့ သူလာပြောဦးမလို့တဲ့။ ဒါပေမယ့် ငါတို့နဲ့သူ ခင်မင်ရင်းနှီးမှုမရှိတာရယ်၊ နောက်ပြီး အမှုမှာ သက်သေတွေဘာတွေ လိုက်နေရမှာစိုးလို့ ဘာမှမပြောတော့ဘဲ နေခဲ့တာဆိုပဲ။ ဒါပေမယ့် မင်းမင်းဆိုတဲ့ ကောင်လေးကို ခိုးမှုနဲ့ တရားခံဆိုပြီး ဖမ်းထားတာသိရလို့ တရားခံမဟုတ်ဘဲ အဖမ်းခံနေရတဲ့ မင်းမင်းကို ကိုယ်ချင်းစာသနားပြီး ကယ်တင်ချင်တာနဲ့ တရားခံ အစစ်အမှန်ဖြစ်တဲ့ မင်းအကြောင်းတွေကို ငါ့ဆီလာပြီး ပြောပြတာပဲ။

ဒါကြောင့် ငါတို့ရွှေတွေကိုယူတာ မင်းဆိုတာ တိတိကျကျ သိရတာပေါ့။ တခြားလူဆိုရင်တော့ ရဲကို တိုင်ပြီး ဖမ်းမှာပေါ့။ ဒါပေမယ့် မင်းဆိုတော့ ငါလည်း စဉ်းစားရတာပေါ့။

မင်းရဲ့ မိသားစုကို ငဲ့ညှာသနားလို့ ရဲကိုတော့ မတိုင်တော့ပါဘူး။ ဒါပေမယ့် မင်းယူသွားတဲ့ ငါတို့ရဲ့ ရွှေတွေကိုတော့ ပြန်ပေးပါ။ ငွေငါးသောင်းကို မင်းတို့ပဲသုံးလိုက်ပါ။ ငါတို့ရဲ့ရွှေတွေပြန်ရရင် ကျေနပ်ပါပြီ''

ဦးဆွေပြောသော စကားများကို ယူနွတ်ဘိုင်သည် ပြန်လှန်မေးမြန်ခြင်း၊ ငြင်းပယ်ခြင်း လုံးဝမပြုလုပ်ဘဲ ဆိတ်ငြိမ်စွာ နားထောင်နေလေသည်။

''ရွှေတွေကို မင်းယူထားတာ မျက်မြင်သက်သေ အခိုင်အမာ ရှိနေတယ်ဆိုတာ မင်းလည်း သိနေပြီပဲ။ အချိန်မရွေး ရဲကိုတိုင်လို့ရတယ်။ ဒါပေမယ့် မင်းကို ငါရဲနဲ့လည်း မတိုင်ပါဘူး။ ဘယ်သူ့ကိုမှလည်း မပြောပါဘူး။ အိုကွာ ... ငါ့မိန်းမရော မင်းမိန်းမပါ မသိတာကောင်းတယ်။

ငါ့ရွှေတွေကိုသာ ငါ့ကိုပြန်ပေးမယ်ဆိုရင် မင်းကို ငါ အမှုမလုပ်ပါဘူး။ ငါပြောတာကို မင်းသေသေချာချာ နားထောင်ပြီး စဉ်းစားဆုံးဖြတ်ပါ။ မင်းကို သုံးရက်အချိန်ပေးမယ်။ သုံးရက်ပြည့်တဲ့နေ့မှာ ငါ့ကို အဖြေပေးပါ။

ဒီသုံးရက်အတွင်းမှာ ဒီကိစ္စကို ဘယ်သူမှ မသိစေရဘူး။ စိတ်ချ ငါ့ဘက်က မင်းတို့မိသားစုကို သနားညှာတာစွာ ခွင့်လွှတ်လိုက်သလို မင်းဘက်ကလည်း ငါ့ရွှေတွေ ပြန်ပေးဖို့ စဉ်းစားဆုံးဖြတ်ပေတော့''

ဟု ဦးဆွေက စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြပြီး ယူနွတ်ဘိုင်ကို ကားဖြင့် ကွမ်းယာဆိုင်သို့ လိုက်ပို့လိုက်လေသည်။

*** ***

''ခင်ခင်ရေ ... မင်းကို ကိုယ်ပြောပြထားတဲ့ အကြံအစည်အတိုင်း ကိုယ်တော့လုပ်လိုက်ပြီ''

''အစ်ကိုရယ် ... ခင်ခင်ဖြင့် စိတ်ပူလိုက်ရတာ။ အစ်ကို့ကိုများ ယူနွတ်ဘိုင်က ရန်ရှာနေမှာစိုးလို့''

''မင်းကလည်းကွာ။ ကြောက်စရာလား။ ငါ့မှာလည်း လက်နှစ်ဖက်နဲ့ပါ။ နောက်ပြီး ငါ့ကားထဲမှာ ဝက်အူလှည့်တို့၊ တူတို့၊ ခွတို့ဆိုတဲ့ လက်နက်တွေက အသင့်ပဲလေ''

''ယူနွတ်ဘိုင်က အစတော့ ငြင်းနေတာပေါ့ကွာ။ နောက်တော့ ကိုယ်ဖန်တီးထားတဲ့ ဇာတ်လမ်းထဲမှာ မျောနေပြီး အင်းမလုပ်၊ အဲမလုပ်နဲ့ ငြိမ်ပြီးနားထောင်နေတယ်။ ယူနွတ်ဘိုင်ကို ကြည့်ရတာ ကိုယ်ရဲ့လုပ်ဇာတ်က ယူနွတ်ဘိုင်ရဲ့လက်တွေ့လုပ်ရပ်နဲ့ တစ်ထပ်တည်း ဖြစ်နေတယ်နဲ့တူပါတယ်''

ဟု ဦးဆွေက ပြောပြလိုက်လေသည်။

*** ***

သုံးရက်ကြာသောအခါ ...

ယူနွတ်ဘိုင်သည် သူ၏နေအိမ်ပြတင်းပေါက်မှနေ၍ ဦးဆွေကို အပြင်သွားရန် လက်ဟန်ပြလိုက်သဖြင့် ဦး



www.burmeseclassic.com

www.burmeseclassic.com

ဆွေက ခေါင်းညိတ်ပြလိုက်၏။

ရှုခင်းသာ မြို့ပတ်လမ်း တစ်နေရာ၌ ဦးဆွေ၏ ကိုယ်ပိုင်ကားလေးသည် သစ်ပင်ရိပ်အောက်တွင် ရပ်ထားသည်။

ကားပေါ်၌ ဦးဆွေနှင့် ယူနွတ်ဘိုင်တို့နှစ်ယောက်သား ထိုင်၍စကားပြောနေကြသည်။

"ဦးလေးကို ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော်လည်း အများကြီးမှားသွားပါတယ်။ ဦးလေးတို့ ရွှေတွေနဲ့ ငွေငါးသောင်းကို ကျွန်တော်ယူမိပါတယ်"

"ဦးလေး ပေးချင်တဲ့အပြစ်ကို ပေးပါ။ ကျွန်တော်ခံပါ့မယ်။ ဒါပေမယ့် ကျွန်တော့်ကိုတော့ ရဲကိုမတိုင်ပါနဲ့။ ရပ်ကွက်လူကြီးတွေကိုလည်း မတိုင်ပါနဲ့နော်"

ယူနွတ်ဘိုင်သည် ညှိုးငယ်သော မျက်နှာထားနှင့် ဦးဆွေကို ဝန်ချတောင်းပန်နေ၏။

ယူနွတ်ဘိုင်၏ ဝန်ခံစကားကို ကြားလိုက်ရသော ဦးဆွေမှာ ဝမ်းသာအားရ ဖြစ်သွား၏။

သို့သော် ယူနွတ်ဘိုင် ရိပ်စားမိမှာစိုး၍ ဣန္ဒြေဆည်ကာ ဝမ်းသာမှုများကို မျိုသိပ်ထားလိုက်ရ၏။

"အေး . . . ငါသိပါတယ်။ ဒါကြောင့်လည်း မင်းတို့မိသားစု ဒုက္ခမရောက်စေချင်လို့ ဘယ်သူ့ကိုမှ အသိမပေးဘဲ ခုလို တို့နှစ်ယောက်တည်း အပေးအယူလုပ်ရတာပေါ့"

"ငါ့ကို ရွှေတွေပြန်ပေးပြီး ပိုက်ဆံငါးသောင်းကိုတော့ မင်းပဲယူလိုက်ပါ။ ငါ ကျေနပ်ပါတယ်"

သနားကြင်နာသော ဟန်အမူအရာလုပ်၍ ဦးဆွေက ပြန်ပြောလိုက်သည်။

"ရွှေတွေ မရှိတော့ဘူး ဦးလေး။ ရွှေတွေကို ရောင်းလိုက်ပြီ။ ကျွန်တော့်သူငယ်ချင်းကို ရောင်းခိုင်းလိုက်တာ ၁၂ သိန်းရပါတယ်။ ၄ သိန်းကတော့ ကျွန်တော့်ညီမလေး ဆေးရုံတက်ရလို့ ကုန်သွားပါပြီ။ ကျွန်တော့်လက်ထဲမှာ ၈ သိန်းပဲ ကျန်တော့တယ်"

ယူနွတ်ဘိုင် ပြောစကားကိုကြားလိုက်ရသော ဦးဆွေသည် ထိတ်လန့်အံ့ဩသွား၏။

"ဟေ့ကောင် . . . မင်းဟာက မဟုတ်သေးပါဘူး။ ငါ့ရွှေတွေက ရှစ်ကျပ်သားကျော်တယ်ကွ။ တစ်ကျပ်သားကို ခြောက်သိန်းပဲထားဦး။ ခြောက်ရှစ်လီ လေးဆယ့်ရှစ်၊ လေးဆယ့်ရှစ်သိန်းဖိုးကွ"

"မသိပါဘူး ဦးလေးရယ်။ ကျွန်တော့်သူငယ်ချင်းက ရွှေတွေအားလုံး ယူသွားပြီး ကျွန်တော့်ကို ၁၂ သိန်းပဲ ရတယ်လို့ ပြောတယ်"

"ဒါဆိုရင် မင်းကို မင်းသူငယ်ချင်းက ဘတ်ပြီနဲ့တူတယ်။ မင်းသူငယ်ချင်းဆိုတာ ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ။ ဒီကောင်ကို ငါနဲ့တွေ့ပေးစမ်းပါ"

"သူငယ်ချင်းက သကၠန်းကျွန်းမှာနေတာ။ အခု သူမရှိဘူး။ မော်လမြိုင်ကို သွားနေတယ်"

"မင်းသူငယ်ချင်းက ဘယ်တော့ ပြန်လာမှာလဲ"

"လေးငါးရက်တော့ ကြာမယ်လို့ ပြောတာပဲ"

"ဒီလိုလုပ်ကွာ။ မင်းသူငယ်ချင်း ပြန်လာရင် ရွှေတွေဘယ်မှာရောင်းလိုက်တယ်ဆိုတာ သေသေချာချာမေးပြီး ငါ့ကိုပြော။ မင်းက လည်မလိုလိုနဲ့ တော်တော်အ,တဲ့ကောင်ပဲ။ သိန်း ၄၀ ကျော်တဲ့ရွှေတွေကို ၁၂ သိန်းပဲပေးတာ။ မင်းမို့လို့ လက်ခံတယ်"

"ကျွန်တော်မှ ရွှေမရောင်းဖူးတာ။ သူပေးသလောက်ပဲ ယူလိုက်ရတာ"

"အေး . . . ကောင်းတယ်။ အခုတော့ သူခိုးလက် သဝှက်လုဆိုတာ ဖြစ်နေပြီ"

"ဟုတ်တယ် . . . ဦးလေးရယ်။ ကျွန်တော့်သူငယ်ချင်း ပြန်လာရင် ဒီကောင့်ဆီကနေ ပိုက်ဆံ ထပ်တောင်းပေးပါ့မယ်"

"ငါက ပိုက်ဆံလိုချင်တာမဟုတ်ဘူးကွ။ ငါ့ရွှေတွေပဲ ငါလိုချင်တာ"

"ကျွန်တော် ဒီလိုလုပ်မိတာလည်း ဦးလေးတို့ကို ကျေးဇူးကန်းတာ မဟုတ်ပါဘူး။ မိသားစုစားဝတ်နေရေးကျပ်တည်းလွန်းလို့ ကြံမိကြံရာကြံလိုက်တာပါ။ ကျွန်တော့်ကိုခွင့်လွှတ်ပါလို့ အနူးအညွတ် ရှိခိုးတောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရွှေတွေက ရောင်းပြီးပြီဆိုတော့ ငွေပဲရတော့မှာပေါ့ ဦးလေးရယ်။ လောလောဆယ် ကျွန်တော့်မှာ ရှိနေတဲ့ ငွေရှစ်သိန်းကိုပဲ ဦးလေးယူထားလိုက်ပါ။

ကျွန်တော့်သူငယ်ချင်း မော်လမြိုင်က ပြန်လာတာနဲ့ ကျန်တဲ့ငွေကို ထပ်ရှင်းခိုင်းပါ့မယ်"

ဦးဆွေသည် ယူနွတ်ဘိုင်ပြောစကားများကို ယုံတစ်ဝက် မယုံတစ်ဝက် ဖြစ်နေ၏။

"ကဲ ... ဒါဆိုရင် မင်းမှာရှိတဲ့ ရွှေရောင်းထားတဲ့ ငွေရှစ်သိန်းကို ငါ့ကိုပေးထား။ ကျန်တာကိုတော့ မင်းသူငယ်ချင်း ပြန်လာတာနဲ့ ထပ်တောင်းပေး။ ဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော် မနက်ဖြန် ငွေရှစ်သိန်း လာပေးပါ့မယ်"

"ကောင်းပြီ မနက်ဖြန် မင်းနဲ့ငါ ဒီနေရာမှာပဲ တွေ့ကြတာပေါ့"

*** ***

ရွှေတွေ ခိုးထားပါတယ်လို့ ယူနွတ်ဘိုင်ကိုယ်တိုင်က ဝန်ခံပြောလိုက်သော စကားများနှင့် ကားပေါ်၌ ယူနွတ်ဘိုင်နှင့် ဦးဆွေတို့ ပြောခဲ့ကြသည့် အကြောင်းများအား ဒေါ်ခင်ခင်ကို ဦးဆွေက ဝမ်းပန်းတသာဖြင့် ပြန်လည်ပြောပြလိုက်သည်။

"ဒါဆိုရင် ခင်ခင်တို့ရွှေတွေ ခိုးတဲ့တရားခံဟာ ယူနွတ်ဘိုင်ဆိုတာ သေချာပြီပေါ့"

"အေး ... တရားခံတော့ ပေါ်ပါရဲ့။ ဒါပေမယ့် ရွှေတွေကို ပြန်မရတာက ခက်တယ်။ ကိုယ်တစ်ခုတော့ စဉ်းစားမိတယ်။ သိန်း ၄၀ လောက်တန်တဲ့ ရွှေတွေကို ၁၂ သိန်းပဲ ရတယ်ဆိုတာတော့ မဖြစ်နိုင်ဘူးကွ။ ယူနွတ်ဘိုင် တို့ကို ညာနေတာပဲ ဖြစ်ရမယ်"

"ဘာဖြစ်ဖြစ်ပေါ့ရှင်။ တရားခံပေါ်မှတော့ အခြေအနေကောင်းပြီပေါ့"

"ယူနွတ်ဘိုင်ကို ချည်ပြီး၊ တုပ်ပြီးဖြစ်အောင်တော့ လုပ်ထားဖို့ လိုလိမ့်မယ်"

ဦးဆွေသည် ခေတ္တခဏ စဉ်းစားလိုက်ပြီး ...

"ရွှေတွေကို ခိုးထားပါတယ်ဆိုတဲ့ ဝန်ခံချက်ရယ်၊ ရွှေရောင်းရ ငွေရှစ်သိန်းကို ပြန်ပေးပါတယ်ဆိုတဲ့ အထောက်အထားကို ပရိယာယ်ဆင်ပြီး ဝန်ခံကတိစာရွက်ပေါ်မှာ ယူနွတ်ဘိုင်လက်မှတ်ကိုရအောင် ယူထားရမယ်"

ဦးဆွေသည် စဉ်းစားတွေးတောလျက် ပြောလိုက်လေသည်။

*** ***

ဦးဆွေနှင့် ယူနွတ်ဘိုင်တို့သည် တွေ့ဆုံနေကျ နေရာ၌ ကားကိုရပ်လိုက်သည်။ ယူနွတ်ဘိုင်သည် ကြွပ်ကြွပ်အိတ် အမည်းရောင်ဖြင့် ထည့်ထားသော ငွေထုပ်ကို ဦးဆွေလက်ထဲသို့ လှမ်းပေးလိုက်ရင်း ပြောလိုက်၏။

"ကျွန်တော့်မှာ ကျန်နေတဲ့ ငွေရှစ်သိန်းပါ ဦးလေး"

ဦးဆွေသည် ငွေထုပ်ကိုယူ၍ ပြော၏။

"ရှစ်သိန်း ပြည့်ပါတယ်နော်"

"ပြည့်ပါတယ် ဦးလေး။ ကျွန်တော် တစ်ပြားမှ ချန်မထားပါဘူး။ ငွေတွေအားလုံး ယူလာခဲ့တာပါ"

"ဒီတစ်ခါတော့ မင်းကို ငါခွင့်လွှတ်လိုက်ပါ့မယ်။ နောက်တစ်ခါ ငါတို့ ပစ္စည်းတွေကို မခိုးတော့ပါဘူးလို့ မင်း ကတိပေးနိုင်မှာလား"

"ပေးနိုင်ပါတယ် ဦးလေး။ ကျွန်တော် ဘယ်တော့မှ ဒီလို ခိုးတဲ့အလုပ်ကို မလုပ်တော့ပါဘူး"

"ဒီလို ပါးစပ်လေးနဲ့ လွယ်လွယ်ကတိပေးလို့တော့ မရဘူး။ ယူနွတ်ဘိုင် ငါက မင်းကျူးလွန်ထားတဲ့ ခိုးမှုကြီးကို ရဲလည်းမတိုင်တဲ့အပြင် မင်းကို အပြစ်မယူဘဲ ခွင့်လွှတ်ခဲ့တာ မင်းအသိပဲ။ အဲဒီတော့ မင်းဘက်ကလည်း ငါတို့ကျေနပ်အောင် တစ်ခုခုတော့ လုပ်ပေးရလိမ့်မယ်"

"ရပါတယ် ဦးလေး။ ကျွန်တော် ဘာများလုပ်ပေးရမလဲ"

"မင်းလုပ်ပေးရမှာ မခဲယဉ်းပါဘူးကွာ။ မင်းအနေနဲ့ နောက်နောင် ဒီလိုမျိုး ငါတို့ပစ္စည်းတွေကို ခိုးမယူပါဘူးဆိုတဲ့ ဝန်ခံကတိစာရွက်မှာ မင်းကိုယ်တိုင် လက်မှတ်ရေးထိုးပေးဖို့ပါပဲ။ အဲဒီလို ကတိပြုပြီး နောက်တစ်ခါ ထပ်လုပ်မယ်ဆိုရင်တော့ ငါ့ကို အဆိုးမဆိုနဲ့ပေါ့ကွာ။ နောက်တစ်ခါဆို မင်းကို ငါလုံးဝ ခွင့်မလွှတ်တော့ဘူး"

"ဟုတ်ကဲ့ ဦးလေး။ ကျွန်တော့်ကိုတော့ ရပ်ကွက်လူကြီးတွေ၊ ရဲတွေနဲ့ မတိုင်ပါနဲ့နော်"

"စိတ်ချပါကွာ။ ငါဘယ်သူ့ကိုမှ မတိုင်ပါဘူးလို့ ပြောပြီးပြီပဲ။ မင်းတို့ မိသားစုဘဝကို ငါကြည့်ပြီး သနားနေလို့ မင်းရွှေတွေ ခိုးတာကို ဘယ်သူမှမသိအောင် ဖုံးဖိထားတာ။ ငါ့မိန်းမကိုတောင် ငါမပြောပါဘူး။ မင်းနဲ့ငါ နှစ်ယောက်ပဲသိတာ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဒီလိုလုပ်မိတာလည်း ဦးလေးတို့ကို ကျေးဇူးကန်းတာ မဟုတ်ပါဘူး။ မိသားစု စားဝတ်နေရေးက ကျပ်တည်းလွန်းလို့ ကြံမိကြံရာ ကြံလိုက်တာပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ အနူးအညွတ် ရှိခိုးတောင်းပန်ပါတယ်"

"အေးပါကွာ။ နောက် ဒါမျိုးမလုပ်နဲ့ပေါ့။ ဒီမှာ မင်းကွ ငါ့ကို ငွေရှစ်သိန်းပေးတဲ့အကြောင်းရယ်၊ နောက်နောင် ခိုးဝှက်တဲ့အလုပ် မလုပ်ပါဘူးဆိုတဲ့ ကတိဝန်ခံချက်တွေကို ငါရေးလာခဲ့တယ်။ အဲဒီစာရွက်ပေါ်မှာ မင်းလက်မှတ်ထိုးပေးပါ။ ဒါကလည်း ဘာမှတော့ အရေးမကြီးပါဘူး။ ဒါပေမယ့် နှုတ်တစ်ရာ စာတစ်လုံး ဆိုသလိုပေါ့ကွာ။ မင်းက ငါ့ကို ငွေရှစ်သိန်းပေးလိုက်ရပါတယ်ဆိုတာကို အထောက်အထား ယူထားတာပါ။ ဒီအထောက်အထားမရှိရင် ဘယ့်နှယ်လုပ်မလဲ။ ဒါကြောင့်ပါကွာ။ ကဲ . . ငါရေးထားတဲ့ ဝန်ခံကတိကို ဖတ်ပြမယ်။ မင်းနားထောင်"

ဦးဆွေသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ဝန်ခံကတိပြုရေးထားသော စာအား ယူနွတ်ဘိုင်ကြားနိုင်ရန် အသံထွက် ဖတ်ပြလိုက်သည်။

**ဝန်ခံကတိပြုခြင်း**

ရက်စွဲ ၂၀၀၉ ခုနှစ်၊ မတ်လ ၂ ရက်။ ဦးဆွေနှင့် ဒေါ်ခင်ခင်တို့ ပိုင်ဆိုင်သော ရွှေထည်ပစ္စည်းများနှင့် ငွေသားကျပ် ငါးသောင်းတို့အား ကျွန်တော် ယူနွတ်ဘိုင်သည် ၂၁-၁-၀၉ ရက်နေ့ နံနက် ၅း၃၀ နာရီခန့် အချိန်၌ ပြတင်းပေါက်မှ ခိုးယူခဲ့မိပါသည်။

ယင်းခိုးယူထားသော ရွှေထည်ပစ္စည်းများကို ကျွန်တော်၏ မိတ်ဆွေအား ရောင်းချခိုင်းခဲ့ရာ ကျပ်ငွေ ၁၂ သိန်းသာ ရရှိခဲ့ပါသည်။

ထိုငွေများထဲမှ ကျပ်ငွေလေးသိန်းကို ကျွန်တော်၏ညီမဖြစ်သူ ကျန်းမာရေးအတွက် သုံးစွဲခဲ့ရပါသည်။

ကျန်ရှိသည့် ငွေကျပ်ရှစ်သိန်းကို ရွှေထည်ပစ္စည်းများပိုင်ရှင် ဦးဆွေအား ၂-၃-၂၀၀၉ ရက်နေ့၌ ကျွန်တော် ယူနွတ်ဘိုင်ကို ခွင့်လွှတ်ကြေအေးပေးပါရန်အတွက် တောင်းပန်၍ ပေးအပ်ခဲ့ပါသည်။

နောက်နောင်ကို ယခုကဲ့သို့ ခိုးယူခြင်းအမှုအား မပြုလုပ်တော့ပါဟု ကျွန်တော်ယူနွတ်ဘိုင်မှ ဝန်ခံကတိပြုအပ်ပါသည်။

*ဦးဆွေ*
*ရွှေထည်ပစ္စည်းပိုင်ရှင်/*
*ငွေလက်ခံသူ*

*ယူနွတ်ဘိုင်*
*ဝန်ခံကတိပြုသူ/ငွေပေးအပ်သူ*

ဦးဆွေသည် အဆင်သင့်ရေးလာခဲ့သော ဝန်ခံကတိပြုခြင်းစာအား အစအဆုံး ဖတ်ပြပြီးနောက် စာရွက်နှင့် ဘောလ်ပင်ကို ယူနွတ်ဘိုင်ကို ပေးလိုက်၏။

ယူနွတ်ဘိုင် လက်မှတ်ထိုးရမည့် နေရာကိုပါ လက်ထောက်ပြလိုက်၏။

ယူနွတ်ဘိုင်သည် ဝန်ခံကတိပြုစာရွက်ပေါ်၌ လက်မှတ်ရေးထိုးလိုက်သည်။ ဦးဆွေသည် ယူနွတ်ဘိုင်ရေးထိုးပေးသော လက်မှတ်ကို ယူကြည့်ပြီး

"ယူနွတ်ဘိုင် မင်းလက်မှတ်က ဗမာလိုလား၊ ကုလားလိုလား။ မရှင်းဘူးကွ။ ဒါ မင်းလက်မှတ် ဟုတ်ရဲ့လား။ ရှုပ်ပါတယ်ကွာ။ မင်းဘယ်ဘက်လက် ငါ့ကိုပေးစမ်း"

ဟု ဦးဆွေသည် ပြောပြောဆိုဆို ယူနွတ်ဘိုင်၏ ဘယ်ဘက် လက်မကို ကိုင်၍ အသင့်ပါလာသော စာကူးစက်မင်ဖြင့် သုတ်လိမ်းလိုက်သည်။

ယူနွတ်ဘိုင်ကိုယ်တိုင် ရေးထိုးထားသော လက်မှတ်ဘေးတွင် ယူနွတ်ဘိုင်၏ ဘယ်လက်မလက်ဗွေပုံစံကို နှိပ်ခိုင်းလိုက်၏။

"ရွှေတွေရောင်းပေးတဲ့ မင်းသူငယ်ချင်းကို ငါက ဘယ်လောက်စောင့်ရဦးမှာလဲ"

ဟု ဦးဆွေက မေးလိုက်သည်။

"တစ်ရက်နှစ်ရက်ဆို ရောက်တော့မှာပါ ဦးလေး"

"သူရောက်လာတာနဲ့ ငါ့ကိုပြောနော်။ မင်းပြောလို့မရရင် ငါကိုယ်တိုင် လိုက်ပြောမယ်"

"ဟုတ်ကဲ့ပါ။ သူရောက်လာတာနဲ့ ကျွန်တော် ဦးလေးကို ပြောပါ့မယ်"

ဦးဆွေသည် ယူနွတ်ဘိုင် ပေးလိုက်သော ငွေရှစ်သိန်းအိတ်နှင့် ဝန်ခံကတိပြုခြင်း စာရွက်တို့ကို ကျေနပ်နှစ်သက်စွာကြည့်၍ ပြုံးလိုက်လေသည်။

*** ***

ဦးဆွေသည် ရဲစခန်းသို့သွား၍ ဒုရဲအုပ်ဇော်ဝင်းနိုင်အား ယူနွတ်ဘိုင်နှင့်ပြောဆိုဖြစ်ပျက်ခဲ့သော အကြောင်းအရာ ဖြစ်စဉ်များကို အသေးစိတ် ပြန်လည်ပြောပြလိုက်သည်။

ယူနွတ်ဘိုင်ထံမှ ရရှိခဲ့သော ငွေရှစ်သိန်းနှင့် ဝန်ခံကတိပြုချက်စာအား ဒုရဲအုပ် ဇော်ဝင်းနိုင်ကို ပေးအပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဒုရဲအုပ်ဖော်ဝင်းနိုင်သည် ဦးဆွေ တင်ပြလာသော အကြောင်းအရာများ၊ ဝန်ခံကတိပြုချက်စာနှင့် ငွေရှစ်သိန်းတို့ကို သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်း၍ ယူနွတ်ဘိုင်ကို ချက်ချင်း သွားရောက်ဖမ်းဆီးလိုက်လေသည်။

တရားခံအဖြစ် သတ်မှတ်လိုက်သော ယူနွတ်ဘိုင်အား ရဲစခန်းအချုပ်၌ ချုပ်နှောင်ထားပြီး ဒုရဲအုပ်ဖော်ဝင်းနိုင်နှင့် ရဲကြပ်ကြီး အောင်ကျော်၊ ဒုရဲကြပ် ကျော်ကြီးတို့အဖွဲ့သည် ယူနွတ်ဘိုင်ကို အလှည့်ကျ ခေါ်ယူစစ်ဆေးကြလေသည်။

*** ***

ယူနွတ်ဘိုင်သည် ဦးဆွေတို့၏ ရွှေများကို ခိုးယူခဲ့ပြီး ရေတွင်းအပေါင်ဆိုင်နှင့် လင်းတောက်ထွန်း အပေါင်ဆိုင်တို့၌ ယူနွတ်ဘိုင်ကိုယ်တိုင် ကိုဦးအမည်ဖြင့် ရွှေထည်ပစ္စည်းများကို နှစ်ခါခွဲ၍ ပေါင်နှံထားခဲ့ကြောင်းကို ရဲစခန်းတွင် စစ်ဆေးစဉ်အခါက ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယူနွတ်ဘိုင်က ရွှေထည်များကို သူ၏သူငယ်ချင်းအား ရောင်းခိုင်းခဲ့သည်ဆိုခြင်းမှာ ဦးဆွေအား လိမ်လည်လှည့်ဖြား၍ ညာပြောလိုက်ခြင်းဖြစ်၏။

ယူနွတ်ဘိုင် ခိုးယူ၍ ပေါင်နှံထားခဲ့သည်ဆိုသော ရွှေထည်ပစ္စည်းများကို အမှု၌ သက်သေခံပစ္စည်းများအဖြစ် ပြန်လည်သိမ်းဆည်းရန်အတွက် ဒုရဲအုပ်ဖော်ဝင်းနိုင် ခေါင်းဆောင်ပါဝင်သော ရဲအဖွဲ့သည် တရားခံယူနွတ်ဘိုင်၊ တရားလို ဦးဆွေနှင့် အသိသက်သေအဖြစ် ရပ်ကွက်လူကြီးများကို ခေါ်ယူပြီး ရေတွင်းအပေါင်ဆိုင်နှင့် လင်းတောက်ထွန်းအပေါင်ဆိုင်များသို့ သွားရောက်ကြလေသည်။

ရေတွင်းအပေါင်ဆိုင်၌ ကိုဦးအမည်ဖြင့် ယူနွတ်ဘိုင်ကိုယ်တိုင် ပေါင်နှံခဲ့သော ရွှေလက်ကောက် ရှစ်ကွင်းနှင့် ရွှေလက်စွပ် သုံးကွင်းတို့ကို တရားလိုဦးဆွေအားပြသ၍ ပျောက်ဆုံးသွားသော ရွှေထည်ပစ္စည်းများ ဟုတ်မှန်မှု ရှိ/မရှိ ဒုရဲအုပ် ဖော်ဝင်းနိုင်က မေးမြန်းစစ်ဆေးသည်။ ဦးဆွေ၏ ပစ္စည်းများမှန်ကန်ကြောင်း ဝန်ခံသဖြင့် ရွှေထည်ပစ္စည်းများကို သက်သေခံပစ္စည်းများအဖြစ် ရှာဖွေပုံစံတွင် ရေးသွင်းပြီး သိမ်းဆည်းခဲ့သည်။

လင်းတောက်ထွန်း အပေါင်ဆိုင်တွင်လည်း ထိုနည်းတူစွာပင် ရွှေဆွဲကြိုးသုံးကုံးနှင့် ရွှေဆွဲပြား တစ်ခုတို့ကို ယူနွတ်ဘိုင်သည် ကိုဦးအမည်ဖြင့် ပေါင်နှံထားခဲ့သည်။

ယူနွတ်ဘိုင် ပေါင်ထားခဲ့သော ရွှေထည်ပစ္စည်းများကိုလည်း တရားလိုမှ စစ်ဆေးကြည့်ရှုပြီး ၎င်း၏ ရွှေထည်ပစ္စည်းများ ဟုတ်မှန်ကြောင်း ဝန်ခံပြောဆိုသဖြင့် အပေါင်ခံထားသည့် ရွှေထည်ပစ္စည်းများအား သက်သေခံပစ္စည်းများအဖြစ် ရှာဖွေပုံစံတွင် ရေးသွင်း၍ ရဲအဖွဲ့မှ သိမ်းဆည်းခဲ့လေသည်။

*** ***

သာကေတမြို့ အမှတ်(၁)ရဲစခန်းမှ တရားခံယူနွတ်ဘိုင်အား ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် သာကေတမြို့နယ် တရားရုံးသို့ အမှုဆွဲတင်လိုက်သည်။

သာကေတမြို့နယ် တရားရုံးမှ တရားသူကြီးသည် တရားလို၊ တရားခံနှင့် အသိသက်သေများကို စစ်ဆေးကြားနာခဲ့လေသည်။

တရားခံ ယူနွတ်ဘိုင် ကိုယ်တိုင်ကလည်း ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်ငါးသောင်းကို ခိုးယူခဲ့မိ၍ မိမိမှာ အပြစ်ရှိကြောင်း တရားသူကြီးရှေ့မှောက်၌ ဝန်ခံခဲ့လေသည်။

ထို့ကြောင့် ပြစ်မှုထင်ရှားသဖြင့် တရားခံ ယူနွတ်ဘိုင်အား အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်ကျခံစေရန် တရားသူကြီးက အမိန့်ချမှတ်ခဲ့လေသည်။


သက်သေခံ ရွှေထည်ပစ္စည်းများကို ပိုင်ရှင်ဖြစ်သူ တရားလို ဦးဆွေထံ သို့ ပြန်လည်ပေးအပ်ရန်၊

တရားခံ ယူနွတ်ဘိုင်၏ လက်ဝယ်မှ သိမ်းယူရရှိထားသော သက်သေခံ ငွေကျပ်ရှစ်သိန်းအနက်မှ တရားလိုဦးဆွေအား ငွေသားကျပ်ငါးသောင်းတိတိ ပြန်လည်ပေးအပ်ရန်၊ ကျန်ရှိသော ငွေကျပ် ခုနစ်သိန်းငါးသောင်းကို ရေတွင်းအပေါင်ဆိုင်သို့ ကျပ်သုံးသိန်းငါးသောင်း ပေးအပ်ရန်၊ လင်းတောက်ထွန်း အပေါင်ဆိုင်သို့ ကျပ်ငွေ သုံးသိန်းတိတိ ပေးအပ်ရန် တရားသူကြီးမှ အမိန့်ချမှတ်ခဲ့လေသတည်း။ ။

**ရန်ကုန်မြင့်ဆွေ**

*(စာရေးသူကိုယ်တိုင် ဖြစ်ပျက်ခဲ့သော တကယ့်ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံပါသည်။)*

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(တစ်)

လေသာတောင်၏ အရှေ့ဘက်တောမှ ဒဟပ်တောရွာသားကြီး ဘဘိုးရထံ ကျွန်တော်တို့တစ်တွေ မကြာမကြာ ရောက်ဖြစ်ကြ၏။ ဘဘိုးရက ကျွန်တော်တို့အား နယ်မြေကျွမ်းအောင်ဟုဆိုကာ တောထဲသို့ ခေါ်သွားတတ်သည်။ သူ၏တူတော်သည့် ဝသုန္ဒရရဲကင်းမှ ရဲတပ်ကြပ်ချစ်တင်လည်း ရံဖန်ရံခါ ပါလာတတ်သည်။ ယခုတစ်ခါ ဒဟပ်တောရွာသို့ သကြံန်ရှုံးရက်ရှည်ပိတ်ရက်များများသဖြင့် ကျွန်တော်နှင့် ကျွန်တော်၏ လက်တွဲဖော် မန္တလေးမုဆိုး ကိုတင့်ဆွေလည်း ပါလာသည်။ ရေဝန်ရုံးစာရေးကြီးဦးဖေမောင်လည်း ပါလာခဲ့၏။ သေနတ်သမား မုဆိုးသုံးယောက်မို့ ဘဘိုးရက ပျော်တပြုံးပြုံး ဖြစ်နေလေသည်။ သူတစ်ခုခု အကြံအစည် ရှိနေသည်ကို ကျွန်တော်က ရိပ်မိနေသည်။

''အဘိုးကြီး ကျွန်တော်တို့ကို ပြောစမ်း။ ခင်ဗျား ကျွန်တော်တို့ကို တစ်ခုခုခိုင်းချင်နေတယ် မဟုတ်လား။ အချင်းချင်းဘွေပဲ။ တည့်တည့်ပြောပါ ဘိုးရရယ်။ ခင်ဗျားလိုချင်တာ ကျွန်တော်တို့ ဘယ်တုန်းကများ ငြင်းဖူးလို့လဲ''

''ဟုတ်သားပဲ အဘရာ။ ပြောမှာသာပြောစမ်းပါ။ မုဆိုးနဲ့ ကျုပ်တို့က ဘဘိုးရထာဝရလက်တွဲလာခဲ့တာမဟုတ်လား။ ဘိုးရ တစ်ခုခုအခက်အခဲ ရှိနေတယ်လို့ ကျုပ်တို့သိနေတယ်။ ပြောစရာရှိတာ ပြောသာချလိုက်''

''ဒီလိုပါဗျာ။ ရွာပင်ကြီးရွာမြောက်ဘက်တောစပ်က ဥယျာဉ်တွေ ရှိတယ်မဟုတ်လား။ ထွန်းတင်တို့၊ လှမောင်တို့ ငှက်ပျောခိုင်တွေ ရင့်နေတာ သွားခုတ်ကြတယ်။ လူသုံးယောက်လေးယောက် သွားကြတာ ကျားသစ်နဲ့တိုးတယ်။ တောကောင်က လူတွေများလို့ ရှောင်ထွက်သွားတာ။ လူတစ်ယောက်မှ အန္တရာယ်မတွေ့ခဲ့ဘူး။ ဒါတောင် ကျားသစ်က မာန်ဖီနေလို့ ထွန်းတင်တို့လေးယောက်စလုံး ဝိုင်းပြီးသံကုန်အော်ပြီး ခြောက်လှန့်



www.burmeseclassic.com

www.burmeseclassic.com

တော့မှ တောထဲကို ပြန်ထွက်ပြေး သွားတယ်။ အဲဒီတောကောင် မြောက်ဘက်တောမှာပဲ ခိုနေမှာ။ မုဆိုးတို့နဲ့ ကျုပ်တို့ တောမောင်းကြည့်ကြရင် ကောင်းမလားလို့''

''ဘကိုးရ နှစ်သက်သလို စီစဉ်လေ။ ကျွန်တော်တို့ကတော့ ကန့်ကွက်ရန်မရှိ။ လောလောဆယ်တော့ ဗိုက်ဆာနေကြပြီဗျာ။ တောမောင်းတော့ ကျွန်တော်တို့ သက်သာတာပေါ့။ တောမမောင်းခင် ဗိုက်ဖြည့်ပါရစေဦး''

''အဆင်သင့် လုပ်ထားပါတယ် မုဆိုးရယ်။ ကျုပ်အမယ်ကြီးက ဒါလောက်မညံ့ပါဘူးလေ''

အမှန်လည်း ဘကိုးရ၏အိမ်သူ ရီးစံမယ်က ကျွန်တော်တို့အတွက် ထမင်းဝိုင်းကို အသင့်ပြင်ထားပြီးဖြစ်၏။ ခင်ရာဆွေမျိုး မြန်ရာဟင်းကောင်းဟု ဓဆိုရှိသည်။ ဘကိုးရနှင့် ကျွန်တော်တို့က ခင်မင်ကျွမ်းဝင်ကြသည်မှာ ပြောစရာမရှိ။ ဆွေမျိုးရင်းချာထက်ပင် ခင်မင်ခဲ့ပါသေးသည်။ ခင်မင်သူအရင်းချင်းမို့ တောထမင်းတောဟင်းလည်း ဖြစ်သည်ကြောင့် ထမင်းမြိန်ကြ၏။ သို့စေကာမူ ဆန္ဒစောနေကြသည့်အတွက် မြန်မြန်စား၊ မြန်မြန်သွားချင်နေကြပြီ။

''ကိုင်း .. ကိုဘကိုးရရေ၊ ခင်ဗျားလူတွေစုတော့လေ။ တောထဲဝင်ကြရအောင်၊ အချိန်ရှိတုန်း''

(နှစ်)

ကျွန်တော်တို့ အပြစ်တင်စောမိသဖြင့် မိမိကိုယ်ကိုပင်မိမိ အပြစ်တင်ရပေသေး၏။ ဘကိုးရက တောမောင်းမည့်အဖွဲ့ကို အသင့်စုထားပြီးနေပြီ ဖြစ်ပါသည်။ သူ၏အိမ်ဝိုင်းအပြင်မှာ အသင့်ရောက်နေကြပြီ။ လေသာတောင်ခြေသို့ ကျွန်တော်တို့အဖွဲ့ တစ်စုတစ်ဝေးကြီး ထွက်ခွာလာကြ၏။ လေသာတောင်တစ်ပိုက်က ကျွန်တော်တို့ မကြာမကြာ ရောက်ခဲ့ကြဖူး၍ နေရာဒေသက အစိမ်းသက်သက်မဟုတ်။ တောမောင်းမည့် ကြောပေါ်သို့ ခဏနှင့် ရောက်သွားကြပါသည်။

သေနတ်သမား လေးယောက်အတွက် သူ့နေရာကိုယ့်နေရာ ခွဲခြားလျက် နေရာချပေးသည်။ လေးသမားတွေ နေရာတကျဖြစ်ပြီးနောက်မှ တောခြောက်သမားတွေ တောမောင်းရန် ထွက်သွားကြ၏။ ရွှီခနဲ လေချွန်သံတစ်ချက် တော်တော်ကြာမှ ကြားလိုက်ရပြီးနောက် ဟေးကနဲ ဟိုးကနဲ တောမောင်းသံတွေ စတင်ကြားရလေသည်။ ဖုန်းခနဲ ဖိုင်းခနဲ ချုံဖုတ်တွေကို ရိုက်ပုတ်သံများ တောမောင်းသမားများ ယူဆောင်လာသော ဝါးလက်ခုပ်သံများ ဆူညံသံတွေ ပွက်ပွက်ညံနေသည်။ သေနတ်သမားများက တောမောင်း၍ထွက်လာကြမည့် တောကောင်တွေကို စိတ်ဇောကြီးစွာ စောင့်နေကြ၏။ တောကိုမူ စိတ်အတွင်းက သိပ်ကြီးဘဝင်မကျလှ။ တောကချုံတွေ ထူထပ်လွန်းသည်။ တောကောင်ငယ်လေးများဖြစ်သည့် ယုန်၊ ကြောင်နှင့် ချေ(ဂျီ)လောက်သာ ခိုအောင်းအိပ်စက်နေနိုင်သည့် တောဖြုတ်ဖြစ်သည်။ တောကောင်ကြီးတွေ ခိုနိုင်သည်တော့ မဟုတ်ချေ။ တောခြောက်သမားများ၏ အသံတွေ တစ်စတစ်စ နီးလာသည်။ ကျွန်တော် ထင်မှတ်ထားသလိုပင် ယုန်တစ်ကောင် ဦးစွာ ပြေးထွက်လာသည်။ သူ့နောက်မှ ချိုးချိုးချောက်ချောက် အသံမြည်ကာ ဆူးတောင်တွေ တစ်ထောင်ထောင်နှင့် ဖြူတစ်ကောင်၊ သည့်နောက်မှ တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ ထို့နောက် ဝေါင်ခနဲ ဝေါင်ခနဲ ဟောက်သံပြုကာ ချေ(ဂျီ)တစ်ကောင် ကြောက်လန့်တကြားပြေးထွက်လာသည်။ သေနတ်သမားများ သေနတ်ကိုပင် မြှောက်၍ မချိန်လိုက်ကြပါ။ ရည်မှန်းဦးတည်ချက်က ကျားသစ် ဖြစ်နေကြသဖြင့်ပင်။ ဝေါင်ကနဲ ဝေါင်ကနဲ အသံက တဖြည်းဖြည်း ဝေးသွားသည်။

တောခြောက်သမားများ အသံတွေ ပိုမို ကျယ်လောင်လာသည်။ တောကောင်ငယ်အသံကို ကြားလိုက်ရသည်လေ။ ဟေးခနဲ ဟေးခနဲ ဖုန်းခနဲ ဖုန်းခနဲ ချုံတွေရိုက်သံတွေ ထပ်မံကြားရသည်။ သို့သော် တောကောင် တစ်ကောင်တစ်မြီးမျှ ပေါ်မလာ။ သေနတ်သမားတွေ ရှေ့သို့ တောမောင်းသမားတွေ ချွေးသံများ တရွှဲရွှဲနှင့် ရောက်လာကြသည်။ စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။ ဟောဟဲလိုက်နေကြသည်။ တောတစ်တောမောင်းပြီး တောကောင်ကထွက်မလာဘူးလေ။ ယင်းနောက် ဘကိုးရ၏ အသံကျယ်ကျယ်ဖြင့် အားပေးသံကို ကြားလိုက်ရ၏။

''အားမလျှော့ကြနဲ့ ကောင်လေးတွေ။ တောကောင်က ဒီတောမှာ မုချခိုနေတာ။ ရှေ့က ဝါးဘိုးမြောင်ဘက်မှာ အသာဝပ်နေလိမ့်မယ်။ တောမောင်းသံတွေကြားပြီး ပုန်းနေမှာ အသေအချာပဲ။ သတိဝီရိယနဲ့ မောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြ။ နောက်လှန်လာရင် အန္တရာယ်ရှိတယ်။ မပေါ့ကြနဲ့”

အဘဘိုးရပြောစကားကို ဒဟပ်တောရွာသားတွေ လျစ်လျူမရှုဝံ့ကြ။ အားလုံး အတွေ့အကြုံရှိကြသော ရွာသားတွေ မဟုတ်လား။ တောကောင်များနှင့် ပတ်သက်၍ နားလည်သိရှိထားကြသည်မို့ သတိကိုရှေ့ထားကာ တောမောင်းကြ၏။ သားကောင်တွေ တစ်ခါတစ်ရံ နောက်လှန်တတ်ကြသည်။ အန္တရာယ်ကြီးသော တောကောင်ဆိုပါမူ ခြောက်သမားတို့အတွက် ဘေးဒုက္ခတွေ့ရတတ်သည်။ ဝံလိုတောကောင်၊ ကျားသစ်လိုတောကောင်နှင့် ဟင်းမျိုးကျားလို တောကောင်ကြီးများနှင့် တွေ့ရပါက အသက်ပင် ဆုံးရှုံးနိုင်ပါသည်။

တောခြောက်သမားများ၏ အသံတွေ ဆူဆူညံညံ ပြန်လည်ထွက်ပေါ်လာလေသည်။ ဟေး ‥ ဟေး ‥ လိုက်ဟ ‥ လိုက်ဟ။ အသံတွေက တော်တော်ကျယ်သည်။ သူတို့ခြောက်ထုတ်နေသည့် တောကောင်က ကျားသစ်ဆိုသည်ကို သေသေချာချာ သိနေ၍ဖြစ်၏။ ဘဘိုးရက ခြောက်သမားတွေနှင့် အတူပါလာနေသည်ဖြစ်၍လည်း သူတို့ အားတက်နေဟန်တူသည်။ ဒုတိယ မောင်းသည့်တောမှ ဦးစွာပြေးထွက်လာသော တောကောင်က ရစ်ဒုက်မောင်နှံ ဖြစ်၏။ သည့်နောက် ဝါးရုံရိပ်ခိုနေဟန် တူသည့် တောကြက်တစ်အုပ် ဖရှုးခနဲ ကြောက်လန့်တကြား ပျံထွက်ပြေးသွားကြလေသည်။ ထို့နောက် တောက ပြန်လည်ငြိမ်သက်သွားသည်။ မှန်းချက်မကိုက်၍ ဖြစ်ချိမ့်မည်။ ခြောက်သမားများ၏ အသံတွေ နည်းနည်းတိုးသွားသည်။ ခဏမျှအကြာ ဘဘိုးရ၏ အသံကိုကြားလိုက်ရ၏။

“မောင်းကြဟေ့ ‥ မောင်းကြ။ တောကောင် ဒီတောမှာ ခိုနေလိမ့်မယ်။ သားကောင်လေးတွေ ထွက်မလာကြဘူး။ သတိဝီရိယထားကြ။ အသံတွေ ကျယ်ကျယ်အော်။ အားထည့်အော်ကြ”

ဘဘိုးရ၏စကားကြောင့် ခြောက်သမားတို့၏ အသံတွေ ပိုမိုကျယ်လောင်လာသည်။ တစ်တောလုံး အသံတွေ ညံနေသည်။ တောကောင် ခိုအောင်းနေက မလွဲမသွေ ထွက်လာတော့မည်က သေချာသည်။ သေနတ်သမားများကလည်း မျက်လုံးတွေဖွင့် နားတွေစွင့်ထားနေကြသည်။ ဟေး ဟေး လိုက်ဟ လိုက်ဟ။ ခြောက်သမားများ၏ အသံများ ပွက်ပွက်ညံနေသည်။ ဖုန်းခနဲ ချုံတွေကိုတုတ်နှင့် ရိုက်သံ။ ဝါးလက်ခုပ်သံများ အဆက်မပြတ် ကြားရ၏။ ထိုအခိုက် ရွာသားတစ်ယောက်၏ စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်လိုက်သည့် အသံကို ကြားလိုက်ရသည်။

“တောကောင် ‥ တောကောင် ကုတ် ‥‥ ကုတ် ‥ သွားတယ်။ ကယ် ‥‥ ကယ်ကြပါဦး။ အံမယ်လေး”

“ဒီဘက်မှာ ဒီဘက်မှာ တောကောင်။ ဟာ ‥ ဟာ ‥ ကယ်ကြပါဦး။ ကျုပ်ပေါ်ရောက်နေပြီ။ အား ‥‥ အား ‥‥ လာကြပါဦး။ လာ ‥‥ လာ လာကြ”

အော်သံများကို ကြားရသည်က တောခြောက်သမားတို့ တောကောင်နှင့် တိုးနေပုံပင်။ တောကောင်သည် ခြောက်သမားများ၏ ကျယ်ကျယ်လောင်လောင် တောမောင်းသံတွေကြောင့် နောက်ဘက်သို့ လှန်ထွက်သွားပြီး နီးရာတောမောင်းရွာသား တစ်ဦးကို ခုန်တက်ကုတ်ခြစ်ခြင်း ဖြစ်နိုင်သည်။ တောကောင်ကုတ်ခြစ်ခံရသည့် ရွာသားက ကြောက်အားလန့်အား အော်သံကြောင့်ပင် လန့်ဖျပ်ထွက်ပြေးသွားခိုက် နောက်ထပ်တွေ့လိုက်ရသည့် ခြောက်သမားကို ကိုက်ခဲကုတ်ခြစ်ခြင်း ဖြစ်၏။ ဘဘိုးရနှင့် ရွာသားများ တောကောင်ကုတ်ခြစ်ခံရသည့် ရွာသားလဲကျနေရာသို့အရောက် တောကောင်ထွက်ပြေးသွားပြီဖြစ်လေသည်။ ကျားသစ်ကုတ်ခြင်းခံရသော ရွာသားက သွေးသံရဲရဲနှင့် လဲကျနေပြီဖြစ်ပါသည်။ ဒဏ်ရာက အတော်ပြင်းသည်။ ကျောတစ်ခုလုံး အရေခွံများ လန်နေသည်။ နောက်ဘက်မှ ခုန်ထွက်ကုတ်ခြစ်ခြင်းခံရသဖြင့် ကျောဘက်ကိုသာ ကုတ်ခြစ်ခံရခြင်းဖြစ်၏။ ရှေ့ဘက်မှသာ ကုတ်ခြစ်ခံခဲ့ရလျှင် တွေးဝံ့စရာမရှိ။ ဘဘိုးရက ဒဏ်ရာရထားသော ရွာသားနောက်တစ်ယောက်ကို သွားရောက်ကြည့်ရှုရာတွင် ထိုရွာသားကမူ တောကောင်က ပြေးရင်းလွှားရင်း ကုတ်ခံရခြင်းဖြစ်သဖြင့် ဒဏ်ရာက လက်မောင်းနှင့် ကျောကုန်း တစ်ဝက်လောက်သာ အရေပြားတွေ လန်သွားသည်။ သို့ဖြစ်၍ ဘဘိုးရက လူနာနှစ်ယောက်ကို ထမ်းစင်နှစ်ခု အမြန်ပြုလုပ်စေပြီး ဒဟပ်တောကျေးရွာ ဆေးပေးခန်းသို့ ပို့ဆောင်ရန်စီစဉ်ပေးသည်။

တောကောင်က နောက်ကြောင်းပြန်ကာ လှန်ထွက်သွားသည်။ ကနဦး တောမောင်းခဲ့သည့် တောတွင်သာ



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ခိုနေမည်က မြေကြီးလက်ခတ်မလွဲ။ သို့ဖြစ်၍ ထိုတောကိုပင် ပြန်မောင်းရန် ခြောက်သမျှအားနောက်သို့ပြန်စေသည်။ ကျွန်တော်တို့ သေနတ်သမားတို့ကလည်း ကနဦးအစက နေရာချထားပေးခဲ့သည့် လေးများအတိုင်း နေရာယူစေသည်။

"ကျုပ်တို့ အသင့်ဖြစ်ရင် လေချွန်မယ်။ တောစမောင်းတာနဲ့ သတိထားကြပေတော့။ ဒီတောကောင် လူကိုတွေ့တာနဲ့ ရန်မူတော့မှာ။ မျက်စိရှင်ရှင်ထားပြီးသာစောင့်၊ ဟုတ်ပြီလား"

မကြာမီ လေချွန်သံတစ်ချက်ကျယ်ကျယ်လောင်လောင် ကြားလိုက်ရ၏။ ခဏပင်မကြာ။ တောခြောက်သမားတို့၏အသံကို စတင်ကြားရသည်။ ဟေး ... ဟေး ... လိုက်ဟလိုက်ဟ။ ချုံဖုတ်တွေကို တဖုန်းဖုန်းရိုက်ပုတ်သံတွေ ညံနေသည်။ တောက ခပ်စောစောကအတိုင်း တောကြက်တစ်ကောင် ဖရူးခနဲ ထပျံလာသည်။ သည့်နောက် ယုန်တစ်ကောင်သာ ကြောက်အားလန့်အား ပြေးထွက်လာသည်။ ပြီးတော့ တိတ်ဆိတ်သွား၏။ ကျွန်တော်တို့ သေနတ်သမားတွေ တုတ်တုတ်မျှ မလှုပ်ဝံ့ကြ။ တောကောင် နောက်ကြောင်းပြန်ထွက်သွားမည်ကို စိုးရိမ်နေ၍ ဖြစ်ပါသည်။ နောက်ကြောင်းပြန်လျက် တောမောင်းသမားများကို အန္တရာယ်ပြုမည်ကို ပိုမို စိုးရိမ်နေကြ၏။

တောမောင်းသမားများ၏ အသံတွေ တဖြည်းဖြည်း နီးကပ်လာသည်။ ကျွန်တော်က သေနတ်ကို အသင့်ပြင်လျက် တင်းတင်းဆုပ်ကိုင်ကာ ရှေ့မြင်ကွင်းကို အာရုံစိုက်ထားသည်။ တောက တောပြုတ်ဖြစ်သဖြင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်ခြင်းမရှိလှ။ ကဲ့ကဲ့ပါးပါးမျှသာ နဘူးချုံများ ပေါက်ရောက်နေသည်။ မြင်ကွင်းက ရှုပ်မနေသဖြင့် တောကောင်ထွက်လာလျှင် ထင်ထင်ရှားရှား မြင်တွေ့နိုင်မည်ဖြစ်၏။ ရုတ်တရက် –

"ဟေး .. ဟေး ... လာပြီဟေ့ လိုက်ဟ ... လိုက်ဟ။ တောကောင် တောကောင် ... ပြေးသွားပြီ ပြေးသွားပြီ။ ရှေ့မှာဗျို့ ... ရှေ့မှာ"

တောခြောက်သမား တစ်ယောက်၏ ကျယ်ကျယ်လောင်လောင် အော်ဟစ်လိုက်သည့် အသံကို ကြားလိုက်ရသည်။ မရှေးမနှောင်းမှာပင် သေနတ်သမားများ၏ ညာဘက်အစွန်တွင် နေရာယူထားသော စာရေးကြီး ဦးဖေမောင်၏ နှစ်လုံးပြူးသေနတ်သံတစ်ချက် ကြားလိုက်ရ၏။

သည့်နောက် ကျွန်တော်၏ရှေ့ချုံပုတ် တစ်ခုကိုကွယ်ကာ လျှပ်ပြက်လိုက်သည့်အလား ရိပ်ခနဲ ဖြတ်ပြေးသွားသည်။ တောကောင်က အလွန်အန္တရာယ်ကြီးသည်။ အထူးသဖြင့် ကျားသစ်ဆိုသော သတ္တဝါက အဆိုးဆုံးဖြစ်သည်။ သည်တောကောင်သည် ရက်စက်သည်၊ ကောက်ကျစ်သည်။ ရန်သူမှဆိုးအား အသေအကျေ ပြန်လက်စားချေတတ်သည်။ ယခု ဦးဖေမောင် သင်းကို တစ်ချက်တည်းနှင့် မလှဲနိုင်ခဲ့သဖြင့် မှဆိုးအားနာကြည်းသွားပြီ။ လက်စားချေဖို့ မရမနေ တုံ့ပြန်ပေတော့မည်။ လေးတစ်ဆုံးအထိ တောကောင်ထွက်မလာဘဲ လမ်းဖျောက်ပြီး ဖောက်ထွက်သွားခဲ့သည်။ ကျားနှင့် ရင်ဆိုင်တွေ့ရင်နိုင်သစ်နာရန်ဘက် တွေ့ရင်ခက်ချေပြီ။ ကျွန်တော်တို့ သတိလစ်က ခံရလိမ့်မည်။ သို့ဖြစ်သဖြင့် ကျွန်တော်က တောခြောက်သမားများကို စကားအဆင့်ဆင့် အကြံပါးလျက် ဘဘိုးရကို တောမမောင်းတော့ဘဲ တောကောင်နောက်မှ စွပ်ကြောင်းရှာလျက် ခြေရာခံလိုက်ကြရန် ပြောလိုက်ရပေသည်။

ကျွန်တော်က ဘဘိုးရရောက်အလာမှာ အစီအစဉ်ကို ရှင်းလင်းပြောပြလိုက်၏။ တောခြောက်သမားတို့ကို ရွာသို့ပြန်လည်အနားယူစေပြီး သေနတ်သမားများကသာ တောကောင်နောက်ကို လိုက်စေရန် ဖြစ်ပါသည်။ အချိန်ကလည်း မကျန်တော့သဖြင့် မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် လှုပ်ရှားကြရန်ကိုပါ တိုက်တွန်းရပါသည်။ ရွာသားများကို အသေအချာ မှာကြားလိုက်သည်ဖြစ်ရာ တိတ်တိတ်ဆိတ်ဆိတ်ပင် ရွာသို့ပြန်သွားကြ၏။ ဘဘိုးရ ခေါင်းဆောင်လျက် စာရေးကြီးဦးဖေမောင် တောကောင်ကို နှစ်လုံးပြူးဖြင့် ပစ်ခတ်လိုက်သည့် ပစ်ကွင်းနေရာမှ စတင်ကာ သွေးစက်စွပ်ကြောင်းကို ရှာကြည့်ကြ၏။ ကံကောင်းထောက်မစွာ ပစ်ကွင်းနေရာတွင် သွေးစက်တွေကျနေရစ်သည်။ သွေးက ခပ်ပျစ်ပျစ်ဖြစ်နေသည်။ နလုံးကို ထိမှန်ခြင်းဖြစ်နိုင်သည်။ နလုံးကိုမှန်မှသာ သွေး ကအထွက်များပြီး ပျစ်ပျစ်ထွက်တတ်သည်။ ကျွန်တော်တို့ အားတက်သွားပြီး အမှတ်များ ဆက်ရှာသည်။ သွေးစက်အမှတ်များက တောကောင်နောက်မှ တောက်လျှောက်ကျန်ခဲ့သည်။ တောကောင်ဦးတည်ရာ လမ်း

www.burmeseclassic.com

ကြောင်းကို ခက်ခက်ခဲခဲ မရှာလိုက်ရဘဲနှင့် တွေ့မြင်ရပါသည်။ တောကောင်သည် ဒဏ်ရာရသွားသည် ဖြစ်ရကား ရင်ပူလာနေပြီမို့ ရေသောက်ဖို့ ရေကို အမြန်ရှာရသည်။ ရေစမ်းရှိရာ နေရာသို့ မုချသွားရောက်မည်က သေချာပါသည်။

ဘဘိုးရက ကျွန်တော့်ကို အချက်ပြလျက် ရှေ့မှခေါင်းဆောင်သွား၏။ တောသည် ချုံနွယ်ရှင်း၍ အောက်ခြေလင်းနေသည်။ အမှတ်များက မြေပေါ်တွင် တချို့အနီးအနားမှ သစ်ပင် ပင်စည်များတွင် စင်လျက်ကျန်ရစ်သည်။ လေသာတောင်ခြေ ရေစမ်းတစ်ဝိုက်တွင် သဖန်းပင်၊ တောင်သီးဖြူပင်၊ သစ်ဆိမ့်ပင်များ ရွက်ဖားဝေဝေ ပေါက်ရောက်လျက်ရှိနေသည်။ စမ်းချောင်းအနီးသို့ ဘဘိုးရ ရောက်ရှိသွားပြီး ခဏအကြာတွင် ကျွန်တော်တို့ကို လက်ယပ်ခေါ်လိုက်၏။ စမ်းရေတွေ နောက်ကျုနေဆဲဖြစ်သည်။ ရွှံ့တွေက အောက်ဘက်မှာ အနယ်ထနေသည်။ တောကောင် မကြာသေးမီကမှ ထသွားခြင်း ဖြစ်နိုင်ပါသည်။

"တောကောင် ရေစိမ်သွားပြီးပြီ။ ဒီအနီးအနားတစ်ဝိုက်မှာပဲ ခိုနေလိမ့်မယ်။ သတိတော့ သေသေချာချာထားပြီး ရှာကြည့်ကြ"

ကျွန်တော်၊ ကိုတင့်ဆွေ၊ စာရေးကြီး ဦးဖေမောင်တို့ ဝန်းကျင်အနှံ့ မျက်စိရှင်ရှင်ထားလျက် နေရာမလပ် ရှာဖွေကြည့်ရှုနေကြသည်။ ဘဘိုးရကလည်း ဝန်းကျင်ဝဲယာ ထက်အောက် မကျန် အမှတ်များကို ရှာကြည့်နေ၏။ ပစ်ကွင်းနှင့် အတော်ပင် ဝေးကွာလာပြီဖြစ်၍ အမှတ်တွေကို မတွေ့ရတော့။ သစ်ဆိမ့်ပင်တစ်ပင်အောက်သို့ ကနဦးမှာ ကိုတင့်ဆွေ ရောက်ရှိသွားခဲ့၏။ ကိုတင့်ဆွေသည် ကျွန်တော်တို့မုဆိုးအဖွဲ့တွင် သေနတ်ပစ် လက်ဖြောင့်သည်။ မျက်စိလျင်၊ နားပါးသည်။ ပါးနပ်သည့် မုဆိုးကောင်းတစ်ဦးဟု အများက အသိအမှတ်ပြုထားသူပင်။ သူက ဦးခေါင်းကို မော့ကာ သစ်ပင်ထက်သို့ ရှာဖွေနေလျက်ရှိ၏။ တစ်စုံတစ်ခုကို သင်္ကာမကင်း ဖြစ်နေဟန်တူသည်။ ကျွန်တော်တို့သည်လည်း ကိုယ်စီကိုယ်စီ အသီးသီး သစ်ပင်ထက်သို့ မော့ကြည့်ပြီး သားကောင်ကို ရှာဖွေနေသည်။

သစ်ဆိမ့်ပင်၏ ရွက်ဖားဝေဝေများကြောင့် ရုတ်တရက်မူ ဘာကိုမျှ မတွေ့မမြင်ကြရ။ တစ်ကိုင်းမှတစ်ကိုင်း တစ်ဖက်မှတစ်ဖက် နေရာပြောင်းကာ ရှာနေကြသည့်အခိုက် သစ်ကိုင်းတစ်ကိုင်းပေါ်မှ မည်းမည်း အရာတစ်ခု ဖြုန်းခနဲ ခုန်ချလာကာ စာရေးကြီး ဦးဖေမောင်၏ ကျောပေါ်သို့ ကျလာသည်။ ဝိန်းချိချိ ယိုင်နဲ့နဲ့ စာရေးကြီး မြေပေါ်သို့ လဲကျသွားသည်။ တောကောင်၏ ဝေါင်းခနဲ ဝေါင်းခနဲမာန်ဖီလျက် ဟိန်းသံသည် တောတစ်ခွင်မှာ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာလေသည်။ သားကောင်၏ ဟိန်းသံကြောင့် အတွေ့အကြုံရှိပြီး မုဆိုးများဖြစ်သည့်တိုင် ကျောတွင်းမှစိမ့်ကာ တဒင်္ဂမျှ ချောက်ချားသွားကြ၏။ သို့ပင်ဖြစ်စေကာမူ ရုတ်ခြည်းသတိဝင်ကာ စာရေးကြီးနှင့် လုံးထွေးနေသော တောကောင်၏အပါးသို့ ရောက်သွားကြလေသည်။

ကိုတင့်ဆွေက အခြေအနေကို ခေတ္တမျှစောင့်ဆိုင်းနေလိုက်ပြီး ကျ[illegible]နှင့် စာရေးကြီး ကွဲကွာသွားသည့် တစ်ခဏ တောကောင်၏ လက်နောက်သို့ သေနတ်နှင့် တစ်ချက်ချိန်လျက် ပစ်လိုက်၏။ ကိုတင့်ဆွေကိုင်ဆောင်သော သေနတ်က ဒသမ ၃၇၅ မက်ဂနမ်ရိုင်ဖယ်။

## (သုံး)

မုဆိုးနှင့်သားကောင် သူနိုင်ကိုယ်နိုင် အပြိုင်နွှဲ၊ အသက်ချင်း လောင်းကစားသည့်ပွဲမှာ မုဆိုးက နိုင်သွားခဲ့ပါပြီ။ သို့တစေ မုဆိုးတို့၏ဘက်မှလည်း အရှုံးများရှိပါသေးသည်။ စာရေးကြီး တောကောင်ကုတ်ခြစ်ခံရပြီး ရွာသားနှစ်ယောက်လည်း အပြင်းအထန် ဒဏ်ရာအနာတရ ဖြစ်ခဲ့ရပါသည်။ သေလောက်အောင် မဟုတ်စေကာမူ ရုပ်ပျက်ဆင်းပျက် မရှုမလှ ခံခဲ့ရပါသည်။ မည်သို့ပင်ဆိုစေ ရွာပင်ကြီးကျေးရွာတစ်ခွင် အနှောင့်အယှက်ပေးလျက်ရှိသည့် တောကောင်၏ အန္တရာယ်မှ ကင်းစင်သွားပါပြီ။ ဒဟပ်တောရွာသားကြီး ဘဘိုးရ၏ ကျေနပ်ပီတိအပြုံးကလည်း ကျွန်တော်နှင့်တကွ အတူလိုက်ပါလာကြသည့် ဒဏ်ရာရခဲ့သော ရေဝန်ရုံးစာရေးကြီး ဦးဖေမောင်အပါအဝင် အဖွဲ့သားအားလုံး၏ ရင်တွင်းနှလုံးထိတိုင် စွဲငြိတွယ်နေဆဲ ဖြစ်ပါသတည်း။

**ခင်မောင်အေး(မန္တလေး)**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■ ကျော်မင်းနိုင်

# အချစ်တစ္ဆေ

(ဇာတ်သိမ်းပိုင်း)

(၉)

သားကောင်ကို ပစ်ခွင့်မရဘဲ ခြောက်လှန့်သလို ဖြစ်ခဲ့ရသည့်အတွက် သားကောင်လိုက်ရကိန်းနှင့် ဆိုက်ချေပြီ။

ကျွန်တော်နှင့် ယဉ်အေးသီတို့ ချစ်နေကြသည့်အကြောင်း၊ စက်မှု တက္ကသိုလ်မရောက်မီ ဆယ်တန်းကျောင်းသား၊ ကျောင်းသူဘဝကပင် ကြိုက်နေကြသည့်အကြောင်း ကျွန်တော်က ကျွန်တော့်အမေကို ဖွင့်ပြောခဲ့မိသည်။

အိမ်မှာ နာတာရှည် လူမမာကြီး တစ်ယောက်လုံးရှိပါလျက် အလိုက်ကမ်းဆိုးမသိရလေကောင်းလားဟု အပြစ်တင်ကြလျှင်လည်း ကျွန်တော် ခံရပေတော့မည်။ အချစ်ပူဆာ မနေသာ၍ အချစ်နုနှင့် ကျွန်တော် မခံစားနိုင်တော့၍ ထွက်ပေါက်တစ်ခု ရလိုရငြား ရှာရခြင်းပါတည်း။

ရေနစ်သူသည် မြင်ရာ၊ ရရာ၊ မှန်းဆရာကို လှမ်း၍ မိမိအသက်ကလေးမှ ရှင်စေတော့ဟု ဆွဲမိဆွဲရာ ဆွဲမိခြင်းမျိုး။ သို့သော် ကျွန်တော်ဆွဲမိသည်က ကောက်ရိုးမျှင်။ ရေနစ်သူရော၊ ကောက်ရိုးမျှင်ပါ နစ်ရသည့်ကိန်း။ ဒါမှမဟုတ် ပါလျှင်လည်း ရေနစ်လျက်ရှိစဉ် ထိုးဝါး တစ်ချောင်းကို အားကိုးမိ၍ လှမ်းဆွဲမိခြင်းမျိုး။

ထိုးဝါးသည် ရေနစ်သူကို ကမ်းပေါ်သို့လည်း ဆွဲတင်ကာ အသက်ဘေးမှ လွတ်မြောက်စေနိုင်သည်။ ထိုးဝါးသည် ရေနစ်သူကို ဆွဲမတင်ဘဲ ရေဥ္စနစ်မြုပ်၍ အသက်ပါပျောက်စေတော့ဟု ထိုးဝါးကူ၍လည်း နှစ်သတ်စေပါ၏။

ကျွန်တော့်မိဘဆွေမျိုး အသိုင်းအဝိုင်းမှ ယဉ်အေးသီတို့မိဘတွေထံ စေ့စပ်ကြောင်းလမ်း၍ စကားလမ်းခင်းပြီးသည့်နောက် ပရိယာယ်ကြွယ်ဝသော ယဉ်အေးသီမိဘတွေထံမှ ငြင်းပယ်လက်တုံ့ပြန်စကားကို ကြားရပြီးလျှင် ယဉ်အေးသီနှင့် ကျွန်တော် တွေ့ခွင့်မရနိုင်ပါလေတော့။

သိပ်မကြာပါ။ ယဉ်အေးသီကို သူ့မိဘများက ကျောင်းမပြီးမီ အခြားသူတစ်ယောက်နှင့် စေ့စပ်ကြောင်းလမ်းလိုက်သည်။

ကျွန်တော်နှင့် ယဉ်အေးသီ တွေ့ခွင့်မကြုံ ဝေးနေရာက အဆွေးကြီးဆွေးရမည့် ကိန်းနှင့် ကြုံရလေပြီ။ ကျွန်တော် ဖြေသာအောင် ကြံဖန်ဖြေသိမ့်ပေမယ့် မဖြေသာတော့ပါ။ ဖြေသာအောင် တွေးနေမိသည့်ကြားက မပြေနိုင်စရာတွေ ပေါ်ပေါ်လာပြီး အခံရခက်လှပါချေပြီ။ မခံချင်စရာကောင်းသည်မှာ ထိုသူမှာ ကျွန်တော့်အား ဘယ်လိုအသာစီးရသွားသည်ကို ကျွန်တော်အဖြေရှာမရခြင်းပင်။

ယဉ်အေးသီနှင့် စေ့စပ်ကြောင်းလမ်းလိုက်သော ထိုသူမှာ ကျွန်တော့်လို တက္ကစီကားမောင်းသည့် မိသားစု၏ သားတစ်ယောက်ဖြစ်နေခြင်းပင်။ ကျွန်တော်က စက်မှုတက္ကသိုလ်ကျောင်းသား တစ်ယောက် ဖြစ်နေ၍ သူ့ထက် ထိုနေရာမှာပင် သာသည်ဟု ထင်ပါသည်။ ဒါက ကျွန်တော့်ဘက်ကို ကျွန်တော် အလေးသာနေခြင်းသာပါ။

"ခုခေတ်မှာ တက္ကသိုလ်ကျောင်းသားလည်း ဘာမှအထင်ကြီးစရာ မရှိတော့ပါဘူး။ ဘွဲ့ရတိုင်း အလုပ်ရတာမှ မဟုတ်တာ။ စီးပွားရေးအမြင်ရှိရင် လုပ်ငန်းတိုးတက်နိုင်တာပဲ။ ငွေရအောင် အလုပ်လုပ်ပြီး လုပ်ငန်းတိုးချဲ့သွားရုံပေါ့"

ဂန္ဓလရာဇ်ပြည်ကြီးသား အနွယ်ဝင် ယဉ်အေးသီတို့ စီးပွားရေးဈေးတွက် စကားတွေကို ကမ္ဘာမခြားသော တက္ကစီသမားတွေအချင်းချင်းဆီကပင် ကျွန်တော် မကြားချင်ဘဲ ပြန်ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယဉ်အေးသီနှင့် လက်ထပ်မည့်သူမှာ ကျွန်တော့်လိုပဲ တက္ကစီကိုယ်ပိုင်မောင်းသည်။ အတန်းပညာကျတော့ ဆယ်တန်းပင် မအောင်။ သူတို့မိသားစုမှာ လောလောဆယ် တက္ကစီနှစ်စီး ပိုင်ဆိုင်နေပြီး ဖအေကော သားပါ တစ်စီးစီ မောင်းနေကြသည်။ မိသားစုဝင် အစ်ကို တစ်ဦးမှာ နိုင်ငံခြားသင်္ဘောလိုင်း လိုက်နေလျက် မကြာခင် သူလည်း သူ့အစ်ကို အဆက်အသွယ်နှင့် သင်္ဘောလိုင်းတက်မည့်သူဖြစ်နေ၍ သင်္ဘောသားတွေ ခေတ်စားနေသော ထိုခေတ်ထိုအခါမှာ ကျွန်တော့်ထက် အားသာချက်ပေပဲဟု ပြောရမည်လားမသိတော့ပါ။

* * *

(၁၀)

သူတို့တက်က ပြောမည့်သာပြောသည်။ သူတို့လို တက္ကစီတစ်စီးကနေ နှစ်စီးဖြစ်ဖို့ သိပ်မခက်ခဲလှပါ။ ကျွန်တော် ကြိုးစား၍ အလုပ်လုပ်ပါက ဖြစ်နိုင်ပါသည်။ ကျန်းမာရေးကြောင့် အတိဒုက္ခရောက်နေရရှာသော ကျွန်တော့်ပထွေးကြီးအတွက် ဆေးဖိုးဝါးခ ကုန်ကျစရိတ်မှာ ခုဆို တက္ကစီနှစ်စီးဖိုးပင် ကျော်နေပြီ။ ကျွန်တော့်ပထွေးကြီး ကျန်းမာရေးကောင်းပြီး ထူထူထောင်ထောင် ပြန်ဖြစ်ပါက ထိုကိစ္စ ပူစရာမလိုတော့ပါ။

နိုင်ငံခြားသင်္ဘောလိုက်ဖို့ကကော ဘာခက်သနည်း။ ကျွန်တော်တို့စက်မှုတက္ကသိုလ်ကျောင်းသားများမှာ ပို၍နီးစပ်ပါသည်။ ဘွဲ့ရလျှင် အဆက်အသွယ်ရာပြီး သင်္ဘောတက်နိုင်ပါက သူတို့လို သင်္ဘောသားတောင်မဟုတ်။ သင်္ဘောသားအရာရှိပင် ဖြစ်နိုင်ပါသေးသည်။

အခြေအနေအပေါ် ဤကဲ့သို့ နှိုင်းယှဉ်သုံးသပ်မိသဖြင့် ယဉ်အေးသီမိဘများအပေါ် မခံချင်စိတ်တွေ မွေးမိသည်။ မိဘများစီမံရာကို အလွယ်တကူခေါင်းညိတ်ခဲ့သော ချစ်သူ ယဉ်အေးသီအပေါ်၌လည်း နာကြည်းခံပြင်းမိပါသည်။

သို့ဖြင့် သူလည်း သူ့လမ်းသူလျှောက်၊ ကိုယ်လည်း ကိုယ့်လမ်းကိုယ်လျှောက်၍ ဥပေက္ခာနလုံးသားပိုင်ရှင်ဘဝဖြင့် ကျောင်းစာသင်နှစ်များကို ပြီးဆုံးစေခဲ့ပါသည်။

ကျွန်တော်ကော ယဉ်အေးသီပါ ဘွဲ့ရရှိခဲ့ကြသည့်တိုင် မည်သည့်ဌာနမှာမှ အလုပ်မရရှိနိုင်ကြသေးပါ။ အဆက်အသွယ် အကော်အကပ်အခံရှိသူတွေသာ ကျွန်တော်တို့တွေ ထင်မထားသောဌာနတွေမှာ အလုပ်တွေ ရသွားကြပါသည်။ ဥပမာ စက်မှုနှင့်ဘွဲ့ရပြီး သမဝါယမဌာနမှာ စာရင်းကိုင်ရသွားတာမျိုး၊ ပညာရေးဌာနမှာ ကျောင်းဆရာဖြစ်သွားတာမျိုး။

ဒါကို ရေဘူးဆရာကြီးတွေက ပြောသေးသည်။

"ခေတ်ပြောင်းတော်လှန်ရေးမှာ အလုပ်ရှာန်ရွေးနေလို့ ဘယ်ဖြစ်မလဲ။ ရတဲ့နေရာ ဝင်လုပ်ကြရမှာပဲ"

ကျွန်တော်ကော၊ ယဉ်အေးသီကောက ဘွဲ့ရပြီးသွားသည့်တိုင် ယဉ်အေးသီနှင့် စေ့စပ်ကြောင်းလမ်းထားသူမှာ သူတို့မျှော်မှန်းထားသလို နိုင်ငံခြားသင်္ဘောလိုင်း မလိုက်ရသေးပါ။

သို့ရာတွင် ခြေမြန်လက်ဦးမှုအရာတွင် ကျွန်တော့်ထက်သာလေသူဖြစ်၍ ယဉ်အေးသီတို့၏ လက်ထပ်ထိမ်းမြားအကြင်လင်မယားဖြစ်သွားသည့်သတင်းကို ကျွန်တော် ရင်နာနာနှင့် ကြားမိခဲ့ရပါ၏။

ကျွန်တော်တို့အဖြစ်ကို စိတ်လက်မကြည်သာစွာနှင့် ပွဲကြည့်ပရိသတ်အနေနှင့် သံယောဇဉ်တွယ်၍ စောင့်ကြည့်နေကြသော ကျောင်းနေဘက်အတန်းတက်ဖက် သူငယ်ချင်းတွေကြားမှာ ကျွန်တော်သည် သနားစရာ သတ္တဝါတစ်ကောင် ဖြစ်ခဲ့သည်။

ဒါက ကိုယ့်ကိုယ်ကို သက်သာအောင် ပြောရခြင်းပင်။ အမှန်တော့ ကျွန်တော်သည် အချစ်ရူးဖြစ်ခဲ့ရသည်။ အချစ်အတွက် ရူးရသည့်အဖြစ်အတွက် ကျွန်တော်ဂုဏ်ယူပါသည်။ မရှက်ချင်ပါ။ လုပ်သင့်လုပ်ထိုက်သည့်အလုပ်၊ မလုပ်သင့်မလုပ်ထိုက်သည့်အလုပ် ဟူ၍ အရူးဘဝမှာ တစ်ခါတစ်ခါ အစဉ်းစားမဲ့ စိတ်လွတ်ပြီး ကျွန်တော် စည်းမဲ့ကမ်းမဲ့ ရူးခဲ့မူးခဲ့တာတွေ ရှိသည်။

သို့သော် ကျွန်တော်သည် လက်လွတ်စပယ် ဖြစ်မသွားရအောင် ပြန်ပြန်ထိန်းရပါသည်။ ကျွန်တော့်မှာ ကျွန်တော့်ကို အားကိုးနေသော မိသားစုကြီးက ရှိနေသည်။ လုံးဝ စည်းလွတ်ဝါးလွတ်ကြီး နေ၍မဖြစ်ကြောင်းကိုလည်း တစ်ဖက်က ပြန်၍တွေးကာ မိသားစုတာဝန်ကျေအောင် ကြိုးစားရပါသေးသည်။

ဒါကလည်း ကျွန်တော့်ထက် အတွေ့အကြုံများပြီး ပါရင့်သော ကျွန်တော့်အစ်ကိုအရွယ် သူငယ်ချင်းကြီးတွေစကားကြောင့် တစ်ခါတစ်ခါ လွင့်ထွက်သွားသော စိတ်ကို ကျွန်တော် ပြန်

www.burmeseclassic.com

ပြန်ထိန်းမိသောကြောင့်ပင်။

"ငါ့ကောင်ရာ . . . အချစ်နဲ့ပတ်သက်ပြီး မခံစားရဘူးဆိုရင် မတရားရာကျတော့မှာပေါ့။ ဒါပေမယ့် အချစ်ရူးကြီးတော့ မဖြစ်စေနဲ့ကွာ။ နှလုံးသားနဲ့နယ်တဲ့အရွယ်မှာ အချစ်ကြောင့် ရူးမတတ်၊ မူးမတတ် ခံစားရတာ ဓမ္မတာပဲ။ အချစ်ရူးဆိုတာ ရူးသင့်သလောက်ပဲ ရူးတာကောင်းတယ်။ အချစ်ကြောင့် သိပ်ခံစားပြီး ရူးလွန်းရင် ကြောင်သွားပြီး အချစ်ရဲ့ ပဒိုဘက်ကိုကျော်သွားပြီး မယားတရူးလို့ အပြောခံရတတ်တယ်"

* * *

(၁၁)

အဝတ်စကလေး တစ်စအပေါ် မီးပွားလေးကျလျှင် ကျသည့်နေရာမှာ လောင်ကျွမ်းကျန်ရစ်ခဲ့တတ်ပါသည်။

ခု . . . ကျွန်တော့်အသည်းနှလုံးသားအပေါ်မှာ မီးပွားအချခံရခြင်းမျိုးဖြစ်ပါသည်။ ပိန္နဲပါသည်။ အဝတ်စကားလုံလုယ်ပစ်၍ရသည်။ အသည်းနှလုံးကအစားထိုးလဲလှယ်၍ မရ။ ဒဏ်ရာအမာရွတ် ကျန်ခဲ့ပါသည်။

ကျွန်တော် အချစ်နှင့်ပတ်သက်၍ မေ့လွယ်ပျောက်လွယ် လူစားမျိုးထဲ မပါဝင်နိုင်ပါ။ ကျွန်တော်က အချစ်ကြီးပါသည်။ တစ်ယောက်ဆို တစ်ယောက်ကိုသာပဲ ချစ်ကတတ်ပါသည်။

အချစ်နှင့်ပတ်သက်၍ ခွင့်လွှတ်စိတ်မမွေးချင်ပါ။ မမွေးတတ်ပါ။ မမွေးလိုပါ။ ချစ်သည်ဆိုကလည်းက ကိုယ်ချစ်တဲ့သူကို ရယူပိုင်ဆိုင်လို၍ ချစ်ခြင်းဖြစ်ပါ၏။

ချစ်လျက်နှင့် ရယူပိုင်ဆိုခွင့် မရရှိသောအခါ ကျွန်တော် နာကြည်းခါသဖြစ်ရပါသည်။ ခွင့်လွှတ်စိတ် လုံးဝမမွေးချင်ပါ။ လူကြားကောင်းအောင် စကားလုံးအလှအပတွေနှင့် "အချစ်ဆိုတာ ခွင့်လွှတ်ခြင်းပဲ" ဆိုပြီး အများကွယ်ရာမှာ ကျိတ်မငိုတတ်ပါ။

---

ဪ . . .

အချစ်ဦးဆိုတော့

သူလည်း ရတ်တရက်

စိတ်လှုပ်ရှားရပေမပေါ့။

ဘယ်မှာ

တည်တည်ငြိမ်ငြိမ်

ကုန္တြေကြီးတစ်ခွဲသားနှင့်

နေနိုင်ပါမည်နည်း။

---

သို့သော်လည်း အချိန်ကြာသွားသည်နှင့်အမျှ မေ့ပျောက်သွားသည့်အခါ မေ့ပျောက်သွားသည်ကိုတော့ ဝန်ခံရပါမည်။ သတိရတမ်းတမိသည့်အခါလည်း သတိရတမ်းတမိပါသည်။

အထူးသဖြင့် သူတို့သတင်းတွေကို ပြောသူရှိလာသည့်အခါတိုင်း ကျွန်တော် ယဉ်အေးသီကို ပို၍သတိရပါသည်။ တမ်းတလွမ်းဆွတ်ငိပါသည်။ အချစ်ဦးမို့ ရူးမိသည့်ဒဏ်ရာကလည်း ရှိထားနှင့်သည်ကိုး။

"မင်းကောင်မလေး မိဘတွေက သူတို့သမက်ကို နိုင်ငံခြားသင်္ဘောလိုင်းပေါ် တက်ရမယ်ဆိုပြီး မျှော်လင့်ချက်နဲ့ အထင်ကြီးထားကြတာ။ ခုမတက်ရတော့ မိဘလက်ငုတ်လက်ရင်း တက္ကစီသမားပဲပေါ့ကွာ"

"ဘယ်တက်ရမလဲကွ။ မင်းကောင်မလေးရဲ့ ငနဲက အစ်ကိုကြီးက သင်္ဘောတက်ပြီး နိုင်ငံခြားမှာ စီးပွားအရှာကောင်းနေတာ့န်း သူ့အစ်ကိုကြီးမိန်းမက နောက်အကောင်တစ်ကောင်နဲ့ မရှုပ်မရှင်းဖြစ်ရာက မရှုနိုင်၊ မကယ်နိုင်ဖြစ်ပြီး နောက်အကောင်နောက် ပါသွားတော့တာကိုး။ ယဉ်အေးသီယောက်ျားလည်း အဲဒါကိုကြည့်ပြီး ဘယ်သင်္ဘောပေါ် တက်နိုင်တော့မှာလဲကွာ"

"ဒါဆို သမီးကြွက်မလေးအတွက် ဘဝင်ကြီးတစ်ခွဲသားနဲ့ လင်လိုက်ရှာပေးတဲ့ ကြွက်လင်မယားပုံပြင်လို ဖြစ်သွားပြီပေါ့။ နောက်ဆုံးမတော့ ကြွက်နဲ့ပဲပြန်ပြီး . . . ဟဲ . . . ဟဲ . . . ဟဲ"

"အဲဒီမှာ တို့ကောင်ကြီး ကြွက်မဖြစ်လိုက်ရတာတော့ နာဗယ်ကွာ"

* * *

(၁၂)

ဒါတွေကိုသိရတော့ ကျွန်တော်သည် သူတို့ပြောပြသော အချက်တွေကို တွေးပြီး ခံပြင်းပါသည်။

တက္ကစီကားမောင်းသမားချင်းတူပါလျက် ကျွန်တော့်အပေါ် ယဉ်အေးသီ၏မိဘများ သဘောထားမမှန်ကန်မှုကြောင့် ယဉ်အေးသီကို ကျွန်တော် လက်လွှတ်ဆုံးရှုံးရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအတွေးဖြင့် ခံပြင်းနာကြည်း စိတ်တွေ ပေါ်နေစဉ် ယဉ်အေးသီနှင့် ကျွန်တော် တစ်နေ့မှာ ပြန်ဆုံခဲ့ရပါ၏။

ကျွန်တော်ပြောခဲ့ဖူးသည် မဟုတ်ပါလား။

အမှတ်ထင်ထင်ပဲဖြစ်ဖြစ်၊ အမှတ်မထင်နှင့်ပဲဖြစ်ဖြစ် ကွဲကွာသွားသော ချစ်သူနှင့် မည်သူမဆို တစ်ကြိမ်ကြိမ်မှာ ပြန်ဆုံတတ်ကြမည် မလွဲချေဟု။

ကျွန်တော်ဆိုခဲ့သော စကားရပ်တွေကို ကျွန်တော်မေ့ပျောက်မသွားသေးပါ။ ထိုစဉ်အခါက ကျွန်တော်ပြောခဲ့သည်မှာ···

တစ်ကြိမ်မကလည်း ဆုံနိုင်သေးသည်။ ရှင်ကွဲမကွဲ၊ သေကွဲ ကွဲကြသူများပင် သုသာန်သချိုင်း၌ ပြန်၍ဆုံနိုင်ကြပါသေးသည်။ တစ်ဦးက သေဆုံးနှင့်သူ၊ တစ်ဦးက မသေဆုံးသေးဘဲ အသက်ရှင်လျက် လိုက်ပို့သူ။

ဒါမှမဟုတ်···

နှစ်ဦးစလုံး သေဆုံးပြီးပါလျက်၊ သေခဲ့ကြပြီးပါမှ အရင်ရောက်နှင့်သူနှင့် နောက်မှ သေဆုံးပြီးရောက်လာတတ်သူ။

ဤကဲ့သို့ ဆိုခဲ့ဖူးသည့်အတိုင်း ယခုတော့ ကျွန်တော်နှင့် ကျွန်တော့်ချစ်သူ ယဉ်အေးသီတို့ ပြန်ဆုံကြရပြီ။ အမှန်က သူလည်း အသက်သေဆုံးသွားခြင်း မဟုတ်၊ နိုင်ငံရပ်ခြားသို့ အပြီးတိုင်ထွက်သွားခြင်းမျိုးလည်း မဟုတ်။

ကျွန်တော်လည်း ထိုနည်းနှင်နှင် အသက်ရှင်လျက်ရှိပါသေးသည်။

ပြီးတော့···တစ်ရပ်တစ်ကျေး၊ တစ်ပြည်တစ်မြေသို့ ထွက်ခွာသွားခြင်း မဟုတ်။ ကိုယ့်မြေကိုယ့်ရပ်မှာပဲ ရှိကြသူများပီပီ တစ်နေ့မဟုတ် တစ်နေ့ ချစ်သူချင်း ကွဲကွာသွားခဲ့ကြသည်ဆိုစေ ပြန်ဆုံးကြဖို့မှာ တစ်ရာရာခိုင်နှုန်း မဟုတ်တောင် ရှစ်ဆယ်ရာခိုင်နှုန်းတော့ သေချာနေလေပြီ။

နောက်တစ်ခုက လုပ်ငန်းတူ၊ ဘဝတူ၊ အသိုင်းအဝိုင်းအားဖြင့်လည်း အတူတူတွေမဟုတ်လား။

ယခု ပြန်ဆုံကြရသည်ကိုလည်း ကြည့်ပါဦး။

ဗိုလ်ချုပ်အောင်ဆန်းဈေး တက္ကစီ အငှားယာဉ်များ ရပ်နားလူစောင့်ဆိုင်းနေရာ ကားစတဲန်းတွင် ကျွန်တော် ငှားသူမျှော်ရင်း လူစောင့်နေစဉ်တွင် ကျွန်တော့်ချစ်သူ ယဉ်အေးသီတို့ တက္ကစီရောက်ရှိလာခဲ့ခြင်းပင်။

သူ့အမျိုးသားက တက္ကစီမောင်း၍ ယဉ်အေးသီက နောက်နားမှာ ထိုင်လိုက်လာသည်။

ကျွန်တော်နှင့် ယဉ်အေးသီဇာတ်လမ်းကို သူ့အမျိုးသားက သိထား၏။ ကျွန်တော့်ကို မြင်လည်း မြင်ဖူးထား၏။

ယဉ်အေးသီ ကျွန်တော့်ကို မြင်သွား၍ မျက်စိပျက်၊ မျက်နှာပျက် ဖြစ်သွား၏။

ဩော်···အချစ်ဦးဆိုတော့ သူလည်း ရုတ်တရက် စိတ်လှုပ်ရှားရပေမပေါ့။ ဘယ်မှာ တည်တည်ငြိမ်ငြိမ် ဣန္ဒြေကြီးတစ်ခွဲသားနှင့် နေနိုင်ပါမည်နည်း။

ထိုစဉ်က ကျွန်တော်တို့အားလုံး ငယ်နုကြသေးသည်ကိုး။ သူတို့ လက်ထပ်သွားကြသည်မှာလည်း နှစ်အပိုင်းအခြားတောင်မှ မပြည့်တတ်သေးကြတာပဲ။

ယဉ်အေးသီ ကျွန်တော့်ကိုမြင်ပြီးနောက် သူ့အမျိုးသားကို တစ်စုံတစ်ခု ပြောလိုက်ဟန်ကို တွေ့ရသည်။ သူ့အမျိုးသားမှာ သူ့တက္ကစီကို ရပ်တန့်ရာမှ ဂီယာတစ်ချက် ဆရင်း ပြန်မောင်းထွက်တော့သည်။

လင်မယားနှစ်ယောက်ကို ကြုံတောင့်ကြုံခဲ၊ ဆုံတောင့်ဆုံခဲ အခြေအနေမျိုး ဆိုက်ရောက်ပါမှ ပြန်လွဲရတော့မည့်အဖြစ်။

"ဟော့···တက္ကစီ၊ သူများတက္ကစီတွေလို ဂိတ်ကြေးဖြတ်သွားဦးလေ"

ကျွန်တော့်ဆန္ဒကို ဂိတ်ဝင်ကြေးကောက်သူ စည်ပင်သာယာလက်အောက်ခံ အရပ်သူ အမျိုးသမီးလေးက သူတို့တက္ကစီရှေ့မှာ ပိတ်ရပ်ပြီး ပြောလိုက်တော့မှ သူတို့တက္ကစီမှာ မောင်းထွက်ရာက ရပ်တန့်သွားသည်။

ဂိတ်ဝင်ကြေးမှာ နှစ်ကျပ်မျှသာ ထိုစဉ်က ဖြစ်၏။

ယဉ်အေးသီက လွယ်ထားသော စလင်းဘက်အိတ်ကို ဖွင့်ပြီး တစ်ဆယ်တန်တစ်ရွက် ထုတ်ပေးသည်။ ဂိတ်ရပ်နားခ ကျပ်တန်နှစ်ရွက်မရှိ၍လည်း ဖြစ်ပုံရသည်။ ဒါမှမဟုတ် စလင်းဘက်အိတ်ထဲမှ ပိုက်ဆံအထပ်ကို ဆွဲမိဆွဲရာ ဆွဲ၍ ဆယ်တန်တစ်ချပ် ပါလာခြင်း ဖြစ်ပုံရသည်။

"ပြန်···ပြန်···ပြန်အမ်းမနေနဲ့တော့"

ယဉ်အေးသီဖြစ်သွားပုံ၊ စိတ်လှုပ်ရှားနေပုံတို့မှာ သိသာထင်ရှားလွန်းပါသည်။ ပြန်အမ်းငွေကိုပင် စောင့်မယူနိုင်တော့။ ယဉ်အေးသီ၏ အမျိုးသားက



www.burmeseclassic.com

www.burmeseclassic.com

လည်း ယဉ်အေးသီ၏ သဘောကို သိပုံရသည်။ သူ၏ တက္ကစီကို မောင်းထွက်လေတော့သည်။

ကျွန်တော့်ကို မြင်သည်နှင့် ယဉ်အေးသီ ဘာကြောင့် တုန်လှုပ်သွားရပါသနည်း။

ကျွန်တော်သည် ယဉ်အေးသီအတွက် တစ္ဆေသရဲတစ်ကောင်လော။

ဒါမှမဟုတ် သူ့အမျိုးသား၊ သူ့ယောက်ျားအတွက် အန္တရာယ်ကောင်ပေလော။

ကျွန်တော့်မှာ ပို၍ ဒေါသစိတ်နှင့် ခံပြင်းသွားရလေပြီ။

တက္ကစီသမားကိုမယူလို၍ တက္ကစီသမားထက် အဆင့်မြင့်မည်ထင်သောသူကို သူ့မိဘတွေကရွေးချယ်ပေးခဲ့သည်။

ခုတော့ ဘာထူးလို့လဲ။ ယဉ်အေးသီ ကျွန်တော့်လို တက္ကစီသမားကို လင်လုပ်ရသည်ပဲ။

**မြို့လယ်ကောင် ပုံးကွဲခြင်းမဟုတ်ဘဲ ကျွန်တော့်တက္ကစီ တုံးလုံးလဲကျသွားသည်။ တော်ပါသေးသည်။ ကျွန်တော့်တက္ကစီက အပေါ့စားဖြစ်၍ ခေါင်းခန်းမှကျွန်တော် ဒဏ်ရာပြင်းထန်စွာမရဘဲ ပွန်းပဲ့ရုံနှင့် ထွက်လာနိုင်ပြီး မတ်တတ်ထရပ်နိုင်အောင် ကြိုးစားသည်။**

ကျွန်တော့်စိတ်တွေ ဆူဝေလာ၏။

ကြုံတော့်ကြုံခဲ့ ဆုံလာကြရသောအခါ မင်းတို့လည်း တက္ကစီသမား၊ ငါလည်း တက္ကစီသမားဆိုတာကို ကျွန်တော်သည် မခံချင်ကြေးနှင့် မဟုတ်စေကာမူ သူတို့သိရှိနားလည် လက်ခံသွားအောင် ပြချင်လေပြီ။

ရပ်ထားသော ကျွန်တော့်တက္ကစီကား စက်ကိုနှိုးပြီး သူတို့တက္ကစီကားနောက် အလိုလိုမောင်းလိုက်မိပြန်တော့သည်။

ယဉ်အေးသီတို့တက္ကစီ ကျွန်တော့်တက္ကစီ နောက်မှထွက်လိုက်လာမှန်း သိသည်နှင့် စက်ရှိန်မြှင့်မောင်းသည်။

သို့သော် ကျွန်တော့်တက္ကစီကို သူတို့လွတ်အောင် မမောင်းနိုင်။ သူတို့တက္ကစီက အင်ဂျင်ပါဝါအား ကောင်းပေမည့် မီးပွိုင့်ကိုတော့ မကျော်နိုင်။ တက္ကစီချင်းအတူတူ တစ်စီးထက်တစ်စီး ဘာထူးလို့လဲ။ မီးနီလျှင် မီးပွိုင့်မှာ ရပ်ရတာပဲ။

မီးစိမ်းလျှင် မီးပွိုင့်က ထွက်ရတော့တာပဲ။ မီးနီကို ဖြတ်ကျော်၍ မမောင်းရ၊ မီးစိမ်းလျှင် ပေကတ်ရပ်မနေရ။ အခွင့်အရေးချင်း အတူတူဆိုတာကို သူတို့သဘောပေါက်စေချင်ပါသည်။

သူတို့တက္ကစီနောက်မှာ ကပ်ရပ်လိုက်သော ကျွန်တော့်တက္ကစီကြောင့် ဟိုးယခင် အနှစ်နှစ်အလလက ချစ်ခဲ့ဖူးကြသူများပီပီ ကျွန်တော့်အတွင်းသဘောကို သိထားနှင့်သော ယဉ်အေးသီ မကျေမနပ်ဟန်နှင့် သူတို့ကားနှင့် မယှဉ်တယှဉ် နောက်မှ မှေးရပ်ထားသော ကျွန်တော့်ဆီ တစ်ချက်လှမ်းကြည့်ပြီး မျက်စောင်းတစ်ချက် ပို့လွှတ်လိုက်သည်ကို ကျွန်တော် အပြုံးနှင့် အသိအမှတ်ပြု ကြိုဆိုလိုက်သည်။

ဒါက မီးနီမှာ ရပ်ရသည့် အခြေအနေ။ ဟော…မီးစိမ်းပြီ။

သူတို့တက္ကစီ မောင်းထွက်ရ၏။ တစ်ဦးက ပေကတ်ပြီး ရပ်နေချင်၍မရ၊ နှစ်ဦးစလုံး မီးပွိုင့်ရှေ့က မောင်းထွက်ကြရသည်။

ကဲ…ဒီနေရာမှာလည်း တက္ကစီချင်းအတူတူ၊ အခွင့်အလမ်းလည်းအတူတူ၊ တစ်ဦးက တစ်ဦးထက်ပို၍ စည်းကမ်းကို ပို၍ခံစားချင်လို့ မရ။ ဘာများ ကွဲပြားခြားနားမှုတွေ ဟောဒီကားလမ်းမကြီးပေါ်မှာ ထူးပြီးရှိပါမည်နည်း။

အဲဒီလိုပါပဲ။ လူ့ဘဝလျှောက်လှမ်းရသော သံသရာလမ်းမကြီးပေါ်တွင် လူသားချင်းအတူ ဘာများကွာခြားကြပါသနည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ရှေ့မှမောင်းသွားသော သူတို့နောက်မှ ကျွန်တော့်တက္ကစီကို အပြတ်ဖြတ်ထားနိုင်စေရန် စက်ကုန်မြှင့်မောင်းလေတော့သည်။

သို့ရာတွင်…

မြို့လယ်ကောင်လမ်း ယာဉ်ကြောအတိုင်း မောင်းကြရသဖြင့် သူတို့ရှေ့မှ ယာဉ်များကို အတင်းဖြတ်ကျော်တက်၍ မရ။ သူတို့လက်လျှော့လိုက်ကြရသည်။ လက်မလျှော့၍လည်း မဖြစ်။ အမြဲမပြတ် စောင့်ကြည့်နေကြသော ယာဉ်ထိန်းရဲများက ယာဉ်စည်းကမ်းဖောက်ဖျက်သော သူတို့ကို အရေးယူလိုက်နိုင်သည်။

သူတို့တက္ကစီဖြစ်ဖြစ်၊ ကျွန်တော့်တက္ကစီဖြစ်ဖြစ် မည်သူကမျှ ဥပဒေကို ချိုးဖြတ်၍ အခွင့်ထူးခံစားခွင့် မရှိပြီ။

ဒါကိုလည်း ယဉ်အေးသီမှာ တက္ကစီသမားချင်းအတူတူဟု သဘောပိုက်မိဟန်ကောင်းသည်။

နောက်ထပ် မီးပွိုင့်ဂျစ်ပွိုင့်ကို ရောက်လာခဲ့ပြန်၏။

မီးနီမိ၍ သူတို့တက္ကစီ ရပ်လိုက်ရသည်။

ကျွန်တော့်တက္ကစီကလည်း သူတို့တက္ကစီကို ကျော်တက်၍မဖြစ်။

သူတို့တက္ကစီနောက်မှာပင် ကျွန်တော့်တက္ကစီကို အသံထွက်အောင် ဘရိတ်ဆွဲပြီး ရပ်လိုက်ရသည်။

"ကျွိ…အိ… ကျွိ"

ဟွန်းမတီးရဇုန်နယ်ဖြစ်၍ ဟွန်းမတီးသော်လည်း ဘရိတ်သံကြောင့် ကျွန်တော် တမင်ပြုလုပ်နေမှန်း သိသွားကြပုံရပါသည်။

ထိုမှုဖြစ်လာပုံကို သည်းမခံနိုင်တော့သောကြောင့်လားမသိ။ ယဉ်အေးသီထံမှ မခံချင်စိတ်မျက်စောင်းကို ဒုတိယမွှ ရရှိလိုက်၍ ကျွန်တော်ဝမ်းသာသွားပါ၏။

သူမထံမှ မခံချင်စိတ် မျက်စောင်းကို ကျွန်တော် အလိုရှိရကျိုးနပ်သွားခဲ့လေပြီ။

မီးစိမ်းသွားပြန်သဖြင့် ရှေ့မှ သူတို့တက္ကစီကား ဆောင့်၍မောင်းထွက်သွား၏။

ကျွန်တော်ကလည်း ကျွန်တော့်တက္ကစီကားကို ဆောင့်၍မောင်းထွက်သည်။ နှစ်ဦးစလုံး အရှိန်ပြင်းပြင်းနှင့် မောင်းထွက်ကြခြင်းပင်။

"ဒုန်း…"

"ဝုန်း…"

မြို့လယ်ကောင် ဖုံးကွဲခြင်းမဟုတ်ဘဲ ကျွန်တော့်တက္ကစီ တုံးလုံးလဲကျသွားသည်။ တော်ပါသေးသည်။ ကျွန်တော့်တက္ကစီက အပေါ့စားဖြစ်၍ ခေါင်းခန်းမှကျွန်တော် ဒဏ်ရာပြင်းထန်စွာမရဘဲ ပွန်းပဲ့ရုံနှင့် ထွက်လာနိုင်ပြီး မတ်တတ်ထရပ်နိုင်အောင် ကြိုးစားသည်။

ကျွန်တော်သည် တက္ကစီသမားချင်းအတူတူဟူသော မခံချင်စိတ်ဖြင့် ချစ်သူနှင့် ချစ်သူအား ရယူသွားသော သူတို့ကို ယှဉ်လိုက်ရင်း မင်းတို့လည်း အတူတူ၊ ငါလည်းအတူတူဖြစ်ကြောင်း အသိရစေရန် ကြိုးစားမိခြင်းဖြစ်၏။

ကျွန်တော်၏ အမောင်းကျွမ်းကျင်မှု လုပ်သက်သမ္ဘာရင့်မှုတို့ကြောင့် ယာဉ်ကြောကျဲရာ လမ်းတစ်လျှောက် သူတို့နှင့်အမီ တန်းတူရည်တူ မောင်းနိုင်ခဲ့ပါ၏။

သို့ရာတွင်…

မြောင်းဖုံးကျောက်ပြား မရှိဘဲ ဟောင်းလောင်းဖြစ်နေသော လမ်းအလယ်ကောင်မှ အပေါက်ဝိုင်းတစ်ခုကို သူတို့တက္ကစီ ခွရှောင်၍ လွတ်အောင် မောင်းသွားနိုင်သော်လည်း သူတို့လို မောင်း၍မဖြစ်သော ကျွန်တော့်တက္ကစီမှာ ရှေ့ဘီးသည် မြောင်းဖုံးမရှိသော အပေါက်ထဲကျွံကျ၍ တုံးလုံးလဲကျမှောက်သွားခြင်းသာ ဖြစ်ပါ၏။

ကျွန်တော် ကားခေါင်းထဲမှ လူးလဲ၍ ထွက်လာစဉ် ဝီစီခရာတွတ်သံနှင့်အတူ ယာဉ်ထိန်းရဲများ ပြေးလာပြီးနောက် ကျွန်တော့်အခြေအနေကို အကဲခတ်သုံးသပ်ရင်း အပြစ်တင်စကား ပြောကြလေပြီ။

"ဘယ်လိုလဲကွ။ ဒဏ်ရာမပြင်းလို့တော်သေးတာပေါ့။ ကံမကောင်းရင် နောက်ကပါလာတဲ့ကားက တက်ကြိတ်ပြီး သေသွားနိုင်တယ်။ ကိုယ့်တက္ကစီက သုံးဘီးကားဖြစ်ပြီးတော့ ရှေ့က လေးဘီးတက္ကစီကားလို မောင်းလာရသလား။ ရှေ့ကားက လေးဘီး၊ မြောင်းပေါက်ကို ခွကျော်မောင်းနိုင်ပေမယ့် မင်းကားက သုံးဘီး။ မြောင်းပေါက်ကို မကျော်နိုင်ဘဲ ကျွံကျပြီး မှောက်သွားပြီမဟုတ်လား။ ကိုယ့်ကားအခြေအနေ ကိုယ်သိမှပေါ့ကွ။ မင်းကြောင့် နောက်ကကားတွေလည်း ယာဉ်ကြောထပ်ကုန်ပြီ။ မင်းကို အရေးယူရလိမ့်မယ်။ ယာဉ်ထိန်းရဲရုံးကို လိုက်ခဲ့ပြီး ရှင်းပေတော့…"

✦ ကျော်မင်းနိုင်

www.burmeseclassic.com

# အသရေဖျက်မှု နှင့် နစ်နာသူ

❐ ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

ပြစ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွင် ပုဒ်မပေါင်း ၅၀၀ ကျော်ရှိသည်။ လူအများ ကြားဖူးနားဝရှိပြီးသော ပုဒ်မ-၅၀၀ နှင့် ပတ်သက်၍ တင်ပြလိုပေသည်။ ပုဒ်မ-၅၀၀ ကား ရပ်သိရွာသိစကားနှင့်ဆိုရသော "အသရေဖျက်မှု"ဖြစ်ပေသည်။ အသရေဖျက်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ ပြဋ္ဌာန်းဥပဒေ၌ တိတိကျကျရှိ၍ ရေးပြလျှင် စာရှည်သွားမည်ဖြစ်ပေသည်။ ပုဒ်မ-၅၀၀ ကား ရဲအရေးပိုင်သော ပုဒ်မမဟုတ်။ တရားရုံးသို့ ဦးတိုက်လျှောက်ထားရသော အမှုမျိုးဖြစ်ပေသည်။

အသရေဖျက်မှုကို မည်သူကတိုင်တန်းနိုင်သနည်း။ ပြစ်မှုဆိုင်ရာ မှုခင်းများတွင် ယေဘုယျအားဖြင့် တရားလိုသည် နိုင်ငံတော်ဖြစ်သည်။ ရဲအရေးပိုင်သော မှုခင်းများတွင် မည်သူကဖြစ်စေ တရားလိုဖြစ် တရားစွဲဆိုနိုင်သည်။ ဥပမာအားဖြင့်ဆိုရသော် မောင်ဖြူကို မောင်နီက သတ်မှုကျူးလွန်သည်။ မောင်ဖြူသေဆုံးသွားပြီဖြစ်သည်။ အနီးဝန်းကျင်ရှိသူတစ်ဦးဦးက တရားလိုပြုလုပ် အမှုတိုင်ကြားနိုင်ပေသည်။ လူသတ်မှုကား ရဲအရေးပိုင်မှုဖြစ်သောကြောင့်ပင်။

အသရေဖျက်မှုကား ဦးတိုက်မှုဖြင့်သာ စွဲဆိုခွင့်ရှိသည်ဟု ကျွန်တော်အထက်တွင် တင်ပြခဲ့သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၀ သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပြဋ္ဌာန်းချက်၏ မည်သည့်အခန်းကဏ္ဍနှင့် ပါဝင်ပတ်သက်လေ

www.burmeseclassic.com

သနည်း။ ပြစ်မှုကျင့်ထုံးပုဒ်မ-၁၉၈ တွင် ပဋိညာဉ်ပျက်သည့်အမှု၊ အသရေပျက်မှု၊ လက်ထပ်ခြင်းကို ကျူးလွန်သည်က ပြစ်မှုများအတွက် တရားစွဲဆိုခြင်းအကြောင်းကို ပြဋ္ဌာန်းထားခြင်းအား တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၉၈ တွင် "ပြစ်မှုဆိုင်ရာဥပဒေ အခန်း ၁၉ သို့မဟုတ် အခန်း ၂၁၊ သို့မဟုတ် ယင်းဥပဒေပုဒ်မ-၄၉၃ မှ ၄၉၆ (ပုဒ်မနှစ်ခုလုံးအပါအဝင်) ကျရောက်သည့် ပြစ်မှုတစ်ခုနှင့် ပတ်သက်၍ "ထိုပြစ်မှုနှင့် နစ်နာခြင်းခံရသူ တစ်စုံတစ်ယောက်၏ တိုင်လျှောက်ချက်မရှိဘဲ မည်သည့်တရားရုံးကမှ အရေးမယူရ"ဟု ပြဋ္ဌာန်းထားပေသည်။ ပုဒ်မ-၅၀၀ သည် အခန်း ၂၁ တွင် ပါဝင်လျက်ရှိ၏။ ဤမှုဆိုလျှင် နစ်နာခြင်းခံရသူကိုယ်တိုင်က တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမည်ဖြစ်ကြောင်း ရှင်းပေသည်။ ဤစာစုတွင် ကျွန်တော်တင်ပြလိုသည်မှာ မည်သူတို့သည် နစ်နာသူထဲတွင် ပါဝင်ကြလေသနည်း။

ယနေ့ကာလတွင် နိုင်ငံရေးပါတီများ များစွာပေါ်ထွန်းလာလျက်ရှိသည်။ သမဂ္ဂ၊ အဖွဲ့အစည်း၊ အသင်းများလည်း ထွန်းကားလျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဆဲကာလတွင် သူ့ပါတီ၊ ငါ့ပါတီ၊ သူ့အသင်း၊ ငါ့အသင်း၊ စကားတင်းမှ အချင်းမများကြဟု မည်သူအာမခံနိုင်ပါမည်နည်း။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလကိုလည်း မှန်းမျှော်ကြည့်မိသည်။ ထိုအခါတွင် ထိုအသင်းအဖွဲ့တို့မှ ပုဒ်မ-၅၀၀ အရ တရားစွဲဆိုပါက တရားရုံးမှ အရေးယူနိုင်ပါမည်လား။ စဉ်းစားရန်ရှိပေသည်။ အသရေဖျက်မှုတွင် နစ်နာသူတို့၏ တိုင်တန်းချက်အရမဟုတ်လျှင် မည်သည့်တရားရုံးကမျှ အရေးမယူရဟုလည်း ပြဋ္ဌာန်းထားပေသည်။

ဥပဒေပြဋ္ဌာန်းချက်များတွင် စကားရပ်အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များ ပါဝင်လေ့ရှိပေသည်။ ကျွန်တော်တို့ ဥပဒေပညာလိုက်စားသူတို့အနေဖြင့် ထိုအချက်များကိုလည်း အလေးအနက်ထား လေ့ကျက်ရ၏။ စကားစပ်၍ဆိုရလျှင် ကျွန်တော်သည် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့သော်လည်း "တရားမကြီးမှု"၏ အနက်အဓိပ္ပာယ်ကို မည်သည့်စာအုပ်တွင်ရှိကြောင်း မမှတ်မိနိုင်ဖြစ်ခဲ့သည်။ သို့နှင့် ဥပဒေစာအုပ်များ ဖြန့်ကျက်ရှာဖွေမိ၏။ ကျွန်တော်အလုပ်ရှုပ်နေသည်ကို ဇနီးသည်က ကြည့်ရင်း စိတ်မောနေဟန်တူသည်။ ကျွန်တော်ကလည်း ကျွန်တော်ပင်။ သိချင်ချက်ချင်း ရှာနေရာ ထမင်းမေ့၊ ဟင်းမေ့ ဖြစ်နေ၏။ လူငယ်ရှေ့နေမောင်မယ်များ ရှာဖွေရန် ဤနေရာမှ အလုပ်တစ်ခု ပေးခဲ့မည် ဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၁ တွင် "တစ်ဦးတစ်ယောက်၊ သူတစ်ဦး ဆိုသည်တွင် ဥပဒေအရ ဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ၊ သို့မဟုတ် အဖွဲ့အစည်း၊ သို့တည်းမဟုတ် လူအစုလည်း ပါဝင်သည်"ဟု ပြဋ္ဌာန်းထားသည်။ ကျွန်တော်၏ စာစုအစပိုင်းတွင် တင်ပြခဲ့သည့် ပုဒ်မ-၅၀၀ အရ စွဲဆိုမှု၌ နစ်နာသူသည် အဖွဲ့အစည်းလည်း အကျုံးဝင်နေမည်ဟု ဆိုနိုင်ပေသည်။

ကျွန်တော်တို့ ဥပဒေပညာရှင်များ၏ အလုပ်ကား ပြဋ္ဌာန်းဥပဒေသာမက နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးတော်မှ ထုံးဖွဲ့ ပြဋ္ဌာန်းပေးသည့် စီရင်ထုံးများကိုလည်း မျက်ခြည်ပြတ်၍မရပေ။ စပ်ကြည့်ရ၏။ ဟပ်ကြည့်ရ၏။ ဖြစ်သင့်သော၊ ဖြစ်နိုင်ခြေရှိသော၊ မလွဲမသွေဖြစ်ကိုဖြစ်ရမည်ဖြစ်သော စသည့် အခြေအနေအရပ်ရပ်ကို နှံ့စပ်ရပေသည်။ သို့မှသာ ရှေ့နေတစ်ဦးအနေဖြင့် မိမိအမှုသည်အတွက် တာဝန်ကျေမည်ဖြစ်သည်။ ဥပဒေအရာရှိအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းတာဝန်ကျေစွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ တရားသူကြီးတို့အဖို့ကား မှန်ကန်စွာ စီရင်ဆုံးဖြတ်ပေးနိုင်မည် ဖြစ်ပေသည်။

ထုံးသာဓက တစ်ရပ်ဖြင့် တင်ပြလိုပေသည်။ တရားရုံးသို့ ဦးတိုက်လျှောက်ထားမှုဖြစ်ပေသည်။ တပ်သား ဇာနည်ဦးသည် ကွမ်းတောင်ကျေးရွာနေ ခင်မောင်ဦးနှင့် ပူးပေါင်းကာ စိတ်ကြွဆေးများ ရောင်းချနေကြောင်း ဦးကျော်သန်းက ရခိုင်ပြည်နယ်အစိုးရသို့ လိပ်မူတိုင်ကြားသည်။ စုံစမ်းစစ်ဆေးခဲ့ရာ မဟုတ်မမှန် တိုင်ကြားခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထိုရောအခါ စစ်ဘက်လုံခြုံရေးတပ်စုမှ တပ်ကြပ်ကြီးကျော်ဦးက ဦးကျော်သန်းအပေါ် ပုဏ္ဏားကျွန်းမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုသည်။ တရားရုံးက ဦးကျော်သန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၀ အရ အရေးယူ ဆောင်ရွက်သည်။

ဦးကျော်သန်းက ၎င်းအပေါ် စွဲဆိုမှုအား ချေဖျက်ပေး

www.burmeseclassic.com

ရန် ရခိုင်ပြည်နယ် တရားလွှတ်တော်သို့ အထွေထွေမှု လျှောက်ထားခဲ့သည်။ အောင်မြင်မှုမရသောအခါ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှု ဆက်လက်တင်သွင်းသည်။ ဤတွင် စီရင်ထုံးဖြစ်လာသည်။

ထိုစီရင်ထုံးကို ဖတ်ရှုရင်း ကျွန်တော်စိတ်ဝင်စားဖြစ်မှုသည် ဦးကျော်သန်းက ဦးခင်မောင်ဦးနှင့် တပ်သား ဇာနည်ဦးတို့ကို တိုင်ကြားသည်။ ဦးကျော်သန်းကို တရားစွဲသူမှာ ဦးခင်မောင်ဦးလည်းမဟုတ်၊ တပ်သားဇာနည်ဦးလည်းမဟုတ်၊ စစ်ဘက်လုံခြုံရေးတပ်စုမှ တပ်ကြပ်ကြီး ကျော်ဦး ဖြစ်နေသည်။ ဤတွင် တရားရုံးအဆင့်ဆင့်သို့ တက်ရောက်ခြင်းဖြစ်ပေသည်။ နစ်နာသူမှာ ဦးခင်မောင်လား၊ တပ်သား ဇာနည်ဦးလား၊ တပ်ကြပ်ကြီးကျော်ဦးလား တရားလွှတ်တော်ချုပ်က အဖြေထုတ်ပေးခဲ့သည်။

ဦးကျော်သန်း၏ ရှေ့နေကြီးက အသရေဖျက်မှုတွင် နစ်နာသူ၏ တိုင်တန်းချက်အရမဟုတ်လျှင် မည်သည့်တရားရုံးကမှ အရေးမယူရဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်-၁၉၈ ပြဋ္ဌာန်းချက်ဖြင့် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၁ ဖြင့် ပြဋ္ဌာန်းထားသော တစ်ဦးတစ်ယောက်ဆိုသည့် စကားရပ်တွင် သက်ရှိယောကျ်ား၊ လူမိန်းမသာမက သက်မဲ့ဖြစ်သည့် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများလည်း ပါဝင်သောကြောင့် တပ်သားဇာနည်ဦးသည်သာမက အမှတ်(၂)စစ်ဘက်လုံခြုံရေးတပ်စု၏ အသရေကို ပျက်ပြားစေမည့် အခြေအနေတွင် တပ်စိတ်တာဝန်ခံ တပ်ကြပ်ကြီးကျော်ဦးက တိုင်လျှောက်ခွင့်ရှိကြောင်း လျှောက်လဲသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၈ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၅၀၀ သည် ကျင့်ထုံးပုဒ်မ-၁၉၈ တွင် အကျုံးဝင်နေကြောင်း တွေ့ရှိသည်။

တပ်ကြပ်ကြီးကျော်ဦးသည် ဦးကျော်သန်း၏ မမှန်မကန် လုပ်ကြံတိုင်ကြားခြင်းအတွက် နစ်နာခြင်းခံရသူ ဟုတ်မဟုတ်လည်း စိစစ်၏။ ဦးကျော်သန်းတိုင်ကြားခြင်းသည် တပ်သားဇာနည်ဦးသာမက စစ်ဘက်လုံခြုံရေးတပ်စု၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန် ဖြစ်ပေါ်စေသည်ဟု တွေ့ရှိသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၁ ပြဋ္ဌာန်းချက်အရလည်း တပ်ကြပ်ကြီးကျော်ဦးသည် ၎င်း၏တပ်ဖွဲ့၏ အသရေကို မဟုတ်မမှန် တိုင်ကြားသူကို အရေးယူပေးရန် မြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုခြင်းသည် ကျင့်ထုံးပုဒ်မ-၁၉၈ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ကြောင်း တွေ့ရှိသည်။

ဦးကျော်သန်း၏ ရခိုင်ပြည်နယ် တရားလွှတ်တော်သို့ အမှုချေဖျက်ပေးရန် လျှောက်ထားခြင်းကို ပလပ်သည့် အမိန့်အား ပြည်ထောင်စုတရားလွှတ်တော်အနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ဟု ယူဆသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၁ ကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၈ ကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ပြခဲ့သည်။

ဦးကျော်သန်းနှင့် တပ်ကြပ်ကြီးကျော်ဦးတို့ ပုဏ္ဏားကျွန်းမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၀ အရ စွဲဆိုမှုအတွက် ဆက်လက်စစ်ဆေးကြရဦးမည် ဖြစ်ပေသည်။ ဥပဒေပြဿနာတစ်ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဖြေထုတ်ပေးခဲ့ပေသတည်း။

မမှန်မကန် တိုင်ကြားတတ်သူတို့လည်း သတိချပ်သင့်ပေသည်။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)


**ကိုးကား**

- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၁
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၈
- ဦးမြင့်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၉၉ မတစ-၆၆)
- ဦးကျော်သန်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ-၂ (၂၀၁၂-မတစ-၁၀)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# နယ်မြို့လေးထဲက သားရဲ

(ဖြစ်ရပ်မှန်ရသဝတ္ထုရှည်)

ယခင်လမှအဆက်

■ သစ်ထူးအိမ်

## ဦးတင်မြ၊ ဦးငွေးလင်းနှင့် ကသည်းမမိစိန်

မြို့လေးမှာ ကျဉ်းမြောင်းလှသဖြင့် လမ်းမကြီးဟူ၍လည်း များများစားစား မရှိပါ။ ကလေးမြို့၊ တမူးမြို့များသို့သွားသော အဝေးပြေးလမ်းမကြီးတစ်ခုသာ မြို့ဦးမှဖြတ်၍ မြို့ဖျားတိုင်ပေါက်သည့် တစ်ခုသော ဆက်သွယ်ရာ ကားလမ်းမကြီး ဖြစ်သည်။ မြို့လေးတွင်းမှာတော့မှာတော့ ၎င်းလမ်းမကြီးကို ဗိုလ်ချုပ်လမ်း၊ သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းလမ်းဟု ခေါ်ဆိုကြသည်။ မြို့ဦးတွင် အလောင်းစည်သူမင်းနှင့်တကွ ရှေးမင်းအဆက်ဆက်တို့ တည်ထားကိုးကွယ်ခဲ့သော 'ရွှေမုဋ္ဌောစေတီတော်ကြီး'မှာ တောင်ကုန်းထိပ်ပေါ်တွင် သပ္ပာယ်စွာ ကိန်းဝပ်စံပယ်နေသည်။ 'မုဋ္ဌောကိုးဆူ ဂူကိုးလုံး'၏ အဦးအစ စေတီတော်ကြီးပင် ဖြစ်ပါသည်။ ချင်းတွင်းမြစ်အတိုင်း ဆန်တက်လာလျှင် ပထမဦးစွာ တောင်ကုန်းထိပ်မှ စေတီတော်ကြီးကို ဖူးမြင်ရမည် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းလမ်းမှသည် သင်္ဘောဆိပ်ဆင်းလမ်း၊ စက်လှေဆိပ် ဆင်းလမ်း၊ ဈေးလမ်းစသဖြင့် ရှိသော်လည်း ကားနှစ်စီးရှောင်သာရုံသာ ကျယ်ဝန်းသည်။ ၎င်းလမ်းများမှာလည်း တိုတောင်းလှသည်။ မြို့ကျဉ်းသဖြင့် ရပ်ကွက်ကြီးသုံးကွက်သာရှိကာ လိုင်းကားမရှိ။ ဆိုက္ကားမရှိ။ မြင်းလှည်းမရှိ။ တက္ကစီမရှိပါ။ အဝေးပြေးကုန်ကားများ၊ ဘတ်စ်ကားများသာရှိ၍ ကလေးမြို့၊ တမူးမြို့များသို့ ပြေးဆွဲသည်။ မြို့ဦးမှ မြို့ဖျားသို့ ခြေလျှင်လျှောက်ကြရသည်။ နာရီဝက်ခန့်သာကြာသဖြင့် ကျောင်းသွား၊ ဈေးသွား၊ ရုံးသွားနှင့် စက်လှေ၊ မော်တော်၊ သင်္ဘောဆိပ်ဆင်းလိုပါကလည်း ခြေလျှင်သာ သွားကြရသည်။ ပစ္စည်းသယ်လိုပါက နွားလှည်းကိုသာ သုံးကြသည်။

ဤတိုတောင်းသော လမ်းများကို တစ်လမ်းဝင် တစ်လမ်းထွက် အချိန်ပြည့်သွားလာနေသူမှာ ယခင်က တစ်ဦးတည်းသာရှိသည်။ ၎င်းမှာ စိတ်မနှံ့သော (ကလေးစကားဖြင့်ဆိုလျှင် အရူးမဖြစ်သော) ကသည်းမမိစိန် ဖြစ်သည်။ အားလုံးက အရူးမမိစိန်၊ ကသည်းမမိစိန်ဟုသာ ခေါ်ကြ၍ သနားသဖြင့် စားကြွင်းစားကျန်များကို အမြဲပေးကျွေးကြသည်။ ကသည်းမ မိစိန်မှာ ဇရာမအထုပ်ကြီးသုံးထုပ်ကို ခေါင်းပေါ် တစ်ထုပ်တင်၍လည်းကောင်း ညာဘက်တံတောင်ဆစ်မှာ ချိတ်၍လည်းကောင်း၊ ဘယ်ဘက်လက်က ကျန်တစ်ထုပ်ကို ဆွဲ၍လည်းကောင်း နေပူပူ မိုးရွာရွာ သွားလာနေတတ်သည်။ အထုပ်ထဲတွင်ကား အဝတ်စုတ်များ၊ စက္ကူစုတ်များကို လုံးထွေးရောရာထည့်ထားခြင်းသာ။ ဝါးနှစ်ပြန်လောက် လျှောက်မိလျှင် အရိပ်တစ်ခုခုတွင်နား၍ အထုပ်ထဲမှ စက္ကူစုတ်များ၊ အဝတ်စုတ်များကိုထုတ်ကာ ခေါက်လိုက်၊ ဖွလိုက်



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေတတ်သည်။

"ဟဲ့ . . . ဟဲ့ . . . မိစိန်၊ နင် ထမင်း မစားရသေးဘူး မဟုတ်လား။ ရော . . . ရော့ . . . စား . . . စား"

စာနာသနားတတ်သူများက ထမင်းနှင့်ဟင်းကို အင်ဖက်၊ ငှက်ပျော ဖက်များပေါ်တွင်ပုံ၍ ကျွေးမွေးကြသည်။ ကသည်းမ မိစိန်မှာ တစ်နေ့ တစ်နေ့ ထမင်းအကြိမ်ကြိမ် စားရသည်။ သို့သော် တောင်းရမ်းခြင်း၊ ခိုးယူစားသောက်ခြင်း၊ လူများစုနှင့် ရောနှောနေလေ့ မရှိတတ်ပါ။ စားပြီးလျှင် တစ်နေရာရွှေ့သွားသည်။

မြို့လေးတွင် အထုပ်ကြီးများကို မနိုင်မနင်းသယ်လာသော အမျိုးသမီးများကို "ကသည်းမမိစိန်ကျနေတာပဲ"ဟု ပြောဆိုကြသည်။ ကသည်းမ မိစိန်ဘဝက သနားစရာပင်။ ကလေး၊ တမူးမှ အထည်များကို ယူရောင်းရာမှ မြို့ကလေးရှိ အရပ်ပန်းချီဆရာ မောင်ကျော်ဗိုးဆိုသူနှင့် မေတ္တာမျှကြသည်။ တစ်နေ့တွင် ပန်းချီမောင်ကျော်ဗိုးနှင့် ခိုးရာလိုက်မည်ဟုဆိုကာ အထုပ်များသယ်၍ လှေဖြင့်ပြေးကြရာ လှေမှောက်၍ မောင်ကျော်ဗိုးမှာ ရေတွင်နစ်မြုပ်သွားသည်။ ရေထဲမှ တစ်နေ့ပေါ်ခိုး၊ ပြန်လာလိမ့်နိုးနှင့် စောင့်စားရင်းမှ ကသည်းမ မိစိန်မှာ အရူးမဘဝသို့ ရောက်ရှိခဲ့ခြင်းဟု ဆိုကြသည်။

ယခုအခါ ကသည်းမ မိစိန်ကဲ့သို့ လမ်းတကာလျှောက်လည်၍ သွားလာနေသော နှစ်ဦးမှာ မကြာခင်နှစ်များက ပေါ်ပေါက်လာခဲ့သည်။ သူတို့မှာ ဦးတင်မြနှင့် ဦးဌေးလင်းပင် ဖြစ်တော့သည်။ "မည်းမည်းကြီး" ကိစ္စဖြင့် ရူးသွပ်သွားခြင်းဖြစ်ကြသလို မိဘ၊ ဆွေမျိုး၊ ဇနီး၊ သားသမီးများလည်း ထိန်းသိမ်း၍မထားနိုင် ဖြစ်ကြရသဖြင့် နေ့ညမရွေး လမ်းတကာ လျှောက်သွားနေကြသည်။ ယဉ်ယဉ်လေး ရူးကြသူများဖြစ်၍ ဘာမျှတော့အန္တရာယ် မပေးကြပေ။

ကလေးများက ဦးတင်မြအား တွေ့လျှင် . . .

"ဦးတင်မြ . . . ဒါခင်ဗျားသားလား"မေးလျှင် . . .

"အေး . . . အေး"ဟု ဖြေတတ်သည်။

"ဦးတင်မြ . . . ခင်ဗျားက မင်းသားနဲ့ တူသလား"

"တူတယ်ကွ . . . ငါက ပြဇာတ်မင်းသား ဦးကျော်ဦးပေါ့"

ဦးတင်မြ သဘောကျသော ပြဇာတ်မင်းသား ဦးကျော်ဦးမှာ မြို့လေးတွင် ကျော်ကြားနေသော "ပန်တျာစိန်မောင်တင့်နှင့် ပန်တျာမအေးငွေ"ဇာတ်သဘင်မှ ပြဇာတ်မင်းသားဖြစ်၍ လူကြိုက်များ၊ လူသိများသောသူတစ်ယောက် ဖြစ်သည်။ ဦးတင်မြသည် စိတ်မနှံ့သော်လည်း ကလေးများကို ချစ်တတ်သူဖြစ်ကာ သွားကြားထိုးတံတစ်ချောင်းကို ကိုက်၍ ပြုံးပြုံးကြီးနဲ့ လမ်းတကာလျှောက်နေတတ်သည်။

အရူး ဦးဌေးလင်းကား စိတ်ဆတ်သည်။ ကလေးများကို မချစ်တတ်။ ကလေးများက စလာနောက်လာလျှင် နောက်ကပြေး၍ လိုက်ဖမ်းတတ်သည်။ သို့သော် ရိုက်ပုတ်ခြင်းကား မရှိပါ။

"ဦးတင်မြက မင်းသားဦးကျော်ဦးဆိုရင်၊ ဦးဌေးလင်းက လူကြမ်းဦးထွန်းပေါပေါ့နော်။ ဒါဆို ကသည်းမ မိစိန်နှင့် အတူနေရမယ်နော် . . . ဟေ . . . ဟော့ဟေ . . . ဟော့ . . . ဟား . . . ဟား . . . ဟား"

"ဘိုးတော်တွေ၊ ဘွားတော်တွေ သေပေတော့"

ဦးဌေးလင်းက စိတ်ဆိုးလျှင် ကလေးများကို လိုက်ဖမ်းကာ "ဘိုးတော်တွေ၊ ဘွားတော်တွေ"ဟု အော်ကြီးဟစ်ကျယ် ငေါက်ငမ်းတတ်သည်။ ဦးတင်မြနှင့် ဦးဌေးလင်းမှာ လူကောင်းဘဝက မရင်းနှီးခဲ့သော်လည်း စိတ်မနှံ့သောအခါ၌လည်း တစ်ခါမှ အတူတွဲ၍နေခြင်း မရှိပေ။

သို့သော် ထူးခြားသည်ကား နှစ်ဦးလုံး ဒီဘဝရောက်မှ အရက်ပြတ်သွားကြတော့သည်။

ထူးဆန်းသည့်အချက်တော့ ရှိသည်။

ဦးတင်မြနှင့် ဦးဌေးလင်းတို့ စိတ်မနှံ့သူနှစ်ဦး တစ်ခါက လမ်းကျဉ်းကျဉ်းတွင် မျက်နှာချင်းဆိုင် ဆုံကြရာ တစ်ဦးကိုတစ်ဦး စိမ်းစိမ်းကြီးဖြင့် အတန်ကြာ စိုက်ကြည့်နေကြသည်။

ရုတ်တရက် တစ်ဦးက . . .

"ဟာ . . . မည်းမည်းကြီး . .



www.burmeseclassic.com

www.burmeseclassic.com

မည်းမည်းကြီး”

ဟု အော်လိုက်ရာ တစ်ဦးက လည်း . . .

“မည်းမည်းကြီး . . . သရဲ၊ သရဲ”ဟုအော်ဟစ်ကာ နောက်ပြန်လှည့်၍ ပြေးကြသည်။ ဘာအကြောင်းကြောင့်မှန်းမသိသော်လည်း “မည်းမည်းကြီး”အော်သည်နှင့် မြို့လူထုမှာ သွေးပျက်ချင်ချင် ဖြစ်ကြရသည်။ ၎င်းတို့နှစ်ဦးမှာ တွေ့ဆုံတိုင်းလည်း ဤသို့ အလန့်တကြား အော်ဟစ်လေ့ရှိကြောင်း အံ့ဩစွာ တွေ့ကြရသည်။ ဤမှာ မည်းမည်းကြီးနှင့် ပတ်သက်သော ဇာတ်ကွက်တစ်ချို့သာ ဖြစ်ပါသည်။ (တောင်းပန်ချက် ။ အရက်စကားဖြစ်သော ‘အရှုး’ဟူသော အသုံးအနှုန်းကိုတော့ မလွှဲသာ၍ သုံးရခြင်းသာ ဖြစ်ပါသည်။ စာရေးသူ)

* * * * *

## ခြေရာတော့ ခြေရာပဲ ဘာခြေရာ မှန်းမသိ

“မည်းမည်းကြီးဗျို့ . . . မည်းမည်းကြီး။ ဝိုင်းကြပါ . . . ဝိုင်းကြပါ”

“လိုက်ဟေ့ . . . လိုက်ဟေ့”

“အောင်မင်္ဂလာလမ်းထဲ ဝင်သွားပဟေ့။ လိုက်ကြ၊ ဝိုင်းကြပါဟ”

“ပျောက်သွားပြီဟေ့”

“ဟာ . . . ဘယ်ရောက်သွားမှန်း မသိဘူး”

“မျက်ခြေပြတ်သွားပြီဟေ့”

ထုံးစံအတိုင်း မည်းမည်းကြီးက အစပျောက်သွားပြန်ပေပြီ။ မည်းမည်းကြီးမြင်တိုင်း ဝိုင်းလိုက်ကြသော်လည်း လူလား၊ တိရစ္ဆာန်လား၊ နာနာဘာဝလား ကွဲကွဲပြားပြား မသိလိုက်ကြရပါ။ ထိပ်တိုက်တွေ့ကြသူများမှာလည်း မှောင်မှောင်မည်းမည်း ဝါးတစ်ပြန်အကွာ ဝန်းကျင်မှသာ တွေ့မြင်ကြရသဖြင့် ဘာမျှတိတိကျကျ ရေရေလည်လည် မပြောနိုင်ကြပါ။

“ထူးတော့ ထူးတာပဲကွာ . . ။ ဒီမည်းမည်းကြီးပေါ်လာတာ တစ်နှစ်ထောင်ရှိမလားဘဲကွ။ ဘာမှန်းညာမှန်း မသိရတာ ဆိုးတယ်”

“မသမာသူ တစ်ဦးဦးက ချည်ထုပ်မှောင်ခိုတွေဆီက ငွေလုဖို့ အကြံအဖန်လုပ်ဖို့ အယောင်ဆောင်တာပဲ ဖြစ်မှာပါ”

“သားရဲ[illegible] ရစ္ဆာန် တစ်ကောင်ကောင်လည်း ဖြစ်နိုင်တာပဲကွ”

“နတ်ကတော်ဒေါ်ပုနှင့် ဦးကျော်ရှိန်တို့ကပြောတော့ အရှင်ကြီးမကြိုက်တာကြောင့် ဖြစ်တာလို့ ဆိုတာဘဲ”

“နာနာဘာဝတွေ လူယောင်ဆောင်ရင်း လူအစစ်နဲ့ ထိပ်တိုက်တွေ့ပြီး မည်းမည်းကြီး ဖြစ်သွားတာကော မဖြစ်နိုင်ဘူးလား”

“ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ မဟုတ်ချင်လည်း မဟုတ် . . . ”

“တော်ကြစမ်းပါကွာ။ ကြုံရာပါးစပ် မသရမ်းကြစမ်းပါနဲ့”

တစ်နံနက်စောစောတွင် သမဝါယမ အသင်းဆိုင်ကြီးရှေ့တွင် လူများစုရုံးစုရုံးနှင့် ဖြစ်နေကြသည်။ တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုသံ၊ ရော်ရမ်းမှန်းဆ ခန့်မှန်းသံ၊ ငြင်းခုံသံများနှင့် ဆူညံနေကြသည်။

အကြောင်းမှန်မှာ မြို့နယ် သမဝါယမခြံဝန်း ကုန်လှောင်ရုံအနီးတွင် ထူး ဆန်းသော ခြေရာများတွေ့ရခြင်းကြောင့် ဖြစ်သည်။ မည်သည့်ပစ္စည်းမှ မပျောက်ရှသော်လည်း ပျားရည်ပေပါသုံးလုံးမှာ တန်းစီထောင်ထားရာမှ လဲကျကာ နေရာရွှေ့နေကြသည်ဟု ဆိုသည်။ ညစောင့်များထားရှိသော်လည်း တစ်ညလုံး ဘာသံမှ မကြားရ၊ ဘာကောင်မှ မမြင်ရဟု သိရသည်။ သို့သော် မြေပြင်ပျော့ပျော့တွင် ခြေရာများကား ရှုပ်ယှက်ခတ်၍ ပွစာကြနေသည်။

ထူးခြားသည်ကား ခြေရာများမှာ လူခြေရာကဲ့သို့ သိသိသာသာ ဖြစ်မနေကြဘဲ ခြေချောင်းလေးများသာ ထင်ရှား၍ ခြေဖဝါးရာ၊ ခြေဖနောင့်ရာများ မတွေ့ရခြင်းပင် ဖြစ်သည်။ ပစ္စည်းခိုးရန်လာသော လူတစ်ဦးဦးက အစောင့်များ မသိရှိစေရန် ခြေဖျားထောက်၍ သွားနေလာနေသကဲ့သို့ ပုံစံဖြစ်သည်။ မြို့လေးမှ ပါတီကောင်စီနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့မှာ ခြေရာများကိုကြည့်၍ အကြံအိုက်နေကြသည်။ နောက်ဆုံးတွင် မည်းမည်းကြီးနှင့် ဆက်စပ်ပတ်သက်နိုင်သည်ဟု ယူဆ၍ ဖြစ်ရပ်မှန်ဖော်ထုတ်ရေးအဖွဲ့တို့ ဖွဲ့စည်းလိုက်ကြသည်။ ခြေရာနှင့် မည်းမည်းကြီးပဟေဠိကို အမြန်ဆုံး ရှင်းလင်းတင်ပြနိုင်ရန် တာဝန်ပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြသည်။

ဒုရဲအုပ် ဦးဖိုးထိန်နှင့် မြို့တွင်းစုံထောက်(နယ်ထိန်းအဖွဲ့)မှ တပ်ကြပ်ခင်ဖေနှင့် ရဲတပ်ဖွဲ့ဝင် သုံးယောက်၊ ရပ်ကွက်(၃) မီးသတ်တပ်ကြပ်ကြီး ဦးဌေးမောင်(ဥပဒေရုံး)၊ ရပ်ကွက်(၂) မီးသတ်တပ်ကြပ်ကြီး ဦးတင်လှ (စာရင်းရုံး)၊ ရပ်ကွက်(၁)မှ မီးသတ်တပ်ဖွဲ့မှူး ဦးရဲမြင့်ဦး(သမဦးစီး)၊ မြို့နယ်စစ်မှူးထမ်းဟောင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင် (စာအုပ်ဆိုင်)၊ မြို့နယ်သမဝါယမအသင်းမှ အမှုဆောင် ဦးတင်ဦးကြီး၊ ဦးဝက်ဖဲ၊ စက်လှေဂိတ်မှူး ကိုကြည်ထွေး စသော ပုဂ္ဂိုလ်တို့ကို (ယခင် မဆလ ခေတ် ပါတီပုံစံဖြင့်) စုံးစမ်းရေးအဖွဲ့ အဖြစ် ဖွဲ့စည်းပေးလိုက်သည်။ လိုအပ်ချက် လူအင်အားနှင့် ပစ္စည်းကိရိယာ သိုအပ်ပါက စိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌမှ တာဝန်ယူရမည် ဖြစ်သည်။

ဤနေရာတွင် စာရေးသူ ကြားဖြတ်၍ ရေးပြလိုပါသည်။ မြို့ကလေးမှာ အထက်ချင်းတွင်းမြစ်၏အနောက်ဘက်ကမ်းတွင် တည်ရှိပါသည်။ ကလေးမြို့နှင့် ၂၄ မိုင်၊ တမူးမြို့နှင့် ၉၆ မိုင် ဝေးပါသည်။ ၎င်းမြို့လေး၏ အထက်ပိုင်းတွင် မော်လိုက်မြို့၊ အောက်ပိုင်းတွင် မင်းကင်းမြို့၊ မြစ်အရှေ့ဘက်ကမ်းတွင် မဟာမြိုင်တောကြီးရှိ၍ ၎င်းကိုကျော်လျှင် တန့်ဆည်မြို့ရှိပါသည်။ မန္တလေး၊ မုံရွာ၊ ရေဦး၊ တန့်ဆည်၊ ကလေး၊ တမူးသွား မဟာမြိုင်လမ်းမကြီး၏ ကူးတို့ကူးရာ ဂိတ်ပေါက်မြို့လေး ဖြစ်သလို သဘော်၊ မော်တော်၊ စက်လှေ ဆိုက်ကပ်ရာ မြို့လေးလည်းဖြစ်၍ မြို့အကွက်အကွင်းကျဉ်းမြောင်းသော်လည်း လူဝင်လူထွက်၊ ကုန်စည်စီးဆင်းခြင်း ကောင်းသဖြင့် အထူးစည်ကားသော မြို့လေးဖြစ်ပါသည်။

မြို့ကျဉ်းသလောက် လူထူထပ်သည်။ လူပေါ်များသလောက် နာမည်တူများရှိသည်။ နာမည်တူများလှသည်။ ခင်မောင်၊ တင်အောင်၊ ဌေးမောင်၊ ဌေးအောင်၊ ဌေးလင်း၊ တင်မြ၊ မြင့်သိန်း၊ သိန်းမောင်၊ လှမောင် စသော နာမည်ရှင်တို့မှာ များလှသည်။ ဥပမာ ဆိုရပါလျှင် ဦးခင်မောင်ဟု ဆိုပါက မြို့ပေါ်တွင် ဆယ်ဦးမျှ ရှိပေသည်။

ကျောင်းဆရာ တစ်ဖြစ်လဲ တရားသူကြီး ဦးခင်မောင်၊ စစ်မှုထမ်းဟောင်း သမဝါယမ ဦးခင်မောင်၊ ကလေး-တမူး ကုန်ကားမောင်းသော ဦးခင်မောင်၊ လက်သမားဆရာ ဘိန်းစား ဦးခင်မောင်၊ ထိုအချိန်က ခေတ်စား၍ နာမည်ကျော်မင်းသား ခဖော်ဝမ်းနှင့် တူလှသော စာချစ်သူစာပေမှ ကိုခင်မောင်၊ ကုလားခင်မောင် စသည်စသည်ဖြင့် များလှသည်။ သို့ဖြစ်၍ ယခုစာမူတွင် နာမည်တူများပါသော်လည်း လက်သည်းကွင်းတွင် ကွဲပြားမှု ဝိသေသအား ပြထားသည်ကို သိစေလိုပါသည်။

ဥပမာထပ်ပြရလျှင် ဌေးမောင်ဆိုသည်နှင့် မပြည့်စုံဘဲ ဦးဌေးမောင် (ဥပဒေရုံး)၊ ဦးဌေးမောင်(စာရင်းရုံး)၊ ဦးဌေးမောင် (ဖလဗေဒရုံး) ရေးမှသာ ပြည့်စုံမည်ဖြစ်ပါသည်။ နာမည်လွှဲ၍လည်း မရေးလိုပါ။

"ခြေရာတွေကို
မှန်ဘီလူးနဲ့ ကြည့်၊
ခွေးနဲ့ အနံ့ခံ၊
ခြေရာကြောင်းတွေ
ဓာတ်ပုံရိုက်၊
ဖြစ်နိုင်တာအားလုံး
လုပ်ခဲ့ကြပြီ။
အဖြေမတွေ့တာတော့
လည်း
မတတ်နိုင်ဘူးဗျာ"
"စီအိုင်ဒီမှုခင်းတပ်ဖွဲ့ကို
သတင်းပို့ အကူအညီ
တောင်းကြည့်ရင်
ကောင်းမယ်ထင်တယ်။
ဥပမာ . . .
ဓာတုဗေဒနည်းနဲ့
စစ်ဆေးတာတို့"



www.burmeseclassic.com

www.burmeseclassic.com

"ခြေရာရှင်နှင့် မည်းမည်းကြီး စုံစမ်းရေးကော်မရှင်"သည် ဒုတိယရဲအုပ်(ယာယီစခန်းမှူး) ဦးဖိုးထိန်၊ တပ်ကြပ်ခင်ဖေ၊ ရဲတပ်သားများဖြစ်ကြသော မောင်ချို၊ ဦးဒွေးအောင်၊ မောင်မောင်ကြီး၊ မီးသတ်တပ်ဖွဲ့မှ ဦးဒွေးမောင်(ဥပဒေရုံး)၊ ဦးတင်လှ (စာရင်းရုံး)၊ ဦးရဲမြင့်ဦး(သမဦးစီး)၊ စစ်မှုထမ်းဟောင်းတွဲဖက် အတွင်းရေးမှူး ဦးခင်မောင် (မင်းသားဇော်ဝမ်းနှင့်တူသူ)၊ မြို့နယ်သမဝါယမအသင်း လူကြီးများဖြစ်သော ဦးတင်ဦးကြီး၊ ဦးဝက်ဖဲ၊ ဦးတင်ပွင့် စသည်ဖြင့် လူစုံတက်စုံဖြင့် အစည်းအဝေးထိုင်ကြတော့သည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် ၎င်းပုဂ္ဂိုလ်များမှာ ပါတီကေဒါများ၊ ပညာတတ်များ၊ တက်ကြွသော လူလတ်ပိုင်းများ ဖြစ်သော်လည်း ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက်ကြီး ဦးစံရှား မဟုတ်။ ဆရာကြီး ဒဂုန်ရွှေမျှား၏ စုံထောက်ကြီး ဦးထင်ကျော် မဟုတ်။ ဆရာကြီးမင်းသိခ်၏ ဆားပုလင်းနှင်းမောင်၊ စာရေးဆရာအောင်ဇင်၏ အိုင်အိုမင်းအောင်လည်း မဟုတ်ကြသဖြင့် တစ်လကျော်ကြာသော်လည်း အစီရင်ခံစာ မတင်ပြနိုင်သဖြင့် "စုံလွဲရေးကော်မသေ"ဟု ပြောင်လှောင်ခေါ်ဝေါ်ခြင်း ခံရလေသည်။

မြို့နယ်ပါတီယူနစ်၊ မြို့နယ်ပြည်သူ့ကောင်စီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ ဖိအားပေး ဆူပူကြိမ်းမောင်းမှုကို စုံစမ်းရေးကော်မရှင်များ မျက်နှာငယ်စွာ လိုမ့်၍ခံကြရသည်။ ဒုရဲအုပ် ဦးဖိုးထိန်လည်း မျက်နှာမရ ဖြစ်လာရသဖြင့် မဖြစ်မနေ အစည်းအဝေး ထိုင်ကြရပြန်သည်။

"ကဲ . . . မြို့နယ်ကတော့ကြိမ်းလှပြီ။ ဘယ်လိုလုပ်ကြမလဲ"

"ကျုပ်တို့လည်း ညတိုင်း ကင်းလှည့်၊ ကင်းပုန်းဝပ်ပြီး စောင့်ကြတာပဲ။ ဘာမှ ထူးထူးခြားခြား သိမလာဘူးဖြစ်နေတယ်"

"ခြေရာတွေကို မှန်ဘီလူးနဲ့ကြည့်၊ ခွေးနဲ့ အနံ့ခံ၊ ခြေရာကြောင်းတွေ ဓာတ်ပုံရိုက်၊ ဖြစ်နိုင်တာအားလုံး လုပ်ခဲ့ကြပြီ။ အဖြေမတွေ့တာတော့လည်း မတတ်နိုင်ဘူးဗျာ"

"စီအိုင်ဒီ မှုခင်းတပ်ဖွဲ့ကို သတင်းပို့ အကူအညီတောင်းကြည့်ရင် ကောင်းမယ်ထင်တယ်။ ဥပမာ ဓာတုဗေဒနည်းနဲ့ စစ်ဆေးတာတို့"

"တော် . . . တော်"

ဒုရဲအုပ် ဦးဖိုးထိန်က စိတ်ရှုပ်စွာနဲ့ အော်လိုက်ရင်း . . .

"အဲဒီလောက် ကြီးလည်းကြီးကျယ်တာ မဟုတ်ဘူး။ မြို့လူထု ထိတ်လန့်နေတာနဲ့ ခြေရာတွေ့တဲ့ကိစ္စပဲ ရှိတာမဟုတ်လား။ ပိုခက်တာက ဘီးစမ်းရပ်ကွက်နဲ့ ကံမစီရပ်ကွက်ထဲမှာ တွေ့ရတဲ့ ခြေရာတွေပဲ။ ဘီးစမ်းရပ်ကွက်ထဲက ခြေရာက ပိုကြီးတာတွေ့ရတယ်။ ဒါပေမယ့် ဒီရက်ပိုင်းမှာ မည်းမည်းကြီးရော၊ ခြေရာတွေပါ ပျောက်နေပြန်တယ်။ မြို့နယ်က ဘာထူးလဲ၊ ဘာထူးလဲနဲ့ တစ်မေးတည်း မေးနေတယ်"

ခေတ္တခဏ အသံများ တိတ်သွားကြသည်။

မကြာမီ ဝေဖန်သံများနှင့် ဆူညံ၍ သွားပြန်သည်။

ဤတွင် မင်းသားဇော်ဝမ်းစတိုင်လ်ဖြင့် စာအုပ်ဆိုင်ရှင် ကိုခင်မောင်က ထ၍ရပ်လိုက်ရင်း . . .

"ကျွန်တော့်ကို ပုံလေးတစ်ပုံ ပြောခွင့်ပြုပါ"

"ဟာ . . . အရေးထဲ ကလေးကလား ပုံပြောဦးမတဲ့"

"ထိုင် . . . ထိုင် . . . ကိုခင်မောင် ဟာသတွေလုပ်မနေပါနဲ့"

မီးသတ်မှူးရဲမြင့်ဦး (သမဦးစီး)က . . .

"မယားပေးက မဟုတ်ကဟုတ်က ပြောဦးတော့မယ်"

မီးသတ်တပ်ကြပ်ကြီးများ ဖြစ်ကြသော ကိုဒွေးမောင်(ဥပဒေ)နှင့် ကိုတင်လှ (စာရင်းရုံး)တို့က တခွီးခွီး ရယ်လိုက်ကြသော်လည်း လူကြီးများဖြစ်ကြသော ဦးဝက်ဖဲ၊ ဦးတင်ပွင့်၊ ဦးတင်ဦးကြီးတို့ကမူ ပြုံးစစ ဖြစ်နေသည်။ ရဲတပ်ကြပ် ဦးခင်ဖေက ဝင်၍ ထိန်းရင်း . . .

"ကဲ . . . ကဲ . . ကိုခင်မောင်၊ ဒီကိစ္စနဲ့ဆက်စပ်ရင် ပြောဗျာ၊ မလိုအပ်ရင်တော့ အပိုတွေ မပြောပါနဲ့တော့။ အချိန်ကုန်ပါတယ်"

"အပိုမဟုတ်ပါဘူးဗျာ။ ဒီကိစ္စနဲ့လည်း ဆက်စပ်နိုင်တဲ့ အခြေအနေ

www.burmeseclassic.com

ပါ။ ကျွန်တော်တို့အဖွဲ့ စဉ်းစားတွေး ခေါ်နိုင်ဖို့ ပြောပြတာပါ"

ကိုခင်မောင်က မင်းသားဇော်ဝမ်း စတိုင်လ်ဖြင့် ကုပ်တိုတိုကိုကျုံ့ရင်း ပခုံးလှုပ်လိုက်၊ လက်နှစ်ဖက် ဟန်ပါပါကားလိုက်နဲ့ ရှင်းပြနေသည်။ ကိုခင်မောင် စတိုင်လ်ကျ၍ ခန့်ချောချောသလောက် မီးသတ်မှူး ရဲမြင့်ဦး (သမဦးစီး)မှာ ပုကွကွ၊ ခြေတို၊ လက်ရှည်ဖြင့် အကြည့်ရဆိုးသည်။ အပျို မြင်လို့ ပြိုင်ပိုးလျှင် ကိုခင်မောင်ကို ရဲမြင့်ဦးက အရှုံးပေးရမြဲ ဖြစ်သည်။ ရပ်ကွက်(၁)တွင် အတူနေသူဖြစ်၍ သာရေး၊ နာရေး၊ လူမှုရေးတွင် တက်တက်ကြွကြွ အတူတူလုပ်ကိုင်သော်လည်း "ရဲမြင့်ဦးမှာ ကိုခင်မောင် တပည့်" ဟူ၍လည်းကောင်း၊ "ကိုခင်မောင်မှာ ရဲမြင့်ဦးဆရာ" ဟူ၍လည်းကောင်း ပြောဆိုကြသဖြင့် အလိုလိုနေရင်း အလိုမကျ ဒေါပွနေတတ်သော ရဲမြင့်ဦးဖြစ်သည်။ အဖွဲ့ထဲတွင် အသက်အငယ်ဆုံး ဘွဲ့ရပညာတတ် ဖြစ်သော်လည်း အရုပ်ဆိုး၍ လူပျိုကြီးဘဝက မကျွတ်မလွတ်နိုင်သော ပုဂ္ဂိုလ်လေးပဲ ဖြစ်ပေသည်။

* * * * *

## ကိုခင်မောင် ပြောပြသော 'အသံကကြက်သံ' ပုံပြင်

ဦးဖိုးထိန်က ချောင်းဟန့်လိုက်ရင်း . . .

"ကဲ . . . ကဲ . . . ပြောတော့ ကိုခင်မောင်ရေ"

"ဒီလိုဗျ . . . ပုံပြင်ဆိုပေမယ့် တကယ့်ဖြစ်ရပ်နဲ့ ပိုနီးစပ်တဲ့ ရိုးရာယုံတမ်းစကားလို့ ပြောလို့ရမယ်။ တောရွာစရိုက် ရပ်ခလေ့၊ ရွာခလေ့ပဲ ဆိုပါစို့"

"တစ်ခါက ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း ကုန်းတွင်းကျတဲ့ ကျေးရွာလေးတွေရှိတဲ့ ဒေသမှာ ဖြစ်ပါတယ်။ ကုန်းတွင်းကျတော့ မဟာမြိုင်တောနှင့်လည်းနီးတယ်၊ သဲချောင်း၊ စမ်းချောင်းလေးတွေလည်း စီးဆင်းနေတယ်။ တစ်ရွာနဲ့တစ်ရွာဟာ 'ဒေသထုံးစံအတိုင်း တစ်နာရီ၊ နှစ်နာရီသာ'သွားရတဲ့ ခြေလျင်ခရီး၊ နွားလှည်းခရီးပဲ ရှိပါတယ်။ သိကြတဲ့အတိုင်း ချင်းတွင်း အထက်ပိုင်းဒေသဖြစ်တဲ့ ကျွန်တော်တို့မြို့နယ်မှာ သောင်းကျန်းသူ မရှိဘူး။ အဖျက်သမား သူခိုးဓားပြ လူရမ်းကားတွေ မရှိဘူး။ တောဆင်၊ သားရဲ ကျား၊ ကျားသစ်မရှိဘူး။ မြွေပွေး၊ မြွေဟောက်၊ အဆိပ်ရှိတဲ့ ကင်း၊ ဖားပြုပ်မရှိဘူး။ ရေထဲမှာ မိကျောင်းသာ မဟုတ်ဘူး၊ အန္တရာယ်ပေးနိုင်တဲ့ ငါးနှင့် သွေးစုပ်သတ္တဝါ မျှော့၊ ကျွတ်၊ ဒက်တွေ မရှိဘူး။ ပျားရှိပေမယ့်လည်း လူစားတဲ့ ပျားတူကောင်(ပဒူ) မရှိသလို ဖိုးသမား ဘိန်းဖြူသုံးတဲ့လူလည်း မရှိဘူး။ ဒီတော့ အေးချမ်းတဲ့ ဒေသပဲ မဟုတ်လား။

ဒီလို အေးချမ်းတဲ့ဒေသမှာ တောင်ယာလယ်လုပ်တဲ့သူ၊ သစ်ခုတ်၊ ဝါးခုတ်၊ ကြိမ်ခုတ်တဲ့သူ၊ ဈေးရောင်းတဲ့သူတွေပဲ ရိုးသားစွာ နေထိုင်ကြပါတယ်။ ဒါပေမယ့် မတစ်ရာသားရှိတဲ့ ရွာတွေဆိုတော့ ရပ်ခလေ့ရွာခလေ့ အရက်သောက်သူ၊ ကြက်တိုက်သူ၊ ဖဲရိုက်သူတော့ စုန်းပြူးအနေနဲ့ အနည်းနဲ့အများ ရှိကြတာပေါ့လေ"

"ရွာထုံးစံအတိုင်း ယောကျ်ားသားနားက လယ်ယာလုပ်၊ သစ်ခုတ်၊ ဝါးခုတ်ထွက်သလို အိမ်ရှင်မ အမျိုးသမီးတွေဟာလည်း ချက်ပြုတ်ပြီးစီးလို့ အားလပ်ရင် တစ်ရွာနှင့်တစ်ရွာကြား တောတန်းလေးတွေ၊ ချောင်းနံ့ဘေးတွေမှာ ထင်းခွေ၊ မျှစ်ချိုး၊ ဟင်းရွက်ခူး၊ ကဒစ်ဥ၊ ကြွေဥ၊ မျောက်ဥတူးနဲ့ လုပ်ကိုင်စားသောက် နေထိုင်ကြပါတယ်။

ဟိုရွာနဲ့ ဒီရွာကလည်း အိမ်ဦးနဲ့ ကြမ်းပြင်လို သွားလာနေကြသလို၊ သဲချောင်းတစ်လျှောက် စမ်းချောင်းကွေ့တွေမှာ အိုင်တွေ့ရင် ငါးသေး ငါးမျှင်တွေ ရှာဖွေဖမ်းဆီးကြပါတယ်။ ဒါပေမယ့် မဟာမြိုင်တောကြီးနဲ့နီးတော့ ဝံကုပ်၊ ကျားဆွဲ၊ ဆင်နင်း၊ မြွေကိုက်ဆိုတာကတော့ ရှေးရှေးက ပြောသံဆိုသံ၊ ရပ်ဝေးက ဖြစ်ပျက်တာကို တစ်ဆင့်စကား တစ်ဆင့်နား ကြားနေကြရတာမို့ ကြားဖူးနားဝနဲ့ ဂရုစိုက်ရတာပေါ့။

ဒီလိုနဲ့ ဒီဘက်ရွာက ကြက်သမားတစ်ယောက်ဟာ ကြက်တိုက်ဖို့ ရွာထဲမှာ ကြက်ဝိုင်းလိုက်ရှာပေမယ့် မတွေ့ဘူးဖြစ်နေတယ်။ ကြက်ကလည်း တိုက်ချင်၊ ကြက်တိုက်ရင် ကြက်ပွဲမှာ သောက်ချင်စားချင်၊ လောင်းကစားချင်၊ ပျော်ပါးချင်တာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သူ့တိုက်ကြက်ဖြစ်တဲ့ ကြက်ဖလေးကိုပိုက်ပြီး ဟိုဘက်ရွာကို ကြက်တိုက်တစားဖို့ ထွက်ခဲ့ပါသတဲ့။

အဲဒီရွာကိုလည်း ရောက်ရော ကြက်ဝိုင်းကလည်း အဆင်သင့်တွေ့တာနဲ့ ကြက်ဝင်တိုက်လိုက်၊ ကြည့်လိုက်၊ အရက်သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်နဲ့ တစ်နေကုန်၊ တစ်ညလုံးပျော်ပါးရင်း အိပ်စက်ပါသတဲ့။ နောက်နေ့နေမြင့်မှပဲ အိပ်ရာကနိုးသတဲ့။ အိပ်ရာကနိုးနိုးချင်း အိမ်ရှင်မိတ်ဆွေကျွေးတာစားပြီး ကြက်ဖကလေးပိုက်လို့ သူ့ရွာကိုပြန်ခဲ့ပါသတဲ့။ ရွာမှာလည်း အလုပ်ကရှိသေးတော့ နောက်တစ်ည ထပ်မနေနိုင်ဘဲ ခပ်သုတ်သုတ်ပဲ ထွက်ခဲ့တာပေါ့။ ထုံးစံအတိုင်း သဲချောင်းအတိုင်း လျှောက်လိုက်၊ ခင်တန်းကလေး ကျော်လိုက်နှင့် ခရီးနှင်ခဲ့တာပေါ့။

အဲဒီအချိန်မှာ ရွာက အမျိုးသမီးအချို့ကလည်း တောထဲမှာ မှိုရှာ၊ မျှစ်ချိုး၊ သစ်ဥသစ်ဖုရှာ ထွက်လာကြတာပေါ့။ ဒါကတော့ ရွာသူတွေရဲ့ နေ့စဉ်အလုပ်ကိုး။ ဒီအထဲက ရွာသူတစ်ယောက်ဟာ ချောင်းကမ်းဘေး သဲနုန်းမြေပွပွမှာ ပေါက်ပြီး ဥတတ်တဲ့ တင်းတောက်ပင်ကို လိုက်ရှာလို့ တင်းတောက်ဥတူးဖို့ ရှာကြံလုပ်ကိုင်ပါတယ်။

ဒီနေရာမှာ တင်းတောက်ဥဆိုတာ ပဲမြစ်လို ပလောပီနံဥ (သဘော်မြောက်ဥ)လို အခွံဖြူဖြူ အတွင်းသားဖြူဖြူ၊ ရှည်မျောမျောပုံစံ ရှိပါတယ်၊ အတုတ်က လက်နှစ်ချောင်းစာအရွယ်၊ ပဲမြစ်အရွယ်ရှိပေမယ့် အရှည်ကျရင် တစ်ထွာကနေ တစ်တောင်၊ နှစ်တောင်အထိ ရှည်တတ်ပါတယ်။ ဒါကြောင့် ချောင်းကမ်းပါးတို့ သဲနုန်းမြေပွပွ ချောက်ကမ်းပါးတွေမှာ ပေါက်တတ်ကြပါတယ်။ တင်းတောက်ဥ ရင့်မှာလာရင် တင်းတောက်ပင်ဟာ နွယ်ပင်မို့ ရွက်ကြွေပြီး ခြောက်သွေ့သွားတတ်ပါတယ်။

သဲနုန်းမြေနက်နက်မှာ နွယ်ပင်ပေါက်ဥတတ်တဲ့ တင်းတောက်ပင်ကို တူးရာမှာ ကမ်းပါးဖြို့ချရင် လွယ်ပေမယ့် မြေပြင်သဲပြင်မှာဆိုရင် အတော်နက်နက် တူးရပါတယ်။ အဝကျယ်ကျယ်တူးပြီး ခါးကုန်းလို့ နှိုက်ယူရပါတယ်။ ဆိုလိုတာက တွင်းကနက်တော့ ဒူးထောက်ခါးကုန်းပြီး လက်တစ်ဆုံး နှိုက်ယူ၊ တူးယူရပါတယ်။ တစ်ခါတစ်ခါ မျက်နှာအောက်ချ တွင်းထဲ ခေါင်းလျှိုပြီး တူးဖော်ရပါတယ်။

အဲသလို ဒူးထောက်ခါးကုန်းလို့ တွင်းထဲမျက်နှာအပ်ပြီး တင်းတောက်ဥတူးနေတဲ့ ရွာသူအမျိုးသမီးတစ်ဦးကို ကြက်တိုက်ပြီးပြန်လာတဲ့ ကြက်သမားက တွေ့ပါသတဲ့”

ဒီတွင်ပဲ ကျယ်လောင်တဲ့ ကန့်ကွက်သံ ထွက်ပေါ်လာပါသည်။

“တော် . . တော် ကိုခင်မောင်၊ ညစ်ညစ်ညမ်းညမ်းတွေ မပြောနဲ့”

လူရွှင်တော် ဇရော် ဆိုနီတို့ကဲ့သို့ ထိပ်အလွန်ပြောင်၍ တစ်ခေါင်းလုံးမှာ ဆံပင်နီကြောင်ကြောင်နဲ့ ကျိုးတိုးကဲ့တဲ့သာရှိသော ရပ်ကွက်(၃) မီးသတ်တပ်ကြပ်ကြီး ဦးငွေမောင်(ဥပဒေရုံး)က ထိပ်ပြောင်ပြောင်ကိုပွတ်ရင်း ထ၍အော်ခြင်း ဖြစ်သည်။ ဦးငွေမောင်မှာ ကျောင်းအုပ်ဆရာမကြီး၏ ခင်ပွန်းဖြစ်၍ ၎င်းအိမ်တွင် သိမ်မွေ့နူးညံ့သော်လည်း အပြင်အစည်းအဝေးများတွင် အလွန်စိတ်တိုတတ်သူ၊ အော်ကြီးဟစ်ကျယ် ပြောတတ်သူဖြစ်သည်။ ကွယ်ရာတွင် ‘မယက’ဟု ခေါ်ကြသော်လည်း ပုဂ္ဂိုလ်ရေးအရ ရင်းနှီးခင်မင်သူ များပြားသည်။

“ခင်ဗျားပြောမယ့်ပုံပြင်က ကျုပ်နားထောင်ပြီးသားဗျနော်။ ပြောခြင်းပြောရင် တခြားပုံပြင်တစ်ပုဒ် ပြောင်းပြော ကိုယ့်လူ”

မီးသတ်မှူး ဦးရဲမြင့်ဦး(သမဦးစီး)ကလည်း မျက်နှာကြီး ရှုံ့တွ၍ ထအော်သည်။

“တော်ကြပါတော့။ မယားပေးနှင့် မယားကြောက်။ ဒါအစည်းအဝေးဆိုတာ သတိထားကြပါဦး။ ပုံပြောရမယ့်နေရာလား စဉ်းစားကြည့်ပါဦး”

ဒုရဲအုပ် ဦးဖိုးထိန်က ကျောက်မျက်လုံးတစ်ဖက်ကိုပွတ်လိုက်၊ တဖွဲဖွဲဝါးနေသော ကွမ်းများကို ထွေးထုတ်လိုက်လုပ်ရင်း . . .

“ကဲ . . . ကဲ . . . တော်ကြပါတော့။ ကိုခင်မောင် ပုံဆက်ပြောပါစေ”

ရာထူး၊ ပညာ၊ အသက်အရွယ် အားလုံး အစစအရာရာ အကြီးဆုံး

www.burmeseclassic.com

ဖြစ်သော ဒုရဲအုပ် ဦးဖိုးထိန်(ဦးလေးထိန်) အသံကြောင့် တိတ်ဆိတ်သွား၍ မင်းသားဇော်ဝမ်းစတိုင်နဲ့ ကိုခင်မောင် (စာအုပ်ဆိုင်)မှာ ပုံပြင်ကို ဆက်ပြောပြန်သည်။

"အဲ . . . အဲလို ကြက်ဖလေး ပိုက်ပြီး ပြန်လာတဲ့ ကြက်သမားက သဲချောင်းကမ်းစပ်မှာ တင်းတောက်ဥ ကုန်းပြီးတူးနေတဲ့ ရွာသူကိုလည်း မြင်လိုက်ရော မကောင်းတဲ့စိတ်က ဖြစ်ပေါ်လာတယ်။ သမဦးစီး ကိုရဲမြင့်ဦးလို လူမျိုးပေါ့။ အချောင်သမားစိတ် ဖြစ်လာတာပေါ့"

"ဟေ့ကောင် ခင်မောင်၊ ငါ့ကို မစနဲ့ကွ . . . မယားပေးရ"

"မင်းလို မည်းမည်း၊ ပုပုကွကွ၊ စုတ်ဖွားဖွားကို ငါ့မိန်းမက စိတ်ကူးမှာ မဟုတ်ဘူးနော်။ မင်းတို့ မောင်နှမ တစ်တွေသာ တစ်သက်လုံး အပျိုကြီး၊ လူပျိုကြီး ဖြစ်နေတာကွ။ ယောက်ဖရဲ့"

"ငါ့ . . . နော်"

စာတိုပေစများ ရေးသားနေသော ဒုရဲအုပ်ဦးဖိုးထိန်မှာ ဇာတ်လမ်းလေးမှ ရရ၊ အချိန်ပဲကုန်ကုန် အချိုးဖြင့် နားထောင်ရာမှ မအီမသာ ဖြစ်လာကာ စားပွဲကို တဖြန်းဖြန်း ပုတ်လိုက်ရသည်။

"ပုံပြင် ဆက်ပြောမယ်နော် . . . ဟဲ . . . ဟဲ . . . ဟဲ။

တင်းတောက်ဥတူးနေတဲ့ ရွာသူအမျိုးသမီးကတော့ ဘာမှမသိဘူးပေါ့။ သဲမြေစာတွေတူးလိုက်၊ ယက်ထုတ်လိုက်နဲ့ ဖင်ဘူးတောင်းထောင်ပြီး ချွေးဒီးဒီးကျ လုပ်ကိုင်နေတာပေါ့။ ဒီဒေသမှာက ရမ်းရမ်းကားကား ဖြစ်ဖူးတာမှ မဟုတ်ဘဲကိုး။ ကြက်သမားက ကြက်ဖလေးကိုပိုက်လို့ ခြေဖျားထောက်ပြီး အမျိုးသမီးနားကို ကပ်သွားတယ်။

နောက်တော့ ယုတ်မာတဲ့စိတ်နဲ့ မတရားဆက်ဆံလိုက်တယ်။ အဲဒီအခါမှာပဲ လက်ထဲမှာပိုက်ထားတဲ့ သူ့ရဲ့ တိုက်ကြက်ဖကလေးက 'အောက်အီး အီး အွတ်' ဆိုပြီး ရုတ်တရက် တွန်လိုက်သတဲ့။ ကြက်တွန်သံကြားတာကြောင့် ကြက်သမားလည်း သတိရလိုက်တာမို့ ကြက်ဖလေးကိုပိုက်လို့ ခြေဖျားထောက်ပြီး ထွက်ပြေးခဲ့တယ်။

နောက်တော့ ချောင်းအကွေ့မှာ တောတိုးပြီး ပျောက်ကွယ်သွားတော့တာပေါ့။

မတရား ဆက်ဆံခံလိုက်ရတဲ့ အမျိုးသမီးကလည်း တွင်းတူးရာက ခါးဆန့်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါ ခြေဖနောင့်၊ ခြေဖဝါးရာ မပါဘဲ သဲပြင်ပေါ်က ကြက်သမားရဲ့ ခြေဖျားထောက်လာပြီး ထွက်သွားတဲ့ ခြေရာတွေကို တွေ့ရသတဲ့။ အဲဒီအခါမှာ ကြက်သီးတဖြန်းဖြန်းထရင်း ဒီလိုပြောလိုက်သတဲ့ဗျာ။

ပြောလိုက်ပုံက . . .

ဟင်း . . . ဟင်း . . . ဟင်း . . . ဟီး . . . ဟီး . . . ဟီး"

"သောက်ကျိုးနဲ့ကွာ။ ဒီကောင်နှယ် . . . ခွီးခွီး"

အစည်းအဝေးမှာ ရယ်မောသံ အချို့ ထွက်လာသည်။

"တင်းတောက်ဥတူးတဲ့ ရွာသူမကြီး ညည်းပြောပြောလိုက်တာကတော့ (ဆက်ဆံတာက လူပါ၊ အသံက ကြက်သံ၊ ခြေရာက ဝံခြေရာ။ ဘာသတ္တဝါမှန်း မသိတော့ပါဘူးတော်'လို့ ပြောလိုက်တာပဲ ဖြစ်ပါသတဲ့ဗျာ"

"ဟား . . . ဟား . . . ဟား (ဆက်ဆံတာလူပါ၊ ခြေရာက ဝံခြေရာ၊ အသံက ကြက်သံ။ မဟန်တာက ဘာကောင်မှန်း မသိတာဘဲတော်ရေ့) လို့ ပြောစမ်းပါ ကိုခင်မောင်ရယ်။ မဟုတ်က ဟုတ်ကကွာ ဟင်းဟင်း"

လူကြီးများမို့ နှုတ်ဆိတ်နေကြသော ဦးဖိုးထိန်၊ ဦးဝက်ဖဲ၊ ဦးတင်ပွင့်၊ ဦးတင်ဦးကြီးတို့လည်း ကိုခင်မောင် ပုံပြင်ကြောင့် တခွီးခွီး တဟီးဟီးနဲ့ ရယ်ကြပါတော့သည်။ မရယ်မောနိုင်သူက မီးသတ်မှူး ဦးရဲမြင့်ဦး (သမဦးစီး)ဖြစ်၍ မျက်မှောင်ကြီးကြုတ်ကာ တိုတောင်းလိမ်ကွေးသော လက်အစုံဖြင့် စားပွဲခုံကို တဗုန်းဗုန်းပုတ်ကာ အသံကုန်အော်ပါလေတော့သည်။

"ဒီပုံပြင်နဲ့ ဒီအစည်းအဝေး ဘာဆိုင်သလဲကွ။ အချိန်ကုန်အောင် အပိုတွေလျှောက်ပြောတယ်။ အရေးမရ၊ အဖတ်မရကွာ . . . ရှီး . . . ပဲ"

*(ဆက်လက်ဖော်ပြပါမည်။)*

**သစ်ထူးအိမ်**

www.burmeseclassic.com

# မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ၊ ဘာသာရေးရှုထောင့်မှ လေ့လာဝေဖန်သုံးသပ်ချက်

■ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မိမိကိုယ်ကိုမိမိ သေကြောင်းကြံစည်မှု (ဝါ) မိမိကိုယ်ကိုမိမိ သတ်သေမှု ဆူဆိုင်း(Suicide) ဆိုသော လုပ်ရပ်၊ ကျူးလွန်မှုမှာ ရှေးပဝေသဏီအခါမှ စ၍ ယနေ့မျက်မှောက်ခေတ်ရောက်ရှိနေသည့်တိုင်အောင် ကမ္ဘာပေါ်တွင် ခေတ်စားလျက်ရှိပေသည်။

စီးပွားရေးကြောင့်သော်လည်းကောင်း၊ အိမ်ထောင်ရေးကြောင့်သော်လည်းကောင်း၊ အချစ်ရေးကြောင့်သော်လည်းကောင်း၊ စိတ်ဖောက်ပြန်ခြင်းကြောင့်လည်းကောင်း၊ အခြားသော အကြောင်းခြင်းရာများကြောင့်သော်လည်းကောင်း ဆူဆိုင်း(Suicide) မိမိကိုယ်ကိုမိမိ သတ်သေမှု ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲ၊ ကျူးလွန်လတ္တံ့ ဖြစ်ချေသည်။ ဤတွင် စာရေးသူက ဆူဆိုင်း(Suicide)နှင့် ပတ်သက်ပြီး ဥပဒေရှုထောင့်အစား ဗုဒ္ဓဘာသာ ဘာသာရေးရှုထောင့်မှ ရှုမြင်ဝေဖန်သုံးသပ်သွားမည် ဖြစ်ပါသည်။

ယင်းသို့ ဝေဖန်သုံးသပ်ခြင်းမပြုမီ လက်ရှိ ကမ္ဘာပေါ်တွင် ဆူဆိုင်း(Suicide) အခြေအနေကို ဝေဖန်သုံးသပ်တင်ပြလိုပါသည်။

ယခု အီရတ်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန် နိုင်ငံအသီးသီးနှင့် ကမ္ဘာပေါ်ရှိ ဒေသအတော်များများတွင် ဘာသာရေးအစွန်းရောက် အကြမ်းဖက်အုပ်စု လက်တစ်ဆုပ်စာ လူတစ်စုက စစ်ဝါဒီကို ဦးတည်ချက်ပြုကာ လူတစ်ယောက်၏ အသက်ကို ပုရွက်ဆိတ်လောက် တန်ဖိုးမထားဘဲ အိုးအိမ်တိုက်တာ၊ စည်းစိမ်၊ စက်ရုံ၊ အလုပ်ရုံ၊ ပြည်သူ့အဆောက်အအုံများတို့ကို ကလေးကစားစရာ အရုပ်မျှ တန်ဖိုးထားလျက် ပြစ်မှုကျူးလွန်သူများသည် မိမိကိုယ်ပေါ်၌ ပေါက်ကွဲစေတတ်သော ဗုံးအပြည့်တပ်ဆင်ကာ အသေခံ၍ ဗုံးဖောက်ခွဲပြီး အဖျက်အမှောင့်လုပ်ငန်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အားပါးတရ ဖျက်လိုဖျက်ဆီး ပြုမူကျူးလွန်လျက်ရှိသည်။

ယင်းသို့ လူမဆန်သော ယုတ်မာလှသည့် လုပ်ရပ်မှာ တစ်နည်း ကားဗုံးဖောက်ခွဲမှု၊ အသေခံ ဗုံးဖောက်ခွဲမှု လုပ်ရပ်သည်ကား အမှန်စင်စစ်အားဖြင့် မိမိကိုယ်ကို သေကြောင်းကြံစည်မှု ဆူဆိုင်း(Suicide) ဟူသော အောက်တန်းကျလှသည့် လုပ်ရပ်၊ ပြုမူကျူးလွန်မှု ရာဇဝတ်ပြစ်မှုကြီးပင် ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com

**ကွယ်လွန်သူအား ရည်စူးပြီး သိုးဆိတ်တစ်ကောင်ကို လည်လှီးသတ်၍ အလှူလုပ်ခဲ့ပါတယ်။ ထိုအကုသိုလ်ကံကြောင့် ကျွန်ုပ်သည် အဖန်ငါးရာနှင့် ငါးကမ္ဘာခံခဲ့ရာ ယနေ့အဖို့ အချိန်စေ့ပြီမို့ ငှင်းဝင့်ဆင်းရဲခြင်းမှ လွတ်မြောက်ရတော့မည်ဖြစ်၍ ရယ်မောရခြင်း ဖြစ်ပါတယ်။**

အနိုလုပ်ငန်းကို ဗုဒ္ဓဘာသာ ဘာသာရေးရှုထောင့်မှ ကြည့်လျှင် အဖန်ကမ္ဘာ ငါးရာနှင့် ငါးကမ္ဘာ ခံကြရမည့် လုပ်ရပ်ပင်။ တစ်နည်းအားဖြင့်ဆိုရသော် ဘဝအဆက်ဆက် ဘဝတိုင်း ဘဝတိုင်း ခံရမည့် ဝိပါကဝဋ်ပင် ဖြစ်ပေသည်။ အသုံ့စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းလှသော လူမှုဖောက်ပြန်ရေးလုပ်ရပ်ပင် ဖြစ်ချေတော့သည်။ ရှုတ်ချသင့်လှပေသည်။

သေလျှင်ပြီးပြီ၊ မြန်မြန်သေလျှင် ဘဝလွတ်ကျွတ်မည်ဟူသော အယူမှားသည် မိစ္ဆာဒိဋ္ဌိအယူအဆ ဝါဒီပင် ဖြစ်ပေသည်။ ဗုဒ္ဓဘာသာတရားတော်နှင့် လုလုံသား သွေဖည်ဆန့်ကျင်၍နေပေသည်။

အနိုမိစ္ဆာဒိဋ္ဌိ အယူအဝါ ရှိကြကုန်သော လူအုပ်စုတို့သည် ဆူဆိုင်း(Suicide) လုပ်ခဲ့လျှင် အဖန်ငါးရာနှင့် ငါးကမ္ဘာ ခံကြရမည်ကိုလည်း မသိ။ ကြောက်လည်း မကြောက်ကြပေ။ အနီးဆုံး လက်တွေ့သာကေတစ်ခု တင်ပြအံ့။

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဗေဒပါရဂူ ဒိသာပါမောက် ပုဏ္ဏားဆရာကြီးတစ်ယောက်သည် သေသွားသူ ဆွေမျိုးတစ်ဦးအား ရည်စူး၍ ဆွမ်းကျွေးရန် ဆိတ်တစ်ကောင်ကို ဝယ်ပြီး လည်လှီးသတ်ဖြတ်ရန် စီစဉ်သောအခါ၌ ထိုဆိတ်က ထူးဆန်းအံ့ဩစွာဖြင့် ရယ်လည်းရယ်၊ ငိုလည်း ငိုကြွေးလေသည်။

ယင်းသို့တွေ့ဖြစ်လျှင် ပုဏ္ဏားကြီးက အဆိုပါဆိတ်အား သင်အဘယ်အတွက်ကြောင့် ရယ်လည်းရယ်၊ ငိုလည်း ငိုကြွေးရပါသနည်းဟု မေးရာ ထိုဆိတ်က ပြန်ဖြေကြားခဲ့သည်မှာ -

"ရှေးတုန်းက ကျွန်ုပ်လည်း သင့်ကဲ့သို့ ဗေဒင်ဆရာ၊ ပုဏ္ဏားတစ်ဦး ဖြစ်ခဲ့ပါတယ်။ ကွယ်လွန်သူအား ရည်စူးပြီး သိုးဆိတ်တစ်ကောင်ကို လည်လှီးသတ်၍ အလှူလုပ်ခဲ့ပါတယ်။ ထိုအကုသိုလ်ကံကြောင့် ကျွန်ုပ်သည် အဖန်ငါးရာနှင့် ငါးကမ္ဘာခံခဲ့ရာ ယနေ့အဖို့ အချိန်စေ့ပြီမို့ ငှင်းဝင့်ဆင်းရဲခြင်းမှ လွတ်မြောက်ရတော့မည်ဖြစ်၍ ရယ်မောရခြင်း ဖြစ်ပါတယ်။ တစ်ဖန် ငိုကြွေးရခြင်းသည်ကား သင်ပုဏ္ဏားကား ကျွန်ုပ်အား သတ်ဖြတ်မည်ဆိုပါက သင်ပုဏ္ဏားလည်း ကျွန်ုပ်ကဲ့သို့ ခံရမည်ကိုတွေးမိသဖြင့် ငိုကြွေးရခြင်းဖြစ်ပါသည်"ဟု ဖြေကြားခဲ့လေသည်။

ထိုရောအခါ၌ ပုဏ္ဏားကြီးသည် သံဝေဂတရား ရရှိသွားကာ ထိုဆိတ်အား မသတ်တော့ဘဲ ဘေးမဲ့လွှတ်လိုက်လေသတည်း။ ယင်းဆိတ်သည် တောထဲသို့ရောက်၍ မကြာမီ သေခြင်းတရားကို မလွန်ဆန်နိုင်သဖြင့် မိုးကြိုးပစ်ခတ်သည့်ဒဏ်ရာဖြင့် သေဆုံးပြီး လူ့ဘဝသို့ ရောက်ရှိသွားခဲ့သည်ဆိုသည်။ (အရှင်အစွောဘာသ (တက) ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလထုတ် မြစ်မခ ဘာသာရေးမဂ္ဂဇင်း၊ စာမျက်နှာ ၃၉/၄၀ ကို ကိုးကားပါသည်။)

သို့ဖြစ်လေရာ စာရေးသူတို့သည် ဝိပါကဝဋ် မခံကြရလေအောင် ဆူဆိုင်း(Suicide)လုပ်ရပ် ဒုစရိုက်အကုသိုလ်မကောင်းမှုအား မကျူးလွန်မိစေရန် ကြိုးစားရှောင်ရှားကြရမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသတည်း။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

□□□ လှမိုး(ပညာရေး)




ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်၏ ဆောင်းရာသီသည် စိတ်ပျက်ငြီးငွေ့စရာ ဖြစ်၏။ ဆီးနှင်းကမှလာသည် မြို့တော်တစ်ခုလုံးကို ရစ်ပတ်လွှမ်းခြုံထားလေ့ရှိပြီး တစ်ခါတစ်ရံ မိုးတစိမ့်စိမ့်ရွာနေပြီး အရိုးကွဲအောင် အေးစိမ့်သော လေကလည်း ချမ်းအေးသည့် ရာသီဥတုကို ပို၍ချမ်းအေးစေအောင် ဖန်တီးသည့်အလား တသုန်သုန် တိုက်နေလေ့ရှိသည်။ ၁၉၂၆ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ကမူ ညဦးပိုင်းမှ မိုးတစိမ့်စိမ့်ရွာနေသော မိုးသည် နံနက်လင်းလုလုအချိန်တွင် တိတ်သွားခဲ့၏။ သို့သော် အအေးစိပ်ကာ ကျဆင်းမြဲကျလျက်ရှိရာ ပါရီလူထုအဖို့ စောင်အထပ်ထပ်ခြုံကာ အိပ်ရာများထဲ၌သာ ကွေးနေကြရတော့၏။

ယမန်နေ့ညက နှစ်သစ်ကူးနေ့အဖြစ် အပျော်ကြူးခဲ့ကြသဖြင့် ပါရီလူထုအများစုမှာ အိပ်ရာမှ မထနိုင်ကြ။ လူစည်ကားဆုံး လမ်းမကြီးဟု နာမည်ကျော်ကြား လူသိများသော ရှောင်အလေဇေ လမ်းမကြီးနှင့် လမ်းတကာတွင် လမ်းသွားလမ်းလာများ ကင်းရှင်းလျက်ရှိပြီး ခါတိုင်းကဲ့သို့ သတင်းစာရောင်းသမားများ၏အသံ၊ ပန်းသည်အသံ၊ နွားနို့ပို့သူများ၏ ဆူဆူညံညံအသံများကိုပင် မကြားရ။ မော်တော်ကားတစ်စီးတလေသာ လမ်းသလားနေသည်ကို တွေ့ရသည်။ နှစ်ဆန်းတစ်ရက်နေ့ နံနက် နှင်းမြူများကြားတွင် အနက်ရောင် မောရစ်မိုင်နာ မော်တော်ကားကလေးတစ်စင်းသည် လူသူကင်းရှင်းသည့် လမ်းများကို ဖြတ်ကျော်ကာ ဆိန့်မြစ်ကမ်းရှိရာသို့ မောင်းလာသည်။

ထိုမော်တော်ကားကလေး၏ နောက်ခန်းတွင် လိုက်ပါလာသောသူတစ်ယောက်၏ စိတ်အာရုံသည် အတိတ်ကာလဆီသို့ ပျံ့လွင့်ရောက်ရှိသွားခဲ့သည်။ ထိုသူ၏ စိတ်သည် အတိတ်ကာလသို့ ပျံ့လွင့်သွားသည်နှင့် မျက်နှာညှိုးသွားပြီး စိတ်မောသွားသည့်ဟန်ဖြင့် ကိုယ်ကို မော်တော်ကားကလေး၏ နောက်မှီတွင် လှန်၍ထိုင်လိုက်သည်။

သူ့အလွန်ခင်မင်နှစ်သက်သော ပါရီမြို့ကြီးမှာ အသွင်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ ရှေးကျသော မြို့တော်အဖြစ်မှ ခေတ်မီသော မြို့တော်အဖြစ် တာဝန်ရှိသူများက ပြုပြင်ပြောင်းလဲလိုက်ရာ သူ့စုံထောက်ကလေးဘဝက တသသဖြစ်ခဲ့သော မြို့တော်ဟောင်းကြီးကား ကွယ်ပျောက်သွားခဲ့သပြီ။

www.burmeseclassic.com

သူ့ဆရာများ၊ သူ့ကျောင်းနေဘက် မိတ်ဆွေများလည်း တစ်ယောက်ပြီးတစ်ယောက် ကုန်လွန်ခဲ့ပြီ။ သူ့စုံထောက်ကလေးဘဝက ထိုင်ခဲ့သည့် လမ်းဘေးကော်ဖီတေးရီးယားဆိုင်ကလေးများ၊ သတင်းစာနှင့် စီးကရက်ရောင်းသည့် ဆိုင်ကလေးများလည်း မရှိတော့။ ထိုနေရာတွင် စတိုးဆိုင်ကြီးများက နေရာယူထားခဲ့လေပြီ။ ဝိတိုရိယခေတ် ပုံစံများဖြင့် ဆောက်ထားသော အိမ်အိုကြီးများလည်း ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ပြီး အထပ်မြင့်အဆောက်အဦကြီးများက နေရာယူထားခဲ့ပြီ။

အော်စတင်ကား အနက်ကလေးသည် ရှောင်အလေဇေ လမ်းမကြီးကို ဖြတ်ခဲ့ပြီး မင်းသမီးလမ်း (Rue-Princess) လမ်းအတွင်း ချိုးဝင်လိုက်သည်နှင့် ကားနောက်ပိုင်းနောက်မှီတွင် မှီထိုင်နေသော ပုဂ္ဂိုလ်၏ စိတ်အာရုံသည် အတိတ်ဆီသို့ ပြန်လည်ကျက်စားသွားခဲ့ပြန်သည်။ ထိုပုဂ္ဂိုလ်ကား အသက် ၅၀ ကျော်စပြုပြီဖြစ်သည်။ သူသည်ကား အခြားသူမဟုတ်ပါ။ ပြင်သစ်နိုင်ငံမှ ကမ္ဘာကျော်အမျိုးသားဆူရီတေးစုံထောက်အဖွဲ့ကြီးဖြစ်သော ဂျိမ်းဘီလင်းဖြစ်၏။

ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးဘေးကြီးဟု နိုင်ငံတကာမှ အသိအမှတ်ပြုထားခြင်း ခံရသော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ် စုံထောက်အဖွဲ့ကြီးနှင့် ဝါအရင့်ဆုံး၊ အတွေ့အကြုံအများဆုံး၊ စုံစမ်းထောက်လှမ်းသည့် နည်းပညာအကြွယ်ဝဆုံး စုံထောက်အဖွဲ့ကြီးကို ပြောပါဟုဆိုလျှင် မည်သူမဆို ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရီတေး စုံထောက်အဖွဲ့ကြီးဟု ပြောကြမည်ဖြစ်ပါသည်။

မှန်ပါသည်။ ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရီတေး စုံထောက်အဖွဲ့သည် နိုင်ငံတကာမှ စုံထောက်အဖွဲ့များက မော့ကြည့်ခဲ့ရသော စုံထောက်အဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့ကြီးမှ စုံထောက်ကျော်များ၊ ခေတ်သစ်ရှားလော့ဟု ကင်ပွန်းတပ်ခဲ့ခြင်းခံရသော ဓာတ်ခွဲခန်းစုံထောက်ကြီးများမှာ ရာစုနှစ်တစ်ခုလုံး ဟိုးဟိုးကျော်ခဲ့ရသူများဖြစ်၏။

ဆူရီတေးစုံထောက်အဖွဲ့မင်းကြီး (ညွှန်ကြားရေးမှူးချုပ်) ဂျိမ်းဘီလင်းသည် "ဟင်သမိလမ်း"ဟူသော အမည်ဆိုင်းဘုတ်ကို မြင်မိသည်နှင့် သူ့ငယ်ဆရာစုံထောက်ကြီး ဂူစတတ်မာဆေးကို သွား၍သတိရလာသည်။ ပြင်သစ်အမျိုးသား စုံထောက်အဖွဲ့တွင် မာဆေးကဲ့သို့ နေလို၊ လလို ထင်ရှား



သူ စုံထောက် လက်ဆစ်ချိုး၍ ရေတွက်၍ရပါသည်။ ထိုစုံထောက်များအနက် နံပါတ်တစ်နေရာယူထားသူကား ဂူစတတ်မာဆေး ဖြစ်၏။ ထိုကာလက ပါရီမြို့မှ ထုတ်ဝေသော လာမွန်ဒေးသတင်းစာနှင့် လာဖီဂါရိုသတင်းစာကြီးများ၏ မျက်နှာဖုံးတွင် သူ့အမည်မှာ မကြာခဏဖော်ပြခြင်းခံရသူဖြစ်၏။

မာဆေးကား ကိုယ်ခန္ဓာထွားကျိုင်းသူတစ်ယောက်ဖြစ်သော်လည်း ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးသူဖြစ်သည်။ သူ့မိတ်ဆွေအများကမူ သူ့ကွယ်ရာတွင် အာဖရိကတိုက်မှ ကြံ့ကြီးဟု ကင်ပွန်းတပ်ထားခဲ့ကြသည်။ ဤသို့ ခန္ဓာကိုယ်ကြီးသလောက် တပည့်များအပေါ်တွင် ညာတာထောက်ထားသူတစ်ယောက်ဖြစ်၏။ [နောင်အခါ မာဆေးမှာ အမျိုးသားဆူရီတေးစုံထောက်အဖွဲ့၏ မင်းကြီး (ညွှန်ကြားရေးမှူးချုပ်) ဖြစ်လာသည်။] သူ ဆူရီတေးစုံထောက်အဖွဲ့ကြီးအား တာဝန်ယူခဲ့ရသော အချိန်အတွင်း ပြင်သစ်နိုင်ငံမှ ဒုစရိုက်သမားပေါင်းများစွာကို နှိမ်နင်းပေးခဲ့သူဖြစ်၏။ နာမည်ကျော် လူသတ်သမားများအား ခက်ခက်ခဲခဲ ဖော်ထုတ်ပေးခဲ့ပြီး ကြိုးစင်သို့ပို့ဆောင်ပေးခဲ့သူ ဖြစ်ပြီး ရက်စက်ရာတွင် ကမ်းကုန်သည့် လူသတ်သမားများကို သူကိုယ်တိုင် လက်ရဖမ်းဆီးခဲ့သူဖြစ်ရာ ပြင်သစ်နိုင်ငံမှုခင်းသမိုင်းတွင်သာမက ကမ္ဘာ့မှုခင်းသမိုင်းတွင်ပင် နေလို၊ လလို ထင်ရှားခဲ့သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ကြီး မာဆေး(နောင်အခါ စုံထောက်မင်းကြီး)၏ လူသတ်မှုကို ကျူးလွန်သည့် တရားခံအား မှုခင်းကျူးလွန်ခဲ့ပုံ ပုံတူပြသည့် နည်းစနစ် "Reconstruction of the Crime" ကို ဆူရီတေး စုံထောက်အဖွဲ့က နည်းသစ်အဖြစ် အသုံးပြုခဲ့သည်။ လူသတ်သမားတစ်ယောက်အား ထိုသူလုပ်ကိုင်ပုံအတိုင်း ပြုလုပ်ပြသလျှင် မည်မျှဟန်ဆောင်ကောင်းသူပင် ဖြစ်လင့်ကစား စိတ်ဓာတ်ချောက်ချား၍ ဣန္ဒြေပျက်လာမည် ဖြစ်သည်။ သို့သော် အမှုကို ကျူးလွန်ခဲ့စဉ်က တစ်စုံတစ်ဦးသည် ပုန်းကွယ်ချောင်းကြည့်နေခဲ့သလောဟု ယူဆကာ စိုးရိမ်သောကစိတ်များ ဝင်လာတတ်၍ သူကျူးလွန်သည့်အဖြစ်ကို ထိန်ချန်ထားခြင်းမပြုတော့ဘဲ ဖြောင့်ချက်ပေးကြတော့၏။ ထိုနည်းကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယနေ့ထိ အသုံးပြုခဲ့ကြသည်။ ယခုရေးသားဖော်ပြမည့်အမှုမှာ မာဆေးစုံထောက်ကြီးဘဝက အထက်ဖော်ပြပါ မှုခင်းဖြစ်ခဲ့ပုံ ပုံတူရေးစနစ်ကို စတင်အသုံးပြုခဲ့သည့် မှုခင်းဖြစ်၏။ ထိုမှုခင်းကြီး၏ဖြစ်စဉ်ကား ဤသို့ဖြစ်ပါသည်။

ခရစ်နှစ် ၁၈၆၉ ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက်တွင် ပါရီမြို့ မင်းသမီးလမ်းတွင် ထမင်းဆိုင်ဖွင့်ထားသူ လန်ပွန်ဆိုသူသည် သူ့အိမ်ဆိုင်ဝန်းအတွင်းမှ ရေတွင်းရေဖြင့် ပန်းကန်ပြားများကို ဆေးနေစဉ် ရေသည် ဆိုးဝါးသော အပုပ်နံ့ထွက်နေသည်ဟု ထင်မှတ်မိသည်။ မွန်ဆီရာလန်ပွန်မှာ မင်းသမီးလမ်းတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီး စီးပွားရေးကျဆင်းလာသဖြင့် မိသားစုထမင်းဆိုင်ကလေး ဖွင့်ထားခဲ့၏။ ဤတွင် အတော်အသင့် စီးပွားရေးတက်လာခဲ့သဖြင့် လန်ပွန်မှာ အားတက်သရော ထမင်းဆိုင်ရောင်းချရေးကို ဇောက်ချလုပ်ကိုင်လာခဲ့သည်။ သူကိုယ်တိုင် အစစအရာရာ စီမံဆောင်ရွက်ခဲ့၏။ သူ့ရေတွင်းမှာလည်း သူငယ်စဉ်ကပင် မင်းသမီးလမ်းမှ ရပ်ကွက်သူ၊ ရပ်ကွက်သားများအားလုံး ထိုရေတွင်းသို့ပင် အသုံးပြုခဲ့ကြသည်။ ရေတွင်းမှာ ထမင်းဆိုင်၏ နောက်ဘက်တွင် တည်ရှိသဖြင့် သာမန်လူတို့ မသိကြ။ မင်းသမီးလမ်းအတွင်း နေထိုင်သူများသာ ထိုရပ်ကွက်ရှိသည်ကို သိကြ၏။ အဘယ်ကြောင့် ရေတွင်းသည် အနံ့ဆိုးများထွက်နေရသနည်း။ ကြွက်သေကောင်တစ်ကောင် ကျခဲ့သဖြင့် ရေတွင်းမှရေများ အနံ့ဆိုးထွက်နေခြင်းလော၊ သို့မဟုတ် သူ့စိတ်အထင်လော ဝေခွဲမရအောင် ဖြစ်နေသည်။ လန်ပွန်သည် ရေတွင်းရေကို အကြိမ်ကြိမ် ခွဲယူခဲ့တော့၏။ တစ်ကြိမ်တွင်မူ အဝတ်ဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကို အံ့ဩဖွယ်တွေ့ရှိရတော့၏။ ထိုအထုပ်မှာ အနံ့ဆိုးများထွက်နေသည်ကိုလည်း တွေ့ရ၏။ နားမလည်နိုင်ခြင်း၊ အံ့ဩခြင်းဖြင့် ကြက်သေသေနေသော လန်ပွန်သည် ထိုအထုပ်မှ ကြိုးများကို ဖြေလိုက်သည်နှင့် လူတစ်ယောက်၏ ပုပ်ပွနေသော ခြေထောက်တစ်ချောင်းကို တွေ့ရတော့သည်။

ထိတ်လန့်တုန်လှုပ်လာသော လန်ပွန်သည် ထိုစဉ်က လူသိများသော အသက် ၃၄ နှစ်အရွယ် စုံထောက်ကလေး မာဆေး၏ ရုံးသို့ အပြေးအလွှား သွားရောက်၍ သတင်းပို့ခဲ့သည်။ စုံထောက်ကလေး မာဆေးမှာ အမျိုးသားဆူရီတေး စုံထောက်အဖွဲ့တွင် ကျော်ကြားစ ပြုနေပြီဖြစ်၏။ သန်မာ၍ ဉာဏ်ထက်မြက်သော မာဆေးသည် အချိန်မဆိုင်းတော့ဘဲ ထမင်းဆိုင်ပိုင်ရှင် လန်ပွန်နှင့်အတူ မှုခင်းတစ်ခုဖြစ်ပွားခဲ့သည်ဟု ယူဆရသော မင်းသမီးလမ်းသို့ အပြေးအလွှားလာခဲ့၏။ စနစ်တကျ ရေတွင်းအတွင်းမှ ရေကို ခွဲယူသောအခါ နောက်ထပ် အထုပ်တစ်ထုပ် တွေ့ခဲ့ရပြန်သည်။ ထိုအထုပ်တွင်းမှ လူတစ်ယောက်၏ ခြေထောက်တစ်ချောင်း တွေ့ရပြန်သည်။ ထိုခြေထောက်၌ ခြေအိတ်အနက်စွပ်ထားပြီး၊ ခြေအိတ်တွင် (+B+) အမှတ်အသား ပန်းထိုးထားသည်ကို တွေ့ရ၏။

ခြေထောက်မှာ ဒူးမှ ဖြတ်ထားသည်။ ထိုကာလက မင်းသမီးလမ်းတွင် ကိုယ်ပိုင်ဆေးခန်းဖွင့်ထားသော ဆရာဝန်ကမူ ခြေထောက်မှာ အမျိုးသမီး၏ ခြေထောက်ဖြစ်သည်ဟု ဆိုသည်။ မှုခင်းဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးဖြစ်သူ ဒေါက်တာပဟာဒီကလည်း ထိုခြေထောက်မှာ အမျိုးသမီးတစ်ဦး၏ ခြေထောက်များ ဖြစ်နိုင်သည်ဟု အတည်ပြုပြောကြားခဲ့သဖြင့် စုံထောက် မာဆေးအဖို့ ခိုင်မာသော သဲလွန်စရခဲ့သည်။

ခြေထောက်၌ တွေ့ရသော ခြေအိတ်အနက်တွင် ပန်းထိုးထားသော (+B+) အမှတ်အသားသည် ကြေးစားစက်ချုပ်သမားများ ပန်းထိုးလေ့ရှိသော အမှတ်အသားဖြစ်မည်ဟု ကောက်ချက်ချထားသော စုံထောက်မာဆေးသည် မင်းသမီးလမ်းတစ်ဝိုက်ရှိ စက်ချုပ်သမားများအား စုံစမ်း

www.burmeseclassic.com

ထောက်လှမ်းမှု ပြုခဲ့တော့၏။

ဤသို့ စုံစမ်းထောက်လှမ်းမှုများ၊ ပတ်ဝန်းကျင် လေ့လာမှုများ ပြုလုပ်နေစဉ် ဆိန်မြစ်ကမ်းအနီးတွင် အဝတ်များဖြင့်ထုပ်ထားသော လူခန္ဓာကိုယ် အပိုင်းအစများကို တွေ့ရပြန်သည်။ မှုခင်းဆေးပညာရှင် ဒေါက်တာဟာဒီကမူ ထိုခန္ဓာကိုယ်အပိုင်းအစများသည် မင်းသမီးလမ်း ထမင်းဆိုင်ရှိ ရေတွင်းအတွင်းမှ တွေ့ရသော ခြေထောက်အပြတ်နှင့် ကိုယ်ခန္ဓာတစ်ခုတည်း ဖြစ်သည်ဟု အတည်ပြုပြောကြားခဲ့သည်။

စုံထောက်မာဆေးကမူ လူသတ်သမားသည် ပါရီမြို့တွင်းတစ်နေရာတွင် လူသတ်မှုကို ကျူးလွန်ခဲ့ပြီး အလောင်းအား တစ်စစီ ဖျောက်ဖျက်ခဲ့ခြင်းဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။ ဤသို့အတွင်း ပါရီမြို့တော် ရဲအဖွဲ့မှ ရဲသားတစ်ဦးကမူ ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက်စောစော ၂ နာရီခန့်က ပိုးဦးထုပ်ဆောင်းထားပြီး သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော လူတစ်ဦးကို မင်းသမီးလမ်းအတွင်း တွေ့ရပြီး ထိုသူသည် အထုပ်နှစ်ထုပ်ကို ကိုင်ထားသည်ဟု ဆိုသည်။

လန်ပွန်၏ ထမင်းဆိုင်နှင့် မနီးမဝေးတွင် စက်ချုပ်သည့် မိန်းမပျို ဗွန်ဗင်ဆိုသူ နေထိုင်သည်ဟု သတင်းရလာသဖြင့် စုံထောက်မာဆေးသည် ဗွန်ဗင်ထံ သွားရောက်စုံစမ်းခဲ့သည်။ ဗွန်ဗင်ကမူ လွန်ခဲ့သော ဒီဇင်ဘာလ ၁၃ ရက်နေ့က သူနှင့် ခင်မင်ရင်းနှီးသော ပီယာရီဗွာဘို ဆိုသူသည် သူ့မိတ်ဆွေအမျိုးသမီး ဘွန်ရေဆိုသူနှင့် လာရောက်ခဲ့ကြကြောင်း၊ သူတို့သည် မင်းသမီးလမ်းတွင် နေထိုင်ကြကြောင်း၊ ယခင်လကလည်း ပီယာရီဗွာဘိုသည် မဒမ်ဘိုဒက်(စ်)ဟူသော အမျိုးသမီးနှင့် သူ့အိမ်သို့လာရောက်ခဲ့ကြောင်း၊ ထိုအမျိုးသမီးကြီးက သူ့ခြေအိတ်တွင် သူ့နာမည်အတိုကောက် အမှတ်အသား ပန်းထိုးပေးရန် အပ်ခဲ့ကြောင်း သတင်းပေးခဲ့ပြန်သည်။

သို့ဖြစ်၍ စုံထောက် မာဆေးသည် မင်းသမီးလမ်းတစ်ဝိုက်တွင် တစ်အိမ်တက်ဆင်းစုံစမ်းခဲ့ရာ မဒမ်ဘိုဒက်(စ်)ဟူသော အမျိုးသမီးအား ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့၏။ မဒမ်ဘိုဒက်(စ်)ကမူ သူ့တွင် ခင်မင်ရင်းနှီးသော ပီယာရီဗွာဘိုဟူသော မိတ်ဆွေတစ်ဦးရှိပါကြောင်း၊ သူ့ထံသို့ အခြားမိတ်ဆွေတစ်ဦးနှင့် မကြာခဏ လာရောက်လေ့ရှိပြီး သူသည် ပါရီတွင် အခန်းငှားနေထိုင်ကြောင်း၊ ထိုသူအား သူ့နာမည်အတိုကောက် (+B+) ပန်းထိုးထားသော ခြေအိတ်ကို လက်ဆောင်ပေးခဲ့သည်ဟု သတင်းပေးခဲ့၏။ ဗွာဘို ခေါ်ဆောင်လာသူ အမျိုးသမီးအမည်မှာ ဒီဇာရီသွန်ရေး ဆိုသူဖြစ်သည်ဟုလည်း သိရ၏။ ရင်ခွဲရုံတွင် တွေ့ရသော အလောင်းရှိ ခြေအိတ်မှာ လက်ဆောင်ပေးခဲ့သော ခြေအိတ်ဖြစ်ပါသည်ဟု မဒမ်ဘိုဒက်(စ်)က အတည်ပြုထွက်ဆိုခဲ့၏။

သို့ဖြစ်၍ ပီယာရီဗွာဘိုသည် ဒီဇာရီသွန်ရေးအား သွေးဆောင်ခေါ်ယူပြီး သတ်ဖြတ်၍ အလောင်းဖျောက်ခဲ့သည်ဟု စုံထောက် မာဆေးက ကောက်ချက်ချသည်။ ဤတွင် မာဆေးသည် ပီယာရီဗွာဘို ငှားရမ်းနေထိုင်သော တော်လီန်ကူးလမ်းရှိ အခန်းအား သွားရောက်စစ်ဆေးသောအခါ သော့ခတ်ထားသည်ကို တွေ့ရ၏။ အခန်းပိုင်ရှင်ကမူ ထိုအခန်းအား ငှားရမ်းနေထိုင်သူ ဗွာဘိုသည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း အခန်းအား ထူးထူးခြားခြား ရှင်းလင်းပြီး ကြမ်းပြင်ကို ရေနှင့်ဆေးထားသည်ကို တွေ့ရကြောင်း ထွက်ဆိုသည်။ စုံထောက်မာဆေးသည် ဗွာဘိုအိုး ခြေရာခံလိုက်ခဲ့ရာ ပါရီမြို့တော်၊ လာမာတိုင်းလမ်းတွင် ဖမ်းဆီးရမိသည်။

မာဆေးသည် ဗွာဘို ယခင်ငှားရမ်းနေထိုင်ခဲ့သော အခန်းပိုင်ရှင်၏ အကူအညီနှင့် အခန်းအား ဗွာဘိုငှားရမ်းနေစဉ်ကကဲ့သို့ ပရိဘောဂများအား ပြင်ဆင်ထားစေသည်။ ထို့နောက် မာဆေးသည် ဗွာဘိုအား ရဲအစောင့်ဖြင့် ထိုအခန်းသို့ ခေါ်ဆောင်လာပြီး ပရိဘောဂများကို ဘေးဖယ်၍ ကြမ်းပြင်အား ရေဆေး ပြသသည်နှင့် ဗွာဘိုမှာ တုန်လှုပ်လာပြီး သူ ဒီဇာရီသွန်ရေးထံမှ ဖရန့်ငွေ ၁၀၀၀၀(တစ်သောင်း)ချေးရာ မရသဖြင့် သူ့အခန်းသို့ သွေးဆောင်ခေါ်ယူ၍ သတ်ခဲ့မိကြောင်း ဖြောင့်ချက်ပေးခဲ့ရတော့၏။

မာဆေး၏ မှုခင်းဖြစ်ခဲ့ပုံ ပုံတူပြုလုပ်သည့်နည်းကို ယနေ့ထိ ကမ္ဘာ့နိုင်ငံ စုံထောက်အဖွဲ့များက အသုံးပြုလျက်ရှိသည်ဟု ဆိုကြပါကြောင်း···။

■ လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

**Stories of Famous Detectives**



www.burmeseclassic.com

www.burmeseclassic.com


# အခြေခိုင်နေပြီဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့ နှစ်ပါတီ နိုင်ငံရေးစနစ်

■ မောင်မောင်စန်းတွေး

[ဖယ်ဒရယ်ပါတီ (Federalist Party) က ဘဏ်လုပ်ငန်းရှင်ကြီးများနှင့် ချမ်းသာကြွယ်ဝသူများကို အကူအညီပေးသည့် ပေါ်လစီကို ထောက်ခံအားပေးခဲ့သည်။ ရီပါပလီကန်ပါတီ (Republican Party) က လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များကို အကူအညီပေးသည့် ပေါ်လစီကို ထောက်ခံအားပေးသည်။]

၁၇၈၉ ခုနှစ် အမေရိကန်ပြည်ထောင်စုတွင် ဂျော့ဝါရှင်တန် (George Washinton) သမ္မတဖြစ်လာခဲ့သည်။ ၎င်းသည် ပထမဆုံးသော အမေရိကန်သမ္မတ ဖြစ်လာခဲ့သည်။ အမေရိကန်ကိုလိုနီဘပ်များကို ဦးဆောင်၍ ဗြိတိန်ကိုတော်လှန်တိုက်ခိုက်ခဲ့ရာ အောင်ပွဲခံခဲ့သည်။ ထို့ကြောင့် ဝါရှင်တန်ကို ကန့်ကွက်သူမရှိဘဲ တညီတညွတ်တည်း သမ္မတရွေးချယ်ခဲ့ကြသည်။ သို့ရာတွင် အမေရိကန်၏ နိုင်ငံရေးစနစ်သည် ပြောင်းလဲရန် အကြောင်းပေါ်ပေါက်ခဲ့သည်။

ဂျော့ဝါရှင်တန်သည် မည်သည့်နိုင်ငံရေးပါတီကိုမျှ ကိုယ်စားပြုသူမဟုတ်ခဲ့ချေ။ ထိုအချိန်က အမေရိကန်နိုင်ငံတွင် နိုင်ငံရေးပါတီများဟူ၍ မရှိခဲ့သေးပေ။ နိုင်ငံရေးပါတီများ မပေါ်ပေါက်ခြင်းသည် အမေရိကန်အားလုံးက တစ်ပါတီနိုင်ငံရေးစနစ်ကို ခံယူသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ တရားဝင် နိုင်ငံရေးပါတီများ အဖွဲ့အစည်းများ မရှိသေးသည့်အတွက် ပါတီအဖွဲ့အစည်းများ ကိုယ်စားပြုရွေးကောက်ပွဲတွင် မည်သည့် ကိုယ်စားလှယ်လောင်း(သမ္မတလောင်း)ကို တရားဝင် မတင်သွင်းနိုင်ခဲ့ခြင်းသာ ဖြစ်သည်။ သမ္မတဝါရှင်တန်၏ ပထမဆုံးသော အစိုးရလက်ထက်တွင် နိုင်ငံရေးပါတီနှစ်ခု ပေါ်ပေါက်ခဲ့၏ ဖြစ်လေသည်။ ပါတီတစ်ခုကို ဖက်ဒရယ်လစ်ပါတီ



ပထမဆုံး အမေရိကန်သမ္မတ ဂျော့ဝါရှင်တန်



www.burmeseclassic.com

www.burmeseclassic.com



သောမတ်ဂျက်ဖာဆန်နှင့်
အလက်ဇန္ဒားဟာ့မီလ်တန်တို့ပုံ

(Federalist Party) ဟု ခေါ်ဆိုပြီး ပါတီခေါင်းဆောင်မှာ ဘဏ္ဍာရေးဝန်ကြီး အလက်ဇန္ဒားဟာမီလ်တန် (Alexander Hamilton) ဖြစ်သည်။ ကျန်ပါတီတစ်ခုကို ရီပါပလီကန်ပါတီ (Republican Party) ဟု ခေါ်ဆိုပြီး ပါတီခေါင်းဆောင်မှာ နိုင်ငံခြားရေးဝန်ကြီး သောမတ်ဂျက်ဖာဆန် (Thomas Jefferson) ဖြစ်လေသည်။ ပါတီတစ်ခုစီတွင် ကိုယ်ပိုင်နိုင်ငံရေးခံယူချက်ရှိပြီး ပါတီခေါင်းဆောင်က ကိုယ်စားပြုလေသည်။ ဟာမီလ်တန်နှင့် ဖက်ဒရယ်လစ်များက အင်အားတောင့်တင်းသော အစိုးရဖြစ်စေချင်သလို အာဏာအပြည့်အဝရှိသော သမ္မတနှင့် တရားရုံးများ ဖြစ်စေရေးကို လိုလားခဲ့ကြသည်။ ၎င်းတို့က ချမ်းသာကြွယ်ဝသော သူဌေးကြီးများနှင့် ဘဏ်လုပ်ငန်းရှင်ကြီးများကို အကူအညီပေးသည့် ပေါ်လစီကို ထောက်ခံအားပေးသည်။ ဗြိတိန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးအဆက်အသွယ်တို့ကို ပိတ်ပစ်လိုခဲ့ကြသည်။ ၎င်းတို့က ဒီမိုကရေစီကို မကြိုက်၊ ဒီမိုကရေစီဆိုသည်မှာ လူအုပ်စုရမ်းကားမှုဖြစ်သည်ဟု ဆိုလေသည်။

အလက်ဇန္ဒားဟာမီလ်တန်၏ ဖက်ဒရယ်လစ်ပါတီသည် အစောပိုင်းက ပေါ်ပေါက်ခဲ့ဖူးသည့် ဖက်ဒရယ်လစ်ဆိုသော အုပ်စုနှင့် မတူကွဲပြားလေသည်။ ၎င်းဝေါဟာရသည် အမေရိကန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံသူများအား ဖော်ပြခြင်းဖြစ်လေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သူများအား ဖက်ဒရယ်လစ်ဆန့်ကျင်သူများဟု မှတ်ယူခဲ့ကြသည်။ အစောပိုင်းက ပေါ်ပေါက်ခဲ့သော ဟာမီလ်တန်လို ဖက်ဒရယ်လစ်မျိုးသည် နောက်ပိုင်း၌ ဖက်ဒရယ်လစ်ပါတီဝင်များ ဖြစ်လာခဲ့ကြသည်။ ၎င်းတို့သည် အာဏာအလွန်ကြီးမားခဲ့ကြသည်။ ၎င်းတို့က သမ္မတဝါရှင်တန်အစိုးရလက်ထက်တွင် ကွန်ဂရက်လွှတ်တော်ကို ထိန်းချုပ်ထားကြသလို၊ သမ္မတဝါရှင်တန်ကိုပါ ထိန်းချုပ်ထားနိုင်ခဲ့သည်။ သမ္မတဝါရှင်တန်လည်း အလက်ဇန္ဒားဟာမီလ်တန်အပေါ်မှာ အမှီသဟဲပြုခဲ့ရသည် ဆို၏။

သောမတ်ဂျက်ဖာဆန်နှင့် ရီပါပလစ်ကန်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို အစိုးရ၏ အစီအမံတစ်ခုအဖြစ် ထောက်ခံခဲ့ကြသော်လည်း ၎င်းတို့က ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားအစိုးရ၏ အာဏာကို ကန့်သတ်မထားဟု မှတ်ယူခဲ့သည်။ ၎င်းတို့က လယ်သမားများနှင့် အသေးစားလုပ်ငန်း


National Gazette.
MONDAY

နေရှင်နယ်ဂဇက်သတင်းစာပုံ

www.burmeseclassic.com

ရှင်များကို အကူအညီပေးသည့် ပေါ်လစီကို ထောက်ခံခဲ့ကြသည်။ ရီပါပလီကန်တို့က ပြင်သစ်အစိုးရနှင့် နီးကပ်စွာဆက်ဆံရေးလုပ်ရန် တောင်းဆိုခဲ့သည်။ ပြင်သစ်တို့သည်ဘုရင်ကို ပုန်ကန်တော်လှန်ခဲ့ကြသူများ ဖြစ်ကြသည့်ပြင်အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကိုလည်း အမေရိကန်ပြည်ထောင်စုတွင် ပို၍တောင်းခံလာခဲ့ကြသည်။

အထက်ဖော်ပြပါ နိုင်ငံရေးပါတီနှစ်ခု၏ ခေါင်းဆောင်များသည် အလွန့်အလွန် ကွဲပြားကြသည်ကို တွေ့ရလေသည်။

အလက်ဇန္ဒားဟာမီလ်တန်သည် အောက်ခြေလူတန်းစားမှ မွေးဖွားလာခဲ့သူ မဟုတ်။ သို့ရာတွင် အရစ္စတိုခရက်တစ်ဖက်ဒရယ်လစ်တစ်ဦး ဖြစ်လေသည်။ အမေရိကန်အထက်တန်းလွှာမိသားစုမှ မွေးဖွားခဲ့သူဖြစ်လေသည်။ ၎င်းသည်အနောက်အင်ဒီးစ် (West Indies) မှ အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့ လက်ထပ်ခြင်းမပြုဘဲ မွေးဖွားခဲ့သူဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ဟာမီလ်တန်သည် အမေရိကန်တွင် ပညာဆည်းပူးခဲ့သူ ဖြစ်လေသည်။ ထို့နောက်နယူးယောက်မှ ချမ်းသာကြွယ်ဝသော လယ်ပိုင်ရှင်ကြီးတစ်ဦး၏ သမီးနှင့် လက်ထပ်ခဲ့ရာမှ လူမှုရေးနယ်ပယ်တွင် နေရာတစ်နေရာ ရရှိသူဖြစ်လေသည်။

ဒီမိုကရက်တစ်ရီပါပလီကန်ပါတီ ခေါင်းဆောင်ဖြစ်သော သောမတ်ဂျက်ဖာဆန်သည်လည်း အလက်ဇန္ဒားဟာမီလ်တန်လို ဖြစ်စေလိုသော ဆန္ဒရှိသူဖြစ်လေသည်။ သူ၏မိခင်မှတစ်ဆင့် ဗြိတိသျှလူ့ကုံထံများနှင့် အဝေးမှဆက်ဆံရေးလုပ်လေသည်။ ထို့ပြင် ဂျက်ဖာဆန်သည် အစားကောင်း၊ အရက်ကောင်း၊ စာအုပ်ကောင်းနှင့် ဂီတကောင်းတို့ကို ခုံမင်နှစ်သက်သူ ဖြစ်လေသည်။ သို့ရာတွင် သောမတ်ဂျက်ဖာဆန်က ရိုးသားသော လယ်သမားများနှင့် အမေရိကန်အနောက်ပိုင်းနယ်မြေတွင် အခြေချနေထိုင်သူများကို လေးစားလေသည်။ ထိုသူများသည် အမေရိကန်ပြည်ထောင်စုကိုအုပ်ချုပ်နိုင်သော အခွင့်အရေးရှိသည်ဟု ယုံကြည်လေသည်။ အလက်ဇန္ဒားဟာမီလ်တန်နှင့် သောမတ်ဂျက်ဖာဆန်တို့နှစ်ဦးစလုံးက အမေရိကန်များအပေါ် သစ္စာစောင့်သိသူများ ဖြစ်လေသည်။ သို့ပင်ဖြစ်သော်ငြားလည်း အမေရိကန်အစိုးရသည်ဘယ်ပုံဘယ်နည်းအုပ်ချုပ်ရမည်ဆိုသည့်နေရာတွင် သဘောထားချင်း လုံးဝကွဲပြားခြားနားလေသည်။ ထို့နောက် ၎င်းတို့၏ပုဂ္ဂိုလ်ရေးသဘောထား ကွဲလွဲမှုများသည် သမ္မတဝါရှင်တန်အစိုးရအဖွဲ့ (cabinet) တွင် တာဝန်ထမ်းဆောင်ခဲ့ကြစဉ်ကလူသိရှင်ကြား အငြင်းပွားကြလေသည်။ သို့ရာတွင် ၎င်းတို့၏စကားစစ်ထိုးပွဲကို ၎င်းတို့ပိုင်သတင်းစာနှစ်စောင်မှ အပြန်အလှန်ရေးသားဖော်ပြခြင်းသာ ဖြစ်လေသည်။ ၎င်းတို့နှစ်ဦးစလုံးက သတင်းစာ၏ စွမ်းပကားကို သိရှိကြလေသည်။ ဂျက်ဖာဆန်က အထူးသဖြင့် ဒီမိုကရေစီတွင် ပိုအရေးကြီးကြောင်း သိသူဖြစ်လေသည်။ သူ့အနေနှင့် ၎င်းတို့၏ အဖြစ်မှန်နည်းလမ်းများကို လူများသိရှိနိုင်ရန် ဖြည့်စွက်ပေးခြင်းဟုဆိုလေသည်။

ဟာမီလ်တန်သည် သတင်းစာကို နိုင်ငံရေးအတွက်အသုံးချရမည့်အတွေ့အကြုံရှိပြီးသူဖြစ်၍ အမေရိကန်တော်လှန်ရေးစစ်ပွဲကာလအတွင်းက ၎င်းသည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ဂျော့ဝါရှင်တန်၏ လက်ထောက်တစ်ဦးဖြစ်ခဲ့ဖူးသည်။ သူ့အလုပ်မှာ ရန်ပုံငွေရှာဖွေစုဆောင်းပြီးလိုအပ်သော စစ်လက်နက်ပစ္စည်းများကို ထောက်ပံ့ပေးရသောအလုပ်ဖြစ်လေသည်။ ဟာမီလ်တန်က ပြည်နယ်အစိုးရများနှင့် ကွန်ဂရက်လွှတ်တော်တို့ထံ ငွေတောင်းခံခဲ့သည်။ ထိုအချိန်က သူ့မှာ နိုင်ငံရေးဩဇာအာဏာ အနည်းငယ်မျှသာရှိသော်လည်း သူတောင်းခဲ့သမျှ အကူအညီမရဘူးဟူ၍ မရှိခဲ့သလောက်ပင်။

ဟာမီလ်တန်က ကွန်ဖယ်ဒရေးရှင်းအောက်တွင်အစိုးရအားနည်းနေပြီး စည်းလုံးညီညွတ်မှုမရှိကြောင်း ခံစားရလေသည်။ ၎င်းအနေနှင့် ပြည်နယ်တွင် အာဏာများသည်မထင်မှတ်ခဲ့ချေ။ အမေရိကန်တွင် အင်အားကြီးမားသောဗဟိုအစိုးရမျိုး လိုအပ်နေပြီ။ ဗဟိုအစိုးရအင်အားမကြီးဘူးဆိုလျှင် ကွန်ဖယ်ဒရေးရှင်း အကွဲကွဲအပြားပြားဖြစ်သွားနိုင်သည်ဟု ဆိုသည်။ ဟာမီလ်တန်သည် သူ၏ စိတ်ကူးစိတ်သန်းများကို သတင်းစာများတွင် ရေးသားခဲ့သည်။ သို့ရာတွင် သူ၏နာမည်ကိုမသုံးဘဲ "ကွန်တီနင်းတဲလစ် (The Continentalist)" ဟူသော ကလောင်အမည်ကိုသာ အသုံးပြုခဲ့သည်။ သူက ကွန်ဖယ်ဒရေးရှင်းပုဒ်မများကို ပြင်ဆင်ရန်အတွက် ကွန်ဗင်းရှင်းခေါ်ယူကျင်းပရန် အပြင်းအထန်တော

www.burmeseclassic.com

ဆိုခဲ့သည်။ ဤတောင်းဆိုမှုကြောင့် ကွန်ဗင်းရှင်းကို ၁၇၈၇ ခုနှစ်တွင် ဖီလာဒယ်ဖီယာ (Philadelphia)တွင် ကျင်းပနိုင်ခဲ့ပြီး အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့တွင် ဟာမီလ်တန်လည်း ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ထို့နောက် သူက ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုရန် သတင်းစာများတွင် ဆောင်းပါးများရေးသား၍ လှုံ့ဆော်ခဲ့သည်။ သတင်းစာများသည် ဖက်ဒရယ်လစ်ပိုင် သတင်းစာများဖြစ်ပြီး ဆောင်းပါးများကို ဂျိမ်းစ်မက်ဒီဆန်နှင့် ဂျွန်ဂျေး (James Madison and John Jay) တို့နှင့် အတူ ရေးသားခဲ့ခြင်း ဖြစ်လေသည်။

ဟာမီလ်တန်သည် သမ္မတဝါရှင်တန်အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးဖြစ်လာချိန်၌ သတင်းစာကို ဆက်လက်အသုံးပြုခဲ့သည်။ တစ်ကြိမ်တွင် သူ့ပေါ်လစီကို ထောက်ခံမှုရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ဖူးသည်။ ဟာမီလ်တန်က သူပြောချင်၊ လုပ်ချင်တာတွေကို အမေရိကန်ပြည်ထောင်စုပြန်တမ်း (Gazette of United States) အမည်ရှိ သတင်းစာမှတစ်ဆင့် ရေးသားပြောဆိုခဲ့သည်။ ၎င်းသတင်းစာအယ်ဒီတာမှာ ဂျွန်ဖန်နို (John Fanno) ဖြစ်လေသည်။

ဂျက်ဖာဆန်ကို သတင်းစာအမြောက်အမြား၏ ထောက်ခံမှုရရှိလေသည်။ သို့ရာတွင် ၎င်း၏ နိုင်ငံရေးလှုပ်ရှားမှု အစိတ်အပိုင်းတစ်ခုကို ထောက်ခံခြင်းတော့မဟုတ်ပါ။ အရေးကြီးအချက်မှာ သတင်းစာတစ်စောင်စောင်က သူနှင့်ပတ်သက်၍ ရေးသားဖော်ပြချက်မျိုးကို လိုချင်လေသည်။ ဂျိမ်းစ်မက်ဒီဆန်က ဂျက်ဖာဆန်၏ သတင်းစာကို တည်ဖြတ်ပေးရန် သူ့မိတ်ဆွေဟောင်း ဖိလစ်ဖန်နော (Philip Fennau) ကို ခေါ်ယူတာဝန်ပေးခဲ့သည်။ ထိုသတင်းစာကို နေရှင်နယ်ဂဇက် (National Gazette) ဟု ခေါ်လေသည်။

ဟာမီလ်တန်ကို ထောက်ခံသူအများစုမှာ အရှေ့မြောက်ပိုင်းတွင် နေထိုင်ကြသော နိုင်ငံ၏ ဘဏ်လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ရှေ့နေရှေ့ရပ်များ၊ ဆရာဝန်များနှင့် ဘာသာရေးခေါင်းဆောင်ကြီးများ (Clergymen) ပါဝင်လေသည်။

ဂျက်ဖာဆန်သည် ဟာမီလ်တန်၏ နိုင်ငံရေးအာဏာကို လေးစားသည်။ သို့သော်ငြားလည်း ဟာမီလ်တန်သည် တစ်မျိုးသားလုံး လူတန်းစားအားလုံး မစည်းရုံးနိုင်ဟု မြင်လေသည်။

၁၇၉၀ နှစ်များအတွင်း ၉၀ ရာခိုင်နှုန်းသော အမေရိကန်များသည် လယ်သမားများ၊ အလုပ်သမားများနှင့် အသေးစားလုပ်ငန်းပိုင်ရှင်များ ဖြစ်လေသည်။ ဟာမီလ်တန်၏ ဖယ်ဒရယ်လစ်တို့အနေနှင့် ဘဏ်လုပ်ငန်းရှင်ကြီးများ၊ လယ်ပိုင်ရှင်ကြီးများနှင့် ချမ်းသာကြွယ်ဝသူများကို ကူညီပေးသည့် ပေါ်လစီအပေါ် ခါးသီးစွာ မုန်းတီးကြလေသည်။ ၎င်းတို့ကိုယ်စားပြုအရေးဆိုပေးမည့် နိုင်ငံရေးပါတီ မရှိခဲ့ပေ။ သို့ဖြစ်ရာ ၎င်းတို့သည် ဂျက်ဖာဆန်ကို လိုလားသူများ ဖြစ်လာလေသည်။ ဂျက်ဖာဆန်၏အလုပ်မှာ အလွန်ကြီးမားလေသည်။ အမေရိကန်အများစုသည် ၎င်းတို့၏ ဒေသပြင်ပတွင် ဖြစ်ပေါ်နေသော အဖြစ်အပျက်များကို အနည်းအကျဉ်းသာ သိရှိကြလေသည်။ အများစုသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမရှိခြင်းကြောင့် ဆန္ဒမဲပေးခွင့် ဆုံးရှုံးကြလေသည်။ ဂျက်ဖာဆန်သည် ပြည်နယ်တစ်ခုချင်းအလိုက် လှည့်လာပြီးနောက် နေရာတိုင်းလိုလိုမှာပင် ဥပဒေများသည် အထက်တန်းလွှာလူချမ်းသာများကိုသာ အကူအညီပေးနေသည့်အတွက် ဒေသန္တရပါတီများ တိုက်ပွဲဝင်နေလေသည်။ ဤသည်ဖြင့်လျှင် ဂျက်ဖာဆန်လိုချင်သည့် အခြေဖြစ်ပြီ ဤဒေသန္တရအုပ်စုများကို နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဖယ်ဒရယ်လစ်များ၏ အတိုက်အခံ နိုင်ငံရေးပါတီအဖြစ် ပေါ်ထွက်လာနိုင်ခဲ့သည်။

ဂျက်ဖာဆန်၏ ရီပါပလီကန်ပါတီတွင် ချမ်းသာသူများနှင့် ဆင်းရဲသားများ ပါဝင်လာလေသည်။ ၎င်းတို့က အစိုးရအဖွဲ့အတွင်း ဖယ်ဒရယ်လစ်များ အလွဲသုံးစားလုပ်နေသည်ကို အတူတကွ တိုက်ပွဲဝင်ကြရန် ဖြစ်လေသည်။ ယနေ့တိုင် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးစနစ်တွင် နှစ်ပါတီနိုင်ငံရေးစနစ် အခြေခိုင်လျက်ရှိနေကြောင်း ထင်သာမြင်သာပေသည်။

**မောင်မောင်စန်းရွှေ**

*Ref: American MOSAIC*



www.burmeseclassic.com

www.burmeseclassic.com

# အနှစ် ၅၀ ဆိုင်းငံ့သေဒဏ် ကျခံရသူ အပြစ်မရှိဟု တွေ့ရ၍ သေဒဏ်မှ လွတ်မြောက်



မစ္စတာ ဟာကာမာဒါသည် ဂျပန်နိုင်ငံသား လက်ဝှေ့သမားတစ်ယောက်။

သူ၏ အသက် ၃၀ နှစ်ပြည့်ခါနီးတွင် ၁၉၆၆ ခုနှစ်၌ သူ့အား ဂျပန်တရားရုံးတစ်ရုံးမှ မိသားစုလေးယောက်ကို သတ်ဖြတ်မှုဖြင့် ဆိုင်းငံ့သေဒဏ် ချမှတ်ခဲ့၏။ ထိုစဉ်က သူ့သတင်းကို ဂျပန်သတင်းစာများ၌ ဖော်ပြခဲ့ရာ ဂျပန်တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြကုန်၏။

၂၀၁၄၊ မတ်လ ၂၇ ရက်နေ့တွင် ဆိုင်းငံ့သေဒဏ် ကျခံနေရသော ဟာကာမာဒါ (၇၈ နှစ်)ကို တရားရုံးချုပ်မှ အပြစ်မရှိကြောင်း တွေ့ရ၍ဟုဆိုကာ သူ့ကို အကျဉ်းထောင်မှ လွှတ်လိုက်ရာ ထိုသတင်းသည် ဂျပန်တစ်နိုင်ငံလုံး ပျံ့နှံ့သွားပြန်၏။ (ပုံ)

"ဤဖြစ်ရပ်သည် ဂျပန်နိုင်ငံ၏ တရားစီရင်ရေး၌ အမှောင်စနစ်ရှိနေသည်ကို ပြသလိုက်ခြင်းဖြစ်သည်"ဟု ဂျပန်နိုင်ငံသားများက ဝေဖန်လိုက်ကြ၏။

ဟာကာမာဒါ၏ မိသားစုများကလည်း နှစ်ငါးဆယ်လုံးလုံး ထောင်ထဲ၌နေခဲ့ရသော ဟာကာမာဒါ၏ စိတ်ကျန်းမာရေးမှာ ပုံမှန်ရှိမရှိကို စစ်ဆေးရမည်ဟု ပြောဆိုလိုက်၏။

ရဲဌာနမှတင်ပြခဲ့သော သက်သေခံအထောက်အထားများကို တရားရုံးအဆင့်ဆင့်မှ ပြန်လည်စိစစ်ခဲ့ပြီးနောက် ရဲဌာန၏ သက်သေအထောက်အထားများမှာ မခိုင်လုံဟုဆိုကာ တရားရုံးချုပ်မှ ဟာကာမာဒါကို လွှတ်လိုက်ခြင်း ဖြစ်၏။

"ရဲတို့၏ ဖိအားပေး စစ်ဆေးမှုဒဏ်ကို မခံနိုင်သောကြောင့် အပြစ်မကျူးလွန်သောသူတို့သည် အပြစ်ကျူးလွန်သည်ဟု ဝန်ခံသည်ကို အခွင့်ကောင်းယူ၍ တရားသူကြီးက အပြစ်ပေးခြင်းဖြစ်သည်။ အပြစ်မရှိသူတို့အတွက် ကြေကွဲဖွယ်ပင်ဖြစ်သည်"ဟု ဝေဖန်မှုများ ပိုများလာ၏။

ရဲတို့သည် ဟာကာမာဒါကို ရက် ပေါင်း ၂၀ အတွင်း၌ နာရီပေါင်း ၂၄၀ ကြာကြာ အမျိုးမျိုးစစ်ဆေးခဲ့ကြသည်ဟူသော အထောက်အထားများသည် ခိုင်လုံစွာရှိခဲ့၏။

ဟာကာမာဒါအား လက်ဝှေ့ထိုးသတ်ရေးအတွက် မန်နေဂျာအလုပ်လုပ်ပေးရသူနှင့် သူ၏ဇနီးနှင့် ကလေးနှစ်ယောက်သည် နေအိမ်ထဲ၌ အသတ်ခံရပြီး သူတို့၏အိမ်မှာလည်း မီးရှို့ခြင်းခံခဲ့ရလေရာ ထိုဖြစ်ရပ်ဖြစ်ပြီး တစ်လခန့်အကြာ၌ လက်ဝှေ့သမား ဟာကာမာဒါကို ရဲတို့က ဖမ်းဆီးလိုက်ခြင်းဖြစ်၏။

ရဲတို့သည် ဟာကာမာဒါ၏ အတွင်းခံဘောင်းဘီ၌ စွန်းထင်းနေသော သွေးကို အကြောင်းပြု၍ ဟာကာမာဒါကို လူသတ်တရားခံဟု စွပ်စွဲခဲ့ကြ၏။

ဟာကာမာဒါ၏ ရှေ့နေသည် ၎င်းသွေးစွန်းဘောင်းဘီပါ သွေးကို ဒီအင်ဒေအေဖြင့် စစ်ဆေးရန် လျှောက်လှဲခဲ့ရာ စစ်ဆေးသောအခါ ဘောင်းဘီရှိသွေးနှင့် ဟာကာမာဒါ၏သွေးတို့မှာ တူညီခြင်းမရှိကြောင်း တွေ့ရ၍ ဟာကာမာဒါကို တရားရုံးချုပ်က လွှတ်လိုက်ခြင်းဖြစ်၏။

ဦးဦးသိန်း

*T.S.T, 29.3.2014*



www.burmeseclassic.com

www.burmeseclassic.com



# ဇော်မော်လင်း

## အလွတ်စုံထောက်မြဒင်နှင့် လောဘာဝတီမြရင်

www.burmeseclassic.com

www.burmeseclassic.com

# အလွတ်စုံထောက်မြဒင် နှင့် လေဘာတီမြရင်

ဇော်မော်လင်း

**အခန်း(၁)**

**အမဲ့လွန်သီး**

အလွတ်စုံထောက် မြဒင်သည် MAGALADON POUCE STATION မင်္ဂလာဒုံပုလိပ်ဌာနမှ ရန်ကုန်သို့ပြန်ရန် ဘူတာသို့ ဆင်းခဲ့သည်။

ညဉ့်ဦးယံမို့ ဓာတ်တိုင်ပုပုလေးများတွင် လျှပ်စစ်မီးများ ထွန်းညှိထားသည်။

မကြာသေးမီက ထွက်ပေါ်လာသော တန်ဆောင်းမုန်းလ၏ လပြည့်ဝန်းသည် ထိန်ထိန်သာလျက်ရှိသည်။

ထိုလပြည့်ဝန်းကြီးသည် ဝန်းကျင်ကို စွပ်ပြန့်စေသည်။ သို့သော် မြေနီလမ်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ထွန်းညှိထားသော လျှပ်စစ်မီးသီးလေးများသည် ဖိုးလမင်းအောက်တွင် အမဲ့လွန် ခရမ်းချဉ်သီးလေးများကို ဆွဲချိတ်ထားသကဲ့သို့ ရှိတော့သည်။

*** *** ***

**အခန်း(၂)**

**မီးခိုးတလူလူ**

မြဒင်သည် မြေနီလမ်းလေး အတိုင်းလာရာမှ ဘူတာသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ကျောက်မီးသွေးသုံးစက်ခေါင်းကြီးမှ မီးခိုးများ တလူလူထွက်နေသည်။ အမှုမဲ့အမှတ်မဲ့ကြည့်လျှင် တဲငယ်လေးတစ်လုံး မီးလင်းရာမှ ထွက်ရှိနေသော မီးခိုးနှယ်ရှိသည်။

"တူ ... တူ"

စက်ခေါင်းမှ မှုတ်ထုတ်လိုက်သော ပြာမှုန့်များသည် မြဒင်ကိုယ်ပေါ်သို့ ကျသည်။ မြဒင်သည် သူ၏ဂျာကင်အင်္ကျီပေါ်မှ ပြာမှုန့်များကို အသင့်ပါလာသော လက်ကိုင်ပဝါဖြင့် ခါချလိုက်သည်။

နောက် ရထားပေါ်သို့ မြဒင် တက်လိုက်သည်။

တွဲပေါ်ရောက်လျှင် မျက်မှန်ကိုင်းထူထူကြီးကို တပ်ထားသော လူကြီးတစ်ယောက်ကို တွေ့ရသည်။ ထိုလူကြီးသည် ရထားပြတင်းပေါက်တွင် လက်တင်လျက် အခန့်သားထိုင်နေသည်။ မြဒင်သည် ထိုလူကြီးနှင့် ယှဉ်လျက် ဝင်ထိုင်လိုက်သည်။

"တူ ... တူ ... တူ ... တူ"

ဥဩသံမျှင်မျှင် ထွက်ပေါ်လာသည်။

ထိုစဉ် ...

အမျိုးသမီးငယ်တစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ဦး ရထားပေါ်သို့ တက်လာကြသည်။

မြဒင်သည် အမျိုးသမီးငယ်အား မြင်မြင်ချင်း လေဘာတီမြရင်ဟု သိလိုက်သည်။

လေဘာတီသည် ရင်ဖုံးအင်္ကျီကို ဆင်မြန်းလျက် ယောထဘီကို ဝတ်ထားသည်။ တစ်ပတ်လျှိုဆံထုံးကို ထုံးထားသည်။ ခေါင်းတွင် ပန်ထားသော ခွာညို့ ခွာပြာ ပန်းပွင့်လေးများကြောင့် အလှတွင် အယဉ်ဆင့်ဆိုသကဲ့သို့ မြင်သူငေးလောက်သည်။ မြဒင်သည်



www.burmeseclassic.com

www.burmeseclassic.com

လေဘာတီမြရင်အား မထင်မှတ်ဘဲ တွေ့လိုက်ရသောကြောင့် ဘဝင်စူသွားသည်။

မြဒင်သည် လေဘာတီမြရင်တို့ သူ့ရှေ့ရှိ ခုံလွတ်တွင် လာထိုင်လျှင်ကောင်းလေစွဟု စိတ်ကူးမိသည်။

မြဒင်စိတ်ကူး ပြည့်သွားသည်။ လေဘာတီမြရင်တို့သည် မြဒင်ရှေ့ရှိ ခုံတန်းတွင် လာရောက်ထိုင်ကြသည်။

မြဒင်ထီပေါက်သွားသည်ဟု ဆိုရပါတော့မည်။

*** *** ***

## အခန်း(၃)
## FACE TO FACE

"တူ ... တူတူ ... တူ"

ရထားကြီးထွက်ပြီ။

လေဘာတီသည် မြဒင်နှင့် မျက်နှာချင်းဆိုင် ရှိသကဲ့သို့ လေဘာတီနှင့်ပါလာသော အဖော်အမျိုးသမီးကြီးမှာလည်း မျက်မှန်နှင့်လူကြီးနှင့် မျက်နှာချင်းဆိုင်ဖြစ်၏။

လေဘာတီမြရင်၏ အဖော်အမျိုးသမီးကြီးသည် အသက် ၄၀ ခန့်ရှိပြီဖြစ်သော်လည်း ပါးအိုနီနီ၊ နှုတ်ခမ်းရဲရဲ ဆိုးဆေးများနှင့် မျက်ခုံးမွေးသေးသေး တင်ထားသောကြောင့် ငယ်စဉ်ကဆိုလျှင် ချစ်ခင်သူများ ဝိုင်းဝိုင်းလည်နိုင်သည်။

မြဒင်သည် ထိုအဖော်အမျိုးသမီးကြီးထံ စိတ်ရောက်သွားသည်။

သူမသည် မျက်နှာချင်းဆိုင်တွင်ရှိသော မျက်မှန်နှင့်လူကြီးအား စူးစူးစိုက်စိုက်ကြည့်သည်။

ထိုအခါ မျက်မှန်နှင့်လူကြီး အချိုးပြောင်းသွားသည်။ မူလက ငြိမ်နေသော်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မျက်မှန်ကိုချွတ်၍ လက်ကိုင်ပဝါနှင့်ပွတ်သည်။ နောက် မျက်မှန်ကို ပြန်တပ်သည်။ ပြီး ငွေသားစီးကရက်ဘူးမှ ပိုလိုစီးကရက်ကို နှိုက်ထုတ်၍ နှုတ်ခမ်းတွင်ခဲသည်။ ဥတုသုံးပါးခံသည် ဆိုသော နတ်သမီးတံဆိပ်ပါ ဖာမီးခြစ်မှ မီးခြစ်ဆံကို ထုတ်ယူပြီးခြစ်သည်။

"ရှဲ ..."

ပိုလိုစီးကရက်ကို မီးတို့ပြီးသည်နှင့် မီးခိုးများကို မှုတ်ထုတ်သည်။

ထိုအဖြစ်ကြောင့် လေဘာတီ၏ အဖော်အမျိုးသမီးကြီးသည် ခါးတွင်ညှပ်ထားသော လက်ကိုင်ပဝါနှင့် သူမ၏နှာခေါင်းကို ပတ်ပြီးလျှင် စူစူအောင့်အောင့်ဖြင့် တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

မြဒင်သည် လေဘာတီကို ကြည့်လိုက်သည်။ လေဘာတီက မြဒင်ကို ကြည့်နေသောကြောင့် မျက်လုံးချင်းဆုံသည်။ မြဒင် ရင်ခုန်သွားသည်။

လေဘာတီ မည်သို့ခံစားသည်ကို မြဒင်မသိသော်လည်း မြဒင်စိတ်တွေလှုပ်ရှားသွားသည်ကအမှန်ဖြစ်၏။

မြဒင်သည် ဒုစရိုက်သမားများနှင့် ရင်ဆိုင်ရာတွင် စူးစူးပေါက်ပေါက်ကြည့်၍ ကျားကျားလျားလျား ရင်ဆိုင်တတ်သည်။

ယခုသော် ထိုသို့မဟုတ်။

လေဘာတီ၏ မျက်ဝန်းအောက်တွင် သိုးငယ်တစ်ကောင်နှယ်ရှိသည်။

ဘာဖြစ်လို့လဲ။ လေဘာတီကို ချစ်မိလို့လား။ ဘယ်သူမှ မသိသော်လည်း သူ့ကိုယ်သူ မေးလိုက်သည်။

မြဒင်သည် လေဘာတီကို ခိုးကြည့်သည်။ လေဘာတီက ကြည့်နေသောကြောင့် မြဒင် သူခိုးလူမိ ဖြစ်သွားသည်။

ဟဲ ... ဟဲ ...။

မျက်မှန်နှင့်လူကြီးက စီးကရက်ဖွာနေသည်။ လေဘာတီအဖော်အမျိုးသမီးကြီးက မျက်စောင်းခဲထားသည်။ တစ်ဦးကိုတစ်ဦး ရန်စောင်နေကြသည်လား။

ဤသို့ဆိုလျှင် ...

နောင်ချိန်ပွဲ ကြည့်ရပေဦးမည်။

မြဒင်သည် အလွတ်စုံထောက်ပီပီ မျက်မှန်နှင့် လူကြီးနှင့် အဖော်အမျိုးသမီးတို့၏ အပြုအမူများကို ကြည့်လျက် ရယ်ရမလို၊ ငိုရမလို ဖြစ်သွားပါတော့သည်။

*** *** ***

## အခန်း(၄)
## မြဒင်စံရခြင်း

"တူ ... တူတူ"

လေဘာတီအဖော် အမျိုးသမီးကြီးသည် မျက်မှန်နှင့်လူကြီးအား အလစ်မပေးဘူးဆိုသည့် မျက်လုံးများဖြင့် မကြာခဏ ကြည့်သည်။

မျက်မှန်နှင့် လူကြီးကလည်း ပျံ့လေသည့်ငှက်ခါး နားခါမှသိရမည်ပုံစံနှင့် သူမအားပြန်ကြည့်သည်။ နောက် သောက်လက်စ စီးကရက်ကို သောက်၍ ရထားပြတင်းမှ ပစ်လိုက်သည်။

မီးခိုးတလူလူနှင့် ရထားကြီးသည် ရေကူးကိုဖြတ်ကျော်နေသည်။

မြဒင်သည် လေဘာတီကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ လေဘာတီသည် မြဒင်အား ပြုံးယောင်ယောင် မျက်လုံးများဖြင့် ပြန်ကြည့်သောကြောင့် မြဒင် ဘဝင်လေဟပ်သွား၏။

မီးရောင်အောက်တွင် လူပြက်တွေနဲ့တွဲပြီး လေဘာတီ ကပြသည်ကိုပင် မနာလို မရှုစိမ့် သဝန်တိုပြန်သည်။ မဆီမဆိုင် အတွေးများသည် မြဒင်ရင်ကို ခုန်စေသည်။

"အငြိမ့်မင်းသမီးများ ... ရည်းစားထားတဲ့ လူဆိုတာမျိုးနော် ... သဘောထား နည်းနည်းကြီးဦးမှပေါ့ ... သခင်ရယ် ... မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့တွဲ ပြောတာ ... သူ့သဘောက အလွန်တရာ ... မကြည့်မလင် ...

ဩော် ... မြရင် ... မြရင် ... ချစ်ကြပေသရှင် ... ပြေတစ်ခွင် သူ့အချစ်က ... ဘယ်လိုအမျိုးအစား တကယ်အားမရရှာအောင်ပင် ... ပေါ်ပေါ်ထင်ထင် ချစ်ကြလျှင် ... အလှူရှင်မှန်း အားလုံးသိပါတယ်ရှင် ... အပိုင်နော်ကြိုလိုက်သခင် ... တိုင်ပေါ်အလံစိုက်ချင် ..."

"ဟုပ်"

ရထားမီးက ငြိမ်းသွားသည်။

"ရွှတ်"

ပါးကိုနမ်းသည့် အသံ။

"ဖြန်း"

မြဒင်ပါးက ထူပူသွားသည်။

အလွတ်စုံထောက် မြဒင်ပါးကို အရိုက်ခံရခြင်း။

ဤသတင်းသာ GUARDING အင်္ဂလိပ်လိုထုတ်ဝေသော သတင်းစာကြီးထဲ ပါသွားလျှင် ရန်ကုန်ပုလိပ်မင်းကြီး ဒစ်ကမင်သည် မြဒင်အား ထုတ်ပေးထားသော အလွတ်စုံထောက်လိုင်စင်ကို ပြန်လည်ရုပ်သိမ်းပေလိမ့်မည်။

မြဒင် ကံကောင်းသည်လား။

မည်သူမှန်း မသိလိုက်ပါ။

သို့တစေ ...

မြဒင်ပါးကိုရိုက်သော ကာယကံရှင်ကတော့ သိပါလိမ့်မည်။ ကာယကံရှင် ဘယ်သူလဲ။ မြဒင်ဘေးမှလူကြီးက ဒူးနှန့်နေသည်။

အဖော်အမျိုးသမီးကြီးက ပြုံးထေ့ထေ့။ ဤသို့ဆိုလျှင် ...

ကာယကံရှင်သည် လေဘာတီဖြစ်ရမည်။ လေဘာတီကို မြဒင်ကြည့်လိုက်သည်။ လေဘာတီသည် ရထားပြတင်း၌ လက်ထောက်လျက် လရောင်အောက်ရှိ ကန့်စွန်းခင်းများကို တမေ့တမော ကြည့်နေသည်။

သူမတွင် အပြစ်မရှိကဲ့သို့ ဖြစ်၏။ ဩော် ... မြရင် မြရင် ...

အဆိုလည်းကောင်း၊

အကလည်းကောင်း၊

အပြောလည်းကောင်း၊

အိုက်တင်လည်း ကောင်းလှပါဘိ။ သို့သော် သို့သော်လည်း ...

မြဒင်မကျေနပ်ပါ။ စင်စစ် မြဒင်ပါးကိုရိုက်ရအောင် မြဒင်မှာ ဘာအပြစ်ရှိလို့လဲ။

တစ်ခုရှိသည်

မြဒင်သည် လေဘာတီအား ရဲရဲမကြည့်ဝံ့သောကြောင့် ခိုးကြည့်မိသည်။ အဲဒါ အပြစ်လား။

ဤသို့ဆိုလျှင် လေဘာတီလည်း အပြစ်ရှိသည်။ လေဘာတီသည် မြဒင်ကို ခိုးကြည့်ထားသည် မဟုတ်လား။

တကယ်တော့ ... မြဒင်သည် ဒုစရိုက်သမားများနှင့် တွေ့လျှင် အနိုင်ကျဲလေ့ရှိသည်။ မြဒင်ဘဝတွင် အနိုင်ပွဲများသာ ရှိသည်။ အရှုံးပွဲမဆိုနှင့် သရေပင်မရှိ။ အခုနှပ်ပြစ် ခံလိုက်ရသောကြောင့် မြဒင်ဒေါသ ပေါက်ကွဲသွားသည်။

တွေ့ကြတာပေါ့။ မိန်းမသားဆိုပေမယ့် သူမအား ခွင့်လွှတ်စရာအကြောင်းမရှိ။ အကြောင်းမဲ့ လက်စွမ်းပြထားသည့်အတွက် လက်တုံ့ပြန်ရလိမ့်မည်။

လေဘာတီက ပါးတစ်ချက်ရိုက်ထားသည့်အတွက် မြဒင်က နှစ်ချက်ပြန်ရိုက်ရမှ ကျေနပ်မည်။

လေဘာတီလို မိန်းမသားမဆိုထားနှင့် ကျားကျားလျားလျား အားကောင်းမောင်းသန် လူဆိုးကြီးများကိုပင် မြဒင်သည် ညာပင့်လက်သီး၊ upper cut နှင့် အလဲထိုး ပွဲသိမ်းခဲ့သူဖြစ်သည်။

ယခု ပျင်းတောင်ပျင်းသေးရဲ့။

ဟဲ ... ဟဲ ...။ မြဒင်အတွက် အရေးကြီးတာက ရထားမီးငြိမ်းရန်ဖြစ်၏။ ရထားမီးငြိမ်းလျှင် လေဘာတီပါးကို ဘယ်ပြန်ညာပြန်ရိုက်ရန် မြဒင်အသင့်ပြင်လိုက်သည်။

ရထားမီးက ထိန်ထိန်လင်းနေသည်။ ရထားထိန်း ဂါတ်ဘိုကြီးသည် မြဒင်အကြံအစည်ကို သိနေရော့လား မပြောနိုင်ပါ။

မကြာမီ ကံဘဲ့ဘူတာသို့ရောက်တော့မည်။ ကံဘဲ့သို့ရောက်လျှင် သူမတို့ ဆင်းကြမှာလား။ ကံဘဲ့တွင်ဆင်းလျှင် မြဒင်အတွက် ပို၍အခွင့်သာသည်။

လရောင်သည် ချစ်သူတို့အတွက်



www.burmeseclassic.com

ကြည်နူးဘွယ် ဖြစ်သော်လည်း မြဒင်သည် လရောင်အောက်တွင် လေဘာတီပါးကိုရိုက်၍ လက်တုန့်ပြန်ရလိမ့်မည်။ သို့တစေ ...

မြဒင်အတွက် မှန်းချက်နှင့်နှမ်းထွက် မကိုက်ပါ။ ကံဘဲ့ဘူတာသို့ ရောက်သော်လည်း သူမတို့ မဆင်းကြပါ။ အကြောင်းတော့ မဟုတ်ပါ။ ရထားမီးက ငြိမ်းမှာပါ။

မြဒင်သည် ထိုအတွေးဖြင့် ဂျုံးဂျုံးဂျက်ဂျက် အော်သံပေးလျက် မီးခိုးတလူလူနှင့် ခုတ်မောင်းနေသော ရထားကြီးခေါ်ဆောင်ရာသို့သာ ပါခဲ့ပါတော့သည်။

*** *** ***

### အခန်း(၅)
### အပြုံးကိုယ်စီ

"တူ ... တူ"

လေဘာတီသည် မြဒင်ပါးကို ရိုက်ရ၍ ကျေနပ်နေသည်လား။

မြဒင်အနီးမှ မျက်မှန်နှင့်လူကြီးက ဒူးတနန့်နန့်။

လေဘာတီအဖော် အမျိုးသမီးကြီးသည် ပီတိများနှင့် အပြုံးဆောင်ထား၏။

သူတို့သည် မြဒင်ပါးရိုက်ခံရသည်ကို ကျေနပ်နှစ်သက်ကြဟန်ရှိသည်။ မြဒင် ဒေါသပေါက်ကွဲသွားသည်။ ထိုစဉ် ...

ရထားကြီးသည် ရှူးရှူးရှဲရှဲနှင့် ဖောက်ထော်ဘူတာသို့ ဝင်လာသည်။ ရှူးရှူးရှဲရှဲရထားကြီးသည် မြဒင်ကဲ့သို့ ဒေါသပေါက်ကွဲနေသည်လား။

ရထားရပ်သည်နှင့် လေဘာတီနှင့် အဖော်အမျိုးသမီးကြီးတို့ ရထားပေါ်မှ ဆင်းသွားကြသည်။ မြဒင်သည် သူမတို့နောက်မှ အမီလိုက်၍ ကျော်ဖြတ်ပြီးလာခဲ့သည်။ နောက် ဖောက်ထော်အဝင် မြေနီလမ်းလေးသို့ရောက်လျှင် မှောင်ရိပ်ခို၍ နေရာယူထားလိုက်ပါတော့သည်။

*** *** ***

"အခုလို ရထားပေါ်မှာ မမျှော်လင့်ဘဲ ပြန်ဆုံခိုက် ရထားမီးငြိမ်းတာကို အခွင့်ကောင်းယူပြီး ကိုလှထွန်းကြီးက နှာခေါင်းသရမ်းတယ်လေ"

"ဟယ် ... ကိုလှထွန်းကြီးက ဒေါ်လေးပါးကို နမ်းတယ်ဟုတ်လား .. အဟီ"

### အခန်း(၆)
### လေဘာတီမြရင်မဟုတ်သော မြခင်ခင်

မြဒင် မှောင်ရိပ်ခိုထားသော သစ်ပင်ကြီးသည် မြေနီလမ်းလေးအား သူ၏လောင်းရိပ်ကြီးဖြင့် ဖုံးအုပ်ထားသည်။

လပြည့်ဝန်းသည် ဝန်းကျင်ကို အလင်းဆောင်ထားသည် ဆိုသော်လည်း ကုက္ကိုပင်ကြီး၏ လောင်းရိပ်ကိုတော့ ကျော်ဖြတ်နိုင်ခြင်း မရှိပါ။

သူမတို့သည် မြေနီလမ်းအံတိုင်း ဖောက်ထော်သို့ ဝင်ခဲ့ရာမှ ကုက္ကိုပင်ကြီးအောက်တွင် အသင့်ရပ်နေသော မြဒင်ကို တွေ့လျှင် တန့်သွားကြသည်။

ထိုအခွင့်ကိုယူလျက် မြဒင်သည် လမ်းလည်မှတား၍ သူမတို့ကို ပြောလိုက်သည်။

"ဒီမှာ လေဘာတီမြရင်"

"ကျွန်မ လေဘာတီမြရင် မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"မြခင်ခင်ပါ"

"ထင်သားပဲ ... ဟဲဟဲ"

"ဘာထင်တာလဲရှင်"

"လေဘာတီမြရင်က အနုပညာရှင်။ ဖောက်ထော်သူ မြခင်ခင်က ငါးစိမ်းသည်"

"ဘာပြောတယ်ရှင့်"

"ငါ့ပါးကို ဖက်ရဲလက်ရဲ ရိုက်ခဲ့တဲ့မင်းကို ပြောတာ"

"အလိုရှင်"

"အလိုရှင်တွေ ဘာတွေ မပြောမနေနဲ့။ မင်းက ငါ့ပါးကို ဘာလို့ရိုက်တာလဲ"

www.burmeseclassic.com

“နေပါဦး။ မင်းက ဘယ်သူလဲ ဘယ်ကလဲ”

ဟု အဖော်အမျိုးသမီးကြီး က ခပ်ဆတ်ဆတ်မေးသည်။

“အန်တီတို့နဲ့ မင်္ဂလာဒုံဘူတာက ရထားအတူတူစီးလာတာလေ။ ကျွန်တော့်ကို မမှတ်မိဘူးလား”

“အဲဒါ ဘာဖြစ်လဲ”

“ကျွန်တော့်ပါးကို သူရိုက်လို့”

ဟု ပြောပြီး မြဒင်သည် မြခင်ကို လက်ညှိုးထိုးပြလိုက်သည်။

မြခင်ခင် မျက်လုံးများ ဝိုင်းသွားသည်။

“မင်းက ငါ့ပါးကိုရိုက်ရအောင် ငါ့မှာ ဘာအပြစ်ရှိလို့လဲ မြခင်”

ဟု သူမကို မြဒင်မေးလိုက်သည်။

“ခင်ခင် မရိုက်ဘူး”

“ရိုက်တယ်”

“မရိုက်လို့ မရိုက်ဘူးလို့ ပြောတာပေါ့ရှင်”

“သြော် ... ကိုယ်လုပ်ပြီးတော့ ကိုယ်မလုပ်ဘူးလို့ ပြောတဲ့စကားကို ငါက လက်ခံရမှာလား”

“ဘယ်တုန်းက ရိုက်တာလဲ”

“ရထားမီးငြိမ်းတုန်းက၊ ရှင်းပြီလား”

“ရထားမီးငြိမ်းတုန်းက ဟုတ်လား”

ဟု သူမက ဇဝေဇဝါပြန်မေးသည်။

“သူခိုးဆိုတာ မိမိက သူခိုးပါလို့ ဘယ်သူခိုးမှ ဆိုရိုးမရှိဘူး။ သေသေချာချာ စဉ်းစားပါဦး အမိရဲ့”

“လူကို မစော်ကားနဲ့နော်။ ရှင့်ပါးကို မရိုက်လို့ မရိုက်ဘူးလို့ ပြောတာ ... ဟင်း”

“ဟဲ ... ဟဲ”

မြဒင် ရယ်သွမ်းသွေးလိုက်သည်။

“ခင်ခင် လိမ်ညာမပြောတတ်ဘူး”

“ယုံရမှာလား”

“ရှင့်သဘော”

“ဟုတ်မှလည်းပြောနော်”

“ရှင့်ကိစ္စ”

“ဒီမှာအန်တီ၊ သူ့ကိုလည်း ဘာမှမလုပ်ရဘဲနဲ့ ကျွန်တော့်ပါးကို ရိုက်တာ။ ကျွန်တော် မကျေနပ်ဘူး။ သူ့ပါးကို ပြန်ရိုက်ရမှ ကျေနပ်မယ်”

ဟု အဖော်အမျိုးသမီးကြီးကို မြဒင်ပြောလိုက်သည်။

“အောင်မာ ... လုပ်ရဲလုပ်ကြည့်ပါလား”

ဟု မြခင်ခင်က ဒေါသနှင့် ဝင်ပြောသည်။

“မလုပ်ပါရစေနဲ့ဗျာ။ မလုပ်ပါရစေနဲ့။ တရားလိုက တရားခံဖြစ်သွားပါဦးမယ်။ မလုပ်ပါရစေနဲ့နော် ဟဲဟဲ”

“လုပ်စမ်းပါရှင် လုပ်ကြည့်လိုက်စမ်းပါ”

“တော်ကြပါတော့။ တော်ကြပါတော့”

ဟု အဖော်အမျိုးသမီးကြီးက ဝင်တား၍ မြခင်ခင် ငြိမ်သွားသည်။

နောက် အဖော်အမျိုးသမီးက

“ဒီကိစ္စကို ငါရှင်းပေးပါ့မယ်”

ဟု ဆိုသောကြောင့် မြဒင်သည် သူ့ပါးကို သူ့လက်ဖြင့်သပ်ရင်း မြခင်ခင်ကိုသာ ကြည့်နေလိုက်ပါတော့သည်။

* * * * * * * * *

## အခန်း(၇)

## တရားလိုမဟုတ်ပါ

အဖော်အမျိုးသမီးကြီးသည် သူ့ခေါင်းကို တွင်တွင်ကုတ်ပြီး တက်တစ်ချက်ခေါက်သည်။

“တောက်”

“ဆိုပါအန်တီ”

ဟု သူမကို မျှော်လင့်ချက်များနှင့် မြဒင်ပြောလိုက်သည်။

“အင်း .. ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရမယ့်ကိန်း ဆိုက်နေပြီကွဲ့”

“ဘယ်လို ... ကိုယ့်ပေါင်ကိုယ် လှန်ထောင်းရမယ် ဟုတ်လားဒေါ်လေး”

“အေး ... ဟုတ်တယ်”

မြဒင်သည် ထိုစကားကို ကြားရသောကြောင့် အန်တီကြီးကို အားနာသွားသည်။

“ဒီလိုကွဲ့”

“ဟုတ်ကဲ့ပါ အန်တီ”

“မင်းအနားမှာ ထိုင်နေတဲ့ မျက်မှန်နဲ့ ကိုလုထွန်း ဂြိုဟ်မွှေတာကို ပြောတာပါ”

“ဟုတ်ကဲ့”

“သူ ဂြိုဟ်မွှေသွားတာကို ပြောတာကွဲ့”

“ဘယ်လို ဘယ်လို အန်တီ။ ဦးလုထွန်းကြီး ဂြိုဟ်မွှေတာနဲ့ ကျွန်တော့်ပါးအရိုက်ခံရတာ ဘာဆိုင်လို့လဲ အန်တီ။ ညောင်ဦးက ကမ်းပါးပြိုတာ စမွန်နဂို(ရ်)က နွားမပေါင်ကျိုးဆိုသလို ဖြစ်နေပြီ”

“အန်တီ့စကား ဆုံးအောင်နားထောင်ပါဦးလေ”

“ပြောပါအန်တီ”

“မျက်မှန်နဲ့ ကိုလုထွန်းက

www.burmeseclassic.com

www.burmeseclassic.com

အန်တီ့ကို ကြိုက်နေတာကွဲ့။ သူ့အချစ်ကို အန်တီက လက်မခံတော့ သူက လူပျိုကြီးလုပ်နေတယ်လေ"

"ကြည့်စမ်း . . . ကြည့်စမ်း။ ဒေါ်လေးက အခုမှ ခင်ခင့်ကို အဆက်ဟောင်းကြီးအကြောင်း ပြောတယ်"

"ညည်းတို့ပြဿနာက ကိုယ့်ပေါင်ကိုယ်လှန်ထောင်းပြီး ပြောမှဖြစ်မှာမို့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရတာအေ့ . . . ရှင်းပြီလား"

"ဆက်ပါဦး အန်တီ"

"အန်တီကတော့ သူ့အချစ်ကို လက်မခံသလို အခြားသူတွေရဲ့ ချစ်ရေးဆိုတာကိုလည်း လက်မခံဘူး။ အပျိုကြီးဘ၀ကိုပဲ နှစ်သက်တယ်"

"အရေးထဲ ဒေါ်လေးကလည်း အဖွမ်းတင်နေပြန်ပြီ"

"ဆက်ပါဦး အန်တီ"

"တိုတိုပြောရရင်တော့ကွာ"

"ဟုတ်ကဲ့"

"အခုလို ရထားပေါ်မှာ မမျှော်လင့်ဘဲ ပြန်ဆုံမိုက် ရထားမီးငြိမ်းတာကို အခွင့်ကောင်းယူပြီး ကိုလှထွန်းကြီးက နာခေါင်းသရမ်းတယ်လေ"

'ဟယ် . . . ကိုလှထွန်းကြီးက ဒေါ်လေးပါးကို နမ်းတယ်ဟုတ်လား . . . အဟိ'

"စီစီပဲ . . . ဘယ်ရမလဲ သူက နာခေါင်းသရမ်းတော့ ငါကလည်း လက်စွမ်းပြလိုက်တာပေါ့အေ"

"ကောင်းတယ် ကောင်းတယ် ဒေါ်လေး။ ဒီလိုနာခေါင်းသရမ်းရင် ဒီလိုပဲ လက်စွမ်းပြရမယ်"

"ကိုလှထွန်းကြီးပါးကို မထိဘဲ ဒီသူငယ်ပါးကို ထိသွားတာဖြစ်မယ်"

"ဗျာ"

မြဒင်ထံမှ အာမေဋိတ်သံ ထွက်သွားသည်။

"အန်တီ့ကို စိတ်မဆိုးပါနဲ့။ မင်းပါးကို ရိုက်တာ မဟုတ်ပါဘူး။ ကိုလှထွန်းကြီးပါးကို ရိုက်တာပါ။ အမှောင်ထဲမှာမို့ လက်စလွဲသွားလို့ပါ။ အန်တီ့ကို ခွင့်လွှတ်ပါ"

အလွတ်စုံထောက်မြဒင် ဘာပြောမလဲ။

"အို . . . အားနာစရာကြီး။ ဒေါ်လေးကိုယ်စား ခင်ခင်ကလည်း တောင်းပန်ပါတယ်။ ဒေါ်လေးက အစ်ကို့ပါးကိုရိုက်တာ မဟုတ်ပါဘူး။ ဦးလှထွန်းကြီးပါးကို ရိုက်တာပါ။ ဒေါ်လေးကို စိတ်မဆိုးပါနဲ့ အစ်ကိုရယ်။ အခုလိုဖြစ်ရတာ ဦးလှထွန်းကြီးကြောင့်ပါ။ ဒေါ်လေးကို စိတ်မဆိုးပါနဲ့နော်"

မြဒင် ဘာမှုပြန်မပြောဘဲ မြဒင်ကို ပြုံးပြလိုက်သည်။

"ဒီအခါ ကိုလှထွန်းကြီးကိုတွေ့ရင် လူမရှောင် သူမရှောင် သူ့ပါးကို အန်တီပြန်ရိုက်ပြမယ်။ ကျေနပ်တယ် မဟုတ်လား"

"မလုပ်ပါနဲ့ အန်တီရယ်။ ကျွန်တော့်ပါးကို အဓိပ္ပာယ်မဲ့ ရိုက်တယ် ထင်လို့ပါ။ ကျွန်တော် ပြောမှားဆိုမှား ရှိခဲ့ရင်လည်း တောင်းပန်ပါတယ်။ ဦးလှထွန်းကြီးပါးကို ပြန်မရိုက်ပါနဲ့ အန်တီ။ ကျွန်တော် တရားလို မဟုတ်တော့ပါဘူး"

"ဟုတ်ပါတယ် ဒေါ်လေးရယ်။ ဦးလှထွန်းကြီးက ဒေါ်လေးကိုချစ်လို့ လူပျိုကြီးလုပ်နေတာ။ ခွင့်လွှတ်လိုက်ပါ"

"ဘာပြောတယ်အေ့။ သူက ညည်းဦးလေး မဟုတ်ဘူး။ ငါက ညည်းအဒေါ်။ ငါနဲ့ရမှ သူ့ကို ဦးလေးတော်လို့ရမှာ။ သူ့ဘက်က ဘာမှရှေ့နေလိုက်စရာ မလိုဘူး"

"ခင်ခင်ကလည်း ဒီဦးလှထွန်းကြီးကို ဦးလေး မတော်ချင်ပါဘူး"

"ဘာပြောတယ်အေ့။ စကားပြောတာ ကြည့်ပြောနော်။ ဇာတ်လမ်းမဆုံးသေးဘူး။ ပြင်ပြော"

"ဟော . . . အဆက်ဟောင်းကြီးကိုထိတော့ နာပြန်ပြီ"

"မရဘူး မရဘူးအေ့။ တွယ်ကို တွယ်ရလိမ့်မယ်"

အန်တီစီစီသည် ပြောသာပြောသော်လည်း လေသံက ပျော့နေသည်။ အရှက်ပြေပြောသည် ထင်၏။

"အစ်ကို"

"ပြောပါ လေဘာတီမြရှင်"

"ကျွန်မခင်ခင်ပါရှင်။ လေဘာတီမြရှင် မဟုတ်ပါဘူး"

"ရောင်လို့ ရောင်လို့။ မင်းလေးကလည်း လေဘာတီမြရှင်နဲ့ တူလွန်းလို့ ခေါ်မိတာ။ ခွင့်လွှတ်ပါနော် မြဒင်"

"အစ်ကို့ပါးကို ခင်ခင် မရိုက်ဘူးဆိုတာ အစ်ကိုယုံပြီမဟုတ်လား"

ဟု သူမက အပြုံးများနှင့် မြဒင်ကိုမေးသည်။ မြဒင် ခေါင်းညိတ်ပြလိုက်သည်။

"အစ်ကို့နာမည်"

"မြဒင်"

ဟု လေဘာတီမြရှင်မဟုတ်သော ဘောက်ထော်သူ မြဒင်ကို အလွတ်စုံထောက်မြဒင်သည် ဝမ်းသာအားရ ပြောလိုက်ပါတော့သည်။

ဇော်ဇော်လင်း



www.burmeseclassic.com

www.burmeseclassic.com

# အားနာရင် ခါးပါတတ်တယ်တဲ့

## ခင်မောင်ထွန်း(လမ်းမတော်)

စာရေးသူတို့ တွေ့ကြုံရသော မှုခင်းများသေ အမှု တစ်ခုကိုတော့ သတိရနေဆဲပါ။ မိတ်ဆွေသူငယ်ချင်း အချင်းချင်း အားနာမှု အရင်းခံပြီး မပြတ်သားခဲ့မှုကြောင့် အရှုံရခဲ့သော ဖြစ်ရပ်တစ်ခု ရှိခဲ့ပါတယ်။ မြန်မာ့ရိုးရာ စကားပုံအတိုင်း 'အားနာရင် ခါးပါတတ်တယ်' ဆိုတဲ့ စကားပုံလိုပါပဲ။

ဇာတ်လမ်းအစကတော့ လွန်ခဲ့သော နှစ်ပေါင်း ဆယ်စုသုံးစု(နှစ်ပေါင်း ၃၀)ကျော်က စခဲ့တာပါ။

စာရေးသူက ဇာတိဖြစ်တဲ့ ကျောက်ဆည်မြို့က နေ မန္တလေးမှာရှိတဲ့ အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းဖြေဖို့ ကျောင်းသွားတက်တော့ သူငယ်ချင်းတွေ တိုးပွားခဲ့ပါတယ်။ အဲဒီအထဲမှာ မဥမ္မာခိုင်နဲ့ ကိုဘုန်းကျော်တို့က မန္တလေးဇာတိတွေ ဖြစ်ကြပြီး သူတို့နဲ့ ပိုပြီးရင်းနှီးခဲ့ကြပါတယ်။ အမြင်အဆောင်မှာပဲ အတူနေကြပါတယ်။ စာအတူကျက်၊ စားစရာရှိ အတူစားကြ၊ ပြော မနာဆိုမနာနဲ့ အတော်ပဲ ရင်းနှီးခင်မင်ခဲ့ကြပါတယ်။

အလွတ်ပညာသင်ကျောင်းက စာသင်ရာမှာ နာမည်ကြီး တယ်။ စေတနာရှိတယ်။ အားလုံးကြိုးစားပြတော့ စာရေး သူရယ်၊ မဥမ္မာခိုင်ရယ်၊ ကိုဘုန်းကျော်ရယ် သုံးယောက် စလုံး နှစ်ချင်းပေါက် အောင်ခဲ့ကြပါတယ်။ အဲဒီခေတ်က အောင်စာရင်းကို ရေဒီယိုကပဲ နားထောင်ခဲ့ကြပါတယ်။ အောင်စာရင်းထွက်ပြီး မန္တလေးကနေ ပုဂံ ညောင်ဦးနဲ့ ပုပ္ပားတောင်တော်ကို အတူတူသွားပြီး ဘုရားဖူးဖြစ်ခဲ့ကြ ပါတယ်။

မဥမ္မာခိုင်က ဆေးကျောင်းဆက်တက်လို့ ဆရာဝန် ဖြစ်သွားပါတယ်။ ရန်ကုန်မှာ တာဝန်ကျတယ်လို့ သိရပါ တယ်။ ကိုဘုန်းကျော်က မိဘချမ်းသာတော့ ရိုးရိုးဘွဲ့တစ်ခု ယူပြီး တိုင်းရင်းဆေးထုတ်တဲ့ ကုမ္ပဏီထောင်ပြီး ရန်ကုန်မှာ နေထိုင်ခဲ့ကြောင်း သိရပါတယ်။

စာရေးသူလည်း ရဲအရာရှိအဖြစ်နဲ့ ရန်ကုန် ရောက်လာခဲ့ပါတယ်။

နောက်ပြီး မဥမ္မာခိုင်နဲ့ ကိုဘုန်းကျော် တွေ့ကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူတို့ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မေတ္တာရှိနေကြတယ်လို့ အသိတွေဆီက သိထားရပါတယ်။

သူတို့နဲ့တော့ မဆုံစည်း မတွေ့ဖြစ်ခဲ့ပါ။

တစ်ရက်တော့ စာရေးသူ ရုံးခန်းကို မဥမ္မာခိုင် တစ်ယောက် ရောက်လာပါတယ်။ စာရေးသူ စားပွဲမှာ ဝင်ထိုင်တော့ သတိထားကြည့်မိပါတယ်။ မဥမ္မာခိုင် မျက်ကွင်းများ ကျနေပြီး စိတ်သောကဖြစ်နေပုံ ပြနေပါတယ်။ တစ်ခုခုတော့ ဖြစ်နေပြီလို့ သတိထားမိလိုက်ပါတယ်။

"ကဲ ဥမ္မာ ဘာကူညီပေးရမလဲ"

"ကိုထွန်း ရဲထဲ ဝင်သွားတယ်၊ ရှမ်းပြည်ဘက်မှာ တာဝန်ကျနေတယ်၊ အခု ရာထူးတွေတိုးပြီး ရန်ကုန် ရောက်နေတယ်လို့ သူငယ်ချင်း စန်းစန်းလွင်ဆီက ကြားရပါတယ်။ အခုတော့ ကိုယ်ရေးကိုယ်တာ တိုင်ပင်စရာရှိလို့ ကိုထွန်း လိပ်စာကိုမေးပြီး လာခဲ့တာပါ"

"ပြောပါ ဥမ္မာတို့က သူငယ်ချင်းတွေပဲဟာ ကူညီနိုင်တာ အကြံပေးနိုင်တာ လုပ်ပေးမှာပါ"

"ဒီလိုပါ ကျွန်မနဲ့ ကိုဘုန်းကျော်က ငယ်ငယ်ကတည်းက တတွဲတွဲနေခဲ့ကြတာ ကိုထွန်းအသိပါ၊ ကျွန်မ ဆေးကျောင်းပြီးလို့ ရန်ကုန်မှာ တာဝန်ကျတော့ သူလည်း ရန်ကုန်ကို ဆေးရောင်းတဲ့ ကုမ္ပဏီဖွင့်ပြီး ရောက်လာပါတယ်။ ကျွန်မ သွားချင်တဲ့နေရာ၊ လုပ်ချင်တာ သူကနဲ့ လိုက်ပို့တယ်၊ ကူညီတယ်၊ လွန်ခဲ့တဲ့ (၂)နှစ်လောက်ကမှ ကျွန်မကို ချစ်ရေးဆိုခဲ့တယ်"

"ဩော် ဥမ္မာရယ် ဒီကောင်က ပြီးခဲ့တဲ့ (၂)နှစ်ကမှ ချစ်ရေးဆိုတာလား၊ တို့က မန္တလေးမှာ တို့ကျောင်းနေစဉ်ကပဲ မေတ္တာရှိနေကြပြီ ထင်နေတာ"

"အဲဒီအချိန်တွေတုန်းကတော့ တပူးတွဲတွဲ သွားနေကြပေမယ့် ဒီအဆင့်ထိ ဖွင့်မပြောခဲ့ကြပါဘူး၊ ဒါပေမဲ့ ကိုထွန်းရယ် ဘုန်းကျော် အရင်ကလို မဟုတ်တော့ဘူး"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ"

"ကျွန်မ အကဲခတ်မိသလောက် ဘုန်းကျော်ဟာ စိတ်ရောဂါဝေဒနာရှင်တစ်ယောက် ဖြစ်နေတယ်လို့ သတိထားမိတယ်၊ ကျွန်မကို ချစ်ရေးဆိုတော့ ကျွန်မက အင်းမလုပ် အဲမလုပ်နေတာ ပြန်မဖြေတာကို သဘောမကျစိတ်ဆိုးလာတယ်။ ကျွန်မ တာဝန်ကျတဲ့ ဆေးရုံကိုလည်း မကြာခဏလာပြီး သူ့ဇနီးလောင်းပါ သူနဲ့ လက်ထပ်တော့မှာဆိုပြီး တွေ့တဲ့လူကို လိုက်ပြောတယ်။ တခြား ယောကျ်ားလေး လုပ်ဖော်ကိုင်ဖက်တွေနဲ့ သွားတာလည်း လိုက်ချောင်းပြီး ကျွန်မနဲ့ တွဲလုပ်တဲ့ ယောကျ်ားလေး မိတ်ဆွေကို ဝင်ထိုးတာ နှစ်ခါရှိပြီ။ အိမ်ကိုလည်း လိုက်လာတိုင်း ဒေါသတကြီးနဲ့ စိတ်ဆိုးလာရင် တွေ့ရာပစ္စည်းကို လွှင့်ပစ်ခွဲပစ်လုပ်တယ်။ ဒါနဲ့ သူငယ်ချင်းတွေနဲ့ တိုင်ပင်တော့ သူက စိတ်ရောဂါဝေဒနာသည်ဆိုတော့ ဘုန်းကျော် ကျေနပ်အောင် လိုက်လိုက်လျောလျောလေးနေရင် ကောင်းမယ်ဆိုတာနဲ့ ချစ်ပါတယ်လို့ ပြန်မပြောပေမယ့် သူ့ကို အလိုက်အထိုက် နေကြည့်ပြန်တော့ သူက ပိုပြီး ရောင့်တက်လာတယ် ကိုထွန်းရယ်၊ ပိုကျပ်လာတယ်။

ပိုဆိုးလာတယ်၊ သွားလေရာ လိုက်ကြမ်း၊ လိုက်နှောင့်ယှက်နေတော့ ကျွန်မမှာလည်း အရှက်ကွဲလှပြီ၊ စိတ်ညစ်လှပြီ ရန်ကုန်ကနေ တစ်နေရာရာပြောင်းဖို့ စာတင်ရမလားတောင် စဉ်းစားနေပါတယ်၊ အဲဒါ ကိုထွန်းကျော် အကြံဉာဏ်ပေးပါဦး"

"ဖြစ်မှဖြစ်ရလေ ဥမ္မာရယ်၊ ဘုန်းကျော်က တကယ်ပဲ စိတ်ရောဂါဝေဒနာရှင် ဖြစ်နေပြီလား"

"သေချာတယ် ကိုထွန်း၊ သူ့ကို စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးတွေနဲ့ပြဖို့ ဘယ်သူကမှ မပြောရဲကြဘူး၊ ရန်ကုန်မှာ သူနဲ့အတူနေတဲ့ သူညီကလည်း သူက နိုင်လွန်းတော့ ဆေးကုဖို့ မလုပ်ရဲကြဘူး၊ ကျွန်မတော့ နေ့တိုင်း စိတ်ဆင်းရဲနေရတယ် ကိုထွန်းရယ်၊ အရှက်လည်း တွဲလှပြီ"

"ဥမ္မာက သူ့ကို ပြန်မချစ်ဘူး၊ လက်မခံဘူးလို့ ပြတ်ပြတ်သားသား ငြင်းလိုက်ရင်ကော"

"ကျွန်မ စဉ်းစားခဲ့ပါသေးတယ်၊ သူက ဒါကို စွဲလမ်းပြီး ကြမ်းသည်ထက် ကြမ်းလာတော့ ပစ်ပစ်ခါခါ ငြင်းလိုက်ရင် ပိုဆိုးမယ်ထင်တာနဲ့ လိုက်လိုက်လျောလျောလေး နေခဲ့မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com

ဥမ္မာခိုင်တစ်ယောက် ဆရာဝန် ပညာတတ်တစ်ယောက်၊ ငယ်ရွယ်နုပျိုသူ ချွေမန်းသူ ပျိုဖြူချောတစ်ယောက်ဖြစ်ပါလျက် ကိုဘုန်းကျော်၏ ဇွတ်တရွတ်နိုင်မှုကို ခါးစည်းခံရသဖြင့် စိတ်ဆင်းရဲမှုဒဏ် ဖိစီးခံစားနေရပုံကို အလေးအနက်ထား အကဲခတ်မိသည်။

"ဥမ္မာတို့လည်း သူ့ကို တွေ့ကြည့် လေ့လာကြည့်ပါဦးမယ်၊ တို့ဆီအကြောင်းရှိရင် ဖုန်းဆက်ပါ၊ ဘုန်းကျော်ရဲ့ညီ၊ ဘုန်းဇော်ရဲ့ ဖုန်းနံပါတ်လည်း တို့ကို ပေးခဲ့ပါ၊ ခုမှတော့ တို့ စိတ်ရှည်ရှည်နဲ့ အဖြေရှာကြတာပေါ့"

ဒေါက်တာဥမ္မာခိုင် ပြန်သွားပါသည်။

နောက်နှစ်ပတ်ခန့်အကြာတွင် ဥမ္မာခိုင်တစ်ယောက် တာဝန်ကျ ဆေးရုံကအပြန်တွင် အလုပ်အတူတူလုပ်သော အမျိုးသားဆရာဝန်တစ်ဦးကားနှင့် အတူစီး၍ သင်တန်းပို့ချရန် အသွားတွင် ကိုဘုန်းကျော် နောက်ယောင်ခံလိုက်လာပြီး ကားကို ရှေ့မှ ကျော်တက်ရပ်ကာ ဥမ္မာစီးလာသော အသိဆရာဝန်၏ကားမှ ရှေ့မှန်ကြီးကို ရိုက်ခွဲလိုက်ပါတယ်။ လူတွေ ဝိုင်းလာကြပါတယ်။

ဘုန်းကျော်က ဥမ္မာဟာ သူနဲ့ယူတော့မယ့်ဇနီးဖြစ်ကြောင်း၊ တခြားယောကျ်ားတစ်ယောက်နဲ့ တွဲနေလို့ သူ့ကားမှန်ကို ရိုက်ခွဲကြောင်း အော်ပြောခဲ့ပါသည်။

ဥမ္မာက မဟုတ်ကြောင်း၊ သူ့ရည်းစားလည်း မဟုတ်ကြောင်း အကျိုးအကြောင်း ရှင်းပြရပါတယ်။ နှစ်ဖက်စလုံး ရဲစခန်းကို ရောက်သွားကြပါတယ်။

ဖုန်းနဲ့ဆက်အကြောင်းကြားလို့ စာရေးသူလည်း ရဲစခန်းကို လိုက်သွားပါတယ်။ ဘုန်းကျော်ရဲ့ညီ ဘုန်းဇော်လည်း ရဲစခန်းကို လိုက်လာပါတယ်။ ဥမ္မာနဲ့ လုပ်ဖော်ကိုင်ဖက် ဆရာဝန်လည်း အကျိုးအကြောင်းကို သိထားတော့ ဘုန်းဇော်က အကုန်ခံပြုပြင်ပေးပြီး တောင်းပန်လို့ ကျေနပ်သွားခဲ့ပါတယ်။

စာရေးသူကတော့ အကွက်ဝင်လာတာနဲ့ ဘုန်းဇော်နဲ့ တိုင်ပင်ပြီး ဘုန်းကျော်ကို စိတ်ကျန်းမာရေးဆေးရုံကြီးကို အတင်းနားချပြီး တင်ပေးခဲ့ပါတယ်။ တစ်လလောက် ဆေးရုံမှာ ဆေးဝါးကုသလိုက်တော့ သက်သာလာပါတယ်။ စိတ်က နူးညံ့ပျော့ပျောင်းလာပါတယ်။

ဥမ္မာကတော့ အတွေ့မခံရလို့ ပြောင်းရွှေ့ခွင့်တင်တာ ကျသွားလို့ မန္တလေးကို ပြန်ရောက်သွားပါတယ်။ ကိုဘုန်းကျော် ဆေးရုံက ဆင်းလာပြီး ဥမ္မာကို လိုက်ရှာရာက မန္တလေးပြောင်းသွားပြီဆိုတာ သိတာနဲ့ ည(၇)နာရီလောက် သူ့ကားနဲ့ တစ်ယောက်တည်း မန္တလေးကို လိုက်သွားတာ လမ်းမှာ ကားမှောက်ပြီး သေဆုံးသွားခဲ့ပါတယ်။

ကိုဘုန်းကျော် သေဆုံးသွားတာရယ်၊ ဥမ္မာတစ်ယောက် မန္တလေးမှာပဲ တာဝန်ကျနေတာရယ်၊ ဥမ္မာတစ်ယောက် လွှမ်းမိုးနေတဲ့ ကြောက်ရွံ့နေတဲ့ အရိပ်မည်းကြီးက လွတ်သွားတာကို ဝမ်းသာမိပေမယ့် သူငယ်ချင်း ဘုန်းကျော်၏ အစွဲလမ်းကြီး စွဲလမ်းနေရာက ကွယ်လွန်ဆုံးပါးသွားခဲ့ရသည်ကိုတော့ စိတ်မကောင်း ဖြစ်မိပါတယ်။

ဒေါက်တာဥမ္မာတစ်ယောက် ဘဝကို လက်တွဲလျှောက်လှမ်းရမယ့်သူကို ရှာတွေ့လို့ မန္တလေးမှာ လက်ထပ်ကြောင်း ဖိတ်စာနဲ့ စာတစ်စောင် စာရေးသူထံ ရောက်လာခဲ့ပါတယ်။ သူ့ကိုယ်ရေးကိုယ်တာ ခံစားရမှုတွေကို ရင်ဖွင့်ခဲ့ပြီး စာတစ်ပိုဒ်မှာတော့-

"သူငယ်ချင်း ကိုထွန်းက စာရေးဆရာဆိုတော့ ကျွန်မလို ယောကျ်ားလေးတစ်ယောက်ကို နီးနီးကပ်ကပ်နေပြီး မပြတ်မသားလုပ်ခဲ့တာ၊ အားနာခဲ့တာဟာ စိတ်ဆင်းရဲစရာများစွာနဲ့ ဘဝပျက်မတတ် ကြုံခဲ့ရတော့ ကျွန်မလိုမဖြစ်စေရန် ဘဝမှာ ပြတ်သားဖို့၊ အားမနာဖို့ ပညာပေးရေးသားပေးပါ" တဲ့။

မဥမ္မာခိုင် ဆန္ဒအတိုင်း စာဖတ်သူများ သင်ခန်းစာယူနိုင်ကြပါစေဟု. . .။

**ခင်မောင်ထွန်း(လမ်းမတော်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဟောင်းသည်မရှိ (၁၂)

အခန်းဆက်ဝတ္ထုရှည်

(ယခင်လမှအဆက်)

မောင်အေးချမ်း မော်တော်ကို ကမ်းမှခွာသည်။ မြစ်ညာဘက်ကို စတင်မောင်းသည်။ မော်တော်ဆရာကား လှည့်၍မကြည့်တော့ပေ။ မခင်တင့်သည် ပတ်ဝန်းကျင်ကို တစ်ချက်နှစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ဆလင်ခန်းတံခါးကို ပြန်ပိတ်လိုက်၏။ ထို့နောက် ချက်ချထားလိုက်သည်။ သည်အကြိမ်တွင် ချက်ချထား၍ အနည်းငယ်မျှ စိတ်အေးရသည်။

မခင်တင့်က မောင်အေးချမ်း အနားကပ်လာပြီး ကျစ်ကျစ်ဖက်ကာ "ချစ်စရာလေး၊ အသက်ကလေး။ ဘယ်လိုပဲကြည့်ကြည့် ချစ်စရာကောင်းတယ်"ဟု ဖက်ထားရင်းကပြောသည်။ ထို့နောက် နမ်းသည်။ မောင်အေးချမ်းက မော်တော်ကို သတိထားမောင်းရင်း ...

"အပြင်က တံခါးခေါက်ရင် အသာလေး နောက်ဆုတ်ပြီး ခွေအိပ်နေနော်။ ကျွန်တော့်ဘာသာ တံခါးဖွင့်မယ်။ ဘယ်သူပဲ လာမေးရင် မခင်တင့် ခေါင်းမူးလို့ ဝင်အိပ်နေတယ်လို့ပဲ ပိတ်ပြောလိုက်မယ်"

မခင်တင့် တစ်ချက်နှစ်ချက် ခေါင်းညိတ်ပြီး ငြိမ်နေ၏။ မောင်အေးချမ်း ယုမေအတွက် ဘော်ဒါသွားစုံစမ်းသည့်ကိစ္စကို တစ်ခွန်းမျှ မမေးပေ။ အကြောင်းတစ်ခုခု ရှိနေလေသလားဟု ခန့်မှန်းမိသည်။ သူမမေး၍ မောင်အေးချမ်းလည်း ဘာမျှမပြောဘဲ နေသည်။

မခင်တင့်သည် မောင်အေးချမ်းကို ဖက်ထားရင်းက အကြာကြီး ငြိမ်နေသည်။ မောင်အေးချမ်းလည်း အလိုက်သိစွာပင် မော်တော်ကိုသာ အာရုံစိုက်ပြီး မောင်းနေသည်။ ဈေး အတက်ဖြစ်၍ မော်တော်လည်း ပြေးသလောက် မြန်သည်။

မြစ်ပြင်က ကျဉ်း၍လာသည်။ ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း၊ ရွာကလေးများ ရွာလွတ်သောနေရာတွင် ကိုင်းခင်း၊ ကြံခင်းများ၊ ထို့နောက် တောင်တန်း တောင်ပူစာများ။

"မောင်လေး .. ယုမေအတွက် ဘော်ဒါသွားစုံစမ်းတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်"

မခင်တင့် တစ်အောင့် ငြိမ်နေပြန်သည်။ ထို့နောက် ...

"မောင်လေး ယုမေကို ဘော်ဒါအပ်ပြီးရင် မမဆီကို မလာတော့ဘူးလား"

"ကျွန်တော်က မခင်တင့်ရဲ့ တူနှစ်ယောက်ကို ကြောက်တယ်။ ဒီလူနှစ်ယောက်က မထိခလုတ်တွေပဲ။ ကိုယ့်အပြစ်ကို သူများ ပုံချချင်ကြတယ်။ မခင်တင့်ဆီမှာ ရွေ့နိုးတာလည်း တကယ်တော့ ယုမေကို အပြစ်ပုံချင်လို့ပဲ ဖြစ်မယ်။ ယုမေကို ကြိုက်ရလို့ပဲ။ ပြီးတော့ ယုမေကို အရေးပေးနေတဲ့ ကျွန်တော့်ကိုပါ ချိန်လို့ချင်သာကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

မခင်တင့်က ဘာမျှမပြောပေ။ သက်မကို ပြင်းပြင်းရှူပြီးသာနေသည်။

"မိသားစု ဥစ္စာပစ္စည်းကို အဲလောက်ထိ အများကြီး ခိုးတယ်ဆိုတာ မရှိပါဘူး။ ကျွန်တော်တို့လည်း အသုံးကျပ်ရင် မိဘပိုက်ဆံကို ခိုးဖူးတာပဲ။ သုံးလောက်ရုံပေါ့။ အခု ဒီလူတွေလုပ်လိုက်တာက တစ်ချက်ခုတ်သုံးချက်ပြတ်ပဲ။ သူတို့လည်း အသုံးများများရအောင်၊ ယုမေလည်း ပြဿနာတက်အောင် ကျွန်တော့်ကိုလည်း တစ်နည်းနည်းနဲ့ ပါဝင်လာပြီး အဖုအထစ်တွေဖြစ်အောင် လုပ်လိုက်ကြတာပဲ။ ကျွန်တော်သာ မခင်တင့်ရဲ့ ရွှေတွေကို စုံစမ်းလို့မရခဲ့ရင် သူတို့ပစ်မှတ်ထဲကို ကွက်တိဝင်မှာပဲ။ အဲလောက်ထိ ယုတ်မာတဲ့လူတွေ။ အဲဒီလူတွေက မခင်တင့်ရဲ့အတွင်းကျတဲ့ တူအရင်းတွေ ဖြစ်နေကြတယ်။ ဒီတော့ ကျွန်တော်စဉ်းစားရပြီပေါ့"

မခင်တင့် ဘာမျှ မပြောပေ။

"ကျွန်တော်မလာလည်း အကြောင်းလား မခင်တင့်။ မခင်တင့်လည်း တစ်မိပေါက်၊ ကျွန်တော်လည်း တစ်မိပေါက်။ ကိုယ့်ခြေထောက်နဲ့ ရပ်တည်နေကြတဲ့ လူတွေချည်းပါ။ မခင်တင့်လည်း ကျွန်တော့်ကိုဈေးမရောင်းရလို့ ဘာမျှမဖြစ်ပါဘူး။ ကျွန်တော်လည်း မခင်တင့်ဆီမှာ ဈေးမဝယ်ရလို့ ဘာမျှမဖြစ်ပါဘူး။ ဘဝကို မိမိဘာသာ ထူထောင်ပြီး ဖြောင့်ဖြောင့် လျှောက်နိုင်တဲ့ လူတွေချည်းပါ။ ကျွန်တော် မခင်တင့်ဆီကို လာနေသေးရင်တော့ တစ်နေ့မဟုတ်တစ်နေ့ မခင်တင့်ရဲ့ တူတွေနဲ့ ဖိုက်ကြရမှာ သေချာတယ်။ ဒီတစ်ခါသာ စလာရင်လည်း ကျွန်တော် ညှာမှာမဟုတ်ဘူး။ ဖြစ်ခဲ့တဲ့ ကိစ္စကို ကျွန်တော်သည်းခံခဲ့တာလည်း ရှေ့ဆက် အလုပ်တွေအများကြီး ရှိနေလို့ပါ။ ဒါကြောင့် မခင်တင့်ရဲ့တူတွေကိုလည်း ပြောထားဦး။ သူတို့ကို သည်းခံလိုက်တာ ကြောက်တယ်ထင်ပြီး နောက်စလာရင်တော့ ပွဲကြီးပွဲကောင်း ဖြစ်လာနိုင်တယ် ဆိုတာကိုပေါ့"

မခင်တင့်ကား မိန်းမ လိမ္မာတစ်ယောက်ဖြစ်သည်ဟု မောင်အေးချမ်း ဆိုချင်သည်။ မောင်အေးချမ်းနှင့် မကွဲမကွာနေချင်သော်လည်း တူအရင်းနှစ်ယောက်ကိစ္စ ပါဝင်လာသောအခါ စကားကို လွှတ်၍မပြောပေ။ အလွန်အမင်း ချင့်ချိန်ပြီး ပြောရခက်သည့် အနေဖြင့် မျက်ရည်ဝိုင်း၍သာ နေ၏။

မခင်တင့် ဤသို့နေသည်ကို မောင်အေးချမ်းလေးစားသည်။ အပြစ်ဟူ၍လည်း မမြင်ပေ။ လူလိမ္မာတစ်ယောက်၏ လက်ရှိအခြေအနေနှင့် စိတ်နေစိတ်ထားဟူ၍သာ မြင်မိသည်။ ကိုယ်ချင်းလည်း စာသည်။ ရှေ့နောက်မြော်မြင်ရှိသူတို့သည် သွေးရင်းသားရင်းတို့နှင့် ရင်ဆိုင်လာရသောအခါ အလွန်အမင်း စဉ်းစားရ၏။

သွေးရင်းသားရင်းတို့နှင့် အဖုအထစ်များ ဖြစ်လာလျှင် ပြောရန်ခက်သည်။ အချိန်ကာလအလျောက် တိုက်ဆိုင်မှုကြောင့်လည်း ပေါ်လာတတ်သည်။ သွေးရင်းသားရင်းတို့အပေါ်၌ ဆက်ဆံရေးမပြေပြစ်ရှိသူတို့ကိုလည်း ပတ်ဝန်းကျင်က အမြင်မကြည် ရှိတတ်သည်။ ထို့ကြောင့် အထူးဆင်ခြင်သင့်၏။

"မမက မောင်လေးကို နှလုံးသားနဲ့ချစ်တာပါ။ မောင်လေးလုပ်စာကို စားချင်လို့လည်း မဟုတ်ပါဘူး။ အားကိုးအားထား ပြုချင်လို့လည်း မဟုတ်ဘူး။ မောင်လေးနဲ့အတူ ပျော်ပျော်ကြီးနေချင်တာ တစ်ခုတည်းရယ်ပါ။ ဒါဆိုရင် အပျော်ချစ်ပဲလားလို့ မေးမလား။ ဟုတ်တယ်။ အပျော်ချစ်သက်သက်ပဲ။ တစ်သက်လုံး ပျော်ပျော်ကြီးနေချင်လို့ ချစ်တာ။ အခြား ပယောဂ လုံးဝမပါဘူး။ ဒါကြောင့် အနှစ်ရှိတယ်။ သာရပြည့်တယ်။ အချစ်စစ် အချစ်မှန်ပဲ။ မမရဲ့အချစ်က တစ်ပြားတန် မဟုတ်ဘူး။ တစ်ရာတန်၊ တစ်ထောင်တန်လည်း မဟုတ်ဘူး။ တစ်သောင်းတန်၊ တစ်သိန်းတန်လည်း မကဘူး။ ပြည်တန်ပတ္တမြားနဲ့လည်း မလဲနိုင်ဘူး။ အဲဒါ တန်ဖိုးအားဖြင့် မဖြတ်နိုင်လို့ပဲ။ ဒါကြောင့် မမရဲ့အချစ်က တန်ဖိုးမဖြတ်နိုင်ပါဘူး မောင်လေးရယ်"

"ကျွန်တော် နားလည်ပါတယ် မခင်တင့်။ ကျွန်တော် ကလေးမဟုတ်တော့ပါဘူး။ ဘဝအကြောင်း၊ အချစ်အကြောင်းတွေကို ကောင်းကောင်းကြီး နားလည်တဲ့အရွယ်ပါ။ ဒီတော့ ကျွန်တော် အမှန်ဆုံးစကားတစ်ခွန်းကို ပြောမယ်။ အဲဒါကတော့ မမြင်ရသေးတဲ့၊ ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာနိုင်သေးတဲ့ အကြောင်းအရာနဲ့ အချိန်ကာလတွေကိုကြည့်ပြီး ကျွန်တော် ဆုံးဖြတ်သွားမှာပါ။ ဘယ်အရာမျိုးမဆို ကိုယ်ဖြစ်ချင်တိုင်းဖြစ်နိုင်တဲ့ အကြောင်းအရာဆိုတာလည်း မရှိပါဘူး။ ပြီးတော့ မခင်တင့်သိပြီးသားဖြစ်တဲ့ ကျွန်တော်ဟာ လူ့လောကမှာ ကျင်လည်ဖို့ အစီအစဉ်သိပ်ပြီးမရှိဘူး ဆိုတာလည်း ရင်ထဲမှာ ကိန်းလို့ ရှိပါသေးတယ်"

မခင်တင့် သက်ပြင်းတစ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com

ချလိုက်၏။

"မမလည်း လောကကြီးကိုစိတ်ကုန်စပြုလာပါပြီ မောင်လေးရယ် ‥။ ဒါကြောင့် မောင်လေးသာ သာသနာ့ဘောင်ထဲကို ရောက်သွားခဲ့ရင် မမလည်း စဉ်းစားပြီပေါ့။ ဒါပေမယ့် ခုချိန်ကလိုသေးလို့ ဒီလောက်ပဲပြောဦးမယ်"

"ဟိုမှာ စခမ်းမော်ဆိပ်ကို လှမ်းမြင်လာရပြီ။ ဒီကို မော်တော်ဆရာ ရောက်ကောင်းရောက်လာနိုင်တယ်"

မခင်တင့်သည် မောင်အေးချမ်းအား ဖက်၏။ နမ်း၏။ ထို့နောက် ...

"အချစ်ကလေး ... မမကို မမုန်းနဲ့နော်။ မမကို အပြီးတိုင် လမ်းခွဲသွားဖို့လည်း မဆုံးဖြတ်လိုက်နဲ့ဦး။ မမရဲ့ဘဝမှာ တစ်ယောက်တည်းသော အချစ်ကလေး။ အပြီးတိုင်လမ်းခွဲပြီး မုန်းသွားမယ်ဆိုရင် တစ်ခါတည်း သတ်ခဲ့ပါတော့ ကလေးရယ်"

ကမ္ဘာမြေပြင်ထက် ရေပြင်သမုဒ္ဒရာသည် အဆပေါင်းများစွာ ကျယ်ပြန့်သော အကြောင်းကို ပညာရှင်တို့ ဆိုကုန်၏။ ထိုရေပြင် သမုဒ္ဒရာကို ရေသူရဲတို့သည် လှေယော်ဖြင့် ဖြတ်သန်းနိုင်ကြ၏။ ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အချစ်သမုဒ္ဒရာသည် တကယ်တမ်း ကျယ်ပြန့်၍ နက်ရှိုင်းလာသောအခါ အဘယ်မည်သော ရေကူးတန်ဆာ လှေ၊ ဘုတ်တို့ဖြင့် ကူးခပ်၍ ကျော်ဖြတ်ကြလေသနည်း။

မောင်အေးချမ်းသည် သက်ပြင်းတစ်ချက်ကို ချ၏။ စခမ်းမော် ဖောင်တော်ကို လှမ်းမျှော်ကြည့်သည်။ ထို့နောက် ဥဩဆွဲလိုက်သည်။

မခင်တင့်သည် မောင်အေးချမ်းအား ကျစ်ကျစ်ဖက်၏။ ထို့နောက် သူ၏လက်များကို လျှော့ချကာ အနားမှ ခွာသည်။ မော်တော်နံရံကို ကပ်၍အိပ်သည်။ ထို့နောက် တဘက်ကိုခေါင်းက ခြုံ၍ ငြိမ်နေလေသည်။

ခြေသံပြင်းပြင်းဖြင့် လျှောက်လာသံကို ကြားလိုက်ရပြီးနောက် တံခါးကိုလာခေါက်၍ မောင်အေးချမ်း လှမ်းပြီး ချက်ချထားသော တံခါးကို ဖွင့်လိုက်သည်။ မော်တော်ဆရာ ဖြစ်နေသည်။

"ဟ ‥ အပျိုကြီး နေမကောင်းဘူးလား"

မော်တော်ဆရာက မေးသည်။ မခင်တင့်ဘာမျှမပြောပေ။ မောင်အေးချမ်းက မခင်တင့်နှင့် တီးလုံးကိုက်ထားသည့်အတိုင်း လိမ်ပြောလိုက်သည်။

"ခေါင်းမူးတယ်လို့ပြောပြီး ခွေအိပ်နေတာပဲ"

"ရော ... ခေါင်းမူးရင် ဆေးမသောက်ဘူးလား။ နေဦး ... ငါ ရွာအပေါ်တက်ပြီး ဆေးသွားရှာလိုက်မယ်။ ကိုယ့်ဖောက်သည်တစ်ယောက် နေမကောင်းတာကို ဒီအတိုင်း ကြည့်နေလို့ရမလား"

"ရပါတယ် မော်တော်ဆရာ။ ကျွန်မ ဆေးသောက်ထားပြီးပါပြီ"

ဟု မခင်တင့် ငြိမ်နေရာက ထပ်၍လိမ်၏။ မော်တော်ဆရာ တစ်ချက် စိုက်ကြည့်လိုက်ပြီး ...

"ဒါဆိုလည်း ပြီးရော။ လိုအပ်ရင် ပြောပါ။ ဘာမှအားမနာပါနဲ့။ မောင်အေးချမ်း မော်တော်ကို ရေညာဘက်က ကပ်ပေးကွာ"

တစ်ဆက်တည်းပြောပြီး မော်တော်ဆရာ ပြန်လှည့်သွား၏။ မောင်အေးချမ်း မော်တော်ကို ရေညာဘက်က ကပ်ပေးလိုက်သည်။ မော်တော်ဆရာလည်း ကြိုးခွေများကို ကိုယ်တိုင် ပစ်ပေးပြီး ကမ်းပေါ်သို့တက်သွားလေသည်။

မခင်တင့် မျက်စိဖွင့်ကြည့်သည်။ ထို့နောက် လှဲအိပ်နေရာမှ ထကာ သူ့အထုပ်များရှိသည့်နေရာကို သွား၏။ ဆိပ်ကမ်း၌ ပစ္စည်းအတင်အချတွင် သူ့အထုပ်များ မှားပါသွားမည်စိုး၍ ထင်သည်။

မော်တော်ဆရာသည် ရွာထဲသို့ ဝင်သွားပြီးနောက် တစ်အောင့်အကြာတွင် ပြန်ရောက်လာသည်။ မော်တော်ပေါ်ခုန်တက်ပြီး မောင်အေးချမ်း၏ အနားတွင် လာထိုင်ကာ သူကိုယ်တိုင် ဖွန်းကိုဆွဲသည်။ မော်တော်ကမ်းမှ ခွာသည်နှင့် သူ့ခါးပိုက်ထဲမှ ပိုက်ဆံများကို အကုန်သွန်ချလိုက်ပြီး ....

"ဒီနေ့ ဖဲဆွဲတာ လပ်ကီးကောင်းတယ်ကွ။ ခရီးသည်တွေ အီကုန်ကြတယ်။ ငါ လေးရာကျော်လောက် ပွတယ်။ ရော့ ...မင်းလည်း တစ်နေကုန် ဘုတ်မောင်းရတာ ပင်ပန်းတယ်။ အစိတ်ယူသွား"

"အာ ‥ မလုပ်ပါနဲ့။ ကျွန်တော်က ကုသိုလ်ဖြစ် ကူညီပြီးမောင်းပေးတာပါ"

မော်တော်ဆရာက တစ်ချက် စိုက်ကြည့်ပြီး –

"ကုသိုလ်ဖြင့် မောင်းတာဆိုတော့ကော စေတနာနဲ့ပေးတာကို မယူကောင်းဘူးလား"

"ပိုက်ဆံယူလိုက်ရင် ကုသိုလ်နည်းသွားမှာပေါ့။ ဒါကြောင့် မယူချင်ဘူး။ ကျွန်တော့်မှာလည်း အသုံးလောက်အောင် ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်း ပြီးရော"

ဟုဆိုကာ ပိုက်ဆံများကို သန့်ထပ်ပြီး သေတ္တာထဲ ဖွင့်ထည့်လိုက်၏။ ထို့နောက် ရေတစ်ခွက်သောက်ပြီး ဖက်ကြမ်းကို မီးတို့ဖွာကာ ...

"မင်းလည်း တစ်နေကုန်ထိုင်ပြီး မော်တော်မောင်းရတာ ဖင်ကြိမ်းရောပေါ့။ ပေး ... ငါတစ်လှည့် မောင်းမယ်"ဟုဆို၍ မောင်အေးချမ်း တပ်မလှည့်သော လက်ကိုင်တုတ်ကို ပေးအပ်လိုက်၏။ ယခုမှ မောင်အေးချမ်းလည်း နားခွင့်ရသည်။ မောင်အေးချမ်း မတ်တတ်ရပ်ပြီး ပုဆိုးကိုပြင်ဝတ်သည်။ တစ်ဖက်ကိုကြည့်မိရာ မခင်တင့်သည် မျက်မှောင်ကြုတ်ပြီး မော်တော်ဆရာအား စိုက်ကြည့်နေလေသည်။

***

စခမ်းမော်နှင့် အောက်ရွာသည် ကား သိပ်ပြီးမဝေးတော့ပေ။ မြစ်ပေါက်လည်း ကျဉ်းသည့်ထက် ကျဉ်း၍လာ၏။ ထို့ကြောင့် ဖျားရေတက်ချိန်မှသာ မော်တော်များ ဝင်ထွက်၍ရသည်။ ဖျားရေကျချိန်၌ လှေကြီးများသည်ပင် သောင်တင်တတ်သည်။ လူများလည်း သောင်မှ ခါးတောင်းကျိုက်ပြီး ဖြတ်ကူးနိုင်သည်။

မော်တော်ဆရာသည် ကျွမ်းကျင်စွာဖြင့် ခုတ်မောင်းနေသည်။ မြစ်ပေါက်ကျဉ်းသော မြစ်ချောင်းများ၌ ကျွမ်းကျင်သူများသာ မောင်းသင့်သည်။ မကျွမ်းကျင်ဘဲ မောင်းနှင်၍ သောင်တင်လျှင် တစ်ဖျားစောင့်ရတတ်၏။ နောက် ဖျားရေလှန်ချိန်မှာ သောင်လွတ်၍ ဆက်မောင်းရသည်။ သောင်တင်လျှင် သက်သာသေး၏။ ကျောက်ဆောင်နှင့် တိုက်မိလျှင် ငါးပါးမှောက်သည်။

မောင်အေးချမ်း မခင်တင့်၏ အနားတွင် သွားထိုင်သည်။ မခင်တင့်ကိုကြည့်သည်။ မခင်တင့်၏မျက်နှာ ရှစ်ခေါက်ချိုးနေသည်။ မခင်တင့်သည် ဘုတ်မောင်းနေသော မော်တော်ဆရာကို တစ်အောင့် စိုက်ကြည့်လိုက်ပြီး သက်မချရင်း မျက်နှာလွှဲကာ ...

"သေမယ့်မသာက ပင်လယ်ပြင်မှာတုန်းက မမောင်းဘဲ အခုမှ မောင်းတယ်"

ဟု တိုးတိုးပြော၏။ မောင်အေးချမ်း ရယ်ချင်စိတ်ကို အောင့်ထားသည်။ မခင်တင့် သူ့အစီအစဉ်များ ပျက်သွား၍ မော်တော်ဆရာကို သတ်ချင်နေသည်။

အောက်ရွာကို လှမ်းမြင်ရသည်နှင့် တစ်ပြိုင်နက်ပင် ဖင်ထိုးထားသော ကားတစ်စီးကို တွေ့ရသည်။ မခင်တင့် မတ်တတ်ရပ်ပြီး ကားကိုကြည့်သည်။ သိသောကား မဟုတ်ပေ။ မောင်အေးချမ်းဘက်ကို လှည့်ကြည့်သည်။

"မောင်လေး အဲဒီကားကို သိသလား"ဟု မေးသည်။

"ကားနဲ့တော့ မသိဘူး။ ကျွမ်းလည်း မကျွမ်းဘူး။ စကားလည်း မပြောဖူးဘူး။ ကားသမား ကိုမျိုးတင့်နဲ့တော့ သိလည်းသိ၊ ကျွမ်းလည်းကျွမ်း၊ ရင်းနှီးမှုလည်း ရှိကြတယ်"

မခင်တင့်မျက်နှာ ကောက်သွား၏။ အောက်သိုးသိုး အမူအရာဖြင့် မောင်အေးချမ်းအား စိုက်ကြည့်နေပြီး

"ကားသမားနဲ့သိရင် အထုပ်တွေကို ကားပေါ်တင်ပေးလိုက်ပြီး တို့နှစ်ယောက် တောရတောင်ဘက်က တောလမ်းကလေးအတိုင်း ခြေကျင်လျှောက်ရအောင်"

ဟု တိုးတိုးပြော၏။ မောင်အေးချမ်း ခေါင်းညိတ်လိုက်ရသည်။

မော်တော် ကမ်းကပ်သည်နှင့် ဆိပ်ကမ်းအလုပ်သမားများ ပြေးဆင်းလာကြသည်။ မခင်တင့်က သူ့ပစ္စည်းအထုပ်များကို အလုပ်သမားခေါင်းဆောင်အား ပြထားခဲ့ပြီး "လာ"ဟု ခေါ်ကာ ကမ်းပေါ်သို့တက်လာကြသည်။ ကားသမား ကိုမျိုးတင့်က သူ့ကားဘေးတွင်ရှိသော ကွန်ကရစ်တုံးတွင် မျက်မှန်စိမ်းကြီးတပ်ပြီး ထိုင်နေသည်။

"ဟ ... အေးချမ်းလေး၊ ငါ့ကို ပစ္စည်းလေးဘာလေး ရှာပေးဦးလေကွာ"

ဟု ခြေတလှုပ်လှုပ်ဖြင့် ပြောသည်။

"ရမယ်။ အခု မော်တော်ဘုတ်ပေါ်က ထမ်းလာတဲ့ အထုပ်တွေပဲ"

"အေး ... ဘယ်ပို့ရမလဲ။ ပဒန်းလား၊ မင်းဘူးလား"

"အမ်းမြို့ကို"

"ဟာ ... မင်းဘူးတို့၊ ပဒန်းတို့ မရဘူးလား"

"မရဘူး။ ဒီနေ့က ကြားဘုတ်ပဲ။ မနက်ဖြန်ဆိုရင်တော့ လိုင်းဘုတ်ရက်ဖြစ်လို့ ရလောက်ပါတယ်"

"သွားပါပြီကွာ။ နောက်တစ်ရက် စောင့်ရမယ်ဆိုတော့။ ကဲ ... မထူးဘူး၊ တင်ကွာ။ မနက်ဖြန်ကို စောင့်ရင်း မရ ရတာ ကောက်ရတော့မှာပေါ့"

မောင်အေးချမ်းက အတင်းလိုက် ထမ်းလာနေကြသော အထမ်းသမားများကို အထုပ်အားလုံး ကား



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ တင်စေလိုက်၏။ မခင်တင့်က ပိုက်ဆံအိတ်ကို ပိုက်ထားရင်း ကျောပေးပြီး လေယာဉ်ကွင်းဘက်ကိုသာ ငေးကြည့်နေသည်။ မောင်အေးချမ်းက အထုပ်အားလုံး ကားပေါ်ကို ရောက်ပြီးနောက် မေးလိုက်သည်။

"ကဲ ... ပစ္စည်းသယ်ခ ဘယ်လောက်လဲ"

အလုပ်သမား ခေါင်းဆောင်က ကားပေါ်တက်လာကာ ကားမောက်ကို နောက်မှီပြီး တစ်ထုပ်ချင်း ရေးမှတ်သည်။ ပြီး ကျသင့်သယ်ခကို ပြောသည်။ မခင်တင့်လည်း ချက်ချင်း ရောက်လာပြီး သူ့အထုပ်စာရင်းကို ကြည့်နေသည်။ ထို့နောက် ငွေရှင်း ပေးလိုက်၏။

"ကဲ ... ကိုမျိုးတင့် မောင်းတော့။ အထုပ်အားလုံးကို မြို့မပွဲရုံပဲ ချပေးလိုက်ပါ။ ဒီက ဝယ်စာရင်းကို လည်းယူသွား"

ဟု မောင်အေးချမ်းက ပြောလိုက်သည်။

"ဟ ... ငါမသိဘူးကွ။ ငါက အခုမှ အမ်းရောက်တာ သုံးခေါက်ပဲ ရှိသေးတယ်။ ဘယ်လိုလုပ်ပြီး မင်းပြောတဲ့ ပွဲရုံကို သိမှာလဲ"

"တကယ်များလား"

"အဟုတ်။ အခုမှ သုံးခေါက်ပဲ။ ကုန်ခဲ့တဲ့အခေါက်က ပုလောင်တောင် ဘုရားတက်ဖူးလို့ အပြန်မှာ မြောက်ဘက်ရပ်ကွက်ထဲ လည်နေလို့ မနက်စာ လွတ်ကော"

မောင်အေးချမ်း သက်မတစ်ချက်ချလိုက်ပြီး –

"ခင်ဗျား သေသင့်တယ်"

ဟု ပြောလိုက်၏။ ကိုမျိုးတင့် တဟားဟားရယ်သည်။ မောင်အေးချမ်း မခင်တင့်အား စိုက်ကြည့်ပြီး ...

"ကဲ ... မခင်တင့်။ ကျွန်တော် ကားနဲ့လိုက်သွားမယ်။ မခင်တင့် တောရတောင်ဘက်က တောလမ်းကလေးအတိုင်း လျှောက်လာခဲ့"

ဟု ပြောပြီး ကားခေါင်းခန်း ဝင်ထိုင်ကာ ကားတံခါးကိုပိတ်မည်အပြုတွင် မခင်တင့် အတင်းဆွဲထားပြီး ကားခေါင်းခန်းထဲ ဆောင့်ထိုင်လိုက်၏။ ကိုမျိုးတင့်က မောင်အေးချမ်းကို ရော မခင်တင့်ကိုပါ ကြည့်သည်။ ကိုမျိုးတင့်၏ အကြည့်တွင် သံသယပါသည်။ ထို့နောက် မေးသည်။

"မင်း ဘယ်တော့လောက် ဘုန်းကြီး ဝတ်မလဲ"တဲ့။

"နောက်မှ ... နောက်မှ"

ဟု ပြောလိုက်ရာ အသံတိတ် တစ်ချက်ရယ်ပြီး ကားကို မောင်းသည်။ မောင်အေးချမ်း လက်ပတ်နာရီကို ကြည့်သည်။ ၅ နာရီခွဲနေပြီ။ အမ်းသည် ရခိုင်ရိုးမ တောင်ကြားမြို့လေး ဖြစ်၍ နေသစ်ဖျား တင်နေပြီ။ နှစ်မိုင်ကျော်မျှသောခရီးကိုမောင်း၍ မခင်တင့်၏ အိမ်ရှေ့တွင် ကားရပ်ချိန်၌ နေလုံးပျောက်လေသည်။

ယုမေထွက်ကြည့်သည်။ ယုမေသည် ယခင်နှင့်မတူဘဲ အတော်လေး ပင် ရင့်ကျက်သွား၏။ နှုတ်ခမ်းတွန့်ရုံ ပြုံးပြပြီး ခပ်မှန်မှန်လျှောက်လာသည်။ ယခင်ကဆိုလျှင် မောင်အေးချမ်းကို မြင်သည်နှင့် ပြုံးရယ်လျက် ပြေးလာတတ်သည်။ လက်ကိုဆွဲရင်းလည်း ဖက်တတ်သည်။

ဣန္ဒြေရင့်ကျက်သော်လည်း ဝတ်ထားသည်က ကလေးဆန်သည်။ ဘောင်းဘီဒူးလောက်၊ အဝကျဉ်း၊ အကျီပွ လက်မောင်းဝကို တွန့်ထားသည်။ ဘောင်းဘီရော အကျီပါ တက်ထရွန် ရှားစေးနုရောင်။ အဝတ်သစ်ဖြစ်ပြီး ဣန္ဒြေလည်း ရှိနေသောကြောင့် အိမ်ဖော်၊ အိမ်ကူမလေး တစ်ယောက်နှင့်မတူဘဲ အိမ်ရှင်၏ သမီးလေးတစ်ယောက်နှင့်တူနေလေသည်။

"ယုမေ ... ဒါလေးနဲ့လှတယ်။ မခင်တင့် ဝယ်ပေးတာလား"

ဟု မောင်အေးချမ်းက မေး၏။

"မဟုတ်ပါဘူး။ ကိုယ့်လစာနဲ့ ဝယ်ဝတ်တာ"

ဟုပြောပြီး ယုမေက စာအိတ်တစ်အိတ်ကို အကျီအိတ်ထဲမှ ထုတ်ပေးသည်။ မောင်အေးချမ်း မကြည့်သေးဘဲ အိတ်ထဲထည့်ထားလိုက်သည်။

"ယုမေကလည်း ဘာမဆို ငါ့ကူညီမယ်လို့ ပြောထားတာ။ ဘာလို့ ငါ့ကို မပြောတာလဲ။ လစာငွေကို မုန့်ဝယ်စားပေါ့။ လိုတာအားလုံး ငါ ဝယ်ပေးမယ်လေ"

"ကိုကိုက ခြောက်တန်းကနေ ဘွဲ့ရတဲ့အထိတောင် ထောက်ပံ့ပေးမယ်လို့ ပြောထားတော့ လေးနေမှာစိုးလို့"

"ရပါတယ် ယုမေရယ်။ မလေးပါဘူး။ ငါနိုင်လို့ ပြောထားတာ အားနာစရာလည်း မလိုပါဘူး။ လိုတာအားလုံးသာ ပြောပါ"

"ဒါဆို ခုဝယ်ပေး။ အဝတ် သုံးစုံ၊ နာရီတစ်လုံး၊ နားဆွဲတစ်ရန်၊ ဆွဲကြိုးတစ် ကုံး၊ လက်စွပ်တစ်ကွင်း"

"ဒါတောင် သွေးတိုးစမ်းသေးတယ်နော်"

ယုမေပြုံး၏။ ထို့နောက် အား



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တက်သွားသည်။ မခင်တင့်က ..

"ယုမေ မလုပ်နဲ့၊ ထား။ ဟိုမှာ အထမ်းသမားတွေ လာနေကြပြီ"

ကားသံကြားတိုင်း အထမ်းသမားများ လာကြည့်တတ်၏။ နိုင်းလျှင်ထမ်း၏။ နိုင်းရန်မရှိလျှင် ပြန်သွားကြ၏။ ယခု မခင်တင့်က နိုင်း၍ ကားပေါ်မှအထုပ်များကို ထမ်းချကြ၏။ ယခင်ကဆိုလျှင် မခင်တင့်သည် ယုမေကိုပါ ရော၍နိုင်း၏။ ယခု မနိုင်း၍ အနည်းငယ် ဆန်းသလိုရှိသည်။

မောင်အေးချမ်း ယုမေပေးထားသော စာအိတ်ကို ကြည့်၏။ ဝန်ထောက်ကြီး၏ လက်ရေးဖြစ်သည်။ အတွင်းစာသား၏ ဆိုလိုရင်းမှာ မောင်အေးချမ်းသည် အလုပ်သမားများစားရန် တပ်တောင်မှ စပါးကိုဒေါင်တစ်လုံး ဝယ်ယူကြိတ်ခွဲပြီး သကြန်မကျမီ ရှိုးမသို့ တင်ပို့ရန် ရေးသားထားသည်။ ထို့ကြောင့် မောင်အေးချမ်း တပ်တောင်ကို သွားရပေဦးမည်။

"ကိုကို၊ ဟို...ညီအစ်ကို အိမ်ပေါ်မှာ ရှိတယ်"

ဟု ယုမေက တိုးတိုးပြောသည်။

"ရဲခိုင်၊ ရဲနိုင်တို့လား"

ယုမေက ခေါင်းညိတ်၏။

"သူတို့က ယုမေကို ဘာပြောသေးလဲ"

"ဘာမှတော့ မပြောကြဘူး။ ခပ်တန်းတန်းပဲ၊ ဒါပေမဲ့ ကြည့်ပုံမရဘူး"

"ယုမေ ...ရော့၊ ဒီငွေကို ကားသမား သွားပေးလိုက်"

မခင်တင့်က လှမ်းပြော၍ ယုမေ လိုက်သွား၏။

ရခိုင်နှင့် ရဲနိုင်တို့ အိမ်ထဲမှ ထွက်လာကြပြီး မောင်အေးချမ်း၏ အနားကို ရောက်လျှင် –

"ဆားပုပ်စုတ်ကြီး၊ (ဆားပုလင်းကြီး၊ စုံထောက်ကြီး) ကျန်းမာရဲ့လား"

ဟု ပြောပြီး မခိုးမခံ့သော အမူအရာဖြင့် ခြံပြင်ကို ထွက်သွားကြသည်။ မောင်အေးချမ်း မခင်တင့်ကို တစ်ချက်ကြည့်လိုက်ပြီး ရဲနိုင်နှင့် ရခိုင်တို့ဘက်ကြည့်ကာ မျက်နှာကို တင်းမလို၊ လျှော့မလို အမူအရာဖြင့် စဉ်းစားဟန်ပြု၍ နေသည်။

မခင်တင့်က အသက်ကို ခပ်လေးလေး တစ်ချက်ရှူရှိုက်လိုက်ပြီး

"ဒီနှစ်ယောက်နဲ့တော့ ခက်ပြီ။ ငါလည်း စိတ်ညစ်လှပြီ"

ဟု ဆိုသည်။ မခင်တင့်၏ အစ်မကြီးကလည်း ...

"သားလေး သည်းခံပါကွယ်။ ဒီနှစ်ကောင်က လူကောင်း သူကောင်းတွေ မဟုတ်ပါဘူး။ အန်တီတို့လည်း လူရာသူရာ မသွင်းပါဘူး"

ဟု ဆို၏။ ထိုမျှသာ။ သူတို့နှစ်ယောက်သည် မောင်အေးချမ်းအား စော်ကားမော်ကား၊ ထိကပါး ရိကပါး ပြုနေခြင်းနှင့် ပတ်သက်၍ ထိုစကားသည် လုံလောက်မှုရှိသလားဟု မေးလျှင် အဘယ်ဖြေမည်မသိ။

မောင်အေးချမ်းက ယုမေကို ခေါ်လိုက်၏။ ယုမေကို ကျူရှင်၊ ဘော်ဒါပို့ရန်နှင့် လိုအပ်သော အဝတ်အထည်၊ လက်ဝတ်ပစ္စည်းများ ပြောဆို ဝယ်ပေးရန်အတွက် ဖြစ်၏။ မခင်တင့်လည်း အနားမှာ လာရပ်သည်။ မောင်အေးချမ်းကိုရော၊ ယုမေကိုပါ ကြည့်သည်။ ယုမေက အေးအေးတည်တည် အမူအရာဖြင့် နေသည်။

"ကဲ ...ယုမေ။ ငါ ကျောက်ဖြူကိုသွားတာ ယုမေအတွက် အားလုံးအဆင်ပြေခဲ့တယ်။ ဘော်ဒါပိုင်ရှင်ဖြစ်တဲ့ ကျူရှင်ဆရာနဲ့လည်း ကိုယ်တိုင်တွေ့ဆုံပြီး နေရမယ့်အဆောင်နဲ့ ကျူရှင်ခန်းမကြီးကိုပါ သွားကြည့်ခဲ့တယ်။ အားလုံး အဆင်ပြေတယ်။ ဘာမှ လိုလေသေးမရှိဘူး"

ယုမေက လက်ကလေးများကို ပွတ်သပ်နေရင်းက –

"ဦးလေး သဘောကျရင် ယုမေ ဘာမျှပြောစရာမရှိပါဘူး။ ဦးလေးပို့ပေးရင် ယုမေ နေမှာပါ။ စည်းကမ်း၊ စာပေ ဘာမှပြောစရာမရှိအောင် ယုမေနေပြီး ကြိုးစားပါ့မယ်"

ဟု အသံကိုနှိမ့်၍ ပြောသည်။ မခင်တင့်၏ အစ်မကြီးလည်း အနားသို့ရောက်လာပြီး အားပေးစကား ပြောသည်။

"ကောင်းတာပေါ့ကွယ်။ ဒီအရွယ်ဆိုတာ စာသင်လို့ ကောင်းတုန်းပါပဲ။ အန်တီတို့ ငယ်ငယ်ကဆိုရင် ပညာလိုချင်ခဲ့ပေမယ့် ပညာရေးက ဖွံ့ဖြိုးခြင်းမရှိလေတော့ ခုနစ်တန်းနဲ့ ကျေနပ်ခဲ့ရတာပဲ။ အန်တီတို့ အမ်းမြို့မှာလည်း အဖြူအနီ မရှင်းလေတော့ အဲဒီအားနည်းချက်တွေ ရှိနေတာလည်း ပါတာပေါ့။ ဒါကြောင့် ဒီညီမလေး မခင်တင့်ကို ဘွဲ့ရအောင် တိုက်တွန်းပြီး သင်ပေးခဲ့ကြတယ်။ အန်တီတို့ ညီအစ်ကို မောင်နှမတွေထဲမှာ ဒီညီမလေးတစ်ယောက်ပဲ ဘွဲ့ရတာပါ။ ဒါကြောင့် သမီးလေး ယုမေ ကြိုးစားကွယ်။ အန်တီအားပေးပါတယ်"

မောင်အေးချမ်းက ယုမေ၏ လက်ကလေးကို ဆွဲလိုက်၏။ ထို



www.burmeseclassic.com

www.burmeseclassic.com

နောက် ''အန်တီကြီးပြောတာကို ကြား တယ်မဟုတ်လား။ ကြိုးစားပါ'' ဟု ယုမေ၏မျက်နှာကို ငုံ့ပိုးကြည့်လိုက်ပြီး ပြောလိုက်၏။ ယုမေက မောင်အေးချမ်း၏ လက်မောင်းကို ဖွဖွကိုင်ရင်း ''သမီး အတတ်နိုင်ဆုံး ကြိုးစားမှာပါ''ဟု ဆိုသည်။

''ကဲ . . . ဒီတော့ တို့ဈေးမပိတ်ခင် ဈေးကိုသွားရအောင်။ လိုတာလေးတွေ ကြို၀ယ်ထားမယ်''

''ဦးလေးက ယုမေကို ဘာဝယ်ပေးမှာလဲ''ဟု ယုမေက မောင်အေးချမ်းနှင့် ပြောပြီးသားစကားကို လူကြားကောင်းအောင် မေးသည်။

''အဝတ်အထည်အလုံအလောက်နဲ့ ရွှေတစ်ဆင်စာလောက်ပေါ့ ယုမေရဲ့။ ဟိုမှာ ဘော်ဒါနေကြမယ့် ကျောင်းသူကျောင်းသားတွေက အစစ အရာရာ ပြည့်စုံကြတဲ့သူတွေချည်း နေမှာ။ ဒီတော့ ယုမေ ကာလာကျနေလို့ မဖြစ်ဘူးလေ''

''ယုမေက ရွှေတော့ မလိုချင်သေးဘူး''ဟု ဆို၏။

''ဒီလိုဆိုလည်း ဒီက အဝတ်အထည် အထိုက်အလျောက်တော့ ဝယ်သွားမှဖြစ်မှာပေါ့။ ကျောက်ဖြူရောက်ရင် လိုတာထပ်ဖြည့်မယ်လေ''

မခင်တင့်က ဝင်ပြော၏။

''မောင်လေး ယုမေကို သကြန်လွန်ပြီး မိုးဦးကျခါနီးမှ ကျောက်ဖြူကို ပို့မှာ မဟုတ်လား။ အဲဒါ ဘာလို့ အဲလောက်ထိ အရင်လိုနေရတာလဲ။ ခုဆို မိုးတောင်ချုပ်နေပြီ''

''အရင်မလိုလို့ မဖြစ်ဘူး မခင်တင့်ရဲ့။ ကျွန်တော်က ရေ့ကိုဆိုရင် အလုပ်များသည်ထက် များလာတော့မှာ။ ကျွန်တော့်လုပ်ငန်းက လမ်းသစ်ဆိုတော့ မိုးကျရင် အလုပ်ရပ်နားရမှာဖြစ်လို့ သကြန်လွန်တဲ့ အချိန်ကစပြီး မိုးလုပ်ငန်းနဲ့ နွေလုပ်ငန်း စပ်ကူးမပ်ကူးလေ။ သကြန်လွန်တာနဲ့ နွေလုပ်ငန်းသမားတွေက ရွာပြန်ကြမှာဖြစ်ပြီး မိုးလုပ်ငန်းလုပ်ကြမယ့် အလုပ်သမားတွေက အားဖြည့်ရောက်လာနိုင်တယ်။ ဒါကြောင့် အချိန်ရတုန်း လိုက်လုပ်ထားရမှာပဲ။ အခုတောင် ဝန်ထောက်ကြီးဆီက စာရောက်လာတယ်။ ဆန်အတွက် တပ်တောင်က စပါးဝယ်ယူကြိတ်ခွဲပြီး ရိုးမကို အမြန်တင်ပို့ပေးပါတဲ့။ ဒီကိစ္စအတွက်လည်း ကျွန်တော် မနက်ဖြန် တပ်တောင်ကို ပြန်ဆင်းရဦးမှာ''

''ဒါဆိုလည်း ခဏနေဦး''ဟု ပြောပြီး မခင်တင့် အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်သွား၏။ နောက်မှ သူ့အစ်မကြီးလည်း လိုက်သွားသည်။

ထိုအခိုက်တွင် ထွန်စက်တစ်စီး အိမ်ရှေ့မှာ လာရပ်၍ ကြည့်လိုက်ရာ မောင်အေးချမ်းနှင့် ရင်းနှီးသော ထွန်စက်သမား ကိုသောင်းအေး ဖြစ်နေသည်။

''ကိုသောင်းအေး ဘယ်ကိုတုံး'' ဟု မောင်အေးချမ်းက လှမ်းမေးလိုက်သည်။

''ဘယ်ကိုတုံးရမှာလဲ။ ရိုးမကို တုံးမှာပေါ့''

''ဒါဆိုရင် ခဏနေဦးဗျာ။ ကျွန်တော်လည်း လိုက်မယ်''

''လိုက်မယ်ဆိုရင် လာလေ။ မိုးချုပ်နေပြီ''

''နေပါဦးဗျ။ ကျွန်တော် ဈေးထဲကို သွားစရာရှိသေးလို့ပါ''

ကိုသောင်းအေး ထွန်စက်ကို စက်ရပ်ထားလိုက်၏။

မခင်တင့်တို့ ညီအစ်မ အိမ်ထဲမှ ပြန်ထွက်လာကြသည်။ မခင်တင့်က တစ်ထောင်၊ မခင်တင့်၏ အစ်မကြီးက နှစ်ရာ။ ငွေတစ်ထောင့်နှစ်ရာကို မောင်အေးချမ်း၏ လက်ထဲသို့ ထည့်ပေးကြသည်။ ထို့ကြောင့် မောင်အေးချမ်း အံ့ဩသွားပြီး . . .

''ဒါက ဘာတုံး မခင်တင့်''

''ယုမေအတွက် လိုတာတွေ ဝယ်တဲ့အခါထည့်သုံးပါ။ ငါလည်း ယုမေကို ချစ်တယ်။ သူ့နေရာက ဝင်ကြည့်ပြီး ကိုယ်ချင်းစာနာစိတ်နဲ့လည်း သနားတယ်လို့ ပြောခဲ့ဖူးတယ် မဟုတ်လား''

မခင်တင့်၏ အစ်မကြီးကလည်း

''ဟုတ်တာပေါ့ကွယ်။ ဒီကလေးမက တကယ့်အားနွဲ့သူလေး ဖြစ်နေတော့ သူ့အကြောင်းကို သိကြသူတိုင်း ကိုယ်ချင်းမစာ၊ မသနားတဲ့လူ ရယ်လို့ မရှိပါဘူး။ ဒါကြောင့် အန်တီကလည်း နိုင်သလောက် ကူညီလိုက်တာပါ။ အန်တီလည်း ယုမေလေးကို ချစ်ပါတယ်။ ကျောက်ဖြူမှာနေလည်း ကျောင်းပိတ်ရင် လာလည်ပါလို့ ခုကတည်းကပင် ပြောထားမယ်။ အတူမနေဖြစ်ကြပေမယ့် ကိုယ့်မိသားစုလိုပဲ သဘောထားပါ''

မောင်အေးချမ်း ငွေကိုကိုင်ရင်း စဉ်းစား၏။ သိပ်ပြီး လက်ခံချင်စိတ်တော့ မရှိပေ။ သူတို့တွေများကို ရှုံမှန်းနေမိ၍ ပြတ်ပြတ်သားသား နေချင်သည်။ သို့သော်လည်း သူတို့၏ စေတနာကို စော်ကားရာရောက်မည်စိုး၍ လက်ခံလိုက်သည်။ ထို့နောက် ယုမေနှင့် ဈေးဘက်သို့ လျှောက်သွား

www.burmeseclassic.com

ခဲ့ကြသည်။

ဈေးထဲသို့ရောက်လျှင် ယုမေ ကြိုက်သော အရောင်များကို ရွေးပြီး အဝတ်လေးစုံ ချုပ်၏။ ထို့နောက် မိန်းကလေး အလှပြင်ပစ္စည်းများနှင့် ဦးထုပ်၊ ဖိနပ် စသည်များကို ဝယ်ကြ၏။ ကျောင်းဝတ်စုံ၊ ရွှေတစ်ဆင်စာနှင့် အသုံးအဆောင်များကိုမူ ကျောက်ဖြူ ရောက်မှ လိုသလိုဖြည့်စွက်ရန် စိတ်ကူးထားသည်။

အားလုံး ဝယ်ခြမ်းပြီးနောက် မောင်အေးချမ်းက ယုမေကို ငွေငါးရာ ပေး၏။

"ဒါက ဘာလုပ်ဖို့လဲ ကိုကို"

"ယုမေ သုံးဖို့လေ"

ယုမေက မောင်အေးချမ်း၏ လက်ကို ပြန်တွန်းလိုက်ပြီး "မလိုပါဘူး ကိုကိုရယ်။ ယုမေမှာ အသုံးရှိတာပဲ။ ကိုကိုပဲ သိမ်းထားပါ"ဟု ဆိုသည်။

"ယုမေ ယူထားပါ။ ငါက သူတို့အိမ်မှာ ယုမေကို ထားထားရပေမယ့် အိမ်ဖော်မလေးတစ်ယောက်လို မထားချင်တော့ဘူး။ ကိုယ့်ဂုဏ်လေးနဲ့ကိုယ်ပဲ နေထိုင်သုံးစား စေချင်တယ်။ ဖြစ်နိုင်ရင် ခုကတည်းကပင် သူတို့အိမ်က နုတ်ထားချင်တယ်။ မကောင်းတတ်လို့သာ။ အဓိကကတော့ သူတို့တူနှစ်ယောက်ကို အစာမကြွေတာပဲ။ ဒါပေမယ့် သူတို့အိမ်မှာ နေရဆဲမှာတော့ နေမြဲ၊ စားမြဲ၊ လုပ်ကိုင်မြဲ အတိုင်းပဲ နေထိုင်ပါ။ အိမ်ပြန်ရောက်ရင် ဒီငွေကိုလည်း ငါပေးထားခဲ့တာကို သူတို့သိအောင် တစ်နည်းနည်းနဲ့ ပြပေးပါ။ ပြီးတော့ ငါက အခုညတွင်းချင်းပဲ ရိုးမကို ပြန်တက်၊ ငွေယူ၊ အလုပ်သမားတွေထဲက ကိုယ်နဲ့ရင်းနှီးတဲ့ လူနှစ်ယောက်လောက်ကို ခေါ်ပြီး တပ်တောင် သွားအိပ်မှာ။ တပ်တောင်က စပါးဝယ်ယူ ကြိတ်ခွဲ၊ ရိုးပြန်တက်ပြီးနောက်လည်း သကြံန်လွန်တဲ့အထိ ယုမေနဲ့ လာတွေ့ဖြစ်မှာ မဟုတ်သေးဘူး။ အလုပ်သမားကိစ္စတွေနဲ့ ရှုပ်နေပြီး ကျောက်ဖြူသွားခါနီးမှ လာဖြစ်တော့မှာ။ အခုတောင် ရက်အတော်များများပျက်ခဲ့ရပြီ။ ကျောက်ဖြူသွားတဲ့အခါလည်း ရက်ကြာကြာ ပျက်ဦးမယ်ဆိုတော့ ဒီကြားထဲမှာ ယုမေဆီ လာနေလို့ အဆင်ပြေမှာ မဟုတ်ဘူး။ အထက်လူကြီးတွေကိုလည်း အားနာရဦးမယ်။ ပြီးတော့ သကြံန်တုန်းလည်း ယုမေ အသုံးလိုမှာ။ ဒါကြောင့် ဒီငွေကို ယူထားလိုက်ပါ"

"ဒါဆိုလည်း ဒေါ်ခင်တင့်ရွှေ ရောက်မှ ပေးလေ"

"ငါ အိမ်ထဲရောက်အောင် မလိုက်တော့ဘူး။ ထွန်စက်ဆရာစောင့်နေတာကို အားနာဖို့ကောင်းတယ်"

ယုမေသည် မောင်အေးချမ်း လက်မှ ငွေငါးရာကိုယူပြီး လက်မှာဆုပ်ကာ –

"ရက်အားလေးရရင်တော့ လာဦးနော် ကိုကို။ ယုမေ အဲလောက်ထိ အကြာကြီးခွဲမနေချင်ဘူး။ ကျောက်ဖြူမှာ ဘော်ဒါနေရင် အကြာကြီး ခွဲနေရတော့မှာဖြစ်လို့ ခုရက်တွေမှာ ခွဲလို့တောင် မနေချင်တော့ဘူး"

ဟု ဆို၏။ ထို့နောက် ... မောင်အေးချမ်းကို ဖက်၏။ အမှောင်လွတ်သောအခါ ဘေးချင်းယှဉ်ပြီး လျှောက်ကြ၏။

ထွန်စက်ဆရာ ကိုသောင်းအေးသည် စတီယာခွေမှာ လက်ပိုက်မှေးတင်ပြီး မောင်အေးချမ်း လာနေသည်ကို စိတ်မရှည်သည့်အမူအရာဖြင့် စိုက်ကြည့်နေ၏။ မောင်အေးချမ်းသည် ယုမေအား ခြံဝထိလိုက်ပို့ပြီး ခပ်သုတ်သုတ်ပြန်လာကာ ထွန်စက်ပေါ် ခုန်တက်လိုက်၏။ ကိုသောင်းအေးက ထွန်စက်ကို စက်နှိုးရင်း ...

"နောက် ဘယ်နေရာတွေကို ဝင်ချင်သေးလဲ။ သန်းခေါင်ကျော်အောင်လို့" ဟု ငေါ့၏။

"ကျွန်တော်လည်း ဘယ်မိုးချုပ်ချင်မလဲဗျာ။ လူမှုရေးကိစ္စတွေက ရှောင်မရတော့ လိုက်လုပ်နေရတာပဲ။ ပြီးတော့ ကျွန်တော်က ရိုးကိုရောက်ရင်လည်း ဝန်ထောက်ကြီးနဲ့ တွေ့ဆုံ ငွေထုတ်ပြီး အလုပ်သမားတွေနဲ့ ညတွင်းချင်း တပ်တောင် ပြန်ဆင်းရမှာ။ အလုပ်သမားတွေအတွက် ဆန်ကို မင်းဘူးအားကိုးလို့ သိပ်ပြီး အဆင်ပြေမယ်မထင်တာနဲ့ တပ်တောင် အဝယ်ဒိုင်က စပါးဝယ်ပြီး ကြိတ်ခွဲရမယ်။ ဒီတော့ ကိုသောင်းအေး တပ်တောင် ပြန်လိုက်နိုင်ဦးမလား"

"ဟာ ... သိပ်လိုက်တာပေါ့။ တို့ထွန်စက်သမားတွေ ဆိုတာက မိုးရာသီမှာသာ ကားသွားမရလို့ အလုပ်ဖြစ်တာလေ။ အခုလို နွေရာသီမှာ သိပ်ပြီး မစားသာဘူး။ ဒါကြောင့် ခေါ်သာခေါ်၊ ဝေးချင်သလောက်ဝေး။ ညနက်ချင်သလောက်နက်။ လိုက်တယ်"

*(ဆက်လက်ဖော်ပြပါမည်။)*


**မင်းဟိန်းထိုက်**



www.burmeseclassic.com

www.burmeseclassic.com

# ဝေလငါးများကို ဖမ်းဆီးခြင်းရပ်ရန် ဂျပန်ကို ကုလသမဂ္ဂတရားရုံးက အမိန့်ထုတ်



ကမ္ဘာ့ကုလသမဂ္ဂ၏ အဆင့်မြင့်တရားရုံးမှ ဂျပန်နိုင်ငံအား ၎င်း၏နှစ်ပတ်လည် အန်တာတိက ရေပြင်တွင် ဝေလငါးများကို ဖမ်းဆီးခြင်းကိုရပ်ရန် ၂၀၁၄၊ မတ်လ ၃၁ ရက်နေ့၌ အမိန့်ထုတ်လိုက်သည်ဟု "သည်ဟိတ်ဂ်"မြို့ရှိ နိုင်ငံတကာ သတင်းဌာနများက သတင်းရေးလိုက်ကြ၏။ အကြောင်းပြချက်မှာ ဂျပန်ဝေလငါးဖမ်းသူများသည် သိပ္ပံပညာကို ခုတုံးလုပ်ပြီး ဝေလငါးများကို စီးပွားရေးအတွက် လိုက်လံဖမ်းဆီးနေခြင်း ကြောင့်ဟူ၍ ဖြစ်၏။

ထိုတရားရုံး၏အမိန့်ကို ဂျပန်မှ "ထိုအမိန့်ကို မိမိတို့ လေးစားပါသည်။ သို့ရာတွင် ထိုအမိန့်ကြောင့် မိမိတို့သည် အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်ရသည်ဟု တုံ့ပြန်လိုက်၏။

"ဥပဒေကို လေးစားသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ဂျပန်သည် အဆိုပါတရားရုံး၏ အမိန့်အတိုင်း လိုက်နာဆောင်ရွက်မည်"ဟု ဂျပန်အစိုးရမှ တာဝန်ရှိသူက သတင်းထောက်များကို ပြောလိုက်၏။

"သည်ဟိတ်ဂ်"မြို့ အခြေစိုက် ကမ္ဘာ့ကုလသမဂ္ဂ တရားရုံး၏ တရားသူကြီး ပီတာတမ်ဖ်ကာက "ဂျပန်နိုင်ငံအား သုတေသနလုပ်ငန်းအတွက် ဝေလငါးများကို ဖမ်းဆီးခွင့်ပေးထားခြင်းကို နောက်ထပ် ခွင့်မပြုတော့ပါ"ဟု ပြောဆိုလိုက်၏။

ဂျပန်သည် တောင်ပိုင်းသမုဒ္ဒရာရေပြင်တွင် သိပ္ပံသုတေသနလုပ်ငန်းအတွက် ဝေလငါးဖမ်းဆီးခွင့်ကို ရထားခဲ့ခြင်း ဖြစ်၏။ အထူးသဖြင့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဩစတြေးလျ ပတ်ဝန်းကျင်ရှိ သမုဒ္ဒရာရေပြင်ကျယ်၌ ဝေလငါးများကို ဖမ်း၏။

ဂျပန်သည် ရှေးပဝေသဏီကတည်းက ဝေလငါးများကို ဖမ်းဆီးမှုအများဆုံး ပြုလုပ်သောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဂျပန်စျေးကွက်တွင် ဝေလငါးအသားများကိုလည်း အများဆုံး ရောင်းချလျက်ရှိ၏။

၂၀၁၀ နောက်ပိုင်း၌ ဂျပန် ဝေလငါးဖမ်းသူများသည် ဝေလငါးကောင်ရေ ၁၃,၀၀၀ ခန့်အထိ ဖမ်းခဲ့သည်ဟု သိရသည်။

ဂျပန်နည်းတူပင် နော်ဝေးနှင့် အိုက်စလန်နိုင်ငံတို့သည်လည်း ဝေလငါးများကို ဖမ်းဆီးခွင့်ရှိ၏။ ထိုနှစ်နိုင်ငံသည် စီးပွားရေးအတွက် ဖမ်းခွင့်ရထားခြင်းဖြစ်၏။

ဂျပန်လူမျိုးများသည် ဝေလငါးအသားကို အလွန်စားကြ၏။ ဂျပန်အစိုးရသည် ဝေလငါးဖမ်းဆီးရေးလုပ်ငန်းအတွက် နှစ်စဉ် ယန်းငွေ ခြောက်ဘီလီယံခန့် သုံးစွဲလျက်ရှိပြီး ဝေလငါးအသားရောင်းခြင်းမှ ယန်းငွေ ၅ ဘီလီယံခန့် ပြန်ရလျက်ရှိသည်ဟု ဝေလငါးသုတေသီတို့က ပြောကြ၏။

ဦးဦးသိန်း

*Strait Times, 1.4.2014*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကျိန်စာ ၏ သက်ရောက်မှုလော

နောက်ဆုံးတွင် ဟန်မြတ်ထွန်း၏ ဦးဆောင်မှုဖြင့် ချောမွေ့စွာ ခရီးရောက်ခဲ့ကြသည်။ သူတို့အားလုံး ရုပ်ပြေးယာဉ်ပေါ်မှ ပစ္စည်းများနှင့်အတူ ဆင်းသက်ခဲ့ကြသည်။ အမွှာညီအစ်ကိုက သိပ်သည်းထူထပ်သော ချုံပုတ်ကြီးထဲတွင် ရုပ်ပြေးယာဉ်ကို လုံခြုံစွာ ဝှက်ထားခဲ့ကြသည်။ တစ်နာရီခန့် အချိန်ကြာမြင့်စွာ ခြေလျင်ခရီးဆက်ခဲ့ကြပြီးနောက် ချုံနွယ်များ ဖုံးလွှမ်းနေသော ဂူဘုရားကြီးကို တွေ့ရသည်။

"အဲဒီဂူဘုရားကြီးကို လွန်ခဲ့တဲ့ ၁၁ ရာစုတုန်းက ပုဂံခေတ်နဲ့ မရေးမနှောင်းမှာ တည်ထားခဲ့ခြင်း ဖြစ်တန်ရာသည်လို့ သမိုင်းသုတေသနပညာရှင် ဒေါက်တာ ဟန်ငြိမ်းအောင်စွာရဲ့ မှတ်တမ်းထဲမှာ ဖော်ပြပါရှိခဲ့ပါတယ်။ သူ့အနေနဲ့ ဒုတိယအကြိမ် ထပ်မံခရီးထွက်ပြီး အထောက်အထား သမိုင်းလက်ရာပစ္စည်းတွေအပေါ်မှာ အချက်အလက် အတိအကျ ရှာဖွေစုဆောင်းပြီးမှ ထပ်မံသုတေသန စာတမ်းပြုစုမှာဖြစ်ပါတယ်"

ဟူ၍ ဟန်မြတ်ထွန်းက ပဏာမ ပျိုးပြီးမှ ဆက်ပြောသည်။

"အဲဒီဒေသဟာ တစ်ချိန်က ဇနပုဒ်ထက်အဆင့်မြင့်တဲ့ မြို့အငယ်စားတစ်ခု တည်ရှိခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ပျောက်ဆုံးပျက်စီးသွားတဲ့ ရှေးဟောင်းနန်းမြို့ဟာ ဒဏ္ဍာရီအဖြစ်နဲ့ မြန်မာပြည်မြေပုံထဲမှာတောင်မှ ရှာမတွေ့တော့ဘူး။ ၁၁ ရာစုနှစ်က တည်ခဲ့တဲ့ ဂူဘုရားကြီးတောင်မှ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းမှု ကင်းခဲ့တာကလည်း ယခင်ဖြစ်တည်ခဲ့ဖူးတဲ့ မြို့ပြကျေးရွာ လူနေအိမ်ခြေက လူတွေဟာ မြေငလျင်မကြာခဏဖြစ်လေ့ရှိလို့ ရေကြည်ရာ၊ မြက်နုရာကို ရွှေ့ပြောင်းသွားကြတဲ့အတွက် အခုလို တောကြီးမျက်မည်းထဲမှာ ကျန်ရစ်ခဲ့ရသတဲ့။ လမ်းပန်းအဆက်အသွယ်ပြတ်သွားလို့ အခုလို အခြေအနေမျိုး ဖြစ်သွားတာပါ။ နောက်ပြီး ရာသီဥတုဒဏ်တွေနဲ့ မြေငလျင်ဒဏ်တွေကြောင့် ပြိုကျပျက်စီးပြီး အုတ်ပုံကြီး ဘဝ ရောက်ခဲ့ရတယ်။ နောက် တောင်ပို့ကြီးတစ်ခုအဖြစ်နဲ့ ချုံနွယ်ပိတ်ပေါင်းတွေ၊ အလေ့ကျအပင်ငယ်တွေ ဖုံးလွှမ်းသွားခဲ့တယ်လို့ ဆရာကြီး ဟန်ငြိမ်းအောင်စွာရေးသားခဲ့တဲ့ ပျောက်ဆုံးနေသော မြို့တော် စာတမ်းမှာ ပါဝင်တယ်"

ထိုနယ်မြေဒေသတွင်းရှိ တောင်ကုန်းတစ်ခုတွင် ပျားအုံသဖွယ် ချိုင့်ခွက်များစွာ တွေ့ရသည်။ အဲဒီတောင်ကုန်း၏ အောက်ခြေတွင် တစ်ရံရောအခါက ကြည်လင်စိမ့်မြသော စမ်းချောင်းတစ်ခု ကွေ့ပတ်ရစ်ခွေ စီးဆင်းနေခဲ့ရာမှ ယခုအခါတွင် ဟိမဝန္တာနှင့် မြင့်မားသော ရေခဲပြင်ထုထည်ကြီးများစွာ ဖုံးလွှမ်းထားသော တောင်တန်းများမှ အရည်ပျော်ကျလာသော ရေများကြောင့် ရေစီးကြမ်းတမ်းသော မြစ်လက်တက်အဖြစ်သို့ ပြောင်းလဲနေလေပြီ။ ထိုမြစ်၏ ကမ်းစပ်တစ်နေရာတွင် သူတို့စီးနင်းလိုက်ပါလာခဲ့ကြသော ရုပ်ပြေးယာဉ်ကို သစ်ရွက်၊ သစ်ကိုင်းတို့ဖြင့် ဖုံးအုပ်လျက် လုံခြုံစွာ ဝှက်ထားခဲ့ရသည်။

"အဲဒီ တောင်ကုန်းမှာ ပျားအုံခွဲ

ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com

သလို ချိုင့်ခွက်တွေ ဖြစ်နေတာက အဲဒီမြေတွေကို ရေးဟောင်းဒေသခံလူတွေ တူးကြပြီး တောင်ခြေက ချောင်းစပ်မှာ ရွှေကျင်ခဲ့တယ်လို့ ဘိုးဘွားအစဉ်အဆက်က ပြောခဲ့ကြသတဲ့။ လက်ရှိဒေသခံတချို့ဟာ ဟိုအရင်ရေးအခါက စုဆောင်းထားခဲ့တဲ့ လက်ကျန်ရွှေတုံးရွှေခဲငယ်လေးတွေနဲ့ အလွှမ်းတာရာပေးလဲတဲ့ နယ်စပ်မြို့အထိ အရောက်သွားခဲ့တယ်။ လိုအပ်တဲ့ အသုံးအဆောင်၊ အဝတ်အထည်ပစ္စည်းလေးတွေကို လဲလှယ်ပြီး ပြန်အလာမှာ လောဘသမား မြို့သားတွေက တိတ်တဆိတ် ချောင်းမြောင်းလိုက်ကြသတဲ့။ အဲဒီအခါမျိုးကျရင် ရေးလူကြီးတချို့က တောတောင်ဝက်ပါထဲမှာ နောက်ယောင်ခံလိုက်ပါလာကြသူတွေကို မျက်စိလည်လမ်းမှားအောင် ရှုပ်ပတ်သွားလာပြီး ခြေရာဖျောက်လေ့ရှိတယ်။ အဲဒီလောဘသမားတွေဟာ မျိုးနွယ်စုတစ်မျိုးရဲ့ အဖမ်းအဆီးခံရရင်လည်း သူတို့အတွက် ပြန်လမ်းမရှိဘူး။ အဲဒီမျိုးနွယ်စုတွေဟာ ရေးဟောင်းနယ်မြေဝန်းကျင်မှာ ရှိနေကြတယ်။ လမ်းခရီးမှာ ခင်ဗျားတို့ တွေ့လာခဲ့ကြဖူးတယ် မဟုတ်လား။ ကံကောင်းလို့ အရှင်လတ်လတ် ပြုတ်စားမခံခဲ့ရတာ။ ပထမတစ်ကြိမ် ကံကောင်းပေမယ့် နောက်ထပ် ဘယ်နှကြိမ် ကြုံတွေ့ရဦးမလဲ မသိဘူး။ အဲဒီလိုမျိုး ဆက်လက်ကံကောင်းဖို့ မလွယ်ဘူးဆိုတာ သဘောပေါက်"

စကားအဆုံးတွင် ဟာန်မြတ်ထွန်းက သတိပေးစကား ပြောကြားလိုက်လေသည်။

●●●●● ●●●●● ●●●●●

တောလမ်းခရီး ဆိုသည်မှာ အမျိုးမျိုးအစားစား သိသိသာသာ ကွဲပြားခြားနားနေလေ့ရှိသည်။ အချို့သော ခရီးလမ်းမှာ ချိုင့်များ၊ ကျင်းများ၊ အဖုအထစ်များဆင်ခြေလျှော၊ စိမ့်စမ်းနှင့် ရွှံ့ဗွက်များ၊ ကုန်းတက်ကုန်းဆင်းများ၊ ဆူးချုံနွယ်ပင်များသာမက တစ်ခါတစ်ရံ တစ်ကိုယ်လုံး ရုတ်တရက် ရုန်းထွက်၍မရနိုင်လောက်အောင် ကျွံဝင်နစ်မြုပ်သော နွံမြင် (Quick Sand) စသည်တို့က နေရာမလပ် အနှံ့အပြား သဘာဝအန္တရာယ်များ ရှိသည်။ အထူးသဖြင့် တောရိုင်းတိရစ္ဆာန်များ၊ အသက်အန္တရာယ် စိုးရိမ်ရသော အဆိပ်ရှိသတ္တဝါ၊ အစွယ်ရှိသတ္တဝါနှင့် မြေပွားများ စသည်ဖြင့် အန္တရယ်အသွယ်သွယ် ရှိကြသည်။

ယခု ဟာန်မြတ်ထွန်းဦးဆောင်၍ သွားနေကြသော တောလမ်းခရီးမှာ သဘာဝအန္တရာယ်၊ တောရိုင်းတိရစ္ဆာန်တို့သာမက လူသားစားမျိုးနွယ်စုတို့၏ အန္တရာယ်ကလည်း အခါမလင့် ရုတ်တရက်ချက်ချင်း ဖြစ်ပေါ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ဟာန်မြတ်ထွန်းနှင့် သူ၏ လက်စွဲတော် မင်းထွန်း၊ ဝင်းထွန်းတို့၏ အကာအကွယ်ဖြင့် သူတို့ဦးတည်ချက်တစ်ခုဖြစ်သော အကြီးအကျယ် ပြိုကျပျက်စီး၍ အသွင်သဏ္ဌာန်ပင်လျှင် သိသာခြင်းမရှိတော့သည့် ရေးဟောင်းဂူဘုရားနေရာကို တွေ့လိုက်ကြရသည်။

စင်စစ်အားဖြင့် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်တစ်ကြောင်း၊ ပြင်းထန်သော မြေငလျင်ဒဏ်များ မကြာခဏ ဖြစ်ပေါ်လေ့ရှိသောကြောင့်တစ်ကြောင်း ယခုအချိန်ကာလ၌ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သိပ်သည်းစွာ ဖုံးလွှမ်းနေလေပြီ။ မည်သို့ပင်ဖြစ်စေ အချို့သော ပြောက်တိပြောက်ကျား အကွက်ငယ်တစ်နေရာ နှစ်နေရာတို့တွင် ရေးဟောင်းအုတ်ရိုးများ ပေါ်နေသည်ကို တွေ့ရသည်။

စင်စစ်အားဖြင့် ရေးအတိတ်တောလွန်လေပြီးသော ၁၁ ရာစုနှစ်ကဆိုလျှင် ဤနေရာဝန်းကျင်တွင် ဘုရင်မင်းမြတ်အတွက် နန်းမြို့တော်တစ်ခုနှင့် ဂူဘုရားတစ်ဆူ စသည်တို့ဖြင့် စည်ကားသိုက်မြိုက်ခဲ့ပေလိမ့်မည်။ သို့ရာတွင် မကြာခဏ မြေငလျင်လှုပ်ခတ်လေ့ရှိသောနေရာဖြစ်သောကြောင့်တစ်ကြောင်း၊ ပြင်ပမြို့ပြနိုင်ငံ တိုင်းနယ်မြေဒေသစသည်တို့နှင့် အလွန်တရာ အလှမ်းကွာဝေးလွန်းသောကြောင့်တစ်ကြောင်း တစ်စတစ်စနှင့် နောက်ဆုံး နန်းမြို့တော်တွင်း အဆောင်ဖွဲ့ အကွက်ချ အုတ်ရိုးများသည် တစ်ပေခွဲ၊ နှစ်ပေ အမြင့်သာ ကျန်တော့သည်။

နောက်ဆုံးတွင် ဟာန်မြတ်ထွန်းသည် သူတို့လူစု ယာယီစတည်းချရန် နေရာကို ကြီးမားသော တောင်ပို့ကြီးသဏ္ဌာန်ဖြစ်နေသော ဂူဘုရားနှင့် မလှမ်းမကမ်းတွင် ရွက်ထည်ဖျင်တဲတစ်လုံး ထိုးစေသည်။ ရွက်ဖျင်တဲသည် ပေါ့ပေါ့ပါးပါး အငယ်စားဖြစ်၍ တစ်ယောက်တည်းအတွက် သင့်တော်သည်။ ထိုရွက်ဖျင်တဲကို မာလာရွှေစင်အတွက် သီးသန့်လျာထားလိုက်သည်။

"ကျုပ်တို့က ယောက်ျားရင့်မာကြီးတွေ ဖြစ်တဲ့အတွက် သစ်ပင်ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com

မားမားတွေ ဝန်းကျင်မှာပဲ နေရာယူကြတာပေါ့ဗျာ"

ဟူ၍ ပြောလိုက်သည်။ ထို့နောက် ပါလာသော အသုံးအဆောင်ပစ္စည်းများကို နေရာချလိုက်ကြလေသည်။

...... ...... ......

ထိုနေ့ ညစာကို စောစောစီးစီး စားသောက်ကြသည်။

ထို့နောက် ပြီးပျက်၍ တောင်ကုန်းကြီးသဖွယ်ဖြစ်နေသော ဂူဘုရား၏ ဝန်းကျင်ကို ပတ်ပတ်လည် လှည့်၍ ကြည့်ရှုကြသည်။ သူတို့တွင် ဓာတ်ခဲသုံး တောင့်ထိုး လက်နှိပ်ဓာတ်မီးများပါသည်။ တစ်နေရာသို့အရောက် ချုံနွယ်များ အနည်းငယ်ပါးလျားနေသော နေရာကို တွေ့လိုက်ကြရသည်။

လူတစ်ကိုယ်စာ ဝမ်းလျားထိုး လျှောဝင်နိုင်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။ ယင်းအပေါက်မှ တိုးဝင်ရန် ဦးထွန်းခေါင်မိုးက ဆန္ဒပြုသည်။ စိန်ဘညို က ထောက်ခံသည်။ ကျန်လူများက ကန့်ကွက်သူမရှိ၊ အားလုံး စိတ်အားထက်သန်နေကြသည်။ ထို့ကြောင့် ဟန်မြတ်ထွန်းက အများဆန္ဒကို အတည်ပြုလိုက်လေသည်။ စင်စစ်အားဖြင့် သူသည် နောက်တစ်နေ့နံနက်ကျမှသာ ထိုဝင်ပေါက်မှ ဝင်ချင်သည်။

မည်သို့ပင်ဖြစ်စေ ဟန်မြတ်ထွန်းသည် သူကိုယ်တိုင် ရှေ့ဆုံးမှဝင်ရန် သန္နိဋ္ဌာန်ချလိုက်သည်။

"ကျုပ်အရင်ဆုံးဝင်ကြည့်မယ်။ အန္တရာယ်ရှိရင်လည်း အရင်ဦးဆုံး ရင်ဆိုင်ဖြေရှင်းမယ်။ တကယ်လို့ အန္တရာယ်မရှိကြောင်း သေချာမှ လက်နှိပ်ဓာတ်မီးရဲ့ အလင်းရောင်နဲ့ အချက်ပြမယ်။ အဲဒီတော့မှ ကျန်တဲ့လူတွေ လိုက်လာခဲ့ကြပေတော့။ ဘယ့်နှယ်လဲ၊ ကျေနပ်ကြရဲ့လား"

"မကျေနပ်စရာ အကြောင်းမရှိပါဘူး။ ခင်ဗျားအစီအစဉ် သင့်လျော်ပါတယ်"

ဦးထွန်းခေါင်မိုးက လိုက်လိုက်လျောလျော ပြောလိုက်သည်။ ထိုအခါ စိန်ဘညို၊ သက်မောင်မောင်ကျော်နှင့် မာလာရွှေစင်တို့အနေနှင့် ကန့်ကွက်စရာ အကြောင်းမရှိတော့ပါချေ။

"ငါ အထဲဝင်နေစဉ်မှာ ဝင်းထွန်းနဲ့ မင်းထွန်းတို့နှစ်ယောက်က ဒီပတ်ဝန်းကျင်ကို တကယ်လို့ ရှေးဟောင်းမျိုးနွယ်စုတွေ ချဉ်းကပ်လာခဲ့ရင် မလာနိုင်အောင်လို့ တာဝန်ယူစောင့်ရှောက်ကြမယ်"

ဟန်မြတ်ထွန်းက သူ့လူနှစ်ယောက်ကို တာဝန်ပေးခဲ့သည်။ ထို့နောက် ဂူပေါက်တွင်းသို့ လက်နှိပ်ဓာတ်မီးကို အလျင်ထိုးကြည့်ပြီးမှ ဝမ်းလျားထိုး လျှောတိုက်လျက် တရွေ့ရွေ့ဝင်သွားသည်။ ကျန်လူအားလုံး ငြိမ်သက်တိတ်ဆိတ်စွာ ကြည့်နေကြသည်။ သူတို့အားလုံး ရင်ဘတ်ထဲတွင် တင်းကျပ်နေသော ခံစားမှုတစ်မျိုးကို ခံစားနေကြရသည်။

ဟန်မြတ်ထွန်း၏ ခန္ဓာကိုယ် အထက်ပိုင်း အတွင်းသို့ရောက်ရှိသွားပြီး အောက်ပိုင်းတစ်ခုလုံး အတွင်းသို့ လုံးလုံးလျားလျား တိုးဝင်ပျောက်ကွယ်သွားသည်။

အချိန်သည် စက္ကန့်နှင့်အမျှ စိတ်လှုပ်ရှားဖွယ် ဖြစ်နေကြသည်၊ စုစုပေါင်း ဆယ်မိနစ်မျှအကြာတွင် ဟန်မြတ်ထွန်း ဝင်သွားသော လိုဏ်ပေါက်မှ ကျောက်သေတ္တာလေးတစ်ခု ရှေးဦးစွာ တိုးထွက်လာသည်။ ထိုကျောက်သေတ္တာ၏ အရွယ်အစားမှာ အလျား တောင်ဆုပ်မျှရှိပြီး အနံအားဖြင့် ထွာဆိုင်ခန့်ရှိမည်၊ ထုအားဖြင့် လက်သုံးလုံးထက် မပိုပါချေ။

ထိုကျောက်သေတ္တာ၏ နောက်မှ ဟန်မြတ်ထွန်းက ကပ်လျက် ဝမ်းလျားထိုး လျှောတိုက်ထွက်လာသည်။

"အဲဒီကျောက်သေတ္တာထဲမှာ တစ်စုံတစ်ရာ ရေးထားတာရှိလိမ့်မယ်။ လိုဏ်ခေါင်းထဲမှာတော့ အဆိပ်ပြင်းတဲ့ ကောင်ရှည်တွေ ရှိနေနိုင်တယ်။ မနက်ဖြန် မနက်ကျမှပဲ မီးတုတ်တွေ ဘာတွေနဲ့ လင်းလင်းချင်းချင်း မြင်မြင်ထင်ထင် ဝင်ကြတာပေါ့၊ ဟုတ်လား"

ဟန်မြတ်ထွန်းက အကြံပြုလိုက်သည်။

ထို့နောက် သူတို့အားလုံးအတွက် ရရာသစ်ခက်၊ သစ်ကိုင်းတို့ စုဆောင်း၍ မီးပုံကြီးတစ်ခု ပြုလုပ်လိုက်ကြသည်။ ပြီးလျှင် မီးပုံကြီးပတ်လည်တွင် နေရာယူလိုက်ကြသည်။ မာလာရွှေစင်က ကော်ဖီကြမ်းတစ်ခွက်စီ ဝေငှသည်။

"ကဲ . . . ကျောက်သေတ္တာထဲမှာ ဘာပါသလဲဆိုတာ ဖွင့်ကြည့်ရအောင်"

ဦးထွန်းခေါင်မိုးက အလောသုံးဆယ် တိုက်တွန်းလိုက်သည်။ ဟန်မြတ်ထွန်းက ကျောက်သေတ္တာကို ပတ်လည်သေချာစွာ လေ့လာပြီးမှ သူ့တွင်ပါသော မောင်းချဓားဖြင့် ကလော်၍ ဖွင့်လိုက်သည်။ ကျောက်သေတ္တာတွင်း၌ ကြေးဖြင့်ပြုလုပ်ထားသော ကြေးပုရပိုက်တစ်



www.burmeseclassic.com

www.burmeseclassic.com

ချစ်သာ ပါသည်။ မြက်အားဖြင့် လက်တစ်ဝါးမျှရှိပြီး အရှည်တစ်ပေထက် မပိုပါချေ။

ကြေးပုရပိုက်ပေါ်တွင် သံကညစ်ဖြင့် ရေးခြစ်ထားသော စာကြောင်းများပါသည်။ မီးပုံကြီးထဲမှ ထွက်ပေါ်နေသော အလင်းရောင်ဖြင့် မြင်သာထင်သာ သိသာစွာ တွေ့နိုင်သည်။

"ကဲ···အဲဒီ ကြေးပုရပိုက်ထဲက စာကို မာလာရွှေစင်က အားလုံးကြားသိရအောင် ဖတ်ပြလိုက်ပါ"

ပြောပြောဆိုဆိုနှင့် ဟန်မြတ်ထွန်းက ကြေးပုရပိုက်ကို မာလာရွှေစင်အား လှမ်းပေးသည်။ မာလာရွှေစင်က လှမ်းမယူမီ ဦးထွင့်ခေါင်မိုးကို ဖျတ်ခနဲတစ်ချက်ကြည့်သည်။ ဦးထွင့်ခေါင်မိုးက ဦးခေါင်းညိတ်ပြလိုက်သောအခါကျမှ မာလာရွှေစင် လှမ်းယူသည်။

သူမသည် မီးပုံမှ မီးတောက်မီးလျှံများ၏ အလင်းရောင်ဖြင့် ကြေးပုရပိုက်တွင် ရေးထားသောစာကို အများကြားသာရန် ဖတ်ရှလိုက်လေသည်။

မာလာရွှေစင်၏ အသံသည် စိတ်လှုပ်ရှားမှုကြောင့် သိသိသာသာ တုန်တုန်ယင်ယင် ဖြစ်နေသည်။ သူတို့အားလုံး ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေကြသည်။ ပတ်ဝန်းကျင်မှ သစ်တောအုပ်တွင်းရှိ သစ်ရွက်များကို တိုးဝှေ့တိုက်ခတ်ဖြတ်သန်းလာသော လေသရမ်းကြောင့် ဖြစ်ပေါ်နေသည့် တရှဲရှဲ တဖျတ်ဖျတ်သံ သစ်ခက်၊ သစ်ကိုင်းများကို မီးစွဲလောင်၍ တဖျစ်ဖျစ်မြည်သံ စသည်တို့ကို ကျော်ဖြတ်၍ မာလာရွှေစင်၏ စာဖတ်သံကို ပီပြင်ပြတ်သားစွာ ကြားနေရသည်။

"ဤ ငါ့ဘုရား ကျွန်း နွား လယ်၊ ဥယျာဉ်၊ ကန်၊ ကျောင်း၊ ဘုရား မသိတဲ့ စေရစ်၊ ဖျက်ရစ်သော သားမြေးကား စားသောထမင်း၊ သောက်သောရေ၊ နေသောအိမ် (အ)ဆိပ်ဖြစ်စေ။ ဒေဝတ်ကား အထက်၊ ဖျက်ရစ်သောသူကား အောက် ဖြစ်စေသတည်း။

ငါ့ကောင်းမှုကို ဖျက်ဆီးသောသူကား အမျိုးခုနစ်ဆက်၊ ညက်ညက်ပြုန်းတီး ပျက်စီးစေသော အဝီစိအထဲ၊ ငရဲကျက်၍ အကမ္ဘာ၊ ဘာဘုရားတို့ လာ၍ ချွတ်လည်း မကျွတ်တတ်သည့် ငရဲသစ် ငုတ်လျှင် ဖြစ်စေသတည်း။

သေခဲ့သော အထုလည်း အရက် ၆၀ သွား၊ အလျားအနံ အရက် ၆၀ သွားသော ကျောက်ဖျာကြီးတွင် ခါး၌ နှစ်လျက်၊ ရေလည်းမရ၊ လျှာငင်းလံထွက်လျက် ခံစေသတည်း။

မာလာရွှေစင်၏ ကြေးပုရပိုက် ဖတ်သံသည် တိခနဲ အဆုံးသတ်လျက် ရပ်တန့်သွားသည်။ သူမက သက်ပြင်းမောတစ်ချက် ချလိုက်လေသည်။

* * *

နောက်တစ်နေ့တွင် သူတို့အားလုံး နံနက်စာ စားသောက်ပြီးမှ ပြိုကျပျက်စီးနေသော ဂူဘုရား၏ တိုးဝင်ပေါက်ရှိရာသို့ ဦးတည်ခဲ့ကြပြန်သည်။

ဤတစ်ကြိမ်သည် ဟန်မြတ်ထွန်းအတွက် ဒုတိယအကြိမ် လိုဏ်ပေါက်တွင်းသို့ တိုးဝင်ခဲ့ရခြင်း ဖြစ်သည်။ နေ့အချိန်ဖြစ်သောကြောင့် လိုဏ်ဂူတွင်းသို့ အလင်းရောင်ပိုးတဝါး ဖြစ်ပေါ်နေသည်။

အစ ပထမတွင် ဝမ်းလျားထိုး အနေအထားဖြင့် လျှောဝင်ခဲ့ရခြင်းဖြစ်သော်လည်း အတွင်းသို့ ရောက်သွားသည်နှင့်အမျှ တဖြည်းဖြည်းနှင့် ကျယ်ဝန်းလာသည်။ မတ်တတ်ရပ်၍ လျှောက်နိုင်လောက်အောင် ကျယ်ဝန်းသော နေရာသို့ ရောက်ခဲ့ကြသည်။

မြေတိုက်ခန်းတစ်ခန်းပမာ ပေလေးဆယ် ကျယ်ဝန်းပြီး ဘေးပတ်လည်တွင် ရှေးဟောင်းအုတ်ချပ်ကြီးများဖြင့် ကာရံထားသည့်ပမာ ဖြစ်နေသည်။ အောက်ခြေသို့ ဆင်းသော လှေကားထစ်များကို တွေ့ရသည်။ ထိုလှေကားထစ်က စုစုပေါင်း ကိုးထစ်မျှ ရှိသည်။

---

"ကဲ···အခုအချိန်ကစပြီး ဒီရတနာသေတ္တာထဲမှာပါတဲ့ ပစ္စည်းတွေကို မဆိုထားဘိ၊ သေတ္တာကိုတောင် လောဘသက္ကာရ စိတ်နဲ့တောင် မတို့မထိသင့်ဘူး။ စောစောကတွေ့ခဲ့တဲ့ ကျောက်စာထဲက ကျိန်စာကိုလည်း မမေ့ကြနဲ့"

---



www.burmeseclassic.com

www.burmeseclassic.com

လှေကားထစ်၏ အဆုံးတွင် ဆယ်ပေပတ်လည် အကာန့်တစ်ခု ရှိသည်။ ထိုအကာန့်တစ်နေရာတွင် ရှေးဟောင်းကျွန်းသေတ္တာကြီးတစ်လုံးကို တွေ့ရသည်။ ကျွန်းသေတ္တာကြီးကို ကြည့်ရသည်မှာ ထုထည်အားဖြင့် ထုထည်းနေပြီး သက်ရင့်ကျွန်းသစ်အသားဖြင့် စရွေးကိုက် ပြုလုပ်ထားဟန်တူသည်။ ထို့ကြောင့် နှစ်ပရိစ္ဆေဒအားဖြင့် အလွန်တရာ ကြာမြင့်သော်လည်း မပျက်စီးနိုင်ချေ။ သေတ္တာ၏ထောင့်စွန်းများတွင် ယိုးဒယားကနုတ်ပန်းနွယ်များဖြင့် လက်ရာမြောက် ထွင်းထုထားသည်။

"အဲဒီကျွန်းသေတ္တာကြီးထဲမှာ အဖိုးထိုက်အဖိုးတန် ရတနာပစ္စည်းတွေ ရှိနေမယ်လို့ ကျွန်တော်အတပ်ပြောရဲတယ်"

စိန်ဘညို၏ ဝမ်းခေါင်းသံကြီး ထွက်ပေါ်လာသည်။ သူ၏ မျက်လုံးအစုံထဲတွင် လောကလောင်မီး တငြီးငြီး တောက်လောင်နေသည်။ ဟန်မြတ်ထွန်းက ကျွန်းသေတ္တာကြီးပေါ်တွင် ရေးထွင်းထားသော စာကို တွေ့လိုက်ရသည်။

"ဤသေတ္တာပါ ရတနာအားလုံး အရိမေတ္တယျာဘုရားရှင်စံရာ ရွှေကျောင်းတော် တည်ဆောက်ရန် ရည်စူးဒါနပြုသည်။ ယူဇနာနှစ်သိန်းလေးသောင်း အထုရှိ မဟာပထဝီမြေကြီးသည် သက်သေအရာဌ်တည်လျက် ကာလရှည်ကြာခဲ့ပါလျှင်လည်း ယေဥ်ပုခက် အိုးထိန်းစက်သို့ သွက်သွက်လှုပ်ခါစေသတည်း။"

ထို့ကြောင့် ဟန်မြတ်ထွန်းသည် စိန်ဘညိုကို တစ်လှမ်းကျော်တက်သည်။ အနီးကပ်ကြည့်လိုက်ပြီးမှ အားလုံးကြားနိုင်လောက်အောင် ဖတ်ပြလိုက်သည်။ သံကညစ်ကဲ့သို့သော အရာဖြင့် ပီပြင်စွာ ရေးထွင်းထားသည်။

"ကဲ . . . အခုအချိန်ကစပြီး ဒီရတနာသေတ္တာထဲမှာပါတဲ့ ပစ္စည်းတွေကို မဆိုထားဘိ၊ သေတ္တာကိုတောင် လောဘသက္ကာရစိတ်နဲ့တောင် မတို့မထိသင့်ဘူး။ စောစောက တွေ့ခဲ့တဲ့ ကျောက်စာထဲက ကျိန်စာကိုလည်း မမေ့ကြနဲ့"

ဟူ၍ ဟန်မြတ်ထွန်းက သတိပေးလိုက်သည်။

အချိန်အားဖြင့် ညနေစောင်းသည်အထိ ပျောက်ဆုံးနေသော ရှေးဟောင်းမြို့ပျက်ကြီး၏ အထောက်အထားများဖြစ်ကြသော နှစ်ပရိစ္ဆေဒကြာမြင့်စွာ ရေညှိတက်နေသော မြို့ရိုးအပြိုအပျက်များ။ ဆွေးမြေ့နေသောတိုင်များ။ ချိုးပုတ်များ။ တောင်ပို့များ၊ ဖုံးအုပ်နေသော အဆောင်ဆောင် အခန်းခန်း ဖွဲ့စည်းထားခဲ့သည့် စတုရန်းကွက် ပန္နက်တိုင်များ စသည်တို့သည် ကေငါးရာကျော်အတွင်း၌ နေရာအနှံ့ ပြန့်ကျဲတည်ရှိနေကြသည်။ ဦးထွင့်ခေါင်မိုး၏ အဖွဲ့သားများက Recording ကင်မရာ၏ လျှပ်တစ်ပြက်ရိုက်ချက်များ။ ရုပ်ရှင် (Movie Camera) စသည်တို့ဖြင့် ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်နေကြသည်။

တစ်စတစ်စနှင့် အနောက်မိုးကောင်းကင်တွင် ဖြည်းဖြည်းချင်းနိမ့်ဆင်းလျှောကျနေသော ဘာဏုရာဇာ နေမင်းကြီးသည် ဖြန့်ကြက်ထားသော ရောင်နီများကို ရုပ်သိမ်းလိုက်သည်။

ထိုအချိန်သည်ပင်လျှင် တောင်စွယ်တွင် နေကွယ်ခြင်းဖြစ်လေသည်။

နှင်းဖုံးတောင်များ၏ တောင်ခြေသည် နေရောင်ခြည်ပျောက်ကွယ်သွားသည်နှင့်အမျှ စိမ့်မြမှုက တိုး၍တိုး၍ သည်းထန်လာလေသည်။ ထိုအခါ ဦးထွင့်ခေါင်မိုးတို့ အုပ်စုသည် ညစာစားသောက်ပြီးစီးလေပြီ။ မီးပုံကြီး အဆက်မပြတ်ရှင်စေရန် သစ်ကိုင်းများဖြင့် ဖြည့်ဆည်းကြပြီးနောက် မီးပုံကြီးပတ်လည်တွင် ခရီးဆောင်အိပ်ရာလိပ်ကိုယ်စီ ဖြန့်ခင်းကြသည်။ အိပ်ရာမဝင်မီ ကော်ဖီခွက်ကိုယ်စီဖြင့် မြုံ့ရှုပ်နေကြရာမှ အိပ်ရာပေါ်တွင် လဲလျောင်းကြသည်။

ဟန်မြတ်ထွန်း၊ ဝင်းထွန်းနှင့် မင်းထွန်းတို့ သုံးယောက်သည် ထိုနေရာဝန်းကျင်၌ လှည့်ပတ်ကြည့်ရှုလေ့လာနေကြရာမှ မကြာမီ သူတို့သည်လည်း မီးပုံကြီးဘေးတွင် နေရာယူကြသည်။ လက်ဖက်ရည်ကြမ်းတစ်ခွက်စီ သောက်ကြသည်။

ဝင်းထွန်းနှင့် မင်းထွန်းတို့က ညစောင့်တာဝန်ကို တစ်လှည့်စီ သန်းခေါင်ကျော်အချိန်မှစ၍ တာဝန်ယူထားကြသည်။ ဟန်မြတ်ထွန်းကိုယ်တိုင် ညဦးပိုင်းမှစ၍ သန်းခေါင်ယံအချိန်အထိ ငုတ်တုတ်ထိုင်၍ မီးပုံထဲသို့ သစ်ကိုင်းကြီးများ ထိုးသွင်းသည်။ သစ်ကိုင်းကြီးများ မီးရဲလာသောအခါ အပူရှိန်က ပိုမိုမြင့်မားလာသည်။

"အောက်···အစ်···အစ်···အွတ်"

"အောက်···အစ်···အစ်···အွတ်"

ဟူသော ကြက်ဖတိန်ညည်း၏

www.burmeseclassic.com

www.burmeseclassic.com

တွန့်ကြုံးသံ ထွက်ပေါ်လာချိန်တွင် မြင့်မားသော သစ်ပင်ကြီးများ အုပ်ဆိုင်းနေခြင်းမှ ကွက်ကွက်ကလေး မြင်နေရသော မိုးကောင်းကင်တွင် ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်လေပြီ။

••••• ••••• •••••

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ဟန်မြတ်ထွန်းသည် ထူးထူးခြားခြား ခံစားမှုတစ်ရပ်ကြောင့် ရုတ်တရက် နိုးလာလေသည်။ သူနှင့်အနီးဆုံးနေရာတွင် ဝင်းထွန်းအိပ်နေရာမှ နိုးလာသည်။ သူဘာကြောင့် နိုးရသည်ကို ဟန်မြတ်ထွန်းက စဉ်းစားနေချိန်တွင် သူ၏အကြည့်က မီးပုံပတ်လည်တွင် အိပ်ပျော်နေဆဲဖြစ်ကြသော ဦးထွဋ်ခေါင်မိုးတို့အုပ်စုကို ရေတွက်ကြည့်လိုက်သည်။

တစ်စုံတစ်ယောက် လျော့နေသည်မှာ သေချာသည်။

ညဉ့်နက်သန်းခေါင်အချိန်တွင် တပိုတပါး သွားခြင်းများလား။ ထိုအခိုက်တွင် လုံခြုံရေး ညစောင့်တာဝန်ယူထားသော မင်းထွန်းက တောအုပ်ထဲမှ ခပ်သွက်သွက် လျှောက်လာသည်။ ဝင်းထွန်းက လဲလျောင်းရာမှထ၍ ရှေ့သို့တိုးလာသည်။

"ဆရာနဲ့ ဝင်းထွန်း နိုးကြတော့မှာပဲလို့ ကျွန်တော် အတပ်သိတယ်"

ပြောပြောဆိုဆိုနှင့် မင်းထွန်းသည် တစ်စုံတစ်ရာ အရေးတကြီး ပြောစရာရှိသဖြင့် ဟန်မြတ်ထွန်းနှင့် အနီးကပ်ထိုင်လိုက်သည်။ တိုးတိုးလေးသံဖြင့် -

"မကြာသေးခင်က ကျွန်တော် ဆီးသွားဖို့ တောအုပ်အစပ်က ချုံဘက်ကို လျှောက်သွားခဲ့တယ်။ အဲဒီအချိန်မှာ သူတို့အုပ်စုထဲက လူတစ်ယောက် ထသွားတာကို ရိပ်ခနဲမြင်လိုက်မိတယ်။ ကျွန်တော် ဆီးသွားပြီးလို့ အဲဒီလူထွက်သွားတဲ့နောက်ကို တိတ်တဆိတ် လိုက်နေတုန်းမှာ သိမ့်ခနဲ မြေပြင်တစ်ခုလုံး လှုပ်ခါသွားတယ်။ ဒါကြောင့် ကျွန်တော်လည်း ဆရာ့ဆီကို ပြန်ပြေးလာခဲ့တာ"

မင်းထွန်းက ပြည့်ပြည့်စုံစုံ ပြောပြသည်။ ထိုအခါကျမှ သူနိုးလာရသော အကြောင်းကို ဟန်မြတ်ထွန်း သိလိုက်ရသည်။ ထိုအခိုက်အတန့်တွင် နောက်တစ်ကြိမ် မြေငလျင်လှုပ်ပြန်သည်။ ဤတစ်ကြိမ်တွင် သိမ့်သိမ့်တုန်ယင်ခဲ့သောကြောင့် သစ်တောအုပ်တွင်းရှိ သစ်ပင်များပေါ်မှ ငှက်များ အလန့်တကြား တောင်ပံခတ်၍ ထပျံကြသံနှင့် မြည်ကြွေးသံများ ကြားရသည်။

ဒုတိယအကြိမ် မြေငလျင်လှုပ်ခတ်မှုနှင့် မရှေးမနှောင်းမှာပင် တောအုပ်တစ်နေရာမှ အသံနက်ကြီးနှင့် နလုံးသွေးပျက်ခမန်း ကျယ်ကျယ်လောင်လောင် စူးစူးဝါးဝါး အော်ဟစ်သံကြီးကို ကြားလိုက်ရသည်။

ထိုကဲ့သို့ ဒုတိယအကြိမ် လျင်လှုပ်ခတ်ခြင်းနှင့် အော်ဟစ်သံတို့သည် ဦးထွဋ်ခေါင်မိုးတို့အားလုံးကို ကြမ်းကြမ်းတမ်းတမ်း လှုပ်နှိုးလိုက်သည့်ပမာ ဖြစ်သွားလေသည်။ သူတို့အားလုံး တစ်မုဟုတ်ချင်း ငုတ်တုတ်ထိုင်လျက်သား ဖြစ်နေကြသည်။

"ဘာတွေဖြစ်သွားတာလဲ"

"လျင်လှုပ်တယ်ထင်တယ်"

"အော်သံကြီးကြားလိုက်ရတာ ရင်တုန်ပန်းတုန် ဖြစ်သွားရတယ်"

တစ်ယောက်တစ်ပေါက် စကားသံများ ထွက်လာကြသည်။ သူတို့အုပ်စု၏ မျက်လုံးသုံးစုံအကြည့်သည် ဟန်မြတ်ထွန်း၏ထံသို့ စုပြုံရောက်ရှိနေကြသည်။ သူတို့သိလိုသောအဖြေကို ဟန်မြတ်ထွန်းသာလျှင် ရှင်းပြနိုင်လိမ့်မည်ဟု တစ်သမတ်တည်း ယုံကြည်နေကြသည်။

"လျင်လှုပ်တာ သေချာပါတယ်။ အခု ဒုတိယအကြိမ် လှုပ်တာက နည်းနည်းပိုပြီး ပြင်းထန်တယ်။ အော်သံကြီးနဲ့ပတ်သက်လို့ စိတ်မကောင်းစရာတစ်ခုခု ဖြစ်နေပြီထင်တယ်။ ခင်ဗျားတို့အထဲက တစ်ယောက်တော့ ဖြစ်လိမ့်မယ်"

ဟန်မြတ်ထွန်း၏စကားကြောင့် သူတို့အချင်းချင်း တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကြသည်။ စက္ကန့်ပိုင်းအတွင်း လူတစ်ယောက် လျော့နေခြင်းကို တိတိပပ သိလိုက်ကြလေပြီ။

"စိန်ဘညို . . .သူဘယ်မှာလဲ၊ ဘယ်ရောက်နေသလဲ၊ သူဘာဖြစ်သွားပြီလဲ"

ထိုမေးခွန်းသုံးခုကို ဦးထွဋ်ခေါင်မိုးက ဆက်တိုက်မေးလိုက်သည်။

"ကျုပ်အထင်ကို ပြောရရင် စိန်ဘညိုဟာ ခင်ဗျားတို့ထဲမှာ လောဘသဏ္ဍာရအင်မတန်ကြီးတဲ့လူ၊ ဆင်ခြင်တုံတရားကင်းမဲ့သူ ဖြစ်လိမ့်မယ်။ အဲဒီ လောဘနဲ့မောဟတွေက သူ့ကို အန္တရာယ်ပေးလိုက်ပြီ ထင်တယ်"

ဟန်မြတ်ထွန်းက လေးလေးနက်နက် ပြောသည်။

"ဒါဖြင့်. . .သူဘာဖြစ်နေသလဲဆိုတာ ခင်ဗျားသေချာပေါက်သိနေသလား"



www.burmeseclassic.com

www.burmeseclassic.com

"ခန့်မှန်းတွေးဆချက်ပါ။ ပထမ လျှောင်လှုပ်လို့ ကျုပ်နိုးလာတယ်။ ကျုပ်ရဲ့ တွဲဘက် မင်းထွန်းဟာ လုံခြုံရေးတာဝန်ချိန်မှာ တပိုတပါးသွားဖို့ တောစပ်ချုံပုတ်ကို လျှောက်သွားသတဲ့။ သူဆီးသွားနေတုန်းမှာ ခင်ဗျားတို့အုပ်စုထဲက တစ်ယောက်ယောက် တောအုပ်ထဲဝင်သွားတာကို ရိပ်ခနဲမြင်လိုက်လို့ နောက်ယောင်ခံလိုက်နေတုန်း မြေလျှောင်လှုပ်တာကြောင့် ကျုပ်ဆီကို ပြန်ပြေးလာခဲ့တယ်။ သူတွေ့ရတဲ့အကြောင်း ကျုပ်ကို သတင်းပို့နေတုန်းမှာ ဒုတိယအကြိမ် မြေလျှောင်ကြောင့် ဦးထွင့်ခေါင်မိုးတို့ နိုးလာကြပြီး အော်သံကြီးကို ခင်ဗျားတို့ ကြားရသလို ကျုပ်လည်းကြားလိုက်ရတယ်"

"ဒါဖြင့် ကိုစိန်ဘညို ဘယ်လို အန္တရာယ်မျိုး တွေ့နေသလဲဆိုတာ ရှင် ဘယ်လို တက္ကဗေဒနည်းနဲ့ ကျိုးကြောင်းဆက်စပ်သလဲ ကိုဟန်မြတ်ထွန်း"

"ဒါက လွယ်ပါတယ်၊ သိပ်မခက်ပါဘူး။ ညနေတုန်းက ကျုပ်တို့အားလုံး တွေ့ခဲ့ကြတဲ့ ရတနာသေတ္တာနဲ့ ပတ်သက်လို့ စိန်ဘညိုရဲ့ မျက်လုံးထဲမှာ အင်မတန် လိုချင်တပ်မက်စိတ် ပြင်းပြနေတာကို ကျုပ်သတိပြုမိတယ်။ ဒါကြောင့် ကျုပ်တို့အားလုံး အိပ်မောကျနေချိန်မှာ လုံခြုံရေးတာဝန်ဆောင်ရွက်နေတဲ့ မင်းထွန်းအလစ်မှာ တိတ်တဆိတ် အဲဒီရတနာသေတ္တာကို သွားဖွင့်ဖို့ ကြိုးစားတာပဲ ဖြစ်ရမယ်။ ဘယ်လိုအန္တရာယ်နဲ့ တွေ့သလဲဆိုတာတော့ အခုလို အချိန်အခါမျိုးမှာ ချက်ချင်းသွားကြည့်ချင်သပဆိုရင် မီးတုတ်နဲ့ လက်နှိပ်ဓာတ်မီး အသုံးပြုပြီး သွားကြည့်ရုံပဲရှိတယ်။ ဘယ်သူမှ မကာယ်နိုင်တော့ဘူး။ တကယ်လို့ ညအချိန်မှာ သားကောင်ရှာလေ့ရှိတဲ့ တောမုဆိုး ဟင်းမျိုးကြီးတွေရဲ့ အန္တရာယ်ဖြစ်စေ၊ ကျုပ်တို့ဘက်က ဇီဝိန်ခြွေခဲ့တဲ့ ကာဆီမူနှစ်ကောင်အတွက် လက်တုံ့ပြန်မယ့် သူ့အဖော်တွေနဲ့ဖြစ်စေ ရင်ဆိုင်ကြရရင်တော့ စိန်ဘညိုရှိမယ့် နေရာကို ရောက်ကြဖို့ထက် တမလွန်ဘဝကိုသာ ဖြတ်လမ်းက ရောက်သွားနိုင်တယ်"

ပြောလက်စ စကားကို ဟန်မြတ်ထွန်းက ခေတ္တနားသည်။ ထို့နောက် ဦးထွင့်ခေါင်မိုးတို့ သုံးယောက်အုပ်စုကို တစ်ယောက်စီ အကဲခတ်လေ့လာပြီးမှ သူ့စကားကို သူဆက်ပြောသည်။

"ကျုပ် အကောင်းဆုံးအကြံပေးချင်တာကတော့ စိန်ဘညိုကို အခုအချိန်မှာ အသက်ရှင်လျက် မတွေ့နိုင်တော့မယ့်အတူတူ ကျုပ်တို့အားလုံးအတွက်လည်း အန္တရာယ်ကင်းအောင် မနက်အရုဏ်ဦးအချိန်လောက်ကျမှ သွားရာရင် လင်းလင်းချင်းချင်း မြင်မြင်ထင်ထင်ပိုပြီးအဆင်ပြေမယ်။ ကဲ… ခင်ဗျားတို့ဆန္ဒက ဘယ်လိုလဲ။ တမလွန်ဘဝကို ဖြတ်လမ်းကတစ်ဆင့် ရောက်ချင်ရောက်ပါစေ၊ အခုချက်ချင်း သွားချင်သပဆိုရင် ကျုပ်တို့ လိုက်ပို့ဖို့အသင့်ပဲ။ ကျုပ်တို့ သုံးယောက် အရင်ဇီဝိန်ကြွေပြီးမှ ခင်ဗျားတို့အနားကို အန္တရာယ်ချဉ်းကပ်နိုင်မှာပါ။ ကျုပ်တို့ရဲ့တာဝန်ကို ပြတ်ပြတ်သားသား ကျေစေရမယ်။ ခင်ဗျားတို့ဆန္ဒကို ပြောပေတော့"

ဟန်မြတ်ထွန်းက သူ့စကားအဆုံးတွင် သက်ပြင်းတစ်ချက် ချလိုက်သည်။ သူ့အနေနှင့် ဦးထွင့်ခေါင်မင်းတို့ သုံးယောက်စလုံးသည် မည်သူကမှ စိန်ဘညိုအပေါ်တွင် သံယောဇဉ်ကြီးမားစွာထားရှိသူများ မဟုတ်ပါချေ။ ထို့ကြောင့် ဟန်မြတ်ထွန်း လမ်းကြောင်းပေးသည့်အတိုင်း နံနက်အရုဏ်တက်ချိန်ကျမှ လင်းလင်းချင်းချင်း မြင်မြင်ထင်ထင် သွားကြည့်ကြဖို့ သဘောတူကြသည်။

"ကျုပ်ရဲ့ တွက်ကိန်းအရပြောရရင် စိန်ဘညိုကို တွေ့ရမယ့်နေရာဟာ တစ်နေရာပဲ ရှိတယ်။ အဲဒါက ကျုပ်တို့ ရတနာသေတ္တာ တွေ့ခဲ့တဲ့နေရာ ဖြစ်လိမ့်မယ်"

●●●●● ●●●●● ●●●●●

အရုဏ်ဦး၏ လင်းရောင်ခြည်အောက်တွင် ဟန်မြတ်ထွန်းဦးဆောင်လျက် ရေးလွန်လေပြီးသော နှစ်ကာလပေါင်းများစွာက အုတ်ပုံကြီးဘဝသို့ ပြောင်းလဲနေရာသို့ ရောက်လာခဲ့ကြသည်။ ဟန်မြတ်ထွန်းထံတွင် မီးတုတ်အဖြစ် အဝတ်ပတ်၍ ကညင်ဆီဆွတ်ထားသော သစ်ကိုင်းတစ်ခုနှင့် ပြောင်းရှည်သေနတ်တစ်လက် ပါသည်။

အတွင်း၌ အလင်းရောင်ဟူ၍ မှုန်ရီရိုးတဝါးမျှသာ ရှိသည်။ ထို့ကြောင့် ဟန်မြတ်ထွန်း ကြိုတင်ပြုလုပ်လာသော မီးတုတ်ကို ဓာတ်မီးခြစ်ဖြင့် ခြစ်လိုက်သောအခါ လိုဏ်ဂူတွင်း၌ အရာခပ်သိမ်းသည် ပီပြင်ထင်ရှားသွားသည်။ လောကားထစ်ကိုးထစ်မျှ ဆင်းခဲ့ကြသောအခါ ရတနာသေတ္တာထားရှိရာအကန့်သို့ ရောက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန့်ခေါင်မိုး၏စကားကြောင့်
အားလုံးက
မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြင့်
ထိတ်ထိတ်ပျာပျာ
လှည့်ကြည့်လိုက်ကြသည်။
လောဘသက္ကာရကြောင့်
ရုပ်ပျက်ဆင်းပျက်
ပိုးစိုးပက်စက် အသေဆိုးဖြင့်
သေခဲ့ရသော စိန်ဘညို၏
အလောင်းကြီးပင်လျှင်
သူတို့မျက်မှောက်၌
ရှိနေခဲ့ဖြစ်သည်။

ရတနာသေတ္တာအနီးတွင် မှောက်လျက်သား အသက်ရှူရပ်နေသော စိန်ဘညိုကို တွေ့ရသည်။ သူ၏ခန္ဓာကိုယ်သည် တွန့်လိမ်ကွေးကောက်နေသည်။ သူ၏ဦးခေါင်းမှ ထွက်သောသွေးများက အိုင်ထွန်းနေသည်။ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော ဓားဦးချွန်တစ်လက်ကို တွေ့ရသည်။

"သူ့လက်ထဲက ဓားဦးချွန်နဲ့ ရတနာသေတ္တာအဖုံးကို ဖွင့်ဖို့ကြိုးစားနေတုန်းမှာ အန္တရာယ်ဖြစ်သွားတာပါ။ ဒီအန္တရာယ်ဟာ တခြားလူတစ်ယောက်တော့ မဖြစ်နိုင်ဘူး"

"ဘာကြောင့် ခင်ဗျား အဲဒီလိုပြောနိုင်လဲ။ အဲဒီသေတ္တာထဲမှာ မကောင်းဆိုးဝါးသတ္တဝါတစ်ကောင် ရှိနေတာရော မဖြစ်နိုင်ဘူးလား"

ဦးထွန့်ခေါင်မိုးက စောဒကတက်သည်။

"ကောင်းပြီလေ။ ဒါဆို လက်တွေ့စမ်းကြည့်ရအောင်။ တကယ်လို့ ဦးထွန့်ခေါင်မိုး ယူဆသလို အထဲမှာ မကောင်းဆိုးဝါးတွေ့လိုက်ရင် ပစ်ဖို့ အသင့်ချိန်ထားကြ"

ဟန်မြတ်ထွန်းက သူ့လက်ဆွဲတော်နှစ်ယောက်ဖြစ်သော ဝင်းထွန်းနှင့် မင်းထွန်းတို့ကို အမိန့်ပေးလိုက်သည်။

ဟန်မြတ်ထွန်းက ရတနာသေတ္တာကြီး၏ သော့ပေါက်နေရာကို သူ၏လက်တွင်းမှ ပြောင်းရှည်သေနတ်ဖြင့် တည့်မတ်စွာချိန်သည်။ မောင်းခလုတ်ကို တည်ငြိမ်စွာ ညှစ်ချလိုက်သည်။

"ဒိုင်း"ခနဲ မြည်ဟိန်းသံ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ရတနာသေတ္တာအဖုံးသည် စပရိန်တစ်ခု၏ တွန်းကန်အားပမာ အရှိန်အဟုန်ဖြင့် ပွင့်ထွက်လာသည်။

"အားလုံး နောက်ဆုတ်"

အန္တရာယ်၏အရိပ်အရောင်ကို ကြိုတင်သိမြင်လိုက်သည့်ပမာ ဟန်မြတ်ထွန်းက အော်ဟစ်သတိပေးလိုက်သည်။ ထို့နောက် သူနှင့် ဝင်းထွန်း၊ မင်းထွန်း သုံးယောက်သား သေတ္တာကြီးနှင့် ခြေနှစ်လှမ်းအကွာတွင် သုံးပွင့်ဆိုင်နေရာယူလိုက်ကြသည်။ မည်သည့်မကောင်းဆိုးဝါးမှ ထွက်မလာ။

ထို့ကြောင့် ဟန်မြတ်ထွန်းက ရှေ့သို့ တရွေ့ရွေ့ ချဉ်းကပ်သွားသည်။ ဦးထွန့်ခေါင်မိုးသည် သေတ္တာတွင်း၌ မည်သည့်ရတနာများ ရှိနေသလဲဟူ၍ ရှေ့သို့ ခြေလှမ်းကျဲဖြင့် တိုးကာ ဟန်မြတ်ထွန်းကို ကျော်ဖြတ်သွားသည်။

ထိုအခါ ဦးထွန့်ခေါင်မိုးသည် ကျွန်းသေတ္တာကြီးနှင့် အနီးဆုံးနေရာယူထားသည်။ သေတ္တာကြီးထဲတွင် ရွှေရောင်သတ္တုတိုင်တစ်တိုင် မတ်မတ်ထောင်လျက် ရှိနေသည်ကို ရှေးဦးစွာ တွေ့လိုက်ရသည်။ ဖယောင်းတိုင်တင်၍ ထွန်းလေ့ရှိသော တိုင်နှင့်တူသည်။ သို့ရာတွင် ထိုတိုင်၏ ဘေးပတ်လည်တွင် ကနုတ်ပန်းနွယ်များကို လုပဆန်းကြယ်စွာ လက်ရာမြောက်ထုထားသည့် ထိုရွှေရောင်သတ္တုတိုင်၏ အောက်ခြေတွင် ရွှေဒင်္ဂါးကဲ့သို့ ရွှေပြားဝိုင်းများသည် တပြောင်ပြောင် တလက်လက် အရောင်များထွက်နေသည်။

ဦးထွန့်ခေါင်မိုးက သတ္တုတိုင် ပတ်လည်မှ လုပဆန်းကြယ်စွာ ထုဆစ်ထားသော ကနုတ်ပန်းနွယ်များကို သေချာစွာ လေ့လာနိုင်ရန် ရွှေဝါရောင်သတ္တုတိုင်ကို လှမ်းယူဆွဲကိုင်ကြည့်ရန် လက်လှမ်းလိုက်စဉ် -

"မကိုင်နဲ့ နောက်ဆုတ်"

ဟန်မြတ်ထွန်းက သူ၏ဆဋ္ဌအာရုံထဲတွင် သွေးရောင်များမြင်လိုက်သဖြင့် ဟန့်တားလိုက်သည်။ ဦးထွန့်ခေါင်မိုးက ကယောင်ကတမ်းဖြင့် သွက်လက်စွာဖြင့် ခြေတစ်လှမ်း နောက်ဆုတ်လိုက်သည်။

ဟန်မြတ်ထွန်းသည် သူ့လက်ထဲတွင် ကိုင်ထားသော ပြောင်းရှည်သေနတ်ပြောင်းဝထိပ်ဖြင့် ထိုသတ္တုတိုင်ကို ထိကပ် ပွတ်ဆွဲကြည့်လိုက်သည်။ ထိုအခါ သေတ္တာအတွင်း နံရံမှ သံမဏိဆူးချွန်များသည် ရုတ်တရက်ချက်ချင်း လှစ်ခနဲ ထိုးထွက်လာကြသည်။ ထို့နောက် ချက်ချင်း ပြန်လည်ငုပ်ဝင်သွားသည်။ သေတ္တာ

www.burmeseclassic.com

အဖုံးသည်လည်း တစ်ပြိုင်နက်တည်း ပြန်လည်၍ အံဝင်ခွင်ကျ ပိတ်သွားသည်။

"ကျုပ်အသက်ကို ခင်ဗျားကယ်လိုက်တာပဲ ကိုဟန်မြတ်ထွန်း"

ဦးထွင့်ခေါင်မိုးက သည်းထိတ်ရင်ဖိုစွာ အသံကတုန်ကယင်ဖြင့် ပြောလိုက်သည်။

"သေတ္တာရဲ့ လျှို့ဝှက်ချက်က သေတ္တာဖွင့်လိုက်တဲ့ လူတိုင်းဟာ ရွှေသားနဲ့ပြုလုပ်ထားတဲ့ တိုင်ကိုမြင်လိုက်တာနဲ့ တစ်ပြိုင်နက် သေတ္တာထဲကို ဦးခေါင်းငုံ့ပြီး သတ္တုတိုင်ကို ဆွဲကိုင်ကြည့်ကြမှာပဲ။ အဲဒီလို ဆုပ်ကိုင်လိုက်ခြင်းဟာ သေတ္တာအတွင်းမှာ တပ်ဆင်ထားတဲ့ သံမဏိအစွယ် ဆူးချွန်တွေ ထွက်လာဖို့ ခလုတ်နှိပ်လိုက်တဲ့သဘောမျိုး ဖြစ်သွားတယ်။ အဲဒီ ဆူးချွန်တွေဟာ လျှပ်တစ်ပြက် ထွက်လာပြီး အဲဒီလူရဲ့ ဦးခေါင်းတစ်ဝိုက်ကို ထွင်းဖောက်စူးဝင်လိုက်ကြတယ်။ ပြီးတော့ ဆူးချွန်တွေက မူလနေရာကို ပြန်ဝင်သွားပြီး သေတ္တာအဖုံးပါ တစ်ပြိုင်နက်တည်း ပြန်ပိတ်သွားတယ်။ အင်မတန် လက်ရာမြောက်တဲ့ တီထွင်မှုပဲ။ ကဲ···အဲဒီတော့ ကျုပ်တို့အားလုံး ဒီလိုဏ်ခေါင်းထဲက ပြန်ထွက်ကြမယ်။ စိန်ဘညိုရဲ့ သက်မဲ့ခန္ဓာကိုယ်ကို အပြင်ဘက်အထိ ဆွဲထုတ်ပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်ရင် အကောင်းဆုံးပဲ"

ဟန်မြတ်ထွန်းက အကြံပြုလိုက်သည်။

"ကျုပ်အကြံတစ်ခု စဉ်းစားမိတယ်။ အဲဒါက ဟောဟို ရွှေဝါရောင်သတ္တုတိုင်ရဲ့အောက်ခြေကို သေနတ်နဲ့ ပစ်ကြည့်လိုက်ရင် ဘယ်လိုအကျိုးသက်ရောက်နိုင်မလဲ"

ဦးထွင့်ခေါင်မိုး၏စကားကြောင့် အားလုံးက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ထိတ်ထိတ်ပျာပျာ လှည့်ကြည့်လိုက်ကြသည်။ လောဘသဘောရကြောင့် ရုပ်ပျက်ဆင်းပျက် ပုံးစိုးပက်စက် အသေဆိုးဖြင့် သေခဲ့ရသော စိန်ဘညို၏ အလောင်းကြီးပင်လျှင် သူတို့မျက်မှောက်၌ ရှိနေဆဲဖြစ်သည်။

ထိုဖြစ်ရပ်ကို သူတို့အားလုံး သင်ခန်းစာ ယူလိုက်ကြသည်။ သေတ္တာကြီးထဲမှ ရွှေပြားပိုင်းများကို ရလိုဇောဖြင့် ဆင်ကန်းတောတိုး ပြုလုပ်ခြင်းအားဖြင့် ရွှေများလည်းမရဘဲ သက်ဆိုးမရှည် ဇီဝိန်ကြွေခဲ့ရသည်မှာ မျက်မြင်ဒိဋ္ဌဖြစ်သည်။

ထို့ပြင် ရတနာသေတ္တာပေါ်တွင် ရေးထားသောစာ၊ ကျောက်သေတ္တာထဲမှ ကျိန်စာ စသည်တို့ဖြင့် အတုမရှိသော မှုန့်ထွတ်ထား ရှင်တော်မြတ်ဘုရားအတွက် ရည်စူးထားခြင်းကို အတိအလင်း ဖော်ပြထားသည်။ ထိုရတနာများကို မက်မောသူသည် လောက၊ သံသရာ နှစ်ဖြာသော အကျိုး ဆုတ်ယုတ်ခြင်းဖြင့် လောလောလတ်လတ် သာဓကပြသွားရချေပြီ။ စင်စစ်အားဖြင့် ဦးထွင့်ခေါင်မိုးသည် ထပ်ဆင့်သန်းကြွယ်သူဌေးတစ်ယောက်လည်း ဖြစ်နေသောကြောင့် သူတို့တစ်ယောက်ချင်း မဆိုထားဘိ၊ သူတို့အားလုံး၏ လက်ရှိငွေကြေးနှင့် ပိုင်ဆိုင်မှုအားလုံး ပေါင်းလိုက်သည့်တိုင်အောင် ဦးထွင့်ခေါင်မိုး၏ ကြွယ်ဝမှုနှင့်စာလျှင် အစွန်အဖျားပင် မီအံ့မထင်။

"ခင်ဗျား ဘယ်လိုစိတ်ကူးပေါ်နေသလဲဆိုတာတော့ ကျုပ်မသိဘူး ဦးထွင့်ခေါင်မိုး။ ရွှေရောင်သတ္တုတိုင်ကို လုမ်းဆွဲလိုက်ရုံနဲ့ ဇီဝိန်ကြွေနိုင်လောက်အောင် ရှေးပိသုကာပညာရှင်တွေရဲ့ အစွမ်းကို အံ့မခန်းတွေ့ခဲ့ရပြီးပြီ မဟုတ်လား။ တကယ်လို့ ခင်ဗျားပြောသလို ရွှေတိုင်ကြီးအောက်ခြေကို သေနတ်နဲ့ပစ်ချိုးတဲ့အခါ ဘယ်လိုအကျိုးသက်ရောက် ဖြစ်နိုင်မလဲဆိုတာထက် ဘယ်လိုအဆိုးဝါးဆုံးအခြေအနေမျိုး ဖြစ်သွားမလဲဆိုတာကို သဘောပေါက်သင့်တယ်"

ဟန်မြတ်ထွန်းက စကားအဆုံးတွင် သူတို့အားလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။ ထို့နောက်···

"ခင်ဗျားတို့ထဲက ဦးထွင့်ခေါင်မိုးရဲ့ စမ်းသပ်ချက်ကြောင့် အကျိုးအမြတ်တစ်ခုခု ဖြစ်ပေါ်နိုင်မယ်လို့ ယူဆတဲ့လူဟာ ဒီလိုဏ်ခေါင်းထဲမှာ နေခဲ့နိုင်တယ်။ တကယ်လို့ ကျုပ်ယူဆသလို အသက်အန္တရာယ်ဆိုးဆိုးဝါးဝါးနဲ့ မကြုံတွေ့ချင်တဲ့လူတွေဟာ ကျုပ်နဲ့အတူ လိုဏ်ပေါက်အပြင်ကို အတူတူထွက်ကြမယ်။ လောလောဆယ်တော့ စိန်ဘညိုဟာ လူတစ်ယောက်ဖြစ်နေတဲ့အတွက် တောတိရစ္ဆာန်အသေတစ်ကောင်လို ပစ်မထားခဲ့ချင်ဘူး။ ဒါကြောင့် သူ့ရဲ့ရုပ်ခန္ဓာကို ကျုပ်တို့တရွတ်ဆွဲပြီး ထုတ်သွားမယ်။ အပြင်ရောက်မှ တွင်းတူးမြေမြှုပ် သင်္ဂြိုဟ်မယ်။ ကဲ···ဝင်းထွန်းနဲ့ မင်းထွန်း။ စိန်ဘညိုရဲ့ အလောင်းကို လိုဏ်ပေါက်ဝရဲ့အပြင်ဘက် ရောက်တဲ့အထိ ဆွဲယူခဲ့ကြပေတော့"

ဟု အစီအစဉ်ပြောလိုက်သည်။

သူတို့အားလုံး တစ်ယောက်တချန်

www.burmeseclassic.com

လိုဏ်ပေါက်ဝသို့ အရောက်တိုးထွက်ကြသည်။ နောက်ဆုံး လိုဏ်ခေါင်းထဲတွင် ဦးထွင့်ခေါင်မိုးနှင့် ဟန်မြတ်ထွန်းသာ ကျန်ရစ်ခဲ့ကြသည်။

"ကျုပ်နောက်ဆုံးအနေနဲ့ ထပ်ပြီးပြောချင်ပါတယ် ဦးထွင့်ခေါင်မိုး။ ခင်ဗျား ခဏလောက် အချိန်ယူပြီးတော့ အပြန်ပြန်အလှန်လှန် စဉ်းစားစေချင်တယ်။ တကယ်လို့များ ခင်ဗျားဆန္ဒကို မပြင်တော့ဘူးဆိုရင်လည်း ရော့…ဟောဒီမှာ ခင်ဗျားသေနတ်။ ကျုပ်အပြင်ကို လွတ်လွတ်ကျွတ်ကျွတ်ရောက်တဲ့အထိ အချိန်ပေးဦး"

ဟန်မြတ်ထွန်းက ပြောင်းရှည်သေနတ်ကို ဦးထွင့်ခေါင်မိုးထံသို့ လှမ်းပစ်ပေးလိုက်သည်။ ဦးထွင့်ခေါင်မိုးက ကျင်လည်စွာ ဖမ်းယူဆုပ်ကိုင်လိုက်သည်။

"ကျေးဇူးပဲ ကိုဟန်မြတ်ထွန်း။ ကြောက်ရင်လွဲ၊ ရဲမင်းဖြစ် ဆိုတဲ့စကားအတိုင်း ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးဗျာ။ ခင်ဗျားလိုဏ်ခေါင်းအပြင်အထိ ရောက်ဖို့ အချိန်သုံးမိနစ်ပေးမယ်။ သုံးမိနစ်ပြည့်တာနဲ့ ကျုပ်ရဲ့စမ်းသပ်မှု စပြီ"

"ကောင်းပြီလေ။ ကျုပ်သွားပြီ ဦးထွင့်ခေါင်မိုး။ နှုတ်ဆက်ပါတယ်"

"ဘိုင့်ဘိုင် ကိုဟန်မြတ်ထွန်း"

••••• ••••• •••••

နှစ်မိနစ်အတွင်း ဟန်မြတ်ထွန်းက လိုဏ်ပေါက်ဝမှ ထွက်ပြီးနောက် သူတို့အားလုံး ဂူပေါက်ဝနှင့် ကိုက်တစ်ရာကျော်အကွာရှိ ကျောက်တုံးကျောက်စွယ်ကြီးအချို့ရှိရာသို့ သုတ်သီးသုတ်ပျာပြေးသွားကြ၍ ထိုကျောက်တုံးကြီးများနောက်တွင် အကွယ်အကာယူထားကြသည်။ စက္ကန့်သုံးဆယ်မျှအကြာတွင် အလွန်တရာကြောက်မက်ဖွယ် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး၏ မူလအခြေအနေများ၊ မြေပြင်အနေအထားများ တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်။

••••• ••••• •••••

ဟန်မြတ်ထွန်းဦးဆောင်လျက် မူလအလာတုန်းကနှင့်မတူ လူနှစ်ယောက်လျော့နည်းစွာဖြင့် လာလမ်းအတိုင်း ခြေဦးလှည့်ခဲ့ကြသည်။ ပေါက်ကွဲမှုနှင့်ပတ်သက်၍ သက်မောင်မောင်ကျော်နှင့် မာလာရွှေစင်တို့က မှတ်တမ်းတင်ဓာတ်ပုံများ ပြည့်ပြည့်စုံစုံ ရိုက်ယူခဲ့ကြသေးသည်။

ဇီဝိန်ကြွေနေသော စိန်ဘညို၏ ရုပ်ခန္ဓာကို မြေကျင်းတူး၍ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရသော်လည်း ဦးထွင့်ခေါင်မိုး၏ ရုပ်အလောင်းမှာ ပေါက်ကွဲပြိုကျသွားသော အလွန်တရာနက်ရှိုင်းသည့် ကျင်းကြီးတစ်ခုအတွင်းသို့ ရတနာသေတ္တာကြီးနှင့်အတူ အလိုအလျောက် မြှုပ်နှံထားပြီးသား ဖြစ်သွားလေသည်။

ထိုရတနာများသည် အလျှဒကာ ရေစက်မြေသနင်း ပြည့်ရှင်မင်းဖြစ်စေ၊ မှူးကြီးမတ်ရာ သေနာပတိဖြစ်စေ ထိုရတနာများသည် မူလအလှူရှင်များ၏ ရည်စူးခဲ့သော မူလဆန္ဒအတိုင်း ဤဘဒ္ဒကမ္ဘာတွင် ပဉ္စမနှင့် နောက်ဆုံးအကြိမ် ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင် ကိုယ်တော်မြတ်လက်ထက်တွင် ရွှေကျောင်းတော်ကြီး တည်ဆောက်ရာ၌ မလွဲမသွေ ပေါ်လာမည်မှချ ဖြစ်ပါသတည်း။

••••• ••••• •••••

ရုပ်ပြေးယာဉ် ဝှက်ထားခဲ့ရာသို့ ဟန်မြတ်ထွန်းတို့ ရောက်လာခဲ့ကြသည်။ မင်းထွန်းနှင့် ဝင်းထွန်းတို့က ရုပ်ပြေးယာဉ်ကို လုံခြုံစွာဝှက်ထားသည့်နေရာမှ ပြန်လည်ယူဆောင်လာခဲ့ကြသည်။ မြစ်လက်တက်၏ အပြန်လမ်းသည် ရေစုန်ဖြစ်သောကြောင့် သူတို့လာခဲ့စဉ်ထက် အချိန်ထက်ဝက်မျှ စော၍ရောက်ခဲ့ကြသည်။

နောက်ဆုံးတွင် ကိုယ့်လမ်းကိုယ်ပြန်ရန် ခွဲခွာကြသည်။ ဟန်မြတ်ထွန်းနှင့် မင်းထွန်း၊ ဝင်းထွန်းတို့ အမြွာညီအစ်ကိုက တစ်တွဲ၊ သက်မောင်မောင်ကျော်နှင့် မာလာရွှေစင်တို့က တစ်တွဲ ပြန်သွားကြသည်။

"ဦးထွင့်ခေါင်မိုးနဲ့ ပတ်သက်တဲ့ကိစ္စကို မှုခင်းရဲတပ်ဖွဲ့မှာ မှတ်တမ်းတင်ဓာတ်ပုံအထောက်အထားတွေနဲ့တကွ ရှင်းလင်းထွက်ချက်ပေးပြီးရင် အဲဒီပျောက်ဆုံးနေတဲ့ ရှေးဟောင်းနန်းမြို့တော်အကြောင်းကို ကျွန်မတို့ တိုင်ပင်ဆွေးနွေးပြီး စာအုပ်ထုတ်မယ့်အခါကျရင် ကိုဟန်မြတ်ထွန်းကို အကူအညီတောင်းရင် ကူညီမှာလားရှင်"

ဟု၍ မာလာရွှေစင်က မေးသည်။

"ရပါတယ်ဗျာ။ ကျွန်တော်တတ်နိုင်သလောက် ကူညီဖို့ ဝန်မလေးပါဘူး"

ဟု၍ ဟန်မြတ်ထွန်းက ပြုံးပြုံးရွှင်ရွှင် ကတိပြုလိုက်လေသည်။

ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com

# တောဆင်ရိုင်းများအန္တရာယ် လူခြောက်ယောက်သေဆုံးသွား



ကမ္ဘာတွင် တောဆင်ရိုင်းများ ကောင်ရေသည် ရှေးကထက် ပိုနည်းလာသော်လည်း အာရှတိုက်နှင့် အာဖရိကတိုက်ရှိ တောနက်များတွင် တောဆင်ရိုင်းများသည် ရှိနေသေး၏။

အာရှတိုက်အရှေ့တောင်ပိုင်းနိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်း စသော နိုင်ငံများ၌ တောဆင်ရိုင်းများသည် ပူပြင်းသော နွေရာသီကာလများ၌ တောထဲ၌ အစာရေစာ ပြတ်လပ်သည့်အခါ အစာရေစာအတွက် လူနေကျေးရွာများအနီးသို့လာ၍ အစာများကို ရှာဖွေစားသောက်တတ်ကြ၏။ အထူးသဖြင့် တောဆင်ရိုင်းများသည် တိတ်ဆိတ်သော ညကာလများ၌ တောနက်ထဲမှ ထွက်လာတတ်ကြ၏။

ထိုင်းနိုင်ငံအရှေ့ပိုင်း ရာယောင်းခရိုင်၏ တောတွင်းသွား ကားလမ်းပေါ်၌ ၂၀၁၄၊ မတ်လ ၁၂ ရက်၊ နံနက် ၃ နာရီကျော် ၄ နာရီခန့်၌ စင်ကာပူနိုင်ငံသား ဂျိုနသန် ဆိုသူသည် အရောင်းအဝယ်ကိစ္စဖြင့် ဆလွန်းကားတစ်စီးဖြင့် အထက်ဖော်ပြပါ တောလမ်းအတိုင်း သွားစဉ် လမ်းပေါ်၌ တောဆင်ရိုင်းသုံးကောင်နှင့်တွေ့ရာ ကားသည် တောဆင်ရိုင်းတစ်ကောင်ကို တိုက်မိပြီး လမ်းနံဘေးသို့ ကျသွား၏။ (ပုံ) ကားပေါ်၌ ဂျိုနသန်အပါအဝင် လူလေးယောက်လိုက်ပါခဲ့ရာ လူသုံးယောက်မှာ (ယာဉ်မောင်းအပါအဝင်)မှာ အဆိုပါ တိုက်မှုဖြစ်ရာနေရာ၌ပင် ကားမှောက်သွားခြင်းကြောင့် ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားကြပြီး၊ စင်ကာပူနိုင်ငံသား ဂျိုနသန်မှာမူ အနီးဆုံးဆေးရုံသို့ ရောက်သောအခါမှ သေဆုံးသွားသည်ဟု ဆေးရုံမှတာဝန်ရှိသူနှင့် ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောပြ၏။

ဂျိုနသန်တို့ စီးသွားသောကားနှင့် တောဆင်ရိုင်းတို့တွေ့ပြီး များမကြာမီမှာပင် ထရပ်ကားတစ်စီးသည် ရောက်လာပြီး လမ်းပေါ်၌ပင်ရှိနေကြသေးသော တောဆင်ရိုင်းများနှင့် တွေ့ပြန်ရာ ထရပ်ကားမောင်းသူသည် တောဆင်ရိုင်းများကို ရှောင်လိုက်စဉ် ထရပ်ကားသည်လည်း မှောက်သွားပြန်၍ ထရပ်ကားပေါ်တွင် လိုက်ပါလာသူနှစ်ယောက်မှာ သေဆုံးသွားပြီး ထရပ်ကားမောင်းသူမှာမူ သေဘေးမှလွတ်မြောက်ကာ နောက်ကြောင်းသို့ ခြေလျင်ခရီးဖြင့်ပြန်သွား၍ အနီးဆုံးရဲစခန်းသို့ ဖြစ်ရပ်ကို ပြောပြသောကြောင့် ရဲတို့နှင့် ကယ်ဆယ်ရေးဝန်ထမ်းများ ထိုအခင်းဖြစ်ပွားရာနေရာသို့ ရောက်လာကြသည်ဟု သိရ၏။

"ဆင်တွေရဲ့ အရောင်က ညိုမည်းမည်းဆိုတော့ ကျွန်တော်လည်း အနားရောက်တော့မှပဲ ဆင်တွေကို မြင်တော့တယ်။ ဒါကြောင့် အမြန်ဆုံး ဘရိတ်ကို နင်းလိုက်ပေမယ့် လို့ ဆင်တစ်ကောင်ကို တိုက်မိပြီး ကားမှောက်သွားတော့တာပဲ"ဟု ထရပ်ကားမောင်းသူက ရဲတို့ကို ပြောပြ၏။

သေဆုံးသူများတွင် ဂျိုနသန်တစ်ယောက်သာ စင်ကာပူနိုင်ငံသားဖြစ်ပြီး ကျန်လူများမှာ (တစ်ယောက်မှာ အမျိုးသမီး) ထိုင်းနိုင်ငံသားများသာ ဖြစ်ကြ၏။


စင်ကာပူနိုင်ငံသား ဂျိုနသန်အတွက် ထိုင်းနိုင်ငံ စင်ကာပူသံရုံးမှ လိုအပ်သလို အကူအညီများပေးသည်ဟု သိရ၏။

***TST-13.3.2014***



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဆောင်းအကုန် နွေအကူး … ခြောက်သွေ့ရာသီ။

မြို့အဝင်ကစားကွင်းတွင် ဇာတ်ရုံကြီးက ဝှင့်ဝင့်ထည်ထည်နှင့်။ သည်ဇာတ်ရုံတွင် ကသွားသည့် ဇာတ်အဖွဲ့စုံသည်။ သည်ညတော့ ရွှေမန်းသဘင်ဇာတ်အဖွဲ့ ကမည်။ ဖျာခ၊ ရုံဝင်ခဈေးကြီးပေမယ့် အောင်ဖြိုးတို့က မပူပါ။ တစ်ရေးနိုး ရုံဖွင့်ချိန် သွားကြည့်လိုက်သည်။ သည်လို ပွဲခင်းညမျိုးဆိုလျှင် ဖြိုးကြီးတို့ ညီအစ်ကို ပျော်သည်။ ဇာတ်ရုံမှ သီချင်းသံများ ဆူဆူညံညံ လွင့်ပျံ့လာပြီကို ကြားလိုက်တာနဲ့ တရှူရှူဖြစ်လာပြီ။ ခြားရဟတ်ဘက်မှ တဟေးဟေးအော်သံ၊ အဝတ်အထည် အရောင်းဆိုင်မှ လာပါ ဝယ်ပါ လှူခေါ်သံ၊ ရုပ်ရှင်အတိုအထွာလေးများပြသည့် ရွက်ထည်ရုံလေးဘက်မှ ရုပ်ရှင်ကြော်ငြာသံတွေက သူတို့ကို ဖိတ်ခေါ်နေသလိုလို။

"ဖြိုးကြီးရေ … ငါတို့ ပွဲခင်းထဲလျှောက်ရအောင်ကွာ …"

"မင်းမှာ မုန့်ဝယ်စားဖို့ ပိုက်ဆံရှိလို့လား"

တိုးလေး မေးခွန်းကို ခေါင်းခါပြလျက် ဖြိုးကြီး အိမ်ထဲမှ ထွက်လိုက်သည်။

"ပိုက်ဆံရှိရန် မလို"ဟု တိုတိုတောင်းတောင်းပြောပြီး ရှေ့မှလျှောက်နှင့်သည်။ တိုးလေးသည် ထိုင်မနေနိုင်တော့ဘဲ နောက်မှလိုက်ရပြီ။ ညစာကိုစောစောစားထားပြီးသားဖြစ်၍ ဗိုက်မဆာလှ။ ပွဲဈေးလျှောက်ချင်ရုံသက်သက်ဖြင့် ဈေးဆိုင်တန်းကို ပတ်လျှောက်သည်။ ညောင်းလာတော့မှ ရုပ်ရှင်အပိုင်းအစများ သုံးကားပေါင်းတစ်ရာပြသော ရွက်ထည်ရှေ့ သွားရပ်သည်။

"လာနော် … ရပ်ကြည့်လို့အမြတ်မရှိဘူး။ တစ်ရာပေးပြီး ရုံထဲဝင်ကြည့်မှ အမြတ်ရှိမှာ။ ကဲ … ကဲကန့်လန့်ကာလေး ဖွင့်ပြလိုက်ပါဦး"

ရွက်ထည်ရုံရှေ့တွင် တိုးတိုးဝှေ့ဝှေ့ ရပ်ကြည့်နေကြသော လူစုရှိသည်။ ရုံအဝင်ပေါက်စောင့်သူကစကားပြောလက်စက်လေးဖြင့် ခေါ်နေသည်။ အဖော်တစ်ယောက်က ပိတ်ထားသော ကန့်လန့်ကာကို တရွေ့ရွေ့ဖွင့်ပြသည်။ နှုတ်မှလည်း တကြော်ကြော် …

"ဒီမှာကြည့်ပါ …။ တီကောင်အန္တရာယ် ကြောက်မက်ဖွယ်ကား။ လူကို ဆေးထိုး၍ မြွေဖြစ်သွားခြင်း၊ လေဆာရောင်ခြည်ကြောင့် လူအညေပျော်သွားခြင်း၊ သုံးကားပေါင်းမှ … တစ်ရာပါ။ ကဲ … ကန့်လန့်ကာလေး ပြန်ပိတ်ပါ။ ကျန်တာ ပိတ်ကားပေါ်မှာ ရုံထဲမှာ အားပေးကြပါ ခင်ဗျာ"

စိတ်ဝင်စားစွာ ကြည့်နေစဉ် ကန့်လန့်ကာပိတ်သဖြင့် ဆန့်တင့်င့်။ လူကောင်က ဆယ့်နှစ်နှစ်ဆိုသော အရွယ်နှင့် မလိုက်အောင် သေးကွေးပုညှက်ကြသဖြင့် ရှေ့ကိုမမြင်ရ။ ခြေဖျားထောက်လျက် လည်တမော့မော့နှင့် ကြည့်ရစမြဲ။

ဖြိုးကြီးက မချင့်မရဲဖြင့် …



www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ . . . ကောင်းလိုက်တဲ့ကားတွေ။ လူကို ဆေးထိုးလိုက်တာနဲ့ တဖြည်းဖြည်း မြွေဖြစ်သွားတာနော်။ နောက် ဘာဆက်ဖြစ်လဲဆိုတာ ကြည့်ချင်လိုက်တာကွာ . . ."

"အဲဒါထက် ပိုကောင်းတာ ဟိုကားကွ။ ရဟတ်ယာဉ်ပေါ်ကနေ ဓာတ်ရောင်ခြည်လိုလို အရောင်တွေ ဖျာကျလာတာနဲ့ လူက အရည်ပျော်သွားတာ။ ငါ ကြည့်ချင်လိုက်တာကွာ။ ပိုက်ဆံလည်း မရှိဘူး"

အကြိုက်ချင်း မတူသူနှစ်ဦးဖြစ်၍ အမြင့်ငြင်းနေကျအတိုင်း ငြင်းပြန်၏။ ပိုက်ဆံ ဘယ်ကရှာရမလဲဟု ခေါင်းချင်းဆိုင်ကြပြန်ပြီ။ နောက်တစ်ခါ ကန့်လန့်ကာ ဖွင့်ပြဦးမည့်အချိန်ကို မစောင့်နိုင်ဘဲ ဓာတ်ရုံထဲ ဝင်ခဲ့ကြတော့သည်။

"ဟာ . . . ကန့်လန့်ကာကြီးက ကတ္တီပါကြီးနော်။ လှလိုက်တာ။ ဆိုင်းဝိုင်းကြီးကလည်း ဟီးနေတာပဲ။ လာဟေ့ . . . ဒီ ပက်လက်ကုလားထိုင်တွေမှာ ခဏထိုင်ရအောင်"

"ရုံခါရင် ထွက်ရမှာနော် တိုးလေး၊ လူတွေကြားထဲ ညပ်ဦးမယ်"

"အေးဆေးပါ"

နှစ်ယောက်သား ကုလားထိုင်တစ်လုံးစီဖြင့် ဇိမ်ယူနေကြသည်။ ခေတ်ပေါ်တီးဝိုင်းနှင့် မြန်မာ့ဆိုင်းဝိုင်းကြီး တစ်လှည့်စီ တီးမှုတ်ဖျော်ဖြေခဲ့သည်ကို ဇိမ်ခံနားထောင်ကြသည်။ ဖျာဝယ်သူ၊ ဖျာရောင်းသူ၊ ဖျာနေရာရှာသူများဖြင့် သူတို့ရှေ့မှာ ခြေရှုပ်နေကြသည်။ ဖျာနံပါတ်တပ်ထားသဖြင့် ငြင်းခုန်နေသူလည်းရှိ၏။ အဝတ်အဆင် တောက်တောက်ပပဖြင့် စားစရာ ခြင်းကြီးခြင်းငယ်များဆွဲ၊ ချိုင့်တွေ၊ ရေသန့်ဘူးများဆွဲ၍ ပွဲလာကြည့်သူများ မြင်ရသည်မှာ စိတ်ရှုပ်စရာ။

"ဓာတ်ပွဲလာကြည့်တာလည်း မင်္ဂလာဆောင်လာတာကျနေတာပဲ"

ဖြိုးကြီးက ကဲ့ရဲ့စကားဆိုသည်။ တိုးလေးက ရယ်မောလျက် . . .

"ငါတို့လို အကျီအဟောင်းနဲ့ လာကြည့်လည်း ရတာပဲများ"

လှောင်ရယ်စကားဖြင့် တဟိဟိ ရယ်ပွဲဖွဲ့ကြသည်။

"ဟာ . . . ဖြိုးကြီးရေ ဟိုမှာကြည့်စမ်း။ လမ်းထိပ်ဆံပင်ညှပ်ဆိုင်က အစ်ကိုကြီးမဟုတ်လား။ သူက ဘာဖြစ်လို့ နေ့ချင်းညချင်း အခြောက်ဖြစ်သွားတာလဲ။ ကြည့်လေ ကန္တဲ့ ကလျှနဲ့။ မျက်နှာကလည်း အလှပြင်ထားသေးတယ်"

အောင်တိုး (ခေါ်) တိုးလေးက အံ့အားတသင့် ပြောသည်။ ဖြိုးကြီးကတော့ မအံ့ဩပါ။ သူသိခဲ့တာကြပြီ။ စကားမစပ်၍ တိုးလေးကို မပြောဖြစ်ခဲ့။ ခုမှ မြင်တွေ့လိုက်သော တိုးလေးက မျက်လုံးအပြူးသားနှင့်။

"ဟာကွာ . . . ယောက်ျားစစ်စစ်ကြီးက နွဲ့နေလိုက်တာ။ နောက်ကနေ ဆောင့်ကန်ပစ်ဖို့ကောင်းတယ်"

"မင်းကလဲကွာ . . . ဒါများ အဆန်းလုပ်လို့၊ နေ့ဘက်မှာယောက်ျားလုပ်နေပြီး ညနေ နေဝင်တာနဲ့ မိန်းမစိတ်ပေါက်ပြီး အလှပြင် လမ်းသလားနေတဲ့လူတွေမှ အများကြီး"

ဖြိုးကြီးက ဟိုဒီဝေ့ကြည့်လျက်ပြောနေသည်။ မကြာမီ ရုံခါခေါင်းလောင်းထိုးသဖြင့် နှစ်ယောက်သား ရုံပြင်သို့ တိုးဝှေ့ထွက်ခဲ့ကြသည်။ ပွဲဈေးတန်းကို ဖြတ်လျှောက်စဉ် ထမနဲ၊ မုန့်ဆီကြော်နံ့၊ ဘူးသီးကြော်နံ့၊ မုန့်ဟင်းခါးနံ့ အနံ့ပေါင်းစုံ နှာခေါင်းဝသို့ တိုးဝှေ့လာသည်။ ခုမှ ဆာလောင်မှုကို သတိပြုမိသည်။ ဒါပေမယ့် ဝယ်စားရန် ပိုက်ဆံမရှိသဖြင့် တံတွေးကိုသာ တွင်တွင်မျိုချကြရပြီ။

* * *

အောင်ဖြိုးနှင့် အောင်တိုးတို့က အမြွှာညီအစ်ကို။ သည်ရပ်ကွက်ထဲတွင် သူတို့ကို မသိသူမရှိ။ ဆင်းရဲသည့်မိဘမှ မွေးဖွားလာသူများဖြစ်၍ ပြည့်ပြည့်ဖြိုးဖြိုး မရှိကြပေ။ ယခုလို အသက်ဆယ့်နှစ်နှစ်အထိ အသက်ရှည် ကြီးပြင်းလာခြင်းအတွက် သူတို့အမေက ပြောမဆုံး။

"အံ့ပါရဲ့ဟယ်။ မဝရေစာ စားနေရတာတောင် အသက်ရှည်ကြသေးတယ်"

အမေ ဘယ်လိုပြောပြော သူတို့ညီအစ်ကိုက အပြုံးမပျက်ကြ။

"အမေက မဝရေစာ ကျွေးပေမယ့် သားတို့က ကိုယ့်ဗိုက်ဝအောင် ကိုယ့်ဘာသာ ရှာစားကြသေးတာကိုး အမေရဲ့။ စိတ်မပူပါနဲ့"

သူတို့အပြောကို အမေက မျက်စောင်းခဲလျက် မဲ့ပြုံးပြုံးနေကျ။ အောင်ဖြိုးနှင့် အောင်တိုးဟု အမည်ပေးထားသော်လည်း "ဖြိုးကြီး၊ တိုးလေး"ဟု အလွယ်ခေါ်ကြသည်။ ဖြိုးကြီးက အနည်းငယ်ဝသယောင်ရှိပြီး တိုးလေးကတော့ ပိန်ပိန်သေးသေး၊ အရပ်ပုပု၊ မျက်နှာထားတည်တည်နှင့် ၅ မိနစ်သာခြားပြီးမွေးသော်လည်း လူပုံချောက်ကွာသည်။

www.burmeseclassic.com

ရုပ်ချင်းမတူသလို၊ စိတ်ချင်းလည်း မတူကြ။ မိဘက ဂရုတစိုက် ပြုစုယုယခြင်း မရှိ။ ဖြစ်သလိုစားပြီး ကြီးပြင်းခဲ့ရသည်။ ထို့ကြောင့် စရိုက်ချင်းလည်း မတူကြ။ အစအနောက်သန်သော ဖြိုးကြီးက မကြာခဏ ရန်ဖြစ်ပြီး ငါးမျှား၊ ငါးရှဉ့်ချိတ်လေ့ရှိသည့် တိုးလေးကတော့ တစ်ကိုယ်တည်း ငြိမ်ငြိမ်သက်သက်နေတတ်သည်။ ဖြိုးကြီးရန်ဖြစ်လျှင် တိုးလေးက ဝင်ကူလေ့မရှိသလို၊ တိုးလေး ငါးမျှားရာသို့လည်း ဖြိုးကြီးမလိုက်။ သူတို့တူတာဆို၍ ကျွမ်းကျင်ခြင်းသာ ရှိသည်။ ဖြိုးကြီးတို့အဖေက ရံဖန်ရံခါတွင် ...

"မင်းတို့နှစ်ယောက်ကွာ ... တစ်ယောက်က သမီးလေးဖြစ်ရင် ငါတို့အတွက် အကူအညီရဦးမယ်။ ခုတော့ တစ်ယောက်မှ အဖြစ်မရှိဘူး"

ဟု ညည်းပြော ပြောတတ်သည်။ ဖြိုးကြီးက တဟင်းဟင်း ရယ်မောလျက် ...

"ဒါဆိုလည်း ... တိုးလေးကို ညနေတိုင်း မိန်းမလိုဝတ်ပေးပြီး ပွဲခင်းထဲလွှတ်လိုက်ပါလား အဖေရဲ့။ အဖြစ်ရှိသွားမှာပေါ့ ဟီး ... ဟီး"

ဖြိုးကြီးပြောတိုင်း တိုးလေးက လက်သီးထောင်ပြတတ်စမြဲ။ ဖြိုးကြီးအဖေက ညဘက်ကုန်ထမ်းသော အလုပ်သမား။ အလုပ်ကို ဟုတ်တိပတ်တိ မကြိုးစားဘဲ လစ်တာနှင့် ဒိုးစက်ကစားသည်။ သူများတိုက်သော အရက်ကို သောက်ပြီး မူးလဲနေတတ်သည်။ ဖြိုးကြီးတို့အမေက အလုပ်ပျင်းသော ယောက်ျားကို ဆူပူ၊ ရှိသမျှ ပိုက်ဆံလေးထဲမှ နှစ်လုံးထီထိုး။ တစ်နေကုန် စာရွက်သောပင်ဖြင့် တွက်ချက် အချိန်ဖြုန်းသည်။ အိမ်လည်စကားပြော၊ ချဲတွက်နေသည်။

ဒီလို မိသားစုတွင် အမြွှာဖြစ်နေသော ဖြိုးကြီးတို့နှစ်ဦးမှာ ပေပေတေတေဖြစ်နေတာ မဆန်းလှ။ နေသာသလို ပျော်သလို နေကြတော့သည်။ ကိုယ့်ဝမ်းကိုယ်ဖြည့်ပြီး တစ်နေကုန် လမ်းထွက်နေကြသဖြင့် ငှားနေသည့် တစ်ဘက်ရမ်ပုံနှင့် တဲအိမ်လေးတွင် အိပ်ချိန်သာ ဆုံကြသည်။ ဇာတ်ပွဲရှိသော ညများတွင် ဖြိုးကြီးတို့ညီအစ်ကို ဇာတ်ရုံထဲ ပုဆိုးခြုံကွေးကြသည်သာ။

"တောက် ... သုံးကားပေါင်း တစ်ရာတဲ့။ တို့နှစ်ယောက်ဆိုရင် နှစ်ရာ"

"အေးကွာ ... ပိုက်ဆံရအောင် ဘယ်လိုရှာကြမလဲ"

ဖြစ်သမျှနှင့် နေတတ်၊ စားတတ်သော ဖြိုးကြီးတို့နှစ်ယောက် ပိုက်ဆံရှာရန် တွေးရပြီ။ ခေါင်းချင်းဆိုင်တိုင်ပင်ပြီးနောက် အကြံတစ်ခု ရသွားသည်။

"ဖြိုးကြီးရေ ... ငါတို့ ဒီည ဇာတ်ရုံဖွင့်ချိန် စောင့်ကြမယ်ဟေ့။ ရုံဖွင့်ရင် ရုံထဲဝင်ထိုင်ပြီး ပွဲအရင်ကြည့်မယ်"

"အိပ်ချင်တော့ရော ..."

"လွှတ်နေတဲ့ ဖျာတွေ၊ ကုလားထိုင်တွေ ရှိသားပဲ။ ပုဆိုးခြုံ ကွေးကြမှာပေါ့"

တိုးလေး၏ ရယ်ဟဟအပြောကြောင့် ဖြိုးကြီး ခေါင်းငဲ့ကြည့်သည်။ ညစ်ထေးထေး။ တိုနံ့နံ့ တိုးလေးပုဆိုးကို ကြည့်၍ပြုံးသည်။ ကွေးခြုံ၍ လုံနိုင်စရာ မရှိ။ ဒါပေမယ့် တိုးလေး၏ အကြံကို လက်ခံချင်သည်။ ဘယ်လိုနည်းနဲ့ ပိုက်ဆံရနိုင်မည်ကို တိုးလေး သိထားပုံရ၏။ မယုံမရဲလေသံဖြင့် ...

"ဇာတ်ရုံထဲမှာ အိပ်ရုံနဲ့ ပိုက်ဆံရစရာ ရှိလို့လား"

ပေစောင်းစောင်း မေးသည်။

"အ,ပါ့ကွာ။ မိုးလင်းလို့ လူတွေပြန်သွားရင် ဖျာချပ်တွေ လှန်ပြီး ရှာကြမယ်လေ။ ကျပျောက်ပြီး ပြန်မရှာတာတွေ ရှိမှာပေါ့။ ပစ္စည်းပစ္စယလေးတွေ တွေ့တော့လည်း စုပြီး ကုလားဆိုင်မှာ သွားရောင်းမှာပေါ့။ လက်ထဲငွေရောက်ပြီလေ ... ဟဲ ... ဟဲ"

ပညာရှိကြီးပုံစံဖြင့် မေးကို လက်မနှင့် လက်ညှိုးညှပ်၍ တညိတ်ညိတ် လုပ်နေသည်။ လူကောင်သေးသေးနှင့် ဉာဏ်အကြီးကြီး ထွက်ပါပေရဲ့ဟု ချီးမွမ်းသည်။ တိုးလေးကို ကျေနပ်သော အကြည့်ဖြင့် ကြည့်လျက် ...

"အေးကွာ ... ဘာပဲ လုပ်ရပါစေ၊ လူကိုဆေးထိုးလို့ မြွေဖြစ်သွားတဲ့ ကားကြည့်ရရင် ကျေနပ်ပြီ။ ဟာ .. နေဦးကွ။ အမေဆူရင် ဘယ်လိုလုပ်မလဲ"

"အမေက မဆူအားပါဘူးကွာ။ တစ်ရေးနိုးရင် နှစ်ပါးသွားရုံဖွင့်ကို လာကြည့်ဦးမှာ။ ရုံဝင်ခ မပေးရတော့ဘူးတဲ့။ ငါတို့ကို သတိရမှာတောင်မဟုတ်ဘူး"

ပူပန်စိတ်ဖြင့်ပြောသော ဖြိုးကြီးကို တိုးလေးက နှစ်သိမ့်သည်။ နှစ်ယောက်သား စိတ်တူကိုယ်တူ တိုင်ပင်ပြီး ဇာတ်ရုံထဲရောက်အောင် တိုးဝှေ့ဝင်လိုက်၏။ ဖျာလွှတ်များရှိရာသို့ တရွေ့ရွေ့သွားပြီး ဇာတ်ခုံထိုင်ကြည့်သည်။ လူရွှင်တော်များ၏ ပြက်လုံးများကို တဟားဟား လိုက်ရယ်သည်။

www.burmeseclassic.com

အဓိပ္ပာယ်တော့ သိပ်မသိလှ။ တိုးလေး
က ...

"ဘာတွေပြောမှန်း မသိဘူး။ နားကိုမလည်ဘူး"

"မင်းနဲ့ငါက ကလေးကိုး။ လူကြီးတွေကျတော့ သိမှာပေါ့"

ဖြိုးကြီးနှင့် တိုးလေးတို့ စကားတွတ်ထိုးပြီး ပုဆိုးခြုံကွေးတော့၏။ ပွဲခင်းထဲ ဆိုင်းသံဗုံသံဖြင့် အိပ်ရခြင်းကို သူတို့ကြိုက်သည်။ ဇာတ်မင်းသား၏ သီချင်းသံအကြား အိပ်၊ နှစ်ပါးခွင် အပြီး နိုး၊ မိုးလင်း၍ ဇာတ်ပွဲကြည့်သူများပြန်သွားလျှင် ဖျာများကို လှန်လှော၍ ရှာဖွေရေးလုပ်ကြပြီ။ ပိုက်ဆံရရ၊ ပစ္စည်းရရ၊ စားစရာရရ အရှုံးမရှိ။ အကြံတူ ညဏ်တူ တခြားကလေးများ ရှိသဖြင့် ဖြိုးကြီးနှင့် ရန်စောင်ကြသေးသည်။ ပုဆိုးစလွယ်သိုင်းထဲ ရသမျှ ပစ္စည်း ထိုးကြိတ်ထည့်သည်။

ရှာဖွေစုဆောင်းလိုက်သဖြင့် ရာတန်၊ ငါးဆယ်တန်များနှင့် ဆီးထုပ်၊ ပြောင်းဖူး၊ အာလူးကြော်ထုပ်၊ ရေသန့်ဘူးခွံ စသည်ဖြင့် ရလိုက်သည်။ မိုးလင်းစဖြစ်၍ ပွဲပြန်များနှင့် ရောနှော ပြန်ခဲ့ကြသည်။

"ဒီညတော့ သုံးကားပေါင်းတစ်ရာ ရုပ်ရှင်ရုံထဲ ဝင်ကြည့်မယ်ကွာ"

"အေးပါ ... ရုံထဲစောစောဝင်ပြီး ရှေ့ဆုံးကဖျာမှာ ထိုင်မယ်"

နှစ်ယောက်အတူ စိတ်လက်ရွှင်လန်းနေကြပြီ။ နံနက်စောစော ပြန်ဖွင့်သည့် လက်ဖက်ရည်ဆိုင်မှ စားပွဲထိုး အသံကို ကြားရသည်။ အဖေမနိုးမီ အိမ်ထဲအသာဝင်ရန် ခြေလှမ်းသွက်သွက် လှမ်းရသည်။ ပစ္စည်းတိုလီမိုလီ ထည့်ရန် ပုဆိုးကို စလွယ်သိုင်းထားရသဖြင့် ဘောင်းဘီတို မပါတာကို သတိမရတော့။

***

ပူပြင်းခြောက်သွေ့သော နွေရာသီ။

ရွက်ဝါကြွေချိန် ရေခန်းခြောက်ချိန်ဖြစ်၍ မီးဘေးအန္တရာယ် ကြောက်ရချိန်လည်း ဖြစ်သည်။ ညစဉ်ပင် အရံမီးသတ်တပ်ဖွဲ့များမှ ရပ်ကွက်အတွင်း လှည့်လည်နှိုးဆော်သံကို ကြားရပြီ။ မီးကပ်၊ မီးချိတ်နှင့် သဲအိတ်များ၊ ရေအိတ်များ အဆင်သင့် ပြုလုပ်ထားကြရန်၊ မီးကြွင်းမီးကျန်များ မီးခွက် မှန်အိမ်များကို သေချာစွာ ငြိမ်းသက်ပြီးမှ အိပ်ကြရန်၊ မီးဖိုမီးများကို ကန့်သတ်ချိန်အတွင်းသာ သုံးစွဲကြရန် စသည်ဖြင့် မီးဘေးအတွက် ကြိုတင်သတိပေးထားသည်။ မီးသုံးစွဲရန် ခွင့်ပြုချိန်ကိုလည်း ကြေညာထားသည်။ အထူးသဖြင့် ခေါင်မိုးချင်း ထိစပ်နေသော ဓနိမိုး ထရံကာ၊ တစ်ခြမ်းကွက် အိမ်များ စိုးရိမ်ရသည့် ကာလ။

ဖြိုးကြီးတို့၏ အဖေနှင့်အမေက သူတို့နှင့် မဆိုင်သလို နေကြသည်။ ခြေဆော့လက်ဆော့သန်သည့် သားနှစ်ယောက်ကို မီးနှင့်ပတ်သက်၍ ဆုံးမခြင်း မရှိ။ သတိပေးတားမြစ်ခြင်း မရှိ။ မီးကပ် မီးချိတ်လုပ်စရာလည်း မရှိ။ ပေါ့ပေါ့သာ နေ၏။

"နင်တို့အဖေ ကပ်တီးမှူးလဲ တော့ ညက တော်တော်များလို့ထင်ပါ့။ ဒီမနက် ခေါင်းစိုက်ပြီး ပြန်လာတယ်။ ဟိုမှာတွေ့လား။ အိပ်နေပြီ။ နင်တို့ ရှိတာနဲ့စားကြ၊ ကစားချင်လည်း သွားကြ"

ညဘက် ကုန်ထမ်းအလုပ်လုပ်သော ဖြိုးကြီးတို့အဖေ၏ ရသမျှငွေဖြင့် ဆန်၊ ငါးပိ၊ ကန်စွန်းရွက်ဝယ်၍ ချက်သည်။ အရက်ရှိန်လေးနှင့် မူးလဲအိပ်ပျော်နေသော အဖေကိုကြည့်၍ သူတို့ရယ်ကြသည်။ ညက ဇာတ်ပွဲကို တစ်ရေးနိုးထကြည့်သော အမေလည်း အိပ်ပြီ။ သူတို့ ညီအစ်ကိုနှစ်ယောက် ထမင်းကို ငါးပိရည်ရွှဲရွှဲဆမ်း၍ စားလိုက်ကြသည်။ ကိုယ်တွင်ဝတ်ထားသော ပုဆိုးဖြင့် လက်သုတ်၍ အိမ်မှ ထွက်ခဲ့ကြပြီ။

"ငါက တောက်ခုံပိုင်းမှာ ကြည့်နေမလို့နော်။ သူတို့ ခိုင်းတာလေးတွေ လုပ်ပေးရင် ပိုက်ဆံနည်းနည်းရမှာပေါ့"

ဖြိုးကြီးက နှုတ်ဆက်လျက် သူရှိမည့်နေရာကို ညွှန်သည်။ တိုးလေးက ပုဆိုးတင်းတင်းစည်းပြီး ...

"ငါကတော့ ငါးရှဉ့်သွားမျှားဦးမယ်။ ဒီည ထမင်းစောစောစားပြီး ပွဲခင်းထဲ စောစောသွားကြမယ်။ လက်ထိုးရုပ်သေးပွဲလည်း ကြည့်မယ်။ လူကနေ လေဆာရောင်ခြည်ကြောင့် အရည်ပျော်သွားတဲ့ ကားလည်း ကြည့်မယ်"

"ငါလည်း ဝက်သားတုတ်ထိုး စားမယ်။ သုံးကားပေါင်း မိုးလင်းတဲ့ ရုပ်ရှင်လည်း ကြည့်မယ်။ ဟဲ ... ဟဲ"

နှစ်ယောက်သား အတွေး ကိုယ်စီအကြံကိုယ်စီဖြင့် လမ်းခွဲကြသည်။ ညနေ ပြန်ဆုံကြမည်။ ဆုံးမသွန်သင်ခြင်းမရှိသော မိဘများကို ကျေးဇူးတောင်တင်သေး။ လွတ်လပ်မှုအပြည့်အဝဖြင့် ကိုယ်ထင်ရာစိုးနိုင်သည့် အခွင့်အရေးကို ရထားသည်။

ညနေစောင်း ဆည်းဆာချိန်လေးတွင် အိမ်သို့ အလျှိုလျှို ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဖြိုးကြီးတို့အဖေက ညအလုပ်ဆင်းရန် ဆိပ်ကမ်းသို့သွားပြီ။ အမေကတော့ ထမင်းစားပြီး တစ်ကျော့ပြန်အိပ်သွားပြီ။ နေဝင်ချိန်ဖြစ်၍ အလျင်လိုနေကြသည်။ ဖြိုးကြီးက လူကောင်ကြီးပေမယ့် ငါးရှဥ့်ကိုတော့ ကြောက်သည်။ တိုးလေး၏ လက်တွင်းမှ ငါးရှဥ့်ကိုကြည့်လျက် အူယားနေပြီ။

"ဖြိုးကြီးရေ ... မင်းက မီးမွှေးပြီး ထမင်းအိုးတည်ပေး။ ငါက ငါးရှဥ့်ကိုင်မယ်"

"မင်းချက်တတ်လို့လား တိုးလေးရာ။ မလုပ်ဖူးဘဲနဲ့များ"

"အမေချက်တာ ကြည့်ထားပါတယ်ကွာ။ မင်းစားကြည့်ပေါ့"

တိုးလေးက ငါးရှဥ့်ကို ဟန်ပါပါ မြှောက်ပြလျက် ဓားမတစ်ချောင်းယူပြီး လုပ်ငန်းစသည်။ အိမ်ရှေ့ ရေတိုင်ကီ ပြတ်တွင် ရေနည်းနေပြီ။ ဖြိုးကြီးကို ရေထမ်းခိုင်းရဦးမည် တွေးသည်။ စိတ်က ပွဲဈေးထဲ မြန်မြန်ရောက်ရန် ဆန္ဒစောနေသဖြင့် ငါးရှဥ့်အမြန်ကိုင်သည်။ ချွဲနေသည်များကို ပြာဖြင့်ပွတ်ထုတ်၍ ဆားဖြင့် ဆေးကြောလိုက်သည်။

ဖြိုးကြီးက မီးမွှေးမရသဖြင့် တောက်ခေါက်သည်။ မနေ့ကမှ အမှိုက်ပုံကြားထဲ ရှာဖွေကောက်ခဲ့သည့် ထင်းတိုထင်းစက ခြောက်သွေ့ခြင်း မရှိ။ စိုထိုင်းနေသဖြင့် မီးမစွဲ။ ဖြိုးကြီးစိတ်မရှည်တော့။ အဖေဖွက်ထားတတ်သော ဓာတ်ဆီပုလင်းကို ယူ၍ ထင်းစိုများပေါ်လောင်းချလိုက်သည်။ အဖေဆူလည်း မတတ်နိုင်။ မီးစွဲဖို့ အရေးကြီး၏။ မီးခြစ်ခြစ်ပြီး ထင်းစများကို မီးတို့လိုက်သည်နှင့် မီးက ဟုန်းခနဲ ထတောက်သည်။

"ဟား ... တယ်ဟုတ်ပါလား။ တိုးလေးရေ ... မီးညှိလို့ရပြီဟေ့"

အိမ်ရှေ့သို့ လှမ်းအော်၍ မဆုံးမီ အနားတွင် ချထားသည့် ဓာတ်ဆီပုလင်းလည်း မီးကူးလောင်ပြီ။ ဖြိုးကြီး လန့်သွားသည်။ အယောင်ယောင်အမှားမှားဖြင့် သူ့ပုဆိုးနှင့် လိုက်ဖိတော့ သူ့ကိုယ်ပါ မီးစွဲတော့၏။ အိမ်ထဲမှ ဟူးဟူးဝါးဝါးအော်သံနှင့် မီးတောက်ကြီးကို လှည့်ကြည့်မိတော့ တိုးလေး မျက်လုံးပြူးသွားသည်။ လက်ထဲမှ ငါးရှဥ့်ဇလုံနှင့် ဓားမကို လွှင့်ပစ်ပြီး တအားကျယ်အော်လိုက်သည်။

"မီး ... မီး။ လာကြပါဦးဗျို့ .. မီးလောင်နေပြီ၊ လုပ်ကြပါဦး"

အိမ်ထဲမှ မီးညွှန့်မီးတောက်နှင့် အော်သံကြောင့် လူများ ပြေးလာကြသည်။ ကြွပ်နေသော ဓနိမိုးနှင့် ထရံကာ တဲအိမ်လေးကို တဖြောင်းဖြောင်း ဝါးမျိုပြီ။

"ဖြိုးကြီး ... ဖြိုးကြီး ... အမေရေ .. အမေ"

"အား ... အား"

ပြေးထွက်လာသော ဖြိုးကြီးမှာ မီးလျှံများဖြင့် အိမ်ဝတွင် လဲကျသွားတော့သည်။ အမေလည်း အိပ်ရာမှ နိုးထလေသလား မသိနိုင်တော့ပါ။

* * *

မီးဘေးဒုက္ခသည် ကယ်ဆယ်ရေး စခန်း။

အိမ်ခြေနှစ်ဆယ်ခန့် မီးလောင်ခံရသဖြင့် မိသားစုများစွာ ဒုက္ခသည်ဖြစ်နေပြီ။ အဘက်ဘက်မှ ပျက်စီးဆုံးရှုံးရသည်။ မီးဘေးအန္တရာယ်ကို ပညာပေးမှုမရှိခဲ့သော မိဘများကြောင့် ကလေးက မီးမကြောက်ခဲ့။ ခုတော့ အသက်ဆုံးရှုံးခဲ့ရသော ကလေးအတွက် ယူကျုံးမရဖြစ်ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်တော့။ အမေကတော့ အတွင်းလူနာအဖြစ်နှင့်သာ။

မီးဘေးဒုက္ခသည် စခန်းအတွက် ထမင်းထုပ်ဝေတိုင်း ရင်နင့်ဖွယ်ရာ မြင်ကြရသည်။ တိုးလေးက ထမင်းထုပ်ကိုဆွဲကိုင်လျက် ဖြိုးကြီးကို ရှာနေတတ်၏။

"ဖြိုးကြီးရေ ... ထမင်းစောစော စားကြမယ်ဟေ့။ ညကျရင် ပွဲခင်းထဲမှာ လူအရည်ပျော်တဲ့ကား သွားကြည့်ကြမယ်လေ ..."

ကြေကွဲဖွယ်ရာ တီးတိုးခေါ်သံကို ကြားရသူတိုင်း ဝမ်းနည်းကြသည်။ စာနာစိတ်ဖြင့် ကြည့်နေရုံမှတစ်ပါး အခြားမရှိပြီ။ နေဝင်ဆည်းဆာချိန်တိုင်း တိုးလေး၏အသံကို ကြားရသလို ရံဖန်ရံခါ ကြိတ်၍ငိုရှိုက်သံကို ကြားရသည်။ ခေါ်သံသဲ့သဲ့နှင့် တီးတိုးငိုရှိုက်သံများက ည၏တိတ်ဆိတ်ခြင်းကို လှုပ်ရှားထိတ်လန့်စေသည်။ တိုးလေးအဖေလည်း ပို၍ မူးနေတတ်ပြီး တိုးလေးကို လှည့်၍ နှစ်သိမ့်မှု မပေးနိုင်တော့။

လူအရည်ပျော်သည့် သိပ္ပံကားကိုမှ ကြည့်ချင်နေသော တိုးလေးသည် လူတစ်ယောက် ပြာဖြစ်သွားခြင်းကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသောအခါ ...

နှလုံးသွေးပျက်သည်အထိ တုန်လှုပ်ချောက်ချားသွားခြင်း ဖြစ်ကြောင်း အားလုံးက နားလည်စာနာမိတော့သည်။

**မိုးပန်းမွှန်(ရာဇည)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# လာမကော့နဲ့

မောင်မောင် [ပိတောက်မြိုင်]

တစ်နေ့ ရဲအုပ်စန်းမောင်(ငြိမ်း) တယ်လီဖုန်းဆက်ခေါ်သဖြင့် သူ့အိမ်သို့ ရောက်သွားခဲ့သည်။ သူ့အိမ်တွင် ရဲအုပ်လှမြင့်(ငြိမ်း)က ရောက်နှင့်နေပြီဖြစ်သည်။ မိမိ ဧည့်ခန်းထဲသို့ ဝင်လိုက်သည့်အခါ ဆက်တီစားပွဲပေါ်တွင် ငါးမုန့်ကြော်ဖွေးဖွေးက တိုက်ပန်းကန်ပြားကြီးနဲ့ အပြည့်အမောက် တွေ့လိုက်ရသည်။ မိမိကိုမြင်လိုက်သည့်အခါ ဆရာဦးစန်းမောင်က ခရီးဦးကြိုပြုသည်။

"အစ်ကိုကြီးလာ . . . ထိုင်ဗျာ။ ဟောဒီ ငါးမုန့်က နယ်နယ်ရရ မဟုတ်ဘူး။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဘက်ကထွက်တာလေ။ တပည့်လေး တစ်ယောက်ပို့လိုက်တာပါ။ သိပ်ကောင်းတယ်။ ဒီဘက်ကဟာတွေနဲ့ ဘာမှမဆိုင်ဘူး။ စားကြည့်ပါ အစ်ကိုကြီး"

"ညွန်းလှချည်လား ဆရာစန်းမောင်ရဲ့။ ရောက်လာမှတော့ စားကိုစားမှာပါ"

"ဟုတ်တယ် ဆရာမောင်ရဲ့။ ဒီငါးမုန့်က ထူးခြားတာတော့ အမှန်ပဲ။ တော်တော်ကို စားကောင်းတယ်ဗျ"

ဆရာလှမြင့်က ငါးမုန့်တစ်ခုကို ကောက်ဝါးရင်း ထောက်ခံလိုက်သည်။ သူတို့ အညွှန်းကောင်းသော ငါးမုန့်ကြော်တစ်ခုကို ကောက်ယူဝါးကြည့်လိုက်သည်။ ဟုတ်သည်။ အလွန်ထူးခြားကောင်းမွန်လှသည်။ အချိုဓာတ်နှင့် အပေါ့အငန်ကအစ ဘာမှပြောဖွယ်ရာ မရှိ ဖြစ်သည်။ သုံးယောက်သား တစ်ခုပြီးတစ်ခု ဝါးလိုက်ကြသည်မှာ ဆရာစန်းမောင်ကတော် ဒေါ်ခင်မြင့် ကြော်လို့ကို လက်မလည်အောင် ဖြစ်သွားတော့သည်။

* * * * *

မိမိက စကားစလိုက်သည်။

"ငါးမုန့်လည်းစား၊ ရေနွေးကြမ်းလည်းသောက်ကြ—ကာပေါ့ဗျာ။ ကျွန်တော်တို့ အလွမ်းပြေ ရှေးဟောင်းနှောင်းဖြစ်၊ အမှတ်တရစကားလေးတွေ ပြောကြရအောင်"

"ဆရာမောင်ကတော့ စာရေးဆရာ ပီသပါပေတယ်။ ကြုံတုန်းကြုံခိုက် ကုန်ကြမ်းလေးတော့ ရအောင်ယူချင်သေးတယ်မို့"

ဆရာလှမြင့်က ရယ်ကျဲကျဲဖြင့် နောက်သလို၊ ပြောင်သလို ဆိုလိုက်ရာ မိမိ သူ့ခိုးလူမိသလို ဖြစ်ကာ ပြုံးစေ့စေ့ဖြင့် ငြိမ်နေလိုက်ရသည်။ အရှက်ပြေ ဆရာစန်းမောင်ဘက်သို့လှည့်ကာ စကားလမ်းကြောင်း ပြောင်းလိုက်ရသည်။

"ဆရာစန်းမောင် . . . ကျွန်တော်တို့ ဟိုတစ်နေ့မနက်က လမ်းလျှောက်ရင်း ဆရာပြောခဲ့တဲ့ ထားဝယ်စကား 'လာမကော့နဲ့' ဆိုတာ ဘာအဓိပ္ပာယ်လဲဗျ"

"ဩ . . . ဒါလား။ 'လာမကော့နဲ့' ဆိုတာ ကျွန်တော်တို့ မြန်မာလိုတော့ 'လာမကြည့်နဲ့'လို့ ပြောတာတဲ့ဗျာ။ ပြောရဦးမယ်။ အဲဒီ လာမကော့နဲ့ စကားလေးကြောင့်ပဲ ကြေကွဲဖွယ်ရာ သေပွဲဝင်သွားရရှာတဲ့ သားအမိနှစ်ယောက် အသတ်ခံရတဲ့လူသတ်မှုကြီးကို ကျွန်တော်ဖော်ထုတ်နိုင်ခဲ့တယ်"

"ဟာ . . . စိတ်ဝင်စားစရာ ကောင်းလိုက်တာဗျာ။ ဆက်ပြောပါဦး"

"ဆရာမောင်အတွက်တော့ . . . အကွက်ကောင်းဆိုက်သွားပြီဗျို့"

ဆရာလှမြင့်က ဝင်ထောက်လိုက်သေးသည်။ ဆရာဦးစန်းမောင်ကလည်း ပြောချင်ချင်။ မိမိနှင့် ဆရာလှမြင့်တို့ကလည်း နားထောင်ချင်ချင်ဆိုတော့ အံကိုက်ဖြစ်သွားတော့သည်။ ဆရာစန်းမောင်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး သူ့စကားကို စသည်။

* * * * *

"အစ်ကိုကြီးရေ ဒီမှုခင်းအကြောင်းကိုမပြောခင် ကျွန်တော့်ဘဝအကြောင်းလေး နည်းနည်းပြောချင်သေးတယ်"

"ဘာလဲဗျ။ ငယ်ချစ်အကြောင်းလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . မဟုတ်ရပါဘူးဗျာ။ ကျွန်တော်က ပိတောက်ဆိုပိတောက်၊ တစ်ယောက်ဆိုတစ်ယောက် ငယ်ချစ်က ဟောဒီ မခင်မြင့်ရယ်ပါ"

ဆရာစန်းမောင်၏ ကဗျာဆန်ဆန် စကားလေးကြောင့် မိမိတို့တစ်တွေ ရယ်မောသံများဖြင့် ရေနွေးကြမ်းဝိုင်းလေး စိုပြည်သွားခဲ့ရသည်။ ဒေါ်ခင်မြင့်က မျက်စောင်းလေးချိတ်လျက် ဆိုလိုက်သေးသည်။

"အဘိုးကြီးနော်၊ မကြီးမငယ်နဲ့ ကလေးကလားစကားတွေ ပြောမနေနဲ့။ ရှက်စရာ"

ဒေါ်ခင်မြင့်က ရက်ပြုံးမျက်နှာလေးဖြင့် ငါးမုန့်ကြော်များ ထပ်ဖြည့်ပေးသည်။ ဆရာစန်းမောင်က သူ့စကားကို ပြန်ဆက်သည်။ မိမိနှင့် ဆရာလှမြင့်တို့က ငါးမုန့်ကြော်ဝါးရင်း အာရုံစိုက်နေကြသည်။

"ဒီလိုပါ အစ်ကိုကြီး။ ကျွန်တော်က ကျောင်းသားဘဝကတည်းက စုံထောက်ဝတ္ထုတွေ ကြိုက်ခဲ့တယ်။ ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာကြီးမှုဝံ၊ မိုးဝေ စသည်တို့ကို သိပ်ကြိုက်ပါတယ်။ ဒီဘက်ခေတ်မှာတော့ ဆရာ မင်းသိမ်တို့ ဝတ္ထုတွေပေါ့"

"ပြောရရင် ကျွန်တော်ဖြစ်ချင်တာက စုံထောက်အလုပ်မျိုးပေါ့။ တကယ်ဖြစ်လာတာက စစ်သားဗျ။ တိုက်လိုက်ခိုက်လိုက်ရတာ မသေလို့ကျန်တာ။ ကံကောင်းချင်တော့ တပ်မတော်ကနေ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အသွင်ကူးပြောင်းတာဝန်ထမ်းဆောင်ရတယ်ဗျ"

"ရဲတပ်ဖွဲ့ထဲ ရောက်တော့ ခုရဲအုပ်အဆင့်နဲ့ အမှုတွေစုံစမ်းစစ်ဆေးရတယ်၊ ထောက်လှမ်းရတယ်၊ ဖော်ထုတ်ရတယ်။ အရမ်းပျော်စရာကောင်းပါတယ်။ ငယ်ငယ်က ဝါသနာပါတဲ့ စုံထောက်လုပ်ငန်းနဲ့ အံကိုက်ဖြစ်သွားတာပေါ့။ လုပ်သက်ကလေး ရလာတော့ ရဲအုပ်အဆင့် တိုးမြှင့်ခံရပါတယ်။ ၂၀၀၂ ခုနှစ်မှာ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်၊ ဝင်းဝရဲစခန်းမှာ စခန်းမှူးအဖြစ် တာဝန်ကျပါတယ်"

"တစ်နေ့မှာ ပဲကျေးရွာ ရဲကင်းမှူး ဒုရဲအုပ် သန်းဇော်ဦးက သတင်းပို့ပါတယ်။ ပဲကျေးရွာချောင်းတံတားအောက် သောင်ပြင်ပေါ်မှာ ကလေးအလောင်း တစ်လောင်းတွေ့ရကြောင်း၊ ငါးလ၊ ခြောက်လ အရွယ်ခန့်ရှိပြီး ယောကျ်ားလေးဖြစ်ကြောင်း၊ ပုပ်ပွနေပြီဖြစ်ကြောင်း၊ ကလေးအလောင်းဟာ ရေစီးမှာ မျောပါလာပြီး ရေအကျမှာ သောင်တင်ကျန်ခဲ့သည်ဟု ယူဆရကြောင်း"

"ဟိုဥယျာဉ်ခြံဘက်က အမျိုးသမီးတစ်ဦးလည်း ပျောက်ဆုံးနေသလိုလို သတင်းများထွက်နေကြောင်း။ ဒီအမျိုးသမီးနဲ့ ကလေးအလောင်းဟာ ဆက်စပ်မှုများရှိနေသလား မသိဘူးဟု သတင်းပို့လာပါတယ်"

စုံစမ်းစစ်ဆေးရသည်ကို ဝါသနာပါသော စခန်းမှူး ရဲအုပ်စန်းမောင်က သေမှုသေခင်းဖွင့်လိုက်သည်။ အခင်းဖြစ်အရပ်သို့ ချက်ချင်းသွားရောက်ရန် စီစဉ်လိုက်သည်။

အလောင်းကို လိုက်လံစစ်ဆေးပေးပါရန် မြို့နယ်ဆရာဝန်ကြီးကို အကူအညီတောင်းရသည်။ ခဲရာခဲဆစ်မှုခင်းများကို ဖော်ထုတ်ရာတွင် ဝါသနာပါသော ဆရာဝန်ကြီးကလည်း မငြင်း။ ချက်ချင်း သွားရောက်ကြရန် အဆိုပြုသည်။ ဝါသနာတူသူနှစ်ဦး ဆုံစည်းလိုက်ကြပြီဖြစ်သည်။ စိတ်ဓာတ်တက်ကြွနေသော ဆရာဝန်ကြီး၏ ကားနှင့်ပင် သွားဖြစ်ကြသည်။

စခန်းမှူး ရဲအုပ်စန်းမောင်က တပည့်ကျော် နယ်ထိန်းအဖွဲ့များ ခြံရံလျက် မြို့နယ်ဆရာဝန်ကြီးက လက်စွဲတော် တပည့်မှုတူးခေါ်လျက် ၂၄ မိုင်ခန့်ဝေးသော ပဲကျေးရွာသို့ ခရီးကြမ်းနှင်ခဲ့ကြသည်။

ပဲကျေးရွာဆိုသည်က ကျေးရွာသာဆိုလင့်ကစား မြို့တမျှ စည်ကားသည်။ အိမ်ခြေကလည်း အတော်များသည်။ ချမ်းသာကြွယ်ဝသူများလည်း ပေါ်များသည်။ စတိုးဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်နှင့် အပေါင်ခံစားသူများလည်း ရှိသည်။

စခန်းမှူး ရဲအုပ်စန်းမောင်နှင့်အဖွဲ့ ကလေးအလောင်း တွေ့ရှိရသော နေရာသို့ ရောက်သွားကြသည်။ ပုပ်ပွနံစော်နေသော ကလေးအလောင်းကို ကျေးရွာသူ၊ ကျေးရွာသားအချို့ ဝိုင်းအုံကြည့်နေကြသည်။ ယင်ကောင်ကြီးများကလည်း အလောင်းပေါ်တွင် တဝီဝီပျံသန်းနေကြသည်။

ဆရာဝန်ကြီးက လူအုပ်ကြားမှ တိုးဝင်လျက် ကလေးအလောင်းကို ကြည့်သည်။ သူ့တပည့် မှုတူးကို မျက်နှာရိပ်ပြလိုက်သည်။ မှုတူးကလည်း အကင်းပါသည်။ လက်ဆွဲအိတ်ကြီးကို ဖွင့်လျက် ပလတ်စတစ်လက်အိတ်

www.burmeseclassic.com

တစ်စုံကို ထုတ်ပေးလိုက်သည်။ ဆရာဝန်ကြီးက သူ့လက်နှစ်ဖက်ကို လက်အိတ်များစွပ်လိုက်သည်။ ကလေးအလောင်းကို သေချာစွာ ပယ်ပယ်နယ်နယ် ကိုင်တွယ်စစ်ဆေးကြည့်လိုက်သည်။ မရွံမရှာ ပယ်ပယ်နယ်နယ် ကိုင်တွယ်စစ်ဆေးနေခြင်းကို ကြည့်လျက် အရပ်သူအရပ်သားများ တအံ့တသြဖြင့် နှာခေါင်းများရှုံ့လျက် ပခုံးလေးများပင် တွန့်သွားကြသည်။

ဆရာဝန်ကြီးက မှတ်ချက်ပေးသည်။ "ကလေးသေဆုံးရခြင်းမှာ ရေမွန်းပြီး အဆုတ်ထဲ ရေဝင်သွား၍ သေဆုံးရခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သောတစ်ပတ်ခန့်က ဖြစ်နိုင်ကြောင်း" ပြောသည်။ တစ်ဆက်တည်းမှာပင် စခန်းမှူးရဲအုပ်စန်းမောင်ဘက်သို့လှည့်၍ ဆိုလိုက်သေးသည်။

"စခန်းမှူးကြီး ရေငတ်သဗျာ"

စခန်းမှူး ရဲအုပ်စန်းမောင်ကလည်း သဘောပေါက်သည်။ တပည့်ကျော် နယ်ထိန်းရဲဘော်ကို မျက်နှာရိပ်ပြလိုက်သည်။ တပည့်တော်ကလည်း အလာပေါက်သည်။ ကျောပိုးအိတ်ထဲက ဘီယာနှစ်ဘူးကို ထုတ်ယူလိုက်သည်။ ဆရာဝန်ကြီးတစ်ဘူး၊ စခန်းမှူးသို့တစ်ဘူး လက်ကလေးနှစ်ဖက်ဖြင့် တရိုတသေ ပေးလိုက်သည်။ ဆရာဝန်ကြီးနှင့် စခန်းမှူးတို့ ဘီယာဘူးကလစ်ကလေးကို ဆွဲဖွင့်လျက် မော့ချလိုက်ကြသည်။

ဆရာဝန်ကြီးတာဝန်ကတော့ ပြီးသွားပြီဖြစ်သည်။ စခန်းမှူး ရဲအုပ်စန်းမောင်၏ ဆက်လက်လုပ်ဆောင်ရမည့်တာဝန်သာ ရှိတော့သည်။ ဒီကလေးက ဘယ်ကလဲ၊ ဘယ်မှာနေသလဲ၊ မိဘတွေက ဘယ်သူတွေလဲ၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ တွေးစရာတွေက အများကြီးဖြစ်လာသည်။ စုံစမ်းထောက်လှမ်းရပေဦးမည်။ လောလောဆယ်မှာတော့ လာရောက်ကြည့်ရှုသူများထံမှ ဘာသတင်းအစအနမျှ မရဖြစ်နေသည်။

စခန်းမှူးရဲအုပ်စန်းမောင် ဦးနှောက်စားသွားခဲ့ရသည်။ ဒါပေမယ့် သူစိတ်ပျက်အားလျှော့ခြင်း မရှိ။ အမှန်တရားသည် ဘယ်သောအခါမှ ဖုံးကွယ်ထား၍ မရဘူးဆိုတာ ယုံကြည်ထားသည်။ သူလုပ်စရာရှိသည့် ရဲလုပ်ငန်းဆိုင်ရာများကို ပျော့ကွက်၊ ဟာကွက် မရှိစေရန် အကွက်စေ့စေ့ဆက်လုပ်သည်။ အခင်းဖြစ်နေရာကို မြေပုံကြမ်းဆွဲသည်။ ကလေးအလောင်းကို ဓာတ်ပုံရိုက်ယူသည်။

စခန်းမှူး ရဲအုပ်စန်းမောင်နှင့်အဖွဲ့ အလုပ်ရှုပ်နေကြသည်။ လူရွယ်တစ်ယောက် အူယားဖားယားဖြင့် ပြေးဝင်လာသည်။ ကလေးအလောင်းကိုကြည့်ခွင့်တောင်းသည်။ ခွင့်ပေးလိုက်သောအခါ လူအုပ်ထဲကတိုးဝင်လျက် ကလေးအလောင်းကို ကြည့်သည်။

"အမယ်လေး…ကျွန်တော့်သားလေးပါဗျာ။ ဘယ်လိုများ ဖြစ်တာပါလိမ့်။ အဖြစ်ဆိုးလိုက်တာ သားလေးရယ်။ ကယ်ကြပါဦးဗျာ…"

လူရွယ်က ပြောလည်းပြော၊ ချုံးပွဲချ၍ အော်ဟစ်ငိုကြွေးတော့သည်။ နံစော်နေသော ကလေးအလောင်းကို ပွေ့ဖက်ထားလိုက်သည်။ ဩ…မိဘတို့၏ မေတ္တာအဟုန်ဖြစ်ပေလိမ့်မည်။ ဝိုင်းကြည့်နေကြသူအပေါင်း၏ မြင်ကွင်းက ရင်နင့်စရာ ဖြစ်နေတော့သည်။

စခန်းမှူး ရဲအုပ်စန်းမောင်က စာနာစိတ်ဖြင့် လူရွယ်ကလေး စိတ်ကျေနပ်သည်အထိ ငိုပွဲဆင်နေသည်ကို စောင့်ကြည့်နေလိုက်သည်။ တော်သင့်သည့်အချိန်ရောက်မှ လူရွယ်ကို မေးမြန်းစစ်ဆေးရသည်။

"မင်းနာမည်"

"ကျွန်တော့်နာမည် မောင်ထွန်းအောင်ပါ။ ဖားပြုတ်ရွာသားပါ။ အခုနေတာကတော့ ကျွန်တော်တို့မိသားစု ပဲရွာအရှေ့ဘက်က ဥယျာဉ်ထဲမှာ စိုက်ပျိုးစားပါတယ်။ အဲဒီမှာပဲ တဲအိမ်ကလေး ဆောက်ပြီးနေကြပါတယ်။ အီး…ဟီး"

မောင်ထွန်းအောင်က ပြောရင်းကရင် ရှိုက်ကြီးတငင် ငိုချလိုက်ပြန်သည်။ သူ့ရင်ထဲ ဆို့တက်လာပုံရပါသည်။ သူ့စကားကိုပင် မဆက်နိုင်ဘဲ ဖြစ်နေပါသည်။

"မောင်ထွန်းမောင်ရေ…တို့လည်း စိတ်မကောင်းပါဘူးကွာ။ ဒီကိစ္စ အဖြစ်မှန်ပေါ်အောင် တို့ကြိုးစားဖော်ထုတ်သွားမှာပါ။ ကိုယ့်ညီသိတာတွေ ဆက်ပြောပါဦး"

"ဟုတ်ကဲ့ပါ စခန်းမှူးကြီးရယ်။ ကျွန်တော့်ရင်ထဲ ဆို့တက်လာပြီး မချိလွန်းလို့ပါ။ ကျွန်တော်ဆက်ပြောပါ့မယ်။ မကြာသေးခင်ရက်က ကျွန်တော် ပိုးထိ(မြွေကိုက်)ခံရပါတယ်။ ပဲကျေးရွာ ကျန်းမာရေးဌာနခန်းကို သွားပြပါတယ်။

www.burmeseclassic.com

ကျွန်တော့်ကို ဆေးခန်းမှာတင်ထားပြီး ဆေးကုသပေးပါတယ်။ ကျွန်တော့်မိန်းမ မစောလှနဲ့ ကလေးတို့ ဥယျာဉ်ခြံထဲကို ပြန်သွားပါတယ်"

"အခု ကိုးရက်ရှိပြီ၊ စောလှပြန်ရောက်မလာဘူး။ ကျွန်တော်လည်း သက်သာတာနဲ့ လိုက်လာတာပါ။ အခုလိုအဖြစ်ဆိုးကြီးနဲ့ ကြုံရတာပါပဲ စခန်းမှူးကြီးရယ်။ ကျွန်တော့်မိန်းမ မစောလှလည်း ဘယ်ရောက်နေလဲ မသိပါဘူး။ ကယ်ပါဦး စခန်းမှူးကြီးရယ်။ အီး... ဟီး...စောလှရေ၊ သားလေးအဖြစ်ကို လာကြည့်ပါဦးဟ"

မောင်ထွန်းအောင်က ဇနီးသည်ကိုတလျက် အော်ဟစ်ငိုနေပြန်သည်။ သူကိုယ်တိုင်လည်း ပိုးထိ(မြွေကိုက်) ခံခဲ့ရသည်။ ဆေးခန်းသို့ အချိန်မီရောက်ခဲ့လို့ ကံကောင်း၍ အသက်မသေခဲ့။ အခု သားလေးက မရှုမလှ ရေမွန်းသေနေသည်။ ဇနီးသည်က ဘယ်ရောက်နေမှန်းမသိ ဖြစ်နေသည်။

ဆိုးလိုက်သည့် ကံကြမ္မာ၊ ဘယ်လို ဝဋ်ကြွေးများ ပါလာသလဲ မောင်ထွန်းအောင်ရယ်လို့ မေးလိုက်ချင်တော့သည်။ အဖြစ်အပျက်တွေက တစ်ခုပြီးတစ်ခု ရင်နင့်စရာ ကောင်းနေတော့သည်။ မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် ဆိုရလောက်သည်။ ဖြစ်လာမှတော့ မတတ်နိုင်။ မိမိလုပ်စရာရှိသည်များကို လုပ်ရပေဦးမည်ဟု စခန်းမှူး ရဲအုပ်စန်းမောင် တွေးနေမိသည်။

"မောင်ထွန်းအောင်ရေ...စိတ်အေးအေးသာထားပါတော့ကွာ။ မင်းဇနီး မစောလှလည်း ဥယျာဉ်ထဲက အိမ်မှာ ရှိကောင်းရှိနေနိုင်ပါတယ်။ သွားကြည့်ကြတာပေါ့"

စခန်းမှူး ရဲအုပ်စန်းမောင်နှင့် အဖွဲ့သည် မောင်ထွန်းအောင် လမ်းညွှန်သည့်အတိုင်း ကိုးမိုင်ခန့်ဝေးသော ဥယျာဉ်ခြံသို့ ခရီးနှင်ခဲ့ကြသည်။

* * * * *

မောင်ထွန်းအောင်တို့ ဥယျာဉ်ခြံက အတော်ကလေးကျယ်ဝန်းသည်။ သီးပင်စားပင်တွေကလည်း စုံလှသည်။ အထူးသဖြင့် တညင်းပင်၊ သီဟိုဠ်ပင်နှင့် ကွမ်းသီးပင်များက စိမ်းလို့၊ စိုလို့ ညို့မှိုင်းလျက် စည်ကားလှသည်။ တညင်းပင်ထိပ်ဖျားက ချိုးငှက်တစ်ကောင်၏ ကူခွဲသံကလည်း အဖော်မဲ့စွာ တမ်းတနေသယောင် လွမ်းမောဖွယ် ကောင်းလှသည်။

ဥယျာဉ်ထဲတွင် တဲအိမ်လေးတစ်လုံးရှိသည်။ တဲလေးက မခိုင့်တခိုင်ပေမယ့် ခပ်ယိုင်ယိုင်တော့မဟုတ်။ လုံလုံခြုံခြုံလေးရှိသည်။ အိမ်တံခါးပေါက်ကို သော့ခတ်ထားသဖြင့် အိမ်သူအိမ်သားမဲ့သယောင် ဖြစ်နေသည်။ မောင်ထွန်းအောင်ကတော့ ဇနီးမရှိသည်မှာ သေချာနေသဖြင့် ရင်ခိုသွားပေလိမ့်မည်။ သူ့မျက်နှာ ညှိုးငယ်သွားသည်ကို စခန်းမှူး ရဲအုပ်စန်းမောင် အကဲခတ်မိလိုက်သည်။

"စခန်းမှူးကြီးရယ်၊ အဲဒါ ကျွန်တော်တို့မိသားစု နေတဲ့အိမ်လေးပါ။ သော့ခတ်ထားတော့ စောလှမရှိဘူးထင်တယ်"

မောင်ထွန်းအောင်က ငိုသံပါကြီးနှင့် ပြောသည်။ စခန်းမှူး ရဲအုပ်စန်းမောင် စိတ်မကောင်းဖြစ်ရပြန်သည်။ နှစ်သိမ့်စကားတော့ ဆိုလိုက်ရသေးသည်။

"အပြင်ခဏသွားတာ ဖြစ်မှာပေါ့ကွာ။ သိပ်လည်းစိတ်မပူပါနဲ့။ လေ့လာကြသေးတာပေါ့"

စခန်းမှူး ရဲအုပ်စန်းမောင်နှင့်အဖွဲ့ ဥယျာဉ်ခြံအတွင်း လေ့လာနေကြသည်။ လူတစ်ယောက် မောကြီးပန်းကြီးနှင့် ပြေးလာသည်။ ဥယျာဉ်ခြံနှင့် ခြောက်ဖာလုံခန့်ဝေးသော ချောင်းကမ်းနဖူးတွင် အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရတယ်ဆိုပါကလား။

မောင်ထွန်းအောင်က ဘာမပြော၊ ညာမပြောနဲ့ ထိုနေရာသို့ ဒရောသောပါး ပြေးထွက်သွားလေတော့သည်။ စခန်းမှူး ရဲအုပ်စန်းမောင်နှင့်အဖွဲ့ကလည်း ချက်ချင်း လိုက်သွားခဲ့သည်။ သူတို့ရောက်သွားချိန်မှာတော့ မောင်ထွန်းအောင်က ချုံးပွဲချငိုနေလေပြီ ဖြစ်သည်။ သေဆုံးနေသူမှာ သူ့ဇနီး မစောလှဖြစ်နေသောကြောင့်ပင်တည်း။

မောင်ထွန်းအောင်အတွက် ကြမ္မာမှန်တိုင်းက မစဲနိုင်တော့ပါလားလို့ ဆိုရပေတော့မည်။ မစောလှ၏ အလောင်းက ချောင်းနံဘေး သဲသောင်ပြင်ပေါ်တွင် မရှုမလှ ရင်နင့်ဖွယ်ရာ တွေ့ရသည်။

စုံစမ်းထောက်လှမ်းရသည်ကို ဝါသနာကြီးလှသော စခန်းမှူး ရဲအုပ်စန်းမောင် ဒီတစ်ခါတော့ ခေါင်းခဲရလေပြီ။ သေသူကနှစ်ယောက် ဖြစ်လာသည်။ လူသတ်ကောင်က ဘယ်သူလဲ ရှာရ



www.burmeseclassic.com

www.burmeseclassic.com

ပေဦးမည်။

စခန်းမှူး ရဲအုပ်စန်းမောင် ရဲလုပ်ငန်းဆိုင်ရာများကို စရပြန်သည်။ အခင်းဖြစ်နေရာကို မြေပုံကြမ်းဆွဲရသည်။ အလောင်းကို ဓာတ်ပုံရိုက်ရသည်။ ပတ်ဝန်းကျင်သက်သေအထောက်အထားများကို ရှာရသည်။

ထောက်လှမ်းရေး ဝါသနာပါသော ဆရာဝန်ကြီးကလည်း သူ့လုပ်ငန်းကို စသည်။

"ဒီလောက်ပုပ်ပပြီး ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ အလောင်းကောင်ကြီးကို ဆေးရုံအထိ သယ်သွားဖို့က မလွယ်ပါဘူးဗျာ။ ဒီမှာပဲ ခွဲစိတ်စစ်ဆေးကြည့်မယ်" ဟု ဆိုသည်။

ဆရာဝန်ကြီးက သေဆုံးနေသူ အလောင်းကောင်ကြီးကို အနီးကပ်ကြည့်ရှုလေ့လာသည်။ သေဆုံးနေသူ အမျိုးသမီး၏ မျက်နှာ ဝဲဘက်ပါးစပ်၊ နှုတ်ခမ်းထောင့်ကနေ နှာခေါင်းပေါ် ဖြတ်လျက် ယာဘက်မျက်စိ၊ နဖူးစပ်အထိ ရရှိထားသော ဒဏ်ရာကြီးက မကြည့်ဝံ့စရာ၊ အသည်းယားစရာကြီး ဖြစ်သည်။

ဆရာဝန်ကြီးက သူ့တပည့်ကျော်မှူတူးကို မျက်နှာရိပ်ပြလိုက်သည်။ ကုလားလေးမှူတူးကလည်း အကင်းပါးသည်။ လက်ဆွဲအိတ်ကြီးကို ဖွင့်လိုက်သည်။ ပလတ်စတစ်လက်အိတ်နှစ်စုံကို ထုတ်ယူလိုက်သည်။ သူ့ဆရာက တစ်စုံ၊ သူကတစ်စုံ ဝတ်ဆင်လိုက်ကြသည်။ ပြီးနောက် ခွဲစိတ်ကိရိယာ၊ လက်နက်များကိုပါ ထုတ်ယူလိုက်သည်။

အဆင်သင့်ဖြစ်သည့်အခါ ဆရာဝန်ကြီးက မျက်စပစ်ပြလိုက်သည်။ မှူတူးကလည်း လျင်သည်။ သေသူအမျိုးသမီး၏ ဦးခေါင်းအရေခွံကို ခွာချလိုက်သည်။ ဆရာဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း ဦးခေါင်းခွံကို ခွဲချလိုက်သည်။

ဦးနှောက်များက အကန့်လိုက်ပေါ်လာသည်။ ဆရာဝန်ကြီးက ကိုင်တွယ်လျက် အနီးကပ်လေ့လာသည်။ ဦးနှောက်များက အဝါနှင့် အညိုရောင်များ ရောထွေးနေသည်။ အပုပ်နံ့က နံလိုက်သည်မှာ မခံမရပ်နိုင်အောင် ရှိတော့သည်။ ဝိုင်းကြည့်နေသူများ ပြေးသူပြေးကုန်ကြသည်။ တချို့လည်း နှာခေါင်းကို လက်ကလေးဖြင့်အုပ်လျက် ပေကာတ်ကြည့်နေကြသေးသည်။ ဆရာဝန်ကြီးနှင့် မှူတူးတို့ကတော့ ကျင့်သားရနေသည်ထင်ပါရဲ့ မည်သို့မှ ခံစားရပုံ မပေါ်ကြောင်း တွေ့ရသည်။ ဆရာဝန်ကြီးက မှတ်ချက်ပေးသည်။

"စခန်းမှူးကြီး၊ သေဆုံးသူ အမျိုးသမီးဟာ ထက်မြက်တဲ့ လက်နက်၊ ဥပမာဗျာ··ဓားပေါ့။ အဲဒီလိုလက်နက်နဲ့ ခုတ်လိုက်တာ ဖြစ်နိုင်တယ်။ မျက်နှာကနေ ဦးခေါင်းခွံပါ အက်သွားပြီး ဦးနှောက်ထဲ သွေးဝင်၊ သွေးခဲသွားပြီး သေဆုံးရတာပဲ။ ကျန်ခဲ့တဲ့ တစ်ပတ်ခန့်က ဖြစ်နိုင်တယ်"

"နောက်တစ်ခု သတိထားမိတာက သေဆုံးသူအမျိုးသမီးရဲ့ လက်သည်းတွေဟာ အတော်လေးရှည်နေတယ်ဗျ။ အဲဒီလက်သည်းတွေကြားထဲမှာ သွေးစတွေနဲ့ အသားစလေးများလည်း တွေ့ရတယ်ဗျ။ ဖြစ်နိုင်တာကတော့ အမျိုးသမီးဟာ မသေခင်မှာ ခွန်အားရှိသမျှ ကုတ်ခြစ်ကာကွယ်သွားပုံရတယ်ဗျ"

"ဟာ···ကောင်းလိုက်တဲ့ ထင်မြင်ချက်ပါပဲ ဆရာကြီးရယ်။ ဒါဟာ လူသတ်ကောင် ဖမ်းမိရေးအတွက် အများကြီး အထောက်အကူဖြစ်ပါတယ်။ ဒီလူသတ်ကောင်တရားခံကို ကျွန်တော်အမြန်ဆုံးမိအောင် ဖမ်းပြမယ် ဆရာကြီး"

"သိပ်လည်း မပြောမကြီးနဲ့လေ စခန်းမှူးကြီးရဲ့"

"စောင့်ကြည့်လိုက်ပါ"

အမှုကတော့ နှစ်လောင်းပြိုင်လူသတ်မှု သေချာသွားပြီဖြစ်သည်။ လူသတ်ကောင် တရားခံ ဘယ်သူလဲ စခန်းမှူး ရဲအုပ်စန်းမောင် ရှာပုံတော်ဖွင့်ရပေဦးမည်။ ပြေးနိုင်ရင်လွတ်စေဆိုတာ ဘယ်တော့မှမဖြစ်စေရဘူး။ စခန်းမှူး ရဲအုပ်စန်းမောင် ရင်ထဲက ကျိတ်၍ ကြိမ်းဝါးလိုက်သည်။

* * * * *

"ကဲ···မောင်ထွန်းအောင်ရေ အဖြစ်အပျက်တွေကတော့ မယုံကြည်နိုင်လောက်အောင်ပါပဲ။ တို့တစ်တွေလည်း မင်းနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။ တို့မှာ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေ အများကြီးရှိနေသေးတယ်။ ဒီတော့ မင်းဆန္ဒက ဘာများဖြစ်ချင်သလဲ ပြောပါ။ တို့တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

"စခန်းမှူးကြီးရယ်···ကျွန်တော့်ဇနီးနဲ့ သားလေးကို ကျွန်တော်တို့ ဥယျာဉ်ခြံထဲမှာပဲ အတူမြှုပ်ထားချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းအောင်က ငုံသံတစ်ဝက်၊ ရှိုက်သံတစ်ချက်တို့ဖြင့် ကြေကွဲဝမ်းနည်းစွာ ပြောလာပါသည်။ စခန်းမှူးရဲ့အုပ်စန်းမောင်က ဆရာဝန်ကြီးနှင့်တိုင်ပင်လျက် မောင်ထွန်းအောင်၏ဆန္ဒအတိုင်း မစောလှတို့သားအမိနှစ်ယောက် အလောင်းကို ၎င်းတို့ပိုင် ဥယျာဉ်ခြံကြီးထဲမှာပင် မြေမြှုပ်သင်္ဂြိုဟ်ဖို့ စီစဉ်ပေးလိုက်ပါသည်။ ထိုစဉ်က သရဏဂုံတင်ပေးသော ဆရာတော်၏ သံဝေဂတရားကလည်း တိုတိုနှင့် ထိမိလှပါသည်။

"ဒကာကိုထွန်းအောင်ရေ၊ ဒီလိုဖြစ်လာရတာဟာ ဒကာမကြီး မစောလှနဲ့ သားငယ်လေးတို့ရဲ့ အတိတ်က ပါလာတဲ့ ကာမာဝစရ ကုသိုလ်ကံကြွေးလို့ပဲ ဆိုရမှာပဲ။ အတိတ်ကံအကြောင်းတရားတွေဟာ ဘုရား၊ ရဟန္တာများမှလွဲ၍ ကျုပ်တို့၊ ခင်ဗျားတို့ သာမန်လူသားတွေ မတွေ့မမြင်နိုင်ပါဘူး"

"ဒီရုပ်ခန္ဓာကြီးနဲ့ လူ့ရယ်လို့ ဖြစ်လာကတည်းက ဘယ်နေ့၊ ဘယ်အချိန်မှာ ဘာတွေဖြစ်မယ်ဆိုတာ ကံအကြောင်းတရားက ပါလာပြီးသားပါ။ မိဘဆွေမျိုး၊ ဇနီးမယား၊ သမီးသားတွေနဲ့လည်း တစ်နေ့မဟုတ်တစ်နေ့နေ့မှာ သေကွဲ၊ ရှင်ကွဲ ကွဲကြရမှာ ဓမ္မတာပါပဲ။ အဲဒီအခါမှာ လူသားတွေဟာ ပူဆွေးသောက ဗျာပါဒတွေ ခံစားကြရတယ်လေ"

"ဒကာကြီးတို့ ကြားဖူးမှာပေါ့။ ကျုပ်တို့ ဘုရားရှင်တော်လက်ထက်က ပဋာစာရီ ဆိုတဲ့ အမျိုးသမီးလေးဟာ ခင်ပွန်းသည်က မြွေကိုက်လို့သေတယ်၊ သားအကြီးက ရေနစ်လို့သေတယ်၊ သားအငယ်လေးကို စွန်ငှက်ကြီးက သုတ်ချီသွားခဲ့တယ်"

"ဆိုးဝါးလိုက်တဲ့ ကံကြမ္မာက ဒီမှာတင် ရပ်မသွားသေးဘူး။ မိဘတွေပိုင်ဆိုင်တဲ့ အိုးအိမ်ပစ္စည်းဥစ္စာတွေ မီးသင့်လောင်ကျွမ်းသွားခဲ့တယ်။ မိဘနှစ်ပါးလည်း အဲဒီမီးထဲမှာပဲ ပါသွားပြီး အသက်ဆုံးရှုံးခဲ့ရတယ်"

"ဆိုးလိုက်တဲ့ ကံကြမ္မာဗျာ…။ မပဋာလေးခမျာ ပူဆွေးသောကတွေဒဏ်ကြောင့် အရူးတစ်ပိုင်းဘဝ ရောက်သွားခဲ့သတဲ့။ အဝတ်အစားပင် ကပ်ရမှန်းမသိ၊ အိပ်ရမှန်း၊ စားရမှန်းလည်း မသိ ဖြစ်ခဲ့ရတယ် ဆိုပါကလား။ နောက်ဆုံး ဘုရားရှင်ထံမှောက် ရောက်သွားတော့မှ ဘုရားရှင်တော်မြတ်က တရားရေအေး တိုက်ကျွေးလိုက်တော့မှာပဲ မပဋာဟာ သံဝေဂတရားရပြီးသောတာပန် ဖြစ်သွားတယ်ဆိုပဲ"

"တကာကြီးကိုထွန်းအောင်ကို ဘုန်းကြီး နောက်ဆုံးမှာချင်တာကတော့ လူသားမှန်သမျှ အားထားရာအမှန်ဟာ ဘုရား၊ တရားနဲ့ သံဃာဖြစ်ပါတယ်။ ဒါကြောင့် ဒကာကြီးလည်း တရားနဲ့သာ ဖြေလိုက်ပါတော့"

"ဒကာကြီးပြုသမျှ ကုသိုလ်အစစုကို မစောလှနဲ့ သားလေး ရောက်ရာဘုံဘဝက သာဓုခေါ်နိုင်ဖို့ အမျှပေးဝေလိုက်ပါ။ ကဲ…ရေစက်ခွက်ကိုင်"

မစောလှတို့ သားအမိနှစ်ယောက်ရဲ့ နောက်ဆုံးခရီးကတော့ ဤမျှနှင့်ပင် အဆုံးသတ်ခဲ့သည်။

* * * * *

"စခန်းမှူးကြီး ပြန်ရောက်လာတာ အတော်ပဲဗျာ။ ကျွန်တော်တို့ လူသတ်မှု တရားခံတစ်ယောက် ဖမ်းထားပါတယ်။ ပဲရွာ ရယကရုံးအပေါ်ထပ်မှာ ချုပ်ထားပါတယ်။ ဟောဒါက သူ့ဆီက ရထားတဲ့ သက်သေခံအထောက်အထား စာရွက်။ ကျွန်တော်တို့ တာဝန်ကျေပြီနော်။ စခန်းမှူးကြီး ဆက်လုပ်ပေတော့"

ပြည်သူ့စစ်ခေါင်းဆောင်က စာရွက်ခေါက်ကလေးကို လှမ်းပေးပြီး ထွက်သွားသည်။ စခန်းမှူး ရဲအုပ်စန်းမောင် အံ့အားသင့်သွားခဲ့ရသည်။ ပြည်သူ့စစ်ခေါင်းဆောင်ကိုပဲ ကျေးဇူးတင်ရလေမလားဆိုတာ ဝေခွဲမရဖြစ်ခဲ့ရသည်။ စာရွက်ခေါက်ကလေးကို ဖြန့်ဖတ်ကြည့်လိုက်သည်။

*ဒေးဗစ်…*

*ငါ့မှာ ရွှေ ၁၉ ကျပ်သားရှိတယ်။ ငွေလည်း ခြောက်သိန်းရှိတယ်။ တို့ထွက်ပြေးကြမယ်။*

*စောလှ*

စာက ဤမျှသာဖြစ်သည်။ အခြေအနေတွေက ရှုပ်ထွေးလာသည်။ စခန်းမှူး ရဲအုပ်စန်းမောင် ရယကရုံးအပေါ်ထပ်သို့ တက်သွားသည်။ ချုပ်ထားသော လူရွယ်လေးကို တွေ့သည်။ လူရွယ်လေးက လက်အုပ်ကလေးချီလျက် ပြောသည်။

"ဟိုဘဝက သူများအပေါ် ပြုလုပ်မိသည်များရှိပါက ခွင့်လွှတ်ပါစေ"

ဤမျှသာပြောသည်။ စခန်းမှူး ရဲအုပ်စန်းမောင်ကို ကြောင်ငေးငေးငေး စိုက်ကြည့်နေသည်။ သူကြည့်ရတာ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း မရှိသောက

www.burmeseclassic.com

www.burmeseclassic.com

ရောက်နေခြင်း အလျဉ်းမရှိ။ ပကတိ အေးချမ်းတည်ငြိမ်စွာပင် တွေ့ရသည်။ စခန်းမှူး ရဲအုပ်စန်းမောင်စိတ်ထဲ ထူးဆန်းသလို ထင်နေရသည်။

စခန်းမှူး ရဲအုပ်စန်းမောင်က လူရွယ်လေးအား အချုပ်မှ ထုတ်လိုက်သည်။ တရင်းတနှီးသဘောဖြင့် သူ့ချိုင်းအောက်မှ ရင်ညွန့်ကို သိုင်းဖက်ထားလိုက်သည်။ သူ့ရဲ့ရင်ခုန်နှုန်းများကလည်း ပုံမှန်အတိုင်းပင် ဖြစ်သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"စောဒေးဗစ်ပါ"

"တိုင်းရင်းသားထင်တယ်"

"ကရင်လူမျိုးပါ"

"အလုပ်အကိုင်က"

"ကရင်ဒုံးယိမ်း နည်းပြဆရာပါ"

"ဘယ်မှာနေသလဲ"

"မုဒုံမှာနေပါတယ်"

"ဒီကို ဘာလာလုပ်တာလဲ"

"သူငယ်ချင်းတစ်ယောက်ဆီ အလည်လာတာပါ"

"စိတ်အေးအေးထားပါ စောဒေးဗစ်ရယ်။ အမှန်တရားကို တို့ဖော်ထုတ်သွားမှာပါ။ အမှန်တရားဆိုတာကလည်း ကြာကြာ ဖုံးကွယ်ထားလို့ မရပါဘူး"

"ကျွန်တော် ယုံကြည်ပါတယ် စခန်းမှူးကြီး"

စောဒေးဗစ်သည် တရားခံအစစ်အမှန် မဟုတ်ဘူးဆိုတာကို စခန်းမှူး ရဲအုပ်စန်းမောင် အကြမ်းဖျင်းခန့်မှန်းလို့ ရပြီဖြစ်သည်။ (ဘာကြောင့်လဲဆိုတာကတော့ သင်တန်းအသီးသီးမှ ဆရာသမားများ သင်ကြားပေးလိုက်သော အမှုစစ်ပညာ၏ လျှို့ဝှက်ချက်ပင် ဖြစ်သည်။)

စောဒေးဗစ်ကို တပ်ဖွဲ့ဝင်တစ်ယောက်နှင့် အစောင့်ချထားခဲ့ပြီး စခန်းမှူး ရဲအုပ်စန်းမောင်၊ ဒုရဲအုပ်သန်းဇော်ဦးနှင့်အတူ အမှုစုံစမ်းစစ်ဆေးရန် ထွက်လာခဲ့သည်။

မစောလု သေဆုံးခဲ့သော နေရာသို့ ရောက်သွားခဲ့ကြသည်။ ချောင်းရေက တသွင်သွင်စီးဆင်းနေသည်။ ချောင်းကမ်းနဖူးတွင် ချုံပုတ်ကလေးများ ဟိုတစ်စု ဒီတစ်စု တွေ့ရသည်။ ပတ်ဝန်းကျင်တွင် ဥယျာဉ်ခြံမြေများရှိသည်။ လူနေတဲ့အိမ်ကလေးများလည်း ရှိသည်။ ဥယျာဉ်ခြံမြေ လုပ်စားသူများ နေထိုင်ရန် ဖြစ်ပေမည်။

ကံအားလျော်စွာ ကမ်းစပ်တွင် အမျိုးသမီးငယ်သုံးဦးအား တွေ့လိုက်ရသည်။ စခန်းမှူး ရဲအုပ်စန်းမောင်က စကားအနည်းငယ် စပ်စုလိုက်သည်။

"သမီးတို့က ဒီနားတစ်ဝိုက်ကပဲ ထင်တယ်"

"ဟုတ်ပါတယ်"

(ထားဝယ်သံဝဲဝဲလေးဖြင့် ဖြေသည်။)

"ဦးတို့က ရဲအရာရှိတွေပါ။ ဒီရက်အတွင်းမှာ ဒီနားတစ်ဝိုက်မှာ ဘာများထူးထူးခြားခြား ကြားမိသလဲ"

"လွန်ခဲ့တဲ့ လေးငါးရက်လောက်က ကျွန်မတို့ ဒီနားရောက်တယ်။ ဟိုချုံပုတ်ကလေးတွေဘက်က ကလေးငိုသံကြားလို့ သွားကြည့်ကြတယ်။ စားကိုင်ထားတဲ့ လူကြီးတစ်ယောက်က 'လာမကေ့နဲ့'လို့ အော်လွှတ်တယ်။ ကျွန်မတို့လည်း ကြောက်တာနဲ့ အိမ်ကို ပြန်ပြေးခဲ့ကြတယ်။ နောက်ရက်သိပ်မကြာပါဘူး။ အဲဒီချောင်းနံဘေး သဲသောင်ပြင်မှာ မိန်းမအလောင်းတွေ့တယ်လို့ ကြားတာပဲ"

"ကျေးဇူးတင်ပါတယ်ကွယ်"

* * * * *

'လာမကေ့နဲ့'ဆိုတာက ထားဝယ်စကား။ မြန်မာလိုက 'လာမကြည့်နဲ့'လို့ အဓိပ္ပာယ်ရကြောင်း သိရသည်။ ဟုတ်ပြီ။ ကလေးသံရယ်၊ လာမကေ့နဲ့ဆိုတဲ့ စကားတို့အပေါ် အခြေခံလျက် အမှုပေါ်ပေါက်ရေးအတွက် ကောက်ချက်ချထားလိုက်သည်။

"ကဲ . . . မောင်သန်းဇော်ဦးရေ။ ဒီရက်အတွင်းမှာ ထားဝယ်ရိုးရာပွဲတော်ရှိတယ်မဟုတ်လား။ လောင်းကစားပွဲတွေကလည်း ကြိုကြားကြိုကြား လျှို့ဝှက်လုပ်တတ်ကြတယ်ကွ။ ဘယ်ကောင်တွေ ဘယ်လောက်နိုင်လို့ ဘယ်လောက်ရှုံးကြတယ်ဆိုတာ စုံစမ်းစမ်းကွာ။ ဒီအမှုမှာ လောင်းကစားအရှုံးအနိုင်ကောင်တွေနဲ့ နီးနွယ်နိုင်တယ်။ ပိုရိအောင်လည်း လုပ်နော်"

"စိတ်ချပါ စခန်းမှူး"

ဒုရဲအုပ်သန်းဇော်ဦး စုံစမ်းရသမျှထဲမှာ အကြီးအကျယ်နိုင်သူနှင့် အကြီးအကျယ်ရှုံးသူ လေးယောက်တွေ့ရသည်။ အကြီးအကျယ်ရှုံးသူထဲတွင် ပဲရှာသား သန်းအေးက အဆိုးဆုံးဖြစ်သည်။ ငွေသား သိန်းသုံးဆယ်ကုန်သည့်အပြင်၊ ဥယျာဉ်ခြံမြေပါ ရောင်းလိုက်ရသည်။ အကြွေးတောင်တင်လိုက်သေးသည်ဟု စုံစမ်းရခဲ့သည်။

စခန်းမှူး ရဲအုပ်စန်းမောင်တို့

www.burmeseclassic.com

ဆရာတပည့် ပဲကျေးရွာအတွင်းရှိ အပေါင်ဆိုင်များသို့ ရောက်သွားခဲ့သည်။ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်များ သန်းအေးဆိုသူ လာပေါင်ကြောင်း၊ တချို့လည်း အပြီးရောင်းသွားကြကြောင်း၊ အပေါင်ဆိုင်ကြီးတစ်ဆိုင်မှ သတင်းရခဲ့သည်။ ၎င်းရွှေထည်ပစ္စည်းများကို သက်သေများရှေ့တွင် သိမ်းဆည်းလိုက်သည်။ ထူးခြားချက်မှာ ထိုပစ္စည်းများသည် သေဆုံးသူ မစောလှ၏ ပစ္စည်းများ ဖြစ်နေတော့သည်။

သေချာသွားပြီ ဖြစ်သည်။ သန်းအေးကို ဖမ်းလိုက်ရုံသာ ရှိတော့သည်။ ခက်သည်က သန်းအေးက လူလည် ဖြစ်သည်။ ပြည်သူ့စစ်နှင့်လည်း ထဲထဲဝင်ဝင်ရှိသည်။ ရယကအဖွဲ့နှင့်လည်း အကျွမ်းတဝင်ရှိသည်။ ရပ်ရေးရွာရေးကိစ္စများတွင်လည်း ရှေ့တန်းက ပါဝင်တတ်သူဖြစ်သည်။ အပေါင်းအသင်းဆံ့သည်။ အားလုံးက သူ့ကို အထင်ကြီးကြသည်၊ လေးစားကြသည်။

ဒီကောင်ကိုဆွဲလျှင် ပိုင်မှဖြစ်မည်။ မသေချာပါက ပြဿနာတက်လာနိုင်သည်။ သန်းအေးကလည်း လူလည်။ စခန်းမှူး ရဲအုပ်စန်းမောင်ကို လာရောသည်။ မ်ဟ်ဖြစ်ဆွေဖြစ် ဘီယာတိုက်လိုပါကြောင်း ချဉ်းကပ်သည်။ ဒီကောင့်ကို အနီးကပ်လေ့လာနိုင်ရန် လက်ခံလိုက်သည်။ သတိတော့ အလွန်ထားရသည်။

စားသောက်ဆိုင်တစ်ဆိုင်တွင် ဖြစ်သည်။ စခန်းမှူး ရဲအုပ်စန်းမောင်က သန်းအေးနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။ ဒုရဲအုပ်သန်းဇော်ဦးက သန်းအေးနားမှာ ကပ်ထိုင်ထားလိုက်သည်။

စခန်းမှူး ရဲအုပ်စန်းမောင်က သန်းအေးမျက်နှာကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။ လက်သည်းဖြင့် ကုတ်ခြစ်ထားသော အစင်းကြောင်းများက ပါးပြင်ပေါ်တွင် အထင်းသားပေါ်နေသည်။ ဝဲဘက်လက်ဖျံပေါ်တွင်လည်း သွားဖြင့်ကိုက်ခံထားရသော ဒဏ်ရာကြီးက အကွင်းသားပေါ်နေသည်။ သေချာသွားပြီဖြစ်သည်။ စခန်းမှူး ရဲအုပ်စန်းမောင်က မျက်နှာရိပ်ပြလိုက်သည်။ ဒုရဲအုပ်သန်းဇော်ဦးကလည်း လျင်သည်။ လက်ထိတ်ကွင်းများသည် သန်းအေး၏ လက်နှစ်ဖက်ဆီသို့ ရောက်သွားပြီဖြစ်သည်။

* * * * *

"ကဲ…သန်းအေး၊ သိပ်ရှည်ရှည်ဝေးဝေး ပြောမနေတော့ပါဘူးကွာ။ ဒီအမှုနဲ့ပတ်သက်လို့ တို့ သက်သေအထောက်အထားတွေ ရသင့်သလောက်ရထားပြီးပါပြီ။ မင်းမျက်နှာပေါ် ကုတ်ရာခြစ်ရာ အစင်းကြောင်းတွေနဲ့ သွားနဲ့ကိုက်ခံထားရတဲ့ ဒဏ်ရာကြီးကလည်း မင်းငြင်းလို့မရနိုင်တော့ပါဘူး"

"မင်း ငြင်းမယ်လို့တော့ မကြံနဲ့။ ငါ့နာမည် စခန်းမှူး ရဲအုပ်စန်းမောင်တဲ့။ မှန်တာလုပ်ရမယ်ဆိုရင် သိကြားမင်းခေါင်းတောင် ခေါက်ရဲတဲ့ကောင်ကွ။ မင်းဘာပြောချင်သလဲ ပြောစမ်း"

စခန်းမှူး ရဲအုပ်စန်းမောင်က အသံကို တမင်မြှင့်လျက် စကားပရိယာယ် သုံးလိုက်သည်။ သန်းအေးကိုလည်း အကဲခတ်ကြည့်လိုက်သည်။ သန်းအေးမျက်မှောင်တစ်ချက်ကြုတ်လျက် ငြိမ်ကျသွားသည်။ ခဏကြာမှ ဝမ်းနည်းသံတစ်ဝက်ဖြင့် ပြောလာသည်။

"ကျွန်တော် မှားသွားပါတယ်။ ကျွန်တော့်ကို သက်ညှာပါ စခန်းမှူးကြီးရယ်။ မှန်တာကိုပြောပါ့မယ်"

"စိတ်ချ သန်းအေး၊ တရားဥပဒေအရ ဖြစ်စေရမယ်"

သန်းအေးက ဖြစ်ကြောင်းကုန်စင် ပြောလိုက်တော့သည်။

"ကျွန်တော် ဒီတစ်ချီ လောင်းကစားဝိုင်းမှာ တော်တော်လေး ထိသွားပါတယ်။ ရှိတာတွေ ကုန်တဲ့အပြင် အကြွေးတောင် တင်သွားပါတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိဖြစ်သွားပါတယ်"

"ဖြစ်ချင်တော့ ရွာထဲက စတိုးဆိုင်တစ်ခုမှာ ကျွန်တော် စီးကရက်သွားဝယ်ပါတယ်။ နို့စို့အရွယ် ကလေးချီထားတဲ့ အမျိုးသမီးတစ်ယောက်ကလည်း ပစ္စည်းတစ်ခုလာဝယ်တာ တွေ့ရပါတယ်။ ပိုက်ဆံပေးဖို့ သူ့လက်ဆွဲအိတ်ကြီးကို ဖွင့်လိုက်တော့ ကျွန်တော် အံ့ဩသွားရပါတယ်"

"ပိုက်ဆံတွေက အုပ်လိုက်၊ အထပ်လိုက် တွေ့လိုက်ရပါတယ်။ သူ့ကိုယ်မှာလည်း ရွှေတွေက သီးနေအောင် ဝတ်ထားပါတယ်။ ကျွန်တော် လောဘတက်ပြီး စိတ်ရိုင်းတွေ ဝင်လာပါတယ်"

"ဒါနဲ့ အမျိုးသမီးသွားရာကို မသိမသာ နောက်ယောင်ခံလိုက်ပါတယ်။ ပဲရွာအရှေ့ဘက် ဥယျာဉ်ခြံတွေနားချောင်းလေးနံဘေး ရောက်သွားတော့ယ်။

www.burmeseclassic.com

အဲဒီနေရာက လူနည်းနည်းပြတ်တယ်။ ချုံပုတ်ကလေးတွေလည်း ရှိတယ်။ ပထမတော့ ကျွန်တော် ငွေထုပ်ပါတဲ့ အိတ်ကြီးကို လုယူထွက်ပြေးဖို့ပါပဲ"

"ဒါပေမယ့် ထင်သလောက် မလွယ်ဘူး ဖြစ်နေတယ်။ ကျွန်တော်က အိတ်ကြီးကို လှမ်းဆွဲလိုက်တဲ့အခါ သူကလည်း မလွှတ်ဘူး။ အတင်းပြန်ဆွဲထားတယ်။ သူနဲ့ ကျွန်တော် ဆွဲလား၊ လွဲလား ဖြစ်နေတော့ ကလေးက တအားငိုပါတယ်။ ကျွန်တော်လည်း ကြံရာမရဖြစ်ပြီး ကလေးကို ဆွဲယူလျက် ပစ်မိပစ်ရာ ပစ်လိုက်တာ ကလေးက ချောင်းထဲ ကျသွားပါတယ်"

"အမျိုးသမီးက သားဇောနဲ့ထင်ပါတယ်။ ကျွန်တော့်ကို အတင်းဝင်လုံးတော့တာပါပဲ။ သူနဲ့ ကျွန်တော် လုံးထွေးနေရင်းက သူ့လက်သည်းရှည်ကြီးတွေနဲ့ ကျွန်တော့်မျက်နှာကို ကုတ်ခြစ်ပစ်လိုက်တယ်။ လက်ဖျံတစ်ဖက်ကိုလည်း တအားကိုက်ထည့်လိုက်ပါတယ်။ ကျွန်တော်လည်း မခံနိုင်တော့တာနဲ့ သူ့ဆံပင်ကို တအားဆွဲလှန်လိုက်တာ သူသဲသောင်ပြင်ပေါ်မှာ ပက်လက်လန်ကျသွားပါတယ်။ အဲဒီမှာ အသင့်ပါလာတဲ့ ဆောင်ဓားရှည်နဲ့ တအားခုတ်ချလိုက်ပါတယ်။ သူ့မျက်နှာနဲ့ ခေါင်းကို ထိပြီး သူငြိမ်ကျသွားတယ်"

"ကျွန်တော် သူ့ကိုယ်ပေါ်က ရွှေထည်ပစ္စည်းတွေကို ဖြုတ်ယူခဲ့တယ်။ အိတ်ကြီးကိုလည်း ယူခဲ့တယ်။ အိတ်ကြီးထဲက ငွေခြောက်သိန်းကျော် ရခဲ့ပါတယ်"

"ငွေတွေကတော့ အကြွေးဆပ်တာရယ်၊ သုံးတာရယ်နဲ့ ကုန်သွားပါပြီ။ ရွှေတွေကိုတော့ ရောင်းတာလည်းရှိတယ်၊ ပေါင်ထားတာလည်း ရှိပါတယ်"

သန်းအေး၏ အစစ်ခံချက်အရ ရွှေထည်ပစ္စည်းများကိုလည်း ပြန်လည်သိမ်းဆည်းရခဲ့သည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ဆောင်ဓားရှည်ကိုလည်း သန်းအေး၏ ထုတ်ပေးချက်အရ သိမ်းဆည်းရရှိခဲ့သည်။

အမှုမှန် ပေါ်ပေါက်ခဲ့သည့်အတွက် ရွာသူရွာသားများ တအံ့တသြဖြစ်သွားခဲ့ကြသည်။ မသင်္ကာမှုဖြင့် အချုပ်ခံနေရသော စောဒေးဖစ်လည်း အမှန်တရား၏ ကျေးဇူးကြောင့် အချုပ်မှ လွတ်မြောက်ခဲ့ရသည်။

စောဒေးဖစ်အဖြစ်ကလည်း ဆွမ်းခံရင်း ငှက်သင့်သည့်ဟု ဆိုရပေတော့မည်။ သူနှင့် မစောလှတို့က ယယ်ရည်းစားများဖြစ်သည်။ ကံကြမ္မာအလှည့်အပြောင်းကြောင့် မစောလှက မောင်ထွန်းအောင်နှင့် အိမ်ထောင်ကျသွားခဲ့သည်။

စောဒေးဖစ်က မော်လမြိုင်တွင် နေသည်။ အကြောင်းတစ်ခုကြောင့် ပဲရွာသို့ ရောက်လာခဲ့သည်။ မစောလှက ဘာစိတ်ကူးရသည်မသိ၊ စောဒေးဖစ်ထံ စာတစ်စောင်ရေးလိုက်သည်။

"ငါ့မှာ ရွှေလည်း ၁၉ ကျပ်သား ရှိတယ်။ ငွေလည်း ခြောက်သိန်းရှိတယ်။ တို့ထွက်ပြေးကြမယ်" ဤသို့ဖြစ်သည်။

စောဒေးဖစ်က စာကိုဖတ်လျက် ပြုံးလိုက်သည်။ စာရွက်ကလေးကိုခေါက်လျက် အိတ်ထောင်ထဲထည့်ထားလိုက်သည်။ အင်္ကျီကိုချွတ်၍ တိုင်တွင်ချိတ်ထားပြီး ရေချိုးရန်ထွက်သွားသည်။ သူတည်းခိုနေသော အိမ်ရှင်အဘွားကြီးက စောစောက စောဒေးဖစ် စာကိုဖတ်ပြီး ပြုံးနေခြင်းကို သိချင်နေသည်။

စောဒေးဖစ် ပြန်ရောက်မလာမီ စောဒေးဖစ် အိတ်ထဲက စာကိုယူလျက် ဖတ်ကြည့်လိုက်သည်။ အဘွားကြီး အံ့အားသင့်သွားသည်။ ထိုစာကို ပြည်သူ့စစ်ခေါင်းဆောင်လက်ထဲသို့ ထည့်လိုက်ရာက စောဒေးဖစ် အဖမ်းခံလိုက်ရခြင်း ဖြစ်သည်။

* * * * *

စခန်းမှူး ရဲအုပ်စန်းမောင်၏ ကြိုးပမ်းမှုကြောင့် အချိန်တိုအတွင်းမှာပင် အမှုမှန်ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ သန်းအေးအပေါ် သက်သေခံအထောက်အထား ခိုင်လုံစွာဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂/၃၀၂ (လုယက်/လူသတ်)မှုတို့ဖြင့် တရားစွဲတင်နိုင်ခဲ့သည်။ သန်းအေးတစ်ယောက် လူမိုက်တို့၏ သွားရာလမ်းအတိုင်း တရားဥပဒေ၏ အဆုံးအဖြတ်ကို ခံရတော့မည်သာ ဖြစ်ပေတော့သည်။

လောင်းကစားသမားဟူသည် ပထမသော် သူတစ်ပါးထံမှ ရွှေငွေ ပစ္စည်းများကို ရယူလိုခြင်းဖြစ်သည်။

မိမိထံမှ ရွှေ၊ ငွေ၊ ပစ္စည်းများ ဆုံးရှုံးသွားသည့်အခါ ခိုးယူရမှာလည်း မကြောက်၊ လုယူရမှာလည်း ဝန်မလေး၊ နောက်ဆုံး သူတစ်ပါးအသက်ကိုပင် သတ်ရဲတတ်ကြပေတကား။

*[ရဲအုပ်စန်းမောင်(ငြိမ်း)သို့ အမှတ်တရ]*

**မောင်မောင်(ဝီတောက်မြိုင်)**




www.burmeseclassic.com

www.burmeseclassic.com

# သဲကန္တာရမှ အဆိပ်ပြင်းတဲ့မြွေဆိုး

မောင်မောင်စန်းထွေး



www.burmeseclassic.com

www.burmeseclassic.com

သူ့မွေးတာက နွေရာသီရဲ့ တစ်ခုသော နံနက်ခင်း။ နေရာက သဲကန္တာရမှာရှိတဲ့ ကျောက်တုံးကြီးများရဲ့ လိုဏ်ခေါင်းထဲမှာ ဖြစ်တယ်။ သူနဲ့အတူ အခြားသုံးကောင်လည်း ပါတယ်။ အဲဒီအထဲမှာ အဖိုတစ်ကောင်နဲ့ အမနှစ်ကောင်ပါလာတယ်။ အဲဒီမြွေတစ်ကောင်စီရဲ့ အရှည် ၁၂ စင်တီမီတာနဲ့ ကိုယ်လုံးက ခဲတံသာသာပဲ ရှိတယ်။ သူ့ရဲ့ အင်မတန် သေးငယ်တဲ့ ဦးနှောက်ဟာ နှေးကွေးနေတုန်း။ သူမှာ ခြေထောက်တွေ မရှိဘူး။ အရေခွံပါးပါးလေးပဲ ရှိတယ်။ သူအသက်ရှင်နေတာကလွဲလို့ ဘာမှမသိဘူး။ ဒါဟာ သူသိတာ အကုန်ပဲ။ အပူနဲ့အအေးဒဏ်တို့ကြောင့် အချိန်တိုအတွင်း သူသေနိုင်တယ်။ ဒါ့အပြင် စားစရာလည်း မရှိတဲ့အတွက် ငတ်လို့သေနိုင်တယ်။ သူ့ခန္ဓာကိုယ်လည်း ရေမရှိတဲ့ သဲကန္တာရလို ခြောက်သွေ့နေတယ်။ အကယ်၍ လူတစ်ယောက်ကဖြစ်စေ၊ တိရစ္ဆာန်တစ်ကောင်ကဖြစ်စေ နင်းမိရင် ကျိုးပြတ်ပြီးသေမှာပဲ။ သူ့နောက်ကို တစ်စုံတစ်ခုလိုက်လာရင်လည်း လွတ်အောင်မပြေးနိုင်ဘူး။ ဒါတွေဟာ သူ့မွေးကုန်းက ဘဝဖြစ်စဉ်တွေဖြစ်တယ်။ အနည်းငယ်ပြောင်းလဲလာခြင်းဟာ သူသေသွားတဲ့ဘဝအထိ ဖြစ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် အကောင်းဘက်ကကြည့်ရင်တော့ သူဘယ်လိုရှာဖွေစားသောက်ပြီး အသက်အန္တရာယ်ကို ဘယ်လိုကာကွယ်မယ်ဆိုတာတွေဟာ သဘာဝကပေးတဲ့ နည်းလမ်းတွေပဲ ဖြစ်တယ်။ သူ့ရဲ့မေးရိုးမှာ အထူးနေရာနှစ်ခု ရှိတယ်။ အဲဒီမေးရိုးတွေမှာ အလွန်ပြင်းတဲ့ အဆိပ်တွေရှိတယ်။ အဲဒီအဆိပ်ပြင်းတွေကို အခြားသတ္တဝါတွေဆီ ပို့လွှတ်ဖို့ ရှည်လျားသေးသွယ်ပြီး ထက်တဲ့ အစွယ်နှစ်ချောင်းရှိတယ်။ သူ့မှာ အဆိပ်နဲ့ အစွယ်သာမရှိဘူးဆိုရင် ကမ္ဘာပေါ်မှာ အကူအညီမဲ့မယ့်အရာ ဖြစ်လိမ့်မယ်။ ဒါတွေကြောင့် သူလည်း ကြောက်စရာအကောင်းဆုံးတွေထဲမှာ ပါဝင်နေတယ်။ သူကတော့ အဆိပ်ပြင်းပြီး အမြီးမှာ အသံပေးတဲ့ ခလောက်ပါတဲ့ မြွေဖြစ်တယ်။ သူ့ကို ခရိုတာလတ်စ်အထရော့စ် (Crotalus Htrox) လို့ နာမည်ပေးထားတယ်။ သိကောင်းသိနိုင်ပါလိမ့်မယ်။ အရောင်ကတော့ အညိုရင့်ရောင်၊ ကျောကုန်းအရေခွံမှာ စိန်ပုံသဏ္ဌာန်အကွက်တွေ ရှိတယ်။ အမြီးဟာ အဖြူရောင်ပေမယ့်လည်း အမြီးကို အမည်းကွင်းငါးခုပါရှိပြီး ဝိုင်းထားတယ်။

တစ်ခါတစ်ရံ လိုဏ်ခေါင်းတစ်ခုတည်းမှာ အခြားမြွေ အကောင် ၂၀၀ လောက်နဲ့ အတူ ခရိုတာလတ်စ် အတူရှိနေတတ်တယ်။ တခြားအချိန်မှာဆိုရင် မြွေအကောင် ၂၀ ခန့်နဲ့ အတူရှိနေတတ်တယ်။ မြွေတွေ လိုဏ်ခေါင်းထဲမှာ အတူနေကြတာကတော့ မျိုးပွားဖို့ကလွဲလို့ ဘာအကူအညီမှ ပေးဖို့မဟုတ်ဘူး။ ခရိုတာလတ်စ်ရဲ့ ညီဟာ သူတို့မိသားစုထဲက ပထမဆုံးသေဆုံးသွားခဲ့တာဖြစ်တယ်။ သေဆုံးသွားရတဲ့ အကြောင်းကတော့ လိုဏ်ခေါင်းထဲက ကီလိုမီတာ ၈၀ ဝေးတဲ့နေရာကို သွားနေတုန်း သိမ်းငှက်ကတွေ့လို့ သုတ်သွားပြီး စားပစ်လိုက်တယ်။ ပြီးတော့ အမလေးတစ်ကောင်ကို ထပ်တွေ့တော့ သိမ်းငှက်ကသုတ်ပြီး စားလိုက်တယ်။ ဒုတိယအမလေးကတော့ လမ်းဖြတ်ကူးနေတုန်း အခြားငှက်တစ်ကောင်ကတွေ့လို့ ဖမ်းစားတာ ခံလိုက်ရတယ်။

ခရိုတာလတ်စ်ကတော့ လိုဏ်ခေါင်းထဲမှာ အိပ်နေတယ်။ သူ့ညီနဲ့ ညီမတွေ သေဆုံးသွားတာကို မသိလိုက်ဘူး။ ဂရုလည်း မစိုက်ဘူး။ သူ့မွေးပြီး လေးရက်မြောက်နေ့မှာ ကမ္ဘာလောကကြီးကိုကြည့်ဖို့ လိုဏ်ခေါင်းအပြင်ဘက်ကိုထွက်လိုက်တယ်။ သဲကန္တာရပေါ်မှာ ရွှေ့လျားရင်း သူနဲ့ နီးကပ်တဲ့အရာတွေကို မြင်နိုင်တယ်။ အနံ့တော့ ခံလို့မရဘူး။ သူ့မှာ နားမပါလို့ ဘာအသံမှ မကြားရဘူး။ ဒါပေမယ့် သူ့မျက်လုံးနှစ်ခုကြား အပေါက်အချိုင့်ကလေးနှစ်ခု ရှိတယ်။ အဲဒီကမှတစ်ဆင့် ကြားနိုင်တယ်။ ဒါဟာ သူ့ကိုယ်ခန္ဓာက အထူးအစိတ်အပိုင်းတစ်ခု ဖြစ်တယ်။ ဒီအပေါက်အချိုင့်ကပဲ တိရစ္ဆာန်တွေရဲ့ အနံ့ခံလို့ရတယ်။ သဲကန္တာရထဲမှာ ဘယ်လောက်ပဲ မည်းမှောင်နေပါစေ ခရိုတာလတ်စ်ကတော့ အပေါက်အချိုင့်လေးကြောင့် သူ့အနီးအနားမှာ တိရစ္ဆာန်တွေရှိတယ်ဆိုတာ သိနိုင်တယ်။ ပြီးတော့ အဲဒီတိရစ္ဆာန်ဟာ အရွယ်အစား ဘယ်လောက်ကြီးတယ်ဆိုတာကိုလည်း ပြောနိုင်တယ်။ ဒါကြောင့် အပေါက်အချိုင့်လေးဟာ မျက်စိထက်တောင် ပိုကောင်းတယ်လို့ ဆိုပါတယ်။ ပြီးတော့ သူ့မှာ အံ့ဖွယ်ကောင်းတဲ့ လျှာကြီးကလည်း ရှိသေးတယ်။ လျှာကတော့ နှစ်ခွ။

www.burmeseclassic.com

သဲကန္တာရထဲမှာ သွားလာလှုပ်ရှားနေတဲ့ အချိန် လျှာကြီးကို ထုတ်လိုက်၊ သွင်းလိုက်လုပ်တယ်။ မျက်စိနဲ့မမြင်နိုင်တာ၊ နှာခေါင်းနဲ့ အနံ့ခံလို့မရနိုင်တာ၊ အပေါက်အချိုင့်လေးက မပြောနိုင်တာတွေအားလုံးကို လျှာကပြောနိုင်တယ်။ သူပြင်ပကမ္ဘာကို ထွက်လာတာဟာ အစာဆာလွန်းလို့ ဖြစ်တယ်။ အဆာပြေသွားအောင် သူထက်သေးငယ်တဲ့ အကောင်လေးတွေကို ဖမ်းစားတယ်။ သူ့ရဲ့လှုပ်ရှားမှုဟာ လျှပ်တစ်ပြက်အတွင်း လှုပ်ရှားနိုင်တာမို့ သဲကန္တာရမှာ သွားလာလှုပ်ရှားနေတဲ့ ပုတတ်ကောင်ကို ဖမ်းလိုက်တယ်။ ပြီးတော့ ပုတတ်ကောင်ကို ကိုက်လိုက်ပြီး အစွယ်တွေကတစ်ဆင့် အဆိပ်သွင်းသတ်လိုက်တယ်။ ဒါဟာ သူပထမဆုံးအကြိမ် အစာစားရတာ ဖြစ်တယ်။

အချိန်နှစ်နှစ်တာ ကာလအတွင်း ခရိုတာလတ်စ်ဟာ အကြီးမြန်တယ်။ သူ့စွမ်းအားလည်း ကြီးလာတယ်။ ဒါကြောင့် လမ်းပေါ်မှာပြေးနေတဲ့ အကောင်တွေ၊ ငှက်တွေ သူ့အနား မသွားကြဘူး။ အထူးသဖြင့် တောကြောင်တွေ၊ ဝံပုလွေတွေတောင်မှ သူ့အနား မသွားကြဘူး။ ရှောင်ဖယ်နေကြတယ်။ ခရိုတာလတ်စ် အသက် ၁၂ နှစ်ရောက်လာတဲ့အခါ နှစ်မီတာ ပိုရှည်လာတယ်။ သူ့အမြီးက ခလောက်သံပေးနိုင်တဲ့ အစိတ်အပိုင်းလည်း ၁၄ ခုထိ ဖြစ်လာတယ်။ အမြီးက ခလောက်သံပေးတဲ့ အစိတ်အပိုင်းအချို့ ကျိုးထွက်သွားပေမယ့် အရေခွံလဲတဲ့အခါ ပြန်ထွက်လာတယ်။ ခရိုတာလတ်စ် ငယ်ငယ်တုန်းက

**ဟော...**
**ခရိုတာလတ်စ်နေတဲ့**
**လိုဏ်ခေါင်းကြီးကို**
**တွေ့ပါပြီ။**
**နေရာက**
**ပူပူနွေးနွေးရှိနေဆဲ။**
**လယ်သမားတွေက**
**လိုဏ်ခေါင်းကို**
**ပထမဆုံးတွေ့တာနဲ့**
**မြွေသုံးကောင်ကို**
**သတ်ပစ်ကြတယ်။**
**ပြီးတော့**
**လိုဏ်ခေါင်းထဲ**
**ဗုံးဖောက်ခွဲလိုက်တော့**
**အထဲမှာကျန်နေတဲ့**
**မြွေအားလုံး**
**သေသွားကြတယ်။**

ပထမဆုံး အရေခွံလဲဖူးတယ်။ အရေခွံလဲတာကိုလည်း ဘာဖြစ်တယ်ဆိုတာ သူမသိဘူး။ အရေခွံလဲတဲ့အချိန် အရေခွံတွေက သူ့မျက်စိတွေကို အုပ်ထားတော့ တိမ်ဖုံးသလို ဖြစ်လို့ ဘာမှမမြင်ရဘူး။ အရေခွံက ထူပြီးခြောက်သွားတယ်။ မျက်စိနှစ်လုံးကြားက အပေါက်အချိုင့်လေးကလည်း ဘာတစ်ခုမှ မလုပ်ပေးနိုင်ဘူး။ အရေခွံကျွတ်ထွက်သွားအောင် သစ်ပင်နဲ့ ပွတ်တိုက်တွန်းထုတ်တယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ခဏခဏ ပွတ်တိုက်ဖန်များလာတော့ အရေခွံ သူ့ခေါင်းက ကျွတ်ထွက်သွားတယ်။ ပြီးတော့ ကျောက်ဆောင်နဲ့ အပင်ငယ်တွေနဲ့ ပွတ်တိုက်တော့ အရေခွံတစ်ခုလုံး ကျွတ်ထွက်သွားတယ်။ အရေခွံအသစ်ဟာ အရောင်ပိုတောက်ပလာတယ်။ သူ့နှာခေါင်းလည်း လုံးဝရှင်းသွားပြီး အပေါက်အချိုင့်လေးကလည်း အရင်ကထက် ပိုအနံ့ခံလို့ကောင်းလာတယ်။ သူ့ရဲ့ ကျန်နေတဲ့ တစ်သက်တာမှာ တစ်နှစ်မှာ အရေခွံလဲတာ သုံးကြိမ်၊ ဒါမှမဟုတ် လေးကြိမ် လဲခဲ့ဖူးတယ်။ အရေခွံလဲတိုင်း အရေခွံအဟောင်းကို စွန့်ပစ်လိုက်တယ်။

ခရိုတာလတ်စ် အသက်နှစ်ဆယ်ရှိလာချိန် စွမ်းအားပိုကောင်းလာသလို၊ ကြောက်စရာလည်း ပိုကောင်းလာတယ်။ အဲဒီအချိန် နှစ်မီတာခွဲနီး ရှိနေပြီး ကိုယ်အလေးချိန် ၆ ကီလိုဂရပ်နီးပါးရှိနေပြီဖြစ်တယ်။ နေပူရင် ရှောင်နေဖို့နေရာတွေ ရှိလာသလို၊ ဘယ်နေရာမှာ အစာရရမယ်ဆိုတာကိုလည်း သိလာပြီဖြစ်တယ်။ သူ့အလှုပ်ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။ ကမ္ဘာ့ရဲ့ဘုရင် ဖြစ်နေပြီလို့ ဆိုပါတယ်။

ဒါပေမယ့် အန္တရာယ်ကတော့ လာနေပါပြီ။

မြို့ပေါ်မှာ လူတွေ ပြည့်ကျပ်နေလို့ သဲကန္တာရအချို့နေရာတွေမှာ လမ်းဖောက်၊ အိမ်တွေဆောက်လာကြတယ်။ အဲ…သဲကန္တာရအစိတ်အပိုင်းတစ်ခုထဲမှာ ခရိုတာလတ်စ်နေတဲ့နေရာလည်း ပါဝင်လာခဲ့တယ်။ အဲဒီနေရာမှာ မြေကြီးတွေတူး၊ မြေကြီးပေါ်မှာ အသီးအနှံတွေ စိုက်လာကြတယ်။ လမ်းအသစ်တွေပေါ်မှာ ခလောက်ပါတဲ့ မြွေတွေကို ကုန်တင်ကားတွေ နင်းမိလို့ သေနေတဲ့ အကောင်တွေကို တွေ့ရတယ်။

အဲဒီနွေရာသီမှာပဲ ခရိုတာလတ်စ်က ပထမဆုံး ခွေးတစ်ကောင်ကို တွေ့လိုက်တယ်။ အဲဒီခွေးဟာ ဂျာမန်ရှဖတ်ခွေး (German Shepherd) ဖြစ်တယ်။ ခရိုတာလတ်စ်ဟာ ပရေရီဝံပုလွေမျိုးကိုတွေ့ရင်တောင် မကြောက်ဘူး။ ဂျာမန်ရှာဖတ်ခွေးကြီးကလည်း ခရိုတာလတ်စ်ကို မကြောက်။ အဲဒီခွေးဟာ တော်တော်သတ္တိရှိတယ်။ ခရိုတာလတ်စ်ကိုတွေ့တာနဲ့ ရန်တွေ့လိုက်တယ်။ ဒါနဲ့ ခရိုတာလတ်စ်က ခွေးရဲ့မေးရိုးကို ပေါက်လိုက်ပြီး အစွယ်တွေ ခွေးအရေပြားကို ဖောက်ဝင်သွားတာနဲ့ အဆိပ်ကို လွှတ်လိုက်တယ်။ ခွေးဟာ နာလို့ အော်ထွက်ပြေးသွားတယ်။ မြွေပေါက်ခံရတဲ့ မေးရိုးတွေကို သဲနဲ့လူးပြီး ပွတ်လိုက်တယ်။

ဒါနဲ့ ခွေးဟာ တစ်ဖန်ပြန်လာပြီး မြွေကို ပြန်တိုက်ခိုက်တယ်။ ခွေးက မြွေရဲ့ ခန္ဓာကိုယ်အလယ်ပိုင်းကို ကိုက်ပြီး လေထဲမြှောက်ပစ်မယ်လုပ်တော့ မြွေ တစ်ဖက်ကိုပြန်လှည့်လိုက်ပြီး ပထမဆုံး ခြေထောက်၊ ပြီးမှ ဝမ်းဗိုက်နဲ့ မျက်စိတွေကို ပေါက်လိုက်ပြီး အဆိပ်တွေလွှတ်လိုက်တယ်။ အလွန်ကြောက်စရာကောင်းတဲ့ မြွေက ခွေးကို ကြိမ်ဖန်များစွာ ပေါက်လိုက်တော့ ခွေးက မြွေကိုလွှတ်ပြီး အိမ်ဘက်ကို ထွက်ပြေးရင်း လမ်းပေါ်မှာပဲ သေသွားခဲ့တယ်။

လယ်သမားတွေက လမ်းပေါ်မှာ မြွေကိုက်လို့သေနေတဲ့ ခွေးကိုတွေ့တော့ အံ့အားသင့်သွားကြတယ်။ ခွေးကို သတ်နိုင်လောက်အောင် ကြီးတဲ့မြွေဆိုးကြီး ရှိနေခဲ့ရင် ဒီမြွေဟာ ကလေးတွေ သာမက လူကြီးတွေကိုပါ ကိုက်မှာပဲ။ ဒီတော့ ဒီမြွေကြီးကို သတ်ပစ်မှဖြစ်မယ် ဆိုပြီး လယ်သမားကိုးယောက် သေနတ်ကိုယ်စီနဲ့ တစ်နွေလုံး မြွေကို လိုက်ရှာကြတယ်။ နွေရာသီကုန်တဲ့အချိန်ထိ မြွေ ၂၉ ကောင် သတ်ပစ်ခဲ့တယ်။ ဒါပေမယ့် ခရိုတာလတ်စ်ကိုတော့ ဆောင်းဦးပေါက်ရောက်ချိန်ထိ မတွေ့ကြသေးဘူး။

ဟော…ခရိုတာလတ်စ်နေတဲ့ လိုဏ်ခေါင်းကြီးကို တွေ့ပါပြီ။ နေရာက ပူပူနွေးနွေးရှိနေဆဲ။ လယ်သမားတွေက လိုဏ်ခေါင်းကို ပထမဆုံးတွေ့တာနဲ့ မြွေသုံးကောင်ကို သတ်ပစ်ကြတယ်။ ပြီးတော့ လိုဏ်ခေါင်းထဲ ဖုံးဖောက်ခွဲလိုက်တော့ အထဲမှာကျန်နေတဲ့ မြွေအားလုံး သေသွားကြတယ်။ ဒါနဲ့ ခရိုတာလတ်စ်ပြန်လာတော့ ကျောက်တုံးကြီးတွေ အက်ကွဲနေတာတွေနဲ့ မြွေသေကောင်တွေကို တွေ့ရတယ်။ သူ မြွေသေကောင်တွေကြားဝင်ပြီး လျှာကို ထုတ်လိုက်၊ သွင်းလိုက် လုပ်တယ်။ လိုဏ်ခေါင်းထဲဝင်မရတော့ဘူး။ ဒါကြောင့် အပြင်တစ်နေရာမှာပဲ အိပ်လိုက်ရတော့တယ်။ မနက်မိုးလင်းလို့ နေထွက်လာတော့ သူနိုးသွားတယ်။ နေကလည်း ပူလာတော့ ခရိုတာလတ်စ်ဟာ မှောင်တဲ့တစ်နေရာမှာ ရွှေ့ပြောင်းနေလိုက်တယ်။ အဲဒီနောက် အန္တရာယ်ရှိနေပြီဆိုတာ သူသိလိုက်တယ်။ သူရပ်လိုက်ပြီး ခေါင်းကိုမော့လိုက်တယ်။ ပြီးတော့ အမြီးက ခလောက်သံပေးလိုက်တယ်။ သူ့ရှေ့မှာ လူနှစ်ယောက်ကိုမြင်ရတယ်။ ဒါပေမယ့် လူတွေကို ဘာလဲဆိုတာ သူမသိဘူး။ သူလူကို တစ်ခါမှ မမြင်ဖူးဘဲကိုး။

အဲဒီအခါ လူတစ်ယောက်က "မြွေဘုရင်ဆိုတာ သူပဲပေါ့"လို့ ပြောလိုက်တယ်။ တစ်ယောက်ကလည်း ဒီဘက်ကိုပြန်လာတာ ကောင်းတာပေါ့" လို့ ပြောလိုက်တယ်။ တစ်ယောက်က သူ့သေနတ်ကို သတိထားရင်း မောင်းတင်လိုက်တယ်။ ဒီနောက်တော့… သေနတ်မောင်းခလုတ်ကို နှိပ်လိုက်တယ်။ ဒီတော့ ခရိုတာလတ်စ်ရဲ့ ကံကြမ္မာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ သိနိုင်တယ်။

**မောင်မောင်စန်းထွေး**

***Ref: America MOSAIC***

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လွယ်အိတ်အနီကလေး

ဝင်းဇော်(သုံးဆယ်)

ဦးမြင့်ထွန်းက ညစာစားပြီးသည်နှင့် အိမ်ရှေ့အောက်အဆင့်တွင်ထိုင်ကာ ရေနွေးကြမ်းသောက်နေသည်။ ဒေါ်ခင်ဆင့်က စားပြီးသား ပန်းကန်များကို ဆေးကြောနေသည်။ သားဖြစ်သူ အောင်ဝင်းက တင်းကုပ်ထဲတွင် နွားများကို ခြင်မကိုက်စေရန် မီးဖိုပေးနေသည်။

"ဟဲ့ . . . မခင် ဟိုနေ့က ပုတ်တွေထဲက ပဲတွေ မင်းချိန်နေတာ ဘယ်လောက်ရှိသလဲ"

ဦးမြင့်ထွန်းက ဒေါ်ခင်ဆင့်ကို လှမ်းမေးသည်။

"ဆယ့်ငါးတင်း ကျော်တယ်လေ။ သားကို ရောင်းခိုင်းခဲ့တာပဲ"

"ဟိုတစ်ခါ ရောင်းရငွေနဲ့ မနေ့က ရောင်းရငွေပေါင်းပြီး ငါ့ကို ငွေသုံးသောင်းပေးစမ်း"

"ရှင်က ဘာလုပ်မလို့လဲ"

"မနက်ဖြန် ငါမြို့ကို သွားမလို့။ ငါ့သူငယ်ချင်းဆီက ယူထားတဲ့ ငွေအားလုံးကို ပြန်မဆပ်နိုင်သေးရင်တောင် သုံးသောင်းလောက် ပေးဆပ်ထားရရင် ကောင်းမလားလို့"

"ရှင့်သူငယ်ချင်းက အကြွေးတောင်းနေလို့လား"

"အကြွေးမတောင်းပါဘူး။ ငါတို့လိုအပ်တုန်းက သူက အတိုးမရှိ ချေးငှားထားတာ မဟုတ်လား။ ငါတို့မှာရှိတဲ့အခါ ပြန်ပေးနိုင်သလောက် ပြန်ပေးရမယ်လေ။ ငါတို့ကို စေတနာနဲ့ အတိုးမယူဘဲ ချေးငှားထားတာပဲ ကျေးဇူးတင်နေရတယ်။ ကဲ. . . မနက်ဖြန်ကျရင် အစောကြီး အိပ်ရာထပြီး မြို့သွားမှာမို့ ငါအိပ်တော့မယ်"

ဦးမြင့်ထွန်းက အိပ်ခန်းထဲသို့ ဝင်သွားသည်။ ဒေါ်ခင်ဆင့်က ပဲရောင်းရသည့်ငွေများကို ရေတွက်နေသည်။

မိုးမလင်းမီ ဦးမြင့်ထွန်းက အိပ်ရာမှထသည်။ လွယ်အိတ်ကလေး လွယ်ကာ မြို့သို့သွားသည်။ ဦးမြင့်ထွန်းနေသည့် ရွယ်ရှေးရွာက မြို့နှင့် ခုနစ်မိုင်ဝေးသည်။ ရွယ်ရှေးကမ်းပါးမှ တစ်ဖက်ကမ်းသို့ လှေဖြင့်ကူးရသည်။ ထိုမှ မြို့သို့ မြင်းလှည်းဖြင့် သွားရသည်။

ညနေမိုးချုပ်သည်နှင့် ဒေါ်ခင်ဆင့်က ညစာအတွက် စားပွဲပေါ်တွင် ထမင်းဟင်းပန်းကန်များကို ပြင်ဆင်ထားသည်။ သားဖြစ်သူက ရေချိုးပြီး အိမ်ပေါ်သို့ တက်လာသည်။

"နင့်အဖေ မြို့သွားတာ ဒီတစ်ခါ မိုးချုပ်လိုက်တာ။ အရင်ဆိုရင် ညနေစောင်းတာနဲ့ ရွာကို ပြန်ရောက်နေပြီ"

ဒေါ်ခင်ဆင့်က ပြောသည်။

"အင်း . . . ဟုတ်တယ်နော် အမေ။ ညအိပ်မယ်လို့လည်း အဖေ ပြောမသွားပါဘူး။ မနက်က သွားခါနီးမှာ နွားကုပ်ကျားလက်က ကွဲရှနေတဲ့ဒဏ်ရာကို ဆေးထည့်ပေးဖို့ မှာခဲ့သေးတယ်"

"သူ့သူငယ်ချင်းက အေးအေးဆေးဆေးစကားပြောချင်တာကြောင့် နင့်အဖေကို ရွာမပြန်ခိုင်းတာလား မသိဘူး။ သူတို့က အထက်တန်းကျောင်းတုန်းက ခုံချင်းကပ်ထိုင်ခဲ့ကြတဲ့ သူငယ်ချင်းတွေလို့ပြောတယ်"

"ကိုတင်အေးက သူ့ဆီကိုလာလည်ရင်လည်း နင့်အဖေက ညအိပ်ပြီးမှ ပြန်ခိုင်းတာ။ သူငယ်ချင်းနှစ်ယောက် ပြောလိုက်တဲ့စကားတွေ ဖောင်ဖွဲ့နေတော့တာပဲ"

"အဖေပြန်အလာကို နာရီဝက်လောက် စောင့်ကြည့်ရအောင်။ ပြန်မလာမှ အမေနဲ့ကျွန်တော် ထမင်းစားကြတာပေါ့"

"အေး . . အေး၊ ကောင်းတယ်"

ဒေါ်ခင်ဆင့်က အိမ်နောက်ဖေးသို့ဝင်ကာ ထမင်းအိုး ဟင်းအိုး



www.burmeseclassic.com

www.burmeseclassic.com

များကို တိုက်ချွတ်ဆေးကြောနေသည်။ အောင်ဝင်းက တင်းကုပ်ထဲသို့ ဆင်းသွား၏။

"ဂလွမ်း"

"ဟဲ့ . . ဘာဖြစ်တာလဲ"

ဒေါ်ခင်ဆင့်က မီးဖိုချောင်ထဲမှ ပြေးထွက်လာသည်။ ထမင်းစားပွဲပေါ်တွင်ဖယောင်းတိုင်ထွန်းထားသည်။

"ဟင် . . . ဘယ်လိုဖြစ်တာလဲ၊ မသိန်းပုတို့အိမ်ကကြောင် လာခိုးစားတာထင်တယ်။ တောက် . . . တော်တော်ဆိုးတဲ့ကြောင်"

ဦးမြင့်ထွန်းအတွက် ထည့်ပေးထားသော ထမင်းပန်းကန်မှာ စားပွဲဘေးသို့ လွင့်စဉ်ကျနေပြီး ပန်းကန်နှင့် ထမင်းက တခြားစီဖြစ်နေသည်။ အောင်ဝင်းက အိမ်ပေါ်သို့ပြန်တက်လာသည်။

"ဘာဖြစ်တာလဲ အမေ"

"ကြောင်တက်ပြီး ခိုးစားတာထင်တယ်။ နှင့်အဖေစားမယ့် ပန်းကန်မှောက်သွားတယ်။ နှင့်အဖေသာတွေ့ရင် အတော်ဒေါသဖြစ်မှာ"

ဒေါ်ခင်ဆင့်က ပန်းကန်ကို ဆေးကြောပြီး ထမင်းထပ်ထည့်သည်။ အိမ်ရှေ့ကြမ်းပြင်တွင်ထိုင်ရင်း ဦးမြင့်ထွန်း အိမ်ပြန်အလာကို စောင့်မျှော်နေမိကြ၏။ လမိုက်ရက်ဖြစ်သောကြောင့် အပြင်ဘက်တွင် ပိန်းပိတ်အောင် မှောင်နေ၏။

"ဟဲ့သား . . . နှင့်အဖေ လက်နှိပ်ဓာတ်မီး ပါသွားလို့လား"

"မနက်က မိုးမလင်းခင် သွားတာဆိုတော့ ယူသွားတယ်ထင်တယ်"

ဒေါ်ခင်ဆင့်က အိပ်ခန်းထဲသို့ ဝင်ကြည့်သည်။ ဦးမြင့်ထွန်း၏ အိပ်ရာဘေးတွင် လက်နှိပ်ဓာတ်မီးကို မတွေ့။

"ဟုတ်တယ် နှင့်အဖေယူသွားတယ်၊ အမေက သူ့မှာ လက်နှိပ်ဓာတ်မီး ပါမသွားမှာစိုးလို့၊ မြစ်ကမ်းနားက ရွာထိပ်ကိုရောက်အောင် ကိုင်းတောကြီးကို ဖြတ်လာရမှာ မဟုတ်လား။ အခုတလော ပိုးထိတဲ့ သတင်းတွေ ကြားနေရတယ်"

"အမေပြောမှ သတိရတယ်။ ရွာမြောက်ပိုင်းက ကိုသောင်းအေး ပိုးထိတာလည်း သတင်းသွားမမေးဖြစ်သေးဘူး။ အဆိပ်တက်ပြီး ခြေထောက်ကြီး ရောင်ကိုင်းနေတယ်လို့ ရွာထဲမှာ ပြောသံကြားတယ်"

ခြေရင်းအိမ်ရှေ့မှ ဖွင့်ထားသော ရေဒီယိုက ၈ နာရီသတင်း ကြေညာသံကို ကြားလိုက်ရသည်။

"၈ နာရီထိုးနေပြီ အမေရဲ့။ အဖေက သူ့သူငယ်ချင်းအိမ်မှာ ညအိပ်ပြီထင်တယ်"

"အေး . . . ဟုတ်တယ်။ ဒီအချိန်ဆိုရင်တော့ နှင့်အဖေ ပြန်လာမှာ မဟုတ်တော့ဘူး။ အမေနဲ့ သားတို့ ညစာစားရအောင်"

ဒေါ်ခင်ဆင့်နှင့် အောင်ဝင်းတို့ ညစာစားကြသည်။

"ဒုန်း"

အိမ်နောက်ဖေး မီးဖိုချောင်တံခါးက လေမတိုက်ပါဘဲ ဆောင့်ပိတ်သည့်အသံကို ကြားလိုက်ရသည်။ ရုတ်တရက် ကြားလိုက်ရသည့်အသံမို့ ဒေါ်ခင်ဆင့်မှာလန့်ပြီး ကျောတွန့်သွားသည်။

"ဟင် . . . ထူးဆန်းလိုက်တာ၊ လေမတိုက်ဘဲ တံခါးက သူ့အလိုလို ပိတ်သွားတယ်"

"အေးကွယ်။ စောစောကလည်း ထမင်းပန်းကန် လွင့်ကျသွားတဲ့အသံက ကြက်သီးတောင် ထသွားတယ်။ ကြောင်ဆင်းပြေးတာလဲ မတွေ့ရဘူး"

"ဒီည ထမင်းစားတာ များသွားတယ်။ ဗိုက်လေးပြီး အိပ်ချင်လာပြီ"

"ဒါဆိုလည်း ရွာထဲလျှောက်လည်မနေနဲ့တော့။ ခဏနေပြီး အိပ်တော့၊ အမေလည်း စားပြီးသား ပန်းကန်တွေကို ဆေးကြောပြီးတာနဲ့ အိပ်ရာဝင်တော့မယ်"

ဒေါ်ခင်ဆင့်က ပန်းကန်များ ဆေးကြောပြီးချိန်တွင် သားဖြစ်သူ အောင်ဝင်း၏ အိပ်မောကျပြီး ဟောက်နေသည့်အသံကြောင့် ဒေါ်ခင်ဆင့် ပြုံးလိုက်မိသည်။ ဘုရားကျောင်းဆောင်ရှေ့တွင် ဘုရားရှိခိုးပြီးသည်နှင့် အိပ်ရာထဲသို့ ဝင်လာခဲ့သည်။ တစ်နေ့လုံး ချက်ပြုတ်၊ လျှော်ဖွပ်ထားသည့် ပင်ပန်းနွမ်းနယ်မှုများကြောင့် ဒေါ်ခင်ဆင့်အိပ်ပျော်သွား၏။

"မခင် . . . မခင်"

ဒေါ်ခင်ဆင့်သည် အိပ်ပျော်

www.burmeseclassic.com

နေရင်းမှ ဦးမြင့်ထွန်း၏ အသံကို ကြားသဖြင့် လန့်နိုးသွားသည်။ အိမ်ရှေ့သို့ နားစွင့်လိုက်တော့

"ဒေါက် . . . ဒေါက်"

အိမ်ရှေ့မှ တံခါးခေါက်သံကို ကြားလိုက်ရသည်။ အိမ်ရှေ့မှ ခေါင်းရင်းကိုပတ်ကာ အိမ်နောက်ဖေးသို့ လျှောက်သွားသည့် ခြေသံက ပီပီသသ။

"ဝုတ် . . ဝုတ် . . ဝုတ်"

ခြေရင်းအိမ်မှ ခွေးက ဟောင်နေသည်။

"ဟဲ့သား . . . နင့်အဖေ ပြန်လာပြီ။ အိမ်နောက်ဖေးဘက်ကို လျှောက်သွားတယ်။ ဆီးသွားမလို့ထင်တယ်။ ညဥ့်နက်မှ ပြန်လာတယ်။ နင့်အဖေမြို့က ရွာရောက်အောင် လမ်းလျှောက်ပြန်ခဲ့ရတယ် ထင်ပါ့။ မြင်းလှည်းမရှိတော့ရင်လည်း ဟိုမှာညအိပ်ပြီး မနက်ကျတော့မှ ပြန်လာတာ မဟုတ်ဘူး"

ဒေါ်ခင်ဆင့်က အောင်ဝင်းကို နှိုး၍ ပြောသည်။ အိမ်နောက်ဖေးတွင် ခွေးက သဲကြီးမဲကြီးနှင့် ဟောင်နေဆဲ။ အောင်ဝင်းက ခြင်ထောင်ထဲမှ ထွက်လာခဲ့၏။

ဒေါ်ခင်ဆင့်က အိမ်ရှေ့တံခါးဖွင့်ပြီး အပေါက်ဝမှ စောင့်နေသည်။ အချိန်ကြာသည်အထိ ဦးမြင့်ထွန်းက အိမ်ရှေ့သို့ ရောက်မလာသဖြင့်

"နင့်အဖေတော့ မြို့ကသူငယ်ချင်း ကျွေးမွေးတာ တအားစားလာပြီး အိမ်သာတက်နေရပြီ ထင်တယ်"

ဒေါ်ခင်ဆင့်နှင့် အောင်ဝင်းတဖယောင်းတိုင်ထွန်းပြီး စောင့်နေသည်။ နောက်ထပ် ၁၅ မိနစ်ခန့် ကြာသည်အထိ ဦးမြင့်ထွန်းက ရောက်မလာသေး။ အောင်ဝင်းက နောက်ဖေးပေါက်တံခါးကို ဖွင့်ပြီး အိမ်သာဘက်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ အိမ်သာတံခါးက ပွင့်နေသည်။

"အဖေ အိမ်သာမတက်ပါဘူးဗျ"

အောင်ဝင်းက အိမ်ပတ်လည်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ဘာမှ မတွေ့ရ။

"နင့်အဖေ ခေါ်သံကို အမေ ပီပီသသ ကြားရတာ။ ခေါင်းရင်းဘက်က လျှောက်သွားတဲ့ ခြေသံကိုလည်း ကြားလိုက်မိတာပဲ"

"အမေ စိတ်စွဲလို့ နေမှာပါ။ အိမ်ရှေ့တံခါးပိတ်လိုက်မယ်။ အမေ ပြန်အိပ်တော့"

ဒေါ်ခင်ဆင့်က ဝေခွဲရခက်သော အတွေးများဖြင့် အိပ်ခန်းထဲသို့ ပြန်ဝင်သွားသည်။ အောင်ဝင်း ဖယောင်းတိုင်မီးကို မှုတ်ပစ်လိုက်သည်။

ooo ooo ooo

"ဒေါ်လေးခင်၊ ဒေါ်လေးခင်"

အိမ်ရှေ့မှခေါ်သံကြောင့် မျက်နှာသစ်နေသော ဒေါ်ခင်ဆင့်က ရေခွက်ကိုကိုင်ကာ အိမ်ရှေ့သို့ ထွက်လာသည်။ ရွာထဲမှ ထွန်းဝေက အိမ်ရှေ့ တွင်ရပ်နေသည်။ လွန်းဝေမှာ မောဟိုက်နေသည့်အသွင် ဒေါ်ခင်ဆင့် မြင်တွေ့လိုက်ရသည်။

"ဟဲ့ . . . ထွန်း၊ ဘာထဲတဲ့ မိုးလင်းစရှိသေးတယ်၊ ငါ့သားတို လာခေါ်တာလား။ အောင်ဝင်းတ အိပ်ရာက မနိုးသေးဘူး"

"ဦးလေးမြင့် . . ဟင် . . . ဟူး . . . အင်း"

"နင့်ဦးလေး မြို့တက်သွားတယ်လေ"

"ကျွန် . . . ကျွန်တော့်စကားကို ဆုံးအောင်နားထောင်ပါဦးဗျာ။ ဦးလေးမြင့်လေ ကိုခင်စန်းတို့ရဲ့ ယာခင်းလမ်းပေါ်မှာ ဒဏ်ရာနဲ့ သေနေတာတွေ့လို့ ရွာထဲကလူတွေ သွားကြည့်နေကြတယ်။ အဲဒါ ဒေါ်လေးခင်သိအောင် လာပြောတာ"

"ဘာရယ် . . . ငါ့ယောက်ျား သေပြီ"

ဒေါ်ခင်ဆင့်၏ ခန္ဓာကိုယ်မှာ ယိုင်လဲမလို ဖြစ်သွားသည်။

"ဒေါ်လေးခင် သတိထားပါဦး"

"ဟဲ့သား . . . အောင်ဝင်းရေ လာပါဦးဟဲ့ . . . ဟင်း"

ဒေါ်ခင်ဆင့်က တင်းကုပ်ထဲတွင် နွားချေးကျုံးနေသော သားဖြစ်သူ အောင်ဝင်းကို လှမ်း၍ခေါ်သည်။ အောင်ဝင်းက အိမ်နောက်ဖေးပေါက်မှ တက်လာပါသည်။

"ဘာလဲ အမေ"

"နင့်အဖေ အသတ်ခံရလို့တဲ့"

"ဗျာ"

ဒေါ်ခင်ဆင့်၏ စကားကြောင့် အောင်ဝင်း မျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်နားမှာလဲ ထွန်းဝေ"

"ကိုခင်စန်းရဲ့ ယာခင်းလမ်းပေါ်မှာကွ"

အောင်ဝင်းက သူ့အမေ၏လက်ကိုဆွဲကာ သူ့အဖေ အသတ်ခံထားရသည့်နေရာသို့ ပြေးလာခဲ့သည်။ ကိုခင်စန်း၏ ယာခင်းထဲတွင် ရွာထဲမှ ယောကျ်ားမိန်းမများ ဝိုင်းအုံကြည့်ရှုနေကြသည်ကိုမြင်ရသည်။

"ဟာ . . . ဟိုမှာ ဒေါ်ခင်ဆင့်တို့သားအမိ လာနေပြီ"

အောင်ဝင်းက ဝိုင်းအုံကြည့်နေကြသော လူအုပ်အတွင်းသို့ တိုးဝင်လာခဲ့သည်။ ယခင်းလမ်းပေါ်တွင် ဝမ်းဗိုက်၌ ဒဏ်ရာများနှင့် သေဆုံးနေသော ဖခင်ကို မြင်တွေ့လိုက်ရသော အောင်ဝင်းမှာ ရင်ထဲတွင် ဆို့နင့်သွားသည်။ ဒေါ်ခင်ဆင့်က ဦးမြင့်ထွန်း၏အလောင်းဘေးတွင် ဒူးထောက်လျက်ထိုင်ချပြီး ငိုနေသည်။

မကြာမီတွင် ဇွယ်ရွေးရွာ ရဲစခန်းမှူး ရဲအုပ်ခင်မောင်တင့်နှင့် အဖွဲ့က အခင်းဖြစ်အရပ်သို့ ရောက်ရှိလာသည်။

"ကဲ . . . မဆိုင်တဲ့သူတွေ ခပ်ဝေးဝေးကပဲ ကြည့်ကြပါဗျာ"

ရဲတပ်ဖွဲ့ဝင် တစ်ဦးက ရွာသားများကို ပြောသည်။ စခန်းမှူး ရဲအုပ်ခင်မောင်တင့်က ဦးမြင့်ထွန်း၏အလောင်းကို စနစ်တကျ စစ်ဆေးပြီး ရေးမှတ်နေသည်။ အခင်းဖြစ်နေရာအား မြေပုံကြမ်းရေးဆွဲသည်။ စခန်းမှူး ရဲအုပ်ခင်မောင်တင့်က အခင်းဖြစ်ပွားသည့်နေရာတွင် သဲလွန်စ ရှာကြည့်ပေမယ့် မတွေ့။ ဦးမြင့်ထွန်း၏အလောင်းအား လာရောက်ကြည့်ရှုကြသည့် ရွာထဲမှ လူများ၏ ခြေရာများက အလောင်းဘေး ပတ်ဝန်းကျင်တွင် ရှုပ်ထွေးနေသည်။

"ငိုနေတာ သေဆုံးသူ ဦးမြင့်ထွန်းရဲ့ ဇနီးလား"

စခန်းမှူး ရဲအုပ်ခင်မောင်တင့်က မေးသည်။

"ဟုတ်ပါတယ်"

"ရဲကြပ်ကြီး အလောင်းကို ရဲဆေးစာနဲ့ ဆေးရုံပို့ဖို့ စီစဉ်ပါ"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

စခန်းမှူး ရဲအုပ်ခင်မောင်တင့်က ဒေါ်ခင်ဆင့်ကို စစ်မေးသည်။

"ကျွန်မယောကျ်ားက မြို့ကသူ့သူငယ်ချင်းဆီကို သွားဦးမယ်ဆိုပြီး မနေ့မနက် မိုးမလင်းခင်ကတည်းက အိမ်က ထွက်သွားတာပါ"

"ဦးမြင့်ထွန်းက အိမ်က ဘာတွေများ ပါသွားသလဲ"

"သူ့သူငယ်ချင်းကို အကြွေးဆပ်မယ့် ငွေသုံးသောင်း ယူသွားပါတယ်။ သူလွယ်ထားတဲ့ လွယ်အိတ်အနီကလေးထဲကို ထည့်သွားတာပါ။ အခုသူအသတ်ခံရတော့ လွယ်အိတ်နဲ့ငွေ မရှိတော့ဘူး"

"လူကိုသတ်ပြီး ငွေယူသွားတယ်ဆိုတာ တွက်ဆလို့ရပါပြီ။ ကိုခင်စန်းက မနေ့က တစ်နေ့လုံး သူ့ယာခင်းထဲကို မလာဘူးလို့ ပြောတယ်။ ရွာထဲကလူတွေကို ဒေါ်လေးရှေ့မှာ မေးကြည့်တော့လည်း ကိုခင်စန်းဟာ မနေ့က ဇီးပွဲရွာက သူ့ဦးလေးအလှူကို သွားနေတာ ညမိုးချုပ်မှ ပြန်လာတယ်လို့ ထွက်ဆိုကြတယ်။ ဟုတ်မဟုတ် ဇီးပွဲရွာကို ရဲသားတစ်ယောက်လွှတ်ပြီး စုံစမ်းလိုက်ရင် သိရမှာပဲ"

"ကိုခင်စန်း ယာခင်းဟာ မြွေပေါတယ်လို့ ရွာထဲမှာ နာမည်ကြီးနေတော့ သူ့ယာခင်းထဲက ဖြတ်သွားတဲ့သူဟာ မရှိစလောက်ဘဲ။ သူ့ယာခင်းက ရွာရဲ့တောင်ဘက်မှာဆိုတော့ ရွာထဲကလူတွေဟာ ရွာလမ်းနဲ့တည့်နေတဲ့ ဦးသောင်းအေး ယာခင်းထဲကပဲ မြစ်ဆိပ်ကို ဆင်းတယ်ဆိုတာ ကျွန်တော်တို့သတိထားမိတယ်"

"ဦးမြင့်ထွန်း မြို့ကိုသွားမှာကို အတပ်သိနေတဲ့သူက သတ်ပြီး ငွေကိုယူသွားတယ်ဆိုတာ တွက်ဆလို့ရပါပြီ။ ခြေရာအစကို တွေ့အောင်ရှာနိုင်ဖို့ ကြိုးစားပေးပါ့မယ်။ ဒီထက်ခက်ခဲနက်နဲတဲ့ အမှုတွေကို တရားခံပေါ်ပေါက်အောင် ဖော်ထုတ်လာနိုင်သေးတာပဲ။ မကြာခင်မှာ လူသတ်တရားခံဟာ ဘယ်သူဘယ်ဝါဆိုတာ ဖော်ထုတ်ပေးပါ့မယ်"

"အခုတော့ ဦးမြင့်ထွန်းက အသက်မပါဘဲ မြို့ကိုသွားပြီး အသုဘကိစ္စဆောင်ရွက်ဖို့ စီစဉ်လိုက်ကြပါဦး။ ကျွန်တော်လည်း မြို့ကို လိုက်သွားမှာပါ။ ခရိုင်ရဲတပ်ဖွဲ့မှူးနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးကို အစီရင်ခံရမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်ဆင့်က ရဲစခန်းကိုလိုက်ခဲ့ပြီး လူသတ်မှုအတွက် တရားလိုလုပ်ပြီး အမှုကိုတိုင်တန်းပါ”

“ဟုတ် . . ဟုတ်ကဲ့ပါဆရာ”

ရဲတပ်ကြပ်ကြီး တင်ဝင်းက ဦးမြင့်ထွန်း၏အလောင်းကို ဖျာလိပ်ဖြင့်ပတ်ပြီး ကြိုးဖြင့်စည်းနေသည်။ ရွာသားတစ်ဦးက အလောင်းထမ်းရန် ဝါးတစ်လုံးကိုခုတ်ယူ၍လာသည်။

“နေဦး ဆရာတင်ဝင်း”

စခန်းမှူး ရဲအုပ်ခင်မောင်တင့်က ဦးမြင့်ထွန်း၏ အလောင်းခေါင်းရင်းတွင်ရပ်ကာ . . .

“အသတ်ခံရသူ ဦးမြင့်ထွန်း သင်သည် သူတစ်ပါး အသတ်ခံရ၍ ဘဝတစ်ပါးသို့ ပြောင်းလဲသွားခဲ့ပြီ။ သင်အသတ်ခံရသည့်အမှုကို ကျွန်ုပ်တာဝန်ယူစုံစမ်းရတော့မည်။ သင့်ကိုသတ်သူအား သင်၏ ဝိညာဉ်က ခြောက်လှန့်ဖော်ထုတ်ပေးရန် ကျွန်ုပ်စေခိုင်းသည်။ သင်ဆောင်ရွက်ပေတော့”

ဟု ပြောသည်။

“ဆရာတင်ဝင်းနဲ့ ရွာသားတွေက အလောင်းကို မြို့ရောက်အောင် သယ်သွားပေတော့။ ဟိုဘက်ကမ်းက မြဆောင်မြင်းလှည်းကို ခေါ်သွား။ စခန်းမှာ အမှုဖွင့်ပေးပြီးတာနဲ့ ကျွန်တော်နောက်ကလိုက်လာခဲ့မယ်”

“ဟုတ်ကဲ့ပါ ဗိုလ်ကြီး”

ဝဝဝ ဝဝဝ ဝဝဝ

စခန်းမှူး ရဲအုပ်ခင်မောင်တင့်က နယ်ထိန်းများကို ရဲစခန်း၏ ရုံးခန်းထဲသို့ ခေါ်ယူ၍ လူသတ်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးမှာဖြစ်သည်။

“ဦးမြင့်ထွန်း အသတ်ခံရမှုကို တရားခံ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ကြိုးစားဖို့ ခရိုင်ရဲတပ်ဖွဲ့မှူးက ညွှန်ကြားနေတယ်။ ကျွန်တော်ကိုယ်တိုင် စုံစမ်းထောက်လှမ်းနေတာလည်း ဆရာတို့အသိပဲ”

“ဦးမြင့်ထွန်းမှာ ရန်ငြိုးရန်စရှိတယ်လို့ မကြားမိဘူး။ ကိုခင်စန်းဟာ အခင်းမဖြစ်မီ တစ်ရက်ကျော်ကတည်းက ဇီးပွဲရွာက သူ့ဦးလေးအိမ်ကို ရောက်ရှိနေတယ်ဆိုတာ ကျေးရွာလူကြီးများက ထောက်ခံပြောဆိုတယ်။ ကိုခင်စန်းကို တစ်စေ့တစ်စောင်း အကဲခတ်ကြည့်တော့လည်း လုံးဝ အမူအရာမပျက်တာကို တွေ့ရတယ်”

“ဦးမြင့်ထွန်းဟာ အရက်သေစာ သောက်စားတတ်တယ်လို့ သိရတယ်။ ညနေစောင်းရင် ဦးမြင့်ထွန်းက စိန်ကုလားရဲ့ အရက်ဆိုင်မှာ အရက်တစ်ပိုင်း ပုံမှန်သောက်လေ့ရှိတယ်။ အသတ်မခံရမီ တစ်နေ့က ဦးမြင့်ထွန်း ဘယ်သူနဲ့ ဝိုင်းဖွဲ့ပြီး အရက်သောက်တယ်ဆိုတာ စုံစမ်းကြည့်ရမယ်”

“အဲဒါ ကျွန်တော့်တာဝန်ထားပါ ဗိုလ်ကြီး”

နယ်ထိန်းတပ်ကြပ် သန်းထွန်းက ပြောသည်။ ထိုစဉ် ရွာသားတစ်ဦးက ရဲစခန်းဝင်းထဲသို့ ရေးကြီးသုတ်ပျာ ဝင်လာသည်ကို စခန်းမှူး ရဲအုပ်ခင်မောင်တင့်က လှမ်းမြင်သည်။

“ကိုမြစိန် ဘာကိစ္စရှိလို့လဲ . . လာလေဗျာ”

ရွာတောင်ပိုင်းတွင်နေပြီး တံငါအလုပ်ဖြင့် အသက်မွေးသော ကိုမြစိန်ကို သိနေသည်မို့ ရဲအုပ်ခင်မောင်တင့်က လှမ်း၍ခေါ်လိုက်သည်။ ကိုမြစိန်က ရဲစခန်း၏ရုံးထဲသို့ ဝင်လာသည်။

“ကျွန်တော် ငါးရှာထွက်ရင်း ဆီးသွားချင်လို့ ကမ်းနားဘေးက ချုံစပ်မှာ ထိုင်နေတုန်း ဒီလွယ်အိတ်ကလေးကို တွေ့မိလို့ စခန်းမှူးတို့ဆီ လာပေးတာ။ ဟို အသတ်ခံရတဲ့ ဦးမြင့်ထွန်းက မြို့ကိုအသွားမှာ လွယ်အိတ်အနီကလေး လွယ်သွားတယ်လို့ ရွာထဲမှာပြောဆိုနေကြတာ ကြားမိလို့”

ကိုမြစိန်က သူ၏ ခါးပိုက်ထောင်ထဲတွင် ထည့်ထားသော လွယ်အိတ်အနီကလေးကိုထုတ်ပေးသည်။

“ကျေးဇူးတင်လိုက်တာ ကိုမြစိန်ရယ်။ လူသတ်တရား သွားရာလမ်းကြောင်းကို ချိန်ဆလို့ ရတာပေါ့။ လွယ်အိတ်တွေ့တဲ့နေရာကို လိုက်ပြပေးပါဦး”

“ဟုတ်ကဲ့ပါ စခန်းမှူး”

စခန်းမှူး ရဲအုပ်ခင်မောင်တင့်က သက်သေခံ လွယ်အိတ်အနီကလေးကို ကျေးရွာလူကြီးများ၏ ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းသည်။ လွယ်အိတ်အနီကလေးကို တွေ့ရှိခဲ့သော နေရာကိုလည်း လိုက်လံကြည့်ရှုသည်။ လွယ်အိတ်အနီ



www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေ့ရှိပုံကို မှတ်တမ်းတင်မှုခင်းဓာတ်ပုံများ ရိုက်ကူးထားသည်။

ထိုညတွင် စခန်းမှူး ရဲအုပ်ခစ်မောင်တင့်က လွယ်အိတ်အနီကလေးကို စားပွဲပေါ်တွင်တင်ထားပြီး နှုတ်မှ တတွတ်တွတ်ပြောဆိုနေသည်။ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက စခန်းမှူး၏ဘေးတွင် ရပ်နေကြသည်။ စားပွဲပေါ်မှ လွယ်အိတ်အနီကလေးသည် ပြင်ပမှ လေမတိုက်ပါဘဲ အောက်သို့ကျသွားလေ၏။ ထို့နောက် တစ်စုံတစ်ဦးက ဆွဲယူသွားသကဲ့သို့ သမံတလင်းပေါ်တွင် တရွေ့ရွေ့ ပါသွား၏။ ရုံးခန်းအပေါက်ဝမှ အပြင်ဘက်သို့ ရောက်သွားသည်။ ရုံးခန်းအပြင်ဘက်တွင် မည်းမှောင်နေသည်။ နယ်ထိန်း ဒုတပ်ကြပ် အေးလွင်က နောက်မှလိုက်သွားရန် ဟန်ပြင်သည်။

"နေဦး ဆရာအေးလွင်။ ဦးမြင့်ထွန်းကို ဘယ်သူသတ်တယ်ဆိုတာ ကျွန်တော်တို့ ခန့်မှန်းလို့ ရနေပါပြီ။ ရွာပတ်လည်မှာလည်း တပ်ဖွဲ့ဝင်တွေ ကင်းပုန်းဝပ်ပြီး စောင့်နေကြတာပဲ။ တရားခံ ပြေးပေါက်မရှိပါဘူး။ ခဏလေးစောင့်ကြည့်ပါ။ အဖြေသိရပါလိမ့်မယ်။ တော်ကြာမှ နောက်က လိုက်သွားကြတာပေါ့"

ဇွယ်ရွှေးရွာသည် အမှောင်ထု၏အောက်တွင် တိတ်ဆိတ်ငြိမ်သက်နေရာမှ ခွေးဟောင်သံများကို ကြားလိုက်ရသည်။ ဦးမြင့်ထွန်း၏အသုဘကို သည်နေ့ညနေမှ ရွာပြင်သုသာန်တွင် သင်္ဂြိုဟ်ခဲ့သည်။ မကြာမီ ရွာထဲမှ အော်ဟစ်သံတစ်ခုကို ကြားလိုက်ရပြန်သည်။ စခန်းမှူး ရဲအုပ်ခင်မောင်တင့်နှင့်အဖွဲ့က လက်နှိပ်ဓာတ်မီးများဖြင့် ရွာထဲသို့လိုက်လာခဲ့သည်။

"အောင်မလေး ကယ်ကြပါဦး။ လည်ပင်းအစ်လို့ သေရပါတော့မယ်။ ကြောက်ပါပြီဗျ"

သန်းစိုး၏ အိမ်ရှေ့တွင် လာရောက်ကြည့်ရှုနေသော ရွာသူရွာသားများဖြင့် ပြည့်နှက်နေသည်။ စခန်းမှူး ရဲအုပ်ခင်မောင်တင့်က လူအုပ်ထဲမှ တိုးဝှေ့ပြီး သန်းစိုး၏ အိမ်ပေါ်သို့ တက်သွားသည်။ သန်းစိုး၏ လည်ပင်းတွင် လွယ်အိတ်ကြိုးကို တင်းကျပ်စွာ ချည်ထားသည်ကိုမြင်ရသည်။ စခန်းမှူး ဒုရဲအုပ်ခင်မောင်တင့်က သန်းစိုးကို လက်ထိတ်ခတ်လိုက်သည်။ ရွာသူရွာ သားအားလုံး အံ့သြသွားကြသည်။ သန်းစိုး၏ လည်ပင်းမှ လွယ်အိတ်အနီကလေးသည် ပြေလျော့ကာ အောက်သို့ တွဲလောင်းကျသွားသည်။

"ဦးမြင့်ထွန်း အသတ်မခံရမီ တစ်နေ့ညက စိန်ကုလားရဲ့ အရက်ဆိုင်မှာ မင်းနဲ့ဦးမြင့်ထွန်းတို့ တစ်ဝိုင်းတည်း အရက်အတူသောက်ခဲ့ကြတာကို ငါတို့ သတင်းရထားပြီးပြီ။ ပြီးတော့ ဟိုဘက်ကမ်းက အသုဘဖဲဝိုင်းမှာ မင်းဖဲရှုံးပြီး အကြွေးတွေ တင်နေတာကိုလည်း သိထားတယ်"

"ဦးမြင့်ထွန်း မြို့ကိုသွားပြီး အကြွေးဆပ်မှာကို သိတာ မင်းပဲရှိရမယ်လို့ ငါတို့က တွက်ဆထားတယ်။ နောက်တစ်နေ့မှာ ဟိုဘက်ကမ်းက မြင့်နိုင်ကို မင်း ဖဲကြွေးတစ်သောင်းခုနစ်ထောင် ဆပ်တယ်။ အခု မင်းကို ဦးမြင့်ထွန်းက လည်ပင်းကို လွယ်အိတ်ကြိုးနဲ့ချည်ပြီး အတင်းဖျစ်ညှစ်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်အိပ်ပျော်နေတုန်း မည်းမည်းကောင်ကြီးက လည်ပင်းကို ကြိုးနဲ့ရစ်ပတ်ပြီး ဖျစ်ညှစ်နေလို့ ကျွန်တော် မလိမ်ညာတော့ပါဘူး။ ဦးမြင့်ထွန်းကို ကျွန်တော်သတ်ပြီး ငွေတွေယူခဲ့မိပါတယ်"

"တစ်ရွာတည်းသားချင်း ရက်စက်လိုက်တာ"

စခန်းမှူး ရဲအုပ်ခင်မောင်တင့်က သန်းစိုးလည်ပင်းမှ လွယ်အိတ်နီကလေးကို လက်ကိုင်ပဝါကြားခံ၍ ဖြုတ်ယူပြီး ပလတ်စတစ်အိတ်ထဲသို့ ထည့်လိုက်၏။ သန်းစိုးကို ရဲစခန်းသို့ ခေါ်လာပြီး စစ်ဆေးသည်။ ထို့နောက် အချုပ်ခန်းထဲသို့ ထည့်ထားလိုက်သည်။

"ကဲ . . . ဦးမြင့်ထွန်း ခင်ဗျား သွားလိုရာသို့ သွားနိုင်ပြီ"

စခန်းမှူး ရဲအုပ်ခင်မောင်တင့်ကပြောဆိုပြီး သက်သေခံလွယ်အိတ်အနီကလေးကို သက်သေခံပစ္စည်းများ ထည့်ပြီးသိမ်းဆည်းသည့် သံသေတ္တာထဲသို့ထည့်ကာ သော့ခတ်ထားလိုက်လေသတည်း။

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောရောထွေး

## အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း

"ဟော့ • • •မောင်မိုး"

"ဟာ • • •ဦးစလင်း"

"မင်း ဘယ်တုံး"

"ဦးစလင်းဆီ သွားမယ်လုပ်နေတာ"

စာပေဗိမာန်မှအထွက် မောင်မိုးနှင့် ဆုံမိသည်။ စာပေဗိမာန်စာအုပ်ဆိုင်တွင် ဦးစလင်း၏ ဥပဒေစာအုပ်များတင်ထားရာ စာအုပ်လက်ကျန်အခြေအနေသိလို၍ ကြည့်ပြီးထွက်လာခြင်းဖြစ်သည်။

"ဒါဆိုလည်း သွားတာပေါ့"

"လက်ဖက်ရည်၊ ကော်ဖီ တစ်ခုခု သောက်ပါဦး"

"အေး • • •ကောင်းတယ်"

ပြည်တွင်းအခွန်ဦးစီးရုံးဘေး • • ပလက်ဖောင်း လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်ကြသည်။

"ဘယ်-ညာ လက်ဖျော်၊ ပုံမှန်"

မောင်မိုး စားပွဲထိုးမိန်းကလေးကို လှမ်းမှာလိုက်သည်။ ပလက်ဖောင်းဆိုင်ဆိုသော်လည်း အတော်အသင့်စုံသည်။ လက်ဖက်သုပ်၊ ချင်းသုပ် အစုံရသည်။ ထမင်းလည်းရသည်၊ ဟင်းတော့မရ။ သားဟင်း၊ ငါးဟင်း ရောင်းတာမရှိ။ ထမင်းသုပ်၊ လက်ဖက်ထမင်း၊ ဘဲဥကြက်ဥကြော်မှာလျှင် ကြော်ပေးသည်။ ပေါင်မုန့်မီးကင်၊ ပေါင်မုန့်ကြက်ဥကြော်၊ တရုတ်မုန့်၊ ရယ်ဒီမိတ်အထုပ်လေးတွေ အပြင် အအေးပါ ကြိုက်တာမှာ၍ရသည်။

"တခြားဘာများ မှာချင်ပါသေးသလဲရှင်"

"လိုမှပြောမယ်"

www.burmeseclassic.com

လက်ဖက်ရည်၊ ကော်ဖီ လာချပေးသွားသော အမျိုးသမီးလေး ထွက်သွားသည်။

"ဦးစလင်းတို့ တရားရုံးတွေကလည်း မလွယ်ပါလား"

"ဘာဖြစ်လာလို့လဲ မောင်မိုး"

ဦးစလင်း ကော်ဖီလေး အရသာခံပြီး သောက်နေသည်။

"ဘာဖြစ်ရမလဲ ဦးစလင်းရာ၊ ကြည့်စမ်းပါဦး"

မောင်မိုးပြောပြတဲ့ အဖြစ်အပျက်က အဆန်းကြီးမဟုတ်ပါ။ နေပြည်တော်ကအပြန် တစ်ရှောင်းမိုင်မှာ ခဏနားပြီး အဆာပြေစားသောက်ပြီး ထွက်လာသည်။ ယာဉ်ကြောလမ်းညွှန်အတိုင်း မောင်းနှင်လာရာ ယာဉ်လမ်းကြောပြောင်းရန်အတွက် နောက်ဘယ်ဘက်အချက်ပြမီးပေးလျက် ကွေ့အဝင်··· အလယ်ကျွန်းဘက် ခေါင်းဝင်ရုံရှိသေးနောက်မှ အရှိန်ပြင်းပြင်းမောင်းနှင်လာသည့် ယာဉ်က ဝင်အောင်းလိုက်ရာ ရှေ့ကားလေး ချာချာလည်ထွက်သွားသည်။ အလယ်ကျွန်း ကားကွေ့ရန်နေရာတွင် အေးနှစ်ဖက် သံပိုက်လုံးများ၊ အင်္ဂတေတုံးများရှိရာ ညာဘက်ရှိ သံပိုက်လုံးတိုင်များ အင်္ဂတေတုံးများပါ တိုက်မိပြီး ပျက်စီးသွားသည်။ ကားလေး၏နောက်ပိုင်း ဘယ်ဘက်ထောင့် ချိုင့်ဝင်သွားပြီး ဘေးတံခါးများ ရွဲ့စောင်းပြီး ပိန်ချိုင့်သွားသည်။ ကားရှေ့ဘယ်ဘက်မှာလည်း ကားဘီး၏ သံခွေပါ တွန့်လိမ်သွားသည်။ လူဘာမှမဖြစ်တာ ကံကောင်းသေးသည်။

နောက်ကတိုက်တဲ့ကားက ဘယ်ဘက်နောက်မီး အချက်ပြတာ ကျော်ခွင့်ပေးတယ်လို့ထင်တယ်ဆိုပြီး မောင်းလာတာဆိုပဲ။ ဟုတ်မှာပါ။ ခပ်လှမ်းလှမ်းကကြည့်ပြီး နမော်နမဲ့ မောင်းလာတာနေမှာ။ အရှိန်ပြင်းတော့ မထိန်းနိုင်ဘူးပေါ့။ နောက်ကား ရှေ့ရေတိုင်ကီ ချိုင့်ဝင်ရုံပါပဲ။ ရှေ့ကားနဲ့စာရင် သူ့ကားကကြီးတယ်။ ရှေ့ကားက ဆလွန်းကားလေး၊ နောက်ကားက ဟိုင်းလတ်၊ ဒဘယ်ကတ်လေ။

"အဲဒါ ရဲက ဒရိုင်ဘာနှစ်ယောက်လုံးကို ယာဉ်မဆင်မခြင်မောင်းတယ်ဆိုပြီး အမှုဖွင့်သတဲ့ဗျာ"

"ဒါ ရဲကဖွင့်တာပဲ။ ရုံးမှာတော့ ရှင်းလို့ရပါတယ်"

"ရှင်းလို့တော့ရတာပေါ့ ဦးစလင်းရာ။ ဒါပေမယ့်···"

ရှေ့ကားလေးက ယာဉ်မောင်းမှာ မောင်မိုးသူငယ်ချင်း ဖြစ်သည်။ ရုံးအတွေ့အကြုံဗဟုသုတရှိတော့ မောင်မိုးကို အားကိုးတကြီးနဲ့ ခေါ်တာပေါ့။

"ကားဆွဲတာပဲဖြစ်ဖြစ်၊ ကားကြီးပေါ်တင်တာပဲဖြစ်ဖြစ် နှစ်သိန်းခွဲ၊ သုံးသိန်းပါပဲ။ ဆွဲတာနဲ့ တင်တာ ငါးသောင်းလောက်ပဲ ကွာပါတယ်"

"နီးရာဝပ်ရှော့မှာ မောင်းရရုံလေးပြင်ခိုင်းပြီး မောင်းပြန်တာ ကောင်းမယ်"

ကားလေးက အသစ်ပဲ။ ပိန်တာချိုင့်တာကလွဲလို့ အင်ဂျင်ထိခိုက်တာမှ မဟုတ်ဘဲ။ အခက်မရှိပါဘူး။ အခက်အခဲရှိတာက တရားရုံးပဲ။ ရဲစခန်းကတော့ ဘာမှလုပ်ပေးလို့ရတာမဟုတ်တော့ စာရွက်စာတမ်းကြေးနဲ့ သက်သေခံက စရိတ်လောက်ပဲ ကုန်တယ်။

ကြားက ညှိတဲ့ပုဂ္ဂိုလ်က နေ့ချင်းပြီး ပတ်စာခွာ ဖျာသိမ်း ခြောက်သိန်းအပြတ်။ ထက်ဝက်စီခံရမယ်ပြောတယ်။ ဈေးဆစ်တော့ ရပါတယ်။ ရုံးချိန်းပုံမှန်လာပေါ့။ အကုန်သက်သာတာပေါ့။

အဲဒါမှ တကယ့်ကိုခက်သည်။ အားလုံး မောင်မိုးခေါင်းပေါ်မှာ။ ဟိုတစ်ဖက်ကလည်း အလုပ်ရှုပ်မခံနိုင်ဘူး၊ အချိန်မပေးနိုင်ဘူးတဲ့။ ရုံးချိန်းတစ်ခေါက်ဆို စရိတ်က တစ်သိန်းနီးပါး ရှိနိုင်သည်။ လိုင်ကားနဲ့တော့ အဲဒီလောက်မကုန်ဘူးပေါ့။ အချိန်က ပေးရဦးမည်။ အခေါက်ရေ မည်မျှ ရုံးတက်ရမည်မသိသေး။ တစ်ချိန်းချိန်းတက်ရှင်းလျှင်ကောလင်းနိုင်ပါမည်လော။ အကျိုးဆောင်ခ ဟိုအခ၊ ဒီအခါ တွေးလေ၊ ရင်လေးလေပဲ။

"အကောင်းဆုံးကတော့ ခုညှိတဲ့အတိုင်း သဘောတူလက်ခံလိုက်တာကောင်းပါတယ်။ လမ်းရိုးအတိုင်းလိုက်ရင် ဒီက်ပိုကုန်မှာ အသေအချာပဲ"

ရုံးလုပ်ထုံးလုပ်နည်းအတိုင်း စစ်စရာရှိတာ စစ်ဆေးပြီး စွဲချက်တင်သည်။ တရားခံတွေက ဝန်ခံသည်။ စီရင်ချက်ချသည်။ သက်သေခံပစ္စည်း ကားကိုယာဉ်မောင်းသို့ ထုတ်ယူခွင့်ပြုသည်။

"အမှုကတော့ နေ့ချင်းပြီးပဲ။ ဒဏ်ငွေလေး ကျပ်တစ်ထောင်ရိုက်မယ့်အရေး ဟိုစရိတ်၊ ဒီစရိတ်တွေက များလှချည်လား ဦးစလင်းရာ။ အပြင်လောကမှာ အလုပ်အပ်တော့ ပုံမှန်နှုန်းအမြန်နှုန်း သတ်မှတ်တဲ့အတိုင်းပါပဲ။ ဦးစလင်းအမြင်ကော တရားရုံးအပေါ် များတယ်မြင်လား၊ မှန်တယ်မြင်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့…ဟော့…မောင်မိုး။ ငါ့ကို တရားခံလာရှာမနေနဲ့။ မှားတယ်၊ မှန်တယ်ဆိုတာ ကြည့်သူအပေါ် မူတည်တယ်"

"အဲဒါ ခက်တာပဲ ဦးစလင်း။ ကိုယ့်အမြင် ကိုယ်ပြောတာပဲ။ ပြောစမ်းပါ"

"မောင်မိုးရေ…နေရာတကာ မြင်တိုင်းပြောလို့ မဖြစ်ဘူး။ မင်းကို ဥပမာလေးတစ်ခု ပြောပြဦးမယ်"

"ဆိုပါဦး ဦးစလင်း"

တစ်ခါတုန်းက ဘောဇဘုရင်ကြီးဟာ အောက်အံသွားပြုတ်ထွက်သွားတယ်လို့ အိပ်မက်မြင်မက်သတဲ့။ အိပ်မက်ရဲ့ အနက်အဓိပ္ပာယ်သိချင်တာနဲ့ ပညာရှိအယူတော်မင်္ဂလာအမတ်ကို ခေါ်ယူမေးမြန်းတာပေါ့။ အမတ်ကြီးက ကျမ်းဂန်တွေမှာ ပါတဲ့အတိုင်း ဘုရင်ကြီးကို -

"မှန်လှပါ ဘုန်းတော်သခင်ဘုရင်မင်းမြတ်ကြီးဘုရား။ အိပ်မက်အလိုအရ ဘုရင်ကြီးရဲ့ သားတော်၊ သမီးတော်တွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ နတ်ရွာစံမယ်ဆိုတဲ့ အဓိပ္ပာယ်ပါဘုရား"

လို့ လျှောက်တင်သတဲ့။ ဘုရင်ကြီးက သားတော်၊ သမီးတော်တွေ ငယ်ငယ်ရွယ်ရွယ်နဲ့ နတ်ရွာစံမယ်လို့ ဟောလိုက်တော့ အမတ်ကြီးအပေါ် ဒေါသအမျက်ခြောင်းခြောင်းထွက်တာပေါ့။ ဒါနဲ့ ပါးကွက်အာဏာသားတွေခေါ်ပြီး အယူတော်မင်္ဂလာ အမတ်ကြီးကို မြို့ပြင်ထုတ်၊ ဓားခုတ်သတ်စေလို့ အမိန့်တော်ပြန်လိုက်သတဲ့ကွယ်။

အယူတော်မင်္ဂလာ အမတ်ရဲ့ လျှောက်ထားချက်ကို မကြိုက်နှစ်သက်တာနဲ့ ကာလီဒါသအမတ်ကိုခေါ်ပြီး အိပ်မက်အကြောင်း အနက်အဓိပ္ပာယ် ထပ်မေးပြန်သတဲ့။ ကာလီဒါသအမတ်လည်း အိပ်မက်ကျမ်းဂန်အလာအတိုင်းတော့ အယူတော်မင်္ဂလာအမတ် တွေ့မြင်တဲ့အတိုင်းပေါ့။ ဒါပေမယ့် တွေ့တဲ့အတိုင်းဟောရင် မြို့ပြင်ထုတ်၊ အယူတော်မင်္ဂလာအမတ်လမ်းအတိုင်း လိုက်ရမှာမို့ တစ်မျိုးပြောင်းလျှောက်သတဲ့။

"မှန်လှပါ ဘုရင်မင်းတရားကြီးဟာ ဘုန်းရှိန်ကံရှိန်ကြောင့် သက်တော်ရှည်ပါမယ်ဘုရား။ သားတော်၊ သမီးတော်တွေအတွက် ယတြာလုပ်ပေးသင့်ကြောင်းပါဘုရား"

လို့ တိုက်ရိုက်မလျှောက်ဘဲ သွယ်ဝိုက်ပြီး လျှောက်သတဲ့။ ဆိုလိုရင်း အနက်အဓိပ္ပာယ်ဌာပေမယ့် လျှောက်ထားပုံချင်းက မတူဘူးလေ။ ဘုရင်ကြီးဟာ သဘောကျပြီး ကာလီဒါသအမတ်ကြီးကို ဆုတော်လာဘ်တော်တွေ ချီးမြှင့်သတဲ့။

"အဲဒါပဲ မောင်မိုးရေ။ အယူတော်မင်္ဂလာအမတ်လို မြင်တာ မြင်တဲ့အတိုင်းလျှောက်တင်တော့ ကွပ်မျက်တာခံရတတ်တယ်။ ဘာပဲပြောပြော သတိလေးနဲ့ ပြောတာပဲကောင်းတယ်"

"အင်း…ဦးစလင်းဥပမာကလည်း တကယ်ကောင်းတာပဲ"

"ကောင်းတာတော့ မပြောနဲ့ မောင်မိုးရေ။ အလျှောက်ကောင်း…အထောင်းသက်သာရုံထင် မဟုတ်ဘူး။ အသက်ဘေးက လွတ်တဲ့အပြင် ဆုလာဘ်တွေတောင် အဆစ်ရလိုက်သေး"

"အယူတော်မင်္ဂလာအမတ်ကြီးတော့ သနားပါတယ်"

"အမတ်ကြီးက ရိုးသားလွန်းပုံရတယ်။ ဘုရင့်အရိပ်အကဲခတ်တတ်ပုံ မပေါ်ဘူး"

"ဟုတ်မှာပါ"

လက်ကျန်ကော်ဖီလေးကို လက်စဖြတ်ပြီး ကျသင့်ငွေရှင်းကာ ရုံးခန်းဘက် လှည့်ပြန်ခဲ့သည်။ မောင်မိုးပါ ပါလာသည်။ မောင်မိုးက သူ့မိတ်ဆွေကို ကားပျက်စီးသွားသည့် အစိတ်အပိုင်းများ ပြင်ဆင်ရမည့်ကုန်ကျငွေ၊ အမှုဆိုင်ရသည့်အတွက် စရိတ်ကုန်၊ အချိန်ကုန်၊ လူပန်းဖြစ်ရသည်များကိုပါ ထည့်သွင်း၍ လျှော်ကြေးတောင်းရန် အကြံဉာဏ်ပေးခဲ့ကြောင်း ဦးစလင်းကို ရှင်းပြနေသည်။

"မောင်မိုး…ဒီစီရင်ထုံး ဖတ်ကြည့်ပါဦး"

ရုံးခန်းရောက်တော့ တပည့်ကျော်များ တစ်ယောက်မှ မရှိ။ ဒိုင်ယာရီလှန်ကြည့်လိုက်တော့ မေမီက အရှေ့ပိုင်းခရိုင်၊ ကစ်ကစ်နဲ့ ဝေဝေအောင်က မြောက်ပိုင်းခရိုင်နဲ့ လှိုင်သာယာ၊ ချစ်မင်းပိုက်က မြောက်ဒဂုံဆိုတာ တွေ့လိုက်ရသည်။ တပည့်ကျော်တစ်ယောက်မှ မရှိတာ သဘောပေါက်သွားသည်။

၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ-၁ ပါ မောင်ကျော်စွာထိုက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ အမှု၏ စီရင်ထုံးကို ပေးလိုက်ခြင်း ဖြစ်ပါသည်။

၂၆-၇-၂၀၀၁ နေ့ မွန်းတည့်ချိန်ခန့် မရမ်းကုန်းမြို့နယ် (၁၀)မိုင်မီးပိုင့်



www.burmeseclassic.com

www.burmeseclassic.com

တွင်ရပ်ထားသည့် နိုင်နာကို GENISYS ကုမ္ပဏီယာဉ်မောင်း မောင်ကျော်စွာ ထိုက် မောင်းနှင်သည့် တောင်းအော့(စ်) အမျိုးအစားယာဉ်က ဝင်တိုက်သည်။ ရှေ့လေကာမှန် ကွဲကြေခြင်းအပါအဝင် ပျက်စီးဆုံးရှုံးမှု သုံးသိန်းလေးသောင်း ကျော်ခန့်ရှိရာ ကုမ္ပဏီတာဝန်ရှိလူကြီး များကို ယာဉ်မဆင်မခြင်မောင်းနှင်မိ သည့်အတွက်ဖြစ်ကြောင်း၊ ကုမ္ပဏီသို့ လျော်ကြေးပေးမည်ဖြစ်ကြောင်း ဝန်ခံ ခဲ့သည်။ ဝန်ခံပြီး ကုမ္ပဏီသို့ လာ ရောက်ခြင်းမရှိ၍ GENISYS ကုမ္ပဏီ ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျင်အုန်း က တရားလိုပြုလုပ်ပြီး မရမ်းကုန်း မြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက် ထား စွဲဆိုသော အမှုဖြစ်သည်။ ပြစ်မှု ပုဒ်မ-၄၂၇ ဖြင့် အရေးယူသည်။ မောင်ကျော်စွာထိုက်၏ ရှေ့နေက အမှု တွဲချေဖျက်ပေးရန် တရားရုံးချုပ်သို့ လျှောက်ထားသည်။

**ဆုံးဖြတ်ချက်** ။ အချင်းဖြစ်နေ့ က လျှောက်ထားသူ မောင်းသည့် မော်တော်ယာဉ်သည် မီးပွိုင့်တွင် ရှေ့၌ရပ် ထားသည့် ယာဉ်ကို နောက်မှဝင်တိုက်မိ ပြီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လျှောက်ထားသူ သည် မိမိမောင်းသည့်ယာဉ်ကို မထိန်း နိုင်သဖြင့် မတော်တဆ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ မတော်တဆ ယာဉ်တိုက်မှုကြောင့် ယာဉ်ပျက်စီးမှု ဖြစ်စေခဲ့ခြင်းသည် တစ် ဦးတစ်ယောက်ကို မတရားနစ်နာဆုံးရှုံး စေရန် အကြံဖြင့်ဖြစ်စေ၊ မတရားဆုံး ရှုံးနစ်နာစေတန်ရာသည်ကို သိလျက် နှင့်ဖြစ်စေ ပြုလုပ်ခဲ့သည်ဟု မည်သို့မျှ ယူဆနိုင်မည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ လျှောက် ထားသူ၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၂၅ တွင် ပြဆိုသည့် အကျိုးဖျက်ဆီးမှု အင်္ဂါရပ်များနှင့် အကျုံးဝင်ကြောင်း ပေါ်ပေါက်ခြင်းမရှိဘဲ မူလရုံးက လျှောက်ထားသူအပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ-၄၂၇ အရ ပြစ်မှု ဖြင့် လက်ခံအရေးယူစစ်ဆေးခဲ့ခြင်း သည် ဥပဒေအရ လွဲမှားလျက်ရှိ ကြောင်းမှာ မြင်သာသည်။

ယာဉ်ပိုင်ရှင်ဖြစ်သည့် ကုမ္ပဏီ အနေဖြင့် လျှောက်ထားသူမှ ပေးလျော် မည်ဟု ဝန်ခံကတိပြုသည့် ယာဉ်ပျက်စီး ဆုံးရှုံးမှုတန်ဖိုးကို ရယူလိုပါက တရားမ ကြောင်းဖြင့်သာ နှံ့ဆိုရမည်။ ပြစ်မှု ကြောင်းအရ စွဲဆိုခြင်းသည် တရားစီ ရင်ရေးယန္တရားကို အလွဲသုံးစားခြင်း ဖြစ်သည်။

အထက်ပါအတိုင်း သုံးသပ်၍ မရမ်းကုန်းမြို့နယ်တရားရုံး၏ မောင်ကျော် စွာထိုက်အပေါ် အရေးယူထားသည့်အမှု ကို ချေဖျက်ခဲ့သည်။

"ဒီလိုမဆို ကျွန်တော့်လူ ပျက်စီး မှုအတွက် အခြားစရိတ်တွေ စုပေါင်း တောင်းဖို့ မျှော်လင့်ချက်မရှိဘူးပေါ့နော် ဦးစလောင်း"

"ဘာမှုဖြစ်ဖြစ် သက်သေနိုင်လုံ အောင် ပြရမှာပေါ့။ နောက်ကတိုက်တဲ့ ယာဉ်မောင်း မဆင်မခြင်မောင်းလို့လား၊ အချက်ပြမီးကို အယူအဆလွဲပြီး မောင်း တာလား၊ ယာဉ်မှာ ချို့ယွင်းမှုရှိနေလား စတာတွေ အသေးစိတ်စစ်ရမှာပေါ့"

"ရဖို့မသေချာတာရယ်၊ ထပ်ကုန် ကျမှာရယ်ဆိုတော့ ငြိမ်နေတာပဲကောင်း မယ်ထင်တယ်"

"ဟုတ်တယ် မောင်မိုး။ ထိုင်နေ ကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ ဆိုတာလို ဖြစ်နေဦးမယ်"

ထိုစဉ် မေမီ ရောက်လာသည်။ လက်ထဲတွင် အထုပ်ကလေးနှင့်။

"ရုံးကိစ္စ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဆရာ။ ချေလွှာ မတင်မီ မေးခွန်းမေးမယ်လို့ ရုံးကိုပြော ပြီး စာရွက်စာတမ်းတွေ မိတ္တူကူးခဲ့ တယ်"

"အေးအေး . . . ကောင်းတယ်"

"ဆရာ့အတွက် ဒိန်ချဉ်ဝယ်လာ တယ်။ သောက်တော့မလား"

"တစ်အောင့်နေမှ သောက်မယ်။ စောစောက ကော်ဖီသောက်ထားလို့"


"ဦးစလင်း . . . ကျေးဇူးပဲ၊ သွား တော့မယ်နော်"

"အေး . . . အေး"

မောင်မိုးထွက်သွားမှ မိတ္တူကူး လာသော စာရွက်စာတမ်းများကို ကြည့် ရှုနေမိတော့သည်။

ရှင်လန်းချမ်းမြေ့ပါစေ . . .။

*စလင်းဦးအောင်သိန်း*



www.burmeseclassic.com

# အမေရိကန် တပ်မတော်စစ်သီချင်းများ

မောင်မောင်စန်းထွေး

အမေရိကန်တပ်မတော်တွင် တပ်ဖွဲ့တစ်ခုချင်းအလိုက် ကိုယ်ပိုင်စစ်သီချင်းများ ရှိသည်။ ၎င်းသီချင်းများကို သက်ဆိုင်ရာတပ်ဖွဲ့များ၏ တပ်ဖွဲ့နေ့နှင့် အခမ်းအနားများတွင် သီဆိုတီးမှုတ်လေ့ရှိသည်။ အမေရိကန်တပ်မတော်၏ စစ်သီချင်းသမိုင်းတွင် မရိန်းတပ်ဖွဲ့၏ စစ်သီချင်းသည် ရှေးအကျဆုံးဖြစ်သည်။ ၎င်းသီချင်းကို မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက ၁၈၄၀ နှစ်များအတွင်း မက္ကဆီကိုနှင့် စစ်ဖြစ်ပွားစဉ်က ရေးသားခဲ့ခြင်းဖြစ်သည်။ သံစဉ်များကို ပြင်သစ်သီချင်းရေးဆရာ ဂျက်အိုဖန်ဘတ်ချ် (Jacques Offenbach) က ရေးသားခဲ့သည်။

## ရေတပ်စစ်သီချင်း

အမေရိကန်ရေတပ် စစ်သီချင်းကို ကျောက်ဆူးမ,တင်ကြ "Anchor Aweigh" ဟု နာမည်ပေးထားသည်။ ၎င်းသီချင်းကို ၁၉၀၆ ခုနှစ်တွင် ရေးသားခဲ့သည်။ "Aweigh" ဆိုသော ဝေါဟာရမှာ ရေးဟောင်းဆိုရိုး ဝေါဟာရတစ်ခု ဖြစ်သည်။ အဓိပ္ပာယ်မှာ "ရေအောက်မှ ကျောက်ဆူးများကို ဆွဲတင်ကြ" (Pulled from the bottom) ဖြစ်သည်။ သမုဒ္ဒရာ/ပင်လယ်ထဲတွင် ကျောက်ချထားသော သင်္ဘောမှ ကျောက်ဆူးကို ရေပေါ်သို့ ဆွဲတင်ခြင်းဖြစ်သည်။ ထို့ကြောင့် ရေတပ်စစ်သီချင်း (Navy Anthem) တွင် သီချင်း၏ခေါင်းစီးမှာ "Anchor Aweigh" ဖြစ်လေသည်။

## ကြည်းတပ်စစ်သီချင်း

အမေရိကန်ကြည်းတပ်စစ်သီချင်းကို ဖိလစ်ပိုင်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော အရာရှိတစ်ဦးက ၁၉၀၈ ခုနှစ်တွင် ရေးသားခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် နာမည်ကျော် စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဂျွန်ဖိလစ်ဆူဇာ (John Phillip Sousa) က အလွန်လူသိများအောင် တေးဂီတနှင့် သီချင်းစာသားတို့ကို ထပ်လောင်းဖြည့်စွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အမေရိကန်ကြည်းတပ်မတော်၏ စစ်သီချင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။

## ကမ်းခြေစောင့်တပ်ဖွဲ့သီချင်း

အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့သီချင်း (US Coast Guard) ကို ဗိုလ်မှူးကြီး ဖရန်စစ်ဆာလ်တပ်စ်ဗန်ဘိုစ့်ကတ် (Captain Francis Saltus Van Boskerck) က ၁၉၂၇ ခုနှစ်တွင် ရေးသားခဲ့သည်။ နောက်ပိုင်းတွင် စာသားအချို့ကို ပြောင်းလဲပစ်ပြီးနောက် ယခုထက်တိုင် ကမ်းခြေစောင့်တပ်ဖွဲ့သီချင်းအဖြစ် အသုံးပြုလျက်ရှိသည်။

## လေတပ်စစ်သီချင်း

၁၉၃၈ ခုနှစ်တွင် အမေရိကန်လေတပ်စစ်သီချင်း အကောင်းဆုံးရေးနိုင်သူ ပြိုင်ပွဲတစ်ခု ကျင်းပခဲ့သည်။ ၎င်းသီချင်းရေးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်သီချင်းများကို လေတပ်အရာရှိဇနီးများ အဖွဲ့က စိစစ်ရွေးချယ်ခဲ့ကြသည်။ ၎င်းတို့က "အခုလေတပ်သီချင်းကို ရွေးချယ်ပြီး သားခဲ့ပါတယ်" ဟု ပြော၍ ယခုတိုင် ၎င်းသီချင်းကို တရားဝင်သုံးစွဲနေသည်။


**မောင်မောင်စန်းထွေး**

***REF:- American MOSAIC***



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သရဲမလေးပဝါဖြူ၏ မင်္ဂလာသတင်း

● သက်ဦးမောင်

အောင်ထူးတစ်ယောက် လေကလေးကိုချွန်ရင်း ဟီးရိုးစက်ဘီးလေးကို မှန်မှန်နင်းလာခဲ့သည်။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ လူရိပ်လူရောင်ဟူ၍ အလျဉ်းမတွေ့ရတော့။ ဘယ်တွေ့ရတော့ပါ့မလဲ။ အချိန်ကလည်း သန်းခေါင်တောင် ကျော်နေပြီပဲဟာကို။

"မနက်မှ ပြန်ပါတော့လား . . . အောင်ထူးရာ။ ညဥ့်တောင်နက်နေပြီ။ ပြန်ရမှာက နီးနီးလေးလည်း မဟုတ်ဘဲနဲ့။ ၁၀ နှစ်ကျော် ပေါင်းလာခဲ့တဲ့ မိန်းမကို တစ်ညလေးခွဲရတာတောင် လွမ်းသလားကွ"

"ဟီး . . . ဟီး . . . ကိုဘောစိကလည်းဗျာ။ မိန်းမကို ဟုတ်ပါဘူးဗျ။ သားသမီးတွေကို လွမ်းတာပါ"

"တော်စမ်းပါကွာ၊ မသိတဲ့သူတွေကျနေတာပဲ"

အလုပ်ရှင်၏ စိုးရိမ်၍ တားမြစ်မှုကို ရှူးသလိုလို ပေါ်သလိုလိုလုပ်ပြီး ဖွတ်ပြန်လာခဲ့ခြင်း ဖြစ်၏။ အမှန်က ဒီနေ့ည တစ်ညလုံး အလုပ်ရှင်သူဌေး၏အိမ်ကို စောင့်အိပ်ပေးရန် သွားခဲ့ခြင်းပင်။ ကျောက်ပန်းတောင်းသို့ မိသားစုလိုက် သွားကြသောကြောင့် သူတို့ပွဲရုံအလုပ်သမား အောင်ထူးကို အိမ်ခေါ်စောင့်ခိုင်းခြင်းဖြစ်၏။

ည ၁၂ နာရီလောက်တွင်တော့ သူဌေးမိသားစု ပြန်ရောက်လာကြသည်။ တစ်မြို့တည်း ဖြစ်သော်လည်း အိမ်ဆက်ကျဲပါးသော ဆင်ခြေဖုံးရပ်ကွက်ကျယ်ကြီးကို ကျော်ပြန်ရမည်ဖြစ်သောကြောင့် သူဌေးက တားနေခြင်းဖြစ်၏။ အောင်ထူး မနေနိုင်ပါ။ ညတွင်းချင်းပင် ပြန်လာခဲ့၏။ အဓိကကတော့ သူဌေးပေးသော ကျောက်ပန်းတောင်းပြန် မုန့်လက်ဆောင်များကို သားသမီးလေးများအား ညတွင်းချင်းကျွေးချင်နေသောကြောင့်ပင်။

အစိုးရ ဂိုထောင်များ၊ ရုံးမြေခြံဝင်းကျယ်ကြီးများ ဆက်နေသောကြောင့် လူနေအိမ်ခြေများ အနည်းငယ် ပြတ်တောက်သွားသည့် နေရာသို့ ရောက်လာခဲ့သည်။ ဒီလမ်းတွေက ညပိုင်း မဖြတ်ဖူးသော်လည်း နေ့ခင်းဘက် အကြိမ်ကြိမ် ဖြတ်နေခဲ့ရသောကြောင့် ဘယ်နေရာ ဘာရှိသည်ဟု အတိအကျသိပြီးသား။ မျက်စိထဲမှာတော့ မိမိယူလာသော မုန့်များကို အိပ်ချင်မူးတူးဖြင့် ထိုင်စားနေကြမည့် သားသမီးတစ်စုကို မြင်ယောင်ရင်း ပီတိဖြင့်ပြုံးပြုံးကြီးပင် ဖြစ်နေမိသည်။

"ဟင် . . . ဟိုရှေ့က သစ်ပင်အောက်မှာ မိန်းကလေးတစ်ယောက်ပါလား။ ဒီအချိန်ကြီး ဘာကိစ္စနဲ့များအရေးတကြီး ထွက်လာပါလိမ့်။ ဒီနေရာ နီးနီးနားနားမှာ လူနေအိမ်ခြေလည်းမရှိဘဲနဲ့။ ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲမသိဘူး။ ဟော . . . ငါ့စက်ဘီးကို တားနေပါလား။ ညဥ့်ငှက်လေး အလုပ်က ပြန်လာတာဆိုရင်တော့ အောင်ထူး မင်းပိုင်ပြီ . . ဟီဟီ"

အောင်ထူး စက်ဘီးကို အရှိန်လျှော့ပြီး မိန်းကလေးရဲ့ရှေ့မှာ ခြေထောက်ထောက်ရပ်လိုက်တယ် ဆိုရင်ပဲ မျက်နှာလေးကို လှမ်းအကဲခတ်လိုက်မိ၏။

အားပါးပါး . . . အလှလေးပါလား။ ခွင်မဝင်လည်း ဝင်အောင်လုပ်ယူရမှာပဲ။

"ဘယ်ကိုလဲ ညီမ။ အစ်ကိုက ရွှေတွင်းကုန်းထဲအထိ ပြန်ရမှာ"

"ညီမလည်း လမ်းမလျှောက်နိုင်တော့လို့ စက်ဘီးကြုံ စောင့်တားနေတာပါ အစ်ကို။ တော်တော်ကြာပြီ။ ညီမက မဟာအောင်မြေရပ်ကွက်အထိ သွားရမှာမို့ပါ။ လိုက်ခဲ့ပါရစေနော်"



www.burmeseclassic.com

www.burmeseclassic.com

"ဪ ... အင်း ... အင်း။ ရပါတယ် ညီမရဲ့။ လာ .. တက်"

အောင်ထူးတစ်ယောက် အားရဝမ်းသာပင် ဖိတ်ခေါ်လိုက်သည်။ လက်ထဲမှ မုန့်များနှင့် အိမ်က သားသမီးများကို ခေတ္တမျှ မေ့ထားလိုက်၏။ ဒီလိုအချိန်၊ ဒီလိုနေရာမျိုးမှာ ဒီလိုရုပ်ရည်နှင့် မိန်းကလေးမျိုးကို စက်ဘီးနှင့် တင်ခေါ်ခွင့်ရရေးသည် နောက်ထပ် ၁၀ နှစ်လောက် ဒီနေရာက နေ့စဉ်ဖြတ်နေလျှင်တောင် ထပ်တွေ့ဖို့ မလွယ်တော့။

ဟိုရှေ့နားလေးမှာ ညောင်ပင်ကြီးနဲ့ ကားစောင့်တဲ့ ဇရပ်ကြီးရှိတယ်။ အဲဒီနေရာ မရောက်ခင် ခွင်အမိဖန်ရမယ်။ အောင်ထူးပါကွ .. ဟဲ .. ဟဲ။

အောင်ထူးစိတ်ထဲမှာ မာန်တက်စွာကြိမ်းဝါးနေမိ၏။ စက်ဘီးကို တမင်ပင် တစ်ပတ်ချင်းနင်း၍ စီမံကိန်းကို စလိုက်၏။

"ညီမလေးက လှတယ်နော်။ နာမည် ဘယ်လိုခေါ်လဲ"

"ပဝါဖြူပါ အစ်ကို"

"ဟင် ..."

အောင်ထူးရင်ထဲတွင် ဒိတ်ခနဲ တုန်သွားပြီး တစ်မျိုးကြီး ဖြစ်သွား၏။

သူ့နာမည်ကြီးက ဘယ်လို နာမည်မျိုးကြီးပါလိမ့်။

နာမည်ကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မတွေးမိခဲ့သော အတွေးများ တသီတတန်းကြီး သံကွင်းဆက်သွားရ၏။ သာယာလှပသော ဖက်ဖူးရောင် စိတ်ကူးများကတော့ ကြက်ပျောက်ငှက်ပျောက်။

သူ ဘယ်သူလဲ၊ ဘာလို့ ဒီအချိန်ကြီး ဒီနေရာမှာ တစ်ယောက်တည်း ရှိနေရတာလဲ၊ ဘယ်ကလာတာလဲ။ ငါ့စက်ဘီးကို မကြောက်မရွံ့ ဘာလို့တားရဲတာလဲ၊ ဒီလို လူနေအိမ်ခြေမရှိတဲ့နေရာမှာ သူမကြောက်မရွံ့ ဘာလို့ရောက်နေတာလဲ။ ဘုရား .. ဘုရား လူရောဟုတ်ရဲ့လား။ လူမဟုတ်ရင် ဘာလဲ။

ယောက်ျားသိက္ခာနှင့် ဣန္ဒြေကို ထိန်း၍ ဟန်မပျက် နင်းနေရသော်လည်း နောက်ကျောထဲက စိမ့်ပြီး ယားနေခဲ့၏။ ထိုအချိန်မှာပင် ...

"ဟာ .. မွှေးလိုက်တာ။ ရေမွှေးပုလင်း ကျကွဲလိုက်သလိုပါလား။ ဒီနားမှာ ဘာမွှေးစရာအပင်မှ မရှိဘဲနဲ့ ဟော ... ပျောက်သွားပြီ။ ဘာနံ့မှ မရတော့ဘူး။ ဟင် ... ပုပ်စော်ကြီးလိုပဲ။ ဟုတ်တယ်၊ သေချာတယ်။ တဖြည်းဖြည်းနဲ့ စူးစူးဝါးဝါးကြီး နံလာပြီ။ အလာလာ ... ဆိုးလိုက်တာ။ အန်တောင် အန်ချင်လာပြီ။ ဟုတ်ပါပြီ။ နောက်က ကောင်မလေး လုပ်နေတာ ဖြစ်မှာ။ ဒီကောင်မလေးဟာ မကောင်းဆိုးဝါးမဖြစ်မှာ။ ဒီလိုအနံ့မျိုးတွေပေးနိုင်မှတော့ လူဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ငါ ဘာလုပ်ရမလဲ။

အောင်ထူး စက်ဘီးနင်းရသည့် အရှိန်ရော၊ ကြောက်သည့် အရှိန်ပါရောပြီး ဇောချွေးတွေ ပြိုက်ပြိုက်ကျလာခဲ့သည်။ ခြေနင်းပြားပေါ်တွင် လည်ပတ်နေသော ခြေထောက်များက အားမပါတော့။ ဘာလုပ်သင့်သည်ကို စဉ်းစားနေဆဲမှာပင် လည်ကုပ်ပေါ်သို့ ရေခဲတုံးတမျှ အေးစက်လှသော လက်တစ်ဖက်က ဆုပ်ကိုင်ဖြစ်ညှစ်လာချိန်တွင်တော့။

"အောင်မယ်လေး ကယ်တော်မူကြပါဗျို့"

*****

အောင်ထူးကို ဆေးရုံတင်လိုက်ရပြီ။

ဆရာဝန်များ အနေဖြင့် အပြင်းအထန်ဖျားနေသော အောင်ထူးကို ပဋိဇီဝဆေးဝါးများ အတတ်ပညာများဖြင့် ကယ်တင်လိုက်နိုင်ခဲ့၏။ သို့သော် နဂိုအတိုင်း လူကောင်းကြီးတော့ ပြန်မဖြစ်တော့ပါ။ အရာရာကို သွေးပျက်ကြောက်လန့်နေပြီး အသိတရားဟူ၍ ဘာမှ ဖမ်းဆုပ်မရနိုင်တော့သော အောင်ထူးအဖြစ်သာ ကျန်ရစ်နေခဲ့တော့သည်။

တာဝန်ရှိသူများက လိုအပ်သည်များကို စစ်ဆေးစုံစမ်းကြသော်လည်း ရေရေရာရာ ဘာမှမပြောနိုင်တော့။ အချိန်ပြည့် ထိတ်လန့်တုန်လှုပ်စွာ မျက်လုံးပြူးကြီးနှင့် ဖြစ်နေပြီး ပေါက်ပေါက်ဖောက်သလို တတွတ်တွတ် ရွတ်နေသည်ကတော့ ...

"ပဝါဖြူ ... ပဝါဖြူ ... ပဝါဖြူ ... သရဲမ ... မလာနဲ့ .. သွား"

အောင်ထူး၏ အဖြစ်မှန်ကို ရေရေရာရာ ဘာမှ စစ်ဆေးလို့မရသဖြင့် ဘယ်သူမှ တိတိကျကျ မသိလိုက်ရပါ။ သို့သော် 'ပဝါဖြူ' ဟူသော စကားလုံးလေးတစ်လုံးက တစ်ဆင့်စကား တစ်ဆင့်ကမ်း သယ်ဆောင်လာသောအခါ အချက်အလက်ပြည့်စုံသော စိတ်ဝင်စားဖွယ်၊ ချောက်ချားဖွယ် ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာခဲ့၏။

"ပဝါဖြူဆိုတဲ့ သရဲမက တော်တော်လှတယ်ဆိုပဲ"

"သူ့ကို ... ယောက်ျားလေး အယောက် ၂၀ ပြည့်အောင် ဖမ်းစား



www.burmeseclassic.com

www.burmeseclassic.com

ပေးရမယ်လို့ တာဝန်အပေး ခံထားရတာတဲ့"

"သရဲမက အောင်ထူးကို လွှတ်ပေးလိုက်တာ အကြောင်းမဲ့ မဟုတ်ဘူး။ သူပိုင်တဲ့ ဂိုဒေါင်တစ်ဝိုက်မှာ အချိန်မတော်ဖြတ်လာရင် ဖမ်းစားတော့မယ်ဆိုတဲ့အကြောင်း အသိပေးလိုက်တာ"

ပါးစပ်ဖြင့် ဖွဲ့နွဲ့ချဲ့ကားကြသော ဝတ္ထုဖန်တီးရှင်များကြောင့် ပဝါဖြူဆိုသောနာမည်က အတန်အသင့် အရှိန်အဟုန်ကြီးမားလာခဲ့၏။ သို့သော် မိန်းမအများစု၏ စကားဝိုင်းများတွင်သာ။ စူးစမ်းလေ့လာပြီးမှ ယုံကြည်တတ်သောသဘာဝရှိသည့် ယောက်ျားသား အသိုင်းအဝိုင်းမှာတော့ နားထောင်ကောင်းရုံ ပုံပြင်တစ်ပုဒ်ထက် မပိုခဲ့ပါ။

*****

သည့်နောက်ပိုင်းတွင် ပဝါဖြူ၏ သတင်းက စိပ်လာခဲ့၏။ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရသည့် စက်ဘီးသမားဦးရေကလည်း များလာခဲ့သည်ကို၊ မယုံကြည်နိုင်သေးသော ယောက်ျားသား အနည်းငယ် ရှိနေသေးသော်လည်း ကိုယ်တိုင်ကိုယ်ကျ သက်တွေ့စမ်းသပ်ရဲသူကတော့ မရှိတော့ပါ။

ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစေရန် ကာကွယ်စောင့်ရှောက်ပေးရသော ရဲတပ်ဖွဲ့ကြီးလည်း မနေသာတော့။ ညအချိန်တွင် သွားရန်မသင့်တော်သော နေရာအဖြစ် လူအများ တညီတညွတ်တည်း သတ်မှတ်လိုက်သော ထိုနေရာတစ်ဝိုက်ကို အဓိကထား၍ ပတ္တရောင်လှည့် စောင့်ရှောက်ရတော့၏။ သို့သော် ပဝါဖြူတင်မက။ ဘာအရောင်ရှိသော ပဝါမျှမတွေ့။

ကိစ္စများမြောင် လူတို့ဘောင် ဆိုသည့်အတိုင်း ဘယ်လိုသတင်းတွေထွက်လို့ ဘယ်လိုတွေပဲကြားကြား မသွားမဖြစ် သွားလာနေရတဲ့ သူတွေကတော့ မကြာခဏ ရှိနေမြဲပင်။ ရှိခဲ့လျှင်လည်း ပဝါဖြူနှင့် တွေ့ကြစမြဲ။ အောင်ထူးကဲ့သို့ပင် တစ်ပုံစံတည်း တွေ့ကြုံရစမြဲ။

ခက်သည်က ထိုသတင်းကြီးလှသော ပဝါဖြူသည် ပတ္တရောင်အဖွဲ့ ဘယ်အချိန်ဖြတ်ဖြတ် မတွေ့။ အုပ်စုဖွဲ့သွားလျှင် မခြောက်။ ခြေလျင်လျှောက်သွားသူကို အရိပ်အယောင်မပြ။ တစ်ဦးတည်း စက်ဘီးစီးသွားသူကိုသာ ရွေး၍ ခြောက်လှန့်ခြင်း ဖြစ်လေသည်။

ကိုယ်တွေ့ကြုံသူတွေ တစ်နေ့တခြား များများလာသည်နှင့်အမျှ မည်မျှလောက် အရေးကြီးသည့်ကိစ္စနှင့် ဖြစ်နေပါစေ။ ညအချိန်တွင် လွှဲဖယ်ရှောင်ရှားရသော နေရာတစ်ခုအလိုလို ဖြစ်နေလေတော့၏။

*****

"ဒါဟာ တော်တော် သဘာဝမကျတဲ့ ကိစ္စပဲကွ"

ကိုကျော်တင့် ကြိတ်မနိုင် ခဲမရနှင့် ပြော၏။ သူ့အကြောင်းကိုသိထားသော တစ်ဝိုင်းလုံးက ဘယ်လိုမှ တားမရနိုင်သည်ကို သိသဖြင့် နှုတ်ပိတ်နေကြရ၏။ ပေါ်ဒီလက်ဖက်ရည်ဆိုင် ထိုင် တစ်ဝိုင်းလုံး ကိုကျော်တင့်၏ သတ္တိကို တုဖက်ပြိုင်ရဲသူမှ မရှိဘဲနှင့်။

ကိုကျော်တင့်ဆိုသည်က ပညာတတ်။ လူကတ်လူပြတ်။ စာပေကို တရှိုက်မက်မက် လေ့လာဖက်တွယ်ထားသူဖြစ်ပြီး အတွေးအခေါ် အစွန်းနည်းနည်းရောက်နေသူဟု သတ်မှတ်ခံထားရသောသူ။ အမှန်ကတော့ ကိုကျော်တင့်၏ အယူအဆများကို ချက်ကျလက်ကျ ငြင်းဆန်နိုင်သည်တော့ မဟုတ်ကြပါ။ သို့သော် လူမှုရေးပတ်ဝန်းကျင်တွင် အခြေအမြစ်မရှိဘဲ အသားကျနေသော ကိစ္စရပ်များကို တစ်ဦးတစ်ယောက်တည်း ဒိုင်ခံတော်လှန်ဆန့်ကျင်သောအခါ လူ ၁၀၀ တွင် ၉၉ ယောက်နှင့် မတည့်သော လူ့ဂလန့်တစ်ယောက် အလိုလိုဖြစ်လာခဲ့ရပေတော့သည်။

"မင်းတို့ပဲ စဉ်းစားကြည့်ပါလား။ ပန်းပဲသမားသေလို့ နတ်ဖြစ်တဲ့ ဦးတင့်တယ်က ပန်းပဲဖိုတွေကို စောင့်ရှောက်တဲ့ နတ်မဖြစ်ဘဲ ဘာဖြစ်လို့ အိမ်ထောင်ရေး၊ အိမ်တွင်းရေးတွေကို စောင့်ရှောက်တဲ့ နတ်ဖြစ်လာရတာလဲ" ဆိုတာမျိုး။

"ကလေးတွေ နေမကောင်းရင် ခေါ်ပဒေါင်းပစ်တယ်တဲ့၊ မာတြာနတ်တဲ့။ ဘယ်လိုကနေ ဆင်းသက်လာပြီး ဘယ်နေရာမှာ ခိုကပ်နေမှန်း မသိတဲ့ဟာကို ပူဇော်မှ ကလေးကျန်းမာမှာတဲ့လား။ ဒါသာ အမှန်ဆိုရင် ဆေးမကုဘဲ ဘယ်မီတာ နေရဲသလဲ"

"မိုးရွာအောင် လွန်ဆွဲကြသတဲ့ကွာ။ ဘယ်နေရာကနေ ဘယ်လိုဆက် စပ်ယူရမှန်းတောင် မသိတော့ဘူး။ သဘာဝ ယုတ္တိကျကျပဲ စဉ်းစားကြည့်လိုက်ဦး။ လွန်ဆွဲတယ်ဆိုတာ ဘာမှသိပ်ခက်ခဲတဲ့ ကိစ္စမဟုတ်ဘူး။ ဒါပေမယ့် စိုက်ပျိုးရေးနဲ့ ရပ်တည်နေတဲ့ မြန်မာပြည်မှာ မိုးခေါင်လို့ သီးနှံ

www.burmeseclassic.com

ပျက်စီးရတဲ့နှစ်တွေ ရေတောင် မရေ နိုင်ဘူး။ လွန်ဆွဲလို့သာ မိုးရွာတာမှန် ရင် ဒီပြဿနာပေါ်စရာ ဘာမှမရှိဘူး။ ဒါပေမယ့် အခုအချိန်အထိ လွန်ဆွဲရင် မိုးရွာမယ်လို့ ယုံကြည်နေကြတုန်းပဲ။ ခက်တယ်ကွာ''

ဒီလို စကားမျိုးတွေ ပြောတတ်သော ကိုကျော်တင့်က လူမှုပတ်ဝန်းကျင်တွင် မည်ကဲ့သို့ အဆင်ပြေ ချောမွေ့နိုင်ပါဦးမည်နည်း။

ခုလည်းကြည့် ...။ ပဝါဖြူကို တကယ်ကြုံတွေ့ရသူပေါင်း မြောက်မြားစွာကြောင့် ဖြစ်ရပ်မှန်ဖြစ်ကြောင်း လက်ခံထားရသော်လည်း ကိုကျော်တင့်က လက်မခံနိုင်ပါ။

''လူ့သဘာဝကို တွေးကြည့်မလား။ သေမလားဆိုရင် အသေခံကြမယ့် သတ္တဝါတွေကွ။ သူများက ပဝါဖြူဆိုရင် ပဝါဖြူလိုက်တာပဲ။ ဘာကြောင့် ဘယ်လိုဆိုတဲ့ အရင်းအမြစ်ကိုတွေးကြည့်ဖို့၊ လက်တွေ့စုံစမ်းစစ်ဆေးဖို့ကျတော့ ဘယ်သူမှ စိတ်မကူးကြဘူး''

''ကျွန်တော်တို့ကလည်း သိပ်မယုံချင်ပါဘူး ကိုကျော်တင့်။ ဒါပေမယ့် ကြုံတွေ့ခဲ့ရတဲ့သူတွေကို လက်တွေ့မြင်နေရတော့လည်း''

''ငါပြောတာက ပဝါဖြူနဲ့ ကြုံခဲ့တဲ့သူတွေကို လုပ်ကြံပြောတယ်လို့ မဆိုလိုပါဘူး။ ဖြစ်ရပ်ကိုသာ ထောင့်မျိုးစုံကနေ စဉ်းစားကြည့်တာပါ။ ဒီပဝါဖြူဆိုတဲ့ ကောင်မက ဘာကိုလိုချင်လို့ ခြောက်လှန့်နေရတာလဲ။ သူ့အတွက် ဘာအကျိုးအမြတ်ရှိလို့လဲ။ ကြုံတွေ့ခဲ့ရတဲ့သူမှန်သမျှ ကြောက်လန့်ပြီးသာ ပြေးကြရတာ။ သတင်းစကားနဲ့သာ မကောင်းဆိုးဝါးမဆိုပြီး အကြောက်လွန်လာကြတာ။ အမွှေးနံ့ပေးရုံ၊ အပုပ်နံ့ပေးရုံ၊ လက်အေးကြီးနဲ့ ကိုင်ရုံကလွဲပြီး ကြောက်လောက်အောင် ဘာမှလုပ်ပြတယ်လို့လဲ မကြားရဘူး။ နောက်ပြီး ခြောက်ရင်လည်း ဖြတ်သွားတဲ့သူတိုင်း ခြောက်ပေါ့ကွ။ ခုတော့ စက်ဘီးစီးသွားတဲ့ တစ်ယောက်တည်းသမားကလွဲပြီး ... ဘယ်သူမှ မခြောက်ဘူး''

''ကိုကျော်တင့်က ဘယ်လိုထင်လို့လဲ''

''အဲဒါတော့ ငါလည်း အတိအကျ မပြောနိုင်သေးဘူး။ ဒါပေမယ့် တစ်မြို့လုံး မသွားရဲ၊ မလာရဲဖြစ်အောင် ခြောက်နေတဲ့ မကောင်းဆိုးဝါးမကို ဘာဆိုတာသိအောင် ငါကိုယ်တိုင်လုပ်မှာပါ။ မင်းတို့စောင့်ကြည့်နေ''

တစ်မြို့လုံးက မသွားရဲ၊ မလာရဲ ဖြစ်နေချိန်တွင် ကိုကျော်တင့်၏ အပေါင်းအသင်းများကတော့ အဖြေတစ်ခုကို အမျှော်လင့်ကြီး မျှော်လင့်နေမိကြ၏။ ခြောက်လှန့်တတ်သော ပဝါဖြူနှင့် မကြောက်တတ်သော ကိုကျော်တင့်တို့၏ ထိပ်တိုက်တွေ့ဆုံပွဲကား သူတို့အတွက် ကမ္ဘာ့ဖလား ဗိုလ်လုပွဲနှင့် မလဲနိုင်ပါ။

ပဝါဖြူနှင့် ကိုကျော်တင့်တို့ကား ထိပ်တိုက်တွေ့ဆုံကြပေတော့မည်။

*****

ကိုကျော်တင့်ကား ပြောလျှင် ပြောသလို လုပ်တတ်သော သူမျိုးဖြစ်သည်။ ကိုယ်တွေ့ ကြုံတွေ့ခဲ့ရပါသည် ဆိုသော သူများကို စုံစမ်းရှာဖွေ၍ အိမ်တိုင်ရာရောက် တွေ့ဆုံမေးမြန်းသည်။ အဖြစ်အပျက် အသေးစိတ်ကို တိကျသေချာစွာ မှတ်သား၏။ ဖြစ်နိုင်မဖြစ်နိုင်ကို တွေးခေါ်ဆုံးဖြတ်၏။ တကယ်တမ်း တိတိကျကျ လိုက်မေးကြည့်လိုက်တော့ ကိုယ်တိုင် ဆုံတွေ့ဖူးပါသည်ဟူသော ၁၀ ယောက်တွင် အစစ်အမှန်ဟု ယူဆရသူက နှစ်ယောက်လောက်သာ တွေ့ရ၏။ ကျန်ရှစ်ယောက်က ပေါ်ပြူလာဖြစ်ချင်၍ လေဖမ်းဒန်းစီးပြီး လုပ်ကြံပြောကြခြင်းသာ။ ထိုသူများ၏ သတင်းစကားကြောင့် ပဝါဖြူမကောင်းဆိုးဝါးမ၏ သတင်းက ပုံသဏ္ဌာန်မျိုးစုံနှင့် ကြီးကျယ်ချင်တိုင်း ကြီးကျယ်နေတော့၏။

''ကျွန်တော်ကလည်း တော်ရုံတော့ ကြောက်တတ်တဲ့ကောင်မဟုတ်ပါဘူးဗျာ။ စက်ဘီးကို တားကတည်းက ဒါဟာ ပဝါဖြူဆိုတဲ့ သရဲမပဲ ဖြစ်ရမယ်လို့တော့ ထင်သားပဲ။ ငါ့ကို ဘယ်လို ခြောက်မှာတုံးဆိုတဲ့ သိချင်စိတ်နဲ့ စက်ဘီးပေါ်တင်ခဲ့တာ။ ရေမွှေးနံ့တွေ မွှေးလိုက်တာ။ အော်ဂလီဆန်လောက်အောင်နံ့တဲ့ အပုပ်နံ့တွေ လှိုင်လာလိုက်နဲ့။ ဒါပေမယ့် စိတ်ကိုတင်းပြီး ဆက်နင်းခဲ့တာ။ လည်ကုပ်ကို လူသေလက်လို အေးစက်နေတဲ့ လက်ကြီးနဲ့ လာကိုင်တော့ ကျွန်တော်လည်း စက်ဘီးပေါ်က ခုန်ဆင်းပစ်လိုက်တယ်လေ။ အသားကိုတော့ အထိမခံနိုင်ဘူးပေါ့ဗျာ။ မြေကြီးပေါ်ရောက်ရောက်ချင်း ပြန်လှည့်ကြည့်လိုက်တော့ အားလားလား။ အသည်းတွေ အူတွေတောင် ပြောင်းပြန်လန်သွားသလားအောက်မေ့ရတယ်ဗျာ။ ကျွန်တော့်တင်လာခဲ့တဲ့ ခပ်ချောချောကောင်မလေး ဘယ်မှာဟုတ်တော့လို့လဲဗျ။ မျက်လုံးက ရှောက်သီးခပ်ကြီးကြီး

www.burmeseclassic.com

လောက် ပြုံးလို့။ အစွယ်က မေးစေ့တောင် ကျော်သေးတယ်။ အစွယ်ကြားထဲကကျနေတဲ့လျှာက တစ်တောင်လောက်တော့ ရှိမယ်ဗျ။ တစ်ထွာကျော်ကျော်ရှည်တဲ့ အမွေးတွေက တစ်ကိုယ်လုံး ဖုံးလို့။ ကျုပ်မို့လို့ပေါ့ဗျာ။ ကိုယ်လွတ်ရုန်းပြေးလာနိုင်ခဲ့တာ။ သာမန်လူဆို နေရာတွင် သွေးပျက်ပြီး ရူးရင်ရူး၊ မရူးရင်အသေပဲ"

ဒါက တစ်ယောက်သောသူ၏ ပြောစကား။ ကျန်တစ်ယောက်က

"လှည့်ကြည့်လိုက်တော့ တစ်ကိုယ်လုံး ပြောင်ချောနေတဲ့ သတ္တဝါဆန်းလို အကောင်ကြီး ဖြစ်နေပါလေရော။ ကျုပ်ကလည်း ဘယ်ရမလဲ။ အားရှိသလောက် ကျုံးပြီး ဘယ်ညာဆက်တိုက် ထိုးပစ်လိုက်တာ။ ဟာ လေကို ထိုးရသလိုပဲဗျို့"

ဤကဲ့သို့ ပြောသော သူတွေလည်း ရှိ၏။

အမှန်တကယ် ကြုံတွေ့ခဲ့ပါသည်ဟု ယူဆရသောသူများထံမှ တူညီသော ပြောဆိုမှု အချက်အလက်တို့ကို ထပ်တူပြုကြည့်လိုက်တော့ အမွှေးနံ့ပေးခြင်း၊ အပုပ်နံ့ပေးခြင်း၊ လူသေလို လက်အေးကြီးဖြင့် လည်ပင်းကို လာကိုင်ခြင်းမှလွဲ၍ ထူးထူးခြားခြား ဘာမှ မသိရပါ။ အားလုံး နောက်ကြောင်းပြန် မကြည့်ရဲတော့ဘဲ ကိုယ်လွတ်ရုန်းပြေးလာခဲ့သူတွေချည်းပင်။

မေးမြန်းစုံစမ်းမှုတွေကို ဇယားချတွက်ချက်ပြီး ဖြစ်နိုင်ခြေနှင့် လုပ်ဆောင်သင့်သည့် အချက်များကို တိကျသေချာစွာ တွက်ချက်၍ ကိုကျော်တင့် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်တော့သည်။

ပဝါဖြူကို ကိုယ်တိုင်တွေ့ဆုံလေ့လာမှ ဖြစ်တော့မည်ဟူ၍။

*****

ပထမဦးဆုံး ကိုကျော်တင့်လုပ်ရသည့် အလုပ်က စက်ဘီးတစ်စီး ငှားရ၏။ နှစ်ရက်ခြား၊ သုံးရက်ခြားဆိုသလို ည ၁၂ နာရီထိုးသည်နှင့် နာမည်ကြီးလှသော ပဝါဖြူ၏နယ်မြေကို အသွားအပြန် စက်ဘီးနှင့်ဖြတ်၏။ ယခင်တုန်းကတည်းက စက်ဘီးနှင့် ဖြတ်သွားသူတိုင်း စက်ဘီးကို တားဆီးတတ်သော ပဝါဖြူကို တွေ့သည်မဟုတ်။ တချို့တလေသာ ကြုံတွေ့ရခြင်းဖြစ်၏။

ကိုကျော်တင့်လည်း အိပ်ရေးပျက်ခံ၍ စက်ဘီးနှင့် မကြာခဏ ဖြတ်နေသော်လည်း တစ်ခါမှ မကြုံခဲ့ရပါ။ ပဝါဖြူ၏သတင်းကြောင့် ဤနေရာကို ဖြတ်သည့်သူကလည်း ပတ္တရောင်ရဲအဖွဲ့မှလွဲ၍ မရှိသလောက်ပင်။

ဒီကြားထဲတွင် မခံချင်စရာကောင်းသည်က အလုပ်တစ်ခုအနေနှင့် အကြိမ်ကြိမ်ဖြတ်နေသော ကိုကျော်တင့်နှင့် မကြုံသော်လည်း ကိုကျော်တင့်နားသောရက်တွင် မဖြတ်မဖြစ် သေရေးရှင်ရေးကိစ္စနှင့် ဖြတ်ရသော သူတစ်ဦးနှင့်တော့ တွေ့ဆုံရပြန်လေသည်။ ထိုသူကို ကိုကျော်တင့်သွား၍ မေးမြန်း၏။ အမှန်တကယ်ဟု ယူဆရသည်။ ဖြစ်ပျက်ပုံက နဂိုပုံစံအတိုင်း သိပ်မထူးခြား။

မိမိနှင့်ကျတော့ မတွေ့ဘဲ မဖြစ်မနေကိစ္စကြောင့် တစ်ခါတည်းသာ ဖြတ်မိသူကျမှ ဘာကြောင့် ကြုံရတာလဲ။ ဖြစ်နိုင်ခြေတို့ကို စဉ်းစားကြည့်၏။

ငါက ၁၂ နာရီထိုးတာနဲ့ အဲဒီနေရာကို သွားတာ။ အဲဒီအချိန် ပတ်ဝန်းကျင်မှာပဲ ပတ္တရောင်ကလည်း လှည့်တာဆိုတော့ ငါ့ကို ခြောက်ချင်ပေမယ့် ပတ္တရောင်အဖွဲ့ကို ရှောင်ချင်လို့ မခြောက်တာဖြစ်မယ်။ ငါ တကယ်တွေ့ချင်တယ်ဆိုရင် ငါ အချိန်ပြောင်းသင့်တယ်။ ဘာကိုမှ ဂရုမစိုက်ဘဲ ခြောက်မယ်ဆိုရင် ငါ့ကို ခြောက်သင့်ပြီပေါ့။ သူများတွေကျတော့ ခြောက်ပြီး အခြောက်ခံချင်လို့ နှစ်ရက်ခြား၊ သုံးရက်ခြားနှုန်းနဲ့ နှစ်လလောက်ဖြတ်နေတဲ့ ငါ့ကျ တစ်ခါမှမခြောက်ဘူး။ ဟုတ်တယ်။ ငါအချိန်ပြောင်းမယ်။ မနက် ၂ နာရီခွဲ ၃ နာရီလောက် ဖြတ်ရမယ်။

ကိုကျော်တင့် အချိန်ပြောင်းလိုက်၏။ ၂ နာရီခွဲလောက်ဆိုလျှင် အိမ်မှထွက်ပြီး ထိုနေရာကို ဖြတ်တော့သည်။ သို့သော် ယခင်အတိုင်း ဘာမှ ထူးထူးခြားခြားမတွေ့။ ပဝါဖြူသတင်းကတော့ ကြီးမြဲ။ ကိုကျော်တင့်ကလည်း ဇွဲကောင်းမြဲပင်။

*****

နာရီနိုးစက် မြည်သည်နှင့် ကိုကျော်တင့် အိပ်ရာမှ လူးလဲထလိုက်၏။ ၂ နာရီခွဲပြီ။ ထုံးစံအတိုင်း ပဝါဖြူစစ်ဆင်ရေး ထွက်တော့မည်။ သို့သော် ယခင်လောက်တော့ မတက်ကြွတော့။ လနှင့်ချီ၍ ဝီရိယကောင်းခဲ့သော ကိုကျော်တင့်အဖို့ ယခုအချိန်အထိ ဘာမှမထူးခြား။ ကြာတော့ ကိုယ့်ကိုယ်ကို ကျန်းမာရေးအတွက် စက်ဘီးထနင်းသူဟုပင် မြင်လာ၏။ သို့သော် ပဝါဖြူ၏ဂုဏ်သတင်းက မှေးမှိန်မသွားသဖြင့် ကိုကျော်တင့်ကလည်း အလွယ်တကူ လက်မလျှော့ချင်။ ဘာပဲဖြစ်ဖြစ် သွားတော့ သွားရပေမည်။ အဖြေမှန်ကိုမထုတ်နိုင်သရွေ့ ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com

တင့်အတွက် အအိပ်အစား မဖြောင့်သလို ဖြစ်နေသည် မဟုတ်လား။

ခပ်ဝေးဝေး ကင်းတဲတစ်ခုဆီမှ နာရီသံချောင်း သုံးချက်ခေါက်သံ ကြားရသည်။ ကိုကျော်တင့် မြို့ပြင်ကွက်သစ်သို့ ရောက်လာခဲ့၏။ မိမိနေအိမ်မှ ပဝါဖြူနယ်မြေကို ဖြတ်ခဲ့ပြီးပြီ။ ထုံးစံအတိုင်း ခွေးလေခွေးလွင့်မှတစ်ပါး ဘာမျှမရှိ။ ပြန်လှည့်တော့မည်။ ဒီနေ့ညလည်း အိပ်ရေးပျက်တာသာ အဖတ်တင်ဦး တော့မည်။

စက်ဘီးကို ပုံမှန်နင်းလာရင်းက လူနေအိမ်ခြေ ကျဲပါးသော ဂိုဒေါင်ကြီးများ အနားအရောက်တွင် ဘေးပတ်ဝန်းကျင်သို့ ကျီးကန်းတောင်းမှောက် ကြို့ကြို့ကြားကြားမကျန် စူးစိုက်ရှာဖွေမိ၏။ အရိပ်အယောင်တွေ့ပါက သူလာမခြောက်လျှင် မိမိကပင်သွား၍ အခြောက်ခံတော့မည်ဟူသော ရည်ရွယ်ချက်ဖြင့်။ သို့သော် လှုပ်လှုပ်ရှားရှား ဘာမျှမတွေ့ရ။ ကိုကျော်တင့် စိတ်ပျက်လက်ပျက်နှင့်ပင် စိတ်ဒုံးဒုံးချပြီး ပြန်ရန်ဆုံးဖြတ်လိုက်၏။ ဂိုဒေါင်ကြီးများ အလွန်တွင်တော့ ...

"ဟာ ... တွေ့ပြီကွ။ ဟိုရှေ့က သစ်ပင်အောက်မှာ ကောင်မလေးတစ်ယောက်။ လနဲ့ချီရှာခဲ့ရတဲ့ ပဝါဖြူရယ်။ တွေ့ကြသေးတာပေါ့"

ကိုကျော်တင့် ဣန္ဒြေမပျက်ပင် ထိုမိန်းကလေးအနားသို့ စက်ဘီးကို ထိုးရပ်လိုက်၏။ ပြီးတော့ ဘာမှသိသေးသူ အူလည်လည် တစ်ယောက်ကဲ့သို့ ပုံစံဖမ်း၍ ...

"ဟဲ့ ... ကလေးမလေး၊ ဒီအချိန်ကြီးမှာကွယ်။ မသမာသူတွေနဲ့များ တွေ့ပါဦးမယ်။ တစ်ယောက်တည်းလား။ အဖော်တွေဘာတွေ မပါဘူးလား။ ဩော် ... ဒုက္ခပါပဲ"

"ကျွန်မ မြို့ထဲကို လိုက်ချင်လို့ပါ။ လမ်းမလျှောက်နိုင်တော့လို့ စက်ဘီးကြုံစောင့်နေတုန်း အစ်ကိုကြီးရဲ့ စက်ဘီးကိုမြင်လို့ တားလိုက်တာပါ"

"ဩော် .. အေး .. အေး။ စက်ဘီးကြုံလိုက်တာက ရပါတယ်ကွယ်။ ကဲ .. လာ .. တက်တက်"

တခြားသူဆိုရင်တော့ စက်ဘီးကို တားတာမြင်ကတည်းက နောက်ကြောင်းပြန်လှည့်၍ အသားကုန် နင်းပြေးပေလိမ့်မည်။ ကိုကျော်တင့်ကတော့ မသိချင်ယောင် ဆောင်ထားရသော်လည်း အူထဲမှာ လိပ်လိပ် လိပ်လိပ်နှင့် ကျိတ်၍ဝမ်းသာနေခဲ့၏။ ပါးစပ်ပုံပြင်များ၏ အဖြေမှန်စစ်စစ်ကို ကိုယ်တိုင်ထုတ်နိုင်တော့မည် မဟုတ်ပါလား။

"အစ်ကိုကြီးက ဒီမြို့က မဟုတ်ဘူးထင်တယ်"

စက်ဘီး စထွက်ထွက်ချင်း မိန်းကလေးက စကားစ၏။ ကိုကျော်တင့်က ...

"ဟုတ်တယ်ကွဲ့ ...။ ဒီမြို့က သူငယ်ချင်းဆီကို လာလည်တာ။ မနေ့ကမှ ရောက်တာလေ"

"ဒီမြို့ရောက်တော့ ပဝါဖြူသရဲဆိုတဲ့အကြောင်းရော ကြားမိသေးလား"

"ဟင့်အင်း မကြားမိဘူး မိန်းကလေး။ သူက ဘယ်လိုဟာလဲ"

ကိုကျော်တင့်က ပီဘိညည်သည် တစ်ဦးနှယ် သရုပ်ဆောင်ရင်း မိန်းကလေး၏ စကားနောက်သို့ အလိုက်သင့် မျှောလိုက်နေလိုက်၏။

"ဩော် ... ဒါကြောင့် အစ်ကိုကြီးက မကြောက်မရွံ့ ဒီလမ်းကလာတာကိုး"

ကိုကျော်တင့်က အံ့သြဟန်ဖြင့်

"ဟင် .. ဒီလမ်းကဘာဖြစ်လို့လဲ"

"ခုနက ဂိုဒေါင်တွေနားလေးက ပဝါဖြူသရဲခြောက်တဲ့နေရာပေါ့ ... အစ်ကိုကြီးရဲ့"

ကိုကျော်တင့်က အတော်အတန် ကြောက်ရွံ့သွားဟန်ဖြင့် ...

"ဟာ ... ဟုတ်လား။ ဘုရား ဘုရား ... မသိလို့ လာမိပါတယ်။ ဘာမှမဖြစ်လို့ တော်သေးတာပေါ့။ အဲဒီသရဲက ဘယ်လိုခြောက်တာတဲ့လဲ"

မိန်းကလေးက တဟဲဟဲရယ်ရင်း ...

"အဲဒီသရဲက စက်ဘီးနဲ့ဖြတ်လာတဲ့သူဆိုရင် တားစီးတာ အစ်ကိုကြီးရဲ့"

"ဟုတ်လား"

"ပြီးရင် စက်ဘီးနင်းနေတုန်း အမွှေးနံ့တွေ ပေးတော့တာပဲ"

"ဟင် ..."

ပြောနေစဉ်မှာပင် ကိုကျော်တင့်၏ နှာခေါင်းထဲသို့ အမွှေးရနံ့တစ်မျိုး ထောင်းခနဲ ဝင်လာ၏။ ကိုကျော်တင့် မသိဟန်ဆောင်နေလိုက်၏။ မိန်းကလေးက ဆက်ပြောပြန်သည်။

"နောက်ပြီးတော့ ... မခံနိုင်လောက်တဲ့ အပုပ်နံ့တွေလည်း ပေးပြန်ရော"

မကြုံဖူးလောက်အောင် ထူးထူးကဲကဲ နံစော်လှသော ပုပ်စော်ကြီး နံလာပြန်ချေ၏။ ကိုကျော်တင့် မသိဟန်ဆောင်နေလိုက်ပြန်သည်။

"အဲဒီလို အနံ့တွေပေးပြီးတာနဲ့

www.burmeseclassic.com

အေးစက်တဲ့ လက်ကြီးနဲ့ စက်ဘီးနင်းနေတဲ့သူရဲ့ လည်ကုပ်ကို ကိုင်ချိုးတော့တာပဲ''

ကိုကျော်တင့်၏ လည်ပင်းပေါ်သို့ လက်အေးကြီးတစ်ခု ကျရောက်လာခဲ့သည်။ ကိုကျော်တင့် လန့်၍ မအော်ပါ။ တွေ့ကြုံခဲ့ဖူးသော လူပေါင်းများစွာကို မေးမြန်းထားချက်အရ ဒီလိုလုပ်တော့မည်ကို သိပြီးသား။ ကြိုတင် စိတ်ကူးထားသည့်အတိုင်း မိမိလည်ကုပ်ပေါ်သို့ ဆုပ်ကိုင်ထားသောလက်ကို စက်ဘီးနင်းနေရင်းမှ လက်တစ်ဖက်ဖြင့် ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်ပြီး အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်၏။

''ပဝါဖြူဆိုတဲ့ မိန်းကလေး။ ငါပြောတာကို သေသေချာချာနားထောင်ပါ။ မင်းလက်ကို ငါမိမိရရ ဆုပ်ကိုင်ထားပြီးပြီ။ စက်ဘီးပေါ်က မင်းခုန်ချလိုက်ရင်လည်း ငါက တရွတ်တိုက် ဆွဲခေါ်သွားမှာပဲ။ စက်ဘီးကိုတော့ ရပ်လို့မဖြစ်ဘူး။ မင်းဟာ တစ်ယောက်တည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီတော့ စက်ဘီးနောက်ကို တရွတ်တိုက် အနာတရနဲ့ မပါချင်ဘူးဆိုရင် ငါခေါ်တဲ့ဆီကို အေးအေးဆေးဆေး လိုက်ခဲ့ပါ။ ဒါပဲ''

ကိုကျော်တင့်က ပြောပြောဆိုဆို တစ်ဖက်က မိန်းကလေးရဲ့လက်ကို ကိုင်၊ တစ်ဖက်က စက်ဘီးလက်ကိုင်ကိုကိုင်ပြီး တအားကုန် နင်းတော့သည်။ နဂိုကတည်းက အကြံအစည်နဲ့ တဖြည်းဖြည်းချင်း အရှိန်ကို မြှင့်နေခဲ့ရာ လက်ကိုကိုင်မိတဲ့ အချိန်ကျတော့ အရှိန်က အတော်ကြီးကို မြန်နေပြီ။ ကောင်မလေး ခုန်ချလိုက်ရင် မကျိုးတောင် ဒဏ်ရာကြီးကြီးကျယ်ကျယ် ရသွားနိုင်လောက်သော အရှိန်ပင်။ မိန်းကလေးက အသာတကြည် လိုက်လာသည်တော့ မဟုတ်။ လွတ်နေသောလက်ဖြင့် ကိုကျော်တင့်ကို ထုရိုက်ရင်း၊ ချုပ်ကိုင်ထားသောလက်ကို ရုန်းကန်ရင်း ပါးစပ်မှ ငိုယိုအော်ဟစ်ပြောဆိုရင်းနဲ့ပဲ ပါလာခဲ့လေ၏။

ကိုကျော်တင့်ကလည်း ရုန်းကန်နေသော မိန်းကလေးကြောင့် ယိုင်ထိုးနေသော စက်ဘီးကို လက်တစ်ဖက်တည်းနှင့် ခက်ခက်ခဲခဲ ထိန်းစီးရင်း တရကြမ်း နင်းလာခဲ့၏။ နင်းရသည့် အကြောင်းရင်းက ကောင်မလေး၏နောက်တွင် ဘယ်နည်းနှင့်မဆို အကူအညီပေးမည့်သူများ ရှိလောက်သည်ဆိုသော ခန့်မှန်းတွက်ချက်နိုင်သောကြောင့် ဖြစ်လေ၏။ ကိုကျော်တင့်၏ စက်ဘီးလက်ကို ဦးတည်ရာကား ပြည်သူ့ရဲစခန်းဆီသို့။

*****

ပဝါဖြူကို ကိုကျော်တင့်က ဖမ်းလိုက်သည်ဆိုသော သတင်းက မြို့လေးကို ပွက်ပွက်လှုပ်သွားစေသည်။ ရဲစခန်းရှေ့တွင် ထိန်းမနိုင် သိမ်းမရလောက်အောင် တိုးဝှေ့ကြည့်ရှုသူများကြောင့် စခန်းမှူး စိတ်ညစ်နေရ၏။

နိဂုံးချုပ်လိုက်တော့ အစိုးရဂိုဒေါင်များကို ဖောက်၍ စိမ်ပြေနပြေ သယ်ယူရန် စနစ်တကျ စီစဉ်ဖွဲ့စည်းထားသော 'ပဝါဖြူ'ဂိုဏ်းကြီးကို တစ်ယောက်မကျန် ဖော်ထုတ်ဖမ်းဆီးလိုက်နိုင်သည်။ သူတို့၏ အစီအစဉ်ကား ထိုနေရာတစ်ဝိုက်၌ ဖြတ်သွားဖြတ်လာခြင်း လုံးဝမရှိစေရန် ရက်ရှည်လများ စိတ်ရှည်လက်ရှည် ခြောက်လှန့်ထားမည်။ သေချာသော တစ်နေ့တွင် ဂိုဒေါင်များကိုဖောက်၍ တစ်ချီတည်းနှင့် ရသလောက်သယ်မည်။ ထိုသို့ ခြောက်လှန့်ရာတွင် ပဝါဖြူဂိုဏ်းခေါင်းဆောင်၏ မယားပါသမီး ခင်သန်းအေးကို အသုံးချသည်။ မတော်တဆ ကြောက်ကန်ကန်သူနှင့် တွေ့လျှင် ခင်သန်းအေးကို ကာကွယ်ရန် အနီးတစ်ဝိုက်တွင် လေးယောက်ခန့် အသင့်စောင့်ဆိုင်းနေကြ၏။

ကိုကျော်တင့်၏ သတ္တိနှင့် ကြိုတင်တွက်ချက်မှု မှန်ကန်သွား၍သော လွတ်မြောက်သွားရခြင်း ဖြစ်သည်။ နို့မဟုတ်လျှင် ကိုကျော်တင့်၏ ကံကြမ္မာလည်း မကောင်းနိုင်ပါ။ ထိုနေ့မှစ၍ မြို့ကလေးကို လွှမ်းမိုးခဲ့သော ပဝါဖြူဆိုသည့် အရိပ်မည်းကြီး ကင်းစင်လွင့်ပျောက်သွားခဲ့ရ၏။ အခြေအမြစ်မရှိသော ယုံကြည်မှုတို့ကို လက်မခံတတ်သော လူ့ဂလန့် သူရဲကောင်း ကိုကျော်တင့်၏ ဂုဏ်သတင်းက မသိသူမရှိ ကျော်ကြားခဲ့ရလေသည်။


*****

နောက်သုံးနှစ်ခန့် ကြာသောအခါ ပဝါဖြူသရဲမ သတင်းထက် အဆပေါင်းများစွာ ဝက်ဝက်ကွဲသော စိတ်ဝင်စားဖွယ်ရာ ကိစ္စကြီး ဖြစ်ပေါ်လာခဲ့၏။ မြို့လုံးအနှံ့ ဖြန့်ဝေလာသော သတို့သား မောင်ကျော်တင့်၊ သတို့သမီး ပဝါဖြူ ဟူသော မင်္ဂလာဖိတ်စာတစ်စောင်ကြောင့် ဖြစ်လေတော့သည်။

(တစ်ဆင့်စကား ကြားသိခဲ့ရသော ဖြစ်ရပ်မှန်ပေါ်တွင် ဆင့်ပွားခံစားဖန်တီးပါသည်။)

**သက်ဦးမောင်**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အဗျားရွာ
# လူသတ်မှု

■ ကြည်တင့်နိုင်

"အဗျားရွာမှာ လူသတ်မှု ဖြစ်ခဲ့ဖူးတယ်"

"ဟုတ်လား"

ကျွန်တော်၏ မေးခွန်းကို စပ်စုရွာမှ ဦးညာဏ်ရင်မှ မရယ်မပြုံးနှင့် ခေါင်းညိတ်ပြီးမှ အဖြေပေးသည်။

"ဟုတ်တယ် ...။ လူသတ်မှုမှ တကယ့်ကိုထူးဆန်းတဲ့လူသတ်မှုကြီးဗျ"

ကျွန်တော် ရောက်ရှိနေသည့် နေရာမှာ အဗျား၊ ငှက်ချေးဝင်းကျေးရွာ၊ ဆရာတော်ဦးဝိမလ၏ ကျောင်းကြီးတိုက် ဘုန်းတော်ကြီးထံတွင် ဖြစ်သည်။ ဤဘုန်းတော်ကြီးကျောင်းသည် နှစ်ပေါင်းတစ်ရာကျော်မျှ သက်တမ်းကြာမြင့်ပြီဖြစ်သော တိုင်ပေါင်းတစ်ရာကျော်မျှဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ရှေးဟောင်းကန္တဝင်ကျောင်းတော်ကြီးဖြစ်သည်။ ကျောင်းကြီးတိုက်သည် ကျောင်းထိုင်ဆရာတော်ကြီး သုံးပါးခန့် သီတင်းသုံးခဲ့ပြီးဖြစ်သည်။ ဆရာတော်ဦးဝိမလမှာ ဤကျောင်းကြီး၏ လက်ရှိ ပဓာနနာယက ဆရာတော်ဖြစ်၍ ကျေးရွာ၏ သံဃနာယက ဥက္ကဋ္ဌဆရာတော်လည်း ဖြစ်သည်။ အလွန် အေးချမ်းတည်ငြိမ်စွာနှင့် သာသနာ၏တာဝန်ကို ထမ်းဆောင်နေသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။ သကြြန်ကာလပြေးလသို့ ရောက်လာတိုင်း ဒုလ္လဘရဟန်းဝတ်လေ့ရှိသော ကျွန်တော်သည် တစ်ဆယ့်နှစ်နှစ်ပြည့် ဒုလ္လဘရဟန်းအဖြစ် ရေးဖော်စာရေးဆရာများဖြစ်သည့် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းအယ်ဒီတာ ကိုကိုလှ(တမာမြေ)၊ ဓာတ်ညွှန်းရေးဆရာနှင့် ခရမ်းမြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူးနေလင်းထွဋ်တို့နှင့်အတူ စာရေးဆရာကိုရွှေမြသန်း(ရည်မွန်သင်း) သီတင်းသုံး ရဟန်းဝတ်ဖြင့်နေသည့် အဗျားရွာ ကျောင်းကြီးတိုက်တွင် သက်န်းစည်းခဲ့ကြခြင်းဖြစ်သည်။

အဗျားဟူသော ကျေးရွာ၏ အမည်သည် အဘယဟူသော ဝေါဟာရမှ ဆင်းသက်လာပြီး ဘေးရန်ကင်းရှင်းသောရွာဟု ဆိုနိုင်ပါသည်။ အဗျားဟူသောအမည်နှင့် ရွာပေါင်းတစ်ဆယ့်နှစ်ရွာ ရှိသည်ဟု ဆိုသည်။ အဗျား၊ ငှက်ချေးဝင်းရွာသည် တစ်ချိန်က ငှက်ကြီးများ လာရောက်ပျံသန်း၍ ဆောင်းခိုနားနေကြသည်။ ငှက်ကြီးဝင်းမှ ငှက်ချေးဝင်း အမည်တွင်လာခဲ့သည်။ အဗျားရွာသည် ပဲခူးတိုင်း ဝေါမြို့နယ်အတွင်း၌ ရှိသည်။ ဤကျေးရွာလေးတွင် ဘာသာသာသနာ ဖွံ့ဖြိုး



www.burmeseclassic.com

www.burmeseclassic.com

စည်ကား၏။ ရတနာသုံးပါး လေးစားကြည်ညိုသော ဗုဒ္ဓဘာသာဝင် သူတော်စင်များသာ ရှိသည်။ အဗျား ငှက်ချေးဝင်းရွာတွင် ကျောင်းကြီးတိုက်၊ ကန်သာယာ၊ ရေလယ်ဘုရားကျောင်း၊ တောင်ဘက်ကမ်းကျောင်း စသည်ဖြင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း လေးကျောင်းရှိပြီး သံဃာတော်များ သီတင်းသုံး ဝါဆိုတော်မူကြသည်။ နှစ်စဉ် ဘုရားပွဲတော်များနှင့် နှစ်စဉ် မြွန်မာ့ရိုးရာ ဒေဝါနတ်ကပွဲသည် ထူးခြားသောရွာ၏ ဓလေ့ထုံးစံ ဖြစ်သည်။

နတ်ကသူများတွင် နတ်ကတော်များမပါဝင်ဘဲ နှစ်စဉ် နတ်ပွဲလာသူ ပရိတ်သတ်များဖြင့်သာ ကျင်းပသည်။ ဒေဝါဗလီ၊ တင်မြွောက်ပွဲမှာ ဆန်းကြယ်လှသည်။

အဗျား ငှက်ချေးဝင်းရွာသည် ဘာသာသာသနာလေးစားပြီး ဗုဒ္ဓဘာသာဝင်များ နေထိုင်ရာဖြစ်၍ ဤရွာတွင် မကြားဖူးသော လူသတ်မှု လွန်ခဲ့သည့် နှစ်နှစ်ကျော်ခန့်တွင် ဖြစ်ပွါးခဲ့သည်ဆိုသော စကားကို ကျွန်တော် လက်မခံနိုင်ချေ။

"ဆိုစမ်းပါဦး ဦးဉာဏ်ရင်ရဲ့။ ခင်ဗျားရဲ့ ထူးဆန်းတဲ့ လူသတ်မှုဆိုတာ"

ဒုလ္လဘရဟန်းအဖြစ် သိမ်မဝင်ခင် ညဦး၌ ရွာမှ အုပ်ချုပ်ရေးမှူး ဦးလှသိန်းနှင့် ရွာလူကြီးများ ကျောင်းသို့လာကြစဉ် ကျွန်တော်တို့ စာရေးဆရာများနှင့် ကျောင်းကြီးတိုက် ဧည့်ခန်းတွင် စကားလက်ဆုံကျနေကြခြင်းဖြစ်သည်။

"တရားခံက ရွာလယ်မှ ဦးမြသန်း၊ ဒေါ်နှင်းတို့ရဲ့သား နေလင်းလေ"

နေလင်းက သူ့သူငယ်ချင်း ကိုကိုလှကို သူကိုယ်တိုင် သတ်ခဲ့တယ်ဆိုပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဆီမှာ သက်သေခံဓားနဲ့အတူ လာပြီး အဖမ်းခံတာ"

နေလင်းနေတဲ့ စပ်စုရွာနဲ့ ငှက်ချေးဝင်းဆိုတာ တော်တော်လှမ်းတယ်။ ခရီးမိုင် နှစ်တိုင်လောက်ရှိမယ်။

"သူလာတာ ည ၁၂ နာရီကျော်လောက် ရှိနေပြီ။ လက်ထဲမှာ ငှက်ကြီးတောင်ဓားကြီး ကိုင်ထားတယ်။ လူကြီးတွေအားလုံး အလုပ်ရှုပ်သွားကုန်ကြတာပေါ့။ ညတွင်းချင်းပဲ လက်နှိပ်ဓာတ်မီးကိုယ်စီနဲ့ လူသတ်ခဲ့တဲ့ နေရာကို သွားကြရတယ်။ ရွာမှ လူကြီး စုစုပေါင်း ၁၀ ယောက်လောက်ရှိတယ်။ ကျွန်တော်က ရှေ့ဆုံးက ပါဝင်ခဲ့တာပေါ့"

ဦးဉာဏ်ရင်သည် ထိုစဉ်က လူသတ်မှုဖြစ်စဉ်ကို ယခုပင် ဖြစ်နေသည့်အလား စိတ်ပါဝင်စားစွာ ပြောနေလျက်မှ လက်ဖက်ရည်ကြမ်း ပန်းကန်အတွင်းသို့ ရေနွေးအိုးမှ ရေနွေးများ ငှဲ့ပြီးသောက်နေသည်။ လက်ဖက်သုပ်တစ်ဇွန်းကို ပါးစပ်တွင်းသို့ ထည့်ကာ စားနေသည်။ ပြီးမှ –

"အရေးထဲမှာ သူ့သား ကိုကိုလှကို သတ်တယ်ဆိုတဲ့ သတင်းကြောင့် အဖေဖြစ်သူ ကိုကြည်တင့်ကို ဆွဲလွဲပြီး တားရဆီးရ လုပ်ရတာက တစ်မျှောင့်။ ကိုကြည်တင့်က သူ့သား ကိုကိုလှကို သိပ်ချစ်တာ။ သူ့သား အသတ်ခံရတယ်ဆိုတော့ ဖခင်ဖြစ်သူက ဘယ်မှာ အခဲကျေပါ့မလဲ။ ဒီလိုနဲ့ စပ်စုရွာနားအရောက်မှာ ငှက်ပျောခင်းကြီးတစ်ခင်းထဲ ရောက်သွားကြတယ်။

နေလင်းက ရုတ်တရက်ရပ်ပြီး ငှက်ပျောပင်များ ပေါက်ရောက်နေသည့် နေရာတစ်ခုကို လက်ညှိုးထိုးပြီးပြတယ်။ ဟော . . . တွေ့ပြီဗျို့"

"လူသေအလောင်း တစ်လောင်းရဲ့ ခေါင်းပြတ်ကြီးတစ်ခု"

ဦးဉာဏ်ရင်၏ အော်ပြောလိုက်သံကြောင့် ရွာလူကြီးအချို့ ခြေလှမ်းများတန့်သွားကြသည်။ တချို့ နောက်သို့ဆုတ်သွားကြသည်။ ညဥ့်နက်သန်းခေါင် ရွာသုသာန်မြေနား ငှက်ပျောခင်းတစ်ခင်းရဲ့အလယ် လူသေခေါင်းပြတ်ကြီး။ မည်သူ စိတ်မချောက်ချားဘဲ နေနိုင်ပါမည်နည်း။

နောက်ဆုံးတွင်ကား ရွာသားသုံးလေးယောက်နှင့်အတူ ဦးဉာဏ်ရင် ရှေ့သို့တိုးကာ လက်နှိပ်ဓာတ်မီးများနှင့် ပြိုင်တူထိုးပြီး ကြည့်လိုက်ကြသည်။ မြင်ရသော မြင်ကွင်းကား ငိုအားထက် ရယ်အားသန်ဆိုသကဲ့သို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အားရပါးရ ရယ်လိုက်ကြသည်။

"ဝါး . . ဟား . . ဟားဟား"

ဦးဉာဏ်ရင်တို့ လူသိုက်၏ ရယ်သံများကြောင့် နောက်ဆုတ်ကျန်ရစ်ခဲ့ကြသည့် လူများ ရှေ့သို့ရောက်လာကြသည်။ ဦးဉာဏ်ရင် လက်နှိပ်ဓာတ်မီးထိုးပြထားသည့် အရာဝတ္ထုဆီသို့ ဝိုင်းဝန်းကြည့်လိုက်ကြသည်။

မြင်ရသော မြင်ကွင်းကား လူသေအလောင်း တစ်လောင်း၏ ခေါင်းပြတ်ကြီး မဟုတ်ချေ။

မြေသို့လဲကျသော ငှက်ပျောပင်တစ်ပင်၏ ငှက်ပျောခေါင်းတစ်ခေါင်းဖြစ်သည်။ ငှက်ပျောပင်၏ ပင်စည်သည် မြေကြီးပေါ်မှာ ဆွေးမြည့်နေပြီး ငှက်

www.burmeseclassic.com

ပျောပင်၏ ခေါင်းမှာ မြေကြီးပေါ်၌ တွဲလျက်ရှိနေသည့် မြင်ကွင်းဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

"ဖြစ်မှဖြစ်ရလေ နေလင်းရာ။ ဘယ်မှာလဲ မင်းသတ်ခဲ့တဲ့ မင်းသူငယ်ချင်း နေလင်းရဲ့အလောင်း"

နေလင်းအား ဤသို့ မေးမြန်းစစ်ဆေးနေစဉ်မှာပင် သားဖြစ်သူ၏ သတင်းကိုကြားသော မိဘနှစ်ပါးဖြစ်သူ ကိုမြသန်းနှင့် မနှင်းတို့ အူယားဖားယား ငှက်ပျောခင်းဝင်းသို့ မာတ်မီးကိုယ်စီနှင့် ရောက်လာကြသည်။

"အမယ်လေး ... ကျွန်မသားလေး နေလင်း ဘယ်မှာလဲ။ ကျွန်မသားလေးက လူသတ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဖြစ်နိုင်တယ်ဆိုတာတောင် သူ့စိတ်က သာမန်ဟုတ်မှာ မဟုတ်ဘူး။ သူ့ရဲတစ္ဆေဝင်ပူးတာ ဖြစ်နိုင်တယ်"

"ရွာဦးက ဆရာတော် ဦးဝိမလကျောင်းက ပရိတ်ရေပုလင်း ပါလာတယ်။ ဖယ်စမ်း ရှင်တို့၊ ဘယ်မှာလဲ ကျွန်မသားလေး။ သူ့ကို ပရိတ်ရေနဲ့ ဖျန်းရမယ်"

ဒေါ်နှင်းသည် ပြောပြောဆိုဆို သူ့သားနေလင်းရှိရာသို့ လူအုပ်ကြားမှ တိုးဝှေ့ပြီး နေလင်းရှိရာသို့ သွားကာ ပရိတ်ရေနှင့် မျက်နှာကို လှမ်းပက်လိုက်သည်။

"ဗိုး .. ဖူး ... ဖရူး"

ပရိတ်ရေ၏ အစွမ်းကြောင့်ထင်ရဲ့။ ထိုအချိန်ကျမှ လူအုပ်ကြားမှ မတ်တတ်ရပ်နေသည့် နေလင်းသည် သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ မြေကြီးပေါ်သို့ ထိုင်လျက်ကျသွားသည်။ ဝိုင်းဝန်းထိုးထားသော မာတ်မီးရောင်များအကြားဝယ် နေလင်း၏မျက်နှာ မျက်လုံးနှစ်လုံး ပြူထွက်ကာ သူ၏ ဘေးပတ်ဝန်းကျင်သို့ လှမ်းကြည့်လိုက်သည်။

"ဟာ ... သား၊ ဘာဖြစ်နေတာလဲ"

"ဟင် ... မင်းကိုယ်မင်း မသိဘူးလား"

"မင်းသူငယ်ချင်း ကိုကိုလှကို မင်းကိုယ်တိုင် သတ်ပစ်ခဲ့တယ်ဆိုပြီး တို့ဆီမှာ လာအဖမ်းခံတာလေ"

ဦးဉာဏ်ရင်၏ စကားအဆုံးဝယ် နေလင်းသည် သူ၏မိခင် မနှင်းအား

"သားဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူး အမေ။ ညက သား နတ်ပွဲကအပြန် အိမ်ပြန်နောက်ကျတာနဲ့ အိမ်မပြန်တော့ဘဲ ကိုကိုလှနဲ့အတူ ငှက်ပျောခင်းထဲက ဟောဟိုတဲလေးပေါ်မှာ နှစ်ယောက်အိပ်နေကြတာ"

"ဒါဖြင့် အိပ်မက်မက် ယောင်ယမ်းပြီး မင်းသူငယ်ချင်းကို သတ်ခဲ့တယ်ထင်ပြီး တို့ရွာကို လာအကြောင်းကြားတာပေါ့ ဟုတ်လား"

"ဟုတ် .. ဟုတ်ကဲ့။ အဲသည်လို ဖြစ်ပါလိမ့်မယ်။ ကျွန်တော် ယောင်ယောင်ပြီး ညည ရေထခပ်တတ်တာ အမေသိပါတယ်"

"ဦးကြီးတို့ မယုံရင် ဟိုငှက်ပျောခင်းတွေရဲ့ တဲလေးပေါ်မှာ ကျွန်တော့်သူငယ်ချင်း ကိုကိုလှ အိပ်မောကျနေပါတယ်။ သွားကြည့်ကြပါ"

နေလင်း ညွှန်ပြရာသို့ ရွာလူကြီးများ သွားရောက်ကြည့်ကြသည်။ အမှန်တကယ်ပင် တဲပေါ်မှာ အိပ်ပျော်နေသော ကိုကိုလှကို တွေ့မြင်ကြရသည်။

"တောက် တို့တစ်ရွာလုံးရှိ လူကြီးတွေကို အလုပ်မရှိ အလုပ်ရှာတော်တော်ဒုက္ခပေးတဲ့ကောင်ကွာ။ ကံကောင်းလို့ သူ့သားကို မင်းသတ်ပစ်တယ်ဆိုတဲ့စကားကို နားစွန်နားဖျားကြားတာနဲ့ မင်းကို ကိုကိုလှအဖေကြည်တင့်က သတ်မယ်ဖြတ်မယ်လုပ်နေတာ"

"သူသာ မင်းကို တကယ်သတ်လိုက်ရင် အဲဒါမှ တကယ့်လူသတ်မှုအစစ် ဖြစ်သွားမှာ"

"အံ့ရော နေလင်းရေ။ မင်းရဲ့ အိပ်မက်ယောင်ချက်က ငါတို့ရွာမှာ စံတင်စရာပဲ"

ဦးဉာဏ်ရင်၏ စကားအဆုံးဝယ် ကျွန်တော်တို့တစ်တွေ ရယ်ကြမောကြ သက်ပြင်းကိုယ်စီ ချကြပြီး စကားဝိုင်းကို ရုပ်သိမ်းလိုက်ကြသည်။

ညဉ့်နက် စကားဝိုင်းကို မရုပ်သိမ်းမီ နောင်ကို ရွာသို့ရောက်လျှင် စားကောင်း နေကောင်းအောင် မှတ်မှတ်ရရ စကားတစ်ခွန်းကို ကျွန်တော် ပြောပြလိုက်မိသည်။

"ဘာသာ သာသနာကို လေးစားရိုသေပြီး နမောတဿ သုံးကြိမ်ဆို အိပ်ရာဝင် အိပ်ရာထ နေ့စဉ်ရွတ်ဖတ်ကြတဲ့ ရွာပဲဗျာ။ ဘယ်မှာ ရာဇဝတ်မှုတွေ ဖြစ်လာနိုင်ပါ့မလဲ"

ကျွန်တော်၏ စကားကို ဥက္ကဋ္ဌ ဦးလှသိန်းနှင့်တကွ ရွာသားများအားလုံး သဘောကျ နှစ်ခြိုက်သွားခဲ့ကြပါသည်။

ဩော် ... အဖျားရွာမှ ထူးဆန်းသော လူသတ်မှုပါလား။

■ ကြည်ကျော်နိုင်

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ် ၏ နည်းစနစ်အတိုင်း ဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့···

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို သုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်···

၊ အမှတ်(၂၀၅/က)၊
ဝိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံရမယ့်ကာလ ဖြစ်ပါတယ်။ ငွေတွေလည်း ဟိုက ဒီက ဝင်လာတတ်တယ်။ ဤကာလအတွင်း၌ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ ငွေနှင့်ပတ်သက်ပြီး အခက်အခဲမရှိ လုပ်သမျှ အောင်မြင်နေမယ့်အချိန် ဖြစ်ပါတယ်။ အိမ်ထောင်ရှိတဲ့သူများ အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ အပျို လူပျိုတွေအဖို့လည်း အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ အဂါနံ၊ သောကြာနံတွေနှင့်စသော အမည်ရှင်တွေ ဂရုစိုက်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ငွေရှာရ လွယ်ကူနေပေမယ့် စုဆောင်း၍မရ၊ ငွေဝင်လျှင် ကိုင်မထားဘဲ ရွှေဝယ်ထားပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ရုတ်တရက် သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မြတ်စွာဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်ကို ရွှေသင်္ကန်း ကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းများ ပြုလုပ်ပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၄၂

### အထူးသတိပြုရန်

အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ချောကလက်(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲနဲ့ စာအုပ်စာတမ်းတစ်ခု ရရှိတတ်တယ်။ ဘုရားကိုးဆူ၊ ဘုရားအနေကဇာတင်တဲ့ ဖိတ်စာရရင် ယခုကာလအတွင်း လူမျိုးခြားနဲ့ ပတ်သက်တဲ့ကိစ္စတစ်ခု သေချာပေါက် အောင်မြင်ပါလိမ့်မယ်။ ပညာရပ်တစ်ခုလည်း မမျှော်လင့်ဘဲ သင်ကြားရတတ်တယ်။ ထိုပညာရပ်ဟာလည်း အကျိုးပေးတဲ့ ပညာရပ် ဖြစ်ပါတယ်။ မိမိအိမ်မှာသော်လည်းကောင်း၊ အိမ်အနီးအနားမှာသော်လည်းကောင်း ပျားစွဲတဲ့နိမိတ် တွေ့ပါက ဖြေဆိုထားတဲ့ စာမေးပွဲ အောင်မြင်ပါလိမ့်မယ်။ မြေဝယ်ဖို့ကိစ္စလည်း အဆင်ပြေလိမ့်မယ်။ ယခုကာလအတွင်း တနင်္လာသားသမီး သောကြာသားသမီး(သို့)ထိုနေ့နံပါသောသူများနှင့် အခက်အခဲ တွေ့တတ်ပါတယ်။ ၎င်းနေ့နံသားတွေနှင့် ပြုလုပ်ရမည့်ကိစ္စများဆိုလျှင် ကြာသပတေးနဲ့ စနေသားသမီးနှင့် ပြုလုပ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နဲ့ အသည်းကို ဂရုစိုက်ပါ။ ရုတ်တရက် ဆီးကျင်၊ ဆီး အောင့်တယ် ဆိုလျှင်တော့ ဆရာဝန်နဲ့ ညှိနှိုင်းလိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွှန့်(၁)ညွှန့်၊ ကံ့ကော်(၁၅)ညွှန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၅၊ ၅၃၊ ၅၇

### အထူးသတိပြုရန်

ယခုကာလအတွင်း သွားရင်းလာရင်းနှင့် လမ်းတွင် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်တွေ့၊ တစ်စုံတစ်ယောက် သွားကျိုးသည့် နိမိတ်တွေ့ပါက သင် ညံ့တတ်ပါတယ်။ ယခုကာလအတွင်း သခွားသီး၊ သကြား မစားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ထမင်းကို ဆီဆမ်း၊ ဆားဖြူးပြီး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်မောစရာများထဲမှ ပျော်စရာလေးတွေ တွေ့ရတတ်ပါတယ်။ ရောက်ရှိနေတဲ့ အသက်ကာလထဲမှာ အညှီ့လေးတွေ ရှိနေတတ်ပါတယ်။ အိုးအိမ် နေရာထိုင်ခင်း အပြောင်းအလဲ လုပ်မယ်ဆို လျှင်တော့ ယခုကာလမှာ မလုပ်ပါနှင့်ဦး။ ခရီးအကျိုးပေးသောကာလ ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးများ နှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အမိကဦးစားပေးပြီး လုပ်ဆောင် ပါ။ အိုးပိုင် အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် အိုးပိုင် အိမ်ပိုင် ဖြစ်စေရန် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများတွင် မိမိက တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ မိမိနေထိုင်ရာ အိမ်ခြံဝန်းအတွင်း သူများ ၏အိမ်ကို မိမိက တာဝန်ယူ ဆောက်လုပ်ပေးခြင်းများ မပြုလုပ်သင့်ပါ။ မိမိသဘောနှင့် အိမ်ခဏခဏပြောင်းခြင်း၊ ပြင်ဆင်ခြင်းများ လုံးဝမလုပ်ပါနှင့်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေဝင်လျှင် ကြာသပတေးနံပစ္စည်း ထုတ်ပစ်ပါ။ ပညာရေးနှင့်ပတ်သက်သော ပစ္စည်းများ လှူဒါန်းပေးပါ။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်တတ်သည်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရုပ်ပွားပုံတော်များ ကြွလာတတ်တယ်။ ငယ်ရွယ်သူများ အဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်တယ်။ ဖခင် ကျန်းမာရေးညံ့တတ်တယ်။ ထိုပေါက်သတဲ့သို့ ငွေများဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ကြီးစွာ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ဗြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၁၊ ၄၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်အနီးအနားရှိ ခေါင်းရင်းအိမ်တွင် အိမ်ဖျက်ချခြင်း၊ အမိုးလန်ခြင်း နိမိတ်တွေ့ပါက သင်သည် ကျန်းမာရေး ရုတ်တရက် ညံ့သွားတတ်တယ်။

ယခုကာလအတွင်း ဘုရားစင် ပြင်ဆင်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း သောက်တော်ရေ (၆)ခွက် လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ဆုံးရှုံးသွားတဲ့ ငွေလေးတွေ ပြန်ရတတ်ပါတယ်။ စီးပွားတက်မယ့်အချိန်ဖြစ်တယ်။ မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ မိမိနေထိုင်သည့်အရပ်ရဲ့ အရှေ့အရပ်မှလည်းကောင်း၊ အနောက်အရပ်မှလည်းကောင်း ငွေများစွာ ဝင်လာတတ်ပါတယ်။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်လ၊ နတ်တော်လများ ပါဝင်နေရင်တော့ ငွေများစွာ ဝင်လာတတ်ပါတယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ ရုတ်တရက် အရိုးအကြောနဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ခဲ့ရင်တော့ အလုံးအကျိတ် ဖြစ်တတ်တယ်။ အထင်အမြင် လွဲမှားခံရတတ်တယ်။ အကျိုးပေးသူကို တိုင်ပင်ပါ။ အိမ်ထောင်မရှိသေးတဲ့သူတွေအဖို့ အိမ်ထောင်ဖက် ရပါလိမ့်မယ်။ တရားတဘောင် ရင်ဆိုင်နေရသူဆိုလျှင် မိမိဘက်က ကြိမ်းသေပေါက် နိုင်ပါလိမ့်မယ်။ မိမိရဲ့ အထက်လူကြီး၊ အတူနေမိသားစုထဲမှ အဘိုး၊ အဘွားများ ကျန်းမာရေး ညံ့တတ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်တတ်သောကာလ ဖြစ်ပါတယ်။ အမှုထမ်း၊ အရာထမ်းများအဖို့ ရာထူးတက်ခြင်း၊ အခြေအနေ မြင့်မားတိုးတက်ခြင်းများ ကြုံတွေ့ရတတ်ပါတယ်။ ကျန်းမာရေး အနေဖြင့် ဆီးနှင့်ပတ်သက်သော ဝေဒနာ၊ မျက်စိနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၃၀၊ ၃၂၊ ၂၃၊ ၂၉

### အထူးသတိပြုရန်

ယခုကာလတွင် မိမိမျက်စိရှေ့တွင် ကြက်နှစ်ကောင်ခွပ်နေသော နိမိတ်တွေ့ကလည်းကောင်း၊ ရိုးရာနတ်ကနေသော နိမိတ်တွေ့ကလည်းကောင်း ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။ စီးပွားရေး အလုပ်အကိုင်များ တည်တံ့အောင်မြင်စေရန် တောင်နံကြီးပင်(သို့မဟုတ်)ကြံပင်ကို စိုက်ထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း တံခွန်(၇)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေခြင်းမျိုး ဖြစ်နေတတ်တယ်။ ကိုယ်နဲ့ ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေကလည်း ကိုယ့်ဆီကနေ ထွက်သွားတတ်တယ်။ ခရီးတွေလည်း ထွက်ရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း စိတ်ညစ်စရာတွေ ကြားနေရတတ်တယ်။ ဒါကြောင့် ဒီကာလမှာ စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဇောက်ကန်း မလုပ်သင့်ပါဘူး။ အရာရာကို စိတ်ထိန်းပြီး လောဘ၊ ဒေါသ၊ မာနတွေ လျှော့လျှင်တော့ ဒုက္ခကြီးကြီးမားမား မတွေ့နိုင်ပါဘူး။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်၊ ဝါခေါင်နှင့် ပြာသိုလများ ပါဝင်နေပါက သင်သည် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းတွေအဖို့ အလုပ်ပြောင်း၊ နေရာပြောင်းဖို့ မကြိုးစားပါနှင့်ဦး။ ကြိုးစားလျှင်လည်း နေရာကောင်း မရနိုင်ပါဘူး။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူအဖို့လည်း လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ သင်သည် အိမ်မှာနေရတာ မပျော်ဘဲဖြစ်နေမယ်။ မျက်စိရှေ့မှာ တွေ့သမျှ အရာတိုင်းကို စိတ်တိုင်းမကျ ဖြစ်နေမယ်။ သူများအတွက် အာမခံတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါတတ်တယ်။ မထင်မှတ်ဘဲနှင့် မြေတစ်ကွက် ဝင်တတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်ဦး။ အလှူပွဲ၊ မင်္ဂလာပွဲကိစ္စများ အထစ်အငေါ့ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ခန္ဓာကိုယ်မှာ ထိခိုက်ခြင်း၊ ဆေးမှား၊ အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၅၇၊ ၇၅၊ ၇၇

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်တွေ့ပါက သင်သည် ကားပွတ်တိုက်မိတတ်တယ်။ ယခုကာလအတွင်း နာရေး လုံးဝမသွားရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံရသလောက် အကျိုးမရှိတတ်ဘူး။ နစ်နာခံ၊ အရှုံးပေးပြီး နှလုံးအေးအောင် နေပေမယ့်လည်း ကိုယ့်ကိုဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ် စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတို့နှင့် စပ်တူလုပ်လျှင် အကောင်းဆုံးပါပဲ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ရည်ရွယ်ထားရင် ဒီကာလဟာ အကောင်းဆုံးပါပဲ။ စက်ပစ္စည်းတွေလည်း ဝင်လာတတ်တယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေးဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ငှားကိစ္စ၊ မြေငှားကိစ္စတွေလည်း လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေလည်း ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးကြောင့် ခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနဲ့ ကဆုန်လများ ပါဝင်နေရင်တော့ မမျှော်ထင့်ဘဲ ငွေရတတ်တယ်။ သားသမီး ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အိမ်က ထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေထွက်တတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိလျှင် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင် ကောင်းပါသည်။ လေနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။ ဝမ်းပျက်၊ ဝမ်းလျော ဖြစ်တတ်သည်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၇၊ ၃၀၊ ၁၅၊ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် လုပ်ငန်းတွေ မတိုးချဲ့ပါနှင့်ဦး။
အမှုဖြစ်က မဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။
မဖြစ်မနေ ရှင်းရမယ်ဆိုလျှင် အရှုံးပေးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းကို
ဆီဆမ်းဆားဖြူး၍ အုန်းသီးစိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေတတ်ပါတယ်။ ကောင်းတာလေးတွေလည်း ဖြစ်ပေါ်လာမှာပါ။ ယခုကာလအတွင်း သင်သည် ရှယ်ယာဝင်ခြင်း၊ စပ်တူအရောင်းအဝယ် လုပ်ခြင်းမျိုး အကြီးအကျယ် မပြုလုပ်သင့်သေးပါ။ မထင်မှတ်တဲ့ခရီးများ၊ မရည်ရွယ်တဲ့ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးနှင့်ပတ်သက်၍ ငွေပျောက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ထီထိုးဖို့ ကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ရေတွင်း၊ ရေကန် တူးဖော်သောကိစ္စများ ပြုလုပ်ပါက အောင်မြင်ပါလိမ့်မယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ သင့်အတွက် ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်ပါတယ်။ အိမ်မြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း ပြုပါက တနင်္ဂနွေသားသမီး အိမ်မှ ထွက်သွားတတ်တယ်။ အိမ်ထောင်ရှိသူဖြစ်ပါက အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေ ဖြစ်တတ်တယ်း ကျန်းမာရေးအနေဖြင့် ခြေထောက်၊ ခါးတို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၉၊ ၉၂၊ ၉၅

### အထူးသတိပြုရန်

ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။
သချိုင်းမြေ လုံးဝမနင်းရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း
ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အလုပ်ပြောင်းပါက ကောင်းသည့်အချိန် ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ပြည်ပခရီးဝေး သွားမယ်ဆိုရင်လည်း သွားဖို့လုပ်ပါ။ စပ်တူလုပ်ငန်းများ လုပ်ပါကအောင်မြင်မှု ရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် အပျို လူပျိုမရတတ်ပါ။ မိသားစုအတွင်း စိတ်ဝမ်းကွဲမှုများကို ရှောင်ရှားပြီး စီးပွားလုပ်ပါကအောင်မြင်သောကာလဖြစ်တယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများဝင်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရတတ်တယ်။ ငယ်ရွယ်သူများအဖို့အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ မြေနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ မြေဝင်လျှင် လက်မခံပါနှင့်ဦး။ ရဟန္တာကိုယ်တော်မြတ်ကြီး ကြွလာပါကလာဘ်ဝင်တတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့်ခြေ၊ လက်တို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန်မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလအတွင်း ကိုယ်ပိုင်ငွေ မဟုတ်သောငွေများ လက်မခံရ။
ကျောက်မျက်ရတနာဟောင်းများ လက်မခံရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် သောကြာနေ့တိုင်း
သစ်သီးဆွမ်း ဆွမ်းဒါန်းပေးပါ။

www.burmeseclassic.com